ဒီစာအုပ်ကို ကျွန်တော်ချစ်ရသူ

ဗုဒ္ဓဝင်ဇာ

တိုင်းကရေမွဘာလွှာဂါရိုကအာဘိဓမ္မဟာရဋ္ဌဂ္ဂ
ဘဒ္ဒန္တဝိစိတ္တာသာရာဘိဝံသဆရာတော်ဘုရားကြီး၏
သြဝါဒလမ်းညွှန်မှုကိုခံယူ၍ ဒကာကြီး

ဦးခင်မောင်ဆန်း

ပြုစုသည်

# ကျေးဇူးကြီးလှမြတ်ဝုဒ္ဓ

ဦးခင်မောင်ဆန်း ပြုစုသည်

၁၅၆၄

ဘာသာရေးစာမူ ခွင့်ပြုချက်အမှတ် (၂၂၄)

အဖုံး ခွင့်ပြုချက်အမှတ် (၃၄၃)

၁၃၄၃ ခုနှစ်၊ နတ်တော်လ

၁၉၀၅ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ-၂၅၀၀

စမ္မဒါန

**ပထမအကြိမ်**

---

**ထုတ်ဝေသူ**

ဦးခင်မောင်ဆန်း၊ အမှုထမ်းရိပ်သာ၊ အမှတ် ၂၀/၆၊
ကမ္ဘာအေ ဘုရားလမ်း၊ ရန်ကုန်မြို့က ကင်းလွတ်ခွင့်၊
ခွင့်ပြုချက်အမှတ်(၆၅)ဖြင့် ထုတ်ဝေပါသည်။

**ပုံနှိပ်သူ**

ဦးဘိုးဟန်၊ (မြ-၀၂၂၆၈)၊ မင်းထွန်းမိုး ပုံနှိပ်တိုက်၊
အမှတ် ၆၈၊ ၁၆၅ လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။
အဖုံး မင်းထွန်းမိုး။

# အစီအစဉ်


၁။ သုမေဓာဘာဝ .... ၁၅
၂။ ပါရမီဖြည့်ကျင့် .... ၁၇
၃။ နောက်ဆုံးနှတ်ဘဝ .... ၂၀
၄။ နောက်ဆုံးလူ့ဘဝ .... ၂၃
၅။ နိမိတ်ကြီးလေးပါးမြင် .... ၃၀
၆။ တောထွက် .... ၃၂
၇။ ဒုက္ကရစရိယကျင့် .... ၃၄
၈။ ဘုရားအဖြစ်သို့ရောက် .... ၄၂
၉။ တရားရတဲ့နာပေါ်ထွန်းလာ .... ၅၃
၁၀။ သံဃာရတနာပေါ်ထွန်းလာ .... ၅၃
၁၁။ ဗုဒ္ဓသာသနာပြုစတင် .... ၅၇
၁၂။ သာဝကကြီး ၂-ပါး ပေါ်ထွန်းလာ .... ၆၈
၁၃။ ယသော်ဒေဝီ .... ၇၈
၁၄။ အရှင်အာနန္ဒာ .... ၈၉
၁၅။ ဘိက္ခုနီသာသနာ .... ၉၂
၁၆။ ဘိက္ခုနီမကြီး ခေမာ .... ၉၈
၁၇။ ဘိက္ခုနီမကြီး ဥပ္ပလဝဏ် .... ၁၀၂
၁၈။ နဂါးမင်းကြီး ဆုံးမ .... ၁၀၄
၁၉။ တိတ္ထိဘုရားကြီးများ .... ၁၀၆
၂၀။ မြတ်ဗုဒ္ဓတန်ခိုးပြ .... ၁၁၄
၂၁။ တာဝတိံသာကြွ .... ၁၂၂
၂၂။ တာဝတိံသာမှ လူ့ပြည် .... ၁၂၅
၂၃။ ဒါနအကျိုးပေးများဆန်းကြယ် .... ၁၂၆
၂၄။ ခေတ်ပြောင်းသာသနာ .... ၁၄၆
၂၅။ ယသော်ဒေဝီ .... ၂၃၁
၂၆။ ရှေးခေတ်လေယျာဉ်ကြီး .... ၂၃၆
၂၇။ ရှေးခေတ်ဆရာဝန်ကြီး .... ၂၄၀
၂၈။ မယားလေးမျိုး .... ၂၄၇

# ဆက်ကပ်ပါသည်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ

တိဝိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်

ရိုသေလေးမြတ်စွာ လျှောက်ထားပါသည် ဆရာတော်အရှင်မြတ်ဘုရား...

၁။ မြတ်စွာဘုရား၏ တရားတော်များသည် ကမ္ဘာပေါင်း သောင်းချီနှင့် တသိန်းကာလ ကြာမြင့်စွာ ခက်ခက်ခဲခဲ ပါရမီဖြည့်ကျင့်၍ ရရှိခဲ့သောကြောင့် မည်သည့်အရာနှင့်မျှ နှိုင်းယှဉ် တန်ဖိုးဖြတ်၍မရနိုင်ကြောင်း ဘုရားတပည့်တော် လေးနက်စွာ ယုံကြည်လာခဲ့ပါသည်ဘုရား။

၂။ ဤသို့ တန်ဖိုးမဖြတ်နိုင်သည့် တရားတော်များကို ဘုရားသခင်ကိုယ်တော်မြတ်သည် သေးဆယ့်ငါးနှစ်တို့ကာလပတ်လုံး နတ်ပြည်နှင့် လူ့ပြည် ကမ္ဘာအရပ်ရပ်သို့ လှည့်လည်၍ သတ္တဝါအများတို့အား နေ့မအား ညမအား ဟောကြားတော်မူခဲ့ရာ မေးရတွက်နိုင်သည့် သတ္တဝါပေါင်း မြောက်မြားစွာတို့မှာ လူချမ်းသာ၊ နတ်ချမ်းသစ၊ နိဗ္ဗာန်ချမ်းသာများကို အသီးသီးရရှိခံစားနေကြရပြီကိုလည်း လေးနက်စွာ ယုံကြည်လာခဲ့ပါသည်ဘုရား။

၃။ လူ၊ နာဂ်၊ နိဗ္ဗာန်ချမ်းသာကိုသာမက လူမှုရေးရာအဖြာဖြာနှင့် ပစ္စုပ္ပန် သံသရာကျိုးပြစ်များကို သဘာဝကျအောင် ဝေဖန်တွေးခေါ်နိုင်သည့် လူကောင်း လူတော်များ ဖြစ်လာအောင် အသင်းရောင်ပညာများကိုပါ ပေးလာခဲ့သည်ကိုလည်း လေးနက်စွာ ယုံကြည်လာခဲ့ပါသည်ဘုရား။

၄။ ဤသို့ သတ္တဝါပေါင်း မြောက်မြားစွာတို့အား သုခချမ်းသာအဖြာဖြာနှင့် လူကောင်း လူးဘော်များဖန်စေလာအောင် ကောင်းကျိုးပြုလာခဲ့သည့် တရားတော်များကို ဘုရားသခင် ဂုရုဏာထားတော်မူသကဲ့သို့ စေတနာအပြည့်အဝနှင့် နိုင်ငံတော်တဝန်းလုံးသို့ ပို့ချနံ့အောင် ဖြန့်ချီသွားနိုင်ပါက ပညာစက္ခုအမြင်ရှိကြတဲ့ အမျိုးသား၊ အမျိုးသမီးပေါင်းများစွာတို့မှာ ထိုက်တန်သည့် ချမ်းသာသုခများကို ရရှိလာကြမည့်အပြင် လူကောင်းလူတော်များကို မွေးထုတ်ပေးနိုင်သည့် နိုင်ငံတော်အဆင့်သို့ ရောက်ရှိလာမည်ကိုလည်း လေးနက်စွာ ယုံကြည်လာခဲ့ပါသည်ဘုရား။

၅။ ဤယုံကြည်ချက်များကိုပိုက်၍ ကြီးပြင်းလာခဲ့သောတပည့်တော်သည် မြတ်ဘုရား၏ တရားတော်များကို အများပြည်သူတို့၏ လက်တွင်းသို့ရောက်အောင် ပို့ဆောင်ပေးရန် ရည်မှန်းချက်အဓိဋ္ဌာန်ပြု၍ ကြိုးစားလာခဲ့ရာ ယခုအခါကြိုးစားမှုကာလ (၂၂)နှစ်မြောက်တွင် ပို့ဆောင်ပေးသင့်သည့် အချိန်ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်၍ အောက်ပါအစီအစဉ်များဖြင့် ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါသည်ဘုရား။

(က) အများပြည်သူတို့ လွယ်လွယ်ကူကူနှင့် သိသင့်သိထိုက်သည့် တရားပုဒ်များကို ပိဋကတ်သုံးပုံ ပါဠိဘော်များမှ ရွေးချယ်ကောက်နုတ်၍ပင် ထိုပုဒ်ဝါကျ၊ မူသဘာဝအတိုင်း အဋ္ဌကထာနှင့်တွဲဖက်ပြီး ဘာသာပြန်ဆို ဖြန့်ချီသွားရန်။

(ခ) ဘာသာပြန်ဆိုရာ၌ အချိန်တိုတိုနှင့် ဖတ်ရှုနားကြားသိမြင်နိုင်ရန် အလွယ်ဆုံး ဝေါဟာရများကိုအသုံးပြုလျက် မကျဉ်းလွန်း မကျယ်လွန်း နာတိဝိတ္ထာရ နာတိသင်္ခေပနယဖြင့် ပြန်ဆိုသွားရန်နှင့် ဘုရားသခင်၏ **မဟာပဒေသ** လမ်းညွှန်မှုအရ ကျမ်းအကိုးအကားများ ခိုင်လုံစွာ ညွှန်ပြသွားရန်။

(ဂ) တရားပုဒ်များကိုဖြန့်ချိရာ၌ ဘုရားသခင် တရားဟောစဉ်က အသုံးပြုခဲ့သည့် အနုပုဒ္ဒိဿဝါဒနည်းစနစ်အရ အစီအစဉ်ပြု၍ ဖြန့်ချိသွားရန်။

(ဃ) အမှားအယွင်းကင်းစင်ရေးအတွက် ပြုစုပြီးစာမူများကို စာပေတတ်ကျွမ်းသည့် ဆရာတော်များ၏ တည်းဖြတ်မှုခံယူပြီးမှ ထုတ်ဝေဖြန့်ချိသွားရန်။

(င) ဖြန့်ချိရာမှ ရရှိသည့် အမြတ်ငွေများကိုလည်း စာပေထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းနှင့် ပဋိပတ္တိသာသနာပြုလုပ်ငန်းများအတွက် အသုံးပြုသွားရန်။

(စ) စာပေဖြန့်ချီရာ၌ ပုဂ္ဂလိကစီးပွားရေးမှ ရှောင်ရှားနိုင်ရန်၊ သာသနာပြုကော်မတီ အဖွဲ့အစည်းဖြင့် ဆောင်ရွက်သွားရန်တို့ ဖြစ်ပါသည်။

၆၊ ဤသို့ဆောင်ရွက်ရာတွင် ဗုဒ္ဓဝစနမမှဒေသနာတော်များသည် နက်နဲသိမ်မွေ့လှသဖြင့် ရေးသားဟောပြောရာ၌ ဘုရားအလိုတော်နှင့် တိမ်းပါးချွတ်ချော်သွားခဲ့သော် အင်မတန်မှ ဝန်လေးလှပါသည်ဘုရား။ သို့ဖါ၍ မွန်မြတ်လှသည့် သာသနာပြုလုပ်ငန်းကြီးကို အမှားအယွင်းကင်းရှင်းစွာဖြင့် ဆောင်ရွက်သွားလိုပါသဖြင့် ဆရာတော်၏ အားပေးကူညီမှုကို ခြိုးမြင့်ပါရန် လေးမြတ်စွာ လျှောက်ကြားပါသည် ဆရာတော်အရှင်မြတ်ဘုရား။

စာမူပုံစံနမူနာကိုပါ တင်ပြပါသည်ဘုရား။

ဂါရဝအဋ္ဌလိ ဦးတင်ချိုလှက်
ဒကာကြီး ခင်မောင်ဆန်း

---

သို့

ဒါယကာကြီး ဦးခင်မောင်ဆန်း

ဒကာကြီး၏ ကြိုးပမ်းလာခဲ့သည့် ရည်ရွယ်ချက်စေတနာနှင့်အညီ ပြုစုထားသည့် ဤကာမူသည် တိုင်းပြည်နှင့်သာသနာတော်အတွက် လွန်စွာ အကျိုးများသည်ကို တွေ့ရှိရ၍ ဘုန်းကြီးအနေဖြင့် ကူညီအားပေးရန် အသင့်ရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ဦးဝိစိတ္တသာရာဘိဝံသ

# အခြင်တွင်း သာသနာ ပြုတော်မူကြပါ

မုဒ္ဓဘာသာဝင်၊ သူတော်စင်အပေါင်းတို့....

ဤဗုဒ္ဓဝင်စာအုပ်ကို အိမ်တိုင်း အိမ်တိုင်းမှာထားပြီး ရင်သွေးများကို ဗုဒ္ဓယဉ်ကျေးမှုအမွေပေး၍ အိမ်တွင်း သာသနာပြုတော်မူကြပါ။

ဤစာအုပ်၏ လက်တွေ့အကျိုးထူးပုံ သဘာဝကို သိချင်တာနဲ့ စာရေးသူသည် မိမိ ဂ-နှစ် သမီးငယ်လေးကိုအနားခေါ်ပြီး သမီး ဟောဒီမှာကြည့်စမ်း ဓာတ်ပုံလေးတွေ လှလိုက်တာ ဟောဒါက တို့ဘုရားမွေးဖွားခဲ့တဲ့နေရာကွယ်၊ ဟို နီပေါနိုင်ငံမှာရှိတယ်။ ဟောဒါက တို့ဘုရားရဲ့အမေ မဟာမာယာဒေဝီဆိုတဲ့ မိဖုရားကြီးရဲ့ရုပ်ပုံ၊ ဒါလဲ ဟိုနိုင်ငံမှာ အခုရှိတယ်။ ခုတော့ အဲဒီနိုင်ငံက-ကုလားတွေက ဒီအရုပ်ကြီးကို ဆိတ်သွေးတွေ ကြက်သွေးတွေ သုတ်လိမ်းပေးပြီး၊ နတ်သမီးရုပ်လုပ်ကိုးကွယ်နေကြတယ်တဲ့၊ ဘယ်လောက် စမ်းနည်းဖို့ကောင်းလဲ ကြည့်စမ်း၊ ဟောဒါက တို့ဘုရားလောင်းငယ်ကလေးကိုမွေးပြီး ဝမ်းကကျွတ်တာနဲ့တပြိုင်နက် ဘုရားလောင်းကလေးဟာ လမ်းဆင်းလျှောက်တဲ့နေရာတဲ့၊ ကြည့်စမ်း ဘယ်လောက်ယူးဆန်းသလဲ၊ သမီးကလေးရော အဲဒီလိုမဖြစ်ချင် ဘူးလား၊ ဒါက ဘုရားဖြစ်မယ့် ကလေးကိုဖေဖေရဲ့၊ အေး ဒါတွင်မကသေးဘူး၊ အဲဒီကလေးကလေးဟာ ခြေခုနစ်လှမ်းလျှောက်ပြီး ခြေစုံရပ်ကာ လောကမှာ ငါသာအမြတ်ဆုံး၊ လောကမှာ ငါသာအကြီးဆုံး၊ အဲဒီလို ပါးစပ်က စကားပြောသတဲ့၊ ကြည့်စမ်း ဘယ်လောက်ထူးသလဲ၊ မွေးစကလေး လေးဟာ လမ်းလဲ လျှောက်နိုင်သတဲ့၊ စကားလဲပြောသတဲ့၊ အံ့သြဖို့ ကောင်းလိုက်တာ သမီးလေးရယ် ....

အဲဒီလို ပထမဓာတ်ပုံလေးတွေကို ထောက် ထောက်ပြပြီး သမီးလေးစိတ်ဝင်စားလာတဲ့ အမူအရာလဲပေါ်လာရော ယခုစာအုပ်မှာပါရှိတဲ့ ဗုဒ္ဓဝင်အကျဉ်းချုပ်အကြောင်းများကို တပိုဒ်စီ တပိုဒ်စီ ပုံပြောသလို ပြောပြပါ့တော့သည်။ ကလေးတို့သဘာဝပုံပြောတာကို အလွန်ကြိုက်တတ်တဲ့အတိုင်း အဖေရယ်ဆက်ပြောပါဦး ဆက်ပြောပါဦး ဖြစ်လာပါတော့သည်။

နောက် တနေ့ကျတော့ သမီးလေးရဲ့လက်ထဲမှာ စိပ်ပုတီးငယ်ကလေး ရောက်နေတာကို ထူးထူးဆန်းဆန်းတွေ့ရပါသည်။ သမီး ဒါကဘာလုပ်မလို့လဲမေးတော့ ပုတီးစိပ်မှာပေါ့ဖေဖေကလဲဟု အဖြေပေးလိုက်ပါသည်။ ဒီအဖြေကလေးကိုရတော့ စာရေးသူ၏စိတ်ထဲမှာ အင်း- ဒီစာအုပ်ရေးရကျိုးနပ်ပါလေပြီ၊ ရည်ရွယ်ချက်လဲ အောင်ပါလေပြီဟု အားပါးတရ မှတ်ချက် ချလိုက်ရပါသည်။ ဒါက လက်တွေ့တထုံး။

နောက် လက်တွေ့တထုံးက - စာရေးသူ၏ အခြေခံပညာရေးသည် ဘုန်းတော်ကြီးကျောင်းက စခဲ့ရပါသည်။ ဘုန်းတော်ကြီးကျောင်းမှာ ပထမသင်ပုန်းကြီး စာရေး စာဖတ်အဆင့်ဆင့်သင်ကြား

ပြီးနောက်၊ မင်္ဂလသုတ်သင်ရိုး ညွှန်းဘမ်း Syllabus ကစသင်ရပါသည်။ မင်္ဂလသုတ်သင်ပြီး နောက်တဆင့် နမက္ကာရ၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ လောကနီတိ၊ ပရိတ်ကြီး၊ သင်္ဂြိဟ်၊ သင်ရိုးညွှန်းတမ်းအလိုက် တဆုံပြီးတဆုံ အဆင့်ဆင့် သင်ကြားသွားရပါသည်။ စပါး တွက် သစ်တွက် ဂဏန်းသင်္ချာကိုလည်း သင်ရပါသည်။ အဲ သင်္ဂြိဟ်လဲရောက်ရော၊ ဒီကျောင်း သားဟာ ဘုန်းတော်ကြီးကျောင်း ဘီအေ-နောက်ဆုံးနှစ်ပဲ၊ နောက်ဆုံးနှစ် သင်္ဂြိဟ်လဲသင်ပြီးရော၊ ကျောင်းကထွက်ခွင့်ပြုလိုက်ပါတော့သည်။ အဲ- ကျောင်းကလဲထွက်ရော ဒီကျောင်းသားဟာ ဘီအေ ဘွဲ့ရ လူငယ်တဦးလို ရပ်ရွာကဝိုင်းပြီး အသိအမှတ်ပြုကြပါသည်။ သူတို့ရပ်ရွာမှာ ပညာတတ် လူငယ်တဦးတိုးလာပြီလို့ အားပေးမြှောက်စားကြပါသည်။ အဲ- စာရေးသူလဲ အဲဒီ ဘုန်းကြီးကျောင်း ပညာတတ် ဘွဲ့ရထဲမှာ တဦးအပါအဝင် ဖြစ်လာခဲ့ပါတယ်။

အဲဒီမှာဆိုချင်တာက ဘုန်းတော်ကြီးကျောင်းမှာ ပညာသင် သက်တမ်းတဆုံး ဘုရား၊ ဘုရား ဆိုတဲ့ စာလုံးတွေကို အကြိမ်ကြိမ် အဖန်ဖန်သင်ကြားလာခဲ့သော်လည်း ဘုရားအပေါ်တွင်စိတ်ဝင်စားမှု မရရှိခဲ့ပါ၊ တခါတရံ ကလေးတို့ဘာသာဘာဝ လိုက်တမ်း ပြေးတမ်းကစားယင်း ကျောက်ဆင်းတု ဘုရားကြီးရဲ့ ကုပ်ပေါ်တက်လိုတက်၊ ဘုရားကြီးခေါင်းပေါ်နင်းပြီး အပေါ်ကထုပ်တန်းကို ဟီးလေး ခိုလိုခိုဖြစ်ခဲ့ရပုံတွေ စဉ်းစားမိတိုင်း ကြက်သီးထခဲ့ရပါသည်။

ဒါဟာဘာလဲဆိုယင် ဘုရားစာကိုသင်ပြီး ဘုရားအကြောင်း ဗုဒ္ဓဝင်ကိုမသင်ခဲ့ရသောကြောင့် ဘုရားအကြောင်းကို နှစ်နှစ်ကာကာမသိခဲ့ရလို့ ဘုရားကို မကြည်ညိုတတ်ပဲဖြစ်ခဲ့ရသည်။ ဩကာသ ဘုရားရှိခိုးတွေကို ကျောင်းတက်-ကျောင်းဆင်းတိုင်း အကြိမ်ကြိမ် ဘုရားရှိခိုး ခဲ့ရသော်လည်း ကျောင်းဝည်းကမ်းလိုက်နာမှုကလွဲပြီး ဘုရားအပေါ်တွင် ကြည်ညိုစိတ်မထားတာခဲ့ပါ။

အဲ- ၁၄-နှစ်သားအရွယ်လဲရောက်ရော ဗုဒ္ဓဝင်တို့ မဟာဝင်တို့ဆိုတဲ့စာအုပ်တွေကို ကိုယ် တိုင် သိလိုမှုအနေနဲ့ဖတ်လာခဲ့ပါသည်။ ဒီကျမှတော့မှပဲ ဘုရားအကြောင်းကို အစမှအဆုံးထိ ရေရေ လည်လည်သိလာရပါတော့သည်။ ဒီလိုသိလာတဲ့နေ့ကစပြီး ယနေ့တိုင် ဘုရားကို အသည်းစွဲ ကြည်ညို လာခဲ့ပါသည်။ ဗုဒ္ဓဝင်စာအုပ်တွေဖတ်ခါစကဆိုလျှင် ကုသိုလ်ပြုတိုင်း ဘုရားဆုကိုပဲ တောင်းလာ ခဲ့သည်အထိ၊ အမာခံ ဗုဒ္ဓဘာသာဝင်တဦးအဖြစ်သို့ ရောက်လာခဲ့ပါသည်။ ဒါကြောင့် ဘုရား အကြောင်းကိုသိမှ ဘုရားကိုကြည်ညိုတတ်သည်ဆိုတဲ့ လက်တွေ့ထုံးတခုကိုလဲ ကိုယ်တိုင်တွေ့ရှိခဲ့ရတဲ့ အကြောင်း ဖော်ပြလိုက်ရပါသည်။

သို့သော် ဒါကလွန်ခဲ့တဲ့နှစ်ပေါင်း (၅၀)ကျော်က အခြေအနေဖြစ်ပါသည်။ ယခု ခေတ် မှာတော့ ဗုဒ္ဓဝင်အကြောင်းတွေကို သင်ပေးကြလောက်ပြီဟု ထင်ပါသည်။ သို့သော် မည်သို့ပင် ဖြစ်စေ၊ ဖော်ပြခဲ့တဲ့လက်တွေ့ထုံးများအရ၊ မိမိဘို့၏ရင်သွေးငယ်များကို ဗုဒ္ဓဃဉ်ကျေးမှုအမွေအနှစ် ပေးလိုသော စေတနာကောင်းထား၍ ဗုဒ္ဓဝင်အကြောင်းအရာများကို အစပျိုး ထူထောင်ပေးယင်း အိမ်တွင်း သာသနာပြုတော်မူကြပါလို့ တိုက်ဘွန်း နှိုးဆော်သိုက်ရပါကြောင်း ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့။

ဒီလိုကုလေးငယ်များကို အိမ်တွင်းသာသနာပြု ပျိုးထောင်ပေးလိုက်တဲ့အတွက် ဖြစ်ပေါ်လာမယ့် အကျိုးတွေကို တပုံတခေါင်းကြီး လှမ်းမြင်နေရပါသည်။ ဒီလိုအိမ်တွင်းသာသနာပြုအနေနဲ့ အခြေခံရရှိလာတဲ့ ကုလားတွေဟာ နောင်တခေတ်တွင် သာသနာပြုအမွေဆက်ခံကြမည့် အမာခံဆွမ်းဒကာလောင်းတွေ၊ အမာခံကျောင်းဒကာလောင်းတွေ၊ အမာခံသက်နှံးဒကာလောင်းတွေ၊ အမာခံရဟန်းဒကာလောင်းတွေ၊ အမာခံဘုရားဒကာလောင်းတွေ ဖြစ်လာကြမည့် ဒကျိုးဆက်တွေကို တပုံတခေါင်းကြီး လှမ်းမြင်နေရပါသည်။

ဗုဒ္ဓဘာသာဝင်များ ပါးစပ်က တဖွဖွရွတ်ဖတ် ဆုတောင်းနေကြတဲ့ ဗုဒ္ဓသာသနာစိရံတိဋ္ဌတု၊ သာသနာတော်မြတ်ကြီးအစွန့်ရှည်စွာ တည်တံ့ပါစေဆိုတဲ့နေရာမှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဆိုတဲ့ ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းမှုများသည် သာသနာတော် အရှည်တည်တံ့ခြင်း၏ အဓိကကဏ္ဍတွင် တခုအပါအဝင် ဖြစ်ပါသည်။

ဒါကြောင့် ဗုဒ္ဓသာသနာတော်မြတ်ကြီး အစွန့်ရှည်စွာ တည်ပါစေသတည်းဟု ဆုတောင်းခြင်းနှင့်အတူ တဘက်တွင်လည်း အမာခံဆွမ်းဒကာ၊ကျောင်းဒကာ၊သင်္ကန်းဒကာ၊ဆေးဒကာ၊ဗုဒ္ဓဟန်းဒကာလောင်းများ တိုးပွားလာရေးအတွက် မိမိတို့ရင်သွေးများကို ဗုဒ္ဓဃယ်ကျေးမှုအမွေပေး၍ အိမ်တွင်းသာသနာ ပြုတော်မူကြပါလို့ တိုက်တွန်း နှိုးဆော်လိုက်ရပါကြောင်း ဗုဒ္ဓဘာသာဝင် သူနတော်စင် အပေါင်းတို့။

ရင်သွေးငယ်များကို ဗုဒ္ဓဃယ်ကျေးမှုအမွေပေးရာမှာလဲ ပုဂ္ဂိုလ်ခင်မှ တရားမင်ဆိုတဲ့ သဘာဝအရ ဘုရားအကြောင်းကစ၍ သာသနာပြုရပါလိမ့်မည်။ ဒါကြောင့် ဗုဒ္ဓအကြောင်းကစ၍ ရေးသားဖော်ပြသွားပါအုံ့။



ကျေးဇူးကြီးလှပြီတော်မူ

ငါသည် ဘုရားအဖြစ်ကို ရယူပြီး
သတ္တဝါများကို ကယ်တင်ပါအံ့

ဂေါတမဘုရား ဖြစ်လာမည့် သုမေဓာရှင်ရဟန်း၏ ရဲရဲဝံ့တာက် ဆိုးဖြတ်ချက် ပါတည်း။ မိမိလက်သို့ ရောက်အံ့ဆဲဆဲ နိဗ္ဗာန်ချမ်းသာကြီးကို ရက်ရက်ရောရော စွန့်လွှတ်လိုက်ပြီး သတ္တဝါများအတွက် ကမ္ဘာပေါင်း ဂဏန်းသင်္ချေနှင့် တသိန်း ကာလပတ်လုံး အနစ်နာခံလာခဲ့သည်။

[ မဟာဗုဒ္ဓဝင်တွဲ ၂ - ၇ ၆ ]

# ခရီးဝေးကြီးထွ မြတ်စွဲ

လွန်ခဲ့သည့် ကမ္ဘာပေါင်း လေးသောင်းခန့်နှင့် တသိန်း ကာလတွင် ရမ္မာဝတီ တိုင်းပြည်၌ ဒီပင်္ကရာ မြတ်စွာဘုရားပွင့်တော်မူခဲ့၏။

ထိုအချိန်က ရမ္မာဝတီပြည်တွင် ကုဋေနှင့် ချီပြီး ကြွယ်ဝချမ်းသာသော သုမေဓာ အမည်ရှိ သဋ္ဌေးသား တယောက် ရှိခဲ့၏။ သဋ္ဌေးသား အရွယ်ရောက်လာသည့်အခါ မိဘနှစ်ပါးကွယ် လွန်ခဲ့၏။ သူသည်သတိသံဝေဂရပြီး လူ့လောကကြီးကို ငြီးငွေ့ခဲ့သဖြင့် ရှိသမျှပစ္စည်းဥစ္စာများကို ရက်ရက်ရောရော စွန့်ကြဲ လှူဒါန်းခဲ့ပြီး ရဟန်းဝတ် ကာ တောထွက်ခဲ့၏။ တောသို့ ရောက်၍ မကြာမြင့်မီ မြေရှိုးမိုးပျံနိုင်သည့်ဈာန်သမာပတ်ကို ရလေ၏။ ဈာန်ဖြင့် ကောင်းကင်ပျံသန်းပျော်မွေ့လျက်ရှိ၏။

## သန့်ရှင်းရေး လုပ်အား

ထိုအချိန်မှာ ဒီပင်္ကရာ မြတ်စွာဘုရားသည် နေ့က်ပါ ရဟန္တာ လေးသိန်းနှင့် ရမ္မာဝတီပြည်တွင်းသို့ ဆွမ်းခံကြွရောက်ရန်ရှိ၍ လူအများစုပေါင်းပြီး လမ်းများကို အလှဆင် ပြုပြင်သန့်ရှင်းလျက်ရှိနေကြသည်။ သုမေဓာရဟန်းသည် ကောင်းကင်မှာ ဈာန်ပျံ သွားလာနေစဉ် လူအများ လှုပ်လှုပ်ရှားရှားဖြစ်နေကြသည်ကို မြင်၍ မေးပြဲသို့ ဆင်းသက်လာ၏။

အကြောင်းကို စုံစမ်းပြီး အခါ ဘုရားနှင့် သံဃာတော်များ ဆွမ်းခံပြန်မည့် အကြောင်းကို သိခဲ့၏။ ဘုရား ဆိုသည့်အသံကို ကြားလိုက်ရသည်နှင့် တပြိုင်နက်ရဟန်းသည် ဝမ်းသာပီတိများ တဖွားဖွား ဖြစ်ပေါ် ခဲ့ပြီး သဒ္ဓါကြည်ညိုစိတ်များ တသိမ့်သိမ့် ဖြစ်ပွားလျက်ရှိ၏။ မိမိသည်လည်း လုပ်အား ပါဝင် လှူဒါန်းလိုပါကြောင်း လူအများကို ပြောင်းပန် ခွင့်တောင်းသည့်အခါ ရှည်လျ ဗိုက်အိုင်ကြီးတခုကို ဖို့ ဖို့ အခွင့်ရခဲ့၏။ ရဟန်းသည် ကာယ အင်အားနှင့် ကိုယ်ပိုင် လုပ်အား လှူရန် ရည်ရွယ်ပြီး ဈာန်သမာပတ်တန်ခိုးကိုအသုံးပြုပဲခြင်းတောင်းနှင့် ပေါက်ပြားကိုင်ကာ လုပ်ငန်းခွင်သို့ အားတက်သရော ဝင်ရောက်လုပ်ကိုင်နေခဲ့၏။

## ယသော်လောင်းလျာ သုမိတ္တာ

ထိုအချိန်မှာ ကြာပန်းစည်းကို ကိုင်လျက် ဘုရားကို ပစောင့်မျှော်နေတဲ့ သုမိတ္တာ အမည်ရှိ အမျိုးသမီးတဦးသည် အားပါးတရ လုပ်အားပေးနေသော သုမေဓာ ရှင်ရဟန်းကို မြင်လျှင် သဒ္ဓါ ကြည်ညိုစိတ်များ ဖြစ်ပေါ် လာပြီး လက်တဲ့ရှိ ကြာပန်းများကိုခွဲပြီး ရဟန်းအား လှူဒါန်း လိုက်ပါသည်။ ဤအမျိုးသမီးကား နှယ်နှယ်ရရ မဟုတ်ပါ၊ ဂေါတမ ဘုရား အလောင်းတော်နှင့် ပါရမီဖြည့်ဘက် ယသော် ဓရာ လောင်းလျာပင်ဖြစ်၏။

## သတ္တဝါများကို ကယ်တင်ပါအုံး

ရဟန်းသည် လုပ်အားပေးနေရင်း စိတ်မှာ အကြံတခု ဖြစ်ပေါ်လာခဲ့၏။ ငါသည် ယခု ဘုရားနှင့် တွေ့နေရပြီ၊ ဒီဘဝမှာပဲ နိဗ္ဗာန်ကို ဝင်နိုင်ပြီ၊ ဘဝသံသရာမှ လွတ်မြောက်နိုင်စွမ်း ငါ့မှာရှိနေပြီ၊ သို့သော် ငါတဦးတည်းတည်း နိဗ္ဗာန်ကူးခြင်းငယ်အကျိုးရှိပါအုံးနည်း။ သင်္ဃာတော်များ ဘုရားအဖြစ်ကို အနေယူပြီး နတ်နှင့်ဗဟ္မာတို့သတ္တဝါအများကိုသံသရာမှကယ်တင်ပါတော့အုံ၊ ဤသို့ အကြံဖြစ်ကာ လက်ဝယ်ရောက်ဆဲဆဲ နိဗ္ဗာန်ချမ်းသာကြီးကို ဇွန်လွှတ်ပြီး သတ္တဝါများကို သံသရာဝဋ်ဆုံကွမှ ကယ်တင်ရန် ဆုံးဖြတ်လိုက်သည်။

## ဂေါတမဘုရား ဖြစ်လတံ့ ဗျာဒိတ်တော်

မကြာမြင့်မီပင် ဘုရားနှင့်တကွ နောက်ပါရဟန္တာများ ဆွမ်းခံ ကြွရောက် လာတော်မူကြသည်။သို့သော်ရသေ့မှာလမ်းဖို့၍မပြီးသေး၊

အနီးရောက်လာတဲ့အခါ ရသေ့မှာ မတတ်သာတော့ပဲမိမိကိုယ်ကို ရွှံ့အိုင်ပေါ်မှာမှောက်လျက်တံတားခင်းပြီး အရှင်ဘုရား တပည့်တော်၏ကိုယ်ကို တံတား အမှတ်ပြုပြီး ကြွတော်မူပါဘုရား–လို့ လျှောက်လေလျှင် ဘုရားရှင်သည် ရသေ့၏ခေါင်းရင်းမှာ ရပ်လျက် ဤရသေ့သည် ဒုနာင် ကမ္ဘာပေါင်း လေးသန်ချီနှင့် တသိန်း ရောက်သော ကာလ ဘဒ္ဒကမ္ဘာဝယ် ဂေါဘမ အမည်နှင့် ဘုရားထင်ရှား ဖြစ်လတံ့။ ဤသို့ ဗျာဒိတ် မြွက်ကြား၊ တော်မူပြီး ရသေ့၏ နံဘေးမှ ကြွသွားတော်မူ၏။

တချိန်တည်းမှာပင် သုမိတ္တာ အမျိုးသမီးကလည်း ကြာပန်းခိုင်များကို ဘုရားကို ကပ်လှူပြီး တပည့်ဘော်မလည်း ဤရသေ့နှင့် ထပ်တူ မကွာ အလုပ် အကျွေး ဖြစ်ရပါစေသတည်းဟု ဆုတောင်းလေ၏။

## လေးသန်ချီနှင့်ကမ္ဘာ တသိန်း ပါရမီတော်များတို့ ဖြည့်ခဲ့ရ

ဤသို့ ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားဖြစ်မည့် ဗျာဒိတ်တော်ကိုခံယူပြီးနောက်မှစ၍ ယခု ဘုရားဖြစ်လာသည့် ဘဒ္ဒကမ္ဘာအထိ ကမ္ဘာပေါင်း လေးသန်ချီနှင့်တသိန်း ကာလပတ်လုံး ဘုရားအဖြစ်ကို ဆောင်တပြီး ဒါန၊ သီလ စသော ပါရမီ ဆယ်ပါးကို ကမ္ဘာပေါင်း များစွာ ဖြည့်ကျင့်လာခဲ့ရ၏။

ဘုရားအဖြစ်ကို တောင့်တပြီး ဒါနပါရမီ အားဖြင့် ရှေ့ ဌ ဘော်သံ ပတ္တမြား စတဲ့ ပစ္စည်းဥစ္စာများကိုလည်း မနေရတွက် နှိုင်အောင် ဘာပေါင်းများစွာ ပေးကမ်းစွန့်ကြဲ လှူဒါန်း လာခဲ့ရ၏။

ထို့အတူ မျက်စိ၊ ကိုယ်လက်အင်္ဂါ တို့ကိုလည်းကောင်း၊ သား၊သမီးတို့ကိုလည်းကောင်း၊ ကိုယ့်ဇနီးကိုလည်းကောင်း အုံ့မခန်းလှူဒါန်း လာခဲ့ရ၏။

ဘုရားအလောင်းတော် ပါရမီဖြည့်လာခဲ့ရပုံကွက်ကို ပိဋကတ်တော်လာ ဇာတ်တော်ပေါင်း များကောက်များစွာမှာ ဖတ်ရှု သိမြင်နိုင်ပါသည်။

## ဒါန ပါရမီ

၁။ ဥပမာ– ဝေဿန္တရာ ဇာတ်တော်မှာ ဝေဿန္တရာမင်းကြီးသည် ရွှေငွေစတဲ့ ပစ္စည်းများကို အုံ့မခန်း လှူဒါန်းခဲ့ပုံတွေ၊ ပြည်တန်ဆောင်ဖြူဘော်ကြီးကို ရက်ရက်ရောရော လှူဒါန်းခဲ့ပုံလူမမယ် သားငယ် သမီးငယ်ကလေးများကို ရက်ရက်ရောရော လှူဒါန်း ခဲ့ပုံတွေ၊ တဖန် ကြင်ယာမယားကိုပင် ရက်ရက်ရောရော လှူဒါန်းခဲ့ပုံ တွေကို တွေ့သိ ရပါလိမ့်မည်။ ဝေဿန္တရာဇာတ်တော်ကို ဖတ်သည့်သူတိုင်းလိုပင် ကြည့်ဖွယ်၊ ရင်နှင့်ဖွယ်များကိုတွေ့ရသဖြင့် မျက်ရည်များပင် ကျခဲ့ရသည်ဟုသိခဲ့ရသည်။

ထိုစကားသည် မှန်၏။ ယနေ့ ဇာတ်ဃာတ်လောကတွင် ရွှေပွဲလာများ တရုံ့ရုံ့ပုံရုံအောင် လွှမ်းခန်းသရုပ်ဖော် ဇာတ်ဝတ္ထုများမှာ အများအားဖြင့် ဘုရား အလောင်းတော်ဝတ္ထု ဇာတ်တော်များဖြစ်၏။

စဟုက္ကနိပါတ်သာသပလ္လိဘ ဇာတ်ဘောင်မှာ ဆိုလျှင် ဘုရား အလောင်းတော် ယုံမင်းသည် မိမိအသားကိုလှူလိုစေဖြင့်မီးပုံတွင်းခုန်ဆင်းပြီး အသက်ကို စွန့်ခဲ့သည်ကိုတွေ့ရ၏။

## သီလပါရမီ

၂။ သီလပါရမီအနေဖြင့်လည်း စတ္တာလီသ နိပါတ် သန်မဟာလ ဇာတ်တော်မှာ အလောင်းတော် သန်ပါလ နဂါးမင်းကို မုဆိုး တဆယ့် ခြောက်ယောက်က လှံတံကျင်လျှိုပြီး သသက် သေသည်အထိ အမျိုးမျိုး ညှဉ်းဆဲ ခံနေရတဲ့ နေရာမှာ မိမိနဂါးငွေဖြင့် မုဆိုးများကို တချက် တည်းပြ ၁ကျအောင် ခုခံနိုင်သော်လည်း သူများ အသက်ကိုသတ်လျှင် သီလပျက်မည်စိုး၍ ရန်တုံ့ မပြန်ပဲ အသက်ကို အသေခံလိုက်၏။

## နေက္ခမ ပါရမီ

၃။ နေက္ခမပါရမီ အနေ အား ဖြင့် လည်း မဟာဇနက ဇာတ်တော်၌ မဟာဇနက မင်းကြီး သည် သတိ သံဝေဂ ရ၍ စော ထွက် ရာ တွင် ချစ် လှ စွာ သော မိဖုရားကြီးက မျက် ရည် စက်လက်နှင့်မင်းကြီးနောက် တကောက်ကောက် လိုက်၍ တားဆီးခဲ့သော်လည်း နောက်ကြောင်း ပြန်မလှည့်တော့ပဲ မိမိလိုရာခရီးကိုသာ ဦးတည် လျှောက်လှမ်းခဲ့၏။ နောက်ဆုံး လမ်း နှစ် ခွ အရောက်တွင် သင်နှင့်ငါကျိန်နေရာမှာနောက်ဆုံး တွေ့ခြင်းပဲဟု နှုတ်ဆက်ပြီး တောသို့ ဝင်ခဲ့၏။ ထိုအခါ မိဖုရားကြီးသည် နေရာတွင် မေ့မျော လဲကျသွားခဲ့၏။ မင်းကြီးကား နောက် ပြန် မကြည့်တော့ပဲ တောသို့သာ ဝင်လေသည်ကို ကြေကွဲဖွယ် ဖတ်ခဲ့ရသည်။

## ဒီရိယ ပါရမီ

၄။ ဒီရိယပါရမီ အနေဖြင့်လည်း မဟာဇနက ဇာတ်တော်မှာ ဇနက မင်းသားသည် သဘော်ဖြင့် ကုန်းကူး ထွက်ရာတွင် သဘော်ခ နှစ်မြုပ်၍ လူအများ သေကျေ ပျက်စီးကြသော်လည်း မင်းသားသည် မလျှော့သောဇွဲလုလ်ဖြင့် ကမ်းမမြင် လမ်းမမြင် ပင်လယ်ဆိုသည်ကို ဂရုမထား အရေးမစိုက်ပဲ ယောကျ်ားတို့အစွမ်းဖြင့် လှုလ်လှမလျှော့ပဲ ကူးခတ်လေ သဖြင့် အသက် ဘေးမှ လွတ်မြောက်သည့်အပြင်မင်းအဖြစ်ကိုပါ ရရှိခဲ့သည့် ဇွဲလုလ်ကို အံ့မခန်း ဖတ်ရှုတွေ့မြင် ရသည်။

## ပညာ ပါရမီ

၅။ ပညာ ပါရမီ အနေအား ဖြင့်လည်း မဟောသဓ ဇာတ်ဟော်မှာ အလောင်းတော် မဟောသမာ ပညာရှိသည် အသိပညာ ထူးချွန် သဖြင့် ခုနှစ်နှစ်သား အရွယ်မှစပြီး တရားသူကြီး ရာထူးရပြီး နောင်တွင် ပညာရှိ အမတ်ကြီး ရာထူးဖြင့် မင်းကြီး၏ အမြောက်အစား ခံခဲ့ရပုံ၊ အမတ်ကြီးများက ဂုံးချော၍ အသတ်ခံရမည် ဖြစ်နေသော မိဖုရားကြီးအား မိမိ ပညာ စွမ်းရည်ဖြင့် အသက်ကိုကယ်ခဲ့ပုံ၊ သာမန်လူများ မဖြစ်မိမ်းနိုင်သည့် ပြဿနာပေါင်း မြောက်မြား စွာကိုမိမိပညာစွမ်းရည်ဖြင့် ဖြေကြားခဲ့ပုံများကို တအံ့တသြကြီး ဖတ်ရှုတွေ့မြင်ရသည်။

မိန်းမကြောင့် အသတ်ခံရတော့မည့် ဆဲဆဲ ဖြစ်နေသည့်မိမိကျေးဇူးရှင်မင်းကြီး၏အသက်ကို မိမိပညာစွမ်းရည်ဖြင့် ကယ်တင်ခဲ့ပုံ၊ ဆန်းကြယ် သည့် ဥမင်လိုဏ်ခေါင်းကြီးတူးပြီး ရန်သူမင်းကို ဖမ်းဆီးခဲ့ပုံများမှာ ဖတ်ရှုရသူတိုင်း စုတ်တသတ် သတ် ရင်တဖိုဖို ဖြစ်ခဲ့ရသည်။

ဒီထက် ထူးဆန်းသည်မှာ အကျော်ဘဏီ တပ်ကြီးဖြင့် အဝိုင်းခံနေရသဖြင့် တိုင်းတပါး လက်တွင်းသို့ ကျရောက်အုံဆဲဆဲ မိမိတိုင်းပြည် ကြီးကို ဓားတချက်၊ လှံတချက် မရွယ်ရပဲ မိမိ

## အဓိဋ္ဌာန် ပါရမီ

၈။ မဟာတေမိယ ဇာတ် တော် မှာ အလောင်းတော် တေမိယ မှင်းသား သည် မင်းပြုရမှာ ကြောက်သဖြင့် အဓိဋ္ဌာန် ပြုပြီး စကားမပြောပဲ သူအာ,ယောင်ဆောင်၍နေလာခဲ့ရာ ဖခင်မင်းကြီးက အရွယ်ရောက်လာသည် အထိ နည်းအမျိုးမျိုးတို့ဖြင့် ကုသသော်လည်း အဓိဋ္ဌာန်မပျက် သူအာ,ယောင်ဆောင်မြဲ ဆောင်လာသည်ကို တွေ့ရ၏။

## မေတ္တာ ပါရမီ

၉။ သုဝဏ္ဏသာမဇာတ်တော်မှာအလောင်းတော် သုဝဏ္ဏသာမသည် သတ္တဝါ များအပေါ်တွင် မေတ္တာနှင့် နေလာခဲ့သဖြင့် တောတွင်းရှိ တိရစ္ဆာန်များသည် သုဝဏ္ဏသာမနှင့် ချစ်ချစ်ခင်ခင် ပေါင်းသင်း ဆက်ဆံနေသည်ကို တွေ့ရသည်။

## ဥပေက္ခာ ပါရမီ

၁၀။ ကေနိပါတ်လောမဟံသ ဇာတ်တော်မှာ အာဇီဝ တကွတွန်း ရဟန်း ဖြစ်သော အလောင်းတော်သည် ရွာသူရွာသားသူငယ်များ ပြုလုပ်တဲ့ ဖောက်ပြန်မှု အမျိုးမျိုးနှင့် ပညာရှိသူတော် ကောင်း တို့ ပြုလုပ်ခဲ့တဲ့ ပူဇော်မှု အမျိုးမျိုးတို့ အပေါ်မှာ လောဘ၊ ဒေါသ ထိန်းသိမ်းပြီး လျစ်လျူရှု ကျင့်တော်မူခဲ့သည် များကို တွေ့ရသည်။

ဤကဲ့သို့ မြတ်ဗုဒ္ဓသည် သတ္တဝါများအပေါ် မှာ ကြီးမားသော မေတ္တာထားကာ သံသရာ ပညာစွမ်းရည်ဖြင့် စစ်တပ်ကြီးကို တခဏချင်း တပ်လန့်သွားအောင် လုပ်ဆောင် ကယ်တင်ခဲ့ပုံ များမှာ ဖတ်ရှုရသူတိုင်း ရင်သပ် သက်ပြင်း ချရကြသည်။

လောကမှာ ပညာရှိဆိုတာ ဘယ်သူမျိုးလဲဟု သိလိုလျှင် မဟောသဓဇာတ်တော်ကိုဖတ်ပါဟု ညွှန်ပြရပေမည်။

## ခန္တီ ပါရမီ

၆။ ခန္တီပါရမီအနေအားဖြင့် စတုက္ကနိပါဘ် ခန္တီပါလဇာတ်တော်မှာ ခန္တီဝါဒီ ရသေ့ကြီးကို ကလာဗုမင်းက ခြေလက် အင်္ဂါများကို ဖြတ် တောက်စေခဲ့ရာတွင် ရသေ့ကြီးက မင်းကြီး အပေါ်တွင် မေတ္တာမပျက် အမျက် မထွက်ပဲ သစ်တုံးကြီးပမာ အသက်သေသည်အထိ သည်းခံ သွားခဲ့သည့် အလောင်းတော်၏ ခန္တီပါရမီ ဖြည့်ခဲ့ပုံကို ဖတ်ရှုသိမြင်နိုင်သည်။

## သစ္စာ ပါရမီ

၇။ အသီတိ နိပါတ် မဟာသုတသောမ ဇာတ်၌ အလောင်းတော် မဟာသုတသောမ မင်းကြီးသည် လူသားစား ပေါရိသာဒ လက် တွင်းသို့ ကျရောက်နေစဉ် မိမိ နန်းတော်သို့ မပြန်လျှင် မဖြစ် သည့်ကိစ္စရှိ၍နန်းတော်သို့ ခေတ္တ ပြန်လိုကြောင်း နောက်နေတွင် ဆက် ဆက် ပြန် လာ မည် ဖြစ် ကြောင်း ပေါရိ သာဒ ထံ ခွင့်ခံတောင်းလေလျှင်ပြန်ခွင့်ရသဖြင့် နန်းတော်သို့ ပြန် သွားပြီး နောက်တနေ့တွင် မိမိကို သတ်မည့် ပေါရိသာဒထံသို့ သစ္စာမပျက် ပြန်လာခဲ့သည့် သစ္စာ ပါရမီဖြည့်ခဲ့ပုံများကို တွေ့ရသည်။

# ကျေးဇူးကြီးလှ မြတ်မုဒ္ဒ

ဝဋ်ဆင်းရဲမှု ကယ်တင်လိုစိတ် ထက်သန်မှုဖြင့် ဘုရားအဖြစ်ကို တောင့်တပြီး လေးသခြေနှင့် ကမ္ဘာတသိန်း ကာလအတွင်းမှာ အမျိုးမျိုး ဒုက္ခခံကာ ပါရမီ ဆယ်မျိုးကို ဖြည့်ကျင့် ကြိုးစားလာခဲ့ရပုံများကို ပိဋကတ်တော်လာ ဇာတ်ဝတ္ထုအထောက် အထားများကို ဖတ်ရှု တွေ့မြင်ရပါသည်။

## နေဘက်ဆုံးနတ်ဘဝ

ဤသို့ လေးသခြေနှင့် ကမ္ဘာ တသိန်း တို့ ကာလပတ်လုံးပါရမီများဖြည့်ကျင့်ပြီးတဲ့နောက် တုသိတာ နတ်ပြည်မှာ သေတကေဟု အမည်နဲ့ နတ်သားဖြစ်လာခဲ့၏။ ကမ္ဘာပေါင်း များစွာက ဖြည့်ဆည်းပူးလာခဲ့တဲ့ ပါရမီအဟုန်များကြောင့် အခြား အခြား နတ်များထက် ရုပ်ခန္ဓာ အဆင်းလှ၏၊ အသက်ရှည်၏၊ စည်းစိမ်းအခြံအရံပေါများ၏၊ ချမ်းသာလွန်းကဲ၏ စသည်ဖြင့် အခြား နတ်များနှင့်မတူဘဲ ထူးကဲတဲ့ကောင်းကျိုးညီးစိမ်းများကို ခံစားရ၏။

## ဘုရားပွင့်မည့် သတင်းများ ဖြန့်ပေါလာ

ဤသို့ အလောင်းတော်သည် နောက်ဆုံး နတ်ဘဝအနေနဲ့တုသိတာနတ်ပြည်မှာ နတ်ဧည်း စိမ်ချမ်းသာများကို ခံစားလာခဲ့ရာ နတ်သက် ၈၀ဖို့ အခါနီးကပ်လာခဲ့၏။ လူဝတ်၏နှစ် အရေအတွက်နဲ့ဆိုလျှင် အနှစ်တထောင်မျှသာ ကျန်လေးတော့၏။

ဒီအခါ ဘုရားလောင်း၏ အခြေအနေကို စောင့်ကြည့်လာခဲ့တဲ့ ပြဟ္မာကြီးများက အို... အချင်းတို့ နောင်နှစ်ပေါင်း တထောင် ရောက်လာယင် လူ့ပြည်မှာ ဗုဒ္ဓဘုရားပွင့်ပါတော့မည်။ ဤသို့သဘင်းလွှင့် ကြွေးကြော် ခဲ့ကြ၏။ ဤသတင်းသည် လူ့ပြည်သို့ ရောက်ရှိလာပြီး ဘုရားပွင့်တော့မည်၊ ဘုရားပွင့်တော့မည်တဲ့၊ ဤသို့ လူ့ပြည်တွင်လည်း ဘုရားပွင့်မည့်ကာလာဟလ သတင်းများ အဆင့်ဆင့် ဖြစ်ပွား ပြန့်နှံ့ လာခဲ့၏။

## နတ်ဗြဟ္မာများတောင်းပန်

ဘုရားလောင်း နတ်သားသည် နတ်သက် ကုန်ရန် ခုနစ်ရက်သာ ကျန်တော့သည်။ နတ်, ဗြဟ္မာအပေါင်းတို့သည် တိုင်ပင်ညှိနှိုင်းကြပြီး ဘုရားလောင်းနတ်သားထံ ရောက်လာကြသည်။ အရှင်နတ်သား ဘုရားဖြစ် ချိန် တန်ပါပြီ လူ့ပြည်ဆင်းပြီး ပဋိသန္ဓေယူပါတော့၊ ဘုရား အဖြစ်ကို ယူပါတော့၊ နတ်နှင့်တကွ သတ္တဝါအပေါင်းတို့အား သံသရာမှကယ်တင်ပါလော့၊ နိဗ္ဗာန် အမြိုက်တရား ဟောတော် မူပါလော့ ဤသို့ တောင်းပန်ကြ၏။

## နတ်ဗြဟ္မာများအား ၈ တိပေး

ဤသို့နတ်ဗြဟ္မာများ လာရောက်တောင်းပန်ကြတဲ့အခါ အလောင်းတော် နတ်သားသည် လူ့ပြည်သို့ ဒိဗ္ဗစက္ခုဖြင့် လှမ်း၍ ကြည့်လေရာ (၁) ဘုရားဖြစ်ရာ ဒေတ်အခါ၊ (၂) ဘုရားဖြစ်ရာကျွန်း၊ (၃) ဘုရားပွင့်ရာ အရပ်ဒေသ၊ (၄) ဘုရားလောင်းများဖြစ်ရာအမျိုး၊ (၅) ပဋိသန္ဓေယူမည့်မယ်တော် ဤအချက်ကြီး ငါးရပ်နှင့် ပြည့်စုံနေသည်ကို တွေ့မြင်သဖြင့် အို....

နတ်ဗြဟ္မာ အခေပါင်းတို့ ကျွန်ုပ်သည် သင်တို့ တောင်းပန်သည့်အတိုင်း လူ့ပြည်ဆင်း၍ ဘုရား အဖြစ်ကိုယူပါကော့မည်၊ ကြွသိုရာကြွပါတော့ ဤသို့ နတ်ဗြဟ္မာများအား ကတိပေးလိုက်၏။

## ဘုရားမယ်တော်လောင်း အလှူကြီးပေး

ဘုရားလောင်း နတ်သား ပဋိသန္ဓေယူမည့် မယ်ဒေါ်လောင်းမှာ ကပိလဝတ်ပြည် (ယခု အခေါ် နီပေါပြည်)ဘုရင်သုဒ္ဓါဒနမင်းကြီး၏ အဂ်မဟေသီမိဖုရားကြီး သီရိမဟာမာယာဒေဝီ ဖြစ်၏။

ဒီအချိန်က ရောက်ရှိနေသည့် သက္ကရာဇ်မှာ မဟာသက္ကရာဇ် ၆၇ ခုနှစ်ဖြစ်၏။ ကပိလဝတ် ပြည်မှာ ဝါဆိုလဆန်း (၉) ရက်မှစ၍ နှစ်စဉ် ကျင်းပမြဲ. နက္ခတ်ပွဲသဘင်ကြီး ကျင်းပနေချိန် ဖြစ်၏၊ မဟာမာယာဒေဝီသည် ပွဲသဘင်ကြည့်ရှု ပျော်ပါးပြီး ခုနစ်ရက်မြောက် ဝါဆိုလပြည့် နေ့မှာ ရှစ်ပါးသီလ ခံယူပြီး ပေးသိန်းကုန် အလှူကြီးကိုပေးလျက်ရှိ၏။

## မိဖုရားကြီး အိပ်မက်ဆန်းမြင်

မိဖုရားကြီးသည် ထိုနေ့ည အိပ်စက်ရာတွင် ဆန်းဆန်းကျယ်ကျယ် အိပ်မက်များ မြင်မက်လေ၏။

မြင်မက်ပုံမှာ-

နတ်မင်းကြီး လေးဦးသည် မိဖုရားကြီးကို အိပ်ယာနှင့် အတူ ချီမပြီး ဟိမဝန္တာတော အနဝတတ်ရေအိုင်ကြီးသို့ သယ် ဆောင် သွား ကြ၏။ အနဝတတ်အိုင်ရောက်တဲ့အခါ အင်ကြင်း ပင်ကြီး အောက် ကျောက်ဖျာကြီး ပေါ်မှာ ထားကြ၏။

ထိုအခါ နတ်သမီး များက မိဖုရားကြီးကို အနဝတတ်အိုင်ကြီးသို့ သယ်ဆောင်သွားကြပြီး ရေချိုးပေးကြ၏။

ရေချိုးပေးပြီးနောက် နတ်ဝတ် တန်ဆာများကို ဝတ်ဆင်ပေးကြ၏။ နံ့သာ လိမ်းပြီး ပန်းများ ပန်ဆင်ပေးကြ၏။

ထို့နောက် ငွေတောင်ကြီးတခု၏ အတွင်းရှိ ငွေဗိမာန် တိုက်ခန်းကြီးမှာ အရှေ့ဘက်ကို ဦးခေါင်းပြု အိပ်စက်စေ၏။

မိဖုရားကြီး အိပ်ပျော်သွားတဲ့အခါ ဆင်ဖြူ ဘော်ကြီးတစီးသည် မိဖုရားကြီး၏ ဝမ်းဗိုက်ကို ဖောက်ပြီး ဝင်လာသည်။

ဤသို့ မဟာမာယာဒေဝီ မိဖုရားကြီးသည် အလှူကြီး ပေးပြီးသည့်တွင် ဆန်းဆန်း ကျယ် ကျယ် အိပ်မက်များကို မြင်မက်လေ၏။

## ဘုရားလောင်း သန္ဓေ

ဤသို့ မိဖုရားကြီး အိပ်မက်မြင်သော အချိန်မှာပင် ဘုရားလောင်း သေတကေတု နတ်သား သည် ဥယျာဉ်တော်သို့ လှည့်လည်စဉ် နတ်သက်ကြွပြီး မိဖုရားကြီး၏ ဝမ်းဗိုက်တွင် သန္ဓေခံလာ၏။

## အိပ်မက်နိမိတ်ဖတ်

မိဖုရားကြီး အိပ်မက်ဆန်းများကို မြင်မက်ပြီး နောက်နေ့တွင် မင်းကြီးသည် မင်္ဂလာ မဏ္ဍာပ်ကြီး ထိုပြီး ဗေဒပါမောက္ခကြီး (၆၂) ဦးကို ပင့်ဖိတ်ကာ အိပ်မက်အကြောင်းကို မေးသည်။ ဆရာကြီးများက အရှင်မင်းကြီးမှာ စကြာဝတေး

# ဤနေရာ၌ မြတ်ဗုဒ္ဓ အလောင်းတော်ကို ဖွားမြင်ခဲ့သည်



ဤပုံတွင် မြတ်ဗုဒ္ဓအလောင်းတော် ဖွားမြင်ခဲ့သည့်နေရာကို တွေ့မြင်ရပါမည်။

ပုံ၏ ဒေါင့်တနေရာရှိ သံတိုင်များ ကာရံထားသည့် ကျောက်တိုင်၏ နေရာတွင် မြတ်ဗုဒ္ဓ အလောင်းတော် ဖွားမြင်ခဲ့သည်။

နီပေါနိုင်ငံ အတွင်း၌ရှိသည်။ အိန္ဒိယနယ်စပ်မှ (၆)မိုင် ကွာဝေးသည်။ ကျောက်တိုင် အနီးရှိ ကုတ်တိုက်ငယ်ကလေးသည် လုမ္ဗနီမယ်တော်မာယာ ကျောင်းဆောင်ဖြစ်၏။



မယ်တော် မာယာ ကျောင်းဆောင် အတွင်း၌ မယ်တော် မာယာ သားဖွားပုံကို သရုပ်ဖော်ထားသည့် ကျောက်ရုပ်ထု ဖြစ်သည်။

(ယခုအခါတွင် ထိုဒေသရှိလူများက နတ်သမီးရုပ် အဖြစ် ကြက်သွေး၊ ဆိတ်သွေးများ သုတ်လိမ်းပူဇော်နေကြသည်။)

အထက်ပုံပါ ကျောက်တိုင်သည် နီပေါပြည် လုမ္ဗိနီဒေသတွင် တည်ရှိသည်။ အာသောကမင်းကြီး တည်ဆောက်ခဲ့၍ အာသောကကျောက်တိုင်ဟု ခေါ်ဆိုသည်။ အိန္ဒိယနယ်စပ်မှ (၆)မိုင်ခန့် ကွာဝေးသည်။

အာသောက မင်းကြီးသည် မြတ်ဗုဒ္ဓအလောင်းတော် ဖွားမြင်တော်မူခဲ့သည့်နေရာကို မှတ်၍ စိုက်ထူခဲ့သည်။ နှန်းစံနှစ် ၂၀ တွင် စိုက်ထူခဲ့သည်။ အမြင့်ပေ ခုနစ်ဆယ် ရှိပြီး၊ အကျယ် ၃-ပေ၊ ၃-လက်မ ရှိသည်။ လက်ရှိကျောက်တိုင်မှာ ကျိုးနေ၍ ၁၀-ပေ ခန့်သာ မြင့်တော့သည်။ ကျောက်တိုင်၌ အက်ကြောင်းကြီးတခု တွေ့ရသည်။ မိုးကြိုးဒဏ်၊ သို့မဟုတ် ရန်သူတခုခုဖျက်ဆီးမှုကြောင့် ဖြစ်နိုင်သည်။ ရှေးအခါက မြန်မာဆရာတော် ဦးစန္ဒမုနိသည် ကျောက်တိုင်တွင် သံပြားများ ပတ်ပြီး သံတိုင်များ ကာရံထားခဲ့သည်။

အာသောက ကျောက်တိုင်၏ အရှေ့ဘက် အုတ်ခုံမြင့်တခုပေါ်၌ အုတ်တိုက်ငယ်ကလေး တခုရှိသည်။ ယင်း အုတ်တိုက်ငယ်အတွင်းမှာ မယ်တော်မာယာ သားဖွားခန်း ရုပ်ထု တခု ရှိသည်။ မယ်တော်မာယာရုပ်ထုသည် အင်ကြင်းကိုင်းကိုကိုင်လျက် ဘုရားအလောင်း မင်းသားငယ်သည် မယ်တော်၏ဘေးခွ မတ်တပ်ရပ်လျက် ရှိသည်။

ထို ကျောက်ရုပ်ကို ဖျက်ဆီး ထားသဖြင့် တခြမ်းမျှသာ ကျန်တော့သည်။ ထိုဒေသရှိ လူများက နတ်သမီးရုပ်အဖြစ် ကြက်သွေး၊ ဆိတ်သွေးများ သုတ်လိမ်း၍ ပူဇော်ပသနေကြသည်။

**ကျောက်စာဌာန**က အာသောကမင်းကြီး၏ ကျောက်တိုင်ကို တွေ့ပြီးနောက် ယင်းရုပ်ထုကို မယ်တော်မာယာ ရုပ်ထုဖြစ်ကြောင်း ဖော်ထုတ် ကြေငြာခဲ့သည်။

ဘုရားအလောင်းတော်သည် ဤနေရာ၌ ခြေခုနစ်လှမ်း လှမ်းလျှောက်ခဲ့သည်။

မယ်တော်မာယာရုပ်ထုရှိသော အဆောက်အအုံ၏ အနောက်ဘက်တွင် လည်းကောင်း၊ မြောက်ဘက်တွင် လည်းကောင်း စေတီငယ် အုတ်ခုံများ တွေ့ရသည်။ အနောက်ဘက်ရှိ တောင်-မြောက် တန်းလျက်ရှိ စေတီငယ်များမှာ ဘုရား အလောင်းတော် ဖွားတော်မူပြီးလျှင် ပြီးချင်း မြောက်အရပ်သို့ ခြေခုနစ်လှမ်း ကြွသွားသည့် အထိမ်းအမှတ်အဖြစ် တည်ထားသော စေတီငယ်များ ဖြစ်သည်ဟု ဆိုကြသည်။ ယခု အခါ စေတီအုတ်ခုံလေးခုသာ တွေ့ရှိခဲ့ရသည်။

## မင်းကြီးနှင့် ဆရာရေသူကြီး သားတော်ကိုရှိခိုး

သုဒ္ဓောဒနမင်းကြီးသည် ကာလဒေဝီမည်တဲ့ ရသေ့ကြီးကို ကိုးကွယ်ဆည်းကပ်၏။ ရသေ့ကြီးသည် ဈာန်အဘိညာဉ် ရသူဖြစ်၏။ ရှေးကမ္ဘာလေးဆယ်နှင့် နောက်ကမ္ဘာလေးဆယ်က အဖြစ်အပျက်များကို မြင်စွမ်းနိုင်၏။ ရသေ့ကြီးသည် လူ့ပြည်တွင် အဝမ်းစားခိုန်သာရှိပြီး ကျန်အချိန်များတွင် နတ်ပြည်ရှိ ရတနာဗိမာန်တခုမှာ ဈာန်ချမ်းသာဖြင့် နေလေ့ရှိ၏။

ရသေ့ကြီးသည် နှန်းဆော်မှာ သားတော် ဖွားမြင်ကြောင်းသတင်းကြားတဲ့အခါ နတ်ပြည်မှ ဆင်းသက်ပြီး နန်းတော်သို့ ကြွရောက်လာ၏။ ထိုအခါ မင်းကြီးသည် သားတော်ကို ရသေ့ကြီးအား ဖူးမြော်စေခိုင်း၏ ထိုအခါ သားထောက်သည် ရသေ့ကြီး၏ ဦးဆိပ်ပေါ်မှာ တက်ရပ်နေလေ၏။ ရသေ့ကြီးနှင့် မင်းကြီးသည် **အံ့အားသင့်ကြပြီး** သားတော်အား ရှိခိုးကြ၏။

# ဖွားမြင်စ ဘုရားအလောင်းတော်သည် ဤနေရာ၌ ခြေခုနစ်လှမ်း လှမ်းလျှောက်ခဲ့လေသည်



ဤပုံတွင် ဖွားစ ဘုရားအလောင်းတော် ခြေ ခုနစ် လှမ်းလျှောက်သည့်နေရာများကို တွေ့ရပါမည်။

ပုံတွင် တွေ့မြင် ရသည့် စေတီငယ် အုတ်ခုံများသည် ခြေ ခုနစ်လုမ်း လှမ်းသည့် နေရာများဖြစ်သည်။

ယခု အခါ စေတီအုတ်ခုံ လေးခုသာ တွေ့ရှိ ရသည်။

## ရသေ့ကြီး ရယ်ပြီးငို

ရသေ့ကြီးသည် သားတော်ကို ကြည့်ပြီး ရယ်ခဲ့မာလေ၏။ နောက်ဟဖန် ငိုပြန်သည်။ လူအများက အကြောင်းကို မေးလေရာ ဤသူငယ်သည် ဘုရားစင်စစ် ဧကန် ဖြစ်အံ့၊ ဒါကြောင့် ဝမ်းသာအားရရှိလွန်းလို့ ငါရယ်ပါသည်။ သားတော်လေးဘုရားမဖြစ်မီ ငါသေရပါမည်။ ဘုရားကို ဖူးမြင်ရတော့မည်မဟုတ်ပါ။ ဒါကြောင့် ဝမ်းနည်းပြီး ငါ ငိုပါသည်ဟု ဆိုလေ၏။

## ခေါင်းဆေး နိမိတ်ဖတ် ကင်ပွန်းတပ်မင်္ဂလာ

မင်းကြီးသည် သားဧကော်လေး ဖွားမြင်ပြီး ငါးရက်မြောက်နေ့တွင် ခေါင်းဆေးနိမိတ်ဖတ် ကင်ပွန်းတပ်မင်္ဂလာပြုရန် နန်းတော်၌ မင်္ဂလာ အခမ်းအနားကြီးကို သိုက်မြိုက်စွာ ဆင်ယင်ကျင်းပသည်။ မင်္ဂလာဥည့်ခံပွဲသို့ ဗေဒပညာရှင် ပုဏ္ဏား(၁၀၈)ဦးကို ပင့်ဖိတ် ကျွေးမွေးဧည့်ခံသည်။ ပုဏ္ဏား(၁၀၈)ဦးအနက် လက်ရွေးစင် ပုဏ္ဏား(၈)ဦးကို ရွေးချယ်ပြီး သားတော်လေးအား နိမိတ်ဖတ်ကြားစေသည်။

လက်ရွေးစင် ပုဏ္ဏား(၈)ဦးအနက် ပုဏ္ဏား(၇)ဦးက အရှင်မင်းကြီး၏ သားတော်သည် လူဝတ်ကြောင်နှင့် နေပါက စကြဝတေးမင်း ဖြစ်ပါအံ့၊ တောထွက်ကာ ရဟန်းပြုပါက ဘုရားဖြစ်ပါအံ့၊ ဤသို့ နှစ်ခွဟောကြား နိမိတ်ဖတ်ကြ၏။

အငယ်ဆုံး ကော်ဏ္ဍည မည်တဲ့ ပုဏ္ဏား ကလေးက အရှင်မင်းကြီး၏ သားတော်သည် သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီး

## မိဇ္ဈိးတော် မဟာပဇာပတိ ဂေါတမီ

မယ်ဓကော်ကွယ်လွန်ပြီးနောက် မင်းကြီးသည် မဟာပဇာပတိ ဂေါဘမီအား မိဖုရားကြီး တင် မြောက် လေ၏။ ဂေါတမီကား အဓလောင်းတော်ဖွားပြီး (၃)ရက်မြောက်တွင် သားဓဘ်နန္ဒမင်းသားကိုဖွားမြင်ခဲ့၏။ သို့သော် မိမိသားအရင်းကို အထိမ်းတော်များနှင့်ထားပြီး အလှောင်းတော် မင်းသားကို ကိုယ်ဖိရင်ဖိ ကိုယ်တိုင် နို့ချိုတိုက်ကျွေး ပြုစုယုယခဲ့၏။

## မင်းကြီးသည် သားတော်အား ဒုတိယအကြိမ်ရှိခိုး

မင်းကြီးသည် နှစ်စဉ် ထွန်တုံးတထောင် လယ်ထွန်မင်္ဂလာပွဲ ကျင်းပလေ့ရှိ၏၊ ထိုနှစ် လယ်ထွန်မင်္ဂလာပွဲ ကျင်းပရာတွင် သားတော် လေးအား ခေါ်သွားခဲ့သည်။ မင်းကြီး ထွန်တုံး မင်္ဂလာ ထွန်သက်နေစဉ် သားဓတော်လေးအား သစ်ပြရိပ်အောက် တဲနန်းတွင် ထားခဲ့၏။ အထိန်းတော်များသည် လယ်ထွန်မင်္ဂလာပွဲကို သွားရောက်ကြည့်ရှုကြသဖြင့် သားတော်လေး တဦးတည်း တဲနန်းတွင်ကျန်နေခဲ့၏။ သားတော် သည် ဘဝပဋိညာဉ်လျက် ပထမဈာန် ဝင်စား နေလေ၏။

ညနေခင်း ရောက်နေသော်လည်း နေသည် မောင်းမှေးမသွားပဲ ဘုရားလောင်း ရှိရာ သပြေပင်တည့်တည့်မှာပင် ရှိနေ၏။ အထိန်း တော်များ ပြန်ရောက်လာတဲ့အခါ ငြိမ်ဆိမ် တုံလှုပ်ခြင်း မရှိပဲ ဈာန်ဝင်စားနေသော သားတော်ကိုမြင်လေလျှင် အံ့အားသင့်နေကြ သည်၊ ဆက်ပင်တည့်တည့်မှာ မရွေ့ပဲ ရှိနေတဲ့ မြေလေးပါးကို တွေ့မြင်ပြီး တောထွက်ကာ ဘုရား စင်စစ် ဖေနဲ့ဖြစ်ပါဒဲ့။ ဤသို့ ယတိပြတ် တခွန်း တည်းသာ ဟောကြားနိမိတ်ဖတ်၏။

## မင်းကြီးက သားတော် ဘုရားဖြစ်မည်ကို မကြိုက်

မင်းကြီးသည် သားတော် ဘုရားဖြစ်မည် ဆိုသည်ကို မလိုလား၊ မိမိ၏ သားဟော်ကို တလောကလုံးကိုအုပ်စိုးမည့် စကြာဝတေးမင်း သာ ဖြစ်စေလို၏။ ထို့ကြောင့် နန်းတော် တဝိုက်မှာ သူအို၊ သူနာ၊ သူသေ၊ ရဟန်းတို့ကို မမြင်ရအောင် အစောင့်အကြပ်တို့ကို ကြပ်မတ် ချထားလေ၏။

ဤသို့ မင်္ဂလာနိမိတ်များ ဖတ်ကြားကြပြီး နောက် အမည်ပေးကင်ပွန်းတပ်မင်္ဂလာအတွက် အာလုံးညီနှိုင်းကြပြီး သိဒ္ဓတ္ထဟု ကင်ပွန်းဘပ် အမည်ပေးကြ၏။ သိဒ္ဓတ္ထဆိုသည်မှာ လောက၏ အကျိုးကို ပြီးမြောက်စေမည်ဟု အဓိပ္ပါယ်ဖွင့် ယူကြသည်။

## မယ်တော် ကွယ်လွန်ပြီး နတ်သားဖြစ်

မယ်ဓော်သည် သားတော် မင်းသားကို ဖွားမြင်ပြီးနောက် (၇)ရက် ကြာသောအခါ ကွယ်လွန်ခဲ့ပြီး တုသိတာ နတ်ပြည်တွင် သန္တုသိတ အမည်ခံ နတ်သား ဖြစ်ဖွားဒလ၏၊ ဘုရားလောင်း၏မယ်တော်တို့မည်သည် သားဖွားပြီး (၇)ရက်သာ အသက်ရှည်မြဲ ဓမ္မတာပင်။

နေကိုကြည့်ပြီး ထူးထူးဆန်းဆန်း ဖြစ်နေကြသည်။ မင်းကြီးထံ အပြေးအလွှား သွားရောက်သတင်းပို့ကြသည်။ မင်းကြီးသည် ထွန်တုံးကို ထား ပြီး အ လျင် အ မြန် လိုက် လာ သည်။ သားတော်ကိုမြင်လျှင် သဒ္ဓါကြည်ညိုစိတ်များ ဖြစ်ပေါ်လာပြီး ရှိခိုးဦးချလေ၏။ ဒီတာကြိမ်နှင့် ဆိုလျှင် သားတော်ကို နှစ်ကြိမ်မြောက် ရှိခိုးခြင်း ဖြစ်၏။

## သားတော်လှေကစားဖို့ သိကြားမင်းကြီး ရောက်ပန်ဆင်း

ဘုရားအလောင်းတော်သည် ခုနစ်နှစ်သား အရွယ်သို့ ရောက်ခဲ့လေပြီ။ မင်းကြီးသည် သားတော်လှေကစားဖို့ မင်္ဂလာကန်တော်တူးရန် စီစဉ်လျက် ရှိသည်။ သိကြားမင်းကြီ သည် မင်း ကြီး စီ မံ နေ သည် ကို သိ လေ လျှင် အလောင်းတော်အတွက် မင်္ဂလာကန်တော် ဖန်ဆင်းပေးရန် ဝိသကြံနတ်သားကို လွှတ်လိုက်သည်ဟု စေလွှတ်လေ၏။ နတ်သားသည် တန်ခိုးဖြင့် ဖန်ဆင်းလေရာ ညတွင်းချင်း မင်္ဂလာ ရေကန်တော်ကြီး ဖြစ်လာသည်။ ကန်တော်၏ ပုံစံမှာ ရေအောက်တွင် ချွံနွံမရှိစေပဲ ပတ္တမြား၊ ပုလဲသန္တာများ ခင်းထား၏။ ရေကန်ပတ်လည်တွင် ရတနာတံဘိုင်းကြီးများ ကာရံထား၏။ အဆင်းအတက် လှေကားများသည် ရွှေ၊ငွေ၊ ပတ္တမြားများ ဖြစ်ကြ၏။ လက်ကိုင် တန်းများသည် ပတ္တမြားဖြစ်ပြီး၊ တိုင်များကိုလည်း ပတ္တမြားနှင့် ပြုလုပ်လျက် တိုင်ထိပ်မှာ သန္တာစွဲထား၏။ ရေကစားရန် ရွှေထိုင်ခုံနှင့်၊ငွေလှေ ငွေထိုင်ခုံနှင့် ရွှေလှေသန္တာထိုင်ခုံနှင့် ပတ္တမြားလှေ၊ ပတ္တမြားထိုင်ခုံနှင့် သန္တာလှေ၊ ရေချိုးရန် ရွှေခွက်၊ ငွေခွက်၊ ပတ္တမြားခွက်၊ သန္တာခွက်များ ဖြစ်ကြသည်။ ကြာမျိုး ငါးပါးနှင့် ရှုရွှဲ၊ ကြည့်၍ မငြီးနိုင်။

နံနက်မိုးလင်းလျှင် လူအများသည် မင်္ဂလာကန်တော်ကြီးကို ထူးထူးဆန်းဆန်း တွေ့မြင်ကြ၍ တအံ့တသြ ဖြစ်နေကြသည်။ မပြောတတ်အောင် ရှိနေကြသည်။ မင်းကြီးထံ အပြေးအလွှား သွားရောက် သံတော်ဦးတင်ကြသည်။ သားတော်ဘုန်းကံတော်ကြောင့် နတ်၊ သိကြားများ ဖန်ဆင်း ပေးသည်ဟု ဝမ်းမြမ်းတသာ ပြောကြ၊ ဆိုကြ၊ ချီးကျူးနေကြသည်။

## အလောင်းတော် စံနန်းသုံးဆောင်

အလောင်းတော်သည် တဆယ့် ခြောက်နှစ်သားအရွယ်သို့ ရောက်လာခဲ့လေပြီ။ မင်းကြီးသည် သားတော်အတွက် စံနန်းတော်များ စီမံဆောက်လုပ်ရပေတော့မည်။ နိုင်ငံတော်တွင် အကျော်အမော် ပန်းချီ၊ ပန်းပု၊ ပန်းထိမ်၊ ပန်းပဲ၊ လက်သမားပညာရှင်ကြီးများကို ဆင့်ခေါ်လိုက်သည်၊ သားတော်အတွက် နွေ၊ မိုး၊ ဆောင်းရာသီအလိုက် စံနိုင်သည့် စံနန်းတော်ကြီးသုံးဆောင် ဆောက်လုပ်ပေးကြရန် စီမံချက်များပေးသည်။ ဗဟုသုတ ပညာရှင်ကြီးများသည် မင်းကြီး၏ အလိုဆန္ဒအတိုင်း မိမိတို့ ကာယကံရှင်စွမ်းရည်များဖြင့် အစွမ်းကုန် ကြိုးစားကြလေရာ မကြာမီပင် စံနန်းတော်ကြီးသုံးဆောင် ထီးထီးမားမား ပေါ်ထွက်လာလေ၏။

(၁) နွေရာသီစံ ရာမမ စံနန်းတော် (ဘုံကိုးဆင့်)

(၂) နွေရာသီစံ သုဒ်မမ စံနန်းတော် (ဘုံငါးဆင့်)

(၃) မိုးရာသီစံ သုဘ စံနန်းတော် (ဘုံခုနစ်ဆင့်)

စံနန်းတော်ကြီး သုံးဆောင်မှာ ပုဇိသုကာအကျော် ပညာရှင်ကြီးများ၏ လက်ရာဖြင့် ဆန်းဆန်းကျယ်ကျယ် စီမံ ဆောက်လုပ်ထားလေရာ ပန်းခြံ၊ ပန်းပု၊ ခြူးပန်ခြူးနွယ်အသွယ်သွယ်တို့ဖြင့် ရှလို့မငြီး ကြည့်လို့မဝ နတ်နန်းတမျှ လှုပတင့်တယ် ကြီးကျယ်လှပါပေ၏။

## ဗုဒ္ဓသာသနိုင်းတွင်
## ဥဒါန်းတွင်ခဲ့သည့်
## လောင်းဗုဒ္ဓလေးတင်ပွဲကြီး

မင်းကြီးသည် သားဟော်အတွက် စံနန်းတော်များ ဆောက်လုပ် စေပြီးနောက် သားတော်အား မင်းစည်းစိမ်ကို အပ်နှင်းတော့မည် ဖြစ်သည်။ မင်းစည်းစိမ်အပ်နှင်းရာတွင် ချွေးမတော်နှင့်အတူ နန်းတင်ရမည်ဖြစ်သည်။

သားဟော်နှင့် သင့်တော်မည့် သမီးကညာများ လာရောက် ဆက်သကြပါရန် ဆွေတော်မျိုးတော် သာကီဝင်မင်းများထံသတင်းကြေငြာလိုက်သည်။ သာကီဝင် မင်းများက သိဒ္ဓတ္ထမင်းသား သည် အတတ်ပညာမရှိ၊ ငါတို့ သမီးကညာများနှင့်မထိုက်တန်၊ မဆက်သနိုင်ကြောင်း အကြောင်းပြန် လာကြသည်။ မင်းကြီးသည် ဆတ်ဆတ်ခါ နာကျည်း၍ သားတော်အား အကြောင်းစုံ ပြန်လည် ရှင်းပြသည်။ သိဒ္ဓတ္ထမင်းသားသည် မင်းကြီးစကား ကြားသိရလျှင် ဖခင်ကြီးအားမင်း စိတ်အားမငယ်ရန် ကျေနပ်နှစ်သိမ့်စေပြီး မိမိသည် ယောကျ်ားတို့အားစွမ်းလေးအတတ်ပညာခန်းကို ပြသမည်ဖြင့် ကြောင်းနိုင်ငံတော်သို့ ကြေငြာစေလိုက်၏။

ကြေငြာချက်ထုတ်ပြန်လိုက်လျှင်ပဲ နန်းတော်ရံဖန်ပြင်သို့ မင်းပရိသတ်များ တဖွဲ့ဖွဲ့ရောက်လာကြသည်။ ပရိသတ်များစုံညီလျှင် မင်းသားသည် မင်းဝတ်တန်ဆာများဆင်ယင်ပြီးလေးမြားအစုံကို ဆွဲကိုင်လျက် ပရိသတ်လူပုံလယ်သို့ ရဲရဲရင့်ရင့် ထွက်လာခဲ့၏။

ရှေးဦးစွာ လေးသမားအကျော် လေးသည်တော်ကြီး လေးဦးကို ခေါ်ပြီး မိမိနှင့် မလှမ်းမကမ်း လေးဘက်လေးတန်တွင် ဝိုင်းရံထားလိုက်သည်။ ထိုနောက် မိမိအား လေးမြားများနှင့် အဆက်ပြတ် ပစ်ကြရန် အမိန့်ပေးလိုက်သည်။ လေးသည်တော်ကြီးများက မိမိတို့အသင့် ကိုင်ဆောင်ထားကြသည့် လေးမြားနှင့် မင်းသားအား လေးဘက်လေးတန် ညှပ်ပြီး အဆက်မပြတ်ပစ်လွှတ်ကြလေ၏။ မင်းသားသည် အဆက်မပြတ် ပစ်လွှတ်နေသည့်မြားများကို မိမိကိုင်ထားသည့် မြားနှင့် ကာကွယ်ပြီး ဘေးပတ်လည်တွင် ညီညီညာညာကျစေ၏။ အဆက်မပြတ် ပစ်ခတ်နေသော မြားများသည် မင်းသား၏ ဘေးပတ်လည်တွင် အစိအရိ ကျရောက်စုပုံပြီး တိုက်ခန်းကြီးသဖွယ် မြင့်တက်လာလေ၏။ လေးသည်တော်များတွင် မြားကုန်၍ အပစ်ရပ်သွားသောအခါ မင်းသားသည် မြားပုံအဝိုင်းကြီးမှ ခုန်ပေါက် ကျော်ထွက်လိုက်သည်။ ပွဲကြည့်ပရိသတ်ကြီးသည် လက်ခုပ်သံ တသောသောနှင့် ချီဘာသံများ ဆူညံသွားကြသည်။ ဆက်လက်၍ မြားများကို ကောင်းကင်သို့ အဆက်မပြတ် ပစ်တင်လိုက်ရာ မြားနွယ်တန်းပုံကြီးဖြစ်ပေါ်လာသည်။ ဆက်လက်၍ ပစ်လွှတ်ပြန်ရာ မြားပြဿဒ်ပုံကြီးပေါ်လာ၏။ ဆက်လက်၍ ပစ်တင်သော မြားများသည် စောင်းတန်းပုံကြီးဖြစ်ပေါ်လာ၏။ ဆက်လက်၍ ပစ်လွှတ်လိုက်သော မြားတန်းများသည် မင်္ဂလာပဲပုံကြီးဖြစ်လာ၏။ ဆက်လက်၍ပစ်သည့်မြားများသည် တံတိုင်းပုံကြီးပေါ်လာ၏။ ဆက်လက်၍ပစ်လွှတ်ပြန်ရာ ကောင်းကင်တွင် ရေကန်ပုံကြီး ပေါ်လာ၏။

ဆက်လက်၍ မြားများ ပစ်လွှတ်ရာ ကြာပန်းပုံများဖြစ်လာသည်။ တဖန် ရွှေးမြားကို နောက်မြားနှင့်မှန်အောင်ပစ်ပြပြန်သည်။ တဖန် မြားများကို မိုးရွာသကဲ့သို့ဖြစ်လာအောင် ပစ်ပြပြန်သည်။ ဤသို့သျှင် ဆက်ခါဆက်ခါ မြားအတောက်မျိုးစုံကို ပစ်ပြပေရာ ကြည့်ရှုနေသည့် ပရိသတ်ကြီးသည် လက်ခုတ်သံများ တဖြောင်းဖြောင်းနှင့် အဆက်မပြတ် သြဘာ ပေးလျက်ရှိကြသည်။ ဘုရားလောင်းတော် သိဒ္ဓတ္ထ မင်းသားသည် သေမြားအောက်ပညာ မျိုးစုံတို့ကို မည်သူ့ထံမှမျှ မသင်ရပဲ ပါရမီဘုန်းကံအလျောက် အလိုလိုတတ်မြောက်နေခြင်းဖြစ်သည်။ ဤသည်ကား သိဒ္ဓတ္ထမင်းသားသည် ဘာအတတ်ပညာမှ မဘတ်သည် ဆိုသည့် ပြဿနာကို ဖြေကြားလိုက်ခြင်းဖြစ်၏။

စာင်ဟု ဆိုသည်။ ရွှေအဆင်းနှင့် တူလေသောကြောင့် ဘဒ္ဒကဋ္ဌနာ ဟုလည်း ခေါ်ဆိုကြ၏။ မင်ကြီးသည် ယသောဓရာမင်းသမီးကို ဆစ်းတော်၏ အဂ္ဂမဟေသီမိဖုရားကြီးအရာမှာထား၍ လက်ထပ်မင်္ဂလာပြုစေ၏။

ဆို့နောက် မင်းကြီးသည် ကြီးကျယ်ခမ်းနားလှသည့် နန်းအပ်မင်္ဂလာ ဒုခမ်းအနားကြီးကို ဆင်ယင်ကျင်းပပြီး သားတော်အား ရာဇ ဘိတ်သိတ်သွန်းလောင်းကာ ထီးနန်း စည်းစိမ်ကြီးကို အပ်နှင်းလိုက်သည်။ ဤအခါမှစ၍ သားတော်သည် မောင်းမပေါင်းများစွာ ခြံရံလျက် မင်းစည်းစိမ်ကို ခံစားခဲ့ရသည်။

## သူအိုနှစ်ကြိမ်တွေ့မြင်

ဤသို့ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် (၁၆) နှစ်သား အရွယ်မှစပြီး ကြီးကျယ် လှသည့် ထီးနန်း စည်းစိမ် ကြီးကို မောင်းမပေါင်း မြောက်မြားစွာနှင့် ခံစားစံစားလာခဲ့ရာ အိမ်ထောင်သက် တဆယ့် သုံးနှစ်မြောက်သို့ ရောက်လာခဲ့၏။ အသက်အားဖြင့် နှစ်ဆယ့်ကိုးနှစ်အရွယ်သို့ ရောက်လာခဲ့၏။

တနေ့တွင် ရထားဖြင့် ဥယျာဉ်ကစား‌ထွက်လာခဲ့သည်။ ဘုရားဖြစ်ချိန်တန်လာပြီဖြစ်၍ နတ်များက ဥယျာဉ်တော်လမ်းမတွင် သူအိုယောင်ဖန်ဆင်းထားကြလေ၏။ သူအို၏ ပုံသဏ္ဌာန်မှာ ဆံပင်များ ဖွေးဖွေးဖြူနေ၏။ သွားများကြီးပြီး ပါးရေများ ချိုင့်ဝင်လျက်ရှိ၏။ နံရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်း တောင်ဝှေးကို အားပြုလျက်လှမ်းနေသည်။

ဤသူအိုကြီးကို မြင်လေလျှင် ဤဟာအဘယ်နည်းဟု ထားထိန်းအားမေး၏။ သူအိုခေါ်ပါသည်ဟု ရထားထိန်းကပြော၏။

## ဒိန်နှန်းအပ် လက်ထပ်မင်္ဂလာပွဲကြီး

သိဒ္ဓတ္ထမင်းသား၏ အံ့မခန်း လေးအတတ်ပြပွဲသဘင်ကြီးသည် နိုင်ငံကော် တဝန်းပြန့်နှံ့ကျော်ကြားသွားခဲ့သည်။ သာကီဝင် မင်းဆွေမင်းမျိုးအပေါင်းတို့သည် မိမိတို့၏ သမီးကညာများကို သိဒ္ဓတ္ထမင်းသားအား သူထက်ငါ လာရောက်ဆက်သလာကြသည်။ လာရောက် ဆက်သကြသည့် သမီးကညာများ အနက် ယသောဓရာဒေဝီသည် အချောဆုံး အလှဆုံး အယဉ်ဆုံးဖြစ်၏။ အလောင်းတော်၏ ဖခင် သုဒ္ဓောဒန မင်းကြီး၏ နှစ်မ အရင်းမှ မွေးဖွားသူ ဖြစ်၏။ ဘုရားအလောင်းတော်နှင့် တနေ့တည်း တချိန်တည်းမွေးဖွားသည့် ဖွားဘက်တော်လည်းဖြစ်၏။ ဘုရားအလောင်းတော်နှင့်အတူ ပါရမီရှင်ဖြစ်၍ လောကမှာ အချောဆုံး အလှဆုံး ထိပ်ခေါင်

ငါလည်း ဤလိုအိုရမည်လားဟု မေးပြန်သည်။ အရှင်မင်းသားလည်း ဤလိုပင် အိုရပါမည်ဟု ဖြေ၏။ မင်းသားသည် သူအိုကြီး၏ အသွင်အပြင်ကို သေချာစွာကြည့်ပြီး ငါလည်းဤလိုပင် အိုရပါတော့မည်ပါတကားဟုသတိသံဝေဂ ဖြစ်ပေါ်လာ လေသည်။ ဥယျာဉ်တော်သို့ ဆက်မသွားတော့ပဲ နန်းတော်သို့ပြန်ခဲ့၏။

## သူနာနိမိတ်ကြီးတွေ့မြင်ပြန်

ဤသို့သူအိုနိမိတ်ကြီးကိုတွေ့မြင်ခဲ့ပြီးလေးလခန့်အကြာ မွေမွေ ပျောက်ပျောက် ဥယျာဉ်ကစား ထွက်ပြန် လေသည်။ နတ်များကလည်း ရှေးနည်းအတူ ဥယျာဉ် လာလှမ်းတွင် သူနာယောင် ဖန်ဆင်းထားကြ ပြန်သည်။ လူနာ၏ပုံအသွင်မှာလည်း တကယ့် မကျန်းမမာ ဖြစ်နေသည့်ပုံအလား မချိမဆန့်ရောဂါဝေဒနာ ခံစားနေရပုံကိုပြသလျက်ရှိနေ၏။ ဤသူကား အဘယ်နည်းဟု ရထားထိန်းအားမေးပြန်၏။ သူနာဟု သိရပြန်လေသည်၊ ငါလည်း ဤလို နာရဉီးမည်လားဟု မေးပြန်သည်။ အရှင် မင်းသားလှည်း ဤလိုပင်နာရပါဦးမည်ဟု ဖြေကြားလျှင် ထိတ်လှိုက်သည့်သံဝေဂဉာဏ်များ ဖြစ်ပေါ်လာပြန်သည်။ ရှေးနည်းတူ ဥယျာဉ်တော်သို့ ဆက်မသွားပဲ နန်းတော်သို့ ပြန်ခဲ့ပြန်လေသည်။

## သူသေနိမိတ်ကြီး တွေ့ရပြန်

လူနာနိမိတ်ကြီးကို တွေ့မြင်ခဲ့ပြီး လေးလခန့်အကြာ ဥယျာဉ် ကစဉး ထွက်ပြန်လေသည်။ ရှေးနည်းအတူ နတ်များက ဥယျာဉ် သွားလမ်းတွင် အလောင်းစင်ပြင်ဆားတဲ့ လူသေကို လူ အများက ဝိုင်းအုံနေကြပုံကို ဖန်ဆင်း ထားကြပြန်သည်။ ရထားထိန်းကို မေးပြန်သည်။ လူသေဟု သိရပြန်သည်။ ငါလည်း ဤလိုဇရာဦးမည်လားဟု မေးပြန်ရာ အရှင် မင်းသားသည်လည်း ဤသို့ပင် မလွဲမသွေ သေရပါဦးမည်ဟု သိပြန်သည့်အတွက် စိတ်တုန်လှုပ် ခြောက်ခြားသံဝေဂပွားခဲ့ရပြန်သည်၊ ရှေးနည်းတူ ဥယျာဉ်တော်သို့ မဆက်တော့ပဲ ပြန်ခဲ့ပြန်လေသည်။

## ရဟန်း နိမိတ်ကြီးကို တွေ့ပြန်

လူသေ နိမိတ်ကြီးကို တွေ့ရပြီး လေးလခန့်အကြာ ဥယျာဉ်တော်သို့ ထွက်ခဲ့ ပြန်သည်။ လမ်းခရီးတွင်နတ်များဖန်ဆင်းထားသည့်ရဟန်းတပါးကို တွေ့ရ ပြန်သည်။ ရထားထိန်းအား မေးပြန်ရာ ဤသူကား အိမ်ရာ လူ့ဘောင်ကို စွန့်ခွာပြီး တရားဓမ္မနှင့်နေသူ ရဟန်းဖြစ်ကြောင်း ရထားထိန်းက ဖြေကြားလေလျှင် မင်းသားသည်။ အလွန်အမင် ရွှင်လန်းဝမ်းသာ ဖြစ်ခဲ့သည်။ ဤဘကြိမ်တွင် နန်းတော်သို့ ပြန်မလှည့်တော့ပဲ၊ အားရဝမ်းသာနှင့် ဥယျာဉ်တော်သို့ ဆက်ထွက်ခဲ့သည်။

## နန်းတော်မှာ သားတော်ဖွား

ဥယျာဉ်တော် အရောက်တွင် နန်းတော်၌ သားတော်လေး ဖွားမြင်ကြောင်း လာရောက်သတင်းပို့ ကြသည်။ သားတော်လေး ဖွားမြင်ကြောင်း ကြားသိတဲ့အခါ ငါ့ကို ရာဟုဖမ်းလေပြီ တကားဟု နှုတ်ဖြင့် မိန့်ကြားလိုက်သည်၊ ဤသည်ကို အစွဲပြုပြီး သားတော်လေးကို 'ရာဟုလာ' ဟု မှည့်ခေါ်ခဲ့ကြသည်။

## မြို့တံခါးကြီး အလိုလိုပွင့်

အလောင်းတော် တောမထွက်နိုင်ရန် အစောင့်အကြပ်များ အခိုင်အမာ ချထားသည့် မြို့တံခါးမကြီးသည် အလောင်းတော် အနီးရောက်လာလျှင် အလိုလိုပွင့်သွားလေသည်။

## မာရ်နတ်သား လမ်းမှတားး

ဝသတ္တိနတ်ပြည်မှ နတ်ဆိုး နတ်ယုတ်မာ မာရ်နတ်သားသည် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်မည်ကို မနာလိုမလိုလားခဲ့ပါ။ အလောင်းတော် ဓောထွက်လာသည်ကိုမြင်လျှင် ကောင်းကင်မှ ရပ်လျက် ဒေရှင်မင်းသား တောမထွက်ပါနှင့်၊ နောက်ခုနစ်ရက်ကြာလျှင် အာဆင်ဒေးတွက် စကြာရတနာကြီး ရောက်လာလျှင် အလိုလိုပွင့်သွားလေသည်ဟု ပြောဆိုတားမြစ်လေသည်။ အလောင်းတော်က နတ်မင်း ကျွန်ုပ်သည် စကြဝတေးမင်းအဖြစ်ကို မလိုလား၊ ဘုရားအဖြစ်ကိုသာ လိုလားပါသည်။ ကျွန်ုပ်ကို မတားလေနှင့် သင်လိုရာသို့ သွားပါလေ ဟု ပြောဆို နှင်ထုတ် လိုက်သည်။ မာရ်နတ်သည် မကျေမနပ်ဖြစ်ပြီး ပျောက်ကွယ်သွားခဲ့သည်။

## အနော်မာမြစ်ကမ်းမှ ဆံတော်ပယ်၊ ရဟန်းဖြူ

အလောင်းတော်သည် နံနက် မိုးသောက်လင်းလျှင် အနော်မာ မြစ်ကမ်းသို့ ရောက်ရှိခဲ့သည်။ မြစ်ကမ်းသို့ရောက်လျှင် ခေတ္တအနားယူပြီး နောက်တော်ပါ ဆန္ဒနှင့် ကဏ္ဍာမြင်းတော်ကို တိုင်းပြည်သို့ပြန်လွှတ်သည်။

## ထီးနန်းစွန့်ခွာ တောဝနာ ရိပ်သာစခန်းသို့ ကြွလှန်းတော် မူလေပြီ

အလောင်းကော်သည် ရဟန်းနိမိတ်ကို တွေ့မြင်ရပြီး ရဟန်းအဖြစ်ကို အလွန် နှစ်သက်လာခဲ့သည်။ ယနေ့ပင် ဘောထွက်ပါတော့အံ့ ဟု ဆုံးဖြတ်ချက် ချသိုက်သည်။ ဥယျာဉ်တော်မှ ပြန်ရောက်ပြီး နောက်ဝိုင်းတွင် က ချေသည် များတီးကြိုက် မှုတ်ကြ ဖျော်ဖြေကြသည်ကို စိတ်မဝင်စားတော့ဖဲ့၊ စက်ကော်ရာခန်းသို့ ဝင်ရောက် အိပ်စက်တော် မူခဲ့သည်။

တရေးနိုးလျှင် ကချေသည်များကို မြင်ရတဲ့အခါ၊ စိတ်ဗျက်ရပြန်သည်။ ဗုံကို ခေါင်းအုံးတုံးလုံးပုတ်လက် ဟောက်သူကဟောက်၊ ယောင်သူက ယောင်၊ ပါးစပ်မှ သွားရေများ စီးကျ၍ ဆံပင်ဗလပွနှင့် ခါးဝတ်ကိုမှ မဖုန်းနိုင် ဖြစ်ချင်တိုင်း ဖြစ်နေကြတဲ့ ကချေသည်မယ်များရဲ့ စိတ်ပျက်စရာများကို မြင်တွေ့ရပြန်သည်။ ခန်းဝမှ အိပ်ဖန်စောင့် ဆန္ဒ အမတ်ကို အသာ နှိုးရှ ကဏ္ဍာကစီးမြင်းတော်ကို ကကြိုးတတ်ဆင်အသင့် ဖြစ်စေ အမိန့်ပေးလိုက်သည်။ နန်းတော်မှမခွါမီ မိဖုရားနှင့် သားတော်လေးကို ရှမြင်လိုပြန်သည်။ မယ်ယဒသော်၏အဆောင်တော်သို့ အသာသွား၊ ခန်းဝ ကြာခြင်းကိုလှုပ်၊ ခြေတော်စုံ ရင်လျက် မယားနှမနှင့် သားအလုကို အကြည့်နှင့် နှုတ်ဆက်ပြီး နန်းစည်းစိမ်ကို အဆုံးသတ် လိုက်သည်။

အဆောင်တော်မှ ပြန်လှည့် ကာ ညဉ့်သန်းခေါင် အချိန် အသင့်ပြင်ထား သည့် ကဏ္ဍာက မြင်းတော်ကို စီးလျက် နောက်ပါသက်ဘော်စောင့် ဆန္ဒနှင့် နန်းတော်မှ ထွက်ခွာခဲ့သည်။

## ကလ္လာကမြင်း ရင်ကွဲနာကျေသဆုံး

ဆန္ဒနှင့် ကလ္လာက မြင်းတော်တို့သည် မိမိ အရှင်နှင့်မခွဲသိုကြပေ။ အရှင်ကပြန်လွှတ်လို့သာ မသွဲသာ၍ မိမိတို့အရှင်ကို စွန့်ခွာခဲ့ကြရသည်။ အရှင်သခင်အပေါ် သံယောဇဉ် ကြီးလှသည့် ကျွန်ယုံတော် နှစ်ဦးတို့သည် မိမိတို့အရှင်ကို နောက်ပြန်ကြည့်ယင် ကြည့်ယင်းနှင့် ထွက်ခွါလာရာ မျက်စိတဆုံး အရောက်တွင် ကလ္လာက မြင်းတော်သည် မျက်ရည်များ တွေတွေကျခဲ့ပြီး ရင်ဆို့ကာ အရှင့်ဇောနှင့် ဘုံးဘုံးလဲခွေ ခန္ဓာကြွေခဲ့ရသည်။ ဆန္ဒသည် မြင်းတန်ဆာများကို ထမ်းလျက် အဖော်မဲ့တကိုယ်တည်း နန်းတော်သို့ ပြန်ခဲ့ရသည်။

## ဆံတော်ပယ်ဖြတ်

အဲ့သောင်းတော်သည် နောက်ပါများကို နန်းတော်သို့ပြန်လွှတ်ပြီ နောက် မိမိ၏ဆံတော်များကို သံလျက်ဖြင့် ပယ်ဖြတ် လိုက်သည်။ လက်တွင်းရှိ ဆံဖြုတ်များကိုကိုင်လျက် ငါသည် ဘုရားစင်စစ် ဧကန်ဖြစ်မည်ဆိုပါက ဤဆံတော်ပြတ်များသည် ကောင်းကင်မှာ တည်နေပါစေသတည်း။

ဘုရား ဖြစ်မည် မဟုတ် မဟုတ်ကား မြေတွင် ကျပါစေဟုဆိတည်းဟု ဓိဋ္ဌာန်ပြီး ကောင်းကင်သို့ လွှင့်တင်လိုက်သည်။ ဆံတော်များသည် ကောင်းကင်တွင် တည်လျက် ရှိနေကြသည်။ ဦးခေါင်းတော်တွင် လတ်နှစ်သစ်မျှ ဆံငုတ်များ ကျန်ရစ်ပြီး လက်ယာရစ်လျက် တသက်လုံး တည်လေ၏။

## စွန့်ခွာမှုကို ဆုံးတော်ဖာတ်စေတီ

သိကြားမင်းသည် ကောင်းကင်မှာ တည်နေသည့်ဆံတော်မြတ်တို့ကိုရွှေခွက်နှင့် ဆောင်ယူပြီး တာဝတိံသာ နတ်ပြည်တွင် စွန့်ခွာမှုကို စေတီတော်မြတ် တည်ထားကိုးကွယ်လေ၏။

## ရဟန်းပြု

ဃဋ္ဋီကာရပြဟ္မာကြီးသည် သင်္ကန်း၊ သပိတ်၊ ပရိက္ခရာများကို အလောင်းတော်ထံ လာရောက် ဆက်ကပ်သည်။ ထိုနေ့မှာပင် အလောင်းတော်သည် သင်္ကန်းများ ဝတ်ရုံဆင်မြန်းပြီး ရဟန်းပြုလိုက်သည်။

## ဆွမ်းခံကြွ

အလောင်းတော်သည် ရဟန်းပြုပြီးနောက် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံ ကြွတော်မူသည်။ ရာဇဂြိုဟ်ပြည်သားများသည် ဆွမ်းခံကြွနေသည့် အလောင်းတော် ရဟန်းမြတ်၏ ရုပ်ဆင်းအင်္ဂါ ကြက်သရေတော်တို့ကို မြင်ရသောအခါ အံ့သြဩဆူးသည့်အမြင်နှင့် အမျိုးမျိုး ဝေဘန်ပြောဆိုနေကြသည်။

## ပုဏ္ဏားအိမ်မတော်တို့ အစောကြိုးများ

အလောင်းတော်ရဟန်းမြတ်သည် ရာဇဂြိုဟ်မှ မျှလောက်ရုံ ဆွမ်းခံတော်မူခဲ့ပြီး ဆွမ်းဘုဉ်းပေးရန် ပဏ္ဍိတတောင်ထိပ်ရှိလိုဏ်ဂူသို့ကြွရောက်တော်မူသည်။

ဆွမ်းဘုဉ်းပေးရန်အသင့်ပြင်ပြီး ဆွမ်းသပိတ်ကို ဖွင့်လိုက်သည်။ တသက်လုံး တခါမျှ မတွေ့မြင်ဖူးခဲ့သည့် ဆင်းရဲသားသုံးအစာကြမ်းများကို တွေ့မြင်ရလေလျှင် ပျို့အံ့တေ့မေတတ်ဖြစ်သွားခဲ့သည်။ မိမိကိုယ်ကိုတရားဖြင့်ဆုံးမပြီး သည်းခံဘုဉ်းပေးတော်မူသည်။

## ဂိုဏ်းဆရာကြီးများထံ လှည့်လည်လေ့လာ

အာဠာရဂိုဏ်းဆရာကြီးထံရောက်....

အလောင်းတော် ရဟန်းမြတ်သည် တရား**မကျင့်မီ** နာမည်ကြီး ဂိုဏ်းဆရာကြီးများထံ**သွား**ရောက် လေ့လာလိုသည်။ ရှေးဦးစွာ အာဠာရ ဂိုဏ်းဆရာကြီးထံ ရောက်ခဲ့သည်။ **ဆရာကြီး** ရရှိထားသည့် တရားများကို စုံစမ်း**မေး**မြန်းသည်။ ဆရာကြီးရရှိထားသည့် တရား**များ**သည် စျာန်ဘရားများသာဖြစ်သည်ကို သိရသည်။ စျာန်တရားများသည် ပြဟ္မာ့ပြည်ကိုသာ ရောက်စေနိုင်ပြီး အိုနာသေဘေးမှမလွတ်မြောက်နိုင်ကြောင်းသိရှိ**သ**ဖြင့် ကျေနပ်မှုမရခဲ့ပေ။

## ဥဒကဂိုဏ်းဆရာကြီးထံဆက်

အာဠာရဂိုဏ်း**ဆရာ**များကို ကျေနပ်မှုမရခဲ့၍ **ဓာ**မန် နာမည်ကြီး ဥဒက ဂိုဏ်း**ဆရာ**ကြီးထံ ရောက်ခဲ့ပြန်သည်။ ရ**သေ့**ကြီး ရရှိ ထား**သည့်** တရားများကို စုံစမ်း**မေး**မြန်းသည်။ ဥဒကဂိုဏ်း**ဆရာ**ကြီး**၏** တရား**များ**သည်း အာဠာရဂိုဏ်း**တရား**များနည်းတူ အိုနာသေဘေးမှ မလွတ်မြောက်နိုင်ပဲ **သံဆရာလည်စေ**သည့် စျာန်တရား**များ**သာဖြစ်သည်ကို တွေ့ရှိရပြန်သည်။ ဥဒက**ဆရာ**ကြီး၏ တရား**များ**သည်လည်း ကျေနပ်မှုမရပဲ ရှိရပြန်သည်။

## ဥရုဝေလတောသို့

အလောင်းတော်ရဟန်းမြတ်သည် တရား**ရှာ**လှည့်လည်ယင်း ဥရုဝေ**လ**တော**သို့** ရောက်ရှိလာခဲ့သည်။ ဥရုဝေ**လ**တော၏ သာယာကြည်နူးဖွယ်ရှိပုံ ရေအယဉ်များ တသွင်သွင်စီးဆင်းနေသည့် နေရာဒေသမြစ်၏ သာယာဖွယ်ရှိပုံ မြစ်ဆိပ်သို့ **အ**တက်အဆင်း လွယ်ကူလှသည့် သဲသောင်ပြင်ကြီး၏ကြည်နူးဖွယ်ရှိပုံ ဆွမ်းခံကြွရန်တော၏ မလှမ်း**မ**ကမ်းတွင် ရွာငယ်**က**လေး**များ**တည်ရှိနေပုံများကို တွေ့ရတဲ့အခါ စိတ်**အား**ထက်သန်လာခဲ့သည်။ ကမ္မဋ္ဌာန်းအလုပ်ကို ဤတောမျှပင် စခန်းချ အား**ထု**တ် တော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။ တောတွင်းသို့ဝင်သင့်တင့်မည့်**နေ**ရာရွေး**ကာ** ခုတ်ထွင် ရှင်းလင်းပြီး ကမ္မဋ္ဌာန်း**ကျောင်း**ငယ် တခုကို ဆောက်လုပ်သည်။

## ခက်ခဲလှသည့် ဒုက္ကရစရိယ အကျင့်ကို ကျင့်တော်မူ

ဥရုဝေလတောသို့ ရောက်ပြီးနောက် ဒုက္ကရစရိယအကျင့်ကိုစတင်ကျင့်ခဲ့သည်။ ဒုက္ခရစရိယအကျင့် ဆိုသည်မှာ လူသာမန်များ ကျင့်ရန်ခဲယဉ်းသည့် **အ**ကျင့်မျိုးဖြစ်သည်။ ပထမ စတင်ကျင့်သည်မှာ အကုသိုလ်စိတ်များ ဖြစ်ခွင့်မရ**အော**င် ကုသိုလ်စိတ်များဖြင့် **ချု**ပ်တည်း၍ ကျင့်သည်။ စိတ်၏ ချုပ်တိ**း မှ**ကြောင့် **ခွေး**များ

## အိုသိဒ္ဓတ္ထမင်းသားအချည်းအနှီးတော့ အသေမခံပါလေနှင့် မာရ်နတ်ရောက်လာပြန်

ဤသို့ အလောင်းတော် ရဟန်းမြတ်သည် ဒုက္ကရစရိယ ကျင့်လာယင်းနှင့် ခြောက်နှစ်တာ ကာလသို့ ရောက်ရှိလာခဲ့သည်။ ကြည့်မကောင်း ရှုမကျောင်း လောက်အောင် အလွန် ပိန်ချုံး အားနည်းလာခဲ့သည်။ ထိုအချိန်မှာ အလောင်းတော်မြတ်ထံသို့ မာရ်နာဇ်သား ရောက်လာပြန်သည်။

အို....သိဒ္ဓတ္ထမင်းသား သင်သည် ယခုအခါတွင် သေခါနီးသို့ရောက်ခဲ့ပါပြီ။ အချည်းအနှီးတော့ အသေမခံပါလေနှင့်။ အသက်ရှင်ဖို့ကိုသတိ ပြုပါလေ– အသက်ရှင်သူသည် ဒါနတို့လည်း ပြုနိုင်သည်၊ သီလကိုလည်း စောင့်နိုင်သည်။ ယခုလို သေမည် ရှင်မည်မသိ ပင်ပန်းတကြီး အားထုတ်နေ၍ ဘယ်မှာ အကျိုးရှိမည်နည်း။ ဤသို့အကျိုးလိုလားဟန်ဖြင့် အလောင်းတော်အား ဖြားယောင်း အကြံပေးလေ၏။

ထိုအခါ အလောင်းတော်က– ဟယ် မာရ်နတ် သင်သည် ငါ့ကို အနှောင့်အယှက်လာပေးနေပြန်ပါပြီ ငါသည် သံသရာကို လွှတ်စေမည့် သင်္ခေါတဲ့ ကုသိုလ်များကို ဘယ်တော့မှ ပြုလုပ်ဘော့မည်မဟုတ်ပါ၊ ဝဋ်ဆင်းရဲက လွတ်မြောက်တော့မည် ဆိုတဲ့ယုံကြည်ချက်များ လုံ့လဝီရိယများ ပညာသတိ သမာဓိ တရားများ ငါ့မှာ အပြည့်ရှိနေသည်။ ဒီလို အချက်ကျတဲ့ ပဓာနတရားများကို လက်ကိုင်ထားပြီး အသက်ကို မငဲ့ပဲ အားထုတ်နေတဲ့ငါ့ကို အသက်ရှင်ရေး အတွက် အဘယ့်ကြောင့် လာပြီး အားပေးနေပါသနည်း။

တတွေတွေစီးဆင်းယိုထွက်လာသည်၊ ထိုနောက် အပွါနကစျာန်အကျင့်ဟုခေါ်ဆိုသည့်အကျင့်ကို ဆက်လက်ကျင့်ကာ၌ ဝင်လေ ထွက်လေများကို ပါးစပ်နှင့်နှာခေါင်းမှ မထွက်ရအောင် ချုပ်တည်း၍ ကျင့်သည်။ ထိုအခါ လေများသည် နားပေါက်မှ စုပြုံထွက်လာကြသည်။ ဆင်းရဲဒုက္ခရောက်သော်လည်း အလျှော့မပေး ဇွတ်ကျင့်သည်။

ထို့နောက် ပါးစပ် နှာခေါင်း နားပေါက် များမှ ဝင်လေ ထွက်လေများကို ချုပ်တည်း၍ ကျင့်သည်။ ထိုအခါ လေများသည် ဦးခေါင်းသို့ စက်ပြီး ထိုးဆောင့် လေ၏။ ဆင်းရဲ ကြီးလှသော်လည်း ဇွတ်ကျင်း လျက်ပင်၊ ဤနည်းများအတိုင်း လေများကို ချုပ်၍ ချုပ်၍ ဆက်ကာဆက်ကာ ကျင့်ပြန်လေရာ ပြင်းထန်သည့်ခေါင်းကိုက်ဝေဒနာများ မခံရပ်နိုင်အောင် ဖြစ်ပေါ်လာသည်။ လုံ့လ မလျှော့မေ၊ ဤနည်းများအဘိုင်း ဆက်ကာဆက်ကာကျင့်သည်။ လေများသည် ဝမ်းဗိုက်ကို ဖောက်ခွဲတော့မတတ် ထိုးဆွလာကြသည်။ အလျှော့မပေးပါ။ ဤသို့ ပင်ပန်းသည်ကို အရေးမထားပဲ ဇွဲလုံ့လနှင့် ဆက်ကာဆက်ကာကျင့်လေသဖြင့် တကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင်လာခဲ့သည်။ နောက်ဆုံး ထိုင်လျက် မှိုင်းမှေ့သွားခဲ့သည်။

ထိုနောက် အစာ လျှော့ပြီး ပဲပြုတ် ရေတလက်ခုပ်မျှလောက်ကိုသာ သောက်ပြီး ကျင့်လေ၏။ ထိုအခါ ကိုယ်ခန္ဓာသည် အရိုးပေါ်အရေတင်လျက် အသားအရေများ မည်းနက်ပိန်ချုံးသွားခဲ့သည်။ အာဟာရဓာတ် နည်းလာပြီး ကျင်ငယ်ရေ လုံးဝ စွန့်မရတော့ချေ။ ကျင်ကြီးမှာ ကွမ်းသီးလုံး တလုံးစာမျှလောက်သာ ထွက်တော့သည်၊ ချွေးများ တဖြိုင်ဖြိုင် ယိုစီးလာပြီး နေရာမှာပင် မှောက်လျက်လဲကျသွားခဲ့သည်။

ဒီလို ဝင်္ဂဆင်းရဲက လွတ် မြောက် အောင် ကြိုးစား အားထုတ် နေသူဟာ တရက်မျှပင် အသက်ရှင်သော်လည်း အမြတ် ရှိနေသေးသည် မဟုတ်ပါလော။ အလောင်းတော်သည် ဆက် လက်ပြီး တရားဓမ္မများပြလျက် ဆုံးမလေသော အခါ နတ်သားသည် စကားပြန်မပေးနိုင်တော့ပဲ နေရာမှ ကွယ်ပျောက်သွားခဲ့သည်။

## အာဟာရ ပြန်လည် ဖြည့်တင်း၊

အလောင်းတော် ရဟန်းမြတ်သည် တရား ကျင့်သက် (၆) နှစ်ကြာလာပြီမို့ မိမိ အကျင့် များကို ပြန်လည် စစ်ဆေးခဲ့သည်။ ရှေးရှေးက ရဟန်း ပုဏ္ဏားများသည် ယခု ငါ ကျင့်သည် ထက် ပိုပြီးကျင့်နိုင်ကြမည်မဟုတ် နောင်ကျင့်ကြ မည့်သူများသည်လည်း ဒီထက် ပို၍ ကျင့်နိုင်ကြ မည်မဟုတ် ယခု ငါသည် အမျိုးမျိုး ဒုက္ခခံ၍ ကျင့်ခဲ့သော်လည်း ဘုရားဖြစ်ဖို့ ခဲယဉ်း နေချေ ပြီ၊ အခြားအကျင့်လမ်းကြောင်းကို ပြောင်းပြီး ကျင့်မှ တော်တော့မည်။

ဤသို့ မိမိလက်ရှိ အကျင့်များကို ပြန်လည် စစ်ဆေးလာတဲ့အခါ ဘုရားဖြစ်ဖို့ ခဲယဉ်းသည့် အခြေအနေများကို သိမြင်လာသည်။ အခြား အကျင့်များကို ပြောင်းလဲကျင့်ဖို့ ဆင်ခြင်သည့် အခါ အာဏာပါန အကျင့်ကို တွေ့မြင်လာ သည်။ မိမိခန္ဓာကိုယ်ကို ပြန်လည်သုံးသပ်ရာတွင် လည်း အရိုးပေါ်အရေတင် အလွန် အမင်း အားကုန် ညှိုးနွမ်းနေသည်ကို တွေ့ရသည်။ အာဟာရများ ပြန်လည်ဖြည့်တင်းရန် လိုအပ် နေပေပြီ။ သို့ဖြစ်၍ အာနာပါနအကျင့်ကို ပြောင်းလဲမကျင့်မီ ခန္ဓာကိုယ်ကို ပြန်လည် အားဖြည့်ရေးအတွက် ဆွမ်းခံရန် သေနရွာ ဘက်သို့ ထွက်ခွာလာခဲ့သည်။

အလောင်းတော် ရဟန်းမြတ် ဒုက္ကရစရိယကျင့်ခဲ့သည့် ဂူငယ်ကို ဤသို့တွေ့ရှိရသည်။

ဗုဒ္ဓဂါယာမှ (၄)မိုင်ခန့်အကွာ ပေ(၁၀၀၀)ခန့်အမြင့် တောင် ခါးပန်း တခုတွင် တွေ့ရှိရသည်။ ဤဒေသရှိလူများ တဒုင်္ကစရိ ဟု ခေါ်ကြသည်။ နေရွှေရာမြစ်၏ အနှံ့စုးစုးအရပ်တွင်ရှိသည်။

## ထူးဆန်းသည့် အိပ်မက်ကြီးများ မြင်မက်ခြင်း

အလောင်းတော်ရဟန်းမြတ်သည် ပဲပြုတ်ရေ ဓာလက်စာခုပ်မျှ သောက်ပြီး ဓာရားကျင့်နေရာမှ ဆွမ်းခံကြွ ဓာဟာရများကို ဖြည့်တင်းလေရာ ခွန်အားများ ပြန်လည် ပြည့်တင်းလာသည်။ ဓာနာပါန ဝင်လေထွက်လေ အကျင့်များကို ပြောင်းလဲကျင့်တော်မူသည်။ ဓာနာပါနအကျင့်ကို ပြောင်းလဲကျင့်ပြီး (၁၅)ရက်ခန့် ကြာလာတဲ့အခါ ညတည့်တွင် ထူးဆန်းတဲ့ အိပ်မက်ကြီး (၅)မျိုးကို မြင်မက်တော်မူသည်။

(၁) ပထမအိပ်မက်မှာ—
မြေပြင်ကို အိပ်ရာပြု၊ ဟိမဝန္တာတောင်ကို ခေါင်းအုံးလျက် ဗယ်လက်ကို အရှေ့သမုဒ္ဒရာမှာထား၊ ညာလက်ကို အနောက် သမုဒ္ဒရာ၊ ခြေနှစ်ဘက်ကို တောင် သမုဒ္ဒရာမှာထားပြီး အိပ်ရသည်ဟု မြင်မက်သည်။

(၂) ဒုတိယအိပ်မက်မှာ—
ထန်းလုံးခန့်ရှိ အရောင်နီနီမြက်ပင်ကြီးများသည် ချက်အ လယ် မှ ထပေါက်လာသည်။ ကြည့်နေယင်း ကြည့်နေယင်း တထွာမှ တတောင်၊ တတောင်မှတလံ တ ဖြည်း ဖြည်း မြင့်တက်သွားပြီး ယူဇနာပေါင်းများစွာကွဲလှမ်းသည့် ကောင်းကင်မှာ တည်နေသည်ကို မြင်မက်ရသည်။

(၃) တတိယအိပ်မက်မှာ—
ဦးခေါင်းနက်နက်နှင့် ကိုယ်လုံးပြူလောက်ကောင်များသည် ခြေသည်းမှ ဒူးဆစ်ထိ အုံစာက်နေသည်ကို မြင်မက်ရသည်။

(၄) စတုတ္ထအိပ်မက်မှာ—
အရောင်လေးမျိုးရှိ ငှက်သတ္တဝါလေးမျိုးသည် အရပ်လေးမျက်နှာမှ ပျံသန်း လာကြပြီး အလောင်းတော်၏ ခြေရင်းမှာ ဝပ်စင်းလျက် ကိုယ်လုံး ဆွတ်ဆွတ်ဖြူ ဖြစ်သွားကြသည်ကို မြင်မက်ရသည်။

(၅) ပဉ္စမအိပ်မက်မှာ—
မစင်တောင်ကြီးတခုပေါ်မှာ မစင်များမကပ်ငြိပဲ လမ်းလျှောက်ရသည်ကို မြင်မက်သည်။

ဤသို့ အိပ်မက်ကြီးများ ထူးထူးဆန်းဆန်း မြင်မက်ပြီး အိပ်ရာမှနိုးလာတဲ့အခါ အိပ်မက်များ၏ ဒေတိတ်နိမိတ်များကို ဆင်ခြင်ရာ....

ပထမ အိပ်မက်၏ အလိုမှာ ဘုရား စင်စစ် ကေန်ဖြစ်မည့် နိမိတ် ဖြစ်၏။

ဒုတိယအိပ်မက်၏ အလိုမှာ မဂ္ဂင်ရှစ်ပါးတရားကို နတ်လူတို့အား ဟောကြားနိုင်မည့် နိမိတ်ဖြစ်၏။

တတိယအိပ်မက်၏အလိုမှာဝတ်ဖြူစင်ကြယ်ဝတ်ဆင်ကြသည့် လူများစွာတို့သည် ဘုရားကို ကိုးကွယ်ဆည်းကပ်ကြပြီး သရဏာဂုံ ခံယူကြမည့် နိမိတ်ဖြစ်၏။

စတုတ္ထအိပ်မက်မှာ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ သူဆင်းရဲဆိုတဲ့ အမျိုးလေးပါးမှ အမျိုးကောင်းသားများသည် ဘုရား၏ သာသနာသို့ဝင်ရှိ ရဟန်းပြုကြပြီး ရဟန္တာ ဖြစ်ကြမည့် နိမိတ် ဖြစ်၏။

ပဉ္စမအိပ်မက် အလိုမှာ ဘုရားဖြစ်တဲ့အခါ၊ ကျောင်းသက်နှံး၊ ဆွမ်း၊ ဆေး ပစ္စည်းလေးပါး များစွာရရှိမည့် နိမိတ်နှင့် ယင်း ဇစ္စည်းများကို ကပ်ငြိခြင်းမရှိပဲ သုံးဆောင်ရမည့် နိမိတ်ဖြစ်၏။

## သုဇာတာသခွေးသမီး ဃ်နာနို့.ဆွမ်းကပ်ရှု

နေရဥ္ဇရာမြစ်၏အနီးသေ်နရွာနေ သုဇာတာ အမည်ရှိ အမျိုးသမီးသည် မိမိအား သားဆုဖေး ဖြစ်၏။ သပိတ်သက်နှံးများပြင်ဆင်ပြီး ညောင်ပင်တပင်၏အောက်တွင် ထိုင်နေတော်မူ၏။

သုဇာတာသည် ညောင်စောင့် နတ်အား ဃ်နာနို့ ထမင်းဆက်သရန် နွားနို့များကို စီမံ ချက်ပြုတ်လျက်ရှိ၏။ ဃနာနို့ ဆိုသည်မှာ ပထမနွားအုပ်မှ ချက်ရသည့်နို့များကို ဒုတိယ နွားအုပ်ကိုတိုက်ကျွေး၏။ တဖန် ဒုတိယနွားအုပ်စု မှ ချက်ရသည့်နို့များကို တတိယ နွားအုပ်စုကို တိုက်ကျွေး၏။ ဤနည်းဖြင့် နွားအုပ်စုများ အဆင့်ဆင့်မှ နို့များကို အကြိမ်ကြိမ် ညှစ်၍

သုဇာတာ၏အိမ်နေရာကို ဤပုံတွင်တွေ့မြင်ရမည်

သုဇာတာ၏ အိမ်နေရာသည် ပုံ-၏ ညာဘက် ရွာထိပ်၌ ရှိသည်

ခဲ့သည့် ညောင်ပင်စောင့်နတ်ကို တန္ဒစ်တကြိမ် ဗလိနတ်စာ ပူဇော်လေ့ရှိ၏။

အလောင်းတော် ရဟန်းမြတ်သည် အိပ်မက်များ မြင်မက်ပြီး နံနက်မိုးလင်းရောက်တဲ့အခါ မိမိသည် ယနေ့ပင် ဘုရားဖြစ်မည်ကို သိနေပြီ ကျိုးချက်ရရှိသည့်နို့ဖြစ်၏။ ဤနို့ဖြင့် ချက်သည့် ထမင်းကို ဃနာနို့ထမင်းဟုခေါ်သည်။

သုဇာတာသည် ဃနာ နို့ထမင်းများ စီမံ ချက်ပြုတ်၍ အဆင်သင့်ဖြစ်သောအခါ ပူဇော်

# ဤနေရာ၌ ဃနာနို့ဆွမ်း ကပ်ခဲ့သည်



သုဇာတာအိမ်နေရာမှ အရှေ့ဘက်သို့ မိုင်ဝက်ခန့်သွားလျှင် လယ်ကွက်များ အကြားဌ်ဌ ဟိန္ဒူဘုရားကျောင်းတခုကိုတွေ့ရှိသည်။ ယင်းဘုရားကျောင်း၏ အရှေ့မြောက်ဘက်ရှိ အုတ်ပုံကို သုဇာတာ ဃနာနို့ဆွမ်းကပ်သည့် နေရာဟု ဆိုသည်။

မည့် ညောင်ပင်ကို သန့်ရှင်းရန် အိမ်စေမအား စေလွှတ်လိုက်သည်။

အိမ်စေမသည် ညောင်ပင်ကို ရှင်းလင်းရန် သွားသောအခါ ညောင်ပင်ရင်းဌ ထိုင်နေသည့် ရဟန်းတော်မြတ်ကို ကြည်ညိုဖွယ် တွေ့ရှိသည့် အခါ ညောင်စောင့် နတ်မင်း အထင်နှင့် မိမိ အရှင်မထံ အားရ ပါးရနှင့် အပြေး အလွှား ပြန်၍ သတင်းပေးပို့သည်။

သုဇာတာ ကြားသိရတဲ့အခါ ယနေ့ နတ်မင်းကိုယ်တိုင် အပူဇော်ခံမည်ဟု ဝမ်းသာအား ရလျက်ရှိသည်။ အိမ်စေမကိုလည်း သမီးအရာ ထားကာ ချီးမြှောက်လေ၏။

သုဇာတာသည် ရွှေခွက်နှင့် ဃနာနို့ထမင်း ကို ထည့်ရွက်ပြီး အားရဝမ်းသာနှင့် ညောင် စောင့်နတ်ထံလာခဲ့သည်။ညေ့ခင်ပင်ရောက်သည့် အခါ ရဟန်းတော်မြတ်ကို အရိုအသေ ပြုပြီး အရှင်အား ဤရွှေခွက်နှင့်တကွ ဃနာနို့ထမင်း ကို ဆက်သပါ၏။ ကျွန်တော်မ၏ အလိုပြည့်ဝ သလို အရှင်နတ်မင်း၏ အလိုလည်း ပြည့်ဝပါ စေဟု ဆုတောင်း ဆက်သပြီး ပြန်လေ၏။

မဟာဗောဓိ စေတီ တော်၏ မြောက်ဘက် နှစ်ဖာလုံခန့်အကွာမှ နေရဥ္ဇရာမြစ် အရှေ့ဘက်ကမ်းသို့ဖြတ်ကူး၍ အရှေ့ဘက်သို့ မိုင်ဝက်ခန့် သွားလျှင် ဘုကရောရှ် ရွာဦးဌအုတ်ပုံကြီးတခုကို တွေ့ရသည်။ ယင်း အုတ်ပုံကြီးကို သုဇာတာ အိမ်နေရာဟု ဆိုကြသည်။

## လေးဆယ်ကိုးလုတ်မရုပ်လွှားလှုံး ဘဉ်းပေးတော်မူသည်

အလောင်းတော် ရဟန်း မြတ်သည် သုဇာတာလှူသည့် ဃနာနို့ဆွမ်းကို ရွှေခွက်နှင့်တကွ

# ဤနေရာ၌ ဃံနာနို့ဆွမ်း ဘုန်းပေးတော်မူခဲ့သည်



သုဇာတာ အိမ်နေရာမှ အရှေ့ဘက်သို့ မြောင်းငယ်တခုကို ဖြတ်ကျော်သွားသော အခါ အုန်းနှင့်တပင်၏ အရင်းခြေ အုတ်ကျိုးအုတ်ပုံများကိုတွေ့ရသည်။ ထိုနေရာ၌ အလောင်းတော် မြတ်သည် ဃနာနို့ဆွမ်းဘဉ်းပေးတော်မူခဲ့သည်ဟု ဆိုသည်။

ခံယူတော်မူခဲ့ပြီး နေရဥ္ဇရာမြစ်ဆိပ်သို့ ကြွရောက်တော်မူခဲ့သည်။

မြစ်ဆိပ်သို့ ရောက်လျှင် အေးမြ ကြည်လင်သည့် ရေများဖြင့် ကိုယ်လက် သန့်စင်တော်မူပြီး အေးမြသည့် သစ်တပင်၏ အရိပ် အောက်တွင် လေးဆယ့်ကိုးလုတ်တိတိ ဘုဉ်းပေးတော် မူလေသည်။

## အဓိဋ္ဌာန်ပြု ရွှေခွက်ရေသို့မျှော

ဃနာနို့ဆွမ်း ဘုဉ်းပေးပြီးတဲ့အခါ နေရဥ္ဇရာမြစ်ဆိပ်သို့ဆင်းလျက် ယနေ့ ဘုရားဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေကိုဆန်ပြီးတက်ပါစေ၊ ဘုရားမဖြစ်ပါက ရေစုံသို့ မျောပါ ပါစေသတည်း– ဓိဋ္ဌာန်ပြီး ရွှေခွက်ကိုရေသို့မျှောချလိုက်သည်။ ရွှေခွက်သည် ရေစီးကိုဖြတ်ကျော်ပြီး မြစ်အလယ်တည့်တည့် ရောက်တဲ့အခါ ရေဆန်သို့ အဘောင် ၇၀-ခန့်မျောတက်သွားပြီး နစ်မြုပ်သွားလေ၏။

## ရွှေခွက် နဂါးပြည်ရောက်

မျှောချလိုက်သည့် ရွှေခွက်သည် အဓိဋ္ဌာန်ပြုသည့်အတိုင်း ယနေ့ ဘုရားဖြစ်မည်ဆိုသည့် နိမိတ်ကိုပြပြီး ရေအောက်သို့ နစ်မြုပ်သွားခဲ့ပြီး ရေအောက် နဂါးပြည်ရှိ ကာဠနဂါးမင်းကြီး၏ ဗိမာန်သို့ ရောက်သွား ခဲ့သည်။ ဤကမ္ဘာတွင်

# ဤနေရာမှ ရွှေခွက်ကို မျောချလိုက်သည်

ဆွမ်းဘုဉ်းပေးသော နေရာမှ အရှေ့ဘက်ကိုက်(၁၀၀)အကွာတွင် နေရဒူရာမြစ်ကိုတွေ့ရသည်။ ဤပုံရှိနေရာမှ ရွှေခွက်ကို မျှောသည်ဟု ဆိုသည်။

ပွင့်သွားဘော်မူခဲ့သည့်ဘုရားသုံးဆူတို့၏ ရွှေခွက်သုံးခုအောက်တွင် တည်နေ၏။

ကာလနဂါးမင်းသည် ရွှေခွက်သံကို ကြားသည့်အခါ ယမန်နေ့ကပဲ ဘုရားတဆူ ပွင့်သွားသည်။ ယခုတခါပွင့်ပြန်ပြီဟုဆိုလျက် အားရဝမ်းသာ ခြိုးကျူးသည့် ဂါထာများကို သီဆိုသည်။

## မောဓိပလ္လင်ဖြစ်ပေါ်လာ

အဓိဋ္ဌာန်ရွှေခွက်မျောပြီးနောက် အင်ကြင်းတောသို့ ဝင်တော်မူသည်။ နေ့ပိုင်းတွင် အာနာပါန လောကီ စျာန်သမာပတ်များကို ဖြစ်စေတော်မူသည်။

ညနေချမ်း ရောက်သောအခါ ဗောဓိညောင်ပင်ရှိရာသို့ ကြွတော်မူလေရာ လမ်းခရီး၌ သောတ္ထိယမည်တဲ့ မြက်ထမ်းသမား ပုဏ္ဏားတဦးကို တွေ့တော်မူသည်။ ပုဏ္ဏားသည် အလေးငဲးတော် ရဟန်းမြတ်ကိုမြင်လျှင် ကြည်ညိုသဒ္ဓါပွားပြီး မိမိလက်မှာရှိတဲ့ မြက်ရှစ်ဆုပ်ကို လှူလေသည်။

ဗောဓိပင်သို့ ရောက်သောအခါ ရှေးရှေးဘုရားရှင်တို့ ပွင့်သွားကြသည့်အရပ်ကို ရွေးချယ်တော်မူသည်၊ ညောင်ပင်၏အရှေ့ဘက်အရပ်ကို သိမြင်တော်မူ၍ လက်တွင် ပါလာသည့် မြက်ရှစ်ဆုပ်ကို ကျဲဖြန့်လိုက်သည်တွင် မြက်အသွင် ပျောက်ပြီး အလွန်ဆန်းကြယ်သည့် ရတနာပလ္လင်ကြီး ဖြစ်ပေါ်လာလေ၏။

## ဘုရားမဖြစ်မချင်းဤနေ့ရာမှငါမထ

ဖြစ်ပေါ်လာသောရတနာပလ္လင်ကြီးမေါ်သို့ တက်ကာထိုင်လျက် ငါသည် အရိုးကြေကြေ အရေခန်းခန်း ဘုရားမဖြစ်မချင်း ဤတင်ပလ္လင်ခွေကို မဖျက်တော့ပေဟု အဓိဋ္ဌာန်ပြုလျက် တရားနှလုံးသွင်းတော်မူသည်။

## နတ်ဗြဟ္မာများ လာရောက်ကိုးကွယ်ပူဇော်ကြ

ဤအခါ သိကြားမင်းသည် ဝိဇယုတ္တယ ခရဃင်းကိုမှုတ်လျက် ပူဇော်သည်။ ပဉ္စသိခ နတ်သားက ဗေဠုဝစောင်းကိုတီးလျက် သုယာမာ နတ်မင်းက သားမြီး ယပ်ကို ခတ်လျက်၊ သန္ဒုဿိတ နတ်မင်းက ပတ္တမြားယပ်ကိုခတ်လျက်၊ သဟမ္ပတိ ဗြဟ္မာမင်းက ထီးဖြူကိုမိုးလျက်၊ ကာလနဂါးမင်းက နဂါးမကခြေသည် မြောက်မြားစွာနှင့် ခြိုးကျူးထောပနာဂါထာများကို ရွတ်ဆိုရှိခိုးလျက် ပူဇော်နေကြသည်။

ဤသို့လျင် စကြဝဠာ တသောင်းရှိ နတ်ဗြဟ္မာအပေါင်းတို့သည် ပန်းများ၊ အမွှေးနံ့သာများကို ကိုင်ဆောင်ကြကာ ဗောဓိပလ္လင်တွင် ထိုင်နေတော်မူသည့် အလောင်းတော်အရှင်မြတ်ကို ဖူးမြော်ကန်တော့ ပူဇော်နေကြသည်။

## ဘုရားဖြစ်ရန် နာရီပိုင်းအလိုတွင် ကြောက်မက်ဖွယ်မာရ်နတ်စစ်တပ်ကြီး ချီတက်လာ၊ ၄ ပင် ၄ ဘက်ညှပ်တိုက်

အလောင်းတော်မြတ်သည် ဘုရားဖြစ်ရန် နာရီပိုင်းလောက်သာ လိုတော့သည်။ မာရ်နတ်သည် ဘုရားဖြစ်ရန် နီးကပ်နေသည့် အလောင်းတော်မြတ်၏ အခြေအနေကိုသိလေလျှင် မိမိ၏ နတ်စစ်သည် ဗိုလ်ပါများကို အလျင်အမြန် အစည်းအဝေးခေါ်လိုက်သည်။

အခြင်းတို့၊ လက်နက်ကိုယ်စီ ကိုင်ကြ၊ ကြောက်မက်ဖွယ်များကို ဖန်ဆင်းကြ၊ ယခုပင် သိဒ္ဓတ္ထမင်းသားရှိရာသို့အမြန်ခြီတက်ကြ၊ ဤသို့ အရေးတကြီး အမိန့်ပေးလိုက်သည်။

နတ်စစ်သည်များ ရေလှိုင်းကြီးများလို အရှိန်အဟုန်ပြင်းပြင်း ခြိုတက်လာကြသည်။ မာရ်နတ်သည်လည်း လက်နက်အပြည့် ကိုင်ဆောင်ထားသည့် လက်ရုံးတထောင် ဖန်ဆင်းကာ ဂီရိမေခလာ နတ်ဆင်ကြီးကိုစီးလျက် နတ်စစ်တပ်ကြီးနှင့်အတူ ညံသံပေးခြိုတက်လာသည်။

နတ်စစ်တပ်ကြီးသည် မရေတွက်နိုင်အောင်များပြားလှသည်။ မာရ်နတ်၏ရှေ့မှ တဆယ့်နှစ်ယူဇနာ၊ လက်ဝဲလက်ယာဘက်မှ တဆယ့်နှစ်ယူဇနာစီ၊ အထက်တွင် ကိုးယူဇနာ၊ နောက်ပိုင်း၌ စကြာဝဠာတံတိုင်းအထိ ကြီးမားလှသည်။

တပ်ကြီး ခြိုတက်လာတဲ့အခါ ကောင်းကင်တခုလုံး မှောင်ကျသွားသည်။ မြေလျှင်မှာမြည်ဟည်းပြီး သွက်သွက်ခါတုန်လှုပ်လျက်ရှိ၏။ လေပြင်းမုန်တိုင်းကြီးများ မြည်ဟည်းတိုက်ခတ်နေကြသည်။ ကောင်းကင်ကြီးတခုလုံး ဝင်းကနဲလက်ကနဲ တဖျပ်ဖျပ် တောက်ပနေသည်။ ခါင်းပြတ်၊ ကိုယ်ပြတ်ကြီးများ ကြောက်မက်ဖွယ်အသွင်နဲ့ ဟိုဟိုဒီဒီ ပံ့သန်းနေကြသည်။ အလောင်းတော်မြတ် အနားတွင် ဖူးမျှော်ကန်တော့နေကြသည့် နတ်ကောင်းနတ်မြတ်များသည်လည်း ကြောက်အား လန့်အားနှင့် ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွားကြ၏။

စစ်တပ်ကြီးသည် ဘယ်မျှ ကြောက်မက်ဖွယ်ကောင်းသော်လည်း အလောင်းတော်မြတ်ကား မကြောက်ပါ၊ မလန့်ပါ၊ ဆံပင်တချည်မျှ တုန်

လှုပ်ခြင်းမရှိပါ။ မိမိဖြည့်ဆည်းပူးခဲ့တဲ့ ပါရမီတော်များကိုသာ နှလုံးသွင်း ဆင်ခြင်နေတော်မူ၏။

ဖမ်းကြဟေ့၊ ဆီးကြဟေ့ ညံသံပေး ခိုတက်လာတဲ့ မာရ်နတ်သည် ဗောဓိပလ္လင်အနီး ရောက်လျှင် ရှေ့သို့ မတိုးရဲပဲ ရပ်တံ့သွားခဲ့၏။ တဟုန်ထိုး ခိုတက်လာသော နတ်စစ်တပ်ကြီးလည်း ရပ်တံ့သွားတော့သည်။

မာရ်နတ်နှင့် စစ်သည်များသည် အလောင်းတော်မြတ် မတုန်မလှုပ် ရှိနေသည်ကို မြင်လျှင် ရင်ဆိုင်မတိုက်ရဲပဲ ရှိနေကြသည်။ နောက်ဘက်မှ တိုက်ရန်အကြံယူပြီး ဗောဓိပလ္လင် နောက်ဘက်သို့ ခိုဘက်ကြရန် အမိန့်ပေးလိုက်သည်။ အလောင်းတော်မြတ်သည် နောက်သို့ပင် လှည့်မကြည့်ပဲ စစ်တပ်ကြီးကိုကျောပေးကာ ငြိမ်သက်လျက်ပင်။ အလောင်းဘော်၏ နောက်ကျောဘက်သို့ ရောက်နေကြသော်လည်း အနီးသို့ မကပ်ရဲပဲ ရှိနေကြပြန်သည်။

(မှတ်ချက်။ မာရ်နတ်ဆိုသူကား ဝသဝတ္တီနတ်မင်းမဟုတ်၊ ဝသဝတ္တီနတ်ပြည်ရှိ ဆိုးသွမ်းသော တန်ခိုးကြီးနတ်သူပုန်တဦးဖြစ်၏။)

## လေမုန်တိုင်းတိုက်စစ်ဆင်

ဖမ်းမည်၊ ဆီးမည်၊ ခုတ်မည်၊ ထစ်မည် ဆိုသည့် နတ် သူပုန်တပ်ကြီးသည် အလောင်းတော်မြတ်၏ တန်ခိုးတော်ကြောင့် အနီးသို့ပင် မကပ်ရဲပဲ ပြန်ဆုတ်ကြရသည်။

တဖန် မာရ်နတ်သည် လေမုန်တိုင်းကြီး ဖန်ဆင်းပြီးတိုက်ပြန်သည်။ မုန်တိုင်းကြီးသည် ကြောက်ခမန်းလိလိ အရုပ် လေးမျက်နှာမှ မြည်ဟည်း တိုက်ခတ်လာသည်။ လေမုန်တိုင်းကြီး၏ အင်အားသည် သုံးယူဇနာရှိ တောင်ကြီးများကိုပင် ပြိုကွဲပျက်ကျေသွားနိုင်သည်။ မြို့ရွာများကို ကျေမွ ပျက်သုဉ်းသွားနိုင်သည်။ ဤမျှ အင်အားကြီးမားလှတဲ့ လေမုန်တိုင်းကြီးသည့် အလောင်းတော်မြတ်၏ သက်နှံးအနားစွန်းကိုပင် လှုပ်ရှားအောင် မတတ်နိုင်ပဲ ရှိနေပြန်သည်။

## ရေလှိုင်းတိုက်စစ်ဆင်

လေပြင်းမုန်တိုင်းကြီးဖြင့် တိုက်မရပြန်သော အခါ ရေလှိုင်းကြီးဖြင့် မျောပါသွားအောင် ဖန်ဆင်းတိုက်ခိုက်ပြန်သည်။ မိုးကြိုး တရကြမ်း ရွာသွန်းချလိုက်သည်။ အဟုန်ကြီးမားတဲ့ ရေလှိုင်းကြီးသည် ကြောက်မက်ဖွယ် တလိမ့်လိမ့် စီးဆင်းလာသည်။ ယင်း ရေလှိုင်းကြီးသည် အလောင်းတော်မြတ်အနီး ရောက် တဲ့ အခါ သက်နှံးချည်တပင်ကိုမျှ မစွတ်စိုနိုင်ပဲ အလောင်းတော်မြတ်အား ကွင်းရှောင်သွားလေသည်။

## ကျောက်ခဲမိုးတိုက်စစ်ဆင်

ရေလှိုင်းတိုက်စစ် မအောင်မြင် ပြန်သော အခါ ကျောက်တုံးကျောက်ခဲမိုးကြိုး ဖန်ဆင်း ရွာသွန်းချလိုက်ပြန်သည်။ ကောင်းကင်မှ ကျဆင်းလာသည့် ကျောက်တုံးကျောက်ခဲကြီးများသည် အလောင်းတော်မြတ်၏ ကိုယ်ပေါ်သို့ ပန်းပေါက်ပေါက်များအဖြစ် ကြဲပြန့်ရောက်လာကြသည်။

## လက်နှက်မိုးတိုက်စစ်ဆင်

ကျောက်ခဲမိုး တိုက်စစ် မအောင်မြင်သော အခါ လက်နက်မိုး ဆင်နွှဲ တိုက်ခိုက်ပြန်သည်။ ကောင်းကင်ကြီးတခုလုံးမှာ မိုးခိုးမီးလျှံမျှား ပြည့်နှက်လျက်ရှိသည်။ ခဲလုံးစတဲ့ လက်နက် မျိုးစုံမျှား တဖွဲဖွဲ ကျရောက် လာကြသည်။ လက်နက်များသည် အလောင်းတော်မြတ် ကိုယ်တော်သို့ မြက်လေး၊ စံပယ် စတဲ့ ပန်းမျိုးစုံ ပြောင်းလဲကျဆုးရောက်လာကြသည်။

## မိုးကျိုးမိုးကြီးတိုက်စစ်ဆင်

လက်နက်မိုးကြီး မအောင်မြင် ပြန်တဲ့အခါ မီးကျိုးမိုးကြီး ရွာသွန်းချပြန်သည်။ ကောင်းကင်ပြင်မှ တရဲရဲတဖွဲဖွဲ ကျရောက် လာကြသည့် မီးကျိုးမီးခဲများသည် အလောင်းတော်မြတ်ထံ ရောက်တဲ့အခါ ပန်းမျိုးစုံ ဖြစ်သွားကြပြန်သည်။

## ပြာပူမိုးကြီးရွာချပြန်

မီးကျိုး မိုးကြီးနှင့် မအောင်မြင်ပြန်လျှင် ပြာပူမိုးကြီး ရွာချပြန်လာသည်။ ကောင်းကင်ပြင်မှ ပံ့ပဲကျရောက်လာကြတဲ့ ပြာပူများသည် အလောင်းတော်မြတ်ထံ ရောက်တဲ့အခါ စန္ဒကူးမှုန့်များ ဖြစ်သွားကြပြန်သည်။

## သဲပူမိုးကြီးရွာချ

ပြာပူမိုး မအောင်မြင်တဲ့အခါ သဲပူမိုးကြီး ရွာချပြန်သည်။ ကောင်းကင်ပြင်မှ တဖွဲဖွဲ ကျလာကြသည့် သဲပူများသည် အလောင်းတော် မြတ်ထံ ရောက်သောအခါ နတ်မန်းများ ပြန် သွားကြသည်။

## ရွံ့ညွှံမိုးကြီးရွာချ

သဲပူမိုးကြီးနှင့် မအောင်မြင်ပြန်သောအခါ ရွံ့ညွှန်မိုးကြီးရွာချစေပြန်သည်။ ကောင်းကင်မှ ကျရောက် လာ ကြသည့် ရွံ့ ညွှံ များ သည် အလောင်းတော်မြတ်ထံ ရောက်တဲ့အခါ နံ့သာရေ အပြစ်များ ဖြစ်သွားကြသည်။

## မှောင်ကြီးမည်းကြီး

ရွံ့ညွှံ တိုက်စစ် မအောင်မြင်သော အခါ အမှောင်ထုကြီး ဖန်ဆင်း တိုက်ခိုက် ပြန်သည်။ ကောင်းကင်ကြီးတခုလုံး မှောင်မည်းသွားသည်။ ယင်းအမှောင်ထုကြီးသည် အလောင်းတော်အနီး ရောက်လာတဲ့အခါ လင်းရှိ သွားလေသည်။

## စက်လက်နက်ကြီး

ဤသို့ ကြောက်စရာ၊ လန့်စရာ၊ ထိတ်စရာ နည်းမျိုးစုံတို့နှင့် တိုက်သော်လည်း ဘယ်လိုမှ ကိုက်မရပဲဖြစ်နေသည်။ နောက်ဆုံးတွင် အပြင်းထန်ဆုံး စက်လက်နက်နှင့် တိုက်ရန် ဆုံးဖြတ်လိုက်သည်။

စက်လက်နက်၏ အစွမ်းသတ္တိမှာ မြေပြင်သို့ လွှတ်လိုက်လျှင် စက်ရောက်ရှိရာ မြေပြင်တွင် ၁၂-နှစ်ပတ်လုံး မြက်သစ်ပင်များ မပေါက်နိုင်တော့ပါ၊ ကောင်းကင်သို့ လွှတ်လိုက်လျှင် ၁၂-နှစ်တိုပတ်လုံး မိုးမရွာနိုင်တော့ပေ။ မြင့်မိုရ်

တောင်သို့လွှတ်လိုက်လျှင် မြင့်မိုရ်တောင်ကြီးကို ထက်ခြမ်းခွဲပြီး အောက်သို့ ဝင်သွား နိုင်သည်။

ဤမျှ အစွမ်းထက်သည့် စက်လက်နက်ကြီးကို အလောင်းတော်မြတ်၏ ဦးခေါင်းကို ဖြတ်ရန် စေလွှတ် လိုက်သည်။ စက်လက်နက်ကြီးသည် မိုးခြိမ်းသံ ထစ်ချုန်း မြည်ဟိန်းပြီး အလောင်းတော်ရှိရာသို့ တန်းတန်းမတ်မတ်သွားလေသည်။ အလောင်းတော်ထံ ရောက်လျှင် ကြိုးဝိုင်းကြီး ပမာ ခွေလျက်သား ပုံကျ နေတော့သည်။

## ပလွင်ပေါ်မှနှင်ချ

မာရ်နတ်သည် ဘယ်လိုလုပ်ဖို့မှမရတော့တဲ့ အခါ အားမလိုအားမရ ကယောင်ကတန်းနှင့် "အို....သိဒ္ဓတ္ထမင်းသား၊ ဃခုချက်ချင်း ရတနာပလွင်ပေါ်က ဆင်းသွားလော့" ဟု ပြောဆိုကာ တရကြမ်း နှင်ချနေတော့သည်။

## မြေပန်ကို သက်သေပြ

ဒီအခါ အလောင်းတော်မြတ်က ဟယ်.... မာရ်နတ် ဤရတနာပလွင်မြတ်သည် ငါ့အတွက်သာ ဖြစ်ပေါ်လာသည်၊ ဟုတ်မှန်တဲ့အကြောင်း ဤမဟာပထဝီမြေကြီးကို သက်သေပြုပါအုံ ဟု ဆိုကာ သင်္ကန်းဝတ်ရုံတော်အတွင်းမှ ညာဘက်လက်ကိုထုတ်ပြီး မဟာပထဝီမြေကြီးကို လက်ညှိုးညွှန်ပြလျက် ဤရတနာ ပလွင် မြတ်သည် ငါ၏ အတွက် ဖြစ်ပေါ် လာသည် မှန်ပါက ဤမဟာပထဝီမြေကြီးသည် သက်သေ အရာဌ်တည်စေ သတည်း-ဟု သက်သေညွှန်းပြတော်မူလိုက်သည်။

ဒီအခါ မဟာပထဝီမြေကြီးသည် သွက်သွက်ခါအောင်တုန်လှုပ်ပြီး ပြင်းထန်သည့်အသံကြီးကို မြည်ဟည်းပြလိုက်သည်။ မဟာပထဝီ မြေကြီး၏ မြည်ဟည်းသံကြီးနှင့်အတူကောင်းကင် ပြင်ကြီး တခုလုံး တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ထစ်ချုန်း မြည်ဟီးသွားသည်။ တောတောင်ကြီး တခုလုံးသည် တဝေါဝေါနှင့် ကြောက်မက်ဖွယ် အသံကြီးမျာ မြည်ဟည်းသွားကြသည်။ လောကကြီး တခုလုံး တဖြောင်းဖြောင်း တဗျမ်းဗျမ်းနှင့် အသံမစဲ ဖြစ်ပေါ်နေသည်၊ ကောင်းကင် တခုလုံးမှ မီးပေါက်မီးပွားများ တဖွားဖွား ကျနေကြသည်။ မိုးကြိုးများလည်း တဒိုင်းဒိုင်းပစ်လျက် ရှိသည်။

## နတ်စစ်တပ်ကြီး ကြောက်ပျောက်ပျောက်

ဒီအခုခါ မာရ်နတ်သည် ရပ်တည်လို့ မရနိုင်အောင် တုန်တုန်ယင်ယင် ဖြစ်လာပြီး ကြောက်ကြောက်လန့်လန့်နှင့် ဒေါသကြီးကိုလှုံ့ဆော် တပ်ကြီးကိုပင် အသံမပြုနိုင်ပဲ ကြောက်လန့်ပျောက်ကွယ်သွားလေ၏။ နတ်စစ်တပ်ကြီးလည်း ကြောက်ပျောက်ပျောက်ကွယ် ပျောက်သွားလေ၏။

# ဤဘဒ္ဒကမ္ဘာဝယ် လေးဆူမြောက် မြတ်ဗုဒ္ဓ ပွင့်တော်မူပါပြီ

မာရ်နတ်နှင့်နတ်စစ်တပ်သည် တပ်ကြီးရုံးနိမ့်ကွယ်ပျောက်သွားကြပြီး မကြာမီ နတ် ဗြဟ္မာအပေါင်းတို့သည် မာရ်နတ်ရှုံးပြီ မာရ်နတ်ရှုံးပြီ အလောင်းတော် အောင်ပြီ အလောင်းတော် အောင်ပြီဟုခြွေးကြွေကာ အလောင်းတော် မြတ်ထံသို့အလျှိုလျှို ပြန်ရောက် လာကြသည်။

အဲ့ဒလောင်းတော် မြတ်သည် နေမဝင်မီပင် မာရ်နတ်ရန်ကို အောင်တော်မူသည်။ ရန်ပြုသူများ ကင်းရှင်းသွားပြီးနောက် တရားကို ဆက်လက်အားထုတ်တော်မူလေရာ ထိုနေ့ ညဉ့်ဦးယံတွင် ဗုဒ္ဓနိဝါသန္နဿတိ ဝိဇ္ဇာ ဉာဏ်တော်ကို ရရှိတော်မူလေသည်။

တဖန် ဆက်လက် အားထုတ်တော် မူပြန်ရာ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဝိဇ္ဇာဉာဏ်တော်ကို ရရှိတော်မူလေသည်။

တဖန်ဆက်လက်အားထုတ်ပြန်ရာမှီးသောက်ယံ၌ အာသဝက္ခယ ဝိဇ္ဇာ ဉာဏ်တော်ကို ရရှိတော်မူသည်။

ဤသို့ ညဉ့်သုံးယံတွင် ဝိဇ္ဇာဉာဏ်တော် သုံးပါးကို ရရှိတော်မူပြီးမဟာဃနက္ခတ် ၁၀၃-ခု ကဆုန်လပြည့် သောကြာနေ့နံနက် အရုဏ်တက်ချိန်တွင် သုံးလောကထွဋ်ထား သဗ္ဗညု ဘုရား အဖြစ်သို့ ရောက်ရှိတော်မူလေ၏။

## ဤနေရာတွင် မြတ်ဗုဒ္ဓ ပွင့်တော်မူခဲ့သည်



ပုံမှာ—ဘုရား ပွင့်ခဲ့တော်မူခဲ့ရာ ဗောဓိပင်နှင့်ပလ္လင်တော်နေရာဖြစ်သည်။ အိန္ဒိယပြည်ဗိဟာပြည်နယ် (ဘုန်းအခြေစိုက် မဂဓတိုင်း) အဘွင်းရှိ ဂယာမြို့မှ ၇-မိုင်ကွာ ဗုဒ္ဓဂဏာအရပ်၌ရှိသည်။ ပုံ၌ မြင်ရသည့် ဗောဓိပင်မှာ မူလဗောဓိ ညောင်ဧကာ၏ မျိုးဆက်ဖြစ်သည်။ ပလ္လင်တော်မှာ ယင်းဗောဓိညောင်ပင်နှင့်ကပ်လျက်ရှိသည်။ အလျား ၇-ပေ၊ အနံ ၄-ပေ ၁၀-လက်မ၊ အမြင့် ၃-ပေခန့်သည်။ ကျောက်တုံးဖြင့် ထွင်းဆစ်သဖွယ်အဆိမ်းအနှတ်ပုံဖြစ်၏။ဗိဟာပြည်နယ်၏မြို့တော်မှာ ပတ္တနာ၊(ပါဋလိပုတ်)မြို့ဖြစ်၏။

# လေးဆယ့်ကိုးရက်ပတ်လုံး ၇-နေရာ၌ ၇-ရက်စီစံတော်မူ

## ၁။ ပလွှက်သင်္ဘောဟာ

ကဆုန်လပြည့် သောကြာနေ့ အရုဏ်တက် ချိန်တွင် ဘုရားအဖြစ်သို့ ရောက်တော် မူခဲ့ပြီး ဗလွင်တော်ပေါ်မှ ဆေးသေးပဲ့ ဤလွင်တော်သည် ငါ၏ဘုရားဖြစ်မှုအတွက် အလွန် ကျေးဇူးများလှသည်-ဟုဆင်ခြင်တော်မူလျက် အရပ်တို့တွင် ဖိုလ် စျာန်သမာပတ်ဖြင့် ၇-ရက်တိတိလုံးသီတင်းသုံးတော်မူသည်။

## ၂။ အနိမိသသင်္ဘောဟာ

ခုနစ်ရက်ပြည့်တဲ့အခါ ဗလွင်တော်မှ ဆင်းသက်ပြီး ဗလွင်တော်၏ကျေးဇူးတော်ကိုပင် ဆင်ခြင်တော်မူလျက် ဗလွင်တော်မှ မလှမ်း မကမ်း အရှေ့မြောက်အရပ်မှ ရပ်ကာ ဗလွင်တော်နှင့် ဗောဓိပင်ကို မျက်စိမှိတ်ပဲ့ ခုနစ်ရက် ပတ်လုံး စေ့စေ့ကြည့် သီတင်းသုံးတော်မူသည်။

ဤနေရာ၌ အနိမိသသင်္ဘောဟု စံတော်မူခဲ့သည်



ဤစေတီဝန်းနေရာ၌ ရပ်ဝေဒမူလျက် ဗောဓိပင်နှင့် ရွှေပလွင်ကို မမှိတ်ဆေးမျက်စိဖြင့် ရှုကြည့်တော်မူဂ. ၁ (၇)ရက် ပတ်လုံး သီတင်းသုံးတော်မူသည်။

## ၃။ စက်မသတ္တာ

၇ ရက်ပြည့်တဲ့အခါ ဆက်လက်ပြီး ဗေဒါဓိ ရတနာစင်္ကြံ လမ်းပေါ်တွင် ၄ ရက်ပတ်လုံး ပလ္လင်တော်၏အနီး နတ်မျိုး ဖန်ဆင်းထားတဲ့ စင်္ကြံ လျှောက်ယင်း သီတင်းသုံးတော်မူသည်။

### ဤနေရာ၌ စက်မသတ္တာဟု စံတော်မူခဲ့သည်



ဤဒုသည် ရတနာ စင်္ကြံသတ္တာဟု စံတော်မူခဲ့သော နေရာဖြစ်သည်။ ဗောဓိပင်၏ မလှမ်းမကမ်းဦးပင်ရှိ၏။ အရှေ့ အနောက် အလျား ၆၀-ပေ၊ အနံ-၄ပေ၊ အမြင့် ၃-၁၀ ရှိသော စင်္ကြံလမ်း တခုကို ရတနာစင်္ကြံ အထိမ်းအမှတ် အဖြစ် ပြုလုပ်ထားသည်။ ယင်းဒုတ်ခုံပေါ်မှာ ခြေတော်ရာအဖြစ် ကြာပွင့် ၁၉ ပွင့် ပြုလုပ်ထား၏သည်။ စင်္ကြံ၏ မြောက်ဖက် ကပ်လျက် အရှေ့အနောက် တန်းလျက်ရှိသော တိုင်ဒုတ်များမှာ ယခင်က စင်္ကြံတော် အမိုး၏ တိုင်ဒုတ်များ ဖြစ်ကြသည်။

# ၄။ ရတနာဃရ သတ္တာဟ

စက်မသတ္တာဟဥ်ခုနစ်ရက် သီတင်းသုံးတော်မူပြီးနောက် ဆက်လက်၍ နတ်များဖန်ဆင်းထားသည့်ရတနာဃရရွှေအိမ်တော်၌ အဘိဓမ္မာပိဋကတော်ကို ဆင်ခြင်လျက် ခုနှစ်ရက်ပတ်လုံး သီတင်းသုံးတော်မူသည်။

အဘိဓမ္မာ ၇-ကျမ်းရှိသည့်အနက် နောက်ဆုံး ဖြစ်သည့် ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်သောအခါ ပဋ္ဌာန်းကျမ်းကြီးသည် အလွန်နက်နဲသဖြောင့် ကိုယ်တော်မှ ရောင်ခြည်တော်များ ထွက်ပေါ် ကွန့်မြူးနေကြသည်။

ဤနေရာ၌ ရတနာဃရသတ္တာဟ စံတော်မူခဲ့သည်



ပုံသည် ရတနာဃရ သတ္တာဟ စံတော်မူခဲ့သည့် နေရာဖြစ်သည်။ ဗောဓိပင်မှ ပေ ၃၀၀ ခန့် ကွာဝေးသည်။ မြင်ရသော ပုံမှာ အမိုးမရှိ အုတ်နံရံသာရှိသော အုတ်တိုက်ငယ် တခု ဖြစ်သည်။ (၁၄ ပေ × ၁၀ ပေ) ခန့် ကျယ်သည်။ အဝင်တံခါးပေါက်သည်။ မြောက်ဘက်၌ရှိသည်။ အတွင်း၌ ဘုရားလောင်း ရုပ်ထု ရှိသည်။

## ၅။ အဇပါလသတ္တာဟ

ရုတနာဃရရွေအိမ်တော်၌ ၇ ရက် သီတင်း သုံးတော်မူပြီးနောက်၊ မဟာဗောဓိ၏ အရှေ့ အရပ် ဆိတ်ကျောင်း ညောင်ပင်အောက်၌ ၇ ရက်ပတ်လုံး ဆက်လက် သီတင်းသုံးတော်မူသည်။

ဤနေရာ၌ အဇပါလသတ္တာဟ စံတော်မူခဲ့သည်



ပုံမှာ ဆိတ်ကျောင်း ညောင်ပင်၌ သတ္တာဟ စံတော်မူခဲ့သော နေရာဖြစ်သည်။ ယခုအခါ ဆိပ်ကျောင်း ညောင်ပင် မရှိတော့ချေ။ ထိုနေရာ အထိမ်းအမှတ်အဖြစ် အာသောက မင်းကြီး စိုက်ထူထားခဲ့သည့် ကျောက်တိုင်တစ်ရှိသည်။ ကျောက်တိုင်မှာ ကျိုးနေသည်။ ၁၂-ပေ ခန့်သာ မြင့်တော့သည်။ ဗောဓိပင်နှင့် ပေ ၂၀၀ ခန့် အကွာ၌ ရှိသည်။

# တဏှာ အရတီ ရဂါ

ဆိတ်ကျောင်းညောင်ပင်၌ သတ္တဝါဟစ်နေ့ တော်မူစဉ် မာရ်နတ်၏သမီးမျာ: လာရောက် နှောက်ယှက်ကြပြန်သည်။

တဏှာ၊ အရတီ၊ ရဂါ အမည်ရှိကြတဲ့ မာရ်နတ်၏ သမီးသုံးဆောင်တို့သည် ဖခင် မာရ်နတ် အရေးရှုံးနိမ့်ရသည်ကို မကျေမနပ် ဖြစ်နေကြ၏။ ဘုရားရှင်ကို ရာဂနှင့်ဖျား:ယောင်း ဖျက်ဆီးရန် တိုင်ပင်ကြသည်။

ဒီအကြောင်းကို ဖခင်မာရ်နတ်အား: တိုင်ပင်ကြတဲ့အခါ မာရ်နတ်ကသဘောမတူ။ သို့သော် ဇွတ်အတင်း ဘုရားရှင်ထံသို့ သွား:ရောက်ကြသည်။ အရှင်ရဟန်း၊ ကျွန်ုပ်တို့သည် အရှင့်ထံမှာ အလုပ်အကျွေး:ပြု နေလိုပါသည်ဟု ဘုရားရှင်အား: ခွင့်တော:ငြား:ကြသည်။

ဘုရားရှင်သည် စကား:ဆိုတော်မူပဲ မိမိတရာကိုသာ နှလုံးသွင်း နေတော်မူသည်။ နတ်သမီးမျာ:သည် မိန်းမတို့၏ မာယာဖြင့် အမျိုးမျိုးဖြား:ယောင်း:ကြသော်လည်း ဘုရားရှင်က နတ်သမီးတို့ သွား:ကြလေလော့၊ ဤလို ဖြား:ယောင်းမှုမျာ:သည် ရာဂ၊ ဒေါသ၊ မောဟ၊ မကောင်းသော သူမျာ: အတွက်သာ ဖြစ်သည်။ ငါကား: ရာဂ၊ ဒေါသ၊ မောဟ တရား:မျာ:ကို ပယ်သတ်ပြီး:လေပြီဟု မိန့်ဆိုတော်မူ၏။ ထိုအခါ နတ်သမီး:မျာ:သည် ကြံရာမရဖြစ်ခါ ကွယ်ပျောက်သွား:ကြလေ၏။

## ၆။ မုစလိန္ဒာသတ္တဝါဟ

ဆိုတ်ကျောင်း ညောင်မင်တွင် ၇ ရက် သီတင်း:သုံး:တော်မူပြီး:နောက် ဆက် လက် ၍ မဟာဗောဓိအရှေ့တော:ဘက်ရှိ မုစလိန္ဒာအိုင်အနီး: ကျည်း:ပင်ရင်း၌ ၇ ရက် ဆက်လက် သီတင်း:သုံး:တော်မူသည်။



## မုစလိန္ဒအိုင်

ပုံမှာ ဘုရားရှင် သတ္တဝါဟစ်, တော်မူ ခဲ့သည့် ကျည်း:ပင် အနီး:ရှိ မုစလိန္ဒ၊အိုင်ဖြစ်သည်။ ကျည်းပင်ကို မုစလိန္ဒဟု ခေါ်သည်။ ယခု ထိုအိုင်ကို မုစရိန်ဟု ခေါ်ဆိုကြသည်။ ဗောဓိပင်နှင့် တမိုင်ခန့် အကွာတွင် ရှိသည်။

## နဂါးပလ္လင်ပေါ်ဝယ်

ထိုအချိန်တွင် အခါမဟုတ် မိုးကြီး သည်း ထန်စွာ ရွာသွန်းလာသည်။ မုဇလိန္ဒာနဂါးမင်း သည် မိမိပိုင်နက်အတွင်း ဘုရားရှင် ရောက်နေ သည်ကိုသိ၍ ဘုရား ရှင်ထံရောက်လာပြီး ဘုရား ရှင်အား မိုးမစိုစေရန် အခွေ ၇ ခွေ ဆင့်ခွေပြီး အလယ်၌ ငလွင်ဖန်ဆင်းခါ ဘုရားရှင်အား သီတင်းသုံးစေတော်မူသည်။ အထက်မှ ပါးပြင်း ကြီးဖြင့် ဖုံးအုပ်ကာ မိုးရေ မိုးပေါက်များက် ကာကွယ်ထား၏ နဂါးမင်းကြီးသည် မိမိတံခိုး ဖြင့် ပြဿဒ်ကျောင်းတော်ကြီး ဖန်ဆင်းပေး နိုင်သောအစွမ်းသတ္တိရှိသူဖြစ်၏။ သို့သော်လည်း မိမိခန္ဓာကိုယ်ဖြင့် ရံခိုးနှိုးရတဲ့ ကုသိုလ်ကောင်မှု ကိုသာ လိုလားသောကြောင့် ယခုလို အခွေ ပါးပြင်းမိုးပြိုး ဘုရားရှင်အား ပူဇော်ခြင်း ဖြစ်၏။

### ၇။ ရာဇာယတနသစ္စာဟ

မုစလိန္ဒာအိုင် ကျည်းပင်ရင်း၌ ၇ ရက် သီဘင်းသုံးတော်မူပြီးနောက်၊ မဟာဗောဓိ၏ တောင်မျက်နှာအရပ်ရှိ ရာဇာယတန ခေါ် လင်းလွန်းပင်ရင်း၌ ၇ ရက် ဆက်လက်သီတင်း သုံးတော်မူသည်။

လင်းလွန်းပင် နေရာ

ပုံမှာ ဘုရားရှင် သတ္တာဘ စံဟော်မူခဲ့သော လင်းလွန်းပင် ဒနရာဖြစ်သည်။ လင်းလွန်းပင်ကို ရာဇာယတန ဟု ခေါ်သည်။ ထိုနေရာတွင် အထိမ်းအမှတ်အဖြစ် အုတ်တိုင်ငယ်တခုရှိသည်။ ပုံတွင်မြင်ရသည့် အုတ်ခုံမှာ ၄-ပေခန့်မြင့်၍ အုတ်နံရံမှာ ၃-ပေခန့် မြင့်သည်။ ၅-ပေခန့် ကျယ်ဝန်း၍ အမိုးမရှိ။ ထို အုတ်တိုက်ငယ်၏ အနောက်ဘက်၌ ကပ်လျက် မြန်မာနိုင်ငံမှ ဗိုလ်မှူးကြီး လှအောင် စိုက်ပျိုးထားခဲ့သည့် လင်းလွန်းပင် တပင်ကို တွေ့ရသည်။

ရှေးသရောအခါက မြန်မာနိုင်ငံ ဥက္ကလာပမြို့မှ လှည်းကုန်သည် တပုဿနှင့် ဘလ္လိက တို့သည် ဘုရားရှင်အား ပေါက်ပေါက်ဆုပ် မုန့်များကို ဤနေရာ၌ ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

# တရားရတနာ ပေါ်ထွန်းလာ

ဘုရားရှင်သည် ဗောဓိပလ္လင်တော်၌ ဆက်လက် သီတင်းသုံးတော်မူခဲ့သည်။ ၂-လတာမျှ ကြာလျှင် ဝါဆို လပြည့်နေ့သို့ ရောက်လာသည်။

အား တရားဟောရန် ဗာရာဏသီရှိ မိဂဒါဝုန်တောသို့ ကြွတော်မူသည်။

## ဓမ္မစကြာတရားဦး

ရောက်လျှင် ရဿေကြီးများက ခရီးဦးကြိုပြု ညှဉ်ခဲ့ကြသည်။ ရဿေကြီးများနှင့် အလွှာပသလွှာပများ နှုတ်ခွန်းဆက် ပြောဆိုပြီး မိမိဿည်ယခုအခါတွင် ဘုရားအဖြစ်သို့ရောက်ခဲ့ပြီ ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ရဿေကြီးများသည် ဘုရားရှင်အား သဒ္ဓါကြည်ညိုစိတ်များဖြစ်ပေါ်လာကြသည်။ ထိုအခါ ရဿေကြီးများအား ဓမ္မစကြာ တရားဦးကို ဟောတော် မူလေ၏။

## မိဂဒါဝုန်သို့

အလောင်းတော်ဘဝ တရားကျင့်စဉ်က မိမိအား ဝတ်ကြီးဝတ်ငယ် ပြုခဲ့ကြသည့် ရဿေယောဂိကြီးငါးဦးကို ဆင်ခြင်တော်မူသည်။

ရဿေကြီးငါးဦးသည် တပေါင်းတစုတည်း အတူစုပေါင်း တရား အားထုတ် နေကြသောကြောင့် ယင်းတို့အား ပဉ္စဝဂ္ဂီဟုခေါ်တွင်သည်။ ဝါဆိုလပြည့်နေ့တွင် ရဿေ ယောဂိကြီးများ

## သီဃာရတနာ ပေါ်ထွန်းလာ

တရားတော်မြတ် အဆုံးတွင် ရဿေကြီးငါးဦးအနက် ကောဏ္ဍညမည်သောရဿေသည် သောတာပန်အဖြစ်သို့ ရောက်ရှိလေ၏။ သာသနာတော်တွင် ပထမဦးဆုံး သောတာပန်ဖြစ်၏။ ကောဏ္ဍညရဿေကား သိဒ္ဓတ္ထ မင်းသားငယ်၏ ခေါင်းဆေးမင်္ဂလာ နိမိတ်ဖတ်စဉ်အခါက ဤသူငယ်သည် ဘုရားစင်စစ် ကောန် ဖြစ်မည်ဟု တခွန်းတည်းသာ ရဲရဲဝံ့ဝံ့ နိမိတ်ဟောကြား ခဲ့သော ပုဏ္ဏား ရှစ်ဦး အနက် အငယ်ဆုံး ကောဏ္ဍညပုဏ္ဏားပညာရှိဖြစ်သည်။

## ရဟန်း ဘုဖြစ်သို့

ကောဏ္ဍညရဿေသည် သောတာပန်တရားထူးရရှိလာသောအခါ မိမိအား ရဟန်းပြုပေးပါရန် ဘုရားရှင်အား လျှောက်ထားသည်။

တိုအခါ ဘုရားရှင်သည် ဟိတို့ကို့ဖြစ်ထိုက်သည့် ပဒေသရာမိ ရှိသူ ဖြစ်သည်ကို သဲတော်မူ၍ လာယာလာတော်ကိုဆန့်တန်းကာ-

ဟိတိကို့သွက္ခာတော မမြော စရ ပြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တ ကိရိယာ ယ-ဟု နှုတ်တော်ဖြင့်မိန့်ဟာတော်မူလိုက်သည်နှင့် တ ပြိုင်နက် ကောလ္လာညရသေ့သည်ရသေ့ အသွင်ပျောက်ပြီး သပိတ် ပရိက္ခာရာ လွယ်လျက် ရဟန်းအသွင်သို့ ပြောင်းသွားလေ၏။

နောက်တနေ့တွင် ဝပ္ပမည်သောရသေ့သည် ဘုရား တရားတော်ကို ကြားနာရပြီး တရားအား ထုတ်ရာ သောတာပန်ဖြစ်လာလေ၏။ ဝပ္ပရသေ့ကိုးသည်း ကောလ္လာညကဲ့သို့ ဟိတိကို့ ရဟန်း ပြုပေးတော်မူ၏။

နောက်တနေ့တွင် ဘဒ္ဒိယရသေ့၊ နောက်တနေ့တွင် မဟာနာမရသေ့၊ နောက်ဆုံး ငါး ရက်ခြမ်ာက် နေ့တွင် အဿဇိရသေ့၊ ဤသို့ ကျန်ရှိသေ့လေးဦးတို့သည် ဘုရား တရားတော်ကို ကြားနာကြရပြီး တနေ့စီ အစဉ်အတိုင်း သောတာပန် အဖြစ်သို့ ရောက်ရှိကြပြီး ဟိတိကို့ရဟန်းတော်များ အသွင်သို့ ပြောင်းသွားခဲ့ကြသည်။ သာသနာတော်တွင် ပထမဦးဆုံး သံဃာရတနာငါးပါး ပေါ်ထွန်းလာခဲ့သည်။

## အနတ္တ လက္ခဏသုတ်

ဆက်လက်၍ အနတ္တလက္ခဏ သုတ်တော်ကို ဟောတော်မူလေရာ ပဉ္စဝဂ္ဂီငါးဦးစလုံး ရဟန္တာ အဖြစ်သို့ ရောက်ရှိကြပြီး သာသနာတော်တွင် ပထမဦးဆုံး လူရဟန္တာငါးပါး ပေါ်ထွန်းလာခဲ့သည်။

ဤမျှမြော်ကြာ တရားကို နာရခြင်းကြောင့် ပဉ္စဝဂ္ဂီငါးဦးနှင့် ကာဠီအမျိုးသမီးတို့ သောတာပန်ပန်တည်ကြသည်။ ပြဟ္မာပေါင်း ၁၈-ကုဋေ အရိယာဖြစ်ကုန်သည်၊ နတ်တွေကတော့ မရေမတွက် နိုင်အောင် တရားထူး ရကုန်သည်။ (မိလိန္ဒပဉ္ဉာ-၃၃၁)

## ကာဠီ အမျိုးသမီး

သာဝတ္ထိရိ နတ်စစ်သူကြီးသည် မိဂဒါဝုန် တော၌ မမ္မစကြာ တရားကို နာရသော်လည်း တရားပွဲမှာ သူ့မိတ်ဆွေကြီး ဟေမဝတ နတ်စစ်သူကြီးပါ-မပါ စူးစမ်း ရှာဖွေပြီး စိတ်ဗျာပါရမျှားနေသောကြောင့် စိတ်ညစ်စရာမြင်မှု မရှိနိုင်သဖြင့် ဘရားတူးမရလိုက်ပေ။

တရားပွဲပြီးဆုံး၍ ဟေမဝတရှိရာဟိမဝန္တာသို့ သတင်းစကား ပြောကြားရန် မိမိပရိသတ်နှင့် တကွ မိဂဒါဝုန်တောမှထွက်ခဲ့သည်၊ ဟေမဝတ နတ်ဂေလည်း ဟိမဝန္တာတောမှ ပန်းမျိုးစုံပွင့် နေသဖြင့် အလွန် ထူးဆန်းသောကြောင့် သူ့မိတ်ဆွေ သာဘာဂိရိထံ မိမိပရိသတ်နှင့် ဇာကွဟိမဝန္တာမှ ထွက်ခဲ့သည်။

နတ်စစ်သူကြီး နှစ်ဦးတို့သည် ရာဇဂြိုဟ် မြို့ပေါ်မှာ ဆုံမိကြစဉ် မိမိတို့ လာခဲ့ရသော အကြောင်းကို အချင်းချင်း ပြောဆို နေကြလေသည်။ ကာဠီအမျိုးသမီးသည် အလွန်ပူအိုက်လှသဖြင့် ပြတင်းပေါက်ဖွင့်ပြီး လေညှင်း ခံနေစဉ် ကောင်းကင်မှ နတ် စစ်သူကြီး ၂-ဦးတို့၏ အချင်းချင်းပြောဆိုသံကို အထူး အာရုံ ယူပြီး နားထောင်နေစဉ် ဘုရားပွင့်ပြီဟူသောအသံနှင့် မမ္မစကြာ ဟောပုံတို့ကို အကျယ်တဝင့် နာရသောကြောင့် ပိတိပသဒ္ဓိတရားများ အဆင့်ဆင့် ပေါ်လာပြီး သောတာပန်အရိယာမဖြစ်သွားရလေသည်။ ထို့ကြောင့် ဤလောကဌ္ဌ လူအရိယာ(၆)ဦးရှိနေပြီဖြစ်ပါသည်။

## ဓမ္မစကြာနှင့်အနတ္တလက္ခဏာသုတ်ဟောရာ....



ပုံမှာ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်တော် ဟောတော်မူသည့်နေရာဖြစ်သည်။ ဗာရာဏသီ မြို့မှဖြ-မိုဂ်ကွာ မိဂဒါဝုန် အရပ်၌ရှိသည်။ ကလကတ္တားမှ ဗာရာဏသီမြို့သို့ ရထား၊ ကား၊ လေယာဉ် တို့ဖြင့် လာနိုင်သည်။

## နောက်ထပ်သံဃာရတနာတပါး ပေါ်ထွန်းလာ

ပဉ္စဝဂ္ဂီသံဃာတော် ငါးပါး ပေါ်ထွန်းခဲ့ပြီး နောက်၊ သံဃာတော်တပါး ပေါ်ထွန်းလာပြန်သည်။

သည် အခြေအရံများစွာနှင့် တလျှည့်စီ သင်္ဃေးစည်းစိမ်ကို ခံစား စံစားလျက်ရှိသည်။

## ဃနာနိုဆွမ်း အလှူရှင် သုဇာတာ၏သား အရှင်ယသ

နောက်ထပ် ပေါ်ထွန်းလာသော သံဃာတော်သည် ဘုရား အလောင်းတော် မြတ်အား ဃနာနိုဆွမ်း ကပ်လှူခဲ့သည့် သုဇာတာ၏သား ယသဖြစ်သည်။

ယသ သင်္ဃေးသားသည် နွေ၊ မိုး၊ ဆောင်း စံပြီသဒ် သုံးဆောင်တွင် မောင်းမ ကချေ ဝေးဒုက္ခတွေနဲ့ တွေ့နေပါပြီ တကား

တနေ့တွင် ယသ သင်္ဃေးသားသည် အိပ်ယာမှ စောစောထလေရာ ကချေသည်မ များ ဖယိုဖရဲ အိပ်မော ကျနေ ကြသည်ကို တွေ့ရသည်။ အချို့က ဟောက်လျက်၊ အချို့က ပါးစပ်က သွားရေများယိုကျလျက်၊ အချို့က ဆံပင်ဖယိုဖရဲနှင့် ဗုံများခေါင်းအုံးပြီး အိပ်ပျော်နေကြပုံ အမျိုးမျိုးကို တွေ့မြင်လေသည်။ သင်္ဃေးသား၏

စိတ်တွင် သုသခန်ကြီးသဖွယ် ထင်မြင်ပြီး သတိသံဝေဂဖြစ်လာကာ၊ အင်း--ဘေးဒုက္ခတွေနဲ့တွေ့နေရပေါ့တကား၊ဘေးဒုက္ခတွေ-ဘေးဒုက္ခတွေ-ဟု ဗါးစပ်က ညည်းတွားလိုက်သည်။

## ဘေးလွတ်ရာတိမ်းရှောင်

ဤသို့ သတိသံဝေဂရပြီး မည်သူ့ကိုမှအသိမပေးပဲ မိုးမလင်းမီ အိမ်မှထွက်ခွာလာခဲ့သည်။ မိဂဒါဝုန် တောဆီသို့ ဦးဘည် လျှောက်လာခဲ့သည်။ ထိုအချိန်တွင် ဘုရားရှင်သည် မိဂဒါဝုန်တောမှာ သီတင်းသုံးလျက်ရှိသည်။ နံနက် စောစော လှမ်းလျှောက်နေစဉ် ယဿ သဋ္ဌေးသား သည် ဘုရားရှင်၏ အနီးသို့ ရောက်လာခဲ့သည်။ ဘေးတွေ့နေပါပြီ၊ ဘေးတွေ့နေပါပြီ-ဗါးစပ်က ညည်းတွားယင်း လျှောက်လာသည်။

ဘုရားရှင်က-ငါသိသားသည့် နိဗ္ဗာန်သည် ဘေးကင်း၏။ဘေးဒုက္ခအပေါင်းမှ လွတ်မြောက်နိုင်၏။ ချစ်သားလာပါ ထိုင်ပါ၊ နိဗ္ဗာန်ရောက်ကြောင်းတရားကို ငါ ဟောပါအုံ....ယဿသည် ဘုရားရှင်ကို မြင်လျှင် ယုံကြည်စိတ်၊ အားကိုးလိုစိတ်များ ဖြစ်လာသည်။ ဖိနပ်ကို ချွတ်ကာ ဘုရားရှင်၏အနီးဌ အရိုအသေပြု ထိုင်လေ၏။

## ဘေးဒုက္ခမှ လွတ်လေပြီ

ဘုရားရှင်သည် ယဿအား ဒါနကထာ၊ သီလကထာ စသော အနုပုဗ္ဗိကထာ ဒေသနာတော်များကို ဟောကြားတော်မူလေရာ ယဿ သဋ္ဌေးသားသည် တရားအာရုံ၌ညွတ်ကာ စိတ်များ ကြည်လင်လာလေသည်။ ထိုအခါ ဘုရားရှင်သည် သစ္စာလေးပါး တရားတော်များကို ဆက်လက် ဟောကြားတော်မူလေလျှင် ယဿသည် သောတာပန်အဖြစ်သို့ ရောက်ရှိခဲ့လေ၏။ ထိုနောက် တရားတော်များကို ဆက်လက်နာယူလေရာ တထိုင်တည်းနှင့်ပင် ရဟန္တာ အဖြစ်သို့ ရောက်ရှိခဲ့သည်။

## သံဃာရတနာ ဖြစ်ပေါ်း

ရဟန္တာဖြစ်ပြီးနောက် မိမိအား ရဟန်းပြုပေးပါရန် ဘုရားရှင်အား တောင်းပန်သည်။ ဘုရားရှင်သည် ပဉ္စဝဂ္ဂီရဟန်းတော်များနည်းတူ ဧဟိဘိက္ခု ရဟန်းပြု ဖြစ်တော်မူသည်းတွင် တခဏချင်း လူအသွင်ပျောက် ယသကိုယ်တော်အသွင်သို့ရောက်လာခဲ့သည်။ ဤတွင် သာသနာတော်မှာ ပဉ္စဝဂ္ဂီရဟန်းတော်ငါးပါးနှင့် ယသကိုယ်တော်ပါ သံဃာတော်ခြောက်ပါး ဖြစ်လာခဲ့သည်။

## နှောက်ထပ် ၄ ပါး တိုးလာပြန်

ယဿ ရဟန်းပြုသွားပြီဆိုသည့် သတင်းကို သူ၏သူငယ်ချင်း သဋ္ဌေးသားလေးဦး ကြားသိသွားကြသည်။ သဋ္ဌေးသားများသည် ယသကိုယ်တော်ထံသို့ အပြေးအလွှား ရောက်လာကြသည်။ ကိုယ်ခတော်သည် သူငယ်ချင်းများနှင့် အလွှာပ သလွှာပ ပြောဆို နှုတ်ဆက်ပြီးနောက် သဋ္ဌေးသားလေးဦးကို ဘုရားရှင်ထံသို့ ခေါ်ဆောင်သွားခဲ့သည်။အရှင်ဘုရား ဤသူငယ်များအား တရား ဓမ္မဖြင့် ဟောကြားဆုံးမတော်မူပါဘုရားဟု လျှောက်ထားလေ၏။

ဘုရားရှင်သည် သင်္ဃေးဆဒးလေးဦးအား တရားဓမ္မများ ဟောကြားပြသဆုံးမတော်မူလေလျှင် သင်္ဃေးသားလေးဦးသည် ယသနည်းတူ တထိုင်တည်းနှင့် ရဟန္တာအဖြစ်သို့ ရောက်လာကြသည်။ ရဟန္တာဖြစ်လာကြပြီးနောက် မိမိတို့အားလည်း ရဟန်းပြု ပေးတော်မူပါရန် တောင်းပန်ကြသဖြင့် ဘုရားရှင်က ယသနည်းတူ တန်ခိုးတော်ဖြင့် ဟေဘိက္ခုရဟန်း ပြုတော်မူသည်။ ဤတွင် သာသနာတော်၌ သင်္ဃေးသား ရဟန်းတော်လေးပါးအပါအဝင် သံဃာရတနာဆယ်ပါး ပေါ်ထွန်းလာခဲ့သည်။

## နောက်ထပ် ၅၀ တိုးလာပြန်

တောရွာရှိ ယသ၏သူငယ်ချင်း ဂါးဆယ်တို့ကလည်း သဘင်းကြခးကြသဖြင့် ယသ ကိုယ်တော်ထံ ရောက်လာကြပြန်သည်။ ဤသူငယ်ချင်းများကိုလည်း ဘုရားရှင်ထံသို့ ပို့ပေးပြန်သည်။

ဘုရားရှင်ထံရောက်ကြလျှင် တရားတော်များနာကြားရ၍ သောတာပန်များ ဖြစ်သွားကြလေသည်။ သောတာပန်ဘဝသို့ ရောက်လာကြပြီးနောက် ရဟန်းအဖြစ်ကို တောင်းပန်ကြသဖြင့် ဘုရားရှင်က တန်ခိုးတော်ဖြင့် ဟိဘိက္ခုရဟန်း ပြုပေးတော်မူသည်။ ရဟန်းပြုကြပြီး မကြာမြင့်မီပင် ရဟန္တာများ ဖြစ်လာကြလေ၏။ ဤဘွဲ့ သံဃာတော်မှာ နောက်ထပ်တိုးလာသည့် ရဟန်းတော်ဂါးဆယ်အပါအဝင် သံဃာရတနာ အပါးခြောက်ဆယ် ပေါ်ထွန်းလာခဲ့သည်။ ခြောက်ဆယ်လုံးပင် ရဟန္တာချည်း ဖြစ်ကြသည်။

## ဗုဒ္ဓသာသနာပြုလုပ်ငန်းကြီး စတင်ပေါ်ပေါက်လာ

ရဟန်းတို့....

လောကမှာ ကိလေသာ မြူညစ်ကင်းသည့် ပညာမျက်စိ အမြင်ရှိကြသူများ များစွာ ရှိကြသည်၊ သူတို့သည် တရားတော်ကို မနာကြားရပါက မင်္ဂလာ၊ ဖိုလ်၊ နိဗ္ဗာန်မှန်စွာဆုံးရှုံးကြရတော့မည်။ စ-သယ်-ဆုံး ကောင်းခြင်းအင်္ဂါနှင့် ပြည့်စုံသည့် တရားတော်မြတ်ကို ဟောကြားကြကုန်လော့။

### ရဟန်းတော် ၆၀ အား သာသနာပြုစေလွှတ်တော်မူသည်

ဝါတွင်းခြိန်ခါ ရောက်လာပြီဖြစ်၍ ဘုရားရှင်သည် မိဂဒါဝုန်ဘောဂ် ဝါကပ်သီတင်းသုံးတော်မူသည်။ သီတင်းဝါလ ကျွတ်လာသော အခါ ရဟန်းတော်ခြောက်ဆယ်ကို ခေါ်တော်မူပြီးလျှင်-

ရဟန်းတို့-

ငါဘုရားသည် ကိလေသာ ကျော့ကွင်းမှ လွတ်မြောက်ခဲ့ပေပြီ။

သင်တို့လည်း ကိလေသာ ကျော့ကွင်းမှ လွတ်မြောက်ကြလေပြီ။

သင်တို့သည် သတ္တဝါများ ကောင်းကျိုး ချမ်းသာအတွက် အရပ်ရစ်မျက်နှာသို့ ဒေသစာရီခရီးလှည့်သည်ကြလေတော့။

သို့လှည့်လည်ကြရာတွင် ခရီးလမ်းကြောင်းတခုတည်း၌ နှစ်ပါးပေါင်းရှိမသွားကြကုန်လင့်။

သင်တို့သည် အစ-အလယ်-အဆုံး ကောင်းခြင်း အင်္ဂါနှင့် ပြည့်စုံသည့် တရားတော်မြတ်ကို ဟောကြားကြကုန်လော့။

သာသနာတော်၏ သီလ၊ သမာဓိ၊ ပညာ၊ အကျင့်မြတ်တို့ကို နတ်လူတို့အား ထင်ရှားအောင် ပြကြကုန်လော့။

လောကမှာ ကိလေသာ မြူညစ်ကင်းသည့် ပညာမျက်စိရှိကြသူများ များစွာရှိကြပေသည်။

သူတို့သည် တရားတော်မြတ်ကို မနာကြားရပါက မင်္ဂ-ဖိုလ်-နိဗ္ဗာန်မှ နစ်နာ ဆုံးရှုံးကြရပေတော့မည်။

တရားတော်၏ သဘော သဘာဝများကို နားလည်သဘောပေါက်ကြသည့် နတ်လူများစွာ ပေါ်ပေါက်လာကြပါလိမ့်မည်။

ငါဘုရားသည်လည်း ရသေ့ညီနောင် ရှင်တထောင်တို့ကို ချချွတ်ရန် ဥရုဝေလတောအုပ်သို့ သွားပါမည်။

ဤသို့ ရဟန်းတော် ၆-ကျိပ်ကို ခေါ်တော်မူပြီး လမ်းညွှန်မှာကြားသာသနာပြု ဧလွှစ်တော်မူသည်။

## သာသနာပြုကိုယ်တော်များ
## ပင်ပန်းနွမ်းနယ်ကြ

ရဟန်းတော်များသည် ဘုရားရှင်၏လမ်းညွှန်မှုကိုခံယူတော်မူကြပြီး အမိန့်တော်မြတ်အတိုင်း အရင်ရှစ်မျက်နှာသို့ ခရီးလမ်း တဖြောင်းစီ ယူလျက် သာသနာပြု ထွက်တော် မူကြသည်၊ ရောက်ရှိရာ ဒေသများ၌ တရား ဓမ္မများကို ဟောကြား ပြသတော်မူကြသည်။

## ရဟန်းပြုလိုသူများပေါများ

တရားဓမ္မများကို နာကြား ရလေလျှင် သာသနာတော်ကို သဒ္ဓါကြည်ညိုသူများ ပေါ်ထွက်လာကြသည်။ ရဟန်းပြုပေးပါရန် တောင်းပန်လာကြသည်။

## ဘုရားရှင်ထံခေါ်လာ

သာသနာပြု ကိုယ်တော်များသည် မိမိကိုယ်ကိုင် ရဟန်းပြုပေးခွင့် မရှိသဖြင့် ရဟန်းပြုလိုသူများကို ဘုရားရှင်ထံသို့ ခေါ်လာကြသည်။

## ပင်ပန်းနွမ်းနယ်ကြ

ကိုယ်တော် များသည် ဒေသ အသီးသီးမှ ရဟန်းလောင်းများကို အခေါက်ခေါက် အခါအခါ ဘုရားရှင်ထံသို့ ပို့ဆောင်ပေးကြရသဖြင့် ပင်ပန်းနွမ်းနယ်တော်မူလာကြသည်။

## ကိုယ်တိုင်ရဟန်းပြုခွင့်ပေး

သာသနာပြုကိုယ်တော်များ ပင်ပန်းနွမ်းနယ်တော်မူကြသည်ကို ဘုရားရှင် သိရှိတော်မူလေလျှင် သာသနာပြု ကိုယ်တော်များ ကိုယ်တိုင် ရှင်ရဟန်းပြုပေးရန် ခွင့်ပြုတော်မူသည်။ ရှင်-ရဟန်းပြုပေးရမည့် အစီအစဉ် များကို ချမှတ်ပေးတော်မူသည်။

## ဤအစီအစဉ်အတိုင်း ရှင်ရဟန်းပြုပေးကြလော့

– ရွှေးဦးစွာ ဆံမုတ်ဆိတ်များကိုရိတ်ပယ် စေရမည်၊
– ပြီးလျှင် ဖန်ရည်ဆိုးသင်္ကန်းများကို ဝတ် ဆင်ပေးရမည်၊
– ပြီးလျှင် သင်္ကန်းကို ပခုံးစွန်းမှာ လက် ကန်တော့တင်စေပြီး ရဟန်း ရှ.တွင် ဆောင့်ကြောင့်ထိုင်ရှိခိုးစေလျှက် ဤသို့ ဆိုလော့ဟုပြောကာ လိုက်ဆိုစေရမည်၊
– ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သဃံသရဏံဂစ္ဆာမိ၊ ဒုတိယမ္ပိဗုဒ္ဓံ သရဏံဂစ္ဆာမိ၊ ဒုတိယမ္ပိဓမ္မံသရဏံဂစ္ဆာမိ၊ ဒုတိယမ္ပိသံဃံ သရဏံဂစ္ဆာမိ၊ တတိယမ္ပိဗုဒ္ဓံသရဏံဂစ္ဆာမိ၊ တတိယမ္ပိဓမ္မံသရဏံဂစ္ဆာမိ၊တတိယမ္ပိသံဃံ သရဏံဂစ္ဆာမိ-ဟု ရှေ့မှတိုင်၍ ဆိုပေးရမည်။

ဤအစီအစဉ် အတိုင်း သင်တို့ ရောက်ရှိရာ ဒေသများမှာပင် ရှင်-ရဟန်းပြုလိုသူများအား သင်တို့ကိုယ်တိုင် ပြုပေးကြရန် ငါဘုရားနှင့်ပြုတော်မူသည်ဟု မိန့်ကြားတော်မူသည်။

## ဥရုဝေလဒေသသို့အကြွ လမ်းခရီးတွင် ဘဒ္ဒဝဂ္ဂိမင်းသားများနှင့် တွေ့

ဘုရားရှင်သည် သာသနာပြုအစီအစဉ်များ လမ်းညွှန် ပေးတော် မူပြီးနောက် ရဿဓာထောင်ချုတ်ရန် ဥရုဝေလဒေသသို့ ကြွတော်မူသည်။ လမ်းခရီးတွင် ကပ္ပသိက တောအုပ်တခုသို့ ဝင်ထွက်မူ၍ သစ်ပင်ရင်း တခုမှာ သီတင်းသုံး ထိုင်နေတော်မူသည်။

## ဘဒ္ဒဝဂ္ဂိမင်းသားများနှင့် ဘုရားနှင့်တွေ့

ဘဒ္ဒဝဂ္ဂိမင်းသားညီနောင် သုံးဆယ်တို့သည် မိန်းမကိုယ်စီနှင့် ဘောဂစား ထွက်ကြသည်။ မင်းသားတဦးမှာ လူပျိုဖြစ်၍ ပြည့်တန်ဆာမတဦးကို ငှားရမ်းလိုက်ပါခဲ့ရသည်။ ပြည့်တန်ဆာမသည် မင်းသားများ မူးယစ်သောက်စား သတိမေ့လျော့နေချိန်မှာ ပစ္စည်းများကို ခိုးယူ လစ်ပြေးလေ၏။ မင်းသားများသည် ဟိုဟိုဒီဒီ မိန်းမပျောက် လိုက်ရှာကြယင်း သစ်ပင်ရင်းမှာ ထိုင်နေတော်မူသည့် ဘုရားရှင်ကိုတွေ့ကြသည်။

## မိန်းမပျောက်ကို ရှာမည်လော မိမိကိုယ်ကို ရှာမည်လော

ဘုရားရှင်နှင့်တွေ့ကြလျှင် အရှင်ဘုရား မိန်းမဘယောက်ကိုတွေ့လိုက်ပါသလား-ဟု အရေးတကြီး မေးမြန်းကြသည်။ ဘုရားရှင်က ဘယ်အကြောင်းရှိ၍ မိန်းကို လိုက်ရှာနေကြသနည်းဟု မေးတော်မူသည်။ ပစ္စည်းများကို ခိုးယူထွက်ပြေးသွားလို့ လိုက်ရှာ နေကြပါကြောင်း လျှောက်ထားကြသည်။ ဘုရားရှင်ကဆက်လက်၍ သင်တို့သည်မိန်းမပျောက်ကိုရှာခြင်းနှင့်မိမိကိုယ်ကိုရှာခြင်းဟာ အဘယ်က မြတ်သည်ဟု ထင်ပါသနည်းဟု မေးတော်မူသည်။ မင်းသားများသည် ပါရမီရှင်များ ဖြစ်သည့် အလျောက် သံဝေဂဉာဏ်များဝင်လာကြသည်။ မိမိကိုယ်ကို ရှာခြင်းက မြတ်ပါသည် ဘုရားဟု ပြန်လည် ဖြေကြားကြသည်။

## မိန်းမကိုရှာ-မိမိကိုယ်ကိုတွေ့

ဘုရားရှင်က-ကောင်းပြီ သင်မင်းသားတို့ ထိုင်ကြလော့၊ သင်တို့အား တရားပြပါအံ့ဟု

မိန်ဆိုတော်မူ၏။ မင်းသားမျိုးသည် ရှိခိုးကြလျက် အသီးသီးနေရာယူကြသည်။ ဘုရားရှင်က ဒါနအကြောင်း သီလအကြောင်း စတဲ့ အနုပုဒ္ဒိတရားတော်များကို ပြသတော်မူသည်။

## လူအသွင်ပျောက် ရဟန်းအသွင်ရောက်

မင်းသားများသည် တရားဓမ္မများကို နာကြားရလေလျှင် သဒ္ဓါကြည်ညိုစိတ်များ ထက်သန်လာကြသည်။ စိတ်အာရုံများ ကြည်လင်လာကြသည်။ ထိုအခါ ဘုရားရှင်သည် သစ္စာလေးပါး တရားတော်မြတ်ကို ဆက်လက်ဟောကြားတော်မူလေရာ မင်းသားများသည် သောတာပန်သကဒါဂါမ် အနာဂါမ် အရိယာ အဖြစ်သို့ အသီးသီး ရောက်ရှိလာကြသည်။ ဘုရားရှင်က ဆက်လက်၍ ဟိဘိက္ခု ရဟန်းပြုပေးတော်မူရာ လူအသွင် ပျောက်ကြပြီး ရဟန်း အသွင်သို့ ကူးပြောင်းသွားကြသည်။

## ရသေ့ညီနောင် ရှင်တထောင် ချမတ်တော်မူ

ဘုရားရှင်သည် ဘဒ္ဒဝဂ္ဂိ မင်းသားညီနောင် ၃၀-တို့ကို ရဟန်းပြုပေးပြီးနောက် ဥရုဝေလတောသို့ ကြွတော်မူလေသည်။

ဥရုဝေလတောတွင် ရသေ့ညီနောင် သုံးဦးနှင့် တပည့်တထောင် တို့သည် ရေချိုး မီးလှုံစသော တိတ္ထိအာကျင့်မှုများကို ကျင့်လုပ် ရှိကြသည်။ အစ်ကိုကြီး ဥရုဝေလ ကဿပရသေ့ကြီးမှာ တပည့်ရသေ့ ၅၀၀၊ အလတ်နဒီဂ သပရသေ့မှာ တပည့်ရသေ့ ၃၀၀၊ အငယ် ဂယာကဿပရသေ့မှာ တပည့်ရသေ့ ၂၀၀ အသီးသီး နေထိုင်လျက်ရှိကြသည်။

ဘုရားရှင်သည် တောအုပ်သို့ရောက်လျှင် ဥရုဝေလကဿပရသေ့ကြီးထံသို့ ကြွတော်မူသည်။ ရသေ့ကြီးနှင့်တွေ့လျှင်ရသေ့ကြီး၏မီးဖိုဆောင်၌ တည်ခိုတာမျှ ငှားခိုရန် အခွင့်တောင်းတော်မူသည်။

## မီးဖိုဆောင် မြေနဂါးကြီး

ရသေ့ကြီး၊ ဂ-ရဟန်းကြီး၊ မီးဖိုဆောင်မှာ အင်မတန် အဆင်ပြင်းထန်တဲ့ မြွေနဂါးဆိုးကြီး တကောင်ရှိပါသည်။ နဂါးကြီးရန်ကို စိုးရိမ်ရပါသည်ဟုဆို၏။ ဘုရားရှင်က သုံးကြိမ်တိုင် ထပ်ကာထပ်ကာ ခွင့်တောင်းသည်။ ရသေ့ကြီး ကလည်း နဂါးရန်စိုးရိမ်ရ၍ ခွင့်မပြုပဲ ငြင်းပယ်နေ၏။ နောက်ဆုံး လေးကြိမ်မြောက်၌ ဘုရားရှင်က နဂါးရန်ကို မစိုးရိမ်ပါနှင့် သင်ကခွင့်ပြုပါလျှင် နဂါးရန်မှာ ငါ့တာဝန်ရှိပါစေဟု ဆို၏။ ရသေ့ကြီးက သင်မကြောက်လျှင် သင်အလိုရှိသလောက် ချမ်းသာစွာနေပါလော့-ဟု ခွင့်ပြုလေ၏။

## နဂါးနှင့်ဘုရား

ဘုရားရှင်သည် ရသေ့ကြီးက ခွင့်ပြုသော အခါ မီးဖိုဆောင်သို့ ဝင်ပြီး ဖျာအခင်းနှင့် သီတင်းသုံး နေထိုင်တော်မူ၏။ နဂါးကြီးသည်

ဒေါသ အမျက် ချောင်းချောင်း ထွက်လေ၏။ ထိုလျှင် ပြာကျသွားနှင်သည့်အခိုးအငွေ့များကို ဘုရားရှင်ထံ လွှတ်လိုက်၏။ ဘုရားရှင်ကလည်း ပြင်းထန်သည့်အခိုးအငွေ့များကို နဂါးကြီးထံ ပြန်လွှတ်လိုက်သည်။ နဂါးကြီက မိတောက် မီးလျှံများ မှုတ်လွှတ်လိုက်ပြန်သည်။ ဘုရားရှင်ကလည်း ဒီထက် ပြင်းထန်သည့် မီးတောက် မီးလျှံများကိုပြန်၍လွှတ်လိုက်သည်။ မိုးဖိုဆောင် တခုလုံး မီးဟုန်းဟုန်းတောက်လုမတတ် ရှိနေသည်။ ရသေ့များသည် အလန့်ဘကြားနှင့် ဝိုင်းအုံကြည့်နေကြသည်။

## သပိတ်တွင်းသို့ဝင်စေ

နံနက်မိုးလင်းလျှင် ရဟန်းကြီးသည် ညက နဂါးလက်ချက်နှင့် ရဟန်းကြီးတော့ သေလေပြီ အထင်နှင့် မီးဖိုဘက်သို့ လျှောက် လာသည်။ ဘုရားရှင်သည် မြွေနဂါးကြီး ရန်ကို နှိမ်နင်းတော်မူပြီး မိမိ သပိတ် တွင်းသို့ နဂါးကြီးကို ထည့်ပြီး ရသေ့ကြီးအား ပြတော်မူသည်။

## ငါလိုတော့ရဟန္တာမဟုတ်ပေ

ရသေ့ကြီးသည် သပိတ်ထဲမှ နဂါးကို တွေ့မြင်တဲ့အခါ ရဟန်းကြီးသည် တန်ခိုးကြီးလှပါပေ၏။ စိတ်ထဲမှကျိတ်ပြီး ချီးမွမ်းလိုက်သည်။ သို့သော် ငါလိုတော့ ရဟန္တာမဟုတ်ဟု ဆုံးဖြတ်လိုက်သည်။ ဘုရားရှင်အပေါ်မှာသဒ္ဓါကြည်ညိုစိတ်များ ဖွဲ့တိုင်းလာသည်။ ရဟန်းကြီးသင်သည် ငါတို့အရပ်မှာ အလိုရှိသလောက် နေထိုင်နိုင်ပါသည်။ သင့်အား ငါတို့ နေ့စဉ် ဆွမ်းဝတ်ပြုပါမည်ဟု ဘုရားရှင်အား ဖိတ်မန္တကပြုလိုက်ပါသည်။

## နတ်မင်းကြီးများ လာရောက်ဖူးမြော်

ဘုရားရှင်သည် ရသေ့ကြီး၏ ဖိတ်ကြားခံက်အရ ရသေ့ကျောင်းဆောင်များနှင့် မဂမ်းမလှမ်း တောအုပ်တနေရာတွင် သီတင်းသုံးနေထိုင်တော်မူသည်။ ညဥ့် သန်းခေါင်ဖြစ်ချိန် ရောက်တဲ့အခါ စတုမဟာရာဇ် နတ်မင်းကြီးလေးဦးတို့သည် ဘုရားရှင်ထံသို့ အဖူးအမြော်ရောက်ရှိ လာကြသည်။ နတ်မင်းကြီးများ၏ ကိုယ်ရောင် ကိုယ်ဝါများသည် တောအုပ်ကြီးတခုလုံးကို လွှမ်းမိုးတောက်ပနေကြသဖြင့် နေ့အခါလို့ထင်ရလောက်အောင် ရှိနေသည်။

နံနက် မိုးလင်းလျှင် ရသေ့ကြီးက ညကမြင်ရသည့် အဖြစ်အပျက်များ အကြောင်းကို ဘုရားရှင်အား မေးလေသည်။ ဘုရားရှင်က ညဥ့်သန်းခေါင်ယံတွင် စတုမဟာရာဇ် နတ်မင်းကြီးများ လာရောက် တရားနာကြကြောင်း မိန့်တော်မူလေသော်အခါ ရသေ့ကြီး၏စိတ်တွင် နတ်မင်းကြီးများတောင် လာရောက် တရားနာကြတယ်ဆိုတော့ ရဟန်းကြီးဟာ တယ်တန်ခိုးကြီးလှပါတကားဟု အောက်မေ့မိသည်။ သို့သော် သူလိုတော့ ရဟန္တာမဟုတ်နိုင်ဟု စိတ်ဖြစ်မိပြန်သည်။

## နောက်နေ့တွင်သီကြားမင်းကြီး

နောက်တနေ့ ညဥ့် သန်းခေါင်ယံရောက်ငြန်သောအခါ သီကြားမင်းကြီးသည် ဘုရားရှင်ထံ အဖူးအမြော် ရောက်လာသည်။

ယမန်နေ့ညကကဲ့သို့ အလင်းရောင်ကြီးများဖြင့် တောအုပ်ကြီးတခုလုံး ထိန်ထိန်လင်းနေပြန်သည်။ နံနက် မိုးလင်းလျှင် ရသေ့ကြီးက မေးမြန်းရာတွင် ညက သီကြားမင်း

လာရောက်တရားနာပါကြောင်း ဖြေကြားဟော်မူသည်။ ရဒေသကြီးသည် စိတ်ထဲက ကျိတ်ပြီး ချီမွမ်းလိုက်ပြန်သည်။ သို့သော် သူလိုရဟန္တာတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဟု ကြံမိပြန်သည်။

## နောက်နေ့တွင်သဟမွတိဗြဟ္မာမင်းကြီး

နောက်ဘနေ့ ညဉ့်သန်းခေါင် ရောက်ပြန်သောအခါ သဟ့မွတိဗြဟ္မာမင်းကြီး အဖူးမြော်ရောက်လာပြန်သည်။ ရဒေသကြီးက ရှေးနည်းအတိုင်း မေမြန်းပြီးသိရတဲ့အခါ ဗြဟ္မာမင်းကြီးတောင် အဖူးအမြော်လာရောက်ရတယ်ဆိုတော့ ရှေးနည် အတိုင်း စိတ်ထဲက ချီးမွမ်းလိုက်ပြန်သည်။ သို့သော် သူလိုတော့ ရဟန္တာမဖြစ်နိုင်ကြောင်း ထင်မိပြန်သည်။

## ရဒေသကြီး အကြိသို၍ မြောက်ကျန်းသို့ဆွမ်းခံကြွ

အင်္ဂတိုင်းနှင့် မာဂဓ တိုင်းသားများသည် လစဉ်လတိုင်း လှူဖွယ်မျိုးစုံနှင့် ရဒေသကြီးအား လာရောက်ပူဇော်လေ့ရှိကြသည်။

နောက်နေ့တွင် ဒကာဒကာမများ လှူဘွယ်များနှင့် ရောက်လာကြတော့မည် ဖြစ်သည်။ ဒကာဒကာမတွေရောက်လာလျှင် ရဟန်းကြီးနှင့် တွေ့ပါက သူ့ဘက်ကို ပါသွားကြတော့မည်။ မနက်ဖြန်ခါ ရဟန်းကြီး ရောက်မလာလျှင် ကောင်းပေမည်ဟု ရဒေသကြီး၏ စိတ်တွင်ကြံ၍ စိုးရိမ်ပူပန်လျက် ရှိသည်။

ဘုရားရှင်သည် ရဒေသကြီး၏ စိတ်အကြံကို သိတော်မူလေသည်။ နောက်နေ့ရောက်တဲ့အခါ ရဒေသကြီးကျောင်းသို့ ဆွမ်းစားမကြွတော်ပဲ မြောက်ကျန်းသို့ ကြွရောက် ဆွမ်းခံတော်မူပြီး အနဝဒတ်အိုင်တွင် ဆွမ်းဘုဉ်းပေးတော်မူသည်။

နောက်နေ့ တွေ့သောအခါ ရဒေသကြီးကမေးလျှင် သင်၏ စိတ်အကြံကိုသိ၍ မနေ့ကမလာပဲ မြောက်ကျန်းသို့ ကြွရောက် ဆွမ်းခံဘုဉ်းပေးခဲ့ကြောင်း ဖြေကြားတော်မူသည်။

အင်း၊ ရဟန်းကြီးသည် ငါ၏ စိတ်အကြံကိုပင် သိစွမ်းနိုင်၏။ တန်ခိုးကြီးလှပါ၏ဟု စိတ်တွင်ကျိတ်၍ ချီမွမ်းလိုက်ပြန်သည်။ သို့သော် မည်သို့ပင်ဖြစ်စေ ငါလိုတော့ ရဟန္တာဟုတ်ဟု စိတ်ဖြင့် ညှင်းပယ်လိုက်ပြန်သည်။

## လောက်ကောင် တဖွားဖွားနှင့် ပုံသကူသက်နိုး

သေနိုကုံမှ သင်္ဘေး၏ကျွန်မဂဉီးသည် သေဆုံး၍ အဝတ်နှင့် ရစ်ပတ်ထုတ်ပြီး သုသာန်၌ စွန့်ပစ်ထားခဲ့၏။ ဘုရားရှင်သည် သင်္ကန်းချုပ်လုပ်ရန် သူ့သင်္ကာင် ထုပ်ထားသည့် အဝတ်များကိုခွာယူတော်မူ၏၊ အဝတ်မှလောက်ကောင် တပြည်မျှ ဖယ်ရှားတော်မူရပေသည်။

## မဟာပထဝီနှင့် မိုးကောင်းကင် ထောပနာပြု

ထိုအခါမဟာပထဝီမြေကြီးသည်ကောင်းချီးပေးသည့်အနေဖြင့် မြည်ဟည်းတုန်လှုပ်လေ၏။ မိုးကောင်းကင်ကလည်း ဝဒိန်းဒိန်း ထစ်ချုန်းကာ ကောင်းချီးထောပနာပြုလေသည်။

## သိကြားမင်းကြီးကူညီ

ပုပ်စော် အနှံ့တထောင်းထောင်း ထွက်နေသော ပံ့သကူအဝတ်ကို ဖွတ်လျှော်ရန် ရေလိုလှာသည်။ ထိုအခါ သိကြားမင်းသည် ရေကန် ဖန်ဆင်းပေးလေ၏။ ဆက်လက်၍ အဝတ်လျှော် ဖွပ် ရန် ကျောက်ဖျာ ဖြန့် ရန် ကျောက်ဖျာ များကိုပါ ဖန်ဆင်း ပေးလေ၏။ ကတက်ပင်စောင့်နတ်ကလည်း အဝတ်လှမ်းရန် ကဘက်ပင်အကိုင်းကို ညွှတ်ပေးလေ့၏။

နောက်နေ့တွင် ရသေ့ကြီးက ဆွမ်းစား ပင့်ရန် လှာသောအခါ ရှေးကမရှိခဲ့တဲ့ ရေကန်နှင့် ကျောက်ဖျာများ ကတက်ကိုင်းညွတ်နေပုံများကို တွေ့ရှိလေလျှင် အံ့အားသင့်ကာ ဘုရားရှင်အား မေးလေ၏။ ဘုရားရှင်က အစမှအဆုံးတိုင် ပြစ် ရပ်များကို တခုမကျန် ပြောဆိုမိန့်ကြားတော်မူ၏။

## ငါလိုတော့ ရဟန်းမဟုတ်သေး

ထိုအခါ ရသေ့ကြီး၏စိတ်တွင် သိကြားမင်း တောင် လာရောက် ဝတ်ပြုရတယ် ဆိုတော့ ရဟန်းကြီးသည် တန်ခိုးကြီးလှပါ၏။ သို့သော် ငါ့လိုတော့ ရဟန္တာ မဖြစ်သေးဟု စိတ်ဖြစ်ပြန် သည်။

## ဇမ္ဗုသပြေသီး

နောက်နေ့တွင် ရသေ့ကြီးက ဆွမ်းစားလာ ပင့်တဲ့အခါ ရသေ့ကြီး အရင်သွားနှင့်ပါ ဘိုက် လာပါမည်ဟု ဘုရားရှင်က မိန့်ဆိုတော်မူ လိုက် သည်။ တခဏချင်းပင် ဇမ္ဗုဒိပကျွန်းဦးသို့ ကြွ ကော်မူပြီး ဇမ္ဗု သပြေသီးကို ယူဆောင်ကာ ရသေ့ကြီးအရင် ဆွမ်းစား ကျောင်းဆောင်သို့ ရောက်နှင့်တော်မူသည်။

ရသေ့ကြီး ဆွမ်းစားကျောင်းသို့ ရောက်လာ တဲ့အခါ အရင်ရောက်နေသောဘုရားကို တွေ့ရ သည့်တွင် ရဟန်းကြီး ဘယ်လမ်းဖြင့်လာ၍အရင် ရောက်နေပါသနည်းဟု မေးသည်။ ဘုရားရှင်က ဇမ္ဗုဒိပကျွန်းဦးသို့ သွားရောက်ပြီး ဇမ္ဗု သပြေသီးကို သယ်ဆောင်ကာ ယခုသင့်၏အရင်ရောက် နေပါကြောင်း ဖြေကြားတော်မူသည်။

## ငါလိုတော့ ရဟန္တာမဟုတ်သေး

ရသေ့ကြီး၏စိတ်၌ ဖြစ်ပြန်သည်မှာ ရဟန်း ကြီးသည် ငါ့ကို အရင်လွှတ်လိုက်ပြီး ဇမ္ဗုဒိပ် ကျွန်းဦးရှိ သပြေသီးကိုယူဆောင်ကာငါ၏အရင် ရောက်နေသည်။ တန်ခိုးကြီးလှပါ၏။ သို့သော် ငါ့လိုတော့ ရဟန္တာ မဟုတ်နိုင်သေးပေ- ဟု ကောက်ချက်ချလိုက်ပြန်သည်။

## ဆက်ခါဆက်ခါ

ဤနည်းအတိုင်း နောက်တနေ့တွင် ဇမ္ဗုဒိပ် ကျွန်းဦး ဇမ္ဗုသပြေပင် အနီးရှိ သရက်ပင်မှ သရက်သီး။

နောက် တ နေ့ တွင် ဇမ္ဗု ဒိပ် ကျွန်း ဦး မှ ရှိရှာသီး။

နောက် တ နေ့ တွင် ဇမ္ဗု ဒိပ် ကျွန်း ဦး မှ ဖန်ခါးသီး။

ဤစို့ နေ့စဉ် ဆက်ခါဆက်ခါ ပြဆိုခဲ့သည့် နည်းအတိုင်း ဆွမ်းစားသာပင်သော ရသေ့ကြီး အား အရင်ပြန်လွှတ်လိုက်ပြီး ဇမ္ဗုဒိပ်ကျွန်းဦးမှ သစ်သီးများ ကို သယ်ဆောင်ကာ ဆွမ်းစား

ကျောင်းသို့ ရောက်ကြီးအရင် ရောက်နှင့်တော်မူလေသည်။

## ငါလိုတော့ ရဟန္တာမဟုတ်သေး

ရသေ့ကြီးကလည်း ဇမ္ဗုဒိပ်ကျွန်းဦးမှ သယ်ဆောင် လာခဲ့သည့် သစ်သီးမျိုးရောက်လာတိုင်း ရောက်လာတိုင်း ဘုရား ရှင်အား ရဟန်းကြီးသည် တန်ခိုးကြီးလှပါ၏။ တန်ခိုးကြီးလှပါ၏ဟု စိတ်ထဲက ချီးကျူးနေခဲ့၏ သို့သော် ငါ့လိုတော့ ရဟန္တာမဟုတ်ဟု စွဲစွဲမြဲမြဲ အယူသန်လျက်ရှိနေ၏။

## ထင်းမျိုးစုံပေးတော်မူခြင်း

ရသေ့ ငါးရာတို့သည် မီးပူဇော်ပွဲများ လုပ်လေ့ရှိကြ၏။ တနေ့တွင် ထင်းတုံးများ ခွဲမရပဲ အခက်အခဲဖွေ့နေကြသည်။

ရဒသ့ကြီးသည် ဘုရားရှင်ထံသွား၍ ထင်းများ ခွဲ၍ရပဲ ဖြစ်နေကြောင်း ပြောဆိုလေရာ ဘုရားက ထင်းတုံးများ ခွဲပြီးသား ဖြစ်စေလို သဒ္ဓါဟု မေးတော်မူ၏။ ဖြစ်လိုပါကြောင်း ရဒသ့ကြီးက ဆိုလေရာ ထင်းတုံးများ သည် ဘုရားရှင်၏ တန်ခိုးတော်ဖြင့် ဘဖြန်းဖြန်း အစိတ်စိတ် ကွဲသွားလေ၏။

## ငါလိုတော့ရဟန္တာမဟုတ်သေး

ရသေ့ကြီးသည် ထင်းတုံးများ အလိုလိုခွဲပြီးသား ဖြစ်သွားသည်များကို ကြည့်ပြီး ဘုရားရှင်၏ တန်ခိုးတော်ကို စိတ်ထဲက ချီးကျူးလိုက်ပြန်သည်။ သို့သော် မည်သို့ပင်ဖြစ်စေ ငါ့လိုတော့ ရဟန္တာ မဟုတ်နိုင်ဟု ကောက်ချက်ချပြန်သည်။

## မီးများ မွေးစေးတော်မူရပြန်

ထင်းများ ခွဲပြီးလေသောအခါ မီးပူဇော်ရန် မီးမွေ့မရပဲ ဖြစ်နေကြပြန်သည်။ ရသေ့ကြီးက ဘုရားရှင်အား အကူအညီ တောင်းရပြန်သည်။ ဘုရားရှင်က တန်ခိုးတော်ဖြင့် ထင်းပုံ ငါးရာကို တပြိုင်တည်း မီးဟုန်းဟုန်း တောက်စေတော်မူလိုက်သည်။

## မီးများငြိမ်းသတ်ပေးတော်မူရပြန်

ရသေ့များသည် အားရဝမ်းသာ မီးများအသီးသီး ပူဇော်ကြသည်။ မီးပူဇော်ကြပြီးနောက်ဘဖန် မီးများကို ငြိမ်းသတ်မရပဲ ရှိနေကြပြန်သည်။

ရသေ့ကြီးက ဘုရားရှင်အား အကူအညီတောင်းရပြန်သည်။ ဘုရားရှင်ကတန်ခိုးတော်ဖြင့် မီးပုံငါးရာကို တပြိုင်တည်း ငြိမ်းသတ်တော်မူလိုက်သည်။

## ငါလိုတော့ရဟန္တာမဟုတ်သေး

ရသေ့ကြီးသည် မီးမွေးခြင်း၊ မီးသတ်ခြင်းများ ပြုပေးသည်ကို ကြည့်ပြီး ရဟန်းကြီးသည် တန်ခိုးကြီးလှပါပေ၏။ သို့သော် ငါ့လိုတော့ ရဟန္တာမဟုတ်သေးဟု ကောက်ချက်ချလိုက်ပြန်သည်။

## ငါလိုတော့ရဟန္တာမဟုတ်သေး

ရသေ့ကြီးသည် ထင်းတုံးများ အလိုလိုခွဲပြီးသား ဖြစ်သွားသည်များကို ကြည့်ပြီး ဘုရားရှင်၏ တန်ခိုးတော်ကို စိတ်ထဲက ချီးကျူးလိုက်ပြန်

## မီးဖိုခေါင်းတော်မူခြင်း

ရသေ့များသည် မိမိတို့မှာရှိနေတဲ့အကုသိုလ် အညစ်အကြေးများ စင်ကြယ်စေရန် ဆောင်းရာသီ ဆီးနှင်းများဖြင့် အလွန်အေးသောညများတွင် နေရဒ္ဓရာ မြစ်ဘွင်းဆင်းပြီး ရေငုပ်ကာ အကုသိုလ် အညစ်အကြေး များကို ရေတွင်မျောလွှတ် ရှိကြသည်။

တနေ့သော ညတွင် ရေငုပ်သော ရသေ့များအဘွက် အရှန်သင့် မီးလှုံခိုင်ရန် ဘုရားရှင်သည် မီးအိုးကင်း ငါးရာကို ဖန်ဆင်းထားတော်မူလေသည်။

ရေငုပ်ရာမှဘက်လာသော ရသေ့များသည် အရှန်သင့်ရှိနေသော မီးဖိုများတွင် အသီးသီး ဝင်ရောက်မီးလှုံကြသည်။

## ငါလိုတော့ရဟန္တာမဟုတ်သေး

ထူးဆန်းသည့်မီးဖိုများအကြောင်းကို ရသေ့ကြီး ကြားရလေသောအခါ ရှေးနည်း အတိုင်း ရဟန်းကြီးသည် အလွန်တန်ခိုးကြီးလှပေ၏ ဟု ချီးကျူးပြန်သည်။ သို့သော် ငါလိုတော့ရဟန္တာ မဟုတ်သေးဟု ဆုံးဖြတ်လိုက်ပြန်သည်။

## ရေလယ်၌ ဖုန်တဆောင်းဆောင်းနှင့် လှမ်းလျှောက်နေတော်မူခြင်း

တနေ့တွင် ဥရုဝေလ တောအုပ်၌ မိုးကြိုးပြင်းပြင်းထန်ထန် ရွာသွန်းလျက်ရှိသည်။ မိုးရေလှိုင်းလုံးကြီးများသည် ဘုရားရှင်သီတင်းသုံးနေသည့် အရပ်သို့ တဟုန်ထိုး စီးဆင်းလာကြသည်။

ရဲလုံကြီးများသည် ဘုရားရှင်သီတင်းသုံးရာ အရပ်ကို ကွင်းပြီး စီးဆင်းသွားကြသည်။ ဘုရားရှင်သည် ရေဝိုင်းကြီး၏အလယ် ဖုန်တဆောင်းဆောင်း ထားနသော မြေပြင်တွင် ခွါက်တုံ့ခါက်ပြန် စင်္ကြံလျှောက်နေတော်မူသည်။

ရဒသ့ကြီးနှင့် တပည့်များသည် ရဟန်းကြီး ဂရုနောက် မျောပါသွားမည်ကို စိုးရိမ် တကြီးဖြစ် ပါသည်။ လေ့များ ကပျာကရာ လှော်ခတ်ကာ ဘုရားရှင်ရှိရာသို့ အပြေးအလွှား သွားရောက်ကြသည်။

ရောက်တဲ့အခါ ရေဝိုင်းကြီး၏ အလယ် မြေပြင်မှာ ဖုန်တဆောင်းဆောင်းနှင့်လမ်းလျှောက် နေသော ဘုရားကိုတွေ့ရလေလျှင် ရဟန်းကြီးမှ ဟုတ်ပါလေမလားဟု မဲ့ယုံကြည်ပဲ ထင်ယောင်ထင်မှား ဖြစ်နေကြသည်။

ရသေ့ကြီးက ရဟန်းကြီးဟု လှမ်းခေါ်လိုက်သည်။ ရဟန်းကြီးဟုတ်ပါသလား ထပ်ဆင့်မေးလိုက်သည်။

ဘုရားရှင်က ဟုတ်ပါသည်ဟု ပြောပြော ဆိုဆိုနှင့် ကောင်းကင်သို့ ပျံတက်ကာ ရသေ့များ၏ လေပေါ်သို့ ဆင်းကြွတော်မူလိုက်သည်။

## ငါလိုတော့ ရဟန္တာမဟုတ်သေး

ရသေ့ကြီး စိတ်မှာ အတွေး ပေါ်လာပြန်သည်။ ရဟန်းကြီးသည် အုံခဲ့မကုန်နိုင်လောက် အောင် တန်ခိုးကြီးလှပါပေ၏။ သို့သော် ဘယ်လိုပဲ ဖြစ်ဖြစ် ငါ့လိုတော့ ရဟန္တာ မဟုတ်နိုင်သေးပေ ဟု မှတ်ချက်ချလိုက်ပြန်သည်။

## ဥရုဝေလကဿပရသေ့ကြီး ကျောင်းသင်ခန်းနေရာ



ပုံ – ဥရုဒေသကဿပ ရသေ့ကြီး၏ ကျောင်းသင်ခန်းနေရာဖြစ်သည်။ဗုဒ္ဓဂါယာတွင်တွေ့ရှိရသည်။ သင်ခန်းကျောင်း မြောက်ဘက်တွင် သဲပုံတန်းကြီးကိုတွေ့ရသည်။ ယင်း သဲပုံကြီးသည် ပြစ်ဒဏ်ရသော ရသေ့များသည် သဲတပြည်တပြည် သယ်ဆောင်ပြီးကျိနေရာဌဲ့ ပုံရသည်ဟုဆိုသည်။ မီးတင်းကုတ်နေရာ တခုကို တွေ့ရသည်။ ယင်းနေရာတွင် နဂါးရုပ်တရုပ်ရှိသည်။ ဘုရားရှင်ဆုံးမခဲ့သည်။ သပိတ်တွင် ထည့်ခံရသော နဂါးအထိမ်းအမှတ် ရုပ်တုဖြစ်သည်။

## ရဿေ့များ ကျွတ်တန်းဝင်ကြလေပြီ

မြတ်စွာဘုရားသည် ရသေ့များကို ခွဲတ်ရန် ဥရုဝေလဒေဝဌ္ဌ သီတင်းသုံးခဲ့သည်မှာ သုံးလမျှ ကြာမြင့်ခဲ့လေပြီ။ ရသေ့များလည်း ဘုရားနှင့် တွေ့ရ၍ တရားရနိုင်သည့် ကုန်ဒြေများ ရင့်ကျက်လာလေပြီး ရသေ့များ ကရားတော် မြတ်ကို လက်ခံ နာယူနိုင်သည့် အခြေအနေ ရှိလာပြီကိုလည်း ဘုရားရှင်သိရှိတော် မူလေပြီ။

## ချွတ်တော်မူပြီ

ဘုရားရှင်သည် ရသေ့ကြီးနှင့် တွေ့တော်မူပြီးလျှင် အို- ကဿပ၊ သင်သည် ရဟန္တာလည်းမဟုတ်၊ အရဟတ္တမဂ်သို့ ဆိုက်ရောက်သူလည်းမဟုတ်၊ သင့်မှာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ဆိုက်ရောက်နိုင်သည့် အကျင့်များလည်း မြူမျှပင်

မနှိုဟူ ပွင့်ပွင့် လင်းလင်း တိုက်ရိုက် တော်မူသည်။

## ခြေတော်စုံဦးတိုက်

ဘုရားရှင် မိန့်ကြားတော် မူသည်များကို ကြားရလျှင် ရသေ့ကြီးသည် အထိတ်အလန့် ဖြစ်လာခဲ့ပြီး ဘုရားရှင်၏ ခြေတော်စုံကို ဖက်၍ ဦးတိုက်လေ၏။

## ရဟန်း ပြုပေးတော်မူပါဘုရား

အရှင်ဘုရား တပည့်တော်အား ရဟန်းပြုပေးတော်မူပါ ဘုရားဟု တောင်းပန် လျှောက်ထားလေ၏။ ဘုရားရှင်က- ကဿပ၊ သင်ကား ရသေ့ငါးရာတို့၏ အကြီးအကဲ ဆရာကြီး ဖြစ်သည်။ သင်၏ တပည့်များကိုလည်း အကြောင်းကြားဦးလော့၊ သို့မှသာ သင်၏တပည့်များသည် သူတို့နှစ်ခြိုက်ရာကို လွတ်လွတ်လပ်လပ်ပြုနိုင်ကြပေမည်။

## ရသေ့ငါးရာပါ

ရသေ့ကြီးသည် မိမိတပည့်များကိုခေါ်ကာ ငါသည် ရဟန်းကြီးထံမှာ တပည့်ခံပြီး ရဟန်းပြုပါတော့မည်။ သင်တို့သည် ယနေ့မှ စပြီး သင်တို့ နှစ်ချိုက်သဘောကျသလို ပြုလုပ်နိုင်ကြပြီ။ ကျင့်ကြံ နေထိုင်နိုင်ကြပြီဟု ဆိုလေ၏။ ရသေ့များကလည်း မိမိတို့သည်လည်း ဆရာကြီးနှင့်အတူ ရဟန်းကြီးထံမှာ ရဟန်း ပြုလိုကြပါကြောင်း ပြောကြားလေသည်။

ဘုရားရှင်သည် ရသေ့များ တောင်းပန်လာသဖြင့် ဟိဘိက္ခု ရဟန်း ပြုပေးတော်မူသည် တွင် ရသေ့ ငါးရာလုံး ရှသေ့များ အသွင် ပျောက်ပြီး ရဟန်း အသွင်သို့ ရောက်ရှိလာကြသည်။

ရသေ့ ငါးရာတို့သည် ဘုရား သားတော် ရဟန်းများ ဖြစ်လာကြသောအခါ၊ မိမိတို့၏ ရသေ့ ဒေသုံးအဆောင်များကို နေရာစုရာ မြစ်တွင်းသို့ စွန့်ပစ်လိုက်ကြသည်။

## ညိုလတ် နဒီကဿပနှင့် တပည့်များ

ရသေ့များ စွန့်ပစ်လိုက်သည့် ရသေ့ အသုံးအဆောင် များသည် မြစ်၏ အောက်ဆိပ်သို့ မျောပါသွားကြသည်၊ အောက်ဆိပ်တွင်နေထိုင်သည့် ကဿပ ရသေ့ကြီး၏ ညီလတ်ဖြစ်သူ နဒီကဿပ ရသေ့နှင့် တပည့်များသည် မျောပါလာသည့် ရသေ့ပစ္စည်းများကို တွေ့ကြလေလျှင် ငါတို့အရှင် ရသေ့ကြီးမှာ အကြောင်း တခုခု ဖြစ်ပေါ်နေပြီလား မသိဟု လှုပ်လှုပ် ရွရွ ဖြစ်လာကြသည်။ ချက်ချင်းပင် အထက် ဆိပ်သို့ လိုက်လာကြသည်။ ရောက်လျှင် နောင်တော်နှင့် တပည့်များ အားလုံး ရဟန်းများ ဖြစ်နေကြသည်ကို တွေ့ကြလေသည်။

ရဟန်းတော်များက မိမိတို့သည် ဘုရားရှင်နှင့် တွေ့ပြီး ရဟန်းဖြစ်လာရပုံ အကြောင်းစုံများကို ရှင်းပြကြသည်။ နဒီကဿပနှင့်တပည့် ရသေ့များသည် အကြောင်းစုံကို သိရသောအခါ သဒ္ဓါကြည်ညိုစိတ်များ ဖြစ်ပေါ်လာကြပြီး ဘုရားရှင်ထံခွင့်တောင်း၍ ရဟန်းပြုကြလေလျှင် ဟိဘိက္ခု ရဟန်းများ ဖြစ်လာကြသည်။

## ညီငယ် ဂယာကဿပနှင့် တပည့်များ

အောက် ဆိပ် တွင် နေ ထိုင် သော ညီငယ် ဂယာကဿပနှင့် တပည့် ရသေ့များကလည်း မျောပါလာသော ရသေ့အသုံးအဆောင်များ

ကို တွေ့ကြတဲ့အခါ၊ စိုးရိမ်တကြီးနှင့် နောင်တော် ရသေ့များထံ လိုက်လာကြပြန်သည်။

ရောက်လျှင် နောင်ဟော်နှစ်ပါးနှင့် တပည့် ရသေ့များအားလုံးကို ရဟန်းများ အသွင်နှင့် တွေ့မြင်ကြလေသည်။ ဂယာကဿပရသေ့နှင့် တပည့်ရသေ့နှစ်ရာသည်လည်း အကြောင်းစုံကို သိကြရသောအခါ သာသနာတော်၌ သဒ္ဓါကြည်ညိုစိတ်များဖြစ်ပေါ်လာကြပြီး၊ ဘုရားရှင်ထံ ရဟန်းပြုခွင့် တောင်းပန် လျှောက်ထားကြသည်။ ဘုရားရှင်သည် ရှေးရသေ့များ နည်းတူ ဖေတိကို ရဟန်းပြုပေးတော်မူသည်။

## ဥရုဝေလမဟာကဿပ

ဘုရားရှင်သည် ရသေ့ ညီ နောင် ရှင် တထောင်တို့ကို ရဟန်းပြုပေးတော်မူပြီးနောက် ရဟန်းတော်များနှင့်အတူ ဥရုဝေလမှ ထွက်ခွါ တော်မူခဲ့ပြီး ဂယာသီသအရပ်သို့ ကြွသွားတော် မူခဲ့သည်။

## ရဟန္တာများ

ဂယာသီသသို့ ရောက်သည်တွင် အာဒိတ္တ ပရိယာဒါန်တော်ဘေဒကို ဟောကြားတော်မူလေရာ ရဟန်းတော်များ အားလုံး ရဟန္တာ ဘဝသို့ ရောက်ရှိလာကြလေသည်။

ဤသို့လျှင် ဘုရားရှင်သည် ဥရုဝေလတောတွင် သုံးလတိုင်တိုင် စောင့်ဆိုင်း သိတင်းသုံးတော်မူပြီး ရသေ့ညီနောင် ရှင်စတထောင်တို့ကို သံသရာ ဝဋ်ဆင်းရဲမှ ကယ်တင်တော်မူခဲ့သည်။

# သာကီဝင် မင်းသားတထောင်ရဟန်းပြု

မြတ်ဗုဒ္ဓ၏ ဖခမည်းတော် သုဒ္ဓောဒနမင်းကြီးသည် သာကီဝင်မင်းအပေါင်းကို အစည်းအဝေး ခေါ်ယူပြီး ယခုအခါ ငါ၏ သားတော်သည် ဘုရားဖြစ်လာခဲ့လေပြီ။ သားတော်သည်မင်းမျိုးမှ ဘုရားဖြစ်လာသူဖြစ်၍ သားတော် ဘုရား၏ အခြံအရံ ရဟန်းသည် မင်းညီမင်းသားများသာ ဖြစ်စေလိုသည်။ ဂ အိမ်ထောင်လျှင် မင်းသား တယောက်ကျစီ ရဟန်းပြုကြပါရန် တိုက်တွန်းနှိုးဆော်ပါကြောင်း ပြောကြားလေသည်။

သာကီဝင်မင်းသား တထောင်သည် ရဟန်းပြုရန် ကတိပြုကြပြီး ဘုရားသီတင်းသုံးတော်မူရာ အနုပိယသရက်ဥယျာဉ်တော်သို့ ရောက်ကြသည်။ ရောက်လျှင် ဘုရားရှင်ထံ ခွင့်တောင်းကြပြီး ရဟန်းပြုကြလေ၏။

# လက်ဝဲ-သက်ယာရုံ သာဝကကြီး နှစ်ပါး ပေါ်ထွန်းလာ

## လက်ယာရုံ ဗျာဒိတ်တော်ရှင်

အနောမဒဿီဘုရားလက်ထက်တွင် သာရဒနှင့် ဝိရိဝဖုနအမည်ရှိ သင္ဘေးသား သူငယ်ချင်းနှစ်ဦး ရှိခဲ့သည်။

သာရဒသင္ဘေးသားသည် ပစ္စည်းဥစ္စာများကို စွန့်လွှတ်ပြီး ရသေ့ပြုခဲ့သည်၊ စျာန်သမာပတ် ရရှိခဲ့ပြီး တပည့်ရသေ့ ခုနှစ်သောင်းနှင့် အတူ သီတင်းသုံးနေထိုင်ခဲ့သည်။ အနောမဒဿီဘုရား

သည် သာရဒရသေ့ရှိရာ အရပ်သို့ နောက်ပါသံဃာတသိန်းနှင့် ကြွသာတော်မူသည်၊ ရသေ့သည် ဘုရားရှင်နှင့် သံဃာတော် တသိန်းအား နေရာထိုင်ခင်း ပေးလှူပြီး သစ်သီးဆွမ်းမျှ ားဖြင့် လုပ်ကျွေးပူဇော်ခဲ့သည်။

ဘုရားရှင်သည် တပည့် သံဃာ တသိန်းနှင့် အတူ နိရောဓသမာပတ် ဝင်စားတော်မူခဲ့သည်။ ရသေ့သည် နိရောဓသမာပတ် ဝင်စားနေသော အနောမဒဿီ ဘုရားအား ခုနစ်ရက် ပတ်လုံး ပန်းထီးမိုး၍ ပြုစုခဲ့သည်။

ရသေ့သည် ဘုရား၏ လက်ယာရံ သာဝကကြီး နိသဘအရှင်မြတ်အား စိတ်ဝင်စားခဲ့သည်။ မိမိပြုခဲ့သည့် ကောင်းမှု ကံများကြောင့် နောင်တွင် ဤအရှင်မြတ်ကဲ့သို့ လက်ယာရံ အဂ္ဂသာဝကကြီး ဖြစ်ရပါလို၏ ဟု ဘုရားထံဆုတောင်းခဲ့သည်။ ဘုရားရှင်က အနာဂတ်ကို ဆင်ခြင်တော်မူပြီး၊ ဤရသေ့သည် နောင်ကမ္ဘာပေါင်း တသောင်းနှင့် တသိန်းကာလ ရောက်လာတဲ့အခါ သာရိပုတ္တရာ အမည်ဖြင့် ဂေါတမ ဘုရား၏ လက်ယာရံ အဂ္ဂသာဝကကြီး ဖြစ်လာပေလတ္တံ့ ဟု ဗျာဒိတ် ပေးတော်မူခဲ့သည်။

## လက်ဝဲရံ ဗျာဒိတ်တော်ရှင်

သာရဒ ရသေ့သည် လက်ယာရံ ဗျာဒိတ်ဘော်ကို ခံယူခဲ့ပြီး မိမိ သူငယ်ချင်း သိရိဝစ္ဆုန သဒ္ဓေးထံသို့ သွားရောက်ခဲ့သည်။ သူငယ်ချင်း အား အကြောင်းစုံကို ပြောကြားပြီး မိမိကဲ့သို့ သာဝကဆုကိုတောင်းရန် တိုက်တွန်းလေသည်။

သိရိဝစ္ဆုန သဒ္ဓေးသည် အလွန် ဝမ်းမြောက် ဝမ်းသာ ဖြစ်ခဲ့ပြီး မိမိသူငယ်ချင်း၏ တိုက်တွန်း အကြံပေးသည်ကို လက်ခံလိုက်သည်။

မဇ္ဈိမဒေသ အနောမဒဿီ မြို့စွာ ဘုရားနှင့် တပည့် သံဃာတော်များအား ခုနစ်ရက်ပတ်လုံး ဆွမ်းသင်္ကန်း စသည်များဖြင့် အလှူကြီးဝေးလေ၏။ အလှူနောက်ဆုံးနေ့တွင် ရေစက်ချရာ၌ မိမိသည် ဤကောင်းမှုကံများကြောင့် နောင်တွင် လက်ဝဲရံ အဂ္ဂသာဝကကြီး ဖြစ်ရပါလို၏ ဟု ဘုရားရှင်ထံ ဆုတောင်းလေသည်။

ဘုရားရှင်သည် အနာဂတ်ကို ဆင်ခြင်ဟော်မူပြီး ဤရသေ့သည် ဤကမ္ဘာမှ နောင်ကမ္ဘာ တသောင်းနှင့် တသိန်း ရောက်လာသော အခါ မောဂ္ဂလာန အမည်ဖြင့် ဂေါတမမြတ်စွာဘုရား၏ လက်ဝဲရံ အဂ္ဂသာဝကကြီး ဖြစ်လာလတ္တံ့ ဟု ဗျာဒိတ် ပေးတော်မူခဲ့သည်။

## ဂေါတမဘုရား ပွင့်လာတော်မူသောအခါ

### ဥပတိဿ

ဤကဲ့သို့ သာရဒနှင့် သိရိဝစ္ဆုန သူငယ်ချင်းနှစ်ဦးတို့သည် အနောမဒဿီဘုရားထံမှ ဗျာဒိတ်တော်များ ရခဲ့ကြပြီး၊ နောက် ကမ္ဘာပေါင်း တသောင်းနှင့် တသိန်း ကာလပတ်လုံး ပါရမီတော်များ ဖြည့်ကျင့် ခဲ့ကြသည်။

နောက်ဆုံးမြောက် ဤဘဒ္ဒကမ္ဘာသို့ ရောက်လာသောအခါ ဂေါတမဘုရား ပွင့်လာချိန်တွင် သာရဒ ရသေ့သည် ရာဇဂြိုဟ်ပြည်၏ အနီး ဥပတိဿရွာ၌ သဒ္ဓေးကတော်ရုပသာရိအမည်မှ ပုဏ္ဏားမကြီး၏ ဝမ်း၌ သန္ဓေခဲ့သည်။ ဖွားမြင်လာသောအခါ ဥပတိဿ အမည် တွင်ခဲ့သည်။

နောက်ဆုံးမြောက် ဤဘဒ္ဒကမ္ဘာသို့ ရောက်လာသောအခါ ဂေါတမဘုရား ပွင့်လာချိန်တွင် သာရဒ ရသေ့သည် ရာဇဂြိုဟ်ပြည်၏ အနီး ဥပတိဿရွာ၌ သဒ္ဓေးကတော်ရုပသာရိအမည်မှ ပုဏ္ဏားမကြီး၏ ဝမ်း၌ သန္ဓေခဲ့သည်။ ဖွားမြင်လာသောအခါ ဥပတိဿ အမည် တွင်ခဲ့သည်။

## ကောလိတ

သီရိဝစ္ဆုန သည်လည်း ရာဇဂြိုဟ်ပြည်၏ အနီး ကောလိတရွာ၌ သဒ္ဒေးကတော် မောဂ္ဂလိအမည် ရှိ ပုဏ္ဏားမကြီး၏ ဝမ်း၌ သန္ဓေကိန်း ခဲ့သည်။ ဖွားမြင် လာသောအခါ ကောလိတ အမည် ခေါ်တွင်လေ၏။

## သူငယ်ချင်း နှစ်ဦး ပြန်လည်ဆုံတွေ့ကြ

သဒ္ဒေးသား နှစ်ဦးသည် ကြီးပြင်းလာသော အခါ ပါရမီဖြည့်ဖက်များ ဖြစ်ခဲ့ကြသည့်အတွက် တဦးနှင့်တဦး အလွန် ချစ်ခင်သည့် သူငယ်ချင်း များ ဖြစ်လာကြသည်။

တဦး၊ တဦးလျှင် လူပျို အခြံအရံ ငါးရာစီ ရှိကြ၏။ ဥပတိဿသည် အပြင်ခရီးထွက်လျှင် ရွှေထမ်းစင်ဖြင့် သွားလေ့ရှိ၏။ ကောလိတသည် မြင်းရထားဖြင့် သွားလေ့ရှိ၏။

## သတိသံဝေဂ ရကြပုံ

သဒ္ဒေးသား နှစ်ဦးသည် ရာဇဂြိုဟ် ပြည်၌ နှစ်စဉ်ကျင်းပနေကြ တောင်ထိပ်ပွဲသို့ ထမံးစင် မြင်းရထား အခြေအရံများဖြင့် ပွဲကြည့် ထွက်ခဲ့ ကြသည်။ ပွဲသို့ရောက်လျှင် စည်ကားလှသည့် ပွဲလာပရိသတ်ကြီးကို ကြည့်ပြီး သံဝေဂဉာဏ် ဝင်လာကြသည်။ ဤသူတို့ကား အနှစ်တရာ၊ အတွင်းမှာ အားလုံး ပျောက်ကွယ်သွားကြမည့် သူတွေချည်းပါကလားဟု အနိစ္စ တရား အမြင် ဝင်လာကြသည်။ သေသောတရားရှိလျှင် မသေသော တရားလည်း ရှိရမည်ဟု လှမ်းမျှော်တွေး ခေါ် လာကြသည်။ ဤသို့ တရား အမြင်ကို နှစ်ဦးစလုံး တပြိုင်တည်း မြင်လာကြသည်။

## မသေတရား ရှာထွက်ကြပုံ

သူတို့နှစ်ဦးသည် ပွဲသဘင်မှာ စိတ်မဝင်စား နိုင်ပဲ ရှိနေကြသည်။ တဦးနှင့်တဦး ညှိနှိုင်းကြ ရာတွင် တထပ်တည်း အမြင် တူနေကြသည်။ သေသောတရားရှိသလို မသေသောတရားလည်း အမှန် ရှိရမည်ဟု စိတ်တွင်း စွဲမြဲ နေကြသည်။ မသေသောတရားကို ရှာကြရန် နှစ်ဦးသဘောတူ ဆုံးဖြတ်ကြသည်။

မသေသောတရား ရှာရေးအတွက် ပရိပိုက် ရသေ့ကြီးများ၏ ကျောင်းသင်ခန်းဆီသို့ အခြံ အရံများနှင့် ထွက်ခဲ့ကြသည်။ သို့သည်း ပရိပိုက် ရသေ့ကြီး၏ ကျောင်းသို့ ရောက်လာကြသည်။

## ရသေ့များ ဝတ်ကြပုံ

သို့သည်း ဆရာကြီးထံတွင် နှစ်ဦးစလုံး အခြံအရံများနှင့်တကွ ရသေ့ဝတ်လိုက်ကြသည်။ ဆရာကြီး၏ တရားများကို ကြားနာကြသည်။ ရသေ့ကြီး ဟောသည့် တရားများသည် သူတို့လိုချင် နေသည့် မသေသောတရားနှင့် တခြားစီဖြစ်နေ သည်ကို သိလာကြသည်။ ရသေ့ကြီး၏ တရား များကို အားမရကြ၍ အခြား ပရိပိုက်များ၏ ကျောင်းများသို့ လှည့်လည် လေ့လာကြသည်။ သို့သော် တဦးတလေမျှမင် သူတို့လိုချင်နေသော မသေတရားကို မဟောနိုင်ပဲ ရှိနေကြသည်ကို တွေ့လာကြသည်။ နောက်ဆုံးတွင် တရားရှာ ယင်းနှင့်ပင် သို့သည်းပရိပိုက်ဆရာကြီး၏ကျောင်း တွင် တပည့်များနှင့်အတူ သောင်တင်နေကြ လေ၏။

## မသေတဲ့တရားကို တွေ့ကြပါပြီ

တနေ့သောအခါ အရှင်အဿဇိ မထေရ်မြတ်သည် ဆွမ်းခံကြွလာတော်မူသည်။ အရှင်အဿဇိကား ပဉ္စဝဂ္ဂီ ငါးဦးတွင် အငယ်ဆုံး မထေရ် ဖြစ်သည်။

ဥပတိဿသည် အဿဇိ မထေရ် ဆွမ်းခံကြွလာသည်ကို မြင်လျှင် မထေရ်မြတ်၏ သန့်ရှင်းသော အသွင်အပြင်၊ တည်ကြည်ငြိမ်သက်သော ကွန်ပြေး၊ အမူအရာများကို ကြည့်ပြီး အာရုံစိုက် အကဲခတ်သည်။ မိမိတို့ လိုချင်တောင့်တနေတဲ့ တရားသည် ဤမထေရ်မြတ်၌ ရှိမည်ဟုယုံကြည် စိတ် ဝင်လာသည်။

အရှင်မြတ်ဆွမ်းခံကြွရာသို့ နောက်ယောင်ခံ လိုက်သွားသည်။ အရှင်မြတ်သည် ဆွမ်းဘုဉ်းပေး ရန် ရပ်နားမည် အပြုတွင် မိမိမှာပါလာသည့် အခင်းကို အရှင်မြတ် ထိုင်ရန် ခင်းပေးလိုက် သည်။ ရေမျှားသယ်ယူဆက်ကပ်သည်။

အရှင်သည် အဘယ်ဆရာကိုမှီပြီး ရဟန်းပြု ပါသနည်း။ အရှင်၏ဆရာကား အဘယ်သူပါ သနည်း။ ဘယ်တရားကို လက်ခံ ကျင့်သုံးပါ သနည်း။ ဆက်ခါ ဆက်ခါ မေးလျှောက်ထား သည်။

အရှင်မြတ်က ငါသည် သာကီဝင်မင်းမျိုးမှ ရဟန်းပြုလာသော ဂေါတမ မြတ်စွာဘုရားကို မှီ၍ ရဟန်း ပြုခဲ့ပါ၏။ သူသည် ငါ၏ ဆရာ ဖြစ်ပါ၏။ သူ၏ တရားကို လက်ခံ ကျင့်သုံးပါ သည်။ မေးသမျှ ပြန်လည်ဖြေကြားတော်မူသည်။ အရှင်ဘုရား၏ ဆရာသည် ဘယ်အယူဝါဒရှိပါ သနည်း။ ဘယ်တရားကို ဟောကြားပါသနည်း ဟု ထပ်မံ မေးလျှောက်ပြန်သည်။

အရှင်မြတ်က ငါသည်ရဟန်းဖြစ်စပင်ရှိသေး၍ တရားတော်ကို အကျယ်ဟောရန် မစွမ်းနိုင် သေးပါ။

အရှင်ဘုရား အကျယ်ဖြစ်စေ၊ အကုဉ်းဖြစ် စေ တိုတိုနှင့် လိုရင်းကိုသာ ဟောပါ၊ သင်ဖို့ရန် မှာ ကျွန်ုပ်၏ တာဝန် ဖြစ်ပါ့စေ ဟု လျှောက် ထားသည်။

ထိုအခါ အရှင်မြတ်က ဤသို့ ဟောကြား တော်မူသည်-

ယေဓမ္မာ ယေတုပ္ပဘဝါ
တေသံ ဟေတုံ တထာဂတော
ဟာတ
တေသဉ္စ ယောနိရောဓေါ
ဧဝံဝါဒီမဟာသမဏော-

အကြင်တရားတို့သည် အကြောင်းကိုစွဲ၍ဖြစ် ပေါ်လာကြ၏။ ထိုအကြောင်းတရားတို့ကို ငါ တို့ မြတ်စွာဘုရား ဟောကြားတော်မူပါ၏။ ထိုအကြောင်းတရားတို့၏ ချုပ်ငြိမ်းရာကိုလည်း ဟောကြားတော်မူ ပါ၏။ ဤသို့ ငါတို့ဘုရား မြတ်သည် ဟောကြားတော်မူပါ၏ဟု ပြောကြား လေ၏။

## သောတာပန် ဥပတိဿ

ဥပတိဿသည် မထေရ်မြတ် ဟောကြား တော်မူသည့် တရားတော်ကို ကြားနာရသည့် အခါ တရား မဆုံးမီ တဝက်၌ပင် သော တာပန် ဖြစ်သွားလေ၏။ ပညာပါရမီရှင်ဖြစ်၍ တရား အဆုံးသို့ပင် မရောက်တော့ပဲ၊ တေသံ ဟေတုံ တထာဂတော အာဟ- စကားပိုဒ်အဆုံး မှာပင် တရားထူးရသွားခဲ့၏။

## ခြေတော်ဦးတိုက်

ဥပတိဿသည် အရှင်မြတ်၏ ခြေတော်စုံကို ဦးတိုက်လျက် အရှင်ဘုရား ယခု မြတ်စွာဘုရား

သည် ဘယ်နှာ သီတင်းသုံးတော်မူပါသနည်းဟု လျှောက်၏။ မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်းတော်တွင် သီတင်းသုံး နေထိုင်တော်မူ ပါကြောင်း အရှင်မြတ်ဟာ ဖြေကြားတော်မူ၏။ အရှင်မြတ်တို့ ကြွတော်မူနှင့်ပါ တပည့်တော်များ နောက်မှပဲ လိုက်လာပါမည်ဟု လျှောက်ကြား သည်။

## သောတာပန်ကောလိတ

ဥပတိဿသည် ကောလိကထံသို့သွားရောက် ခြင်း အရှင် အဿဇိ မထေရ်မြတ်နှင့် တွေ့ခဲ့ရပုံ တရားနာခဲ့ရပုံ အကြောင်းမျိုးစုံကို ကောလိတ အား ရှင်းပြသည်။ အရှင်မြတ် ဟောကြားသည့် တရားတော်မြတ်ကို မိမိအား ပြောပြ ပါရန် ကောလိတက ဆို၏။ ဥပတိဿက အရှင်မြတ် ဟောဒေါ်မူသည့်အတိုင်း ယောနိသောမနသိကာရ ဘဝါ အစရှိ၍ တဆင့် ဟောပြလေ၏။ တရား တော်မြတ် အဆုံးတွင် ကောလိတသည် သော ကာပန် အရိယာ အဖြစ်သို့ ရောက်ခဲ့၏။

## မြတ်ဘုရားထံ သွားကြစို့

တရားတော်နာကြားပြီးနောက် ကောလိတက ဘုရားထံ သွားကြစို့ဟု ဆိုလေ၏။ ဥပတိဿက မိမိ၏ ဘဝသို့ပုရပိုက်များနှင့် သိဒ္ဓည်းဆရာပုရပိုက် ကြီးကို အကြောင်းကြားပြီးမှ သွားရန် သင့် ကြောင်း ဆိုလေ၏။

ရွေးဦးစွာ တပည့်ပုရပိုက်များကို အကြောင်း ကြားသည့် တပည့်များက အရှင်တို့ကို အားကိုး နေရသူများဖြစ်၍ အရှင်တို့ သွားရာသို့ အတူ လိုက်ကြမည်ဖြစ်ကြောင်း ပြောကြ၏။

ဆက်လက်၍ သိဒ္ဓည်း ပုရပိုက် ဆရာကြီးထံ သွားရောက်ကြသည်။ ဆရာကြီးအား မိမိတို့နှင့် အတူ ဂေါတမ မြတ်စွာ ဘုရားထံ သွားကြရန် တိုက်တွန်းကြ၏။

## လူလိမ္မာတွေ ဂေါတမထံသွားလျှင် လူမိုက်တွေ ငါ့ထံလာလိမ့်မည်

သိဒ္ဓည်းဆရာကြီးက လောကမှာ ပညာရှိနှင့် ပညာမဲ့ ဘယ်သူက များသလဲဟု မေးသည်။ ပညာမဲ့က များပါသည် ဆရာကြီးဟု ဖြေဆို လေလျှင်၊ ကောင်းပါပြီ ပညာရှိသူများသည် ဂေါတမထံသွားကြ၊ ပညာမဲ့သူများသည် ငါ့ထံ လာကြလိမ့်မည်။ ငါမလိုက်လိုပါ။ သင်တို့သာ သွားကြပါဟု ဆိုလေ၏။

## သိဒ္ဓည်းဆရာကြီးသွေးခဲ့

ဥပတိဿနှင့် ကောလိတတို့သည် ဆရာကြီး အား နှုတ်ဆက်ပြီး မိမိတို့၏ တပည့် ပုရပိုက် နှင့်အတူ သိဒ္ဓည်း ကျောင်းတိုက်ကြီးမှ ထွက်ခွါ ခဲ့ပြီး ဘုရားရှင်ထံသို့ သွားကြလေ၏။

သိဒ္ဓည်းကျောင်းတိုက်ကြီးသည် ဥပတိဿတို့ အဖွဲ့ရှိစဉ်က သင်္ဃမျာ၊အရှိန်အဝါဖြင့် အလွန် စည်ကားခဲ့၏။ လာဘ်လာဘများ ပေါများခဲ့၏။ ဥပတိဿတို့ မရှိလျှင်ပဲ ကျောင်းတိုက်ကြီးမှာ လူမရှိသကဲ့သို့ တိတ်ဆိတ် ကျန်ရစ်ခဲ့၏။ သိဒ္ဓည်း ဆရာကြီးသည် ကျောင်းတိုက်ကြီးကို ကြည့်ကာ ဝမ်းနည်းမက်လက် ဖြစ်ခဲ့ရပြီး ရင်ဆို့က သွေး ပွက်ပွက် အံတွဖိကိုက်လေ၏။

## ဖေါဘိကွ့

ဘုရားရှင်သည် ပရိသတ်အား တရား ဟော လျက်ရှိသည်။ ဥပတိဿတို့အဖွဲ့ လာနေသည်ကို အဝေးမှ မြင်တော်မူလျှင် ရဟန်းတို့ ရှုကြလော့ အဝေးမှ ငါဘုရားထံ လာနေသူမျှားသည် ဥပ တိဿနှင့် ကောလိတ ဆိုသူတို့ ဖြစ်ကြသည်။ သူတို့သည် ငါဘုရား၏ လက်ဝဲရံ - လက်ယာရံ အဂ္ဂသာဝကကြီးများ ဖြစ်ကြလတ္တံ့ ဟု မိန့်တော် မူ၏။

ဥပတိဿနှင့် ကောလိတတို့အဖွဲ့သည် ဘုရား ရှင်ထံ ရောက်လာကြသည်။ ဘုရားကို ဦးတိုက် လက်အုပ်ချီကာ အရှင်မြတ်ဘုရား ဘပည်တော် များအား ရဟန်း ပြုပေးတော်မူပါ ဘုရားဟု တောင်းပန် လျှောက်ထားကြသည်။ ဘုရားရှင် သည် ဖေါဘိကွ့ ရဟန်းပြုပေးတော်မူရာ အလို အလျောက်ရသော အသွင်များပျောက်ပြီး ရဟန်း အသွင်သို့ ကူးပြောင်း သွားခဲ့ကြသည်။

## တပည့်များက ရဟန္တာအရင်ဖြစ်

ဖေါဘိကွ့ ရဟန်း ပြုပေးတော်မူပြီးနောက် တရားတော်များ ဟောကြားတော်မူ လေရာ တပည့်များသည် ဥပတိဿနှင့် ကောလိတတို့ အရင် ရဟန္တာများ ဖြစ်သွားကြလေ၏။

## ကောလိတ ရဟန္တာ

မောဂ္ဂလာန်အလောင်း ကောလိတ ရဟန်း တော်သည် ရဟန်းဖြစ်ပြီး (၇)ရက်မြောက်တွင် ကလပါလ ရွာငယ် အနီး တောအုပ် တခုဦ် သီတင်းသုံးလျက် တရားကျင့်တော်မူသည်၊ အရှင် မြတ်သည် စက်ဦ်လျှောက်လျက် တရားကျင့်တော် မူလေရာ (၇)ရက်မြောက် နေ့တွင် ကိုယ်ပင်ပန်း နွမ်းနယ်ပြီး အိပ်ငိုက်နေစဉ် ဘုရားကြွလာတော် မူသည်။ ဘုရားက အရှင်မြတ်နှင့်သင့်လျော်သည့် ဓာတ်ကမ္မဋ္ဌာန်းတရားကို ဟောပြတော်မူလေရာ ရဟန္တာအဖြစ်သို့ ရောက်တော်မူခဲ့၏။ အရှင်မြတ် သည် နောင် ကာလတွင် သာသနာတော်မှာ တန်ခိုးအသိဉာဏ်အရာ၌ အထူးချွန်ဆုံး တေဒဂ် ဘွဲ့ထူးကိုရရှိတော်မူပြီး အရှင်မဟာမောဂ္ဂလာန် အမည်ဖြင့် ထင်ရှား ကျော်ကြားကာ မြတ်စွာ ဘုရား၏ လက်ဝဲရံ အဂ္ဂသာဝကကြီး ဖြစ်လာ တော်မူသည်။

## ရဟန္တာ ဥပတိဿ

အရှင် သာရိပုတ္တရာ အလောင်း ဥပတိဿ ရဟန်းတော်သည် ရဟန်းပြုပြီး (၁၅) ရက် မြောက်တွင် ဂိဇ္ဈကူဋ်တောင်၌ ဘုရားနှင့် အတူ သီဘင်းသုံးနေတော်မူစဉ် ဘုရားရှင်ဟောတော် မူသည့် ဒီဃနခ သုတ်တော်ကို ကြားနာရပြီး ဝေဒနာ ကမ္မဋ္ဌာန်းကို အားထုတ်တော်မူလေရာ ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူလေ၏။ နောင် ကာလတွင် သာသနာတော်၌ ပညာအရာမှာ အထူးချွန်ဆုံး တေဒဂ်ဘွဲ့ထူးကို ရရှိတော်မူပြီး အရှင် သာရိပုတ္တရာ အမည်နှင့် ထင်ရှား ကျော် ကြားကာ မြတ်စွာ ဘုရား၏ လက်ယာရံ အဂ္ဂ သာဝကကြီး ဖြစ်လာတော်မူသည်။

# အမတ်ဆယ်ယောက်နှင့် မင်းမှူထမ်း တဆောင်းကို ဘုရားပင့် စေလွှတ်လိုက်ရာ

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူသည်။ သုဒ္ဓေါဒန မင်းကြီးသည် ဘုရားပင့်ဆောင်ရန် အတွက် အမတ်တဦးကို မင်းမှူထမ်း တဆောင် နှင့်အတူ ရာဇဂြိုဟ်ပြည်သို့ စေလွှတ်လေ၏။

အမတ်သည် ရာဇဂြိုဟ်ပြည့် ဝေဠုဝန် ကျောင်းတော်သို့ရောက်လျှင် ဖရိုသတ်ကို တရား ဟောနေခိုက်နှင့် ကြုံကြိုက်နေသဖြင့် ဘုရားကို မ လျှောက် ထား မီ နောက်ပါ မင်း မှူ ထမ်း တဆောင်နှင့်အတူ ဝင်ရောက် တရားနာယူသည်။ တရားဆုံးသည်တွင် အာဒုံး ရဟန္တာများ ဖြစ် သွားကြသည်။

ရဟန္တာများ ဖြစ်လာကြပြီးနောက် မိမိတို့ အား ရဟန်း ပြုပေးပါရန် လျှောက်ထား တောင်းပန်ကြ သဖြင့် ဘုရားရှင်က ဟိဘိက္ခု ရဟန်း ပြုပေးတော်မူသည်။

## မလျှောက်ဖြစ်

အမတ်နှင့် မင်း ချင်း တဆောင် တို့သည် ရဟန္တာအဖြစ်သို့ ရောက်သွားကြသဖြင့် လောကီ ကိစ္စ အာရုံသို့ စိတ်မရောက်ကြတော့ပဲ မင်းကြီး စေခိုင်းလိုက်သည့် ဘုရားပင့်လျှောက်ရန် ကိစ္စကို မေ့ပျောက်သွားခဲ့သည်။

## နောက်တသုတ် စေလွှတ်ပြန်

ဘုရားပင့်ဆောင်ရန် သွားကြသည့် အမတ် နှင့် မင်းမှူထမ်းများ အချိန်တန်၍ ပြန်မရောက် လာကြသောအခါ မင်းကြီးသည် နောက်တသုတ် အမတ်တဦးနှင့် မင်းမှူထမ်းတဆောင်ကို ဘုရား ပင့် စေလွှတ်လိုက်ပြန်သည်။

## သူတို့လည်း

နောက်တသုတ် သွားကြသူများသည်လည်း ဘုရားတရားဟောပွဲနှင့်ကြုံကြိုက်နေကြပြန်သဖြင့် ဝင်ရောက် တရားနာကြပြန်သည်။ တရားဒေသနာတွင် အာဒုံး ရဟန္တာအဖြစ်သို့ ရောက် ကြပြန်သည်။ ရှေးနည်းအတူ ဘုရားထံခွင့်တောင်း၍ ဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်သွားကြသည်။ မင်းကြီးစေခိုင်းသည့် ဘုရားပင့်ကိစ္စကိုလည်း မေ့ပျောက်၍ သွားကြသည်။

## ကိုးသုတ်တိုင် စေလွှတ်သော်လည်း

မင်းကြီးသည် ဘုရားပင့် စေလွှတ်သူများ ရောက်မလာ၍ တသုတ်ပြီး တသုတ် ကိုးသုတ်တိုင်တိုင် အမတ်တဦးနှင့် မင်းချင်း တဆောင်စီ စေလွှတ်ခဲ့သည်။ စေလွှတ်သမျှ အားလုံးသည် တသောက် တလေမျှ ပြန်ရောက် မလာကြပဲ၊ ရဟန္တာများ ဖြစ်သွားခဲ့ကြသည်။

## နောက်ဆုံးအသုတ်

နောက်ဆုံးအသုတ်တွင် မင်းကြီး စိတ်အချရဆုံး ဖြစ်သည့် ဘုရားနှင့်ဖွားဘက်တော် ကာဠုဒါယီ အမတ်ကြီးကို မင်းမှူထမ်း တဆောင်နှင့် စေလွှတ်လိုက်လေသည်။

## ကောင်းကင်မှ နန်းတော်ဆွမ်း

ဖခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် သားတော် ဘုရား ကြွလာစဉ် လမ်းခရီးမှာပင် နန်းတော်မှဆွမ်းကို နေ့စဉ် ပို့ဆောင် ဆက်ကပ် လျက်ရှိသည်။ ကာဠုဒါယီ ရဟန္တာအရှင်မြတ်ကြီးသည် ကောင်းကင်မှ ကြွတော်မူလျက် နန်းတော်မှ ဆွမ်းကို သယ်ဆောင်ကာ မြတ်ဘုရား အား နေ့စဉ် ဆက်ကပ်တော်မူသည်။

## နေပြည်တော်ရောက်

မြတ်ဗုဒ္ဓသည် ခရီးထောက် မဏ္ဍပ်များတွင် တနေ့စီ ရပ်နားကာ ကြွချီတော်မူခဲ့ရာ၊ ရက် ပေါင်း (၆၀) မြောက်တွင် ကပိလဝတ် နေပြည် တော် တွင်းသို့ ဝင်လာတော်မူသည်။ မင်းကြီး သည်လည်း သားတော် ဘုရား ကြွရောက်လျှင် သီဘင်းသုံ နေထိုင်နိုင်ရန် နိဂြောဓဥယျာဉ်တော် ဥဒေနရာဆိုင်ခင်းများခမ်းခမ်း နားနား ကြိုတင် ပြင်ဆင်ထားခဲ့သည်။ သားတော်ဘုရား နေပြည် တော် အဘွင်းသို့ ရောက်လာသောအခါ သာကီ ဝင် မင်းများနှင့် တကွ မြို့သူ မြို့သားများနှင့် အတူ သောင်းသောင်း ဖျဖျ ကြိုဆိုကြသည်။ မင်းကြီးသည် ခရီးဦးကြိုပြုပြီး အရံသင့် စီစဉ် ထားသည့် နိဂြောဓဥယျာဉ်တော်သို့ ပင့်ဆောင် သွားလေ၏။

## သာကီဝင်မင်းတို့၏ မာနချိုးနှိမ်

မြတ်ဘုရား ဥယျာဉ်တော်သို့ ရောက်လေလျှင် ဆွေးဘင် မျိုးဘင် သာကီဝင်မင်းများ တဖွဲဖွဲ ရောက်လာကြသည်။ ရောက်လာကြသော ဆွေ

## ကပိလဝတ် နေပြည်တော်သို့ ကြွချီတော်မူ

မြတ်ဗုဒ္ဓသည် ဖခမည်းတော် မင်းကြီး၏ ပင့် လျှောက်သည်ကို လက်ခံတော်မူသည်။ ကြွရမည့် ခရီးစဉ်မှာ မြတ်ဘုရား သီတင်းသုံးနေတော်မူရာ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်မှ ကပိ လဝတ်ပြည်သို့ ကြွရောက်ရမည်ဖြစ်သည်။ ရာဇ ဂြိုဟ် ပြည်နှင့် ကပိလဝတ်ပြည်သည် ယူဇနာ ၆၀ ကွာဝေး၏။ နောက်ပါ ရဟန်းနှစ်သောင်း နှင့်အဘူ ကြွတော်မူရမည်ဖြစ်သည်။

နောက်ပါ ရဟန်းတော်များနှင့် အတူ ကြွ တော်မူရမည်ဖြစ်၍ တရက်လျှင် တယူဇနာ ခရီး ဖြင့် ကြွချီ ရပ်နားသွားနိုင်ရန် နှစ်ပြည်ထောင် အကြားတွင် တယူဇနာ ခြားစီ မဏ္ဍပ်များ ဆောက်လုပ် စီရင်ကြသည်။

မြတ်ဗုဒ္ဓသည် ရဟန်းတော် နှစ်သောင်းနှင့် အဘူ ရာဇဂြိုဟ်ပြည်မှ စဘင် ထွက်ခွာတော်မူ သည်။ လမ်းခရီး အကြား၌ ဆောက်လုပ်ထား သော မဏ္ဍပ်များတွင် တရက်စီသီတင်းသုံးလျက် ရပ်နားကြွချီတော်မူလေသည်။ လမ်းခရီး မဏ္ဍပ် များတွင် ကြိုဆိုသူများ၊ ပို့ဆောင်သူများ၊ ဆွမ်း ဝတ်ပြုသူများဖြင့် စည်ကား သိုက်မြိုက်လျက် ရှိသည်။

တော် မျိုးတော် သာကီဝင် မင်း များ သည် အသက်ငယ်သူများကို ဘုရားဖြစ် ရှိခိုး ဦးချစေသည်။ ဘုရားထက် အသက်ကြီးသူများက ရှိမခိုးကြပဲ ပရိသတ်၏ နောက်ကွယ်တွင် နေကြသည်။

မြတ်ဘုရားသည် မိမိ၏ ဆွေတော် မျိုးတော် သာကီဝင် မင်းတို့၏ မာနကို သိတော်မူလျှင် အလင်းရောင်ကြီး ဖန်ဆင်းတော်မူ လိုက်သည်။ လောကဓာတ်ကြီး တခုလုံး အလင်းရောင်ကြီး ပေါ်ထွက်လာတဲ့ အခါ ပရိသတ် ကြီးသည် အားရ ရွှင်မြူးလာကြသည်။

မြတ်ဘုရားသည် အလင်းရောင်ကြီးအတွင်းမှ ကောင်းကင်သို့ ပြန်တက်ကာ ရုပ်လျက် ခန္ဓာကိုယ်တော်မှ ဝင်းကနဲ လက် ကနဲ ရောင်စုံ တဖျပ်ဖျပ် တောက်ပစေပြီး ရေ တလှည့်၊ မီး တလှည့် ထွက်တော်မူစေသည်။

## ခမည်းတော်မင်းကြီး ရှိခိုး

ပရိသတ် ကြီး သည် ဘုရား၏ ခန္ဓာကိုယ်မှ တဖျပ်ဖျပ် ရောင်စုံ မြူးကြွနေသည့် တန်ခိုး ဘော်များကို ကြည့်ပြီး အံ့လို့ မဆုံး၊ ဖူးလို့မဝ ရှိနေကြသည်။ ဖခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် သားတော်ဘုရားအား လက်အုပ်ချီမိုး ရှိခိုး ဖူးမြော်နေ၏။ မင်းကြီးကစတင် ရှိခိုးဦးချ သည်နှင့် တပြိုင်နက် ကျန် သာ ကီ ဝင် မင်း ကြီး ငယ် အပေါင်းကလည်း အသီးသီး ရှိခိုး ဦးချ ကန်တော့ကြလေ၏။

## ရတနာစင်္ကြံတော်ကြီး ဖန်ဆင်း

ဆွေတော် မျိုးတော်တို့၏ မာနကို ချိုးနှိမ် တော်မူပြီးနောက်၊ ဆက်လက်၍ ကောင်းကင်၌ ရတနာ စင်္ကြံလမ်းကို ဖန်ဆင်းတော်မူပြန်သည်။ စင်္ကြံတော်သည် ရတနာ ရောင်စုံ တို့ဖြင့် တဖိတ်ဖိတ် တောက်ပလျက်ရှိ၏။ ထိုစင်္ကြံလမ်းမကြီး ပေါ်မှာ ဘုရား၏ ကျက်သရေ တော်ဖြင့် ခေါက်တုံ့ ခေါက်ပြန် စင်္ကြံ လှမ်းကြွနေတော်မူသည်။

နတ် ဗြဟ္မာ အပေါင်းတို့သည် အရပ်ရပ်မှ ရောက်လာကြပြီး ပန်းမျိုးစုံတို့ဖြင့် စင်္ကြံကြီး ပေါ်တွင် ကျဲဖြန့် ပူဇော်နေကြသည်။

ရှင်သာရိပုတ္တရာနှင့် ရဟန္တာ ငါးရာ အရှင် မြတ်တို့ကလည်း ကောင်းကင်ခရီးဖြင့် ကြွရောက် လာကြပြီး ကောင်းကင်မှာပင် ရပ်လျက် ရှိခိုး ပူဇော်နေကြ၏။

ရှင်မဟာ မောဂ္ဂလာန်နှင့် ရှင်မဟာကဿပ စသော တန်ခိုးကြီး အရှင်မြတ် များကလည်း ကောင်းကင်ဘွင်ရပ်လျက် ရှိခိုးပူဇော်နေကြ၏။

## ဗုဒ္ဓဝင် ဒေသနာ ဟောတော်မူ

ရာဇနာစင်္ကြံကြီးတွင်လမ်းလျှောက်နေတော်မူစဉ် အရှင် သာရိပုတ္တရာက အရှင်မြတ်ဘုရား အရှင်မြတ်သည် ဘုရားအဖြစ်သို့ ရောက်ရှိလာပုံ ဗုဒ္ဓဝင် အကြောင်းကို ဟော တော် မူ ပါ ဟု တောင်းပန် လျှောက်ထား လေ၏။ ထိုအခါ မြတ်ဘုရားက မိမိသည် ဒီပင်္ကရာ ဘုရားလက်ထက်မှစ၍ ဗျာဒိဘ်ရခဲ့ပုံများကို အစချီပြီး ဂေါတမ ဘုရား အဖြစ်သို့ ရောက်ရှိလာသည်အထိ ဗုဒ္ဓသမိုင်း ဗုဒ္ဓဝင် ဒေသနာတော်ကို ဟောတော်မူလေသည်။ ဗုဒ္ဓဝင်အကြောင်းကို ဟောတော်မူပြီးဆုံးချိန်တွင် နတ်ဗြဟ္မာပေါင်း ကုဋေတသိန်းမျှ ကျွတ်တန်းဝင်ခဲ့ကြလေ၏။

## ဝေဿန္တရာဇာတ်တော်

ဗုဒ္ဓဝင်ကို ဟောတော်မူပြီး ရတနာ စင်္ကြံ ကြီးမှ ဆင်းသက်တော်မူသည်။ ခင်းထားသည့် နေရာတွင် သီတင်းသုံးနေတော်မူစဉ် ပေါက္ခရဝဿမိုးကြီး ရွာသန်းခဲ့လေ၏။ နိမြန်းသောမိုးရေများသည် မြေပြင်မှာ တသွင်သွင်စီးဆင်းလျက်ရှိပြီး စိုစွတ်သူများကိုသာ စိုစွတ်ပြီး၊ မစိုစွတ်လိုသူများကို မစိုစွတ်ပဲ ရှိနေ၏။ ကြွရောက်လာကြတဲ့ ဆွေတော် မျိုးတော်များသည် တအံ့တသြဖြစ်လျက် ရှိကြသည်။ ထိုအခါ မြတ်ဗုဒ္ဓက ဆွေတော် မျိုးတော်အပေါင်းတို့ ပေါက္ခရဝဿမိုးကြီးသည် ယခုမှသာ ရွာသွန်းသည် မဟုတ်သေး၊ ငါဘုရားအလောင်းတော် ပါရမီဖြည့်စဉ် အခါကလည်း ယခုလို ဆွေတော် မျိုးတော်များ စုံညီနေချိန်တွင် ရွာသွန်းခဲ့ဖူးကြောင်း အစချီကာ ဝေဿန္တရာဇာတ်တော်ကြီးကို ဟောတော်မူလေ၏။

## ဆွမ်းစားမပင့်မိခဲ့

ဝေဿန္တရာဇာတ်ဘော် ဟော အပြီးတွင် ပရိသတ်များ ပြန်ကြလေ၏။ မင်းကြီး သည် နောက်နေ့အတွက် ဆွမ်းစားပင့်ရန် သတိလစ်ခဲ့၏။ အချိန်ရောက်လျှင် နန်းတော်သို့ ဆွမ်းစားကြွလာမည်အထင်နှင့် ပြန်လာခဲ့၏။ ဘုရားတို့ မည်သည် မပင့်ဖိတ်ပဲ မည်သည့်အိမ်ကိုမှ ဆွမ်းခံကြွရိုးထုံးစံ မရှိပေ။

## ကပိလဝတ် မြို့တွင်း ဆွမ်းခံကြွ

နောက် တနေ့တွင် မြတ်စွာ ဘုရားသည် ရဟန္တာပေါင်း နှစ်သောင်းနှင့်အတူ ကပိလဝတ်မြို့တွင်းသို့ အိမ်စဉ်အတိုင်း ဆွမ်းခံဝင်တော်မူသည်။

## သားတော်လေးကို နန်းတော် ပြုတင်းဝမှ

ရောင်ခြည်တော် ခြောက်သွယ် ကွန်မြူးလျက် ဘုရား၏ ကျက်သရေတော်ဖြင့် အိမ်စဉ်လှည့်ကာ ဆွမ်းခံ ကြွလာတော်မူသည့် မြတ် ဘုရား ကို ယသော်ဓရာသည် နန်းတော်ပြုတင်းမှလှမ်းမျှော်တွေ့မြင်လေ၏။ ကပျာကယာ သားတော်လေး ရာဟုလာကို ပွေ့ချီပြီး ဘုရားဆီသို့ ညွှန်ပြကာ-သားတော် ကြည့်လေလော့ ရှေ့မှ ကြွလာသူသည်၊ သင်၏ ဖခင် ဖြစ်ပေသည်။ ဘုရား၏ ကျက်သရေတော်ကို ပါးစပ်က တတွတ်တွတ် ပြောဆို ချီးကျူးယင်း ညွှန်ပြနေလေ၏။

## မင်းကြီး နှလုံးမသာယာ

ယာသော်ဓရာသည် သားတော်လေးကို လက်မှချခဲ့ပြီး မင်းကြီးထံသို့ ကသောကမျောသွားရောက် သတင်းပို့သည်။ မင်းကြီးသည် သတင်းကို ကြားရလျှင် စိတ်သောက ဖြစ်၍ ဘုရားဆွမ်းခံ ကြွလာရာသို့ ကပျာကယာ သွားလေ၏။ ဘုရား ရှေ့တော်တွင် ရပ်ပြီး အရှင် ဘုရားတို့သည် အဘယ့်ကြောင့် တပည့်တော်အား အရှက်ခွဲပါသနည်း။ အရှင်ဘုရားအား နန်းတော်က ဆွမ်းမကျွေးနိုင်လို့ ခုလို အိမ်စဉ်လှည့်ပြီး ဆွမ်းခံကြွပါသလော ပြောဆို အပြစ်တင်လေ၏။

## သောတာပန် - သကဒါဂါမ် မင်းကြီး

မြတ်စွာဘုရားက- ဒကာတော်မင်းကြီး ယခုလို ဆွမ်းခံခြင်းသည် ငါဘုရား အစဉ်အဆက်က ကျင့်သုံးလာခဲ့သည့် ကျင့်ဝတ်ပင် ဖြစ်၏။ ဤကျင့်ဝတ်ကို မမေ့ကောင်း မမေ့အပ်ပေ။ စကား

အစချီပြီး ဥတိဋ္ဌနပမဇ္ဈယျ စာရားတဂါထာ တော်ကို ဟောကြားတော်မူလေရာ တရားတော် အဆုံးတွင် မင်းကြီးသည် သောတာပန်အရိယာ အဖြစ်သို့ ရောက်ခဲ့လေ၏။

တရားနာအပြီးတွင် မြတ်ဘုရားကို နန်းတော် သို့ ပင့်ဆောင်ပြီး စောစောက စီစဉ်ထားသည့် ဆွမ်းခဲဘွယ် ဘောဇဉ်များကို ဆက်ကပ်လှူဒါန်း သည်။ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ဆွမ်း အနုမောဒနာ တရားကို ဟောကြားတော်မူလေ ရာ၊ နောက် တဆင့် သကဒါဂါမ် အရိယာ အဖြစ်သို့ ရောက်ရှိခဲ့၏။

## ယသေက်ခရာ အဆောင်တော်သို့

ဘုရားအား ဆွမ်းကပ်နေချိန်တွင် နန်းတော် သူ၊ နန်းတော်သား အားလုံးသည် နန်းတော် ခန်းမသို့ လာရောက်ပြီး ဘုရားနှင့် သံဃာတော် များအား ဆွမ်းကပ် ပြုစုလျက် ရှိကြ၏။ ယသော်ခရာကား လိုက်မလာပဲ မိမိ အဆောင် တွင် ကျန်ရစ်ခဲ့၏။ ဘုရားထံသို့သွားရန် တို့က် တွန်းသောအခါ- အရှင်သားသည် ငါ့ကျေးဇူး ကိုသိလျှင် ငါ့ထံသို့ လာရောက်ကျပါလိမ့်မည်၊ ဒီအခါကျမှပဲ ဖူးမြော်ပါတော့မည်ဟု ဆို၏။

မြတ်စွာဘုရားသည် ဆွမ်း စား ပြီး နောက် သပိတ်တော်ကို မင်းကြီးအား ပေးအပ်ပြီး ရှင် သာရိပုတ္တရာနှင့် ရှင်မဟာ မောဂ္ဂလာန် တို့ကို ခေါ်တော်မူလျက် ယသော်ခရာအဆောင်တော် သို့ ကြွတော်မူလေ၏။

## မင်းသမီးကို မတားပါနှင့်

အဆောင်တော်သို့ရောက်လျှင် ယသော်ခရာ မင်းသမီးသည် ငါ ဘုရားအား အလိုရှိသလို လွတ်လပ်စွာ ရှိခိုးဝတ်ပြုပါစေ၊ အဟန့်အတား မပြုပါလေနှင့်ဟု မိန့်တော်မူ၏ ယသော်ခရာ သည် ဘုရားထံသို့ ဝမ်းသာအားရ ရောက်လာ ကာ ဘုရား၏ ခြေဖမိုးအစုံမှာ မျက်နှာအပ်လျက် ဖမျက်တော်နှစ်ဖက်ကိုကိုင်ပြီး မျက်နှာနှင့်လူးကာ လိမ့်ခါး အားရပါးရ ရှိခိုးပူဇော်လေ၏။

## ချွေးမတော် ချီးမွမ်းခန်းဖွင့်

မင်းကြီးက ချွေးမတော်၏ ဂုဏ်ကျေးဇူးများ ကို တခုစီ တခုစီ ကောက်မငင်ကာ လျှောက် ထားလေ၏။

သမီးတော်သည် အရှင်ဘုရားတို့ ဖန်ရည်ဆိုး အဝတ်ကို ဝတ်သည့် သတင်းကို ကြားရသည့် အခါမှစပြီး သူလဲ ဖန်ရည်ဆိုး အဝတ်ကိုသာ ဝတ်ဆင်ခဲ့ပါသည်။

အရှင်ဘုရားတို့ ဆွမ်း တထပ်သာ စားသည့် သတင်းကို ကြားသည့်နေ့မှစပြီးသမီးတော်လည်း ထမင်းတနပ်သာ စားလာခဲ့ပါသည်။

အရှင်ဘုရားတို့ အိပ်ရာ နေရာကောင်းကို စွန့်ပယ်သည့် သဘင်းကို ကြားရသည်မှ စပြီး သမီးတော်လဲ ကြိုးပြာ ဖြင့် ယက်သည့် ကုတင် ၌သာ အိပ်လာခဲ့ပါသည်။

အရှင်ဘုရားတို့ ပန်းနံ့သာများ စွန့်ပယ် ကြောင်း သတင်းကို ကြားသည်မှ စပြီး သမီး တော်လဲ ပန်းနံ့သာ ပန်ဆင် လိမ်းကျံခြင်းများ ကို စွန့်ပယ်ခဲ့ပါသည်။

အရှင်ဘုရားတို့ နန်းတော်မှ ထွက်ခွာသွား ကတည်းက မင်းညီမင်းသားများ ထံမှ သမီး တော်အား ကျွေးမွေးစောင့်ရှောက်လိုကြောင်း ကမ်းလှမ်းစာများ အဆောင်စောင် ရောက်လာ ခဲ့ပါသည်။ သမီးတော်သည် ဒီအကြောင်းများ နှင့် ပတ်သက်ပြီး တခစ်တစောင်းမျှပင် လှည့် မကြည့်ခဲ့ပါ။ သမီးတော်၏ ဂုဏ်အင်္ဂါ အရည်

အချင်းများမှာ ခြိုးကျူးရှိပင် မဆုံးနိုင်ကြောင်း မင်းကြီးက စီကာပတ်ကုံး လျှောက်ထားလေ၏။

## စန္ဒကိန္နရီ ဇာတ်တော်ဟော

မြတ်ဘုရား-မင်းကြီး ရာဟုလာမယ်တော်သည် ယခုလို ပါရမီခင့်ကျက်နေသည့် အခါမျိုးတွင်သာ မိမိကိုယ်ကို စောင့်ထိန်း နိုင်ခဲ့သည် မဟုတ်ပါ။ ပါရမီ နှုန်းသေးသည့် စန္ဒကိန္နရီဘဝဖြစ်စဉ်အခါကပင် မိမိကိုယ်ကို စောင့်ထိန်းနိုင်ခဲ့ပါ၊ကြောင်း အစပျိုးကာ စန္ဒကိန္နရီ ဇာတ်တော်ကို ဟောတော်မူလေ၏။ တရားဟော အပြီးတွင် ယသော်ဓရာ အဆောင်တော်မှ ပြန်လည် ထွက်ခွာခဲ့ပြီး ရဟန်း ပရိသတ်များနှင့် အတူ နိဂြောဓ ဥယျာဉ်တော်သို့ ပြန်ကြွတော်မူခဲ့သည်။

## သိန်းဂေပါင်း ငါးထောင့် လေးရာကုန် မြတ်ဗုဒ္ဓ ဇာတဝန် ကျောင်းတော်ကြီး အသပြာငွေနှင့် ဖြေကိုစက်၍ ဝယ်ယူ ဆောက်လုပ်ခဲ့ရခြင်း သဒ္ဓါထက်လွန်သည့် ကျောင်းဒကာကြီး အနာထပိဏ်

အနာထပိဏ် သဌေးကြီးသည် သာဝတ္ထိပြည်သား ဖြစ်၏။ ငယ်မည်မှာ သုဒတ္တဖြစ်၏။ စားရမဲ့ သောက်ရမဲ့ ခိုကိုးရာမဲ့ ဖြစ်နေသူများအား ထမင်းပေး ကျွေးလေ့ရှိ သောကြောင့် (အနာထပိဏ္ဍိက) အနာထပိဏ်ဟု ထင်ရှားကျော်ကြားလာခဲ့၏။

## ဘုရားဆိုသည့် အသံကို ကြားရလျှင်

တနေ့တွင် သဌေးကြီသည် ရာဇဂြိုဟ်ပြည် မိမိသူငယ်ချင်းထံသို့ ကူးသန်းရောင်းဝယ်ကိစ္စနှင့် သွားရောက်ခဲ့၏။ ရောက်လျှင် သူငယ်ချင်းမှာ ချက်ရေး ပြုတ်ရေး အခမ်းအနား ပြင်ဆင်ရေး ကိစ္စများနှင့် အလုပ်များနေသည်ကို တွေ့ရ၏။

အကြောင်းကို မေးတဲ့အခါ မနက်ဖန် ဘုရားနှင့် သံဃာတော်များကို ဆွမ်းကပ်ဖို့ အတွက် အလုပ် မအားလပ် နိုင်အောင် ရှိနေကြောင်း ပြောလေ၏။ သဌေးကြီးသည် ဘုရား ဆိုသည့် အသံကို ကြားလိုက်တဲ့အခါ တကိုယ်လုံး ပီတိများ စိမ့်ဝင်လာပြီး မေ့သလိုငြိမ်သက်သွားခဲ့၏။ သူငယ်ချင်း-တုရားလို့ သင်ပြောမိပါသလား ဟု မေးလေ၏။ မှန်ပါသည် ငါသည် ဘုရားလို့ ပြောပါသည်ဟု ဖြေဆိုလေရာ၊ ဒုတိယ အကြိမ် ဘုရားဆိုသည့်အသံကို ကြားလိုက်သည့် အခါမှာလည်း ရှေးနည်းအတူ ပီတိများဖြစ်ပြီး မေ့သလို ငြိမ်သက်သွားပြန်သည်။ သုံးကြိမ်တိတိ မေးမြန်းပြီး ဘုရားဆိုသည့် အသံကို ကြားရတိုင်း ဝမ်းသာ အားရလွန်းပြီး မေ့သလိုလိုဖြစ်ကာ ငြိမ်သက် သွားခဲ့၏။

## နိုးမြန်မြန် လင်းစေလို

သင္ခ်ဳိးကြီးက- သူငယ်ချင်း ယခု ဘုရားထဲသွားဖို့ အချိန် ရပါသေးသလား ဟု မေးလိုက်သည်၊ ယခုအခါ နေဝင်ချိန် ရောက်နေပြီမို့ ဘုရားကျောင်းကောင်သွားဖို့ အချိန်မရတော့ပါ၊ မနက်ဖန်မှပဲ စောစောသွားပါတော့ သူငယ်ချင်း ဟု ဆိုလေ၏။

အနာထပိဏ်သည် ဘုရားဆိုသည့် အသံကို ကြားလိုက်ရသည့်နောက်ပိုင်းမှာ တခြား အာရုံဘွေကို မနေရဘဲခဏပဲ ဘုရားဆီမှာပဲ စိတ်ရောက်နေခဲ့တော့၏။ ကူးသန်းရောင်းဝယ်နဲ့လာကဲ့ကိစ္စဘွေပဲ လုံးလုံး သတိမေ့သွားခဲ့၏။ နှုတ်က ဘုရား- ဘုရားဟု တတွတ်တွတ် ကိုးတိုး ရွတ်ဆို နေးလေတော့၏။

ထိုညတွင် စားဖို့ကိုပင် သတိ မရတော့ပဲ ဘုရားအာရုံနှင့်ပင် အိပ်ပျော်ခဲ့ရသည်။ ခေတ္တမျှ အိပ်ပျော်ပြီး နိုးလာခဲ့သည်။ ဘုရားအာရုံကြောင့် ဖြစ်ပေါ်နေသော ပီတိများ၏ တန်ခိုးကြောင့် အိပ်ခန်း တခုလုံး အလင်းရောင်ကြီး ထွက်ပေါ်နေ၏။ မိုးလင်းပြီထင်မှတ်ပြီး အိပ်ရာမှ ဖျတ်ကနဲ ထလိုက်သည်။ ကပျာကယာ တံခါးဖွင့် အပြင် ထွက်လိုက်သည့်အခါ လမင်းကြီးသာလျှင်မှိန်နေသည်ကို တွေ့ရ၍ ညဉ့်ဦးယံသာ ရှိသေးကြောင်း သိရသည်။ တဖန် အိပ်ရာသို့ ပြန်ဝင်ပြီး ဘုရားအာရုံနှင့်ပင် အိပ်ပျော်ရပြန်သည်။ ခဏကြာလျှင် နိုးလာပြန်သည်။ ရှေးနည်းအတိုင်း မိုးလင်းပြီ ထင်မှတ်ပြီး တံခါးဖွင့် အပြင်ထွက်ပြန်သည်။ မိုးမလင်းသေးကြောင်း သိရ၍ တဖန် အိပ်ယာဝင်ရပြန်သည်။ ဤနည်းအတိုင်း နိုးလိုက် ထလိုက်နှင့် နောက်ဆုံး မိုးလင်းခါနီး အချိန် ရောက်လာသည်တွင် အိပ်ယာမှ အပြီးသတ်တ၍ အပြင်သို့ ထွက်လာခဲ့ပြီး မြို့တွင်း လှမ်းမကြီး အတိုင်း လျှောက်လာခဲ့၏။

## လူသေကောင်တွေ တက်နင်း

ဘုရား အာရုံ ငေးနှင့် မျောင်မျောင် မည်း မည်း ကြီးလဲမှာ လျှောက်လာခဲ့ရာ၊ မြို့တံခါး အဆွက်တွင် လူသေကောင် အလောင်းတခုကို နင်းမိသွား၏။ ဆက်ပြီး လျှောက်ပြန်သောအခါ အခြား လူသေအလောင်းတခုကို ခလုတ်တိုက်မိ ပြန်သည်။ လူသေကောင်မှ ယင်ကောင်များ ဝေါကနဲ ထပြန်သွားသည်။ လူသေပုပ် အနံ့ များကလည်း ဆိုးဝါး ဝါးဝါး နှာခေါင်းကို နှိပ်ဖိလျက်ပင်၏။

ယင်း လူသေလောင်းများသည်၊ ည အချိန်မတော် ပြို့တံခါး ပိတ်ချိန်တွင် သေဆုံးသူများ ဖြစ်၍ မြို့ရိုးပေါ်မှ ပစ်ချထားသော အလောင်းကောင်များ ဖြစ်ကြသည်။ သင္ခ်ဳိးကြီးသည် လူသေကောင်များနှင့် ကြောက်ရွံ့လာပြီး နောက်ပြန်ဆုတ်ရန် အကြံဖြစ်လာသည်။

## နက်ဘီလူးက တိုက်တွန်းအားပေး

သင္ခ်ဳိးကြီးသည် နောက်သို့ ပြန်လှည့်ရန် အားတုတ်နေစဉ် နင်းဘီလူး တယောက်သည် သင္ခ်ဳိးကြီးကို အကူအညီပေးရန် ရောက်လာသည်။ နက်ဘီလူးက ကိုယ်ထင်မပြဲပဲ သာယာသော အသံဖြင့် ဤသို့ဆိုလေ၏။-

အို သင္ခ်ဳိးကြီး၊ ဆင်ရတနာ တသိန်း၊ မြင်းရတနာတသိန်း၊ အဿထိုမြင်းတသိန်း၊ ပတ္တာမြားရတနာ ဝတ်ဆင်ထားသည့် ပျိုကညာ တသိန်းတို့သည် မြတ်ဘုရားထံ သွားနေသောသူ၏ ခြေတလှမ်းကို တဆယ့်ခြောက်စိတ်စိတ်လျှင် ဟစိတ်လောက်ပင် တန်ဖိုး မထိုက်ပါ။

အို သင္ခ်ဳိးကြီး ရှေ့သို့ဆက်လှမ်းပါလော့- ရှေ့သို့ ဆက်လှမ်းပါလော့- ရှေ့သို့ ဆက်လှမ်း

ခြင်းကသာ မြတ်ပါ၏။ နောက်သို့ပြန်ဆုတ်ခြင်းမှာ အမြတ်မရှိနိုင်ပါ။

သင္ဂေးကြီးသည် မိမိအား ပြောနေသည့်အသံကို ကြားလျှင် မိမိနှင့်အတူ အဖော်ရှိနေသည်ဟု အားတက်လာသည်။ ကြောက်စိတ်များပျောက်သွားသည်။ နောက်မပြန်တော့ပဲ ရှေ့သို့ ဆက်လက် သွားခဲ့သည်။ သုသာန်လမ်းတလျှောက်လုံးလူ သေ ကောင် အမျိုးမျိုးနှင့် ကြောက်စရာကောင်းသည့် ခွေးဟောင်သံ အူသံများ ကြားမှ စွန့် စွန့် စား စား လျှောက်လှမ်း လာခဲ့သည်။ မကြာမီ ဘုရားရှိရာတောအုပ်သို့ ဝင်လာခဲ့သည်။

## ဘုရားနှင့်တွေ့

မြတ်ဘုရားသည် မိုး လင်း ခါ နီး ချိန် မှာ လွင်ပြင်သို့ထွက်ကာ စင်္ကြံလျှောက်လှမ်းရှိနေ၏။ သင္ဂေးကြီး၏ စိတ်ဆွဲ အတွေး ပေါ်လာသည်မှာ ဘုရားနှင့်တွေ့တဲ့အခါ ဘုရားဆုယဉ်လို့ ဘယ်နည်းနဲ့ သိရပမလဲ၊ တိတ္ထိဆရာကြီးများ ကတော့ သူတို့ကိုယ် သူတို့ ဘုရားမျှားဖြစ်ကြောင်း ပြောကြဆိုကြလို့ သိကြရ၏။ ယခု ငါတို့လိုသည့် ဘုရား သခင်သည် ဘုရားစင်စစ် ဧကန်ဖြစ်ခဲ့လျှင် ငါ၏ ဝယ်နာမည် သုဒတ္တသို့ လှမ်းခေါ်မှာပဲလို့ တွေးယင်း တောယင်းနှင့် ဘုရားအနီးသို့ ရောက်လာခဲ့၏။

မြတ် ဗုဒ္ဓ သည် သင္ဂေးကြီး လာနေသည်ကို မြင်လျှင် လမ်းလျှောက်ရာမှ ရပ်နားပြီး ခင်းထားသော နေရာတွင် ထိုင်တော်မူ၏။ အနီးသို့ ရောက်လာတဲ့အခါ သင္ဂေးကြီး၏ စိတ်အကြံကို သိနေပြီးဖြစ်၍ သုဒတ္တ လာလေ့ ထိုင်လေ့ဟု လှမ်းခေါ်တော်မူသည်၊ သင္ဂေးကြီးသည် မိမိအတွေးအတိုင်း သုဒတ္တဟု ခေါ်သံကို ကြားရသည်တွင် ဝမ်းပန်းတသာနှင့် ဘုရား၏ ခြေတော်စုံကို ဦးတိုက်လေ၏။ အမျှင်မြတ်ဘုရား ချမ်းချမ်းသာသာ ကျိန်းစက်တော်မူရပါသလားဟုဆိုကာ ဦးကြို နှုတ်ခွန်း ဆက်သလေ၏။ ဘုရားက-ဒကာတော်-

> ကိုလေသာ အညစ် အကြေး ကင်းပြီး ငြိမ်းအေးခြင်း သဘောရှိကြတဲ့ သူတော် မြတ်တို့ မည်သည် ချမ်းသာစွာ အိပ်စက်ရ စမြဲပင်

ဟု ဂါထာရွတ်ဆို ဖြေကြားတော်မူသည်။

## သောတာပန်

ဤသို့ ဖြေကြားတော် မူပြီးနောက် သင္ဂေးကြီးအား ဒါနကြောင်း သီလကြောင်း စတဲ့ အနုပုဗ္ဗိကထာ တရားတော်များကို ဟောကြားတော်မူ လေရာ၊ သင္ဂေးကြီးသည် စိတ်အာရုံများ ကြည်လင် လာသည်။ ဘုရားက ဆက်လက်၍ သစ္စာလေးပါး တရားတော်များကို ဟောကြားတော်မူလေရာ သင္ဂေးကြီးသည် သောတာပန် အရိယာအဖြစ်သို့ ရောက်ရှိသွားခဲ့၏။

## သာဝတ္ထိပြည်သို့ ပင့်လျှောက်

သင္ဂေးကြီးသည် မြတ်ဘုရားအား သာဝတ္ထိပြည်သို့ ကြွရောက် ဝါဆို သီတင်းသုံးတော်မူရန် လျှောက်ထားသည်။ ဘုရားရှင်က ဒကာတော် ဘုရားတို့မည်သည် ဆိတ်ငြိမ်ရာ အရပ်မှာ ပျော်ပိုက် ကြပါ၏ဟု မိန့်တော်မူ၏။ သင္ဂေးကြီးက ဘုရား လက်ခံတော်မူသည်ကိုသိ၍ တပည့်တော် နားလည်ပါပြီဟု လျှောက်ကြားသည်။

## ကျောင်းတော်ရာ ရွှေးယင်း ဘုရားဖြစ်

သင္ခေးကြီးသည် သာဝတ္ထိပြည်သို့ ပြန်ရောက်ခဲ့ပြီး ဘုရားကျောင်းတော်ရာအတွက် မြေနေရာ ရွှေးချယ်ခဲ့သည်။

၁။ မြို့ရွာနှင့် မနီးလွန်းခြင်း

၂။ မြို့ရွာနှင့် မဝေးလွန်းခြင်း

၃။ သွားလမ်း လာလမ်းများရှိခြင်း

၄။ သွားလာမှုလွယ်ကူခြင်း

၅။ မြို့သံ၊ ရွာသံ၊ လူသံများတိတ်ဆိတ်ခြင်း အင်္ဂါရပ်များကို ချမှတ်ပြီး စိတ်ကြိုက်နေရာများလိုက်လံ ရွှေးချယ်ခဲ့ရာ၊ ဇေတမင်းသား၏ ဥယျာဉ်ကို စိတ်ကြိုက်သွားတွေ့ခဲ့သည်။

ဇေတမင်းသားထံ သွားရောက်ခဲ့ပြီး အရှင်မင်းသား- မြတ်စွာဘုရားအား ကျောင်းဆောက်လှူဒါန်းလိုပါသဖြင့် အရှင်၏ ဥယျာဉ်ခြံမြေကို ရောင်းချပါဟု ကမ်းလှမ်းသည်။ မင်းသားက- ''ကျွန်ုပ်၏ ဥယျာဉ်ခြံမြေကို အသပြာချင်း အစွန်းထိအောင် ခင်းသဖြင့်လည်း မရောင်းနိုင်ပါ'' ဟု ဆိုလေ၏။ သင္ခေးကြီးက အရှင်မင်းသားဆိုသည့် စကားဖြင့် အရောင်းအဝယ်ပြုရန် ချုပ်မိနေပါပြီဟု ပြောကြားပြီး အရောင်းအဝယ် စာချုပ်ရန် ပြောတဲ့အခါ မင်းသားက- ကျွန်ုပ်သည် မိမိ ဥယျာဉ်ကို ရောင်းမည်လို့ လုံးဝမပြောမိပါ ဟု ငြင်းဆိုသည်။

## တရုံးရုံးရောက်

တဦးနှင့်တဦး ရောင်းမရောင်းကိစ္စနှင့်ဖြင့် ပွားကြပြီး တရားရုံးသို့ ရောက်လာကြသည်။ တရားရုံးတော် ရောက်တဲ့အခါ နှစ်ဦးနှစ်ဘက် အပြန်အလှန် မေးမြန်း စစ်ဆေးပြီး ဤသို့ ဆုံးဖြတ်ချက် ချမှတ်လိုက်သည်။

မင်းသားသည်အသပြာချင်းအစွန်းထိအောင် ခင်းသဖြင့်လည်းဟု တန်ဖိုးဖြတ် စကားကို ပြောမိရကား မင်းသားပိုင်ဆိုင်သည့်ဥယျာဉ်ကို ရောင်းဝယ် ကမ်းလှမ်းသည့် စကား ပြောကြား ချုပ်ဆိုမိလေပြီ-

ဟု ဆုံးဖြတ်ချက် ချမှတ်လိုက်သည်။

## ငွေသပြာချင်း ဆက်ကာခင်း ဘုရားကျောင်းတော်ဝင်း

သင္ခေးကြီးသည် တရားအနှိုင်ရခဲ့ပြီး ဥယျာဉ်မြေကွက်ကြီး အပြည့် ခင်းပေးရန် ငွေအသပြာများကို ငွေတိုက်မှ လှည်းနှင့် တိုက်ထုတ်လေသည်။ ဥယျာဉ် ခြံမြေကွက်ကြီး တခုလုံးကို ငွေသပြာချင်းဆက်ကာ ခင်းလိုက်သည်။ ရေကန်နှင့် သစ်ပင် ကွက်လပ်ပါမကျန် တိုင်းတာ ခင်းလေ၏။

## အရှေ့ပါဝင်ပါရစေ

ငွေအသပြာများ ဆက်ကာဆက်ကာ ခင်းလာယင်း မုခ်ဦးနေရာအရောက်တွင် ငွေအသပြာများ ပြတ်သွားသည်။ နောက်တခေါက် ငွေသယ် ဆောင်ရန် လွှတ်တဲ့အခါ မင်းသားက သင္ခေါပေါလှပြီး ကျန်နေသည့် မုခ်ဦး နေရာအတွက် ကျွန်ုပ်က ပါဝင်လှူဒါန်းလိုပါကြောင်း ပြောသည်။ သင္ခေးကြီးက သာသနာတော်၏ နောင်အရှည်ကို မျှော်ကိုးပြီး မင်းသား အား ပါဝင် လှူဒန်းခွင့် ပြုလိုက်သည်။

နောင်တွင် ယင်းမုခ်ဦးနေရာတွင် ဇေတမင်းသားက ကုဋေခုနစ်ဆင့် မုခ်ဦးပြသာဒ် ဆောက်၍ လှူဒါန်းခဲ့သည်။

## မြေတန်ဖိုး တဆယ့်ရှစ်ကုဋေ

မုခ်ဦးပြဿဒ် မြေနေရာကိုချန်လှပ်ပြီး ဥယျာဉ်ခြံမြေရာကွက်ကြီး တခုလုံးကို ကွက်လပ်မကျန် အသပြာချင်း ဆက်စပ်ခင်းခဲ့လေရာ၊ ပြီးဆုံးချိန်တွင် အသပြာများ၏ တန်ဖိုးကို တွက်ချက်လိုက်သည့်အခါ တဆယ့်ရှစ်ကုဋေ ပြည့်သွားခဲ့၏။

## ထီးထီး မားမား
## ကြီးကျယ်ခမ်းနားလှသည့်
## ဇေတဝန်ကျောင်းတိုက်ကြီး

သင်္ခြေးကြီးသည် ဇေတမင်းသား၏ ဥယျာဉ်ခြံမြေကြီးကို အသပြာနှင့် ဆက်ခါ ဝယ်ယူခဲ့ပြီး ကြီးကျယ် ခမ်းနားလှသည့် ကျောင်းဝင်အဆောက်အအုံများကို စိမံ ဆောက်လုပ် လေသည်။

ဥယျာဉ် သစ်ပင် ပန်းမန်များကို စနစ်တကျ ခုတ်ထွင်ရှင်းလင်းပြီး ဘုရား သီတင်းသုံးတော်မူရန်အတွက် ဂန္ဓကုဋီ တိုက်တော်ကြီးနှင့် တကွ အရံကျောင်းဆောင်များ၊ သံဃာ့အစည်းအဝေးခန်းမ ဆောင် များ၊ စင်္ကြံ သွား လမ်း များ၊ တန်ဆောင်း ပြာသာဒ်များ၊ ဆွမ်းစားဆောင်၊ ကပ်ဖွယ်ဆောင်၊ မီးဖိုဆောင်၊ ရေချိုးခန်း၊ ကုဋီခန်း၊ ရေဘွင်း ရေကန် စသည်ဖြင့် လိုလေသေးမရှိအောင် ကြီးကျယ်ခမ်းနားလှသည့် ကျောင်းတိုက်တော်ကြီးကို စိမံ ဆောက်လုပ်လေ၏။

## ကျောင်းအဆောက်အအုံ တန်ဖိုး
## တဆယ့်ရှစ်ကုဋေ

ကျောင်းတိုက်တော်ကြီး ဆောက်လုပ် ပြီးစီးသွားတဲ့အခါ မြေယာဘန်ဖိုးမပါ အဆောက်အအုံများ သက်သက် တန်ဖိုးကုန်ကျငွေပေါင်းမှာ တဆယ့်ရှစ်ကုဋေ ကုန်ကျသွားခဲ့သည်။ မြေယာတန်ဖိုးပါပေါင်းတွက်လိုက်လျှင်သုံးဆယ့်ခြောက်ကုဋေ ကုန်ကျသွားခဲ့ပြီ ဖြစ်သည်။

## ကြီးကျယ်လှသည့်
## ဘုရားပင့်ပွဲ အခမ်း အနားကြီး

ကျောင်းတိုက်တော်ကြီး ဆောက်လုပ် ပြီးစီးလေပြီဖြစ်၍ ကျောင်းအပ် ရေစက်ချလှူဒါန်းရန် ဘုရားနှင့်တကွ သံဃာတော်များကို ရာဇဂြိုဟ်သို့ သွားရောက် ပင့်ဆောင်ရတော့မည် ဖြစ်သည်။

ရာဇဂြိုဟ်နှင့်သာဝတ္ထိပြည်သည် ၄၅ယူဇနာ ကွာဝေးသည်။ တရက်လျှင် တယူဇနာနှုန်းဖြင့် ၄၅ ရက်တိုင် ကြွရောက်လာရမည် ဖြစ်သည်။ အနာထပိဏ်သဒ္ဒေးကြီးသည် ကုန်သည်ဖြစ်သည့် အလျောက် အနယ်နယ်အရပ်ရပ်တွင် အပေါင်းအသင်း မျိုးသူ ဖြစ်၏။

သင်္ခြေးကြီးက ဘုရားပင့်ဆောင်မည့် သတင်းကို နှစ်ပြည်ထောင်ကြားရှိ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားလိုက်ရာ၊ မိမိတို့ဒေသ အလိုက်တာဝန်ယူကြရာ နှစ်ပြည်ထောင်အ ကြားခရီးထောက် စံကျောင်းတော် ပလ္လင်များကို တယူဇနာလျှင် ဘခုစီ စီရင်ဆောက်လုပ် ကူညီကြသည်။ ဆွမ်းကွမ်း အစီအစဉ်များနှင့် အကြို အပို အစီအစဉ်များကိုပါ အရန်သင့် စီမံထားကြသည်။

လမ်းခရီး ပင့်ဆောင်ရေး အစီအစဉ်များ စနစ်တကျ ပြုလုပ်စီမံပြီးစီးလေလျှင် သင်္ခြေးကြီးသည် ရာဇဂြိုဟ်ပြည်သို့ ဘုရားပင့် စေလွှတ်လိုက်၏။

## ဘုရားကြွလာ

မြတ်ဗုဒ္ဓသည် ပင့်လျှောက်ချက်အရ နောက်ပါ ရဟန်းပရိသတ်ကြီးနှင့်အတူ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှထွက်ခွာ ကြွလာတော်မူသည်။

လမ်းခရီးတလျှောက်တွင် ယာယီစံကျောင်းတော် မဏ္ဍပ်များ၌ တညစီ ရပ်နား သီတင်းသုံးတော်မူကာ ကြွရောက်တော်မူသည်။ ဒေသအသီးသီးရှိ မဏ္ဍပ်များမှလူများကလည်း ဘုရားကြွလာတော်မူလာလျှင် ဆွမ်းကွမ်း ဝေယျာဝစ္စမှစ၍ လိုလေသေးမရှိအောင် သောင်းသောင်းဖျဖျ ဆီးကြို ဝတ်ပြုကြသည်။

ဤနည်းဖြင့် ကြွရောက်လာတော်မူခဲ့ရာ ၄၅ ရက် မြောက်သော နေ့တွင် ၄၅ ယူဇနာခရီးစဉ် ပြီးဆုံးပြီး သာဝတ္ထိ မြို့တွင်းသို့ ချင်းနင်း ဝင်ရောက်တော်မူခဲ့သည်။

## မြို့တွင်း ပင့်ဆောင်ရေး အခမ်းအနား

မြို့ကွင်းသို့ ဝင်ရောက်တော်မူလာလျှင် မြို့တွင်း ပင့်ဆောင်ရေး အစီအစဉ်များ ဒေတ်ိုင်းရှေ့တန်းမှ ပျ သနဒီ ကောသလမင်းကြီး၏သမီးတော် သုမနာမင်းသမီး ခေါင်းဆောင်သည့် အမျိုးသမီး ငါးရာတို့က ရေအိုးများ ပန်းနုံသာများကို ကိုယ်စီကိုင်လျက်၊ နောက်မှသင္ဃေးကြီး၏ သားဦးဆောင်သည့်သင္ဃေးသား လုင်ငါးရာတို့က တံခွန်ကုက္ကားများကို ကိုင်ဆောင်လျက်၊ နောက်မှ သင္ဃေးကြီး၏ သမီးစူဠသုဘဒ္ဒါနှင့် မဟာသုဘဒ္ဒါတို့ ဦးဆောင်သည့် သင္ဃေးသမီး ငါးရာတို့က ရေအိုးများ ကိုယ်စီရွက်လျက်၊ နောက်မှ အနာထပိဏ် သင္ဃေးကတော်ကြီး ဦးဆောင်သည့် သင္ဃေးကတော် ငါးရာတို့က နံ့သာရေ ရွှေခွက်ငွေခွက်များကို ကိုယ်စီကိုင်လျက်၊ အားလုံး၏ နောက်အနာထပိဏ်သင္ဃေးကြီးက သင္ဃေးငါးရာလျက် မြတ်ဘုရားနှင့် နောက်ပါ သံဃာတော်များအား သိုက်သိုက်မြိုက်မြိုက်ကြို ဆိုပင့်ဆောင်ကြသည်။

## ကိုးလကြာ ကျောင်းရေစက်ချ ပွဲတော်ကြီး

မြတ်ဗုဒ္ဓနှင့် နောက်ပါ ရဟန်းတော်များသည် ဇေတဝန ကျောင်းတော်ကြီးသို့ ရောက်ရှိတော်မူ လာကြသည့် နေ့ကတည်းက အနာထပိဏ် သင္ဃေးကြီးသည်၊ ဘုရား အမှူးရှိသော သံဃာတော်များကို ဆွမ်းဆက်ကပ်ပြီး ဇေတဝန်ကျောင်းတိုက်ကြီးကို သံဃာ့ရေစက်ချ လှူလေ၏။

သင္ဃေးကြီးသည် ရေစက်ချ လှူဒါန်းပြီးသည့် နောက်နေ့မှစ၍ ကျောင်းရေစက်ချ ပွဲတော်ကြီးကို ကိုးလ တိုင်တိုင် စည်ကား သိုက်မြိုက်စွာ ဆက်လက်ကျင်းပသွားခဲ့သည်။

## ၅၄ - ကွင်း

ကိုးလကြာလေလျှင် ကျောင်းရေစက်ချ ပွဲတော်ကြီးပြီးဆုံးသွားခဲ့သည်။ ကျောင်းရေစက်ချ ကုန်ကျစရိတ်မှာလည်း ၁၈ ကုဋေ၊ ကုန်ကျခဲ့သည်။ အားလုံး ပြီးဆုံးသည်အထိ ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ် လှူဒါန်းသည့် ကုန်ကျစရိတ်ငွေပေါင်းမှာ မြေယာဝယ် ၁၈-ကုဋေ၊ အဆောက်အအုံ ၁၈ ကုဋေ၊ ရေစက်ချ ၁၈ ကုဋေ ပေါင်း ၅၄ ကုဋေ ကုန်ကျသွားခဲ့သည်။

## မြတ်ဗုဒ္ဓ၏ ဇေတဝန် ကျောင်းတော်ရာ



အနာထပိဏ် သူဌေး ကြီး ဆောက်လုပ် လှူဒါန်း ခဲ့သည့် သာဝတ္ထိရှိ ဇေတဝန် ကျောင်း တော်ရာပုံ ဖြစ်သည်။ အိန္ဒိယပြည် ဗာလ်ရမ်ပူရ်မြို့မှ ၇ မိုင်ကွာဝေး သည်။ ဗာရာဏသီမြို့မှ ကီလို မီတာ ၃၃၁ ကွာဝေး သည်။ သာဝတ္ထိမြို့ ဟောင်းကို ယခု အခေါ် မဟေ့တ် ခေါ်သည်။ ဇေတဝန် ကျောင်းတော်ရာကို ဆာဟေ့တ်ခေါ်သည်။ သာဝတ္ထိ မြို့၏ အရှေ့ဘက်တွင် ဝိသာခါ ဒကျောင်း အမကြီး၏ ပုဗ္ဗာရုံ ကျောင်းရှိသည်။ တောင်ဘက်တွင် ယခုပုံတွင် ပါရှိသော ဇေတဝန် ကျောင်းတော်ရာ ရှိသည်။

## ၄၇-ဝါတိုင် သီတင်းသုံးတော်မူခဲ့သည့် ဂန္ဓကုဋီ ကျောင်းတော်ရာ



ပုံ- ဇေတဝန် ကျောင်း တိုက် အတွင်းရှိ မြတ်စွာဘုရား သီတင်း သုံးတော်မူခဲ့သည့် ဂန္ဓကုဋီနံ့သာ ကျောင်း) ကျောင်းတော်ရာ ဖြစ် သည်။ ဤနံ့သာကျောင်းတော်၌ ၂၄-ဝါ တိုင်တိုင် သီတင်း သုံး တော်မူခဲ့၏။ ဇေတဝန်ကျောင်း တိုက်တော်ကြီးအတွင်း၌ (၁) ဂန္ဓ ကုဋီ (နံ့သာကျောင်းတော်)၊ (၂) ကာရေရိကုဋီ (ရေတကော် ပင် ကျောင်း)၊ (၃) သလာ ဂါရကုဋီ) (သလာကဆုဋီ)၊ (၄) ဆောသမ္ဗကကုဋီ (ကြို့ပင် ကျောင်း) များနှင့် ဂန္ဓကုဋီ၏ ရှေ့၌သံဃာများ စည်း ဝေး ရာမဏ္ဍပ် (ဥပဋ္ဌာန သာလာ) ကျောင်းဆောင်များ ရှိသည်ဟု ဆိုသည်။

# လူမဲ့ကြီး အနာထပိဏ်ဘဝသို့ ဆန်ကွဲနှင့် ပုန်းရည်ကိုသာ လှူဒါန်းနိုင်သည့် အဆင့်သို့ ရောက်ခဲ့သွားခြင်း

အနာထပိဏ် သဒ္ဓေကြီးသည် ၅၄ ကုဋေ အကုန်အကျခံကာ ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းခဲ့ပြီး လှူဘွယ်များဖြင့် တနေ့လျှင်သုံးခေါက် ကျောင်းတော်သို့ ဝင်ထွက်သွားလာ လှူဒါန်းလျက်ရှိသည်။ နံနက်စောစော တွင် ယာဂု ဆွမ်းကိုက်ုင်ဆောင်လျက်၊ နေ့လည်ပိုင်းတွင် ထောပတ် တင်လဲ ခဲဘွယ်များကို ကိုင်ဆောင်လျက်၊ ညနေပိုင်းတွင် သက်န်း၊ ပန်းနံ့သာ၊ ဆီမီး တို့ကို ကိုင်ဆောင်လျက် အလှူရေစက် လက်နှင့်မကွာ နေ့ရော ညပါ မပြတ် လှူဒါန်းလျက်ရှိသည်။

## ဒီနေ့ တိုဒကာကြီး ဘာတွေပါ

တနေ့လျှင် ကျောင်းကို သုံးကြိမ် ဝင်ထွက် လှူဒါန်းနေ၍ ရဟန်းငယ် သာမဏေငယ်များသည် ဒကာကြီးကို အာရုံစူးစိုက် လာကြသည်။ ဒကာကြီးကျောင်သို့ ဝင်လာတိုင်း တို့ဒကာကြီး ဒီနေ့ဘာတွေ ပါသလဲဟု သဒ္ဓေကြီး၏ လက်ကို လှမ်းမျှော် ကြည့်ရလေ့ ရှိကြ၏။ ထို့ကြောင့် လှူဘွယ်မပါပဲ လက်အခြီးဒန်း ကောင်းသို့ သွားလေ့မရှိ။

## မမျှော်လင့်ပဲ ပစ္စည်းဥစ္စာများ ကုန်ခန်းလာရ

သဒ္ဓေကြီးသည်အလှူရေစက်လက်နှင့်မကွာ လှူဒါန်း လာခဲ့ရာ၊ တနေ့တွင် မမျှော်လင့်ပဲ၊ ပစ္စည်းဥစ္စာ ကုန်ခန်းခဲ့ရလေသည်။

လုပ်ဖော်ကိုင်ဖက် ကုန်သည်များက ချေးငွေများကို မှန်မှန် ပြန်မဆပ်ကြ၍ ၁၈- ကုဋေ အထိ ရစရာကြွေးမြီများ ပြန်မရပဲရှိခဲ့လေသည်။ မြစ်ကမ်းပါးအနီးတွင် မြေနှံထားသည့် ဇရာ ငွေ ရတနာ ၁၈ ကုဋေကလည်း ရေတိုက်စားခံရပြီး သမုဒ္ဒရာသို့ မျောပါသွားခဲ့သည်။ သဒ္ဓေးကြီးမှာ လှူဒါန်းရန် မွန်မြတ်သော လှူဘွယ်များကို မလှူဒါန်းနိုင်ပဲ၊ ပုန်းညှင်းနှင့် ဆန်ကွဲထမင်းသာ လှူဒါန်းရလေတော့၏။

## ဆန်ကွဲနှင့် ပုန်းရည်တို့ ၁၁

ကျောင်းဒကာ သဒ္ဓေကြီးသည် ဖြည်းဖြည်းစီးပွားများလျှောကျလာခဲ့ရာ ဆန်ကွဲနှင့်ပုန်းရည်ကိုသာ လှူဒါန်းနိုင်တော့သည့်အဆင့်သို့ ရောက်ရှိလာခဲ့၏။ မည်သို့ပင်ဖြစ်စေ စေတနာထက်သန်စွာဖြင့် ရောက်ရှိလာရာဘဝမှပင် အလှူရေစက်လက်နှင့်မကွာ လှူဒါန်းလျက်ပင်ရှိ၏။

## ဘုရားက အာဃေး

တနေ့တွင် မြတ်စွာဘုရားက ဒကာကြီး ဒကာကြီးရဲ့အိမ်မှာ အလှူများ ပေးပါသေးသလားဟု မေးတော်မူ၏။ မှန်ပါ အမြဲလှူနေပါသည်။ သို့သော်လဲ ရွေးကောက်လို့ ထိုက်ထိုက်တန်တန်တော့ မလှူနိုင်တော့ပါ ဆန်ကွဲနှင့် ပုန်းရည် လောက်ကုသာ လှူနိုင်ပါသည် ဟု လျှောက်၏။

## အလှူဆိုတာ နည်းသည် များသည် မရှိ

မြင်စွာဘုရားက အလှူ လှူတဲ့နေရာမှာ ထိုက်ဘန်သည် သေးသိမ်သည်ဟူ၍မရှိ၊ မွန်မြတ် စေဘနာနှင့် ဘုရားကို လှူဒါန်း နေရသည်မှာ တန်ဖိုး နည်းသည်ဟူ၍ မရှိ၊ အမှန် စင်စစ်မှာ ဒကာကြီးသည် အရိယာ သူတော်မြတ်များ ကို နွေစဉ် လှူဒါန်းနေရသူ ဖြစ်သည်။ ငါဘုရား အလောင်းတော် ဝေလာဓပုဏ္ဏားဘဝ ဖြစ်စဉ် က လယ်လုပ်စားရန်ပင် မလုံလောက်အောင် ဇမ္ဗူဒီပ် တကွွန်းလုံးကို အလှူပေးခဲ့၏။ ဤမျှ ကြီးကြီး ကျယ်ကျယ် လှူဒါန်းခဲ့ သော်လည်း ထိုစဉ်အခါက အလှူခံသူများမှာ သရဏဂုဏ် သီလရှိတဲ့သူ တဦး တယောက်မျှပင် မရှိခဲ့ချေ။ ယခုလို မြင့်မြတ်တဲ့ အရိယာ သံဃာတော်များ အလှူခံပုဂ္ဂိုလ်များကို ရဖို့ရန် ခဲယဉ်းလှပါ၏။ ဤသို့ အားပေးစကားများဖြင့် နှစ်သိမ့်စေပြီး ဝေလာမ သုဘာတော်ကို ဟောတော်မူလေ၏။ (အံ-၃-၁၉၅)

## ရေနစ်ရာ ဝါးကိုးတဲ့ နတ်မိန်းမ

သင်္ဃကြီးအိမ် စတုတ္ထတံခါးမုခ်တွင် စောင့် နေသော နတ်သည် ဘုရားရဟန္တာများ နွေစဉ် အိမ် အာင် အထွက် ရှိနေ၍ အရှင်မြတ်တို့၏ တန်ခိုးအရှိန်အဝါကြောင့် နှစ်ပေါင်းများစွာက စပြီး အနေအဆိုင် ကျဉ်းကျပ်လာခဲ့သည်။

ထိုစဉ်က မိမိ ပြောပြလိုသော်လည်း သင်္ဃ ကြီးမှာ အရှိန်အဝါတောက်ပနေချိန်မို့ ပြောခွင့် မရခဲ့ပေ။ ယခုအခါတွင် သင်္ဃကြီးမှာ ကံဇာ တာ မှေးမှိန်တဲ့ဘဝသို့ ရောက်နေပြီမို့ ညတည် တွင် သင်္ဃကြီး၏ တိုက်ခန်းသို့ ဝင်ရောက်ကာ ကောင်းကင်က ရပ်လျက် ကိုယ်ထင်ပြသည်။

သင်္ဃကြီးက သင် ဘယ်သူလဲဟု မေး၏။ စတုတ္ထတံခါးမုခ်စမှာ စောင့်နေတဲ့ နတ်ပါဟု ဖြေ၏ အကြောင်းကိုမေးတဲ့အခါ အရှင်ဓမ္မသင်္ဃ ကြီးကို ဆုံးမပေးရအောင် လာခဲ့ပါကြောင်း ပြော၏။ ဆုံးမပါဟု သင်္ဃကြီးက ဆို၏။

## ခုတော့မွဲပြီ မဟုတ်လား

နတ်က အရှင်သင်္ဃကြီးသည် ရှေ့ကြောင်း နောက်ကြောင်း မဆင်ခြင်မတိုင်းဆပဲ ဂေါတမ သာသနာမှာ အရမ်းကာရော လှူလာလိုက်တာ ခုတော့ မွဲပြီမဟုတ်ပါလား၊ သင်ဆည် ခုတိုင် သတိမရသေးပဲ ဆက်ပြီး လှူနေတုန်းပင်ရှိ၏။ ဒီအတိုင်း ရှေ့ဆက်သွားယင် နောက် နှစ်ရက် သုံးရက်ကြာယင် စားဖို့ စတ်ဖို့တောင် ရှိမည် မဟုတ်တော့ပါ။ ဂေါတမကို လှူနေလို့ ဘာ အကျိုးရှိသလဲ၊ ခုလို လွန်လွန်ဘဲဆဲ လှူနေတာ ဘွားကို အသာရပ်ပြီး ကိုယ့်စီးပွားရေး အတွက် အကျိုးရှိမယ့် အလုပ်အကိုင်တွေကို ကြိုးစားပြီး စီးပွားဖြစ်အောင် လုပ်ပါလော့ဟု ဆို၏။

## သင်လို နတ်စုတ် ဘက်မလုပ် ခုမကြာ ငါ့အိမ်ကထွက်စေ

ဤသို့ နတ်သားက အကျိုးလိုလားသလိုလို နှင့် ပက်ပက်စက်စက် နှိမ့်ချပြောဆို လေ၏။ သင်္ဃကြီးက သင်ရဲ့အဆုံးမဆိုတာ ဒါပဲလား ဟု မေး၏။ ဒါပါပဲဟု ဆိုလေသောအခါ သင် ဟာ ငါ့ကို မဟုတ်မဟတ်တွေ လာပြောနေဘီ၏။ သင်လို နတ်မျိုး တထောင်ပင်ဖြစ်စေ၊ ငါ အုံရေးမထား၊ သင်သာ ငါ့အိမ်က ခုချက်ချင်း ထွက်သွားလော့ဟု အိမ်မှ နှင်ထုတ်လိုက်၏။

## ကယ်တော်မူကြပါ နတ်မင်းတို့

မုခ်စောင့် နတ်သည် ရုတ်တရက် အကြံမရဖြစ်ကာ သားငယ်များကို လက်ကဆွဲပြီး အိမ်မှ ထွက်ပြေးရတော့၏။ နေရာမရှိ၍ အခြား နတ်များထံ လိုက်လံ အကူအညီ တောင်းသည်။ မည်သည့်နတ်မှ လက်ခံမထားရဲပဲ ရှိနေကြသည်။ ဘယ်ကမှ အကူအညီမရတဲ့အခါ မြို့စောင့်နတ်ထံ ရောက်လာခဲ့၏။ နတ်မင်း ကျွန်ုပ်သည် သားငယ်များနှင့် နေစရာ ထိုင်စရာမရှိ ဒုက္ခရောက်နေပါသည်။ သင်္ချေးကြီးကို ပြန် တောင်းပန်လိုပါ၏၊ ကျွန်ုပ်အား သင်္ချေးကြီးထံ လိုက်ပို့ပေးပါဟု တောင်းပန်သည်။ မြို့စောင့်နတ် ကလည်း တာဝန်မယူရဲပဲ ငြင်းဆိုလိုက်ပြန်သည်။ တဖန် နတ်မင်းကြီး လေးဦးထံ ပြေးသွားပြန်သည်။ နတ်မင်းကြီးမျ ားကလည်း လက်မခံ။

## ကျေးဇူးကြီးလှ ဘုရားရှင်ကို သဘာဝက လက်မခံ

တံခါးစောင့်နတ်သည် ဘယ်မှ အားကိုးရာမရဖြစ်ပြီး အကြပ်ရိုက်နေသည်။ နောက်ဆုံးတွင် သိကြားမင်းကြီးထံ ရောက်သွားခဲ့၏။ သိကြားမင်းကြီး က အကြံပေးရာတွင် သင်သည်ဒီအတိုင်း သွားတောင်းပန်ပါက သင်္ချေးကြီးက လက်ခံလိမ့်မည်မဟုတ်၊ ရှေးဦးစွာ ဒကာဆောင်ပါ၊ လဦး၊ သင် ပြန်သွားပြီး သင်္ချေးကြီး၏ ကိုယ်စားလှယ် ဘက္ကာစိုး အသွင် ဖန်ဆင်းကာ သင်္ချေးကြီး ရှေ့ရောရှိတဲ့ကြွေးရှင်များထံသွ ား ရောက်ပြီး ကြွေး ၁၈-ကုဋေကို ဆောင်းပါလေ။

သမုဒ္ဒရာမှာ မျောပါသွားတဲ့ ရွှေငွေရတနာ ၁၈- ကုဋေကို ပြန်ဆယ်ယူပြီး သူ့ချေးကြီး၏ ဘက္ကာတိုက်မှာ ပြန်ထားပါ။ နောက်ထပ် အပို ရွှေငွေရတနာ ၁၈-ကုဋေကိုပါ ဖြည့်ထည့်ပါ။

အားလုံး ကိစ္စများ ပြီးစီးတဲ့အခါ သင်္ချေကြီး ထံ သွားပါ၊ ရောက်တဲ့အခါ မိမိအကြောင်းကို ဒကာဆောင်တဲ့ အနေနဲ့ သင်္ချေးကြီး ရစရာရှိတဲ့ကြွေး ၁၈- ကုဋေနှင့် သမုဒ္ဒရာမှာ မျောပါသွားတဲ့ ရွှေငွေရတနာ ၁၈- ကုဋေဒေါ်ပါ သင်္ချေး ကြီး၏ ဘက်တိုက် များမှာ ပြန်ဖြည့်ထားတဲ့ အကြောင်းကို ပြောပြပြီး မိမိအား မြွှန်လည် နေခွင့်ပြုရန် တောင်းပန်ပါလေဟု တိုက်တွန်း အကြံပေးလွှတ်လိုက်သည်။

## နတ်မိန်းမအပြတ်ရွတ်

တံခါး မုခ်စောင့် နတ်သည် သင်္ကြားမင်း အကြံပေးသည်များကို မှတ်သားပြီး သင်္ချေးကြီး ထံ သွားရောက်ကာ သင်ပေးလိုက်သည့်အတိုင်း ပြုလေ၏။

သင်္ချေးကြီးသည် မုခ်စောင့်နတ်ကို ဘုရားထံ ခေါ်သွားပြီး ဖြစ်သမျှ အကြောင်းစုံကို ဘုရားအား လျှောက်ထားသည်။

မုခ်စောင့်နတ် ကလည်း မိမိသည် မြတ်စွာဘုရားကို ပြစ်မှားမိပါ၊ ကြောင်းဝန်ခံပြီး အပြစ်မှ ခွင့်လွှတ် သည်းခံတော်မူ ပါရန် တောင်းပန်လေသည်။

ဘုရားက လျှောက်ကြားသည်များကို နား ထောင် တော် မူပြီး တရားပြတော်မူ၏။

မကောင်းမှုပြုသူသည် မကောင်းကျိုးမပေးမီ ကောင်းမြတ်သောအာရုံကို တွေ့မြင်နိုင်သေး၏။

မကောင်းမှုကံများ အကျိုးပေးခိုန် ရောက်လာတဲ့အခါ မကောင်းမှုပြုသူသည် မကောင်းကျိုးကိုသာ တွေ့မြင်ရတော့၏။

ကောင်းသော အမှုကို ပြုသူသည် မိမိ ကောင်းမှုကံများ အကျိုးမပေးမီ မကောင်းသည်ကို တွေ့မြင်ရတတ်သေးသည်။

# သာသနာ့ထူးချွန်ဉာဏ်ရှင် ငါးဉာဏ်ရှင်
# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်မြတ်ကြီး

## အရှင်မြတ်၏ ရှေးဆုတောင်း

ဤကမ္ဘာသို့မရောက်မီ ကမ္ဘာ့ပေါင်းတသိန်း ကာလတွင် ဟံသာဝတီပြည်၌ မဒုမုတ္တရ ဘုရားပွင့်တော်မူခဲ့၏။

ဘုရားသခင်သည် ခမည်းတော် မင်းကြီး၏ အလုမဲအကျွေးဖြင့် ရဟန်းတော်တသိန်းနှင့်အတူ သီတင်းသုံးနေတော်မူခဲ့၏။

မင်းကြီးတွင် သုမန မည်သော သားတော် တပါးရှိခဲ့၏။ မဒုမုတ္တရ ဘုရားနှင့် ဖအေတူ အမေကွဲ ညီတော်စပ်သူ ဖြစ်၏။ ဟံသာဝတီမြို့တော်နှင့် ယူဇနာ ၁၂၀ ကွာဝေးသော နယ်စပ်တွင် မြို့စား အဖြစ်ဖြင့် အုပ်ချုပ်လျက် ရှိ၏။

ထို အချိန်တွင် နယ်ခြား၌ သူ ပုန် များ သောင်းကျန်း နေကြ၏။ မင်းသားသည် သူပုန်များ၏ရန်ကို တိုက်ခိုက်အောင်မြင်ခဲ့၏။ မင်းကြီးသည် သူပုန်များကို နှိမ်နင်းအောင်မြင်ကြောင်း သားတော်၏ သတင်းကို ကြားရလျှင် သားတော်ကို ခေါ်၍ လိုသောဆုများကိုတောင်းရန် ခွင့်ပေးတော်မူ၏။

မင်းသားသည် နောင်တော်ဘုရားကို ဝါတွင်းသုံးလ လုပ်ကျွေးပြုစုခွင့်ပေးရန် တောင်းလေ၏။ မင်းကြီးသည် ဘုရားကို အမြဲမပြတ် လုပ်ကျွေးနေရသူဖြစ်၍ ထိုဆုကို ခွင့်မပြုလိုသော်လည်း သားတော်၏ အလိုဆန္ဒအတိုင်း ခွင့်ပြုလိုက်ရ၏။

## ဘုရား၏ အလုပ်အကျွေးနှင့် တွေ့

မင်းသားသည် အားရဝမ်းသာနှင့် မြင်စွာ ဘုရား ကျောင်းတော်သို့သွားသည်။ ရောက်လျှင် ဘုရား၏ အလုပ်အကျွေး သုမန အရှင်မြတ်နှင့် တွေ့၍ ဘုရားအား ဖူးခွင့်ပေးပါရန် တောင်းပန် လျှောက်ထားသည်။

## ရေလျှိုး

ဘုရားအလုပ်အကျွေး သုမန အရှင်မြတ်သည် ရေပြင် ဖန်ဆင်းပြီး ရေမှ ငုံလျှိုးကာ ဘုရားသီတင်းသုံးရာ ဂန္ဓကုဋီ ကျောင်း တော် တွင်

ဘွားကနဲ ပေါ်လာသည်။ ဘုရား ရှင်အား ညီဘော် သုခနမင်းသားက ဖူးမြော်လိုကြောင်း လျှောက်ထားသည်။

## ဓမြလျှိုး

ဘုရားက ခွင့်ပြုတော်မူပြီး နေရာခင်းလေ့ဟု စေခိုင်းဘော်မူသည်။ သုမန အရှင်မြတ်သည် နေရာခင်းများကုံယူလျက် ဂန္ဓကုဋီတိုက်မှ ငုတ်လျှိုးကာ၊ ကျောင်း ပြင် တွင် ဘွားကနဲ ပေါ်ထွက်လာသည်။ ထိုနောက် ကျောင်းဝင်း အတွင်း တနေရာတွင် နေရာခင်းသည်။ မင်းသားသည် တန်ခိုး ဖန်ဆင်းပုံများကို မြင်တွေ့ရသည်တွင် အရှင်မြတ်အား စိတ်ဝင်စားလာခဲ့သည်။

## ဤ အရှင်မြတ်လို ဖြစ်လို

မင်းသားသည် ဘုရားရှင်နှင့်တွေ့၍ နှုတ်ခွန်းဆက် လျှောက်ထားပြီး ဤ အလုပ်အကျွေး ရဟန်းတော်သည် ဆက်ဆံ ရေး ကောင်းပြီး ဖော်ဖော် ရွေရွေ ရှိလှသည်ကို တွေ့ရပါသည်။ ဤရဟန်းဟော် အရှင်မြတ်လိုဖြစ်အောင် မည်သို့ ပြုရပါသနည်းဟု လျှောက်ထားသည်။ ဘုရားက ဒါန၊ သီလ၊ ကောင်းမှု ကုသိုလ်များကို ပြုလျှင် ဤရဟန်းကဲ့သို့ သာသနာတော်မှာ ဝင်ဆန့် ဖော်ရွေသူ ဖြစ်လာနိုင်သည်ဟု မိန့်ကြားတော်မူသည်။

## ခုနစ်ရက်ပတ်လုံး

အရှင်ဘုရား တပည့်တော်သည် အရှင်ရဟန်းမြတ် ကဲ့သို့ ဖြစ်လိုပါ၍၊ မနက်ဖြန် တပည့်တော်၏ ယာယီ တဲနန်းသို့ ဆွမ်းစား ကြွတော်မူပါ ဘုရားဟု ပင့်လျှောက်သည်။ ခုနစ်ရက်ပတ်လုံး ဆွမ်းကပ် လှူဒါန်း ပူဇော်လေသည်။

## ဝါတွင်း သုံးလပတ်လုံး

ခုနစ်ရက်မြောက်ဘွင် မင်းသားက အရှင် ဘုရား တပည့်တော်သည် အရှင်ဘုရား တို့အား လုပ်ကျွေး ပူဇော်ရန် ဓမည်းတော်က ဝါတွင်း သုံးလ ခွင့်ပြုသားပါသည်။ တပည့်တော်၏နေရာ နယ်ခြားဒေသသို့ ကြွရောက်၍ ဝါတွင်း သုံးလ သီဘင်းသုံးတော်မူရန် ပင့်လျှောက်ပါကြောင်း လျှောက်ထားသည်။ ဘုရားသည် ခွင့်ပြုတော်မူပြီး ဟံသာဝတီမှ ယူဇနာ ၁၂၀ ကွာ၊ မင်းသား၏ နေရပ် နယ်ခြားသို့ နောက်ပါ သံဃာတော် တသိန်းနှင့် ကြွရောက် သီဘင်းသုံးတော်မူသည်။

## ဘုရား အလုပ်အကျွေး ဆုတောင်း

မင်းသားသည် မိမိ နောင်ဘော်ဘုရားအား ရဟန်းဘော် တသိန်းနှင့်အတူ ဝါတွင်း သုံးလပတ်လုံး ဆွမ်းလုပ်ကျွေး ပူဇော် ကိုးကွယ်လေသည်၊ အဝတ်နှစ်ဆယ်သာ ဆောင်ကာ ဆယ်ပါး သီလ ဆောက်ဘည်လျက် ဝါတွင်း သုံးလပတ်လုံး ကျောင်းတော်၌ ဘုရားနှင့်အတူ နေလေ၏။

သီဘင်းကျွတ်ရောက်လျှင် ဘုရားအမှူးရှိသော သံဃာဘော် တသိန်းတို့အား တိစီဝရိတ်သင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။ အပြီးသတ်အလှူဒါနများ ပြုခဲ့ပြီးနောက် ရေစက်ချ ဆုတောင်းရာတွင် အရှင်မြတ်ဘုရား တပည့်တော်သည် ပြုခဲ့ရသည့် ကောင်းမှုကုသိုလ်ကံ အစုစုတို့ကြောင့် နောင်ကာလတွင် ဤသုမန မထေရ်မြတ် ကဲ့သို့ ဘုရား၏ အလုပ်အကျွေး ရဟန်း ဖြစ်ပါရစေသတည်းဟု ဆုတောင်း လေသည်။

## ပဒုမုတ္တရမှ ဂေါတမအကြား

သုမန မင်းသားသည် ပဒုမုတ္တရ ဘုရား လက်ထက်တွင် ဘုရား အလုပ်အကျေး ဆုကို တောင်းခဲ့ပြီး ပဒုမုတ္တရဘုရားမှ ဂေါတမဘုရား လက်ထက်ထိ ကမ္ဘာတသိန်း ကပ်လပတ်လုံး ဒါန သီလ စသော ပါရမီများကို ဖြည့်ကျင့်ခဲ့သည်။

## ဂေါတမဘုရား ပွင့်လာသောအခါ

ကမ္ဘာတသိန်း ပါရမီများ ဖြည့်ကျင့်လာခဲ့ပြီး နောက် ဤကမ္ဘာ၌ ဂေါတမဘုရား ပွင့်ချိန် ရောက်လာသောအခါ ကပိလဝတ်ပြည် သာကီဝင် မင်းမျိုး၌ အမိတွောဒန မင်းသား ဖြစ်လာလေ၏။ ဆွေမျိုးအပေါင်း၏ ချစ်ခင်မြတ်နိုးခြင်း ခံရသူဖြစ်၍ အာနန္ဒာဟု အမည် မှည့်ခေါ်လေသည်။

အာနန္ဒာမင်းသားအရွယ်ရောက်လာချိန်တွင် ဂေါတမဘုရားသည် အနုပိယ သရက် ဥယျာဉ်တွင် သီဘင်းသုံးတော်မူ၏။ အာနန္ဒာမင်းသားသည် ဘုရားရှိရာ အနုပိယ သရက် ဥယျာဉ်သို့ သွားရောက်ရဟန်းပြုလေ၏။ အာနန္ဒာမင်းသားနှင့်အတူ ဒေဝဒတ်မင်းသား၊ အနုရုဒ္ဓါမင်းသားစသော သာကီဝင် မင်းသား ခြောက် ဦး နှင့် ဆတ္တာသည်ပါလီတို့သည် တပြိုင်တည်း ရဟန်းဖြစ်လာကြသည်၊

## သောတာပန်

အာနန္ဒာ ရဟန်းတော်သည် ရဟန်းပြုပြီး မကြာမီမှာပင် ပုဏ္ဏာမထေရ်မြတ်၏ တရား ဓမ္မများကို နာကြားရသဖြင့် သောတာပန်အဖြစ်သို့ ရောက်ရှိလာခဲ့၏။

## ဘုရားမှာ အလုပ်အကျေး ထိုလာ

မြတ်ဘုရားသည် ဘုရားဖြစ်ပြီး အနှစ် - ၂၀ အတွင်းမှာ အလုပ်အကျေးပြုစုသူဟူ၍ သိမ်းခြား မရှိပေ၊ ရဟန်းတော်များက ကြုံသလို ပြုစုလုပ်ကျွေး စောင့်ရှောက်ခဲ့ကြ၏။

သက်တော် ၅၅-နှစ်တွင် အိုမင်းသည့်အရွယ်သို့ ရောက်လာတဲ့အခါ ငံနီး လုပ်ကျွေးပြုစုသူ လိုလစခဲ့၏။ တနေ့သောအခါ ဘုရားသည် ရဟန်းတော်များကို ခေါ်တော်မူကာ ရဟန်းစို့ ယခုအခါ ငါဘုရားသည် အိုမင်းသောအရွယ်သို့ ရောက်လာပေပြီ၊ ငါ့မှာ သင်္ဃမှတ်ထားသော အလုပ်အကျေး မရှိခဲ့၍ တခါတရံ အချို့ရဟန်းများသည် ငါသွားလိုသည့်ခရီးကို ညွှန်ပြသော်လည်း မလိုက်နာပဲ ငါ့ကိုထားခဲ့ပြီး သူတို့လိုရာသို့ သွားတတ်ကြ၏။ အချို့ကလည်း ငါဘုရား၏ သင်္ဃိတ်ကို မြေမှာခုပြီး စိတ်ဆင်ရာသို့ သွားခဲ့ကြ၏။ ယခုအခါတွင် ငါဘုရားမှာ အမြဲလုပ်ကျွေးမည့်သူ လိုလာလေပြီ၊ ငါဘုရားနှင့် ထပ်ချပ်မကွာ ပြုစုလုပ်ကျွေးမည့် ရဟန်း တပါးကို ရှာကြလော့ဟု မိန့်ကြားတော်မူလေ၏။

## အလုပ်အကျေး လျှောက်ရာ

မြတ်ဘုရား မိန့်ကြားတော်မူသည်ကို ကြားကြလျှင် အရှင် သာရိပုတ္တရာနှင့် တကွ မထေရ်မြတ်တို့က မြတ်ဘုရားအား ထံနီး လုပ်ကျွေးခွင့် ပြုပါရန် အသီးသီး လျှောက်ထားလာကြသည်။ သို့သော် ဘုရားက မည်သူ့ကိုမျှ လက်မခံသေးချေ။

## ရှင်အာနန္ဒာကို ဝိုင်း၍တိုက်တွန်း

ထိုအခါမထေရ်မြတ်များက အရှင်အာနန္ဒာအား ဝိုင်း၍ တိုက်တွန်းကြလေ၏။ အာနန္ဒာက တပည့်တော် အနေနှင့် မလျော်ကန်ထားလိုပါ။ မြတ်ဘုရားက တပည့်တော်အား အလိုရှိပါလျှင် အာနန္ဒာသည် ငါဘုရားကို လုပ်ကျွေးပါစေဟု နှုတ်တော်က မိန့်ကြားလာပါလိမ့်မည် ဘုရားဟု ပြန်လည် လျှောက်ကြားလေ၏။

တနေ့တွင် ဘုရားရှင်က အာနန္ဒာသည် မိမိ အလိုအလျောက် သိလာ၍၊ ငါဘုရားကို ပြုစု လုပ်ကျွေး ပါလိမ့်မည်ဟု မိန့်ဘော်မူ လိုက်၏။ ရဟန်းဘော်များက အရှင်အာနန္ဒာအား ဘုရားကို လုပ်ကျွေးပြုစုခွင့် တောင်းခံလျှောက်ထားပါလေ့ဟု တိုက်တွန်း ကြပြန်သည်။

ဘုရားက- အာနန္ဒာ အဘယ်အပြစ်ကိုမြင်၍ ဤသို့ လျှောက်ထားပါသနည်းဟု မေးတော်မူ၏။

အရှင် ဘုရား က တပည့်တော် အား
သက်နှံးကို စွန့်ကျဲပါလျှင်
ဆွမ်းကို စွန့်ကျဲပါလျှင်
တကျောင်းတည်း အတူ နေစေပါလျှင်

ဒကာများ ပင့်ရာသို့ ခေါ်သွားပါလျှင် အာနန္ဒာဟာ ဘုရားထံမှ သက်နှံးတွေရနေလို့၊ အစားကောင်းတွေ စားနေရလို့၊ ဘုရားနှင့်အတူ နေရလို့၊ အလှူအဘန်းတွေ လိုက်နေရလို့ ဘုရားကို ပြုစု လုပ်ကျွေးနေတာပဲဟု အများက ကဲ့ရဲ့လာကြပါလိမ့်မည်၊ ဤအကြောင်းများကြောင့် ယခုလို လျှောက်ထား ရပါကြောင်း ဖြေဆိုလေ၏။

## ဒီအချက် ဒီအချက်တွေကို နွင်ဖြုပါလျှင်

မထေရ်မြတ်များက တိုက်တွန်း လာကြတဲ့အခါ အရှင်အာနန္ဒာသည် ဘုရားရှင်ထံ သွားရောက်ပြီး ဤသို့ လျှောက်ထားလေ၏-

အရှင်မြတ်ဘုရား-

၁။ တပည့်ဘော်အား အရှင် ဘုရားက သက်နှံးကို မစွန့်ကျဲဘူးဆိုပါလျှင်၊
၂။ ဆွမ်းကို မစွန့်ကျဲဘူးဆိုပါလျှင်၊
၃။ အရှင်ဘုရားနှင့် အတူ တကျောင်း တည်း၌ နေခွင့်မပြုဘူး ဆိုပါလျှင်၊
၄။ အရှင်ဘုရားအားဒကာဒကာမများ က လာပင့်သောအခါ တပည့်တော်အား ခေါ်မသွားဘူးဆိုပါလျှင်-

တပည့်တော်သည် အရှင်ဘုရားအား ပြုစု လုပ်ကျွေးမိရစေ ဘုရားဟု လျှောက်ကြားလေ၏။

## ဤအချက်များကိုလည်း

ဆက်လက်၍ အရှင်အာနန္ဒာက လျှောက်ကြား ပြန်သည်မှာ-

၁။ အရှင်ဘုရားသည် တပည့်တော် ပင့်ဖိတ်ရာသို့ လိုက်ပါ ကြွရောက် ခီးမြှင့်မည် ဆိုပါလျှင်၊
၂။ ရပ်ဝေးမှရောက်လာကြသော ဘုရားဖူးများအား အခွင့်မရွေး ဖူးတွေ့နိုင်အောင် တပည့်တော်အား ခွင့်ပြုထားပါလျှင်၊
၃။ တပည့်တော်မှာ တရားနှင့် ပတ်သက်၍ ယုံမှားမှု ရှိသည့်အခါ အရှင်ဘုရားအား အခွင့်မရွေး မေးလျှောက် ခွင့်ရမည် ဆိုပါလျှင်၊
၄။ တပည့်တော်၏ မျက်ကွယ်မှာ ဟောခဲ့သော တရားများကို တပည့်တော်အား ပြန်၍ ဟောကြားပေးမည် ဆိုပါလျှင်၊

တပည့်တော်သည် အရှင်ဘုရားအား ပြုစု လုပ်ကျွေးဖါရစေ ဘုရားဟု လျှောက်လေ၏။

ဘုရားက အာနန္ဒာ မည်သည့်အကြောင်းကို မြင်၍ ဤသို့ လျှောက်ပြန်သနည်းဟု မေးတော်မူလျှင်-

အရှင်အာနန္ဒာက-

၁။ အလှူ စေတနာရှင်များသည် တပည့်တော် ထံသို့ လာရောက်ကြပြီး၊ အရှင်ဘုရား မနက်ဖြန်ခါ ဘုရားနှင့် တကွ တပည့်တော်အိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော်မူပါဟု ပင့်လျှောက် လာကြလိမ့်မည်။ ထိုအခါ အရှင်ဘုရားက ငြင်းပယ်ခဲ့ပါလျှင်၊

၂။ ရပ်ဝေးမှ ရောက်ရှိသောကြသည့် ဘုရားဖူး သွေ့သည်များသည် သူတို့ဖူးလိုသည့် အချိန်မှာ ဘုရားကို ဖူးခွင့်မရကြပါလျှင်

၃။ တပည့်လေ့မှာ ဘုရားနှင့်စပ်လို့ ယုံမှားသံသယဖြစ်တဲ့အခါမှာ မေးလျှောက်ခွင့် မရပါလျှင်

ဤမျှလောက်သော အခွင့်အရေးကိုမှ မရပဲလျက် အဘယ့်ကြောင့် ဘုရားကို ပြုစု လုပ်ကျွေးနေပါသနည်းဟု အများက ကဲ့ရဲ့ပြစ်ဘင် လာကြပါလိမ့်မည် ဘုရား။

၄။ ဘဖန် ဘုရားတပည့်တော် မျက်ကွယ်မှာ မဟာကြားခဲ့သည့် ဟရားများကို အရှင်ဘုရားက ပြန်၍ ဟောကြားမထားပါက ဤတရားကို မြတ်မှာဘုရားသည် အဘယ် အရပ်ဘွင် ဟောကြားခဲ့ သနည်း ဟု အမေးရှိလာလျှင် ပြန်၍ မဖြေကြားနိုင်ပါက ဘုရားထံ နီးမှာ နေပြီး၊ ဤမျှ လောက်ကိုမှ မသိလေသလောဟု ပြစ်ကင် ကဲ့ရဲ့လာကြပါလိမ့်မည် ဘုရား။

ဤကဲ့သို့ အကြောင်းကြောင်းများကို မြင်၍ လျှောက်ထားရခြင်း ဖြစ်ပါကြောင်း ပြေအောင် လျှောက်ထားလေ၏။

## ပါရမီ ဆုတောင်းပြည့်ပါလေဖြို့

ဘုရားရှင်သည် အရှင်အာနန္ဒာက တောင်းပန် လျှောက်ထားသည့် အချက် (၈) ချက်ကို ခွင့်ပြုတော်မူသည်။ ပဒုမုတ္တရ ဘုရားလက်ထက် သုမနမင်းသား ဘဝက ဆုတောင်းလာခဲ့သော ဘုရား အလုပ်အကျွေး ဖြစ်ရပါလို၏ ဆိုသည့် ဆုတောင်းသည် ယခု အခါတွင် ပြည့်ဝသွားခဲ့ပါပြီ။

## ထူးချွန် တေဒဂ် ငါးဘွဲ့ပိုင်ရှင်

အရှင် အာနန္ဒာသည် ဘုရားအလုပ်အကျွေး နေရာ၌ ရောက်လာသည့်နေ့မှစပြီး ဘုရားအား ရေပူရေချမ်း ဆက်ကပ်ခြင်း၊ ဒန်ပူမျက်နှာသစ် ရေဆက်ကပ်ခြင်း၊ ခြေဆုပ် လက်နယ် ပြုခြင်း၊ ရေချိုးရာတွင် ကျောပြင်ကို ချေးတွန်းပေးခြင်း၊ ဘုရား ဟရုဏ်ကျောင်းဝင်းကို တံမြက်လှည်းခြင်း စသည်ဖြင့် ဘုရား၌ ပြုစုရမည့် ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို ဆောင်ရွက်ခြင်း၊ ကြံစည် စဉ်းစားပုံးနှင့် တနေကုန် ဘုရားအနီးမှာ လှည့်ကာပတ်ကာ အချိန်ကုန်ရလေ၏။

ဤအချိန် ရောက်လာသော အခါမှာလည်း ဆီမီးတိုင်ကိုကိုင်လျက် ဟည်တည်လျှင် ကျောင်းဝင်းတံခါးကို ကြိမ်ကိုးခေါက် လှည့်လည် စောင့်ရှောက်တော် မူလေ့ရှိသည်။

အရှင်အာနန္ဒာသည် ဗုဒ္ဓသာသနာတော်တွင် ဘုရားကပေးသည့် ထူးချွန်တေဒဂ်ဘွဲ့အများဆုံး ရရှိလာခဲ့သည်။

၁။ ဗဟုသုတ အကြားအမြင် ရှိသူများတွင် အရှင်အာနန္ဒာသည် အထူးချွန်ဆုံး ဖြစ်သောကြောင့် ဘုရားကဗဟုသုတတေဒဂ် ဘွဲ့ထူးကို ချီးမြှင့်တော်မူခဲ့သည်။

၂။ ဘုရား၏ တရားတော်များကို ကြာကြာ ဆောင်ထားနိုင်သည့် သတိရှိသူများတွင် အရှင်အာနန္ဒာသည် အထူးချွန်ဆုံးဖြစ်၍ ဘုရားက သတိမန္တ တေဒဂ် ဘွဲ့ထူးကို ချီးမြှင့်တော်မူခဲ့သည်။

၃။ ဗဟုသုတ အကြားအမြင် ရှိသူများတွင် အရှင်အာနန္ဒာသည် အထူးချွန်ဆုံး ဖြစ်သောကြောင့် ဘုရားက ဗဟုသုတတေဒဂ် ဘွဲ့ထူးကို ချီးမြှင့်တော်မူခဲ့သည်။

၄။ ဘုရား၏ တရားတော်များကို ကြာကြာ ဆောင်ထားနိုင်သည့် သတိရှိသူများတွင် အရှင်အာနန္ဒာသည် အထူးချွန်ဆုံးဖြစ်၍ ဘုရားက သတိမန္တ တေဒဂ် ဘွဲ့ထူးကို ချီးမြှင့်တော်မူခဲ့သည်။

၅။ ဘုရား၏ တရားစကားတော်များကိုသင်ခြင်း၊ ဆောင်ခြင်း၊ သရဇ္ဈာယ်ခြင်း ရှိသူများတွင် အရှင်အာနန္ဒာသည် အထူးချွန်ဆုံး ဖြစ်သောကြောင့် ဘုရားက မိတိမန္တ တေဒဂ် ဘွဲ့ထူးကို ချီးမြှင့်တော်မူခဲ့သည်။

၆။ ဘုရားကို ပြုစုလုပ်ကျွေးကြသူများတွင် အရှင်အာနန္ဒာသည် အထူးချွန်ဆုံး ဖြစ်၍ ဘုရားက ဥပဋ္ဌက တေဒဂ် ဘွဲ့ထူးကို ချီးမြှင့်တော် မူခဲ့သည်။

## ရဟန္တာ ဖြစ်ပုံမှာလည်းထူး

အရှင်အာနန္ဒာသည် ရဟန္တာဖြစ်မည့်ညတွင် တညလုံး မနားမနေ တရားအားထုတ်တော်မူ၏။ ဝိရိယလွန်ကဲနေသဖြင့် တရားမရနိုင်ပဲဖြစ်နေ၏။ မိုးလင်းခါနီးရောက်သောအခါ စိတ်ကိုလျှော့၍ အနားယူရန် တရားသတိမလွတ်ပဲ ခုတင်ပေါ်သို့ လှဲချလိုက်ရာ မြေမှ ခြေနှစ်ဘက်ကို လွှတ်ပြီး ခေါင်းမချမီ အရိယာဖုဋ္ဌ လေးပါးက လွတ်လျက် ရဟန္တာအဖြစ်သို့ ရောက်သွားခဲ့လေသည်။

## ရဟန်းဖိန်းမ ဘိက္ခုနီသာသနာ ပေါ်ထွန်းလာ

မိထွေးတော် ဂေါတမီကို အပြောင်းပြု၍ ရဟန်း မိန်းမ ဘိက္ခုနီ သာသနာကြီးပေါ်ထွန်းလာခဲ့သည်။ မိထွေးတော် ဂေါတမီကား နန်းတော်၌ သုဒ္ဓေါဒနမင်းကြီးနှင့်အတူ တရားနာရစဉ် သောတာပန် ဖြစ်လာခဲ့သည်။

## ဘိက္ခုနီသာသနာ စွင့်တောင်း

မိထွေးတော် ဂေါတမီသည် အမျိုးသမီးများအား ယောကျ်ားများ နည်းတူ ရဟန်းပြုပေးပါရန်, ဘုရားထံ အကြိမ်ကြိမ်ခွင့်တောင်းခဲ့သည်။ ဘုရားက ခွင့်မပြုခဲ့၊ သို့သော် လက်မလျှော့ပဲ အခါအခွင့်ကို စောင့်မျှော်ကာ ကြိတ်ကြိုးစားလာခဲ့သည်။

## တခုလပ်မင်းသမီး ငါးရာ

ဂေါတမီသည် အခါအခွင့်ကို စောင့်မျှော်လာယင်း မြတ်ဘုရားသည် ငါးဝါ အတွင်းသို့ ရောက်လာခဲ့၏။ ရဟန်းပြုသွားကြသည့် သက္ကိဝင် မင်းသားများ၏ ဇနီးဟောင်း မင်းသမီး ငါးရာ သည် မိမိတို့ ယောကျ်ားများ ကဲ့သို့

## အရှင်အာနန္ဒာနှင့်တွေ့

ကျောင်းတော်တံခါး မုခ်ဝတွင် စုရုံးရောက်ရှိနေကြသော မင်းသမီးများထံ အရှင်အာနန္ဒာရောက်လာသည်။ ခြေထောက်များ ဖူးယောင်ပြီး ပင်ပန်းနွမ်းနယ် ငိုယိုနေကြသည့် အခြေအနေကို မြင်ရတဲ့အခါ စိတ်တုန်လှုပ်မိလေ၏ မိထွေးတော်ကြီးကို အကျိုးအကြောင်း မေးတော်မူသည်။ ဂေါတမီက- အရှင်ဘုရား မြတ်စွာဘုရားသည် အမျိုးသမီးများကို ရဟန်းပြုခွင့် မပေးသမြှင့် ယခုလို ဒုက္ခရောက်လာကြပါကြောင်း လျှောက်ထား ရှင်းပြလေ၏။

## အာခါအခွင့်ကိုလာ

အခါအခွင့်ကို စောင့် မျော်လာခဲ့သော မိထွေးဘော်ကြီးသည် မျော်မန်းချက်အောင်မြင်ရန် အချိန်သို့ ရောက်လာခဲ့ပြီ ဖြစ်၏။

## ဘုရားရှိရာသို့ချီတက်

ဤအကြိမ်တွင် ဘုရားထံ ဘိက္ခုနီသာသနာတောင်းရန် အတွက် ဂေါတမီသည် သချာပေါက် အစိအမံကို ပြုလေ၏။ မိမိနှင့် တကွ မင်းသမီး ငါးရာပါ ဆံခေါင်းတုံး ရိဟ်လိုက်ကြသည်။ ဖန်ရည်ဆိုး ယောဂီအဝတ်ကို ဝတ်ဆင်လိုက်ကြသည်၊ ဘုရားရှိရာ ယူဇနာ ငါးဆယ် ကွာဝေးသည့် မဟာဝုန်တောသို့ တစုတစုရုံးတည်း ခြေလျင်ချီတက်လာကြသည်။

ရက်ပေါင်း ငါးဆယ်မျှ ရောက်လာသော အခါ ဘုရားကျောင်းတော် မုခ်ဦးသို့ ရောက်ရှိလာကြသည်။ မင်းသမီးများသည် ပင်ကိုယ်ကပင် နူးညံ့ပျော့ပျောင်းသူများဖြစ်၍ ယူဇနာ (၉၀) ခရီးကို ခြေလျင်လျှောက်ကြရာတွင် ခြေထောက်များ ဖူးယောင် ပေါက်ပြဲ သွေးများ ယိုထွက်ခဲ့ကြရသည်။ ပင်ပန်း နွမ်းနယ် လာခဲ့ကြသည်။ ကျောင်းတော် မုခ်ဝတွင် ရှိုက်ကြီးဘငင် ငိုကြွေးကြလျက် စုရုံး နေကြသည်။

## အရှင်အာနန္ဒာနှင့်တွေ့

ကျောင်းတော်တံခါး မုခ်ဝတွင် စုရုံးရောက်ရှိနေကြသော မင်းသမီးများထံ အရှင်အာနန္ဒာရောက်လာသည်။ ခြေထောက်များ ဖူးယောင်ပြီး ပင်ပန်းနွမ်းနယ် ငိုယိုနေကြသည့် အခြေအနေကို မြင်ရတဲ့အခါ စိတ်တုန်လှုပ်မိလေ၏ မိထွေးတော်ကြီးကို အကျိုးအကြောင်း မေးတော်မူသည်။ ဂေါတမီက- အရှင်ဘုရား မြတ်စွာဘုရားသည် အမျိုးသမီးများကို ရဟန်းပြုခွင့် မပေးသမြှင့် ယခုလို ဒုက္ခရောက်လာကြပါကြောင်း လျှောက်ထား ရှင်းပြလေ၏။

## အရှင်အာနန္ဒာလျှောက်

အရှင်အာနန္ဒာသည် မင်းသမီးများကို ခေတ္တစောင့်ဆိုင်းထားခဲ့ပြီး ဘုရားရှင်ထံ သွားရောက်လျှောက်ကြားသည်။

**အရှင်ဘုရား-** အရှင်ဘုရားက အမျိုးသမီးများကို ရဟန်းပြုခွင့် မပေး၍ ယခုအခါတွင် မိထွေးတော် ဂေါတမီသည် ကျောင်းဦး တံခါး မုခ်ဝသို့ ရောက်ရှိနေပါသည်။ ခြေထောက်များ ဖူးယောင်ပြီး ကိုယ်မှာလည်း ဖုန်အလိမ်းလိမ်း ကပ်ကာ စိတ်မချမ်းမသာနှင့် ငိုကြွေးနေသည်ကို တွေ့ရပါသည်။

**အရှင်ဘုရား-** အမျိုးသမီးများသည် သာသနာတော်၌ ရဟန်းပြုခွင့်ရကြပါစေ၊ တပည့်တော်တောင်းပန် လျှောက်ထားပါသည်။

## မသင့်လျော်ပေ၊ အာနန္ဒာ

ဘုရားရှင်က- မသင့်လျော်ပေ အာနန္ဒာ၊ သာသနာတော်၌ အမျိုးသမီးများ ရဟန်းပြုခြင်းကို မနှစ်သက်ပါလေနှင့်ဟု မိန့်ကြားတော်

မူသည်။ အရှင်အာနန္ဒာက သုံးကြိမ် တိုင်တိုင် ထပ်ခါထပ်ခါ လျှောက်ကြား တောင်းပန်သည်။

ဘုရားရှင်ကလည်း သုံးကြိမ် တိုင်တိုင် ပြောဆို ငြင်းပယ်တော်မူသည်။

## အလျှောက်ကောင်းသည့် အာနန္ဒာ

ဘုရား က သုံးကြိမ် တိုင်တိုင် ငြင်းပယ်နေသော်လည်း အရှင်အာနန္ဒာက အလျှော့မပေးပဲ ကျိုးကြောင်းပြ၍ ဆက်လက် လျှောက်ထား ပြန်သည်။

အရှင်ဘုရား-

အမျိုးသမီးများသည် ဤသာသနာတော်၌ ရဟန်းပြုကြပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာများ ဖြစ်ရန် မထိုက်တန်ပါသလောဟု မေးလျှောက်သည်။

ဘုရား က- ထိုက်တန်ပါသည် အာနန္ဒာ ဟု ဖြေကြားတော်မူသည်။

အရှင်အာနန္ဒာက ဆက်လက်၍ အရှင်ဘုရား ထိုက်တန်ပါသည်ဟု ဆိုလျှင် မဟာ ပဇာပတိ ဂေါတမီသည် အရှင်ဘုရားအပေါ်မှာ အလွန် ကျေးဇူးများလှပါ၏။ အရှင်ဘုရား၏မိထွေး တော် အရင်းအချာလည်း ဖြစ်ခဲ့ပါ၏။ အရှင်ဘုရား ကို ကလေးအရွယ်၊ လူမမယ် ဘဝမှစပြီး၊ တနေ့ နှစ်ကြိမ် သုံးကြိမ် နို့သာရေချိုးပြီး ပြုစု ယုယ လာခဲ့ပါ၏။ အရှင်ဘုရား၏ မယ်တော် နတ်ရွာစံသောအခါမှစ၍ ကိုယ်တိုင် နို့ချို တိုက်ကျွေး ပိုက်ထွေးပြုစုလာခဲ့သည် မဟုတ်ပါလော။

အရှင်ဘုရား၊ အမျိုးသမီး များသည် ဤသာသနာတော်၌ ရဟန်းပြုခွင့် ရကြပါစေတော်မူတော် ထပ်မံ လျှောက်ထားပါသည်။

## သဘာဝကို မငြင်းဆန်နိုင်

ဤသို့ အရှင်အာနန္ဒာက အကြောင်းအကျိုး ပြကာ သဘာဝကို လျှောက်ကြားလေသော အခါ-

ဘုရားရှင်က ကောင်းပါပြီအနာန္ဒာ၊ ပဇာပတိ ဂေါတမီသည် ဂရု ၈မှု တရား၌စ်ပါးကို လိုက်နာ နိုင်ပါမည်လော-

၁။ ဘိက္ခုနီမသည် (၀၇) တရားပင်ရသည် ဖြစ်စေ၊ ယနေ့ပြုစရဟန်းကို ရှိခိုးခြင်း၊ ခရီးဦး ကြိုဆိုပြုခြင်း၊ လက်အုပ်ချီ အရိုအသေ ပေးခြင်း၊ ကျင့်ဝတ်ကို တသက်လုံး လိုက်နာရမည်။

၂။ ဘိက္ခုနီမများသည် ဘိက္ခု သံဃာနှင့် ဝေးသော အရပ်များ၌ ဝါမကင်ရ၊ ဤကျင့်ဝတ်ကိုလည်း တသက်လုံး လိုက်နာရမည်။

၃။ ဘိက္ခုနီမသည် ဆယ့်ငါးရက် တကြိမ် ဘိက္ခုသံဃာမှ (၁) ဥပုသ် မေးခြင်း၊ (၂) အဆုံးမ ခံယူရန် ကပ်ရောက်ခြင်း ဤနှစ်ပါးကို လိုချင်တောင့်တ လိုက်နာရမည်၊ ဤ ကျင့်ဝတ်ကိုလည်း တသက်လုံး လိုက်နာရမည်။

၄။ ဝါကျွတ်ပြီးသော ဘိက္ခုနီမများသည် ဘိက္ခုနီမ၊ ဘိက္ခုနီသံဃာ နှစ်ဘက်၌ မြင်ခြင်း ကြားခြင်း ယုံမှားခြင်း (အပြစ် ရှိခဲ့သော် ပြောဆိုဆုံးမရန်) ဖိတ်ကြားရမည်၊ ဤကျင့်ဝတ်ကိုလည်းတသက်လုံး လိုက်နာရမည်။

၅။ သံဃာ ဒီသိသ် အာပတ် သင့်သော ဘိက္ခုနီမသည် ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ နှစ်ဘက်၌ တဆယ့်ငါးရက်ကြာ မာနတ်အကျင့်ကို ကျင့်ရမည်။ ဤကျင့်ဝတ်ကိုလည်း တသက်လုံးလိုက်နာရမည်။

၆။ ဘိက္ခုနီမသည် (မိမိထံ၌) နှစ်နှစ်ပတ်လုံး သိက္ခာပုဒ် (၆) ပါးတို့၌ မကျိုးပေါက်အောင် ကျင့်သုံးပြီးသော သိက္ခာမာန်အမျိုးသမီးကို ဘိက္ခုသံဃာနှင့် ဘိက္ခုနီသံဃာနှစ်ဘက်၌ ဘိက္ခုနီမ ပြုပေးရန် ကြောင့်ကြဲရှာမှီးရမည်။ ဤကျင့်ဝတ်ကိုလည်း တသကဲ့လုံး လိုက်နာရမည်။

၇။ ဘိက္ခုနီ မသည် ဘိက္ခု ရဟန်းအား မည်သည့် အကြောင်းနှင့်မျှ မဆဲဆိုရ၊ ဤကျင့်ဝတ်ကိုလည်း ဟသက်လုံး လိုက်နာရမည်။

၈။ ရဟန်းပြုသည့် နေ့မှစ၍ ဘိက္ခုနီမများက ဘိက္ခုရဟန်းများအား ဆုံးမသြဝါဒ မပေးရ၊ ဘိက္ခုရဟန်းများက ဘိက္ခုနီမများအား ဆုံးမသြဝါဒပေးခြင်းကိုလည်း မတားမြစ်ရ၊ ဤ ကျင့်ဝတ် ကိုလည်း တသက်လုံး လိုက်နာရမည်။

အာနန္ဒာ ပဇာပတိ ဂေါဒမီသည် ဤဂရုကမ္မတရား (၈) ပါးကို အကယ်၍ လိုက်နာနိုင်မည် ဆိုပါက ထိုသို့ လိုက်နာ ကျင့်သုံးခြင်းပင်လျှင် ဂေါတမီအတွက် ရှင်အဖြစ်၊ ရဟန်းအဖြစ် ဖြစ်နေပေပြီဟု မိန့်ဆိုတော်မူသည်။

## ဘိက္ခုနီ ပဇာပတိ ဂေါတမီ

အရှင်အာနန္ဒာက ဘုရား မိန့်ကြားတော်မူသည်များကို အားလုံးမှတ်သားပြီး ဂေါတမီထံသို့ တခုမကျန်ပြန်၍ ပြောကြားတော်မူ၏။

ဘုရားရှင် မိန့်ကြားတော် မူသည်များကို ကြားရလျှင် ဂေါတမီက အားရ ဝမ်းသာနှင့် အရှင်ဘုရား ခေါင်းလျှော်ပြီးခါစ ပန်းကိုရသော သူသည် အားရဝမ်းသာနှင့် ခေါင်းမှာ ပန်ဆင်ရသကဲ့သို့ မြတ်ဘုရားမိန့်ကြားတော်မူလိုက်သည့် ဂရုဓမ္မ တရားရှစ်ပါးကို လေးမြတ်စွာ ခံယူလိုက်နာမည် ဖြစ်ပါကြောင်း လျှောက်ကြားလေ၏။

မိထွေးတော် ဂေါတမီသည် ဂရုဓမ္မ တရားများကို လိုက်နာမဲ့ပါမည်ဟု ဝန်ခံသည်နှင့်တပြိုင်နက် ဘိက္ခုနီ ရဟန်း ဖြစ်သွားလေ တော့၏။ သိမ်ဝင်ညှာကမ္မဝါဖတ်ရန် မလိုသောရဟန်းပြုခြင်းမျိုးဖြစ်သည်။ ဤ ပဋ္ဌင်းခံခြင်းမျိုးကို အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟဏ ဥပသမ္ပဒါဟု ခေါ်သည်။

## ဘိက္ခုနီ မင်းသမီး ငါးရာ

မဟာ ပဇာပတီ ဂေါတမီသည် ဘိက္ခုနီမ ဖြစ်သွား ပြီးနောက် ဘုရားထံ သွားရောက်၍ မင်းသမီး ငါးရာအတွက် မည်သို့ အစီအမံပြုရမည်နည်းဟု လျှောက်၏။

ဘုရားက—

ရဟန်းတို့ ရဟန်း ဘိက္ခုများသည် အမျိုးသမီးများအား ရဟန်းပြုပေးရန် ခွင့်ပြု၏။

ဤသို့ ပညတ်၍ ခွင့်ပြုတော်မူ၏။

ဘိက္ခုနီ ရဟန်းပြုပေးရန် သိက္ခာပုဒ် ပညတ်တော်မူသည်ကို ကြားရလေလျှင် ရဟန်းဟော်များသည် မုခ်ဝဘွင် စောင့်မျော်နေကြသော မင်းသမီး ငါးရာကို သွားရောက် ခေါ်ဆောင်ကြပြီး ရဟန်းပြုပေးတော် မူကြသည်။

## ရဟန္တာ ဂေါတမီ

ဘိက္ခုနီ ပဇာပတီ ဂေါတမီသည် ရဟန်းဘဝသို့ ရောက်ပြီးနောက် မြတ်ဘုရား ဟောကြားတော်မူသည့် သံဒိဋ္ဌသုတ္တန် ဒေသနာတော်ကို ကြားနာရ၍ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်သွားခဲ့လေ၏။

## ဘိကွဲနီ မင်းသမီး ငါးရာလည်း

ဘိကွဲနီ ဖြစ်လာကြသော မင်းသမီး ငါးရာသည်လည်း မြတ်စွဲဘုရား ဟောကြားတော်မူသည့် နန္ဒကောဝါဒသုတ်တွန် ဒေသနာတော်ကို ကြားနာကြရ၍၊ သောတာဖန် သကဒါဂါမ်စသော အာရိယာ ဘိကွဲနီမများ ဖြစ်လာကြလေ၏။

# မဟာပညာ ထူးခွန် ဇာတင်ဘွဲ့ရ အလှ မာနုရှင် ဘိကွဲနီမကြီး ခေမာ

ဘိကွဲ ရဟန်းတော်များတွင် အရှင် သာရိပုတ္တရာ အရှင်မြတ်ကြီးသည် ပညာ အရာမှာ မဟာ ယေဒဂ် ထူးခွန် ဘွဲ့တော်ကို ရသကဲ့သို့ ဘိကွဲနီမ ရဟန်းတော်များတွင် ခေမာဘိကွဲနီမကြီးသည် ပညာအရာတွင် ထူးခွန်သော မဟာပညာ ဇာတင်ဘွဲ့ကို ရတော်မူခဲ့သည်။

## ရှေးဆုတောင်း

ခေမာ ဘိကွဲနီ အလောင်းတော်သည် လွန်ခဲ့သည့် ကမ္ဘာဒေပါင်း တသိန်း ကာလက ပဒုမုတ္တရ ဘုရား ပွင့်တော်မူခါနီးတွင် ဟံသာဝတီပြည်၌ သဒ္ဒသမီးတဦး ဖြစ်ခဲ့၏။

တနေ့တွင် သဒ္ဒေးသမီးသည် ဘုရားနှင့်တကွ သံဃာတော်များအား ခုနစ်ရက်တိုင် ဆွမ်းကပ် လှူဒါန်းခဲ့သည်။

## တေဒဂ်ဘွဲ့ရှင် သဘောကျ

ခုနစ်ရက်မြောက်နေ့တွင် ပဒုမုတ္တရဘုရားရှင်သည် သံဃာတော်အများ ဘိကွဲနီမအား ပညာအရာတွင် ထူးခွန်သူ မဟာပညာ ဇာတင်ဘွဲ့ထူးကို ချီးမြှင့်တော် မူသည်။ သဒ္ဒေးသမီးသည် တေဒဂ်ဘွဲ့ ချီးမြှင့်တော်မူသည်ကို စိတ်ဝင်စား သဘောကျခဲ့သည်။ မိမိသည်လည်း ဤကဲ့သို့ မဟာပညာ ထူးခွန် တေဒဂ်ဘွဲ့ကို ရလိုပါ၏ဟု ဆုတောင်းလေ၏။

## ဗျာဒိတ်တော်

ဘုရားရှင်သည် သဒ္ဒေးသမီး၏ အနာဂတ်ကို ဆင်ခြင်တော်မူပြီး ဤသဒ္ဒေး သမီးသည် နောင်လာမည့် ကမ္ဘာတသိန်းကာလ ဂေါတမဘုရား ပွားများနာတော်၌ ခေမာအမည်ဖြင့် မဟာပညာ ဇာတင်ဘွဲ့ကို ရပေလတ္တံ့ဟု ဗျာဒိတ်တော်မြတ် မြွက်ကြားတော်မူလေသည်။

## ဂေါတမဘုရား ပွင့်ချိန်ရောက်

သဒ္ဒေးသမီးသည်ဗျာဒိတ်တော်ရခဲ့ပြီးနောက် ပဒုမုတ္တရ ဘုရားလက်ထက်မှစ၍ ဒါန-သီလစတဲ့ ပါရမီတွေကို ဖြည့်ကျင့်လာခဲ့ရာ ကမ္ဘာတသိန်း ကာလ ဘဒ္ဒကမ္ဘာဝယ် ဂေါတမဘုရားပွင့်ချိန်သို့

ရောက်လာတဲ့အခါ သာဂလမြို့ဥ္စ မဒ္ဒရာဇ် မင်း ကြီး၏ သမီးတော် ဖြစ်လာခဲ့၏။

## အဆင်းမာနရှင်

မင်းသမီး မွေးဖွား လာချိန်တွင် လူအများ ဘေးဒုက္ခ အပေါင်းမှ ကင်းငြိမ်းကြလေသော ကြောင့် ခေမာ ဟု အမည် မှည့်ခေါ်လေ၏။ အရွယ်ရောက်သာလျှင် ဗိမ္ဗိသာရမင်း၏ မိဖုရား ကြီး ဖြစ်လာလေ၏။ မင်းသမီးသည် ရုပ်အဆင်း အင်္ဂါနှင့် ပြည့်စုံ၍ မိမိ၏ အလှကျက်သရေပေါ် အလွန် မာနကြီး၏။ ဗိမ္ဗိသာရ မင်းကြီးသည် ဘုရားကို အလွန်ကြည်ညို၏။ ဘုရား ကျောင်း ကန် သို့ အမြဲ ဝင်ထွက် သွားလာလျက်ရှိ၏။ မိဖုရားကြီး ခေမာကား တခါတခေါက်မျှ ဘုရား ကျောင်းကန်သို့ မရောက်ရှိခဲ့ချေ၊ ဘုရားကို စက်ဆုတ်ဖွယ် အပြစ်ပြု၍ ဟောတော်မူသည်ကို ကြားရ၍ ဘုရားနှင့် တွေ့ရမှာကိုပင် ကြောက်ရွံ့လျက် ရှိ၏။

## မင်းကြီး အကြံထုတ်

ဗိမ္ဗိသာရ မင်းကြီးသည် ဘုရား၏ အလုပ် အကျွေး ဒါယကာကြီးအဖြစ် ထင်ရှား ကျော် ကြားလျက် ရှိနေသော်လည်း မိမိ၏ မိဖုရားကြီး မှာ ဘုရားနှင့် ကင်းကွာလျက် ရှိနေသည်ကို စိတ် မချမ်းမသာ ဖြစ်နေ၏။ မိဖုရားကြီး ကို ကျောင်းတော်သို့ သွားချင်လာအောင် အကြံ ထုတ်ရလေ၏။ နာမည်ကျော် သီချင်းရေး ဆရာ ကြီးများကို မိမိထံသို့ ဆင့်ခေါ်လိုက်၏။ ဘုရား ကျောင်းတော် ဝေဠုဝန် ဥယျာဉ်ကြီး၏ လှပ ကြည်နူး သာယာဖွယ်မျှစေးကို ကြားရ သူများ စိတ်ဝင်စားလာအောင် တေးဂီတ ဖွဲ့နွဲ့ သီကုံး စေ၏။

## တေးဂီတ ပညာရှင်ကြီးများ၏ လက်စွမ်း

တေးဂီတ ဆရာကြီးများက ဤသို့ လက်စွမ်း ပြလိုက်ကြသည်။

ဘုရားသခင်၊ သီတင်းသုံး စံပယ်၊ တင့် စယ် လှပ၊ ကြည်နူးဖွယ် ကောင်းလှသည့်၊ ဝေဠုဝန်၊ မြတ် ဥယျာဉ်ကို၊ တခါဖူးမျှ၊ မမြင်ရ။ ကံဖယ်ကြသူများသည် နန္ဒဝန်မည် တွင် ဘာဝတိံသာ နတ် ဥယျာဉ်ကြီးကို မမြင်ရသူများအလား ဖြစ်နေကြပြီလား လို့ မှတ်ချက်များ ချမိပါသည်။

လူ့ပြည်က ယူမင်းတို့ မြတ်နိုး ချစ်ခင် ဝေဠုဝန် ဥယျာဉ်ကြီးကို၊ တခါပင် မြင်ဖူး၊ ကံထူးကြ သူများသည်၊ နတ်ပြည်က မိုး သိကြား၊ အားထားခုံမင်၊ နန္ဒဝန် မြတ် ဥယျာဉ်ကို တွေ့မြင်ကြသူများ ရယ်လို့၊ ဆို များ၊ ဆိုလိုက်ချင်ပါ၏။

ဘာဝတိံသာ၊ ဒေဝနတ်များ၊ ကစား မြူးရွှင်၊ နန္ဒဝန် မြတ်ဥယျာဉ်မှ၊ လူ့ခွင် တလှား၊ ဘွားကနဲပေါ်၊ ဝေဠုဝန်ဥယျာဉ် တော်ကို၊ ပြုံးကနဲ ရှုမြင်ရလေသော်၊ ဩဇာ ကောင်းလေစွဟု ရင်ဝလက်တင်၊ သက်ငင် ရှိုက်ပြီး၊ ကောင်းချီးဩဘာ ပေ ကြပါလိမ့်။

ဘုရင့်ဘုန်းတော်၊ ကံရှိန်တော်ကြောင့်၊ ထွန်းပေါ်စေမှု၊ ဝေဠု တွင်ခေါ် ဥယျာဉ် တော်ကို၊ ဘုန်းတော်ကြီးမြင့်၊ ဗုဒ္ဓ၏ ဂုဏ် ရောင်က ဆင့်ကာ၊ ထားလို့၊ ဝင့်ကြွား ထည်ဝါ ဂုဏ်ပုဒ်တော်မျ.းစွာကို အဘ.ယ် စာရေးဆရာတို့ သီကုံး ထုံးဖွဲ့လို့ ဆုံးနိုင်ပါ အုံ့နည်း။

ဤသို့ ဂီတ ပညာရှင် ကဗျာ ဆရာများက ဝေဠုန်ဝန် ဥယျာဉ်တော်ကြီး၏ ဂုဏ်ပုဒ်များကို

သီကုံး ရေးစပ်ကာ မင်းကြီးထံ ဆက်သလိုက်ကြသည်၊

## တေးသံလွှင့်

မင်းကြီးက အလွန်သဘောကျပြီး တေးဂီတအဆိုရှင် များထံ အပ်လိုက်သည်။ တေးသံရှင်များက သာယာငြိမ့်ငြောင်းစွာ ဖွဲ့နွဲ့သီဆိုကြပြီး ချို တေး သံ သာ များ ကို ခေမာ မိဖုရားကြီး၏ ရွှေနားတော်သို့ ဆက်သွင်းကြလေ၏။

ဝေဠုဝန် ဥယျာဉ်တော်ဘွဲ့ တေးသံသာများကို မိဖုရားကြီး ကြားရလေသော် မိမိရောက်ခဲ့ဖူးတဲ့ ဝေဠုဝန် ဥယျာဉ်ဆိုတာ ဟုတ်မှဟုတ်မလေလားဟု စိတ်ထဲမှာ ဇဝေဇဝါဖြစ်လာသည်။ ချက်ချင်းပင် ဥယျာဉ်ကြီးသို့ သွားလိုက်ချင်သည်။ သို့သော် ပြုံးကနဲ သွားလိုက်လျှင် ဘုရားနှင့် တွေ့မှာကိုလည်း စိုးရိမ်စိတ် ဝင်လာပြန်သည်။

## ဘုရားနှင့် မတွေ့အောင် ကြိုဖန်သွား

ခေမာ မိဖုရားကြီးသည် တေးဂီတသံများကို ကြားနေကထဲက ဝေဠုဝန် ဥယျာဉ်သို့ သွားလို စိတ်များ ပြင်းပြလာခဲ့၏။

ဂန္ဓေတွင် မင်းကြီးထံ ခွင့်ပန်ပြီး အခြံအရံ ယာဉ်ရထားများဖြင့် ဝေဠုဝန် ဥယျာဉ်တော်သို့ ထွက်ခွါခဲ့လေ၏။ ရောက်တဲ့အခါ ဘုရားနှင့် မတွေ့အောင် အကြံထုတ်ပြီး ဘုရားဆွမ်းစား ချိန်တွင် ဥယျာဉ်တော်သို့ ဝင်လေ၏။

## ဘုရားက မိဖုရားကြီး အကြံကိုသိ

မြတ်ဘုရားသည် မိဖုရားကြီး၏ အကြံကို သိမြင်တော်မူ၍ ထိုနေ့တွင် ဆွမ်းခံမကြွပဲ မိဖုရားကြီး အလာကို စောင့်မျှော်နေတော်မူ၏။

## ဒီကိုယ်တော်လေး လုပ်ပုံမဟာန်

မိဖုရားကြီးသည် ဘုရားနှင့် မတွေ့အောင် ချောင်းမြောင်း လှည့်လည် လာစဉ် ဥယျာဉ်တနေရာ၌ ရဟန်းတရားကို အားထုတ်နေသော ကိုယ်တော်လေး တပါးနှင့် သွားတွေ့သည်။ တရား အားထုတ်နေတဲ့ ကိုယ်တော်ကလေးကို ကြည့်ပြီး ဒီကိုယ်တော်လေးဟာ ခုလို ငယ်ငယ် ရွယ်ရွယ်နဲ့ ကာမဂုဏ် စည်းစိမ်တွေကို ခံစား သင့်ပါလျက်နဲ့ အသက်ကြီးမှ လုပ်ရမည့် အလုပ်တွေကို လုပ်နေတဲ့၏ဟု တရားအားထုတ်နေတဲ့ ကိုယ်တော်ကလေးကို စိတ်ထဲက ကျိတ်၍ ပြစ်တင် ဝေဖန် လိုက်သည်။

## မတွေ့ချင်ဘူး ဆိုပါမှ

ဘုရားနှင့် မတွေ့ရအောင် ချောင်းမြောင်း သွားယင်း သွားယင်းနှင့် ဘုရားကျောင်းတော်သို့ မမျှော်လင့်ပဲ ရောက်လာခဲ့၏။ ဘုရားက ခေမာ မိဖုရားကြီးထက် ဆပေါင်းများစွာ ချာမော လှပသည့် ၁၆-နှစ် အရွယ် အမျိုးသမီးကလေးက မိမိအား ယပ်ခတ်ပေးနေပုံကို ဖန်ဆင်း ထားတော်မူ၏။ မိဖုရားကြီးသည် ဘုရားအနီးသို့ ရောက်သည်တွင် မိန်းမပျို ကလေး၏ ကျက်သရေ အလှထူးပုံကို ငေးစိုက် ကြည့်နေလေ၏။

## အလှကို မုန်းပါလေပြီ

မိဖုရားကြီးသည် ဘုရားကို အာရုံ မထား တော့ပဲ မိန်းမပျိုလေးရဲ့ အလှ ကျက်သရေကို ကြည့်ယင်း ကြည့်ယင်းနဲ့ မိန်းကလေးသည် ၁၆ နှစ် အရွယ်မှ အသက် ၂၀- အရွယ်၊ ထိုမှ

## ခေမာ ဘိက္ခုနီ

မိဖုရားကြီးသည် အရိယာ အဖြစ်သို့ ရောက်လာသောအခါ မိမိသည် ရှေးက အထင်မှား အမြင်မှား ဖြစ်နေရသည့် အပြစ်တို့ကို ခွင့်လွှတ်သည်းခံတော် မူပါရန် ဘုရားရှင်အား ရှိခိုးဦးတင်ကာ ကန်တော့လေ၏။

အိမ်မြန်ရောက်သောအခါ မင်းကြီးအား မိမိ ရဟန်းပြုလိုပါကြောင်း ခွင့်ပန် လျှောက်ကြားလေသည်။ မင်းကြီးသည် မိဖုရားကြီး အရိယာအဖြစ်သို့ ရောက်လာပြီ ကိုသိ၍ ဝမ်းမြောက်ဝမ်းသာနှင့်လက်အုပ်ချီ မြွက်ကာအနှုးအညွတ် ခွင့်ပြုတော်မူသည်။ ထို့နောက် မိဖုရားကြီးကို ရွှေထမ်းစင်ဖြင့် တင်ဆောင်ကာ ကြီးကျယ်သော အခမ်းအနားဖြင့် ဘိက္ခုနီမ ကျောင်းတိုက်သို့ ပို့ဆောင် ရဟန်းပြုစေလေ၏။

## ဆီမီးလှူဖြင့်

ခေမာ မိဖုရားကြီးသည် ဘိက္ခုနီ ဘဝသို့ ရောက်လာခဲ့ပြီး တဆယ့်ငါးရက် မြောက်သော နေ့မှာ ဥပုသ် သိမ်ခဲ့ ဝတ်ပြုယင်း ထွန်းညှိထားသော ဆီမီးတောက်၏ တောက်လောပုံ၊ ငြိမ်းသွားပုံမျှားကို ကြည့်ပြီး ဝိပဿနာဉာဏ် အမြင်ရကာ၊ ရုပ် နာမ် သင်္ခါရတို့၏ ဖြစ်ပုံ ပျက်ပုံ မျှားကို ရှုပွားယင်း ရဟန္တာအရိယာ အဖြစ်သို့ ရောက်လာတော် မူလေသည်။

## ဘုရားဟောသည်နှင့် တလုံးမလွဲ

ခေမာ မိဖုရားကြီးသည် ရဟန္တာ ဖြစ်လာတော်မူပြီးနောက် သာဝတ္ထိနှင့် သာကေတမြို့၏ အကြား၊ တောရကမည်သော အရပ်၌ သီတင်းသုံးတော်မူသည်။

## မလှတေ့ပါဘုရား

မိဖုရားကြီး တရားသံဝေဂ ရလာပြီကို သိတော် မူသော မြတ်စွာဘုရားသည် ဆက်လက်၍ မိဖုရားကြီးအား တရားပြတော်မူသည်မှာ—

ခေမာ— နာကျင် ကိုက်ခဲခြင်း သဘောရှိတဲ့ အညစ်အကြေးတွေ အထက်အောက် ယိုထွက် နေတဲ့ လူမိုက်တို့ မြတ်နိုး တွယ်တာနေတဲ့ ဤ ရုပ်ခန္ဓာကြီးကို ရှုလေလော့....။

အစချီကာ တရား ဓမ္မများကို ဟောကြား ပြသတော် မူခဲ့လရာ မိဖုရားကြီးသည် တရားတော်ကြားနာရ၍ တဆိုင်တည်းနှင့်ပင် သောတာပန် အရိယာအဖြစ်သို့ ရောက်သွားလေ၏။

ထိုအခါမှစ၍ ကောသလ မင်းကြီးသည် ဘိက္ခုနီမကြီးထံရောက်၍နက်နဲသောပုစ္ဆာများကို မေးလျှောက်ရာတွင် မင်းကြီး ကျေနပ်လောက်အောင် ဖြေကြားတော်မူသည်။

ကောသလ မင်းကြီးသည် ဘုရား ထံသို့ ရောက်သောအခါ ဘိက္ခုနီမကြီးအား မေးသည့် မေးခွန်းများ ကိုပင် ဘုရား အား မေးမြန်း လျှောက်ထားပြန်သည်။ ဘုရားက မင်းကြီး၏ အမေး ပုစ္ဆာများကို ဖြေကြားတော် မူသည်။ ဘုရား ဖြေကြားတော်မူသည့် အဖြေများနှင့် ဘိက္ခုနီမကြီး ဖြေပေးလိုက်သောအဖြေများသည် အက္ခရာပုဒ်ပါဠိ တလုံးမလွဲ တူညီနေသည်ကို တွေ့ရ၍ မင်းကြီးသည် ဘိက္ခုနီမကြီး၏ ပညာဉာဏ်ကို ချီးကျူး ဝမ်းမြောက်ခဲ့ရသည်။

မဟာ ပညာ တေဇင်ဘွဲ့

ဒေမာ ဘိက္ခုနီမကြီး၏ ပညာထက်မြက်မှု၊ ဂုဏ်သတင်းများသည် သာသနာရေး လောကတွင် ထင်ရှား ကျော်ကြားလာခဲ့၏။ တနေ့တွင် ဘုရားရှင်သည် ဘိက္ခုနီမများကို ခေါ်တော်မူ၍ ငါ၏ တပည့်မ ဘိက္ခုနီမများတွင် ဒေမာဘိက္ခုနီသည် ပညာအရာ၌ အထူးချွန်ဆုံး ဖြစ်ပေ၏ ဟု မိန့်တော်မူကာ ဒေမာ ဘိက္ခုနီမကြီးအား မဟာတေဇင် ဘွဲ့ထူးကို ချီးမြှင့်ဘော်မူ၏။

## ချစ်သူတွေ ဖိုင်းဖိုင်းလည် အိမ်ထောင်ရေး လောကကြီးမှ ရုန်းထွက်သောခဲ့သည့် တန်ဆိုးတေဇဘိက္ခုနီ ဘိက္ခုနီမကြီး ဥပုသ်လဝက်

ဘိက္ခု ရဟန်း လောကတွင် အရှင် မဟာ မောဂ္ဂလာန်သည် အဘိညာဏ် တန်ခိုး အရာမှာ တေဇဘဲတွဲထူးကို ရလာသကဲ့သို့ ဘိက္ခုနီရဟန်း လောကတွင်လည်း ဥပုသ်လဝက်ထရီ ဘိက္ခုနီမကြီးသည် အဘိညာဏ်တန်ခိုးအရာမှာ တေဇဘဲတွဲထူးကို ရရှိတော်မူလာသည်။

### ရှေးဆုတောင်း

ဥပုသ်လဝက် ထရီ အလောင်းတော် သည် လွန်ခဲ့သည့် ကမ္ဘာတသိန်းက ပဒုမုတ္တရ ဘုရား ပွင့်တော်မူချိန် ဟံသဝတီပြည်၌ သရေးသမီး တဦး ဖြစ်ခဲ့သည်။ သရေး သမီးသည် ဘုရား ကျောင်းတော်၌ တရား နာစဉ် ဘုရားရှင်က ဘိက္ခုနီတပါး၏ တန်ခိုး အဘိညာဏ်အရာမှာ အထူးချွန်ဆုံး တေဇဘဲတွဲထူး ပေးတော်မူသည်ကို အားကျလာခဲ့သည်။

### တေဇဘဲတွဲထူးကို ရလိုပါ၏

သရေးသမီးသည် တေဇဘဲတွဲရှင် ဘိက္ခုနီ အဖြစ်ကိုလိုလားပြီး ဘုရားအမှူးရှိသော ရဟန်း သံဃာတော်များအား ခုနစ်ရက်တိုင်တိုင် ဆွမ်း ဆက်ကပ်လှူဒါန်းလေသည်။ ဆွမ်းအနှမောဒနာ

## သမီးခေါ် အကြီးပေး

သဒ္ဒေးကြီးသည် ကြံရာမရ ဖြစ်နေချိန်တွင် သမီးကိုခေါ်ပြီး အကျိုးအကြောင်း ပြောပြကာ ချစ်သမီး ရဟန်း ပြုနိုင်ပါမည်လားဟု မေးလေ၏။ သမီး ဖြစ်သူသည် ဖခင်ကြီး၏ အမေးကို ကြားရလေလျှင် ပါရမီရှင် ပီပီ အကြိမ် တရာ ချက်ဆား ယည့် ဆီမွေးကို ဦးခေါင်းပေါ် လောင်းချသိုက်သလို ရွှင်လန်းအားရစွာနဲ့ သမီး ရဟန်းပြုပါမည်ဟု အဖြေပေးလိုက်သည်။ ဖခင် သဒ္ဒေးကြီးသည် သမီး လိမ္မာကို အားပါးတရ ချီးမြှောက်ပြီး ဘိုကွန်မ ကျောင်းတိုက်သို့ ပို့ ဆောင်ကာ ရဟန်းပြုစေလေ၏။

## ဆီမီးလှူ ကြည့်ကာ

ဥပုလဝက် ထေရီသည် ရဟန်း ပြုပြီး မကြာမီတွင် ဥပုသ်သိမ်၌ ထွန်းညှိ ထားသော ဆီမီးလှုံကို အာရုံစိုက် ကြည့်ယင်း တေဇော ကသိုဏ်း၊ စျာန် သမာပတ်ကို ရလေ၏။ စျာန် ရပြီးနောက် မိမိရထား၊တဲ့စျာန်ကို အခြေခံပြုပြီး ဝိပဿနာကို ဆက်လက် ပွားများ အားထုတ် လေရာ စျာန်ရ ရဟန်းထေရီ အဖြစ်သို့ ရောက် ရှိခဲ့ လေသည်။

## တန်ခိုးရှင် ကျော်ကြား

ဥပုသဝက် ရဟန်း ထေမကြီးသည် တန်ခိုး အာနုဘော ကျော်ကြားသည့် ဘိကွန်မကြီး စဉ်း ဖြစ်လာခဲ့သည်။

ပြုသောနေ့တွင် ကြာပန်း ခုနစ် စိးကို ဘုရား အား ပူဇော်ပြီးလျှင် တပည့်တော်မသည် နောင် သောအခါ တန်ခိုးတော် တေဒင်္ဂရ ဘိက္ခုနီမ ဖြစ်ရပါလို၏ဟု ဆုအောင်းလေသည်။

သဒ္ဒေး သမီးသည် ပဒုမုတ္တရ ဘုရား ထံမှ ဆုတောင်းလေခဲ့ပြီး ကမ္ဘာတသိန်းတို့ ကာလ ပတ်လုံး ဒါန-သီလ စသော ပါရမီတွေကို ဖြည့် ကျင့်လာခဲ့သည်။

## မယ်ဥပုလဝက်

ကမ္ဘာတသိန်း ပါရမီဖြည့်ခဲ့ပြီး ဤဘဒ္ဒကမ္ဘာ ဒဂါတမဘုရား ပွင့်ချိန်ခါမှာ သာဓတ်ထိပြည်၌ သဒ္ဒေးသမီး တဦး ဖြစ်လာခဲ့၏။ ကြာညိုပန်း အဆင်းရောင်ရှိ၍ ဥပုလဝက္ကာဟု အမည် မှည့် ခေါ်လေသည်။

## ချစ်သူတွေ ဝိုင်းဝိုင်းလည်

သူမ အရွယ် ရောက်လာတဲ့အခါ ဇမ္မူဒိပ် တကွန်းလုံးမှ မင်းများ၊ သဒ္ဒေးများထံမှ သမီး ဆောင်း သိဝက်လွှာများ တဖွဲဖွဲ ရောက်လာ ကြသည်။ မတောင်းခံသော မင်း၊ သဒ္ဒေး ဟူ၍ မရှိလောက်အောင် ဖြစ်ခဲ့သည်။

## သဒ္ဒေးကြီး အကြံအိုက်

ဤမျှ များပြားသော သမီးတောင်း စာလွှာ များ ရောက်လာလျှင် ဖခင်သဒ္ဒေးကြီးမှာ သမီး တယောက်တည်း မျက်နှာလိုက် ပေးရဖို့ အကြံ အိုက် ခဲ့သည်။

## ဒိတ္ထိုများနှင့် တန်ခိုးပြိုင်ပါရစေ

တခါန်တွင် ဒိတ္ထိုကိုက်းများ သောင်းကျန်းလာသဖြင့် ဘုရားက ဒိတ္ထိများ၏ရန်ကို ဖယ်ရှားရန် တန်ခိုးပြာဋိဟာ ပြတော်မူမည်ဟု ကြေငြာလိုက်သည်။

ထိုအခါ ဥပုသ်ဝက် ထေရ်ရိက အရှင်ဘုရား ဒိတ္ထိများ၏ ဇနကို နှိမ်နင်းရန် ဘပည်ဆေတော်မြတ်၏ တာဝန်ထားဘော်မူပါ ဘုရား၏ကိုယ်စားတန်ခိုး ပြပါရစေဟု ခွင့်တောင်းလေ၏။

ထိုအခါ ဘုရားက သင်ဘယ်ကဲ့သို့ တန်ခိုးပြမည်နည်းဟု မေးတော်မူ၏ အရှင် ဘုရား တပည့်တော်မသည် သုံးဆယ့်ခြောက် ယူဇနာကျယ်တဲ့ ပရိသတ်အခြံအရံနှင့်စကြဝဠတေးမင်း၏ အသွင် ဖန်ဆင်းကာ အရှင်ဘုရားအား လာရောက် ဖူးမြော်ပါမည်ဟု လျှောက်ထားသည်။

## ငါ၏အရာသာဖြစ်သည်

ဘုရားရှင်က ဥပုသ်ဝက် သင်၏ စွမ်းရည်ကို ငါသိပြီးဖြစ်သည်။ သို့သော် ဒီနေရာမှာ ငါ၏ အရာသာ ဖြစ်သဖြင့် သင့်အား ငါ နွှင့်မပြုနိုင်ခဲ့ဟု ငြင်းပယ်တော်မူသည်။

## တန်ခိုးတော် တေဒင်္ဂရှင်

ဥပုသ်ဝက် ထေရ်မကြွေးသည် အဘိညာဏ် တန်ခိုးအရာမှာ တစတစကျော်ကြားလာခဲ့သည်။ တနေ့သော အခါတွင် ဘုရားရှင်သည် ဘိက္ခုနီရဟန်းတော်များကို ခေါ်ကာ ချစ်သမီးတို့ ဘိက္ခုနီ ဟန်းများတွင် ဥပုသ်ဝက်ထေရိသည် တန်ခိုးအရာမှာ အထူးချွန်ဆုံးဖြစ်၍ ဥပုသ်ဝက်အား ထူးချွန် တန်ခိုးရှင် တေဒင် ဘွဲ့ထူးကို ငါပေးတော်မူသည်ဟု မိန့်ကြားတော်မူလေ၏။

## နဂါးမင်းကြီး၏ ဝမ်းတွင်းဝင် စကြိုလျှောက်
## အရှင်မောဂ္ဂလာန်၏ အံ့မှယ် တန်ခိုးတော်၊
## တန်ခိုးကြီး နဂါးဗိုက်ကြီး ကျွတ်တန်းဝင်

ငါ့အကြောင်း သိစေမည်

မြတ်စွာဘုရားဘို့မည်သည် နံနက် အရုဏ်တက်ချိန်ဘိုင်း ကျွဲကဲဆိုက်သော သတ္တဝါများကို အာရုံပြု ဆင်ခြင်တော် မူလေ့ရှိ၏။ ထိုနေ့တွင် အာရုံ၌ ထင်လာသူမှာ နန္ဒောပနန္ဒ တန်ခိုးကြီး နတ်နဂါးကြီး ဖြစ်၏။

ထိုနေ့တွင် နန္ဒောပနန္ဒ နဂါးမင်းကြီးသည် ကခေါသည် ကညာပျို နဂါး မများ၊ နဂါး ပရိသတ်များ ခြံရံလျက် မိမိအဘွားက ပြင်ဆင်ထားသည့် စားဖွယ်သောက်ဖွယ်များကို ထီးဖြူ ပလ္လင်မှ လှမ်းမျော် ကြည့်နူလျက် ရှိ၏။

ထို အခါနှင့်တွင် မြတ်ဗုဒ္ဓသည် နဂါးမင်းကြီးကို မြင်ခဲ့အာင်ပြုပြီး နဂါးဗိမာန် အပေါ်မှ ရဟန်းငါးရာနှင့်အတူ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၏။

နဂါးမင်းကြီး မြင်လေလျှင် ဒေါသ အမျက် ထွက်ကာ ကြည့်စမ်း-ဒီရဟန်းခေါင်းတုံးများဟာ ငါ၏ ဗိမာန်ပေါ်မှာ ခြေမှုံ့ဘွေချပြီး တာဝတိံသာ နတ်ပြည်ကို အဝင်အထွက် လုပ်နေကြသည်

သင်းတို့ တာဝတိ်သာနတ်ပြည်ကို မသွားနိုင်
အောင် ငါလုပ်ပြရတော့မည်ဟု ကြိမ်ဝါးကာ
ပလွင်မှထလေ၏။

နတ်အသွင်ကို ဖျောက်ပြီး နဂါး အသွင်သို့
ပြောင်းလိုက်၏။ မြင်းမိုရ်တောင်ကြီးကို ခုနစ်ခွေ
ရစ်ပတ်လျက် တာဝတိ်သာ နတ်ပြည်ကို ပါး
ပြင်းနှင့် အုပ်ထားလိုက်သည်။

## တာဝတိ်သူ့ပျော်က်

ရဟန်းတော်များသည် တာဝတိ်သာ နတ်
ပြည် ပျော်က်ကွယ်သွား သဖြင့် ဘုရားအား
မေးလျှောက်ကြသည်။ ဘုရားက နန္ဒောပနန္ဒ
နဂါးမင်းကြီး နှောင့်ယှက် ထားကြောင်း မိန့်
တော်မူ၏။

## တပည့်တော်များ ဆုံးမပါရစေ

ရဟန်းတော်များက အရှင် ဘုရား ဤသို့
ဖြစ်ပါက တပည့်တော်များ ဆုံးမပါရစေ ဟု
တဖါးစီ၊ တပါးစီ ခွင့်တောင်းကြလေ၏။ မြတ်
ဗုဒ္ဓက အခြား ရဟန်းတော်များကို ခွင့်မပြုပဲ၊
အရှင် မဟာ မောဂ္ဂလာန် တပါးကိုသာ ခွင့်ပြု
တော်မူသည်။

## သင်ဘယ်သူလဲ

နဂါးမင်းကြီးက သင်ဘယ်သူလဲဟုမေးသည်။
ငါ မောဂ္ဂလန်ဟု အရှင်မြတ်က ဖြေသည်။ ဒီလို
ဆိုယင် ရဟန်းအသွင်ကို ပြပါဟု ဆို၏။ အရှင်
မြတ်က ရဟန်းအသွင်ကို ပြလိုက်သည်။

## ဗယ်ဝင် ညာထွက်

အရှင်မြတ်က ရုတ်တရက် နဂါးကြီး၏ ညာ
နားပေါက်သို့ ဝင်ပြီး ဗယ်နားပေါက်မှ ထွက်
လာသည်။ တခါ ဗယ်နားပေါက်မှ ဝင်ပြီး
ညာ နားပေါက်မှ ထွက်လာသည်။ တခါ ညာ
နှာခေါင်းပေါက်မှ ဝင်ပြီး ဗယ် နှာခေါင်းမှ
ထွက်လာသည်။ တခါ ဗယ် နှာခေါင်းမှဝင်ပြီး
ညာ နှာခေါင်းမှ ထွက်လာသည်။

## ဝမ်းတွင်း စက်လျှောက်

ဤသို့ နား-နှာခေါင်းများကို အဝင်အထွက်
လုပ်နေစဉ် နဂါးကြီးက ဝါးမျိုလိုက်မည့် အကြံ
နှင့် ပါးစပ်ကို ဟ ပေးလိုက်၏။ အရှင်မြတ်က
ပါးစပ်မှဝင်ပြီး ဝမ်းဗိုက် အတွင်းမှာ ခေါက်တုံ့
ခေါက်ပြန် စက်လျှောက်နေလေ၏။

## သေပေတော့ နတ်နဂါး

အရှင် မဟာ မောဂ္ဂလာန်သည် ရုတ်တရက်
နဂါးကြီးအသွင်ကို ဖန်ဆင်းလိုက်သည်။ နဂါး
မင်းကြီး၏ ကိုယ်ပေါ်မှ တဆယ့် လေး ပတ်
အခွေဖြင့် ရစ်ပတ်ပြီး ပါးပြင်းအုပ်မိုးထားလိုက်

## ဘုရားသတိပေး

ဘုရားက မောဂ္ဂလာန် ဤနဂါးသည် အလွန်ဟန်ခိုးကြီးသည်။ သတိကို တင်းတင်းကျပ်ကျပ် ထားပါလေဟု သတိပေး မိန့်ဟောတော်မူသည်။

အရှင် မောဂ္ဂလာန်က အရှင်ဘုရား ဒီလို ဟန်ခိုးကြီး နဂါးမင်းမျိုး အဘယ်တရာ၊ အဘယ်ဘဝထောင် ဖြစ်ပါစေ နိုင်နင်းအောင် ဆုံးမနိုင်ပါသည်ဟု လျှောက်လေ၏။

## အပြင်ထွက်ခဲ့ ရဟန်း

နဂါးကြီးသည် ကျွတ်ကျွတ် ဝါး လိုက်မည့် အကြံနှင့် ရဟန်း အပြင်ထွက်ခဲ့ဟု ဆိုလိုက်၏။ အရှင်မြတ်က ကောင်းပြီ ထွက်ပါမည်၊ ဂမ်းဗိုက် တွင်းမှ ထွက်ပြီး ရပ်ပြလိုက်၏၊ နဂါးကြီးသည် နှာခေါင်း လေပြင်းကို လွှတ်သိုက်၏။ လေသည် အရှင်မြတ်၏ ခမ္မားညင်း တပင်မျှကိုပင် မလှုပ်နိုင်။

## ကြောက်ပါပြီ ကိုယ်တော်

အရှင်မြတ်သည်ဖွတ်တရက် ဂဠုန်ကြီးအသွင်ကို ဖန်ဆင်းပြီး နဂါးကြီးကိုသုတ်ဟန်ပြုလိုက်သည်။ ဂဠုန်ကြီးကိုမြင်လျှင် နဂါးကြီးသည်သုတ်ချီတင်ပြေးလေ၏။ ဂဠုန်ကြီးကလည်း နောက်ဆုံးမပြေး နိုင်ကောင်းသည်ဘွင် နဂါးမင်းကြီးက နဂါးအသွင်ကို ဖျောက်ပြီး လူပျိုငယ်အသွင်ဖြင့် ဒူးထောက်ကာ အရှင်မြတ်၏ ခြေစုံကို ရှိခိုးဦးတုံက်လေ၏။

## နဂါးမိုက်ကြီး ကျွတ်တန်းဝင်

အရှင်မြတ်သည် နဂါး လူပျိုငယ်ကို ခေါ်ဆောင်ကာ ဘုရားရှင်ထံသို့ ပို့ဆောင်လေ၏။ ဘုရားထံ ရောက်လျှင် လူငယ်သည် ဘုရားကို ရှိခိုးဦးချလျက် အရှင်ဘုရား တမည့်တော်သည် ယနေ့မှ စပြီး အရှင်ဘုရားတို့အား ကိုးကွယ်ဆည်းကပ်ပါ၏ဟု လျှောက်ထားပြီး သရဏဂုံ ခံယူလေသည်။ ဘုရားက နဂါးမင်းသည် ကာယသုံခ၊ စိတ္တာသုခနှင့် ပြည့်ဝပါစေဟု ဆုပေးတော်မူပြီး ရဟန်း ဂါရာနှင့် ပြန်ကြွတော်မူ လေ၏။

# ဂါတို့သည် ဂေါတမနှင့် တန်ခိုးပြိုင်ခဲ့ ဒီဇင်္ဂါဘုရားကြီးများ သောင်းကျန်းလာ

ဗုဒ္ဓဘုရား ပွင့်တော်မူလာတဲ့အခါ ဒီတို့ဘုရားကြီးများသည် အရိုန်အဝါများ ကျဆင်းလာကြသည်။ စားဝတ်နေရေး ကျပ်တည်းလာကြသည်။ ခြေမကိုင်မိ လက်မကိုင်မိ ကယောင်ကတမ်းဖြစ်လာကြသည်၊ ဗုဒ္ဓဘုရားကို စော်ကားလာကြသည်။ ရဟန်းသံဃာတော်များကို ပုတ်ခတ်လာကြသည်။

## ဒီတို့ဝ ဘုရားကြီး ၆ ဆူ

ထိုအချိန်က လူအများ ဆည်းကပ်ကိုးကွယ်နေကြတဲ့ ထင်ရှားကျော်ကြားသည့် ဒီတို့ဘုရားကြီး ၆ ဆူ ရှိခဲ့၏။

### ၁။ ပုရာဏ ကဿပဘုရားကြီး

သူသည် ငယ်စဉ်က သင်္ဘောတဦး၏ အစေခံကျွန်ဖြစ်ခဲ့၏။ တနေ့တွင် သင်္ဘောအိမ်မှ ထွက်ပြေး

လေ၏။ လမ်းခရီးတွင် သူ၏ အဝတ်အစားများကို လူဆိုးများက ခွတ်ယူ လုယက်ထွက်ပြေးကြလေ၏။ သူသည် အဝတ်ချည်းစည်း၊ ကြောက်အား လန့်အားနှင့် ရွာတရွာသို့ ပြေးဝင်လေ၏။ ရွာသားများက ဝိုင်းအုံလာရောက် ကြည့်ရှုကြပြီး ဤသူသည် အခြားသူနှင့်မတူ တမူထူးခြားသည်၊ အလိုရမ်မက်နည်းသူ ရဟန္တာပင် ဖြစ်မည်ဟု ထင်မှတ် ပြောဆို ဝေဖန်ကြသည်။

## ဘုန်းထပြို

မကြာမီပင် ဆွမ်းအုပ်များ ရောက်လာကြသည်။ စားစရာ မုန့်ပဲ သွားရေစာများ တဖွဲဖွဲ ရောက်လာကြသည်။

## ကဿပ အကြံရ

လူဖွယ် တန်းဘွယ်များ ရောက်လာကြတဲ့ အခါ ပုရာဏ ကဿပက စဉ်းစားလာသည်။ ဤသူများ ယခုလို လာရောက် လူတန်းနေရတာဟာ အဝတ်မဝတ်လို့သာ ဖြစ်တန်ကောင်း၏ဟု စဉ်းစားမိပြီး အဝတ်မဝတ်တော့ပဲ ဇတ်လစ်စလစ်နှင့်ပင် ဆက်နေလေတော့၏။

## ဝတ်လစ်စလစ် တပည့် ငါးရာ ပေါ်ထွန်းလာ

ဘစဘစနှင့်ဝတ်လစ်စလစ်ဘုရားကြီးအဖြစ်နဲ့ ထင်ရှားကျော်ကြားလာသည်။ လူများ တသုတ်ပြီး တသုတ် ဝတ်လစ်စလစ် ဘုရားကြီးထံ ချဉ်းကပ်လာကြသည်။ ဝတ်လစ်စလစ်ရဟန်းအဖြစ်ကို တောင်းပန် ခံယူလာကြသည်။ ဝတ်လစ်စလစ် တပည့် ရဟန်း ငါးရာအထိ တိုးတက် ကြီးပွားလာခဲ့သည်။ ဤသို့ ပုရာဏကဿပသည် ဝတ်လစ်စလစ် ဘုရားကြီး တဆူ ဖြစ်လာခဲ့သည်။

## ၂။ မက္ခလိဂေါသာလ ဘုရားကြီး

သူသည်လည်း ပုရာဏကဿပကြီး ကဲ့သို့ပင် သင်္ဘေး၏ အဓေဒံကျွန်တဦး ဖြစ်ခဲ့သည်။ တနေ့ သောအခါ ရှိ့ပွက်ထူသည့် လမ်းတခုတွင်ဆီအိုး ထမ်းလျှောက်လာစဉ် သင်္ဘေးကချော်လေအောင် သတိပေးယင်းက ချင်လဲကွသွားသည်။ သင်္ဘေးကို ကြောက်လန့် ထွက်ပြေးမည် အပြုတွင် သင်္ဘေးက ပုဆိုးဧကိုလှမ်းဆွဲလိုက် ၍ပုဆိုးကွတ်ကွသွားသည်။ ပုဆိုးကျွတ်ကြီးနှင့်ပင် လွတ်အောင် ထွက်ပြေးခဲ့၏။ ရွာတရွာတွင်ဝင်ရောက်ခိုအောင်း နေယင်း လူအများက လာရောက် ကိုးကွယ် ဆည်းကပ်ကြသဖြင့် နောင်တွင် ပုရာဏဘုရား ကြီး ကဲ့သို့ပင် ဝတ်လစ်စလစ် ဘုရားကြီး တဆူ အဖြစ်နဲ့ ထင်ရှားကျော်ကြား လာခဲ့သည်။

## ၃။ အဇိတ ကေသကမ္ဗလ ဘုရားကြီး

သူသည်လည်း ထင်ရှားသော ဒိတ္ထိဘုရားကြီး တဆူပင် ဖြစ်၏။ လူ့ဆံပင်များဖြင့် ယက်လုပ်ထားသော အဝတ်ကို ဝတ်ဆင်သောကြောင့် အဇိတ ကေသကမ္ဗလ အမည်နှင့် ထင်ရှားကျော်ကြားလာခဲ့သည်။

## ၄။ ပကုဓကစ္စာယန ဘုရားကြီး

သူသည်လည်း ထင်ရှား ကျော်ကြားသော ဒိတ္ထိဘုရားကြီးတဆူ ဖြစ်၏။ သူသည် ရေအေးကို လုံးဝမသုံး၊ ကွင်ကြီးငွန့်ရှုတွင် လည်းကောင်း၊

အစာ စားပြီးသော အခါတွင် လည်းကောင်း၊ အညစ်အကြေးပေသောအခါတွင်လည်းကောင်း ရေအေးကို လုံးဝ မသုံးပဲ ရေနွေး (သို့မဟုတ်) ပူနှးရည်ဖြင့်သာ ဆေးကြောလေ့ ရှိ၏။

## ၅။ နိဂ္ဂလာနဒုပုတ္တ

သူသည်လည်း ထင်ရှား ကျော်ကြားသော ဝါဒ ဂိုဏ်းဆရာကြီး တဦးဖြစ်သည်။ ငါတို့မှာ ကိလေသာ မရှိ၊ ကိလေသာ အနှောင်အဖွဲ့မှ ကင်းလွတ်သူများ ဖြစ်ကြသည်ဟု ထင်မိထင်ရာ ပေါက်ကရ အယူဝါဒများကို ဟောပြောလေ့ ရှိသဖြင့် နိဂ္ဂလာဟု အမည်တွင် ကျော်ကြားလာခဲ့သည်။

## ၆။ သဉ္ဇယ ဗေလဋ္ဌပုတ္တ

သူသည်ကား ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်တို့ တရားရှာစဉ်က သီတင်းသုံးခဲ့သော ပရိဗိုဇ်ကျောင်းတိုက်ကြီး၏ အရှင်သိဉ္ဇည်း ပရိဗိုဇ်ကြီး ဖြစ်သည်။ ကိုးကွယ်ဆည်းကပ်ကြသူ ဒကာ ဒကာမ အခြံအရံများစွာနှင့် ထင်ရှား

# စန္ဒကူးသပိတ် တန်ခိုးပြင်ပဲ

စန္ဒကူးတုံးကြီးကို သပိတ်ထွင်းစေ၏။ ယင်း သပိတ်ကို ဝါးအဆင့် ဆင့်ဖြင့် အတောင် ခြောက်ဆယ်အမြင့်တွင် ချိတ်ဆွဲထားလိုက်သည်။

## ကြေငြာ

ရဟန္တာ အစစ်ဖြစ်သူများသည် ဤစန္ဒကူး သပိတ်ကို ကောင်းကင်ခရီးဖြင့် ကြွရောက်ယူကြပါဟု အများသိအောင် ကြေငြာ လိုက်သည်။

## ဒိတ္ထိဘုရားကြီးများ ဈေးဦးဖေါက်ကြ

စန္ဒကူးသပိတ်ကြော်ငြာသည် ဒိတ္ထိဘုရားကြီးများ၏ နယ်ပယ်သို့ ရောက်ရှိလာသည်။ ပုရာဏကဿပ ဒိတ္ထိဆရာကြီးသည် ရာဇဂြိုဟ် သဒ္ဒေးထဲ

## စန္ဒကူးသပိတ်

သဒ္ဒေးသည် ရလာသည့် စန္ဒကူး အနှစ်တုံးကြီးကို မည်သို့အသုံးချယင် ကောင်းမည်နည်းဟု စဉ်းစားသည်။ လောကမှာ မိမိတို့ ကိုယ်ကို ရဟန္တာများ ဖြစ်သည်ဟု ပြောနေကြသူတွေများလှ၏။ ဟုတ်မဟုတ် သိရအောင် စမ်းကြည့်မည်ဟု အကြံရလာသည်။



မြတ်စွာဘုရားသည် -၆- ဝါ မြောက်တွင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူ၏။ ဟန္နေတွင် ရာဇဂြိုဟ် သဒ္ဒေးသည် ဂင်္ဂါမြစ်ဆိပ်၌ ရေကစားနေစဉ် စန္ဒကူး အနှစ်တုံးကြီး တဝှေ့ဝှေ့ မျောလာသည်ကို ဆယ်ယူရရှိခဲ့လေသည်။

စေ့းဦးပေါက်ကြွရောက်လာသည်။ ဒကာတော် ငါသည် ရဟန္တာ အစစ် ဖြစ်ပါ၏။ တန်ခိုးလဲ ရှိပါ၏။ စန္ဒကူးသပိတ်ကို ငါ့အား ပေးလေ့ဟု အသားလွတ် တောင်းလေတော့၏။ သင်္ဃေးက အရှင်ဘုရား စန္ဒကူးသပိတ်သည် ရဟန္တာတန်ခိုးရှင်များကုံ လှူထားပြီးဖြစ်ပါသည်။ ကောင်းကင်တန်ခိုးဖြင့် ကြွ၍ ယူတော်မူပါလော့ဟု ဆိုလေ၏။ ဟန်ဆောင် ရဟန္တာ ကသည်ကြီးကား ဘာမျှ မတတ်နိုင်တော့ချေ။ နှုတ်ပိတ်၍ ပြန်ရလေတော့၏။

ထို့အတူ ကျန်ဒိတ္တိ လေးဦး ကလည် မိမိတို့သည် ရဟန္တာ အစစ်များ ဖြစ်ပါကြောင်း၊ တန်ခိုးရှင်များ ဖြစ်ပါကြောင်း ပြောဆိုကြကာ တဦးပြီး တဦး၊ လာရောက်ကြပြီး အသားလွတ် တောင်းဆိုလာကြသည်။ သင်္ဃေးကလည်း ကိုယ်တော် တို့ ကောင်းကင်ကသာ လာယူကြပါ၊ စန္ဒကူးသပိတ်ဟာရဟန္တာတန်ခိုးရှင်များအတွက် ကောင်းကင် မှာ ရှိနေပါသည်ဟု ပြောကာ ပြောကာ ပြန်လွှတ်လေ၏။

## ဟာသ ကိုယ်တော်ကြီး နိဂ္ဂလ္ဘ

ဒီတို့ဘုရားကြီး ၆- ဦး အနက် နိဂ္ဂလ္ဘိ ကိုယ်တော်ကြီး အလှည့်သို့ ရောက်ရှိလာသည်။ ကိုယ်တော်ကြီး အလှည့်ကျတော့ ကြံလုံး ဖန်လုံးများနှင့် တောင်းရန် ကြိုးစားလာသည်။ တပည့်များကို တိုးတိုး ကျိတ်ကျိတ် သင်ကြားပြီး သင်္ဃေးကြီးထံ လွှတ်လိုက်သည်။

တပည့်များသည် ဆရာကြီး သင်ကြားလိုက်သည်များကို မှတ်သားပြီး သင်္ဃေးအိမ်သို့ ရောက်လာ ကြသည်၊ ဒကာတော် ငါတို့ ဆရာကြီး သည် တန်ခိုးကြီး ရဟန္တာ အရှင်မြတ်ကြီး ဖြစ်ပါသည်။ သစ်သား သပိတ်ကလေးမျှလောက်ကို ကောင်းကင်ခရီးနဲ့ယူရမည်ဆိုတာမသင့်လျော်၍ လာမယူပဲ ရှိနေပါသည်။ ဒီသပိတ်ဟာ ငါတို့ ဆရာကြီးသာ ရထိုက်၍ ပေးလိုက်ပါရန် ဆရာကြီး သင်ပေးလိုက်တဲ့အတိုင်း မြွေးဆိုတောင်းခံကြလေ၏။ သင်္ဃေးက ရှေးနည်း အတိုင်း ကောင်းကင်ကသာ လာယူဖို့ ပြောဆိုပြန်လွှတ်ပြန်သည်။

## ကိုယ်တော်ကြီး အကွက်တမျိုးဆင်ပြန်

နိဂ္ဂလ္ဘိကြီးက အကြံတမျိုးထုတ်၍ အကွက်ဆင်ပြန်သည်။ တပည့်များကို ခေါ်ကာ ငါတို့ သင်္ဃေးအိမ်ကိုသွားမည်၊ ရောက်တဲ့အခါ ငါက ခြေတဘက်နှင့် လက်တဘက်ကို မြှောက်ပြီး ကောင်းကင်ပျံတက်ဟန်ပြုမည်၊ ဒီအခါ သင်တို့က ဆရာကြီး- မတော်ပါဘူးဟု ပြာပြာသလဲ တောင်းပန်ပြီး ငါ့ကိုလာဆွဲကြ၊ ငါကရုန်းကန်စဲ့အခါ၊ ငါလဲကျသွားအောင် ဆွဲကြလော့-ဟု တပည့်များကို စည်းဝါးကိုက် သင်ကြားပေးလေ၏။

## ဟာသကွက်ဆန်း

တပည့်များကို စည်းကိုက်ဝါးကိုက်သင်ကြားပြီး နိဂ္ဂလ္ဘိကြီးသည် သင်္ဃေးအိမ်သို့ တပည့်အခြံအရံများနှင့် ရောက်လာသည်။ သင်္ဃ နှင့် တွေ့လျှင် ဒကာတော် ငါသည် မပြောပလောက်တဲ့ သပိတ်ကလေးကို အကြောင်းပြုပြီး ကောင်းကင်ကို မတက်ပါရစေနှင့်၊ ငါ့အစား သင်တို့ကို ပေးလော့ဟု ပြောဆိုတောင်းခံလေ၏။

## အမှုးသမား ရိုကြ

အရှင်မြတ်များ သက်နှံးသပိတ်ပြင်နေကြစဉ် အနီးတွင် မှူးယစ်နေကြသည့် အမှူးသမားများက ဤသို့ ထိကပါး ရိကပါး ပြောဆိုနေကြသည်။

"သူငယ်ချင်းတို့ ရှေးတုန်းက ဒိတ္ထိဆရာကြီး ၆-ဦးတို့ဟာ သူတို့ကိုယ်သူစို့ ရဟန္တာကြီးများသို့ ပြောဆို နေကြတယ်၊ ရာဇဂြိုဟ် သင်္ဃေးက ရဟန္တာရှိခဲ့လျှင် ကောင်းကင်မှာ ထားတဲ့ သစီစော်ကို တန်ခိုးဖြင့် လာယူကြပါလို့လဲ ကြေငြာလိုက်ရော၊ သူတို့တဦးမှ လာမယူနိုင်ကြဘူး၊ ဒီတော့ကား- လောကမှာ ရဟန္တာများ တကယ်မရှိဘူးဆိုတာ ဒီနေ့ ငါတို့ ကောင်းကောင်း သိကြပြီ"၊

ဤသို့အမှူးသမားများက ထိကပါး ရိကပါး ပြောဆိုနေကြသည်ကို အရှင်မဟာမောဂ္ဂလာန်နှင့် အရှင် ပိဏ္ဍောလ မထေရ်တို့ ကြားသိတော်မူကြသည်။

## ဘုရား သာသနာကို ထိပါး၍

အရှင်မဟာ မောဂ္ဂလာန်က ဤအမှူးသမားများ ပြောဆိုနေကြပုံမှာ ဘုံရားရှင်၏ သာသနာကိုပါ ထိခိုက်လာပေပြီ၊ အရှင်သည် စန္ဒကူးသပိတ်ကို သွားယူတော်မူပါ-ဟု ပိဏ္ဍောလ မထေရ်အားတိုက်တွန်းတော်မူသည်။ ပိဏ္ဍောလ အရှင်မြတ်က- အရှင်မြတ်သည် တန်ခိုးတော်တေဇင်္ဂရှင်ဖြစ်၍ အရှင်ဘုရားသာ သွားယူထိုက်ပါသည်ဟု လျှောက်ထားသည်။ အရှင်မဟာမောဂ္ဂလာန်က- တပည့်တော် ခွင့်လွှတ်ပါသည့် အရှင်ဘုရားသာကြွယူပါခြေဟု တိုက်တွန်းတော်မူသည်။

သင်္ဃေးက အရှင်ဘုရား ကောင်းကင်ဂ ကြွ၍ သာ ယူပါလော့ဟု ဆိုလိုက်ပြန်သည်။ ကဲ-ဒီလို ဆိုယင် ငါတက်မည်ဟု ပြောပြော ဆိုဆိုနှင့် ခြေတဘက်နှင့် လက်တဘက်ကို မြောက်ကာ ကောင်းကင်သို့ တက်မည်အပြုတွင် တံခွန်မျှား က ကပျာကယာ အနားသို့ ရောက်လာကြပြီး ဆရာကြီးအား ဆွဲကြ လွှဲကြယင်း မထေရ်ပါဘုရား၊ မတော်ပါဘုရား၊ ဒီမျှလောက်ကလေးနဲ့ ကောင်းကင်တက်ဖို့ မသင့်ပါ၊ ဟန္တာတို့ရဲ့ လျှို့ဝှက်ချက်ကို ပြရန် မသင့်ပါဟု ပြောပြော ဆိုဆိုနှင့် ဆရာကြီးကို ဝိုင်း၍ ဆွဲကြလွှဲကြသည်။ ဆရာကြီးကလည်း ငါ့ကို မဆွဲကြနှင့်ဟု ပါးစပ်က မြည်တမ်းလျက် တက်ဖို့ရန် ရုန်းကန်၍သာ နေတော့၏။ တပည့်မျှားက ဆရာကြီးသတိထားပါ၊ သတိထားပါဟု ပြောဆိုကြပြီး တအားကုန် ဆွဲလိုက်ရာ နိဂဏ္ဌကြီးသည် ဖုံးကနဲ ကျသွားလေ၏။ ကပျာကယာ လဲရာမှ လူးလဲထခါ ကဲ-ဒကာတော် မြင်တဲ့အတိုင်းပဲ၊ တပည့်မျှားက ကောင်း ကင် ပျံ ဖို့ ဘယ်လိုမှ ခွင့်မပြုကြပါ၊ ဒီတော့ သပိတ်ကိုသာ ပေးလိုက်ပါတော့ဟု တောင်းဆို၏။ သင်္ဃေးကြီးက ဘာပဲ ပြောပြော ကောင်းကင်ကသာ ကြွရောက် အလှူခံပါဟု ငြင်းဆိုလိုက်သဖြင့် ဆရာတပည့်မျှား လက်လျှော့လိုက်ရ လေတော့သည်။

## စန္ဒကူး သပိတ်ရှင် ဖေါ်လာ

စန္ဒကူးသပိတ် ကြေငြာပြီး နောက်(၇)ရက်မြောက်တွင် အရှင်မဟာ မောဂ္ဂလာန်နှင့် အရှင် ပိဏ္ဍောလဘာရဒ္ဝါဇ၊ မထေရ် နှစ်ပါး သည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်ရန် ကျောက်ဖျာကြီးတခုပေါ်၌ သက်နှံးရုံနေကြသည်။

အရှင်ပိဇ္ဇောလ မထေရ်သည် ဇတုတ္ထစျာန် သမာပတ်ကို ဝင်စားကာ မိမိရပ်နေသည့် သုံးကါဝုတ်ခန့် ကျယ်ပြန့်သော ကျောက်ဖျာကြီးကို စီးလျက် ရာဇဂြိုဟ်မြို့ပေါ်တွင် ခုနစ်ပတ် ပုံဝဲတော်မူသည်။

## ပုန်းကြ လျှိုးကြနဲ့ ယောက်ယက်ခတ်

ရာဇဂြိုဟ်မြို့သည်သုံးကါဝုတ်မျှသာကျယ်ပြန့်၍ ကျောက်ဖျာကြီးက မြို့ပေါ်မှ အုပ်မိုးထားသလို ဖြစ်သွားခဲ့၏။ မြို့သူ မြို့သားများသည် ကျောက်ဖျာကြီး ခေါင်းပေါ်ရောက်နေသည်ကို မြင်လျှင် အထိတ်တလန့်ဖြစ်ကြကာ ကျောက်ဖျာကြီး ခေါင်းပေါ်မှာ ကျလာတော့မည့် အထင်နှင့် တွေ့ရာ ပန်းများစကောများကို ခေါင်းမှာ တင်အုပ်ကြ ကာကြသည်။ ကြောက်အား လန့်အားနှင့် ပြေးကြလွှားကြ ပုန်းအောင်းကြသည်။ လူအများ အထိတ်တလန့်ဖြစ်နေစဉ် အရှင်မြတ်သည် ကျောက်ဖျာကြီး၏ အလယ်မှ ပေါ်ထွက်လာပြီး ကိုယ်ထင်ပြတော်မူလိုက်သည်။

## တပည့်တော်များအပေါ် ပြိတ်ကျလာပါမယ် ဘုရား

လူအများက အရှင်ပိဇ္ဇောလကို မြင်လျှင် အရှင်ဘုရား ကျောက်ဖျာကြီး တပည့်တော်များအပေါ် ပြုတ်ကျလာပါမယ် ဘုရား၊ သတိထားပြီး မြမြကိုင်ပါဘုရာ့ဟု ကြောက်အားလန့်အားနှင့် အော်ဟစ် လျှောက်ထားကြသည်။ အရှင်ပိဇ္ဇောလက ရုတ်တရက် ကျောက်ဖျာကြီးကို ခြေဖျားနှင့် ကန်ထုတ်လိုက်လေရာ ကျောက်ဖျာကြီးသည် မူလနေရာသို့ ပုံဝဲ ကျရောက်သွားလေသည်။

အရှင်ပိဇ္ဇောလမထေရ်ဘဝည် ကောင်းကင်မှ ဆက်လက်၍ ရာဇဂြိုဟ်သခွေး၏ အိမ် အထက်ကောင်းကင်တွင် ရပ်နေတော်မူ၏။ ရာဇဂြိုဟ်သခွေးသည် အရှင်မြတ်ကို မြင်လျှင် မြေမှာဝပ်ပြီး ဦးချကာ အရှင်မြတ်ဘုရား– မြေပြင်သို့ ဆင်းသက်တော်မူပါဟု လျှောက်ထား လေ၏။ အရှင်မြတ် ရောက်လာသောအခါ အိမ်တွင်းသို့ ပင့်ဆောင်သွားသည်။ ကောင်းကင်မှ သပိတ်ကို ချစေခိုင်းပြီး စတုဓမ္မ အပြည့်ထည့်ကာ စန္ဒကူးသပိတ်ဖာကို အရှင်ပိဇ္ဇောလ မထေရ်အား ဝမ်းမြောက်ဝမ်းသာ လှူဒါန်းလိုက် လေသည်။

## တပည့်တော်များကိုလည်း

တန်ခိုးတော်ကို မြင်လိုက်ရ သူများသည် အရှင်ပိဇ္ဇောလ နောက်တော်သို့ အပြေးအလွှားလိုက်လာကြသည်။ အရှင်ဘုရား– ရပ်တော်မူပါဦး၊ တပည့်ဘော်များကိုလဲ တန်ခိုးပြာဋိဟာ ပြဘော်မူခဲ့ပါဦး ဘုရား ဟု စုရုံး တောင်းပန်လျှောက်ထားကြသည်။ အရှင်မြတ်သည် လိုက်လာသူများအား တန်ခိုးပြာဋိဟာ ပြတော်မူပြီး ကျောင်းတော်သို့ ကြွတော်မူသည်။

## ဘာသံများပါလိမ့်

မြင်စွာ ဘုရားသည် လူများ အုတ်အုတ်ကျက်ကျက် ပြောဆိုနေသံများကို ကြားဧတော်မူလျှင် ဘာသံများပါလိမ့်ဟု အရှင်အာနန္ဒာအား လှမ်းမေးဘော်မူသည်။ အာနန္ဒာက အရှင်ဘုရား ပိဇ္ဇောလ မထေရ်သည် ကောင်းကင် ခရီးဖြင့်

ရာဇဂြိုဟ်ပြည် သင်္ဃေး လူဒါန်းသော စန္ဒကူး သပိတ်ကို အသူခံခဲ့ပါသည်။ ထိုအခကြောင်းကို လူများ အုတ်အုတ်ကျက်ကျက်နှင့် ပြောဆိုနေကြသံပါ ဘုရားဟု သျှောက်သည်။

## တန်ခိုးမပြရ ပညတ်

မြက်စွာဘုရား သိဘော်မူသလလျှင် ရဟန်းဘေးများကို အစည်းအဝေး ခေါ်စေတော်မူ၏။ ရောက်လာကြလျှင် ရဟန်းတို့-ရဟန်းများသည် တန်ခိုး ပြာဋိဟာ မပြအပ်၊ တန်ခိုး ပြသော ရဟန်းသည် ဒုက္ကဋ်အာပတ်သင့်စေဟု သိက္ခာပုဒ် ပညတ်တော်မူသည်။ စန္ဒကူး သပိတ်ကိုလည်း ရဟန်းတော်များအား အစိတ်စိတ် ခွဲဝေပေးရန် တိုက်ဘွန်းတော်မူသည်။ ဘုရားသခင်က ဆက်လက်၍ ရဟန်းတော်များသည် သစ်သားသပိတ်ကို မသုံးအပ်၊ သုံးလျှင် ဒုက္ကဋ် အာပတ်သင့်စေဟု ထပ်ဆင့် ပညတ်တော်မူ ပြန်သည်။

## ဒိဋ္ဌိ ဘုရားကြီးများ အခွင့်ကောင်းယူပြီး ထောင်ထားလာ

ရဟန်းတော် များအား တန်ခိုး ပြာဋိဟာ မပြရန် ဘုရားက ပညတ်တော်မူသည်ကို ဒိဋ္ဌိများ ကြားလေလျှင် အခွင့်ကောင်း ယူကာ လှုပ်ရှား ထောင်ထားလာကြသည်။

## ငါတို့ ဂေါတမနှင့် တန်ခိုး ဖြိုင်ကြဘုံ

ငါ့ရှင်တို့၊ ငါတို့သည်ဘာမဟုတ်တဲ့ သစ်သား သပိတ်ကလေးအတွက် တန်ခိုးကျွတ်ခြင်ပဘကို အသုံးမပြုပဲ ငါ့ကို ရဲ့ သိက္ခာကို ထိန်းသိမ်းခဲ့ကြသည်၊ ဂေါတမ၏တပည့်များက(အရှက်မရှိကြပဲ) တန်ခိုးပြခဲ့ကြသည်။ ဂေါတမကလည်း ပညာရှိပီပီ သပိတ်ကို ခွဲခြမ်း အစဖျောက်ဖျက်ပြီး သူ့တပည့်များကို သိက္ခာပုဒ်တွေ ပညတ်လေသတဲ့။ ယခုအခါ ငါတို့သည် ဂေါတမနှင့် တန်ခိုးပြိုင်ကြပါစို့ ဟု တိုင်ပင် ပြောဆိုကြပြီး မြို့တွင်းရွာတွင်းသို့ လှည့်လည်ကြကာ ငါတို့သည် ဂေါတမနှင့် တန်ခိုးပြိုင်ကြောင်းမည်ဟု ကြွေးကြော် လှုပ်ရှား နေကြ၏။

## သူတို့လှည့်ကွက်

သူတို့၏ လှည့်ကွက်မှာ ဘုရားက တန်ခိုးမပြရဟု ပညတ်လိုက်သည့် အတွက် ဘုရား တန်ခိုးမပြဘဲဟု ထင်မှတ်ကြကာ ဂေါတမနှင့်တန်ခိုးပြိုင်မည့်အကြောင်း ကြွားဝါသည့် လှည့်ကွက်တမျိုးပင် ဖြစ်၏။

## ငါဘုရား တန်ခိုး ပြာဋိဟာ ပြပေအံ့

ဂေါတမနှင့် တန်ခိုးပြိုင်မည့် အကြောင်း ဒိဋ္ဌိများက မြို့တွင်းလှည့်လည် ကြွေးကြော်နေကြသည်။ ဗိမ္ဗိသာရ မင်းကြီး ကြားလေလျှင် ဘုရားဘျောင်းတော်သို့ သွား၍ အကြောင်းစုံလျှောက်ကြား လေ၏။ ဘုရားက- မင်းကြီး ဤသို့ဖြစ်လျှင် ငါဘုရား တန်ခိုးပြာဋိဟာပြပေအံ့ဟု မိန့်တော်မူ၏။

## ဖြစ်နိုင်ပါ့မလား

မင်းကြီးက အရှင်ဘုရားတို့သည် တန်ခိုးမပြရန် ပညတ်ထားပြီး မဟုတ်ပါလော-ဟု မေးလျှောက်၏။ ဘုရားက မှန်ပေ၏။ ငါသိက္ခာပုဒ်

ပညတ်သည်မှာ ငါ၏တမည့် ရဟန်းတော်များ အတွက် ဖြစ်ပေ၏။ မင်းကြီးက ဆက်လက်၍ အရှင်ဘုရားတို့သည် မိမိ ကိုယ်ကို ချန်လှပ်ပြီး တပည့်များအတွက် ကွက်၍ သိက္ခာပုဒ် ပညတ် သည် ဆိုဘာ ဖြစ်နိုင်ပါမည်လားဟု လျှောက် ကြားသည်။

ဘုရားက၊ သင်မင်းကြီး၏ဥယျာဉ်မှာ သရက် သီး များကို အခြား သူများက လာခူးကြလျှင် မည်သို့ ပြုမည်နည်းဟု မေးတော်မူ၏။

မင်းကြီးက ပြစ်ဒဏ် ပေးရပါသည်ဟု ဖြေ ကြား၏။

သင်မင်းကြီးကိုယ်တိုင်ကော သရက်သီးများ ကို ခူးစားနိုင်ခွင့် ရှိသလော—
ရှိပါသည် ဘုရား။

မင်းကြီး၊ ယူဇနာ သုံးရာ ကျယ်ဝန်းတဲ့ ဤ ရာဇဂြိုဟ်ပြည်မှာ သင်မင်းကြီး၏ အာဏာသည် ပို့နှုံ့ သကဲ့သို့ ငါဘုရား၏ အာဏာသည်လည်း စကြဝဠာ ကုဋေတသိန်း၌ ပို့နှုံ့ပေ၏။ ငါ ဘုရားအတွက် သိက္ခာပုဒ်ပညတ်ရန်မရှိ၊ ငါသည် တန်ခိုး ပြ ဋိဟာ ပြပေအံ့ဟု မိန့်ဆိုတော်မူ၏။

## ဘယ်နေရာမှာ ပြပါမည်နည်း

မင်းကြီးက မှန်လှပါဘုရား၊ အရှင်ဘုရား တို့သည် ဘယ်အရပ် ဘယ်နေ့မှာ တန်ခိုးပြာဋိ ဟာ ပြနေကြမှုမည်နည်းဟု လျှောက်ကြားသည်။

ဘုရားက ယနေ့မှ နောက် လေးလ မြောက် စဝါဆိုလပြည့်နေ့၌ သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက် မင် အနီးတွင် ပြတော်မူမည်ဟု မိန့်ကြားတော် မူလေသည်။

## ဒိတ္ထိဘုရားကြီးများ အခက်ကြုံလာပြန်

ဂေါတမဘုရား တန်ခိုးမပြနဘဲဟု ထင် မှတ်ပြီး ဂေါဘမနှင့်တန်ခိုးပြိုင်မည်ဟု လက်သီး လက်မောင်းဘန်း ကြွေးကြော် ဝါကြွားနေကြ သည့် ဒိတ္ထိဘုရားကြီးများသည် ဂေါတမဘုရား က တန်ခိုးပြမည်ဟု မိန့်ဆိုသည်ကို ကြားရသော အခါ အခက်ကြုံလာရပြန်သည်။

## ကြွားလုံး တမျိုး ဆင်ကြပြန်

မြတ်ဗုဒ္ဓသည် တန်ခိုးပြာဋိဟာ ကိုတော်မူရန် ရဟန်းပရိသတ် အခြံအရံဖြင့် သာဝတ္ထိပြည်သို့ ကြွတော်မူသည်။

ဒိတ္ထိဘုရားကြီးများသည် ဗုဒ္ဓဘုရား ကြွရောက်သို့ နောက်ယောင်ခံ လိုက်လာကြသည်။

ဘုရားဆွမ်းဘုဉ်းပေးသောအခါ သူတို့လည်း တနေရာမှနေ၍ ဆွမ်းစားကြသည်၊ ဘုရားခရီး ဆက်သွင် သူတို့လည်း ခရီးထွက် လိုက်ပါလာ ကြသည်။

ဘုရား ညဉ့်အိပ်ရန် ရပ်နားသော အခါ သူတို့လည်း ရပ်နားကြသည်။

## ဂေါတမ ထွက်ပြေးမှာ စိုးလို

ဘုရား နောက်သို့ တ ကောက် ကောက် လျှောက်လိုက်နေကြသော ဒိတ္ထိဘုရားကြီးများကို လူအများက မေးမြန်းလာကြသည်။

ဒိတ္ထိတို့က၊ ငါတို့သည် ရဟန်းဂေါတမနှင့် တန်ခိုးပြိုင်ရန် ကြွေကြွေလိုက်လို့ ယခု ဂေါတမ သည် ပြေးလေပြီ၊ သူဘယ်ကိုမျှ မပြေးနိုင်အောင် ငါတို့က နောက်မှ လျှောက်လိုက်နေရသည်ဟု

ကြွားလုံး ထုတ်ကြ ပြန်သည်။ လူများကလည်း သူ့ကို ခပြောသည်ကို အဟုတ်ထင်ပြီး နောက်မှ ဝိုင်းအုံ သိုက်ပါလာကြသည်။

## တသိန်းတန် ဒိတ္ထိဘန်ခိုးပြ မင်္ဂလာကြီး

မြက်ခွာဘုရား သည် သာဝတ္ထိ ပြည်သို့ ရောက်ရှိခဘဲမှီး ဇေတဝန် ကျောင်းခဘဉ်၌ သီတင်းသုံးခဘဲမူသည်။

ဒိဋ္ဌိကုကြီ ချုပ်သည်း ဗုဒ္ဓဘုရားနှင့် အဘူသာဘဏ္ဍိပြည်သို့ ခရောက်ရှိလာကြသည်။ သာဝတ္ထိသို့ ခရောက်ပျင် သူ့ကို့ဆက်သွယ်ရာ ဆက်သွယ် ကြောင်း ဒကာ ဒကာမများထံ လှည့်သည် ပြောဟော အလှူခငွေများ ကောက်ခံကြသည်။ အလှူခငွေပေါင်း တသိန်းရရှိလာသည်။

ယင်းခငွကသိန်းဖြင့် ကြီးကျယ်ခမ်းနားသည့် မင်္ဂလာကြီးကို စီရင်ခဆောက်လုပ်ကြသည်။ ဆန်းဆန်း ကြယ်ကြယ် ခရာင်စုံခခြယ် တသိန်းဘန် မင်္ဂလာကြီး ဖြစ်ခပေါ်လာသည်။ ငါတို့သည် ဤမင်္ဂလာကြီးမှ ဘန်ခိုးပြပါဘော့အုံဟု မင်္ဂလာကြီးကို ရှိုးရှင်းပြီး လူအများကို ငါကြွားစည်းရုံး ခနေကြသည်။

## ငါ့အတွက် မင်္ဂလာဒကာ မလိုဘော့

သာဝတ္ထိပြည်ရှင် ကောသလမင်းကြီးသည် ဒိဋ္ဌိတို့ တန်ခိုးပြ မင်္ဂလာကြီး ဖြစ်ခပေါ်လာသော အခါ ဘုရား အဘွက် မင်္ဂလာ ဆောက်လုပ်ရန် မိမိမှာ တာဝန်ရှိလာသည်၊ ဘုရား ကျောင်းဘော် သို့ ရောက်လာခဲ့သည်။ အရှင်ဘုရား— ယခုအခါတွင် ဒိဋ္ဌိများဘက်မှ တန်ခိုးပြမင်္ဂလာကြီး ဆောက်လုပ် ပြီးစီးနေသည်ကို တွေ့ရပါသည်။ အရှင်ဘုရားတို့ အတွက် တပည့်တော် မင်္ဂလာဒကာခံပါရခစေဟု လျှောက်ကြားသည်။

ဘုရားက၊ ငါ့အတွက် မင်္ဂလာဒကာ သိကြားမင်း ရှိခနေပြီ၊ မင်္ဂလာဒကာ မလိုတော့ပါဟု မိန့်ဆိုခတော်မူ၏။

## ကဏ္ဍာမ္ဗသရက်ပင် အနီးမှာ

မင်းကြီးက ဆက်လက်၍ အရှင်ဘုရားတို့ ဘယ်အရပ်မှာ တန်ခိုးပြာဋိဟာ ပြုတော်မူမည်နည်းဟု လျှောက်ကြားသည်။ ဘုရားက ကဏ္ဍာမ္ဗသရက်ပင်၏ အနီးဘွင် ပြုမည်ဟု မိန့်ဆိုတော်မူ၏။

## ဒိဋ္ဌိတို့ ရှိုးကား

ကဏ္ဍာမ္ဗ သရက်ပင်အနီးဌ် တန်ခိုးပြာဋိဟာ ပြုတော်မူမည့် အကြောင်း ဘုရားက မိန့်ကြားလိုက်သည်ကို ဒိဋ္ဌိများကြားကြလေသောအခါ မိမိတို့ဒကာ၊ ဒကာမများနှင့် တိုင်ပင်ညှိနှိုင်းကြပြီး သာဝတ္ထိမြို့၏ ပတ်ဝန်းကျင် တယူဇနာအတွင်း ရှိသမျှ သရက်ပင် များကို မရှ အရ လိုက်လံ ဝယ်ယူခုတ်လှဲ ရှင်းလင်း ကြသည်။ သရက်ပင်မှန်သမျှ အပင်ပေါက်ကိုပင် မကျန်ရအောင် လိုက်လံခုတ်ထွင် ရှင်းလင်း ကြလေ၏၊

## ကဏ္ဍာမ္ဗ သရက်ပင်ကြီး ဘွားကနဲ ပေါ်လာ

ဘုရားရှင် တန်ခိုးပြာဋိဟာ ပြုတော်မူမည် ဝါဆိုလပြည့်နေ့သို့ ရောက်လာခဲ့ပြီ။ ထိုနေ့တွင်

## ကလ္လာမ ခေါ်တွင်

ကောသလ မင်းကြီးသည် သရက်ပင်ကြီးကို မည်သူမျှ မဖျက်ဆီးနိုင်အောင် အကာ အရံ အစောင့် အရှောက်များ ချထား လိုက်သည်။ ကလ္လာမည်သော ဥယျာဉ်မှူးကိုအစွဲပြုပြီး သရက်ပင်ကြီး၏ အမည်သည် ကလ္လာမ်ဟု မည်တွင် ထင်ရှားလာခဲ့သည်။

## ဒိတ္ထိဘုရားကြီးများ ယူကျုံးမရ လူလုံးမလှ ဘဝဇာတ်လမ်း ချုပ်ငြိမ်း

သိကြားမင်းသည် မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြုတော်မူမည့် လပြည့်နေ့တွင် မိုးနတ်သား၊ လေနတ်သား၊ နေနတ်သားများကို ခေါ်၍ ဒိတ္ထိကြီးများ၏ အစိအစဉ် အားလုံးကို ဖျက်ဆီး သုတ်သင်ပစ်ကြရန် အမိန့်ပေးလိုက်သည်။

လေနတ်သားသည် ဒိတ္ထိတန်ခိုးပြ ကျောင်ကြီးကို လေပြင်းတိုက်ခတ် ချမှုန်းလိုက်သည်။

နေနတ်သားသည် နေဗိမာန်ကြီးကို အောက်သို့ နှိမ့်ချပြီး ဒိတ္ထိကြီးများကို နေပူလောင်စေသည်။

လေနတ်သားသည် လေပွေလှိုင်းလုံးကြီးများကို လွှတ်သည်။ ဒိတ္ထိကြီးများသည် လေလှိုင်းဖုန်များအောက်တွင် တောင်ပို့နိုကြီးများလို ဖြစ်သွားကြသည်။

မိုးနတ်သားသည် မိုးသီး မိုးပေါက်များဖြင့် ပြင်းထန်သည့် မိုးကြီးကို ရွာသွန်းချလိုက်သည်။ ဒိတ္ထိကြီးများသည် နွားနီ နွားကြားကြီးများနှင့် တူသွားကြသည်။

ဘုရားရှင်သည် သာဝတ္ထိ မြို့တွင်းသို့ ရဟန်း အပေါင်းနှင့် ဆွမ်းခံ ဝင်တော်မူသည်။

ကလ္လာ အမည်ရှိသော ကောသလမင်းကြီး၏ ဥယျာဉ်မှူးသည် ဥယျာဉ်မှ ရွက်ပုန်းသရက်သီးကြီး တလုံး ရရှိထားသည်။

ကလ္လာသည် ယင်းသရက်သီးကြီးကို ဆွမ်းခံကြွလာတော်မူသော ဘုရားသခင်အား လှူဒါန်းလေ၏။

ဘုရားသခင်သည် ယင်းသရက်သီးကြီးကို သပိတ်ဖြင့် ဆယူတော်မူပြီး အရှင် အာနန္ဒာလက်သို့ လှမ်းပေးတော်မူလိုက်ပြီး ထိုနေရာ၌ပင် ထိုင်တော်မူလေ၏။

အရှင်အာနန္ဒာက သရက်သီးကြီးကို အဖြာရည် ပြုလုပ်ပြီး ဘုရားအား ဆက်ကပ်ခဲ့သည်။

ဘုရားသည် သရက်ဖျော်ရည်ကို ဘုဉ်းပေးတော် မူပြီး သရက်စေ့ကို ကလ္လာ ဥယျာဉ်မှူးအား ပေးစေသည်။ ထိုနောက် ဤသရက်စေ့ကို ဤနေရာ၌ပင် မြေယက်၍ စိုက်လော့-ဟု ခိုင်းစေတော်မူသည်။

ထို့နောက် ဘုရားရှင်သည် လက်ဆေးတော် မူပြီး လက်ဆေးရေဖြင့် သရက်စေ့စိုက်ထားရာ မြေကို လောင်းတော်မူလေလျှင် တစ်ကောချင်းပင် ထမ်းပိုးဖျားခန့်ရှိ သရက်စို့ကြီး ပေါက်လာလေ၏။

ထိုသရက်စို့ကြီးသည် ကြည့်နေယင်းက ဇ ဖြည်းဖြည်း မြင့်တက်လာပြီး တစ်ကောချင်းပင်အတောင် ငါးဆယ် အမြင့်ရှိ ပင်စည် ခက်မများ အသီးအပွင့်များဖြင့် ဝေဆာနေသည့် သရက်ပင်ကြီး ဖြစ်လာလေ၏။

နောက်ပါ ရဟန်းတော်များသည် သရက်ပင်ကြီးမှ သရက်သီးများကို ဘုဉ်းပေးသုံးဆောင် ယင်း ဘုရားနောက်သို့ လိုက်ပါလာကြသည်။

## ပြေးကြဖို

ဒီတိုက်ကြီးများသည် မင်္ဂလာပြင်ကြီးကလည်းပျက်၊ နေကလည်းပူ၊ လေပွေများကလည်းထ၊ မိုးကလည်းရွာ ဆောက်တည်ရာမရှိကြတော့ပဲ ခြေဦးတည့်ရာသို့ သုတ်ခြေတင်ကြရလေတော့သည်။

## ပုရာဏဘုရားကြီး လည်ပင်းသဲဆွဲ၊ ရေထဲ ခုန်ချ၊ မဟာ အဝိစိသို့ ကြွသွားတော်မူသည်

ပရဏ္ဍကသဲသပြင်ကြီး၏ တပည့်လယ်သမား တယောက်သည် မိမိဆရာကြီး တန်ခိုးပြမည်ကြောင်း၍ လယ်ထွန်ဖြုတဲ့ကာ နွားကြီးများ၊ ထမင်းဟင်းများ ယူဆောင်လာကာ ဆရာတော်ထံသို့ အမိ သုတ်လာခဲ့သည်။

ဆရာကြီး ဖြေးလေးသည်နှင့် လမ်းမှာ ငတ်မွတ်ဆုံသည်။ တပည့်က ဆရာကြီးအား စားခိုင်းပြီး မည်းကိစ္စကို ဦးဦးဖျားဖျား မေးလိုက်သည်။

ဆရာကြီးက မင်းတို့တန်ခိုးပုံမည်းကိစ္စတွေက အရေးမကြီးပါဘူး၊ ပေးဇဉ်းကြေးနှင့် အိုဟု တောင်းဆိုယူငင်ကာ စမ်းချောင်းတခုဆီသို့သွားသည်။ ရောက်လျှင် အိုးမှာ သဲအပြည့်ထည့်၊ ကြိုးနှင့်လည်ပင်းမှာချည် ရေထဲခုန်ချပြီး အသက်ကို အဆုံးစီရင်လိုက်သည်။ ပုရဏကြီးသည် သေပြီးနောက် မဟာအဝီစီငရဲသို့ လားရောက်သွားလေ၏။

ဘုရား တန်ခိုး ပြာဋိဟာ ပြမည့် ကိစ္စ အတွက် မင်္ဂလာပြကြီး စီစဉ် ဖန်ဆင်းရန် အမိန့် ပေးလိုက်သည်။

ဝိသကြံ့ နတ်သားသည် ကလွန်မှ သရက်ပင် အနီးတွင် ကြီးကျယ်ခမ်းနားလှသည့် မင်္ဂလာပြကြီးသို့ ဖန်ဆင်းလိုက်သည်။

မင်္ဂလာပြကြီးသည် လေးပင် လေးဘက် အညီ တဆယ့်နှစ် ယူဇနာ ကျယ်ဝန်းသည်။

ရွှေ၊ငွေ၊ ကျောက်သံပတ္တမြား ရတနာ ၇-ပါး တို့ဖြင့် မွန်းမံခြယ်သ ထားသည်။

ကြာညိုပန်းချီများဖြင့် မိုးထားသည်။

တန်ခိုး ဖူးမြော်ပွဲလာ ပရိသတ် များသည် တဖွဲဖွဲ ရောက်လာကြသည်။

များမကြာမီပင် တဆယ့်နှစ် ယူဇနာကျယ် မင်္ဂလာပြကြီးသည် ပရိသတ်များဖြင့် ပြည့်လျှံသွားသည်။

ညနေပိုင်းအချိန်တွင် မြတ်စွာဘုရားသည် ရတနာမင်္ဂလာပြကြီးသို့ ကြွလာတော်မူသည်။

မင်္ဂလာပဘင်း အသင့်ရှိနေသည့် ရတနာပလ္လင်တော်မြတ်၌ သီတင်းသုံးတော်မူသည်။

## တပည့်တော်များကို တန်ခိုးပြခွင့် ပေးတော်မူပါဘုရား

မြတ်စွာဘုရား ရောက်လာတော်မူလျှင် ပရိသတ် များထဲမှ တန်ခိုးရှင် အသီးသီးတို့က ဘုရား၏ ကိုယ်စား တန်ခိုးပြခွင့် ပြုပါရန် လျှောက်ထား လာကြသည်။

### ၁။ တန်ခိုးရှင် ဃရနီ အမျိုးသမီး

ရှေးဦးစွာ ဃရနီ အမည်ရှိ တန်ခိုးရှင် အနာဂါမ် အမျိုးသမီးတဦးက ပရိသတ်အသွင်းမှ မတ်တတ်ရပ်ထကာ လက်အုပ်ချီလျက် အံ့ရှင်

ဘုရား တပည့်တော်မ ကဲ့သို့ သမီးတော် တဦး ရှိပါလျက် အရှင်ဘုရားတို့ အပင်ပန်း မခံထိုက်ပါဘုရား။ တဖည့်တော်မအား တန်ခိုးပြာဋိဟာ ပြခွင့်ပြုတော်မူပါဟု ရဲရဲဝံ့ဝံ့ လျှောက်ထားသည်။

ဘုရားက ဘယ်ပုံပြမည်နည်းဟု မေးတော်မူ၏။

ဘပည့်တော်မသည် စကြာဝဠာကြီးအပြည့် ရေပြင်ကြီး ဖန်ဆင်းပါမည်။

ရေကြက်မကဲ့သို့ ရေသို့ဝုတ်လျှိုးပြီး အရှေ့အနောက်၊ တောင် မြောက်၊ ကမ်းစပ်များဦ့ လည်းကောင်း၊ ရေပြင်၏အလယ်ဦ့လည်ကောင်း ဘွားကနဲ ဖေါ်ကာပြမါမည်။

ထိုအခါ တဦးတယောက်က မေးလှာလျှင် ဤအမျိုးသမီးကား ဃရနီအမည်ရှိ အနာဂါမ် အမျိုးသမီး ဖြစ်ကြောင်း ပရိသတ်က ပြေကြား ပါလိမ့်မည်။

ထိုအခါ ဘုရား၏တပည့် အမျိုးသမီးကပင် လျှင် ဤမျှ တန်ခိုး အစွမ်းသတ္တိ ထက်နေလျှင် ဘုရား၏ တန်ခိုးကား ဆိုဖွယ်ရာမရှိဟု ပြောလာကြပါလိမ့်မည်။

ဒီအခါ ဘိတ်ထိများသည် ရှောင်တိမ်း ထွက်ပြေးကြပါလိမ့်မည် ဘုရားဟု ဖြဆို လျှောက်ထား လေ၏။

## ၂။ တန်ခိုးရှင် စူဠ အနာထပိဏ်က

နောက် စူဠ အနာထပိဏ် အမည်ရှိ တန်ခိုးရှင် ဘဦးက မတ်တတ်ရပ်လိုက်ပြန်သည်။

အရှင်ဘုရား- တပည့်တော်ကို တန်ခိုးမြွခင့် ပြုတော်မူပါဘုရား။

ဘုရားက ဘယ်ပုံ ပြမည်နည်းဟု မေးလျှင်— တပည့်တော်သည် ဘဆယ့်နှစ် ယူဇနာကြီး သည့် ပြဟ္မာကြီး သဏ္ဌာန် ဖန်ဆင်းပြီး မရိသတ် အလယ်မှာ မိုးချုန်းသံကဲ့သို့ ထစ်ခြုံး မြည်ဟည်းပြီး လက်ပန်းမောင်း ခတ်မြှပါမည်။

ထိုအခါလူအများက ဒီအသံ ဘာသံပါလိမ့်ဟု မေးလာကြလျှင် ပရိသတ်ကြီးက ဘုရား၏ တပည့် စူဠ အနာထပိဏ် အမည်ရှိ အနာဂါမ် အမျိုးသားကလေး၏ လှုက်ပန်းမောင်း ခတ်သံဟု ပြောကြား ကြပါလိမ့်မည်။

ထိုအခါ တိတ္ထိတို့သည်ဘုရား၏တပည့် ဒကာကပင် ဤမျှ တန်ခိုး အစွမ်းထက်လျှင် ဘုရားကား ဘယ်သို့ရှိမည်ကို မမှန်းဆ နိုင်အောင် ဖြစ်လ ကြပြီး ရှောင်တိမ်းထွက်ပြေးကြလိမ့်မည် ဘုရားဟု လျှောက်ကြ၊ လေ၏။

ဘုရားရှင်က ဃရနီ အမျိုးသမီး ကဲ့သို့ပင် မိန့်ကြားတော်မူပြီး ခွင့်ပြုတော်မမူ။

## ၃။ တန်ခိုးရှင် -၇- နှစ်သမီးလေးစိရာ

နောက် -၇- နှစ် အရွယ် စိရာ အမည်ရှိ တန်ခိုးရှင် အမျိုးသမီး သာမဏေရီလေးက မတ်တတ် ရပ်လိုက်ပြန်သည်။

အရှင်ဘုရား- တပည့်ထောပမအား တန်ခိုး ပြခွင့် ပြုတော်မူပါဘုရား။

ဘုရားက သင်ဘယ်ပုံ ပြမည်နည်းဟု မေးတော်မူရာ....

## ငါ၏ အရှုသဉ္ဇ

ချစ်သမီး ဃရနီ သင်၏ တန်ခိုး စွမ်းရည်ကို ငါဘုရား သိပေသည်။ သို့သော် ဤ ဝန်ထုပ်ဝန်ပိုးကား သင်၏အတွက် ဖွဲ့ချည်ထားသည် မဟုတ်ဟု ပြောကြား ကြောင်း ဆက်လက်မှတ်သားပါ။

တပည့်တော်မသည် မြင်းမိုရ်တောင်၊ စကြာဝဠာတောင်၊ ဟိမဝန္တာတောင် ဤတောင်ကြီးသုံးလုံးကို သယ်ဆောင်လာပြီး ပရိသတ်ကြီးရှေ့မှာ စီတန်း ပြသ ထားပါမည်။

ထို့နောက် တပည့်တော်မသည် ထိုတောင်ကြီး သုံးလုံးမှ တတောင်ဝင် တတောင်ထွက် ပြုလုပ်ကာ မကပ်ငြိဘဲ လွတ် လွတ် လပ် လပ် ပံ့သန်းပြပါမည် အရှင်ဘုရားဟု လျှောက်ကြားသည်။

ဘုရားက ရှေးနည်းအတိုင်း မိန့်ကြားကာ ခွင့်ပြုတော်မူ။

## ၄။ တန်ခိုးရှင် -၇- နှစ်သား စုန္ဒသာမဏေက ကလေး

နောက် ၇- နှစ်သား အရွယ် စုန္ဒအမည်ရှိ တန်ခိုးရှင် သာမဏေငယ်လေးက မတ်တတ်ရပ်လိုက် ပြန်သည်။

အရှင်ဘုရား တပည့်တော်အား တန်ခိုးပြခွင့် ပြုတော်မူပါ ဘုရား။

ဘုရားက သင်ဘယ်ပုံ ပြမည်နည်း။

တပည့်ဘော်သည် ဇမ္ဗုဒိပ်ကျွန်းမှ ဇမ္ဗု သပြေသီးနှင့် ဟာဝတီသာနတ်ပြည်မှ ပင်လယ်ကသစ်ပွင့်တို့ကို သယ်ဆောင်လာပြီး ဤ ပရိသတ်ကြီးကို ပေးပါမည်ဘုရားဟု လျှောက်၏။

ဘုရားက ရှေးနည်းအတိုင်း မိန့်ဆိုတော်မူပြီး ခွင့်ပြုတော်မူ။

## ၅။ တန်ခိုးရှင် ဥပဿဝက်ခထိုင်

နောက် တန်ခိုးရှင် ဥပဿဝက်ခေါ်ရီမက မတ်တတ်ရပ်လိုက်ပြန်သည်။

အရှင်ဘုရား တပည့်တော်အား တန်ခိုးပြခွင့် ပြုတော်မူပါဘုရား။

ဘုရားက သင်ဘယ်ပုံ ပြမည်နည်း။

တပည့်တော်မသည် စကြာဝဠာတောင်းမင်း ဟန်ဖန်ဆင်းပြီး သုံးဆယ့်ခြောက်ယူဇနာ ကုယ်ငြန့်သည့် ပရိသတ်ကြီး ခြံရံလျက် အရှင်ဘုရား၏ ခြေတော်အစုံကို လာရောက် ဖူးမြော် ပါမည် ဘုရား။

ဘုရားက ရှေးနည်းအတိုင်း ခွင့်ပြုတော်မူ။

## ၆။ တန်ခိုးရှင် အရှင်မဟာမောဂ္ဂလာန်

နောက် တန်ခိုးရှင် အရှင်မဟာမောဂ္ဂလာန်က မတ်တတ်ရပ်ပြန်သည်။

အရှင်ဘုရား တပည့်တော်အား တန်ခိုးပြခွင့် ပြုတော်မူပါ ဘုရား။

ဘုရားက သင်ဘယ်ပုံ ပြမည်နည်း။

တပည့်တော်သည် မြင်းမိုရ်တောင် မင်းကို သွားကြားခဲ့ ထားပြီး မုဉ်းစေ့သဖွယ် ပရိသတ် ရှေ့မှာ ဝါးစား၍ ပြပါမည်ဘုရား။

တဖန် ဤမဟာ ပထဝီမြကြီးကို သင်ဖျဲလို လိပ်ပြီး လက်ချောင်းကြားမှာ ညှပ်ကာ ပြပါမည်ဘုရား။

တဖန် ဤမဟာ ပထဝီမြေကြီးကို အိုးထိန်းစက်ကဲ့သို့ အထက် အောက် လှန်ပြီး မြေပြင် အောက်ရှိ မြေဆီလွှာကိုယူပြီး လူအပေါင်းဒေါ်ကျေ ပါမည် ဘုရား။

တဖန် ဤမဟာ ပထဝီမြေကြီးကို လက်ဝါးပြင်မှာ တင်ထားပြီး ဤမြေကြီးပေါ်ရှိ သတ္တဝါများကို အခြားကျွန်းဌာနရှိ ပြပါမည် ဘုရား။

တဖန် မြင်းမိုရ်တောင်ကြီးကို ထိုးရိုးလုပ်ပြီး မဟာ ပထဝီမြေကြီးကို ထီးရွက်လင်ကာ ထီးကိုင်ဆောင်သွားသော ရဟန်းကဲ့သို့ လက်တဖက်

ဘဲသိုးနှင့် ကိုဒ်ပြီး ဓောင်းကင်မှာ ခေါက်တုန့် ခေါက်ပြန် စကြံ လျောက်ပြပါမည် ဘုရား။

တန်ခိုးရှင် အရှင်မဟာ မောဂ္ဂလာန်ကိုလည်း ခွင့်ပြုဘော်မမဲ့ မောဂ္ဂလာန်- ငါဘုရားသည် အတု မရှိသော ဝန်ကို ဆောင်နိုင်သူ ဖြစ်၏။ ငါဘုရား၏ ဝန်ကို အခြားဆောင်နိုင်သူ မရှိဟု မိန့်တော်မူလေသည်။

## ရေမီး အစုံအစုံ ယမက ပြဒ္ဒိ တန်ခိုးတော်

မြတ်စွာဘုရားသည် တန်ခိုးရှင် အသီးသီး တို့၏ လျောက်ထားသည်များကို ငြင်းပယ်ဘော်မူပြီး၊ နောက် တန်ခိုး ဖန်ဆင်းတော်မူရန် အားထုတ်တော်မူသည်။

ကောင်းကင်ပြင်တွင် ရတနာစကြံ ကြီး ဖြစ်ပေါ်လာသည်။

ရာနှုစကြံ ကြီးသည် ရွှေငွေ ကျောက်သံပတ္တမြား ရတနာ ၇-ပါးတို့ဖြင့် တဖိတ်ဖိတ် ရောင်စုံ ဖောက်ပလျက် မြင်ရသူများ အံ့မခန်း ရှုမဝနိုင်အောင် ရှိနေသည်။

စကြံ့ပေါ်တွင် လျောက်လှမ်း နေတော်မူသော မြတ်စွာ ဘုရား၏ အထက်ပိုင်း ကိုယ်တော်မှ မီးလျှံများ တဖျပ်ဖျပ် ပြာထွက်နေသည်။

ကိုယ်ဘော် အောက်ပိုင်းမှ ရေအလျဉ်များ တသွင်သွင် စီးဆင်း ပြာထွက်နေသည်။

ကိုယ်ဘော်၏ ရှေ့ပိုင်းမှ မီးလျှံများ ပြာထွက်လျက် နောက်ပိုင်းမှ ရေအလျဉ်များ စီးဆင်းနေသည်။

ညာ မျက်လုံးတော်မှ မီးလျှံများ ပြာထွက်ပြီး၊ ဗယ် မျက်လုံးတော်မှ ရေအလျဉ်များ စီးဆင်း နေသည်။

ဗယ် မျက်လုံးတော်မှ မီးလျှံများ ပြာထွက်ပြီး၊ ညာ မျက်လုံးတော်မှ ရေအလျဉ်များ စီးဆင်းလျက် ရှိသည်။

ညာ နားတော်မှ မီးလျှံများ ပြာထွက်လျက် ဗယ် နားတော်မှ ရေအလျဉ်များ စီးဆင်း နေသည်။

ဗယ် နားတော်မှ မီးလျှံများ ပြာထွက်ပြီး ညာ နားတော်မှ ရေအလျဉ်များ စီးဆင်းနေသည်။

ညာ နှာခေါင်းတော်မှ မီးလျှံများ ပြာထွက်လျက် ဗယ် နှာခေါင်းတော်မှ ရေအလျဉ်များ စီးဆင်းနေသည်။

ဗယ် နှာခေါင်းတော်မှ မီးလျှံများ ပြာထွက်ပြီး ညာ နှာခေါင်းတော်မှ ရေအလျဉ်များ ဧီးထွက်နေသည်။

ညာ ပခုံးတော်မှ မီးလျှံများ ပြာထွက်ပြီး ဗယ် ပခုံးတော်မှ ရေအလျဉ်များ စီးထွက်နေသည်။

ဗယ် ပခုံးတော်မှ မီးလျှံများ ပြာထွက်လျက် ညာ ပခုံးတော်မှ ရေအလျဉ်များ စီးဆင်း နေသည်။

ညာ လက်တော်မှ မီးလျှံများ ပြာထွက်လျက် ဗယ် လက်တော်မှ ရေအလျဉ်များ စီဆင်း နေသည်။

ဗယ် လက်တော်မှ မီးလျှံများပြာထွက်လျက် ညာ လက်တော်မှ ရေအလျဉ်များ စီးဆင်း နေသည်။

ညာဘက်ဘေးမှ မီးလျှံများ ပြာထွက်လျက် ဗယ်ဘက်ဘေးမှ ရေအလျဉ်များ စီးထွက် နေသည်။

ဗယ်ဘက်ဘေးမှ မီးလျှံများ ဖြာထွက်လျက် ညာဘက်ဘေးမှ ရေအလျဉ်များ စီးဆင်းနေသည်။

ညာခြေတော်မှ မီးလျှံများ ဖြာထွက်လျက် ဗယ် ခြေတော်မှ ရေအလျဉ်များ စီးဆင်း နေသည်။

ဗယ် ခြေတော်မှ မီးလျှံများ ဖြာထွက်လျက် ညာခြေတော်မှ ရေအသွင်များစီးဆင်းနေသည်။

လက်ချောင်းတော် ခြေချောင်းတော်များမှ မီးလျှံများ ဖြာထွက်လျက် လက်ချောင်းကြား ခြေချောင်းကြားများမှ ရေအသွင်များ စီးဆင်း နေသည်။

လက်ချောင်းကြား ခြေချောင်းကြားများမှ မီးလျှံများ ဖြာထွက်လျက် လက်ချောင်းတော် ခြေချောင်းတော်များမှ ရေအသွင်များစီးဆင်း နေသည်။

မွှေးညင်းတော်တဆူမှ မီးလျှံများထွက်လျက် အခြား မွှေးညင်းတော် တဆူမှ ရေအသွင်များ စီးဆင်းနေသည်။

ရေမီး အစုံစုံ ဖြာထွက်နေသည့် ကြားမှ အဖြူရောင်၊ အနီရောင်၊ အညိုရောင်၊ အပြာရောင်၊ အဝါရောင် စတဲ့ ရောင်ခြည်တော်များ ကလည်း ရောင်စုံ ကွန့်မြူး နေကြသည်။ မိုး ကောင်းကင်ကြီး တခုလုံး ရောင်စုံကွန့်မြူးလျက် ပရိသတ်ကြီးများမှာ ရှုလို့ မဝ၊ ဖူးလို့ မဝနိုင် လောက်အောင် ရှိနေကြသည်။

## လောကကြီး ဟင်းလင်းပွင့်

ရေမီးအစုံ ပြဇာတ်မူရာမှ စတုတ္ထစျာန် ဝင်စားတော်မူပြီး အဓိဋ္ဌာန် ပြုတော်မူလိုက်ရာ— လောကကြီးတခုလုံး အလင်းရောင်ကြီး ဖြစ်ပေါ်လာပြီး ဟင်းလင်းကြီး ပွင့်သွားသည်။

ထိုအခါ လူအများသည် အထက်ကောင်းကင်ရှိ နတ်ပြည်၊ ဗြဟ္မာ့ပြည်များကို လှမ်းမြင်နေကြရသည်။

နတ်ပြည်မှ ဘုံဗိမာန်တွေ၊ ဥယျာဉ်ရေကန်တွေ၊ နတ်များ သွားလာ လှုပ်ရှားနေကြပုံတွေ၊ ပျော်မြူးနေကြပုံတွေ၊ ဗြဟ္မာများ စျာန် သမာပတ် ဝင်နေကြပုံတွေ၊ စည်းဝေး ထိုင်နေကြပုံတွေကို လူအများ လှမ်း၍ မြင်နေကြရသည်။

မဟာပထဝီမြေကြီး အောက်ထပ်ရှိ ငရဲကြီး ရှစ်ထပ်နှင့် အရုန် ငရဲငယ်များကိုပါ မြင်နေကြရသည်။ ငရဲလောကတွင် ငရဲသားများ ဒုက္ခ အမျိုးမျိုး ခံနေကြရပုံ များကိုလည်း မြင်ကြရသည်။

## ဘုရားတွေ အများကြီး

လောကကြီးတခုလုံးကို ဖွင့်၍ ပြတော်မူရာမှ စကြံ့ပေါ်တွင် ထောင်ပေါင်း များစွာသော နိမ္မိတ ရုပ်ပွားဘုရားများ ဖြစ်ပေါ်လာပြီး ထို ဘုရားများနှင့် အမေး အဖြေ ပြုတော်မူသည်။

ရုပ်ပွားတော် ဘုရားများသည် တချို့က လမ်းလျှောက်လျက်၊ တချို့ကထိုင်လျက်၊ တချို့က ရပ်လျက်၊ တချို့က အိပ်စက်လျက် သီတင်းသုံးနေတော်မူ ကြသည်။

## ဤဇေ -၂၀- ကျွတ်တန်းဝင်

မြတ်စွာဘုရားသည် တန်ခိုးတော် ပြယင်း တဘက်မှလည်း ဖူးမြော်နေကြသည့် ပရိသတ်

ကြီးအား စရိုက် အမျိုးမျိုးကို ကြည့်၍ တရား ဟောတော်မူလျက် ရှိသည်။

ကောင်းကင် တပြင်လုံးရှိ မရေတွက် နိုင် အောင် များပြားလှသည့် နတ်ပရိသတ်ကြီးများ၊ ငြဟ္မာ ပရိသတ်ကြီးများသည် တန်ခိုးတော်ကို ဖူးမြော်ယင်း တရားနာလျက် ရှိကြသည်။

မြေပြင်ရှိ ၁၂ ယူဇနာ ကျယ်ပြန့်သည့် လူ ပရိသတ်ကြီးကလည်း တန်ခိုးတော်ကို ဖူးမြော် ယင်း တရားနာလျက် ရှိကြသည်။

တန်ခိုးတော်ကိုလည်းဖူး တရားတော်ကိုလည်း နာကြားရသောကြောင့် တန်ခိုးတော် ပြပွဲကြီး အပြီးတွင် လူ၊ နတ်၊ ငြဟ္မာ သတ္တဝါပေါင်း ကုဋေ ၂၀ မျှ ကွေ့တ်တမ်းငင်ခဲ့ကြသည်။

## ဤနေရာ၌ တန်ခိုးပြာဋိဟာ ပြတော်မူခဲ့ပါသည်

ထိုနေရာ၌ သိရှိမှာသောကမ်းကြီးက ဓမ္မတိတ္ထိထားခဲ့သည်။ ယခုအခါ စေတီတော်မှာ ပြိုပျက်နေသည်။ ဗာလ်ရာမ်ပူမ့်စေတဝန်ကျောင်းတော်သို့ လာသောအခါ လှမ်း၏ လက်ဝဲဘက်နံဘေးခွဲ ကောင်ကုန်းယောင်ယောင်ဖြင့် မောက်သော အုတ်ပုံကိုတွေ့မြင်ရသည်၊ ထိုကုန်းသည် တန်ခိုးပြာဋိဟာ ပြတော်မူသည့် သရက်ပြုပင်နေရာ ဖြစ်သည်။

## ဘုရားပျောက်သွား၍၊

မြက်ဘုရားသည် တန်ခိုးပြတော်မူပြီးနောက် ခြေတော်သုံးလှမ်းဖြင့် ကြွလှမ်း၍ တာဝတိံသာနဘ်ပြည်ကို ရောက်သွားတော်မူသည်။ တာဝတိံတွင် မယ်တော်ဖြစ်ခဲ့ဘူးသည့် သန္တုသိတ နတ်သား ကို အမျှးဆားပြီး နတ် ပြဟ္မာအပေါင်း တို့အား အဘိဓမ္မာ ကရားတော်ကို ဟောတော်မူလေသည်။

တန်ခိုး ပြတော်မူရာမှ ဘုရား ပျောက်ကွယ်သွားသဖြင့် တန်ခိုးပြပွဲလာ ပရိသတ်ကြီးသည် ဂယောင်ချောက်ခြား ဖြစ်လျက် ရှိနေကြသည်။

ငါတို့ ဘုရားကို မမြင်ရတော့ပြီ၊ ဂိဇ္ဈကူဋ်ဘောင်သို့ ကြွမျှားသွားလေသလော၊ သို့မဟုတ် ကေလာသတောင်၊ သို့မဟုတ် ယုဂန္ဓတောင်မျှားသို့ ကြွသွားလေသလော၊ အမျိုးမျိုးဝေဘန် ပြောဆိုနေကြသည်။ အချို့ကလည်း ဘုရားသည် ဆိတ်ငြိမ်ရာသို့ သွားပါပြီ၊ ဤလူ့ပြည်သို့ ပြန်ကြွတော့မှာမဟုတ်ပါဘူးဟု ပူပန်နေကြသည်။

## အရှင်မောဂ္ဂလာန်အား မေး

ဘုရား ပျောက်သွားတဲ့အကြောင်း အရှင်မောဂ္ဂလာန် ထံသို့ ပျာပျာသလဲ သွားရောက်မေးမြန်းကြသည်။ အရှင်မြတ်က သိပြီး ဖြစ်သော်လည်း မပြောကြားလို၍ အရှင်အနုရုဒ္ဓါထံ သွားရောက် မေးမြန်းဟုရန် ညွှန်ကြားတော်မူလိုက်သည်။

အရှင် အနုရုဒ္ဓါထံ သွားရောက် မေးမြန်းကြပြန်သည်။ အရှင် အနုရုဒ္ဓါက မြတ်စွာဘုရား သည် ယခုအခါ တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာ တရားတော်ကို ဟောတော်မူလျက် ရှိပါသည်။ ဘယ်အခါမှ ပြန်ကြွမှာလဲဘုရားမှာ ဆက်၍ မေးမြန်းကြသည်။ သီတင်းကျွတ်လပြည့် ဝဝါရဏာနေ့တွင် ဤလူ့ပြည်သို့ ပြန်ကြွမည် ဖြစ်ကြောင်း ဖြေကြားတော်မူသည်။

## ဘုရားကိုမမှုးရသမျှ နေရာကမရွှေနိုင်

တန်ခိုးပြပွဲလာ ပရိသတ်ကြီးသည် ငါတို့ ဘုရား ပြန်မကြွမချင်း ဒီနေရာက ဘယ်မှမရွှေ့၊ ဒီနေရာကပဲ ဘုရားအလာကို စောင့်၍ဖူးမည်ဟု တိုင်ပင် ဆုံးဖြတ်လိုက်ကြသည်။ မိမိတို့ အိမ်သို့ မပြန်ကြတော့ပဲ ဘုရားကို စောင့်မျှော်ယင်း တဲမျှားထိုး၍ နေကြသည်။

## မောဂ္ဂလာန် တရားပွဲ

အရှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရား မကြွမီက မှာကြားတော်မူသည့်အတိုင်း ပရိသတ်ကြီးအား ဝါတွင်း သုံးလပတဲလုံး တရားဟောတော် မူရလေသည်။

## စူဠအနာထပိဏ်ကလည်း

စူဠအနာထပိဏ်သဌေးကလည်း ဘုရားဖူးရန် စောင့်နေသည့် ပရိသတ်ကြီးအား ထမင်းအစား အသောက်များ အဝတ် အထည်များ စသဖြင့် လိုလေသေးမရှိအောင် ဝါတွင်း သုံးလပတ်လုံး ကျွေးမွေးပြုစု စောင့်ရှောက်လေ၏။

## တာဝတိံသာ အဘိဓမ္မာတရားပွဲ

မြတ်စွာဘုရားသည် တန်ခိုး တော် ပြပွဲမှ တာဝတိံသာ နတ်ပြည်သို့ ကြွရောက်တော်မူပြီး ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ၌ သီတင်းသုံးတော် မူလျက် မယ်တော်ဟောင်း သန္တုသိတနတ်သား ကို အမှုးထား၍ စကြာဝဠာတိုက်တသောင်းမှ ရောက်လာကြသော နတ်ပြဟ္မာ အပေါင်းတို့ အား အဘိဓမ္မာ တရားတော်မြတ်ကို ဝါတွင်း သုံးလပတ်လုံး အချိန်လပ် မပေးပဲ ဟောတော် မူသည်။

## ဆွမ်းစားချိန်မှာလဲ ဟောလျက်

အဘိဓမ္မာတရားတော်ကို ဟောတော်မူလျက် ရှိသော မြတ်စွာဘုရားသည် ဆွမ်းစားချိန်ကိုပင် အလပ်မပေးပဲ ဆက်တိုက် ဟောတော်မူလျက် ရှိ၏။

ဆွမ်းစားချိန် ရောက်သောအခါ နိမ္မိတ ရုပ်ပွားစဘဝ် ဘုရားကို ဖန်ဆင်းလျက် ဟော တော်မူစေပြီး ပကတိမြတ်ဘုရားသည်လူ့ပြည်သို့ ဆင်းသက်ပြီး မြောက်ကျွန်းမှ ဆွမ်းကို ခံလျက် စန္ဒကူးတော်ရှိ အနောတတ် အိုင်တွင် နေ့စဉ် ဆွမ်းဘုဉ်းပေးတော်မူသည်။ ထိုအိုင်၌ပင် ရေ ချိုးခြင်း၊ ကိုယ်လက် သုတ်သင်ခြင်း အမှုတို့ကို ပြုတော်မူသည်။ ဆွမ်းဘုဉ်းပေး ပြီးသောအခါ တာဝတိံသာသို့ကြွလျက် နိမ္မိတ အသွင်ဖျောက် ကာ ဆက်၍ ဟောတော်မူသည်။

## အရှင်သာရိပုတ္တရာ အာဘာ အကျဉ်းချုပ် ပြန်ဟော

အရှင် သာရိပုတ္တရာသည် ဆွမ်းစားချိန်တွင် နေ့စဉ် အနောတာအိုင်သို့လာရောက်၍ မြတ်စွာ ဘုရားအား ဝတ်ကြီးဝတ်ငယ် ပြုတော်မူသည်။

ဘုရားကလည်း တာဝတိံသာ၌ ဟောတော်မူ ခဲ့သည့် အဘိဓမ္မာ တရားတော်များကို အရှင် သာရိပုတ္တရာအား အကျဉ်းချုပ်၍ တဖန် ဟော ကြားတော် မူသည်။

အရှင်သာရိပုတ္တရာသည် ဉာဏ်ကြီးရှင် ဖြစ် သည့် အလျောက် ဘုရားက အကျဉ်းချုပ်၍ ဟောတော်မူသည်များကို အကျယ်သိမြင်စေတတ် မူသည်။

## အရှင်သာရိပုတ္တရာကလည်း လင်းနိုသား ရဟန်းတော်များအား

တဖန် အရှင်သာရိပုတ္တရာကလည်း မိဉ်အား အကျဉ်းဟောတော်မူသည့် အဘိဓမ္မာ ဒေသနာ တော်များကို လင်းနို့သား ဖြစ်ခဲ့ဘူးသည့် မိမိ တပည့် ရဟန်းတော်ငါးရာအား ကျေးကျေးယ် ပြန်၍ ဟောကြားတော် မူသည်။

## ရက်ချိန်းတောင်း

မြတ်ဘုရားသည် တာဝတိံသာနတ်ပြည်တွင် ဝါဆို လပြည့်နေ့မှ စပြီး အာဒီးလင်ခိုန် မယူပဲ ရက်ဆက် ဟောကြားတော်မူလာခဲ့ရာ သီတင်း ကျွတ် လဆန်း (၈) ရက်နေ့သို့ ရောက်လာခဲ့ သည်။

သီတင်းကျွတ်ချိန် နီးကပ်လာပြီးဖြစ်၍ ဘုရား ပူးရန် စောင့်မျှော်နေကြသည့် ပရိသတ်ကြီးသည် လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ ဘုရားပြန်ရောက် မည့်နေ့ရက်ကို အတိအကျ သိလိုလာကြသည်။ ဘုရားပြန်ရောက်မည့်နေ့ရက်ကို ဘုရားထံသွား ရောက် လျှောက်ထား ပေးပါရန် အရှင်ဟော ဗောဂုလာန် အား တောင်းပန် လျှောက်ထား ကြသည်။

## မြင်းမိုရ်တောင် ပေါက်၍

မရိသတ်ကြီးက တောင်းပန်လေလျှင် အရှင်မဟာ မောဂ္ဂလာန်သည် ခကာင်းပါပြီဟု ဝန်ခံတော်မူပြီး ထိုနေ့ရာမှ မြေသို့ ငုတ်လျှိုးကာ မြင်းမိုရ်တောင်ခြေအရောက်တွင် လူအများသည် ငါးဆယ်း မြင်စေသတည်းဟု အဓိဋ္ဌာန်ပြုတော်မူပြီး မြင်းမိုရ်တောင် အလယ်ဗဟို့တည့်မှ ပေါက်ပြီး တာဝတိံသာနတ်ပြည်သို့ ကြွတော်မူသည်။

## ပတ္တမြားတွင်းမှ ကြိုးနီ

ထိုအခါ လူများသည် ပတ္တမြား ရတနာ အတွင်းမှ ကမ္မဇော ကြိုးနီကို မြင်ရ သကဲ့သို့ မြင်းမိုရ်တောင်ကြီးကို ပေါက်လွင်း တက်ကြွသွားသော အရှင်မဟာမောဂ္ဂလာန်ကို လှမ်းဂျ မြင်နေကြရသည်။

ဘုရားသံ့ရောက်လျှင် အရှင်ဘုရား၊ အရှင်ဘုရားအား ပူးမြော်ရန် စောင့်မျှော်နေကြတဲ့ ပရိသတ်ကြီးသည် အရှင်ဘုရားကို မပူးရပဲ ဘယ်ကိုမှ မသွားကြတော့ပါ။ လူ့ပြည်ကို ပြန်ရောက်မည့် ရက်ကို မိန့်တော်ပါဟု လျှောက် ထားလေ၏။

## ရက်ချိန်းပေး

ဘုရားက- သာရိပုတ္တရာသည် ယခု ဘယ်မှာနည်းဟု မေးတော်မူသည်၊

အရှင်သာရိပုတ္တရာသည် ယခုအခါ သက်သာမြို့တွင် ရှိပါသည် ဘုရား။

ငါသည် ယနေ့မှ ၇-ရက်မြောက် သင်္တင်းကျွတ် လပြည့်နေ့တွင် သက်သာ မြို့လံခါးသို့ သက်ဆင်းပေအံ့၊ ဖူးမျှော်လိုသူများ ထိုအရပ်သို့ လာကြစေကုန်၊ သာဝတ္ထိမှ သက်သာသို့ လာသောအခါ ခရီး ရိက္ခာများ ယူမလာကြစေလို ဟု မိန့်မှာတော်မူ လိုက်၏။

## ကုဋေ ဂ သောင်း ကျွတ်တမ်းဝင်

သီတင်းကျွတ် လပြည့် နေ့သို့ ရောက်လာခဲ့လေပြီ၊ ထိုနေ့တွင် ဘာဝတိံသာ အာဘ်မှာ တရားပွဲကြီးလည်း ပြီးဆုံးသွားခဲ့ပြီ၊ ဝါတွင်းသုံးလ ပတ်လုံး အားလင်ချိန်မရှိ ဆက်တိုက် ဟောလာတော်မူခဲ့သည့်အဘို့မှာတရားပွဲကြီး၏ အကျိုးကား-

နတ်ပြဟ္မာအပေါင်း ကုဋေ -ဂ- သောင်း သစ္စာလေးပါး တရားမြင်ကာ ကျွတ်တမ်းဝင် ခဲ့သည်။

မယ်စောပြစ်ခဲ့ပြီးသော သန္တုသိတနတ်သား သည်လည်း သောတာပန် အရိယာ အဖြစ်သို့ ရောက်သွားခဲ့သည်။

[ ဤ၌ အထူး မှတ်သားရန်ကား- ဘုရား တန်ခိုး ပြတော်မူသည်မှာ ပီပီအတွက် ထင်ရှားမြော်ကြားလို၍လည်း မဟုတ်၊ တဘက်သားတို့ ဒုက္ခ ရောက်အောင် ဟိတ္ထိများ ပွတ်ဆီး လို၍လည်း မဟုတ်၊ ပြဆိုခဲ့သည့် အတိုင်း တန်ခိုး ပြမှုကိုအကြောင်းပြုပြီး သတ္တဝါဝေါင်း မြောက်များစွာ အကျိုးဖြစ်ထွန်း လာမည်ကို ရည်မျှော်၍ လောက အကျိုး ဆောင်ရွက်ခြင်း တမျိုးဖြစ်သည်ဟု မိမိ ဉာဏ်အမြင်ဖြင့် သုံးသပ်ရပါမည် ]

# ခောင်းတန်း သုံးသွယ် တင့်တယ်ပါလျှ နတ်နန်းမှ လှမ်းကြွ ဤလူ့ပြည်

သီတင်းကျွတ် လပြည့်နေ့ ရောက်လာသော အခါ သာဝတ္ထိပြည်မှ တဲထိုးစောင့်နေသော သုံးဆယ့်ခြောက်ယူဇနာကျယ်ပြန့်သည့် ပရိသတ်ကြီးသည် နံနက်စောစောထပြီး သက်သမြဲသို့ ချီတက်လာကြသည်။ သာဝတ္ထိနှင့် သက်သသည် ယူဇနာ ၃၀ ကွာလှမ်းသည်။ တယူဇနာလျှင် တရက်နှုန်းဖြင့် ရက်ပေါင်း ၃၀ လာကြရမည်။ သို့သော် ဘုရား၏ တန်ခိုးတော်ကြောင့် ခဏချင်းပင် သက်သမြဲသို့ ရောက်ရှိလာကြသည်။

ထိုနေ့ တရားပွဲအပြီးတွင် မြတ်စွာဘုရားသည် လူ့ပြည်သို့ ဆင်းသက်မည့်ဒေသကြောင်း သိကြားမင်းအား မိန့်ကြားတော်မူသည်။

သိကြားမင်းသည် တခဏချင်းပင် တာဝတိံသာ နတ်ပြည်မှလူ့ပြည်သက်သမြို့ တံခါးဝဆို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း၊ စောင်းတန်းကြီး သုံးသွယ်ကို ဖန်ဆင်းလိုက်သည်။

## လောကကြီးတခုလုံး ဟင်းလင်းပွင့်

မြတ်စွာဘုရားသခင်သည် လူ့ပြည်သို့ မဆင်းသက်မီ မြင်းမိုရ် တောင်ထိပ်တွင် ရပ်လျက် ကောင်းကင်သို့ မော့ကြည့်လိုက်ရာ အကန့်ဆုံး ဖြာ့ပြည်ထဲ ဟင်းလင်းကြီး ပွင့်သွားလေ၏။

တဖန် အောက်အရပ်သို့ စိုက်ကြည့်တော်မူ လိုက်ရာ ငရဲပြည်အထိ ဟင်းလင်းကြီး ပွင့်သွားလေ၏။

တဖန် အရပ်ရှစ်မျက်နှာသို့ တလှည့်စီ ကြည့်လိုက်ရာ စကြဝဠာတိုက်ပေါင်းများစွာ အာပိတ် အပင်မရှိ ဟင်းလင်းဖြစ်သွားသည်။ ထိုအခါ လူ-နတ်-ဗြဟ္မာတို့သည် တဦးကို တဦး အထင်းသား မြင်ကြရလေသည်။

## ဆင်းသက်တော်မူပြီ

မြတ်ဘုရား သည် အရပ် ၁၀-မျက်နှာ သောကကြီးတခုလုံးကို ဟင်းလင်းပွင့်စေတော် မူပြီး အလယ်ပတ္တမြားစောင်းတန်းမှ ရောင်ခြည်တော် ၆-သွယ်ကွန့်မြူးစေလျက် လူ့ပြည်သို့ ဆင်းသက်လာတော်မူသည်။

လက်ယာဘက်စောင်းတန်းမှ နတ်ပရိသတ်ကြီးက ခြံရံလိုက်ပါသည်။

လက်ဝဲဘက်စောင်းတန်းမှ ဗြဟ္မာ ပရိသတ်ကြီးက ခြံရံလိုက်ပါသည်။

ပဉ္စသီခနတ်သားက ဗေဠု၀ စောင်းကိုတီးလျက် ဘုရား၏နံဘေးမှ လိုက်ပါလာသည်။

သုဇာမာနတ်မင်းက စာမရီသားမြီးယပ်ဖြင့် ဘုရားကိုယပ်ခတ်လျက် လိုက်ပါ လာသည်။

သန္ဓုသိက နတ်မင်းက ပတ္တမြားယပ်ဖြင့် ဘုရားကိုယပ်ခတ်လျက် လိုက်ပါလာသည်။

သိကြားမင်းက ဝိဇယုတ္တရ ခေါ်သင်းကို မှုတ်လျက် လိုက်ပါလာသည်။

အခြားနတ်များကလည်း ပူဇော်မှုဒ မျိုးမျိုးတို့ဖြင့် ဘုရားကို ပူဇော်လျက် လိုက်ပါလာကြသည်။

လက်ဝဲတက် စောင်းတန်းမှ ဗြဟ္မာပရိသတ်ကြီးကလည်း ဗြဟ္မာထီးပြူးကြီးဖြင့် ဘုရားကို ပိုးလျက် လိုက်ပါလာကြသည်။

## ဘုရားဆု မတောင်းသူ မရှိဖြစ်ခဲ့ရ

စောင်းတန်းကြီး သုံးသွယ်ဖြင့် နတ်-ငြဟ္မာ ပရိသတ်ကြီးများ ခြံရံကာ ရောင်ခြည်တော် ၆-သွယ် ကွန့်မြူးလွှက် ဆင်းသက်ကြလာတော်မူသော ဘုရားသခင်ကို စောင့်မျှော်ဖူးမြင်နေကြသည့် သုံးဆယ့်ခြောက် ယူဇနာ အဝန်းရှိ ပရိသတ်ကြီး၌ ဘုရားအဖြစ်ကို မတောင့်တသူ မရှိဖြစ်ခဲ့ရသည်။ (ဤသည်မှ သိတင်းကွတ် ပွဲတော် ဆင်းသက်လာဟန် ရှိသည်)။

## အကျိုးပေးဆန်းကြယ်လှသည့် အလှူဒါနများ

### နတ်များကို သက်သေထူ၍ ပြတော်မူလိုသော အရှင်မဟာ မောဂ္ဂလာန်သည်

[ ဝိမာနဝတ္ထုအဋ္ဌကထာ နှာ-၃ ]

တနေ့သောအခါ အရှင်မဟာ မောဂ္ဂလာန် မထေရ်မြတ်သည် ဆိတ်ငြိမ်သော တနေရာ၌ သီတင်းသုံးနေတော်မူစဉ် အကြံတခု ဖြစ်ပေါ်လာတော်မူသည်။

အချို့လူများသည် ထိုက်ထိုက် တန်တန် လှူဖွယ်များကို မလှူခဲ့ရ၊ ထိုက်ထိုက်တန်တန် အလှူခံပုဂ္ဂိုလ်များကို မရရှိခဲ့ကြ၊ သို့သော်လည်း သူတို့သည် သဒ္ဓါစေတနာ ကြည်ကြည်လင်လင်ဖြင့်လှူဒါန်းခဲ့ကြ၍ ယခုအခါ သူတို့သည် နတ်ပြည်သို့ ရောက်ရှိနေကြပြီး ထိုက်ထိုက် တန်တန် နတ်စည်းစိမ်တွေကို ခံစား စံစားနေကြပေသည်။

ငါသည် နတ်ပြည်သို့ သွားရောက်ပြီး ဒီနတ်တွေရဲ့ လက်ရှိစည်းစိမ် ခံစားနေကြရပုံတွေ၊ လူ့ဘဝတုန်းက သူတို့ပြုခဲ့တဲ့ ဒါနကောင်းမှုတွေ၊ အကြောင်းမျိုးစုံကို ကိုယ်တိုင် မေးမြန်းဆောင်ယူခဲ့ပြီး ဘုရားရှင်မူသော ဘုရားသခင်ကို စောင့်မျှော်ဖူးမြင်နေကြသည့် သုံးဆယ့်ခြောက် ယူဇနာ အဝန်းရှိ ပရိသတ်ကြီး၌ ဘုရားအဖြစ်ကို မတောင့်တသူ မရှိဖြစ်ခဲ့ရသည်။ (ဤသည်မှ သိတင်းကွတ် ပွဲတော် ဆင်းသက်လာဟန် ရှိသည်)။

အား လျှောက်ထားရလျှင် ကောင်းမည်။

ထိုအခါ ဘုရားက ဒီနတ်တွေကို သက်သေထူပြီး လူအများအား အကျယ်ခဲ့၍ ဟောကြားစောင်မူပေလိမ့်မည်။ ဤသို့ ဟောတော်မူသည့် တရားတော်များ သည် လူအများ အတွက် ကောင်းကျိုး ချမ်းသာကို ဆောင်ပေလတံ့။ ဤသို့ အကြံဖြစ်တော်မူပြီး သက်နံ့ဝတ်ရုံတို့ကိုလဲကာ ဘုရားရှင်ထံသို့ ကြွသွားတော်မူသည်။

ဘုရားထံရောက်လျှင် မိမိစိတ်၌ဖြစ်ပေါ်လာသည့် ဆန္ဒများကို ဘုရားအား လျှောက်ထားခွင့်ပန်တော်မူသည်။ ဘုရားက သတ္တဝါများ၏ အကျိုးစီးပွားအတွက် ကောင်းမြတ်သော ဆန္ဒများဖြစ်၍ ဆောင်ရွက်ရန် ခွင့်ပြုတော်မူသည်။

### နတ်ပြည်သို့ ကြွမြန်း

အရှင်မြတ်သည် ဘုရားအား လက်ယာရစ် ကန်တော့ပူဇော်ပြီး နေရာမှထကာတန်ခိုးတော်ဖြင့် တာဒတိသာနတ်ပြည်သို့ ကြွတော်မူသည်၊

## ရေဒါနပိမာန်ရှင်

[ ဝိမာန၀တ္ထုပါဠိတော် နှာ-၆ ]

ရှေးဦးစွာ ရေလွှဲခဲ့သည့် နတ်သမီး၏ နတ်ပိမာန်တခုသို့ ရောက်ရှိတော်မူ၏။ နတ်သမီးနှင့် တွေ့၍ အရှင်မြတ်က မေးတော်မူသည်။

နတ်သမီး- သင်သည် ရွှေမိုး လေ့ကိုစီးကာ ရေကန်၌ ကြာပန်းများကို ခူးနေပါသည်။ ကိုယ်ရောင် ကိုယ်ဝါများကလဲ တောက်ပလှပါသည်။ ဘယ် ကောင်းမှုကိုပြုခဲ့လို့ ယခုလို စိတ်ချမ်းသာမှုကို ဖြစ်စေနိုင်တဲ့ နတ်စည်းစိမ်ကြီးကို ရရှိနေပါသနည်း။

တန်ခိုးကြီးလှသည့် နတ်သမီး သင့်ကို ငါဆက်မေးပါရစေ။ လူဘ၀အခါကဘယ်ကုသိုလ်တွေကို ဘယ်လိုပြုခဲ့လို့ သင်ရဲ့ကိုယ်ရောင် ကိုယ်ဝါများဟာ ပတ်၀န်းကျင် အရပ်မျက်နှာ တခုလုံးမှာ ၀င်း၀င်းဆိန်အောင် တောက်ပ နေပါသနည်း။

နတ်သမီးသည် အရှင်မြတ်က မေးတော်မူလျှင် ဝမ်းမြောက်၀မ်းသာ ဖြစ်ခဲ့ရသည်။

အရှင်ဘုရား ဟာည့်တော်မသည် လူဘ၀မှာဖြစ်ခဲ့စဉ်က ရေဆာလောင်မွတ်သိပ် ပင်ပန်းနွမ်းနယ်တော်မူကြသည့် ရဟန်းတော် အရှင်မြတ်တို့အား ဧတနဂ္ဂသဒ္ဓါ တက်တက်ကြွကြွနဲ့ သေသောက်ရေကို လှူဒါန်းခဲ့ဖူးပါသည် ဘုရား။

ဤသို့ ရဟန်းတော်များအား ဧတနဂ္ဂထက် သန်စွာနှင့် သောက်ရေလှူခဲ့ရတဲ့ ကောင်းမှုကံကြောင့် ယခုလိုကြာပန်းစုံဖြင့် အေမြကြည်လင်သည့် ရေရှိတဲ့ နတ်ရေကန်ကြီး ဖြစ်ပေါ်ခဲ့ရပါသည် ဘုရား၊

အေးမြကြည်လင်တဲ့ရေများ၊ စိမ်းဆင်းနေသည့် စမ်းချောင်းများ၊ ပင်လုံးကျွတ် ဖူးပွင့် နေကြတဲ့ သရက်၊ အင်ကြင်း၊ ငုပန်း၊ သခွတ်ပင်များ ဝိုင်းရံထားသည့် နတ်ဗိမာန်ကြီး ဖြစ်ပေါ်လာခဲ့ရပါသည် ဘုရား။

အရပ်မျက်နှာတခုလုံးကို တောက်ပနေသည့် ကိုယ် ရောင် ကိုယ် ၀ါများ ကို ရခဲ့ပါသည် ဘုရား။

## ရေရွှေခဲ့ပုံအတိတ်ဘ၀

[ ဝိမာန၀တ္ထုအဋ္ဌကထာ နှာ-၃၄ ]

မြတ်ဗုဒ္ဓသည် သာ၀တ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် တောရွာတရွာမှ ရဟန်းတော် တဆယ့်ခြောက်ပါးသည် သီတင်း၀ါလကျွတ်၍ မြတ်စွာဘုရားအား ဖူးမြော် ကန်တော့ရန်နှင့် တရားနာယူကြရန် သာ၀တ္ထိပြည်သို့ ခရီးထွက်ခွါလာခဲ့ကြသည်။

လမ်းခရီးကလည်းရှည်၊ ရေကလည်း မရခဲ့ကြ၍ ရေဆာလောင်မွတ်သိပ်ပြီး ပင်ပန်း နွမ်းနယ်တော်မူခဲ့ကြသည်။

ရွာတရွာ၏ မလှမ်းမကမ်းသို့ ရောက်လာကြတဲ့ အခါ ရွာမှအမျိုးသမီးဘဉီး ရေခပ်ထွက်လာသည်ကို အဝေးမှ လှမ်းမြင်တော်မူကြသည်။

ဒကာမရေခပ်နေဝဉ့် နေရာသို့ ကြွတော်မူကြပြီး မလှမ်းမကမ်းတနေရာတွင် ရပ်နေတော်မူကြသည်။

ဒကာမသည် ရေခပ်အပြန် လမ်းတွင် ရဟန်းတော်များကိုမြင်လျှင် အရှင်မြတ်များ ရေအလိုရှိတော်မူကြပုံကိုသိ၍ ရဟန်းတော်များထံ သွားရောက် ဝတ်ဖြည့်ကာ ရေအလိုရှိတော်မူကြပါသလား ဘုရားဟု မေးလျှောက်ပြီး မိမိရေအိုးမှ ရေများကို လှူဒါန်းလေ၏။

အရှင်မြတ်များသည်ရေကိုအလိုရှိသလောက် သုံးဆောင်တော်မူကြပြီး၊ ရေဒါနအနုမောဒနာ ပြုကာ ကြွတော်မူကြ၏။

## ရေဒါနအကျိုး

ဒကာမဿည် ဝမ်းမြောက် ဝမ်းသာ နှင့် ရဟန်းတော်များအား ရေလှူဒါန်းခဲ့ပြီး ရွာသို့ ပြန်ခဲ့၏။ ရေလှူခဲ့ရသည်မှစပြီး မိမိရေလှူဒါန်း ခဲ့ပုံများကို မကြာမကြာမြင်ယောင်သတိရလျက် ရှိလာခဲ့၏။ ဝမ်းသာပီတိ ဖြစ်လာခဲ့၏။ အမျိုး သမီးသည် ဘဝစုံတော ကွယ်လွန်လေသောအခါ ရေဒါနကြောင့် တာဝတိံသာ နတ်ပြည် တွင် နတ်သမီး ဖြစ်လာခဲ့၏။

## ဆီမီးဒါန ဗိမာန်ရှင်

[ ၀ိမာန ပါဠိ နှာ-၁၀ ]

အရှင်မဟာ မေ ဂ္ဂလာန် မထေရ်မြတ်သည် ရှေ. ဆက်လက်ကြွတော်မူလေရာ ဗိမာန်တခုသို့ ရောက်ရှိတော်မူ နိုသည်။ ဗိမာန်ရှင် နတ်သမီး နှင့်တွေ့၍၊ အရှင်မြတ်က မေးတော်မူသည်မှာ- နတ်သမီး- သည် ရုပ်ရည် အဆင်း လှပ တင့်တယ်ပါ ၏ သင်၏ ကိုယ်ရောင်ကိုယ်ဝါ များကလည် သာက်ရှူး ကြယ်ကဲ့သို့ ပတ်ဝန်း ကျင် တခု ထွန်းလင်းတောက်ပနေပါ၏။ ဘယ်ကောင်း ခဲ့လို့ခုလို ချောမောလှပသည့် ရုပ်ရည်နှင့် ပျော်မွေ့ဖွယ်ရာ နတ်စည်းစိမ် ချမ်း သာကြီးကို ရ ခဲ့ပါသနည်း။

ဘယ်ကောင်းမှုကြောင့် ခုလို ပတ်ဝန်းကျင် ခရုလုံးကဲ့ သာယာစိုပြည်အောင် တောက်ပနေ သည့် ကိုယ်ရောင်ကိုယ်ဝါတွေကို ရခဲ့ပါသနည်း။

ငါမေးပါရစေ၊ နတ်သမီး- သင်သည် လူ့ ဘဝ လူဖြစ်စဉ်က အဘယ်ဒါနကောင်းမှုတွေကို ပြုလုပ်ခဲ့ပါသနည်း။

အရှင်မြတ်က မေးတော်မူသည်ကို နတ်သမီး သည် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကာ ပြန်လည် ဖြေကြား လျှောက်ထားလေ၏။

အရှင်မြတ်ဘုရား- တပည့်တော်မသည် လူ့ ဘဝ လူဖြစ်စဉ်အခါက မီးထွန်းခြင် ညချမ်း အခါမှာ ဆီမီးကို ပေးလှူခဲ့ဖူးပါသည်။

ဤဆီမီးဒါနကြောင့် ခုလိုမျှားပြားလှပသည် ပန်းတိုဖြင့် တင့်တယ်လျက် အရောင် တဖိတ် ဖိတ် တောက်ပနေသည့် နတ်ဗိမာန်ကြီးကို ရ လာခဲ့ပါသည် ဘုရား။

ဤ ဆီမီး ဒါနကြောင့် ခုလို ရုပ်ရည် လှပ တင့်တယ်ပြီး စိတ်နှစ်သက်ဖွယ် နတ်စည်းစိမ် ချမ်းသာကြီးကို ရရှိလာခဲ့ပါသည် ဘုရား။

ပတ်ဝန်းကျင်ကခုလုံးကို တောက်ပနေသည့် သန့်ရှင်း ကြည်လင်သော ကိုယ်ရောင် ကိုယ်ဝါ တွေကို ရရှိလာခဲ့ပါသည်ဘုရာ.ဟု ဝမ်းမြောက် ဝမ်းသာနှင့် နတ်သမီးက ပြန်လည် ဖြေကြား လျှောက်ထားလေ၏။

## အတိတ်ဘဝက ဆီမီးဒါန ပြုခဲ့ပုံ

[ ၀ိမာန အဌ နှာ-၄၄ ]

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်၌ သီတင်းသုံး တော်မူစဉ် ဥပုသ်နေ့ တနေ့တွင် ဥပုသ်သည် အများမြောက်အမြား ဥပုသ်များ စောင့်ကြလေ၏။ ထမင်းမစားမီ အထိုက် အလျောက် ဒါန ကောင်းမှုများကို ပြုလုပ်လှူဒါန်းကြပြီး ထင်း စားပြီး နောက်ပိုင်းအချိန်များတွင်အဝတ်အစား များ လဲလှယ် ဝတ်ဆင်ကြကာ ပန် နံ့သာစတဲ့ လှူဖွယ်များကို လက်ဆွဲကြလျက် ကျောင်းတော် သို့ သွားရောက် လှူဒါန်း ဓာရုံများကိုနာယူ ကြ၏။

မိမိတို့ အဆက်အသွယ်ရှိရာ ရဟန်း သံဃာတော်များ ထံတွင် တရားများ နာယူကြသည်။ ထိုနေ့တွင် တရားနာယင်း နေဝင်ချိန် ရောက်လာခဲ့၏။

တရားပွဲ မပြီးဆုံးမီ မှောင်မိုက်လာ သဖြင့် တရားနာ အမျိုးသမီးတဦးသည် တရားပွဲကို ဆီမီးထွန်းပေးရန် သဒ္ဓါပေါက်လာသည်။ အိမ်သို့ပြန်ကာ ဆီမီးယူဆောင်လာခဲ့ပြီး တရားပွဲကို ဆီမီး ညှိထွန်း ပေးလေ၏။

အမျိုးသမီးသည် တရားပွဲ၌ ဆီမီး ညှိထွန်းပေးခဲ့ရသည်ကို ဝမ်းမြောက် ဝမ်းသာ ဖြစ်ကာ စိတ်မှာ မြင်ယောင်ပြီး မကြာမကြာ သတိရလာခဲ့၏။

## ဆီမီးဒါန အာနိသင်

အမျိုးသမီးသည် မိမိ ဆီမီးဒါန အပေါ်မှာ ဝမ်းမြောက် ဝမ်းသာဖြစ်ပြီး မကြာမကြာသတိရခဲ့တဲ့ အာစိဏ္ဏာက် ကုသိုလ်ဒကြောင့် သေလွန်လေသောအခါ၊ တာဝတိံသာ နတ်ပြည်တွင် အရောင် တလက်လက် တောက်ပနေသော နတ်ဗိမာန်ကြီး၌ နတ်စည်းစိမ်ကြီးကို ခံစားရလေ၏။

## အိုးကောင်းမုန့်ဒါန ဗိမာန်ရှင်

[ ဝိမာန ပါဠိ နှာ။ ၄၃ ]

အရှင်မြတ်သည် ရှေ့သို့ဆက်၍ ကြွတော်မူသောအခါ၊ ဗိမာန် တခုသို့ ရောက်ရှိတော်မူပြန်သည်။

ဗိမာန်တွင် နတ်သမီးနှင့် တွေ့၍-

နတ်သမီး- သင့်မှာ အခြေအရံတွေများပြားလှပါ၏။ အဆင်း ရုပ်ရည် ကလဲ လှပါဘိ၏။ ကိုယ်ရောင် ကိုယ်ဝါတွေ ကလဲ ရုပ်ဝန်းကျင် တခုလုံး တောက်ပနေပါ၏။ နတ်သားနတ်သမီးတွေကလဲ ဆိုတေးသံစုံနှင့် က, ခုန်လျက် ရှိနေကြပါ၏။ သင့်ကို ဂုဏ်ပြုသည့်အနေဖြင့် ဝိုင်းရံနေကြပါ၏။

သင်သည် ဒီ နတ်သား နတ်သမီး တွေရဲ့ အရှင်သခင် ဖြစ်နေဘိ၏။ သင်လိုသမျှအား လုံးပြည့်ဝနေပါ၏။

ကြီးကျယ်ခမ်းနားလှသည့် နတ်စည်းစိမ်ကြီးနဲ့ ဝမ်းသာမဆုံး ဖြစ်နေသည်ကို တွေ့ရပါ၏။

နတ်သမီး- သင့်ကို ငါမေးပါရစေ၊ ဘယ်ကောင်းမှုကံကို ပြုခဲ့လို့ ဒီမျှကြီးကျယ်တဲ့ စည်းစိမ် ချမ်းသာကြီးကို ရရှိလာခဲ့ပါသနည်း။

နတ်သမီးက အရှင်ဘုရား တပည့်တော်မသည် လူ့ဘဝ လူဖြစ်စဉ်အခါက သဒ္ဓါ ခေါင်းပါးပေးကမ်းမှု နည်းပါးပြီး သီလမရှိတဲ့ အမျိုးမှာ ချွေးမ တော်စပ် ဖြစ်ခဲ့ပါသည်။

တပည့်တော်မသည် သဒ္ဓါသီလနှင့် ပြည့်စုံပါ၏။ အခါမပြတ် အလှူပေးကမ်းမှုနဲ့ ပျော်ပိုက်လာခဲ့ပါ၏။ ထိုစဉ်အခါ ဆွမ်းခံကြွလာတော်မူသည့် အရှင်ဘုရား (အရှင်မောဂ္ဂလာန်) အား ယောဂ္ဂမအတွက် ထားရှိသော အိုးကောင်းမုန့်ကို လှူခဲ့ပါ၏။

အရှင်ဘုရားအား မုန့်လှူသည့်အကြောင်းကို မိန်းမသူ ယောဂ္ဂမကြီးအား ပြောကြားတဲ့အခါ ယောဂ္ဂမကြီးက တပည့်တော်မအား သင်ဟာ အပြောရခက်တဲ့ မိန်းမ၊ ငါ့ကိုမပြောပဲ ဧဟန်းကို မုန့်လှူလိုက်တယ်ဟု ဒေါသတကြီးနှင့်ကြိမ်းမောင်း ပြောဆိုကာ အနီးမာရှိတဲ့ ကျွဲပွန့်နှင့် တပည့်တော်မ ပခုံးကို ရိုက်နှက်ခဲ့ပါသည်။

တပည့်တော်မသည် ဒဏ်ရာနှင့် အဆက်းရှည်စွာ မနေခဲ့ရတော့ပါ၊ အသက် ဆုံးခဲ့ပြီ

နောက် ဒုက္ခမှလွတ်မြောက်ခဲ့ပြီး တာဝတိံသာနတ်ပြည်မှာ ဗိမာန်ရှင် နတ်သမီး ဖြစ်လာခဲ့ပါသည်။

အိုးကင်းမုန့် လှူဒါန်းခဲ့ရသော ကောင်းမှုကံကြောင့် တပည့်တော်မသည် ယခုလို ရုပ်ရည်အဆင်းလှပပြီး ကိုယ်မှ အရောင် အဝါများ ပတ်ဝန်းကျင် အရပ်မျက်နှာ အပြည့် တောက်ပခဲ့ပါသည် ဘုရားဟု ဖြေကြား လျှောက်ထားလေ၏။

## အိုးကင်းမုန့် ဒါန ပြုခဲ့ပုံ

[ ဝိမာန အဋ္ဌ-၁၀၉ ]

မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်မဟာ မောဂ္ဂလာန်၏ ဒကာ ဒုကာမ အသင်းအပင်းတွင် ပေးကမ်းမှုဘက်မှာ သဒ္ဓါထက်သန်သည့် အမျိုးသမီးငယ်ကလေး တဦး ရှိခဲ့၏။

အမျိုးသမီးကလေးသည် မိမိအတွက် ရရှိတဲ့ မုန့်ပဲ သရေစာများကို တဝက်ကို အလှူပေးပြီး ကျန်တဝက်ကိုသာ စားလေ့ရှိ၏။

သူတပါးအား မပေးမကမ်းရပဲ စားလေ့စားထ မရှိ အလှူခံပုဂ္ဂိုလ်များမရှိလျှင် ခွဲချန်ထားလေ့ ရှိ၏။ အလှူခံများကို တွေ့သည်နှင့် ကိုယ်ပြိုင်နက် ချန်ထားသည်များကို ပေးကမ်းလှူဒါန်းလေ၏။

မိခင်လုပ်သူက မိမိ သမီးကလေးသည် ပေးကမ်း လှူဒါန်းမှုဘက်မှာ ဝါသနာကြီးနေသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မုန့်ပဲသွားရေစာများကို နှစ်ဆပို၍ ပေးလေ့ရှိ၏။ သမီးကလေးသည် အပိုရသည့် မုန့်များကိုလည်း လှူပစ်လေ၏။

သို့နှင့် အမျိုးသမီး ကလေးသည် အရွယ်ရောက်လာတဲ့အခါ မိဘများက ရာဇဂြိုဟ်မြို့ရှိ အမျိုးသားတဦးနှင့်အိမ်ထောင်ချပေးလိုက်သည်။

ယောကျ်ား ဘက်မှ အမျိုးသည် မိစ္ဆာအယူရှိကြပြီး သဒ္ဓါတရားမရှိ၊ ရဟန်း သံဃာများကို မကြည်ညို။

တနေ့တွင် အရှင်မဟာမောဂ္ဂလာန် မထေရ်သည် ရာဇဂြိုဟ်မြို့တွင်းသို့ အိမ်စဉ်လှည့် ဆွမ်းခံကြွလာတော်မူသည်။

အမျိုးသမီး ကလေး၏ အိမ် တံခါး ဝသို့ ရောက်လာလေလျှင် အရှင်မြတ်ကို ကြည်ညိုပြီး ဆွမ်းခံဝင်ရန် ပင့်လျှောက်လေ၏။

အခြား လှူဖွယ်မရှိ၍ နောက်မှ ပြောရန် ရည်ရွယ်ဝှီး ယောကျ်ားမကြိုး အတွက် ချန်ထားသော မုန့်ကို အရှင်မြတ်အား လှူဒါန်းလိုက်သည်။ အရှင်မြတ်သည် အနုမောဒနာ ပြု၍ ကြွတော်မူသည်။

အမျိုးသမီးသည် ယောကျ်ားမ မိန်းမဆူကြီး အတွက် ချန်ထားသော်စမုန့်ကို ဆွမ်းခံ ကြွလာသော ရဟန်းတော်အား လှူလိုက်ပါကြောင်း ယောကျ်ားမကြီးအား ပြောပြလေ၏။

ယောကျ်ားမကြီးသည် မိမိ အတွက် ချန်ထားသော မုန့်ကို မပြောမဆိုနှင့် ရဟန်းအား လှူလိုက်ရမလားဟု ဒေါသအမျက်ထွက်ကာ အနီးမှာ ရှိသည့် ကျည်ပွေ့နှင့် ခွေးမ၏ ပခုံးကို ရိုက်လေ၏။

အမျိုးသမီး ကလေးသည် ကျည်ပွေ့ ဒဏ်ရာနှင့်ပင်အသက်ဆုံးခဲ့ရ၏။အရှင်မဟာမောဂ္ဂလာန်အား ထက်သန်တဲ့ စေတနာနှင့် မုန့်အိုးကင်း လှူခဲ့ရတဲ့ ကောင်းမှုကံကြောင့် တာဝတိံသာနတ်ပြည်မှာ နတ်သမီး ဖြစ်လာခဲ့၏။

## ပုစွန်လုံးဖိမာန်ရှင်

[ ဝိမာန် ပါဠိ - နဝ - ၈၀ ]

အရှင်မဟာ မောဂ္ဂလာန် သည် ရှေ့သို့ ဆက်လက် ကြွတော်မူသောအခါ ဖိမာန်ကြီး တခုသို့ ရောက်ရှိတော်မူပြန်သည်။

ဖိမန်ဂါတွင် နတ်သား နှင့် တွေ့လေလျှင်-

နတ်သား - သင်၏ဖိမာန်ကြီးသည် ငတ္တမြား တိုင်ကျီးများ ဖြင့် မြင့်မား လှပါ၏။

သင့်ရဲ့ ဖိမာန်ကြီးသည် တဆယ့်နှစ်ယူဇနာ မျှ ကျယ်ဝန်း လှပါ၏။

အချွန်အတက် ပြဿဒ်ခုနှစ်ရာ နှင့် ကြီးကျယ် ခမ်းနားလှပါ၏။

ကျောက်မျက်ရတနာ အခင်းများ ဖြင့် တင့် တယ်လှပါ၏။

ဖိမာန်တွင်းမှာလည်း ပျော် ပျော် ပါးပါး စားသောက်နေကြပါ၏။

နတ်ခစား သံများကလည်း သာယာလှပါပေ၏။ နတ်တို့ ရသာ ကာမဂုဏ် ငါးဖြာနှင့် ဝေဆာနေပါ၏။

ရွှေဝတ်ဆင်ထား နတ်သမီး များကလည်း မြူးထူးခုန်ကြွ ကပြလျက် ရှိနေကြပါ၏။

သင့်အား ငါမေးပါရစေ နတ်သား။

ဤမျှစိုးကြည်နူးဖွယ် ဘောဂအသွယ်သွယ် နှင့် လိုအင်ပြည့်ဝ အဆင်း အရောင် ဒေသွေး တော့ တောက်ပနေခြင်းဟာ မည်သည့် ကြောင့် ရာ မည်သို့ပါနည်း၊ လူ့ပြည်လောက လူ့ဘဝ က ဘယ်ပုညကို ပြုခဲ့ပါသနည်း။

နတ်သားက - အံ့ရှင် မေးတော်မူသည်ကို ဝမ်းမြောက် ဝမ်းသာနှင့် ပြန် လည် ဖြေ ကြား လျှောက်ထားသည်မှာ -

တပည့်တော်သည် လူ့ဘဝ လူ ဖြစ် စဉ် အခါက ပုစွန်လုံး ဟင်းလျာကို လှူခဲ့ပါသော ကြောင့် စည်းစိမ်ဘောဂါ လိုရာပြည့်ဝ အဆင်း အရောင်တွေ တောက်ပလျက်ရှိနေပါ၏။

တမည့်တော်၏ ဖိမာန် မုခ်တံခါးဝမှာ ရှိ နေတဲ့ ရွှေပုစွန်ရုပ်သည် ပုစွန်လုံးဟင်းလျာလှူခဲ့ သည်ကို သတိရနေဖို့ အထိမ်းအမှတ်ပင် ဖြစ်ပါ သည် ဘုရားဟု ဖြေကြားလျှောက်ထားလေ၏။

## ပုစွန်ဟင်းလှူခဲ့ပုံ အတိတ်ဇာတ်

[ ဝိမာန အဋ္ဌ ၂၂၅ ]

မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သာဝကဒေါသံုးနေဘော်မူစဉ် -

တရား အား ထုတ် နေ သော ရဟန်တပါး သည် နားကိုက်နာ စွဲကပ်နေ သဖြင့် တရား အားမထုတ်နိုင်ပဲ ရှိနေခဲ့၏။

ဆေးဆရာ အမျိုးမျိုးနှင့် ကု သ ပါသော်လည်း ဝေဒနာမှာ မသက်သာပါ၊ ထို အ ခါ ရဟန်းများက ဘုရားထံ သွား၍ အကြောင်းကို လျှောက်ထားကြသည်။ ဘုရားက ရဟန်းတော်၏ ဝေဒနာမှာ ပုစွန်ဟင်းလျာနှင့် သက်သာမည်ဟု သိတော်မူ၍ ဝေဒနာသည် ရဟန်းအား သင်သည် မဂဓလယ်တောသို့သွားရောက်၍ ဆွမ်းခံခြေလှေ့ဟု တိုက်တွန်းတော်မူ၏။

ဝေဒနာသည် ရဟန်းက စဉ်းစားတော် မူသည်မှာ သွားရမည့် ခရီးမှာ အလွန် ဝေးလှသည်၊ သို့သော်လည်း တခုခုတော့ တွေ့မှာ ပေသချာသည်ဟု ကြံဆမိ၏။

မှန်ပါဘုရား တပည့်တော် သွားပါမည်ဟု ဘုရားအား ရှိခိုးပြီး လျှောက်ကြားကာ သပိတ် လွယ်လျက် မဂဓလယ်တောသို့ ဆွမ်းခံထွက်လာခဲ့၏။ လယ်တောသို့ ရောက်လျှင် လယ်သမား ထဲ့၏ အိမ်တံခါးဝတွင် ဆွမ်းရပ်လေ၏။

# ဝေယျာဝစ္စဗိမာန်ရှင်

[ဝိမာန-ပါဠိ- ၈၁]

အရှင်မဟာမောဂ္ဂလာန်သည် ရှေ့သို့ ဆက်လက် လှမ်းကြွတော်မူရာ၊ ဗိမာန်ရှင်နတ်သမီးတဦးနှင့် တွေ့ရပြန်သည်။

နတ်သား- သင်၏ ဗိမာန်ကြီးကား ပတ္တမြားတိုင်များနှင့် မြင့်မားလှပါ၏။

ဝန်းကျင် မျက်နှာ တဆယ့်နှစ် ယူဇနာမျှ ကျယ်ဝန်းလှ၏။

အချွန်ထွင့်တပ် ပြဿဒ်ခုနစ်ရာ ဝိုင်းရံကာလျက် ရွှေသား ပျဉ်ချပ်များဖြင့် ခင်းထားသည်မှာလည်း တင့်တယ်ပါပေ၏။

ဗိမာန်တွင်းမှာ စားသောက်ဖွယ်ရာ များပြားစွာနှင့် သာယာညှင်းပြောင်း နတ်စောင်းသံသာ နတ်ကညာတို့ ကလည်း ရွှေဝတ်လွှာအစုံအစုံနှင့် ကခုန်လျက်ရှိကြပါ၏။

ဘယ်ကုသိုလ်ထူး ဆည်းပူးခဲ့လို့ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနှင့် ဘောဂများစွာလိုတာမရှိ ပြည့်စုံလေဘိသနည်း။

နတ်သားက အားရဝမ်းသာဖြစ်ကာ ကိုယ်ဘော်ရှင်မြတ် မေးအပ်သည့်ပုစ္ဆာများကို ပြောကြား လျှောက်ထားသည်မှာ-

အရှင်ဘုရား တပည့်တော်သည် လူ့ပြည်လောက လူဘဝဖြစ်စဉ်အခါက သံဃာတော် အရှင်မြတ်တို့အား နွှတ်ဖြင့် ခရီးဦးကြို ပြုခဲ့ပါ၏။ စိတ်ဖြင့် အကြည်ညိုသဒ္ဓါ ပွားခဲ့ပါ၏။

ဤသို့ပြုရာ မြတ်ပုညကြောင့် နတ်ဘုံလောက ရောက်ခဲ့ရကာ ကာမအာရုံကာမဂုဏ်နှင့် ပြည့်စုံကြွယ်ဝ ခံစားခဲ့ရပါသည် ဘုရားဟု ဖြေဆိုလျှောက်ကြားလေ၏။

သယ်သမားသည် ပုစ္ဆန်ဟင်း ချက်ပြုတ်၍ ထမင်းစားရန် ပြင်ဆင်နေစဉ် အိမ်တံခါးဝတွင် ဆွမ်းရပ်နေသည့် ရဟန်းတော်ကို မြင်လေလျှင် သပိတ်ကို ယူပြီး ရဟန်းတော်အား ဆွမ်းဆက်ကပ် လှူဒါန်းလေ၏။

အရှင်မြတ်သည် ပုစ္ဆန်ဟင်းကို အနည်းငယ် စားရကာမျှနှင့် နားကိုက်ဝေဒနာမှာ သက်သာသွားလေ၏။ ရေအိုးတရာဖြင့် လောင်းလိုက်ဘိသကဲ့သို့ ထင်ရလေ၏။

## ဆွမ်းစား မပြီးမီ ရဟန္တာ

အရှင်မြတ်သည် ပုစ္ဆန်ဟင်းဖြင့် ဝေဒနာသက်သာမှုရ၍ စိတ်ကြည်လင်လာသည်။ ဆွမ်းဘုဉ်းပေးယင်းဝိပဿနာ ရှုပွားလေရာ ဆွမ်းစား၍ မပြီးမီပင် ရဟန္တာ အဖြစ်သို့ ရောက်ရှိတော်မူလေ၏။

အရှင်မြတ်က ဒကာကောဟ် လှူဒါန်းဆက်ကပ်တဲ့ ဆွမ်းဟင်းလျာများကို ဘုဉ်းပေးမရှိ ငါ၏ နားကိုက်ဝေဒနာမှာ သက်သာသွားလေပြီ။ သင်သည် ဤခောင်းမှကဲ့ကြောင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရပေလတ္တံ့ ဟုမိန့်ကြားတော်မူကာ ဆွမ်းအနှေ မောဒနာ ပြုပြီး မြန်ကြွတော်မူ၏။

## ပုစ္ဆန်ဟင်း အကျိုးပေးပြီ

လယ်သမားသည် ကွယ်လွန်လေသောအခါ ပုစ္ဆန်ဟင်းနှင့် ဆွမ်းဒါနပြုခဲ့ရသော ကောင်းမှုကံကြောင့် တာဝတိံသာ နတ်ပြည်ဝယ် ပြဿဒ်ခုနစ်ရာနှင့် ဘဆယ့်နှစ် ယူဇနာ ကျယ်ဝန်းသည့် ပတ္တမြားတိုင်စိုက် ရွှေဗိမာန်ကြီးတွင် ဗိမာန်ရှင်နတ်သား ဖြစ်လာခဲ့၏။

## ဗိမာန်ရှင်၏ အတိတ်ဇာတ်ကြောင်း

[ဝိမာန- အဋ္ဌ- ၂၂၀]

မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်-

ရာဇဂြိုဟ်မြို့ရှိ ဥပသကာတဦးသည် သံဃာတော်များအား ပစ္စည်းလေးပါးဒကာ ဖိတ်ကြားကာ အမြဲလှူဒါန်းလျက်ရှိ၏။ သူ၏ အိမ်သည် အစွန်အဖျားဥစ္စာရှိနေ၍ သူခိုး ဒမြများ ရန်ကြောင့် တံခါးကို ပိတ်ထားလေ့ရှိ၏။

ဆွမ်းခံ သံဃာတော်များသည် တံခါးပိတ်ထားသည့်အခါ၌ ဆွမ်းမခံပဲ ပြန်ကြွကြရသည်။

ဥပသကာသည် အိမ်ရှင်မအား သံဃာတော်များကို ဆွမ်းလောင်းပါရဲ့လားဟု မေးလေလျှင် တခါတရံ အရှင်မြတ်များကြွမလာကြပါဟု ဆိုလေ၏။ တံခါးပိတ်ထားသည်ကို တွေ့ရလို့ မလာကြသည်နှင့် တူပါသည်ဟု ဆို၏။

ဥပသကာသည် အိမ်ရှင်မ ပြောသည်ကို ကြားရ၍ များစွာစိတ်မကောင်းဖြစ်မိ၏။ တံခါးစောင့်တဦးကိုခေါ်ကာ သင်သည် ဒီနေ့ကစပြီး တံခါးဝမှာထိုင်၍ သံဃာတော်များ ဆွမ်းခံအလာကို စောင့်ကြည့်ပါလေ။ အရှင်မြတ်များ ဆွမ်းခံ ကြွလာတဲ့အခါ သပိတ်ကိုယူပြီး အိမ်တွင်းသို့ ပင့်ဆောင် နေရာထိုင်ခင်းပေးပါလေ၊ လိုအပ်သလိုကြည့်ပြီး ပြည့်စုံအောင် ဆောင်ရွက်ပါလေဟု ပြောဆိုမှာကြားလေ၏။

တံခါးစောင့်သည် ထိုနေ့မှစပြီး ပြောဆိုမှာကြားသည့်အတိုင်း ဆောင်ရွက်ခဲ့၏။ ဆွမ်းခံသံဃာလော်များအား နေ့စဉ် ဝတ်ပြုယင်း သံဃာတော်များထံမှ တရားကို နာကြားရပြီး သဒ္ဓါ ယုံကြည်စိတ်များ ဖြစ်ပေါ်လာခဲ့၏။ ကံကံ၏ အကျိုးကို ယုံကြည်လာ၏။ သရဏာဂုံ သီလနှင့် ငါးပါးသီလများရရှိလာ၏။ ဤနည်းဖြင့် ဆွမ်းခံသံဃာတော် အရှင်မြတ်များအား ရိုရိုသေသေနှင့် ဝေယျာဝစ္စပြုလာခဲ့၏။

ဤနည်းဖြင့် ဆောင်ရွက်လာခဲ့ကြရာ ပစ္စည်းလေးပါးဖြင့် အမြဲလှူဒါန်းလာခဲ့သော ဥပသကာသည် သေလွန်သောအခါ ယာမာ နတ်ဘုံ၌ နတ်သားဖြစ်လာခဲ့၏။

တံခါးစောင့်သည် ဆွမ်းခံသံဃာတော်များအား ရိုရိုသေသေနှင့် သပိတ်ယူခြင်း၊ နေရာပေးခြင်းများကို ပြုခဲ့ရ၍လည်းကောင်း၊ သူတပါး၏ ဆွမ်းအလှူဒါနကို ဝမ်းမြောက်ဝမ်းသာဖြစ်လာခဲ့၍ ၎င်းသေလွန်သောအခါ တာဝတိံသာနတ်ဘုံ၌ ဗိမာန်ရှင်နတ်သားဖြစ်လာခဲ့၏။

## အပ်ဒါနဗိမာန်ရှင်

[ဝိမာန- ပါဠိ- ၈၃]

အရှင်မဟာ မောဂ္ဂလာန်သည် ရှေ့သို့ဆက်ခါ လှမ်းကြွလေသောအခါ ဗိမာန်ရှင် နတ်သားတဦးနှင့် တွေ့ပြန်၍-

နတ်သား- သင်၏ဗိမာန်ကြီးသည် ဗတ္တမြားတိုင်ကြီးများဖြင့် မြင့်မားလှပါ၏။

ဟဆယ်နှစ် ယူဇနာ ကျယ်ဝန်းလှသည့် ဤဗိမာန်ကြီးကို ကျောက်မျက်ရတနာတပ်ထားသည့်တိုင်များ၊ ရွှေဟင်္သာချပ်များနှင့် ခင်းထားသည့် ပြဿဒ်ခုနစ်ရာတို့က ဝိုင်းရံထား၍ တင့်တယ် လှပါပေ၏။

ဗိမာန် တွင်းမှာလည်း စားသောက်ဖွယ်ရာမြောက်မြားစွာနှင့် နတ်စောင်းသံသာ နတ်ကညာများက ရွှေဝတ်လွှာအစုံအစုံနှင့် ကခုန်နေကြသည်မှာ များစွာရှုမငြီးဖွယ်ပင်။

သင့်ကို ခုခါ ငါမေးပါ၏။ ဘယ်ကုသိုလ်ထူး ပြုခဲ့ဖူးသို့ ကိုယ်ရောင်ဆင်းဝါ တောက်ပစွာနှင့် စည်းစိမ်ကြွယ်ဝလိုတာရကာ ဖြစ်လာခဲ့ပါသနည်း။

နတ်သားသည် ကိုယ်ဒတော်ရှင်မြတ် မေးအပ်သည်ကို ဝမ်းသာရွှင်ပျစွာနှင့် ဖြေဆို လျှောက်ကြားသည်မှာ–

အရှင်ဘုရား– လောကမှာ အလှူဒါန တိုင်း အကျိုးပေးမဖွဲ့ဖြိုးနိုင်ပါ၊ အလှူဒါနက သေးသိမ်သော်လည်း အကျိုးပေးကြဝေဒ္ဒ ကြီးကျယ်သည်လည်း ရှိတတ်ပါ၏။ အပ်အလှူပင် ဖြစ်သော်လည်း ကြီးကျယ်သော အကျိုးပေးကို ရှိစေနိုင်ပါသည်။

တပည့်တော်သည် လူ့ပြည်ဘဝ လူဖြစ်စဉ်က အပ်အလှူဒါန ပေးခဲ့၍ ခုလို ဆင်းရောင်ကိုယ်ဝါ တောက်ပစွာနှင့် စည်းစိမ်ဘောဂါ လုံတာပြည့်ဝ ဖြစ်ခဲ့ရပါသည်ဘုရားဟု ပြောဆိုလျှောက်ကြားလေ၏။

## အပ်အလှူရှင်ဘဝ

[ဝိမာန- အဋ္ဌ-၂၃၂]

မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်၌ သီဟင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တာ အရှင်မြတ်သည် သင်္ကန်းချုပ်ရန် အပ်အလို ရှိတော်မူလေသည်။

အရှင်မြတ်သည် ရာဇဂြိုဟ် မြို့တွင်းသို့ ဆွမ်းခံ ကြွတော်မူလေသောအခါ ပန်းပဲသမား တဦး၏အိမ်ဝတွင် ဆွမ်းရပ်တော်မူ၏။

ပန်းပဲ သမားက အရှင်ဘုရား ဘာအလို ရှိပါသနည်းဟု လျှောက်လေလျှင် သင်္ကန်းချုပ်ရန်အတွက် အပ်အလို ရှိနေပါကြောင်း မိန့်တော်မူ၏။

ပန်းပဲသမားသည် ကြည်ညိုသဒ္ဓါပေါ်ကာ အရံသင့်ပြုလုပ်ထားသည့် အပ်နှစ်ချောင်းကို အရှင်မြတ်အား လှူလိုက်လေ၏။ နောက်တွင်လည်း အပ်အလိုရှိပါက မိန့်ကြားတော်မူပါရန် ဖိတ်ကြားလျှောက်ထားလေ၏။ အရှင်မြတ်သည် အလှူဒါနကို အနုမောဒနာပြုပြီး ပြန်ကြွတော် မူ၏။

ပန်းပဲသမားသည် နောင်သေလွန်လေသောအခါ အပ်အလှူဒါန၏ အထောက်အပံ့ကို ရ၍ တာဝတိံသာ နတ်ပြည်၌ ဗိမာန်ရှင်နတ်သားဖြစ်လာခဲ့၏။

## ပန်းနတ်သားကြီး

[ဝိမာန- ပါဠိ- ၈၅]

အရှင်မဟာမောဂ္ဂလန်သည် ရှေ့သို့ ဆက်လက် လှမ်းကြွတော်မူရာ နတ်ပရိသတ် အခြံအရံနှင့် ကောင်းကင်တွင် ပျံသန်းလှည့်လည်လျက်ရှိသည်။

နတ်သား ကောင်းကင် ပျံသန်းနေခို်နှင့်တွင် ကောင်းကင်တပြင်လုံး နေရောင် လရောင်များကဲ့သို့ ရောင်ခြည်များ တောက်ပနေသည်။

အရှင်မြတ်သည် နတ်သားရှိရာသို့ ကြွတော်မူသည်။ နတ်သားသည် အရှင်မြတ်ကိုမြင်လျှင် ဆင်ပေါ်မှဆင်းကာ လက်အုပ်ချီလျက် ရပ်နေလေ၏။ ထိုအခါအရှင်မြတ်က–

နတ်သား– သင်သည် ကြီးမားသည့်အစွယ်လျှင်မြန်သည့်အဟုန် ရှိသော ဆင်ဖြူ ကြီးကို စီးလျက် ကောင်းကင်ခရီးဖြင့် ဤနေရာသို့ ရောက်လာခဲ့သည်။

ဆင်ကြီး၏ အစွယ်နှစ်ချောင်းပေါ်မှာ ဖန်ဆင်းထားတဲ့ ပဒုမ္မာရေကန်ကြီးများဟာလည်း

ကြာပန်းစုံပွင့်ကြလို့ ကြာပန်းများ အကြားက နတ်ကညာများကလည်း သီချင်းသံ စုံများဖြင့် ကခုန်လျက် ရှိနေပေသည်။

တန်ခိုးကြီးမား- အိုနတ်သား

သင်သည် လောကလူ ရွာ လူဖြစ်စဉ်က ဘယ်သို့ကောင်းမှု ဘယ်ပုံပြုလို့ ခုလိုရောင်ဝါ ဝေဖြာတောက်ပ အကျိုးပေးခဲ့ရ ပါသနည်း။

နတ်သားက အရှင်ဘုရား- တပည့်တော်သည် လောကလူ့ရွာ လူဖြစ်စဉ် အခါက ကဿပဘုရား စေတီတော်ကြီးမှာ ကြည်လင်သဒ္ဓါ ထက်သန်စွာဖြင့် ပန်းရှစ်ပွင့်ကို လှူဒါန်းခဲ့ပါသည့်ဘုရား။

ဤသို့ပြုရ မြတ်ဗုဒ္ဓကြောင့် ခုလိုကိုယ်ရောင် ကိုယ်ဝါ တောက်ပစွာနှင့် ဘဝဂများစွာ လိုတာပြည့်ဝ ကောင်းကျိုးကို ရခဲ့ပါသည် ဘုရား။

## ပန်းနတ်သားကြီးရှေးဘဝကြောင်း

[ဝိမာန- အင္ဂ- ၂၃၅]

ဤ ဘဒ္ဒကမ္ပာတွင် ပွင့်သွားတော်မူသည့် ကဿပဘုရား ပရိနိဗ္ဗာန်ပြုသောအခါ လူများသည် ဘုရားရှင်၏ ဓာတ်ခေါင်းတို့ကို ဘယူဇနာရှိ ရွှေစေတီတော်ကြီး တည်ထားကိုးကွယ်သည်။

ကီကိမင်းကြီးသည် မင်းပရိသတ် အခြံအရံနှင့် ကဿပစေတီတော်ကြီးကို နေ့စဉ် သွားရောက် ဖူးမြော်သည်။ မြို့သူမြို့သား၊ ရွာသူရွာသားများကလည်း စေတီတော်ကြီးကို နေ့စဉ် သွားရောက်၍ ပန်းဆီမီး စသည်တို့ကို ပူဇော်လှူဒါန်းလျက် ရှိကြသည်။

တနေ့တွင် ဘုရားဖူးများ များပြားလှ ပန်းများ ပြတ်သလောက် ရှားပါးသွားခဲ့၏။

ပန်းလှူလိုသည့် ဒကာ တဦးသည် ပန်းရောင်းချသည့် အရပ်ဒေသများသို့ လှည့်လည်ပြီး ပန်းတပွင့်လျှင် အသပြာ ဝါးပြားပေးဝယ်သော်လည်း မရပဲ ရှိနေခဲ့၏။ တဖန် ပန်းဥယျာဉ်သို့ သွားခဲ့ပြန်သည်။ ဥယျာဉ်ရှင်က ပန်းများ ကုန်သွား ပြီဟု ဆိုလေ၏။ ပန်းခြံဘင်းသို့ ဝင်၍ ရသမျှ ရှာဖွေယူရန် ခွင့်ပေးသဖြင့် ဝင်ရောက် ရှာဖွေရာ ကြွေကျနေသော ပန်းရှစ်ပွင့်ကို ရရှိခဲ့၏။

ဥယျာဉ်ရှင်သို့ ပန်းဖိုး အသပြာ ရှစ်ပြားထုတ်ပေးသည်။ ပန်းရှင်က ကံကောင်း၍ရတာမို့ ငွေမလိုပါကြောင်းဆို၏။ တန်ဖိုးမပေးရတဲ့ ပန်းများကို ဘုရားအား မလှူလိုပါကြောင်း ပြောဆိုပြီး ငွေရှစ်အသပြာကို ပန်းရှင်ရှေ့မှာ ထားကာ သွားလေ၏။

ပန်းလှူရှင်သည် ပန်းရှစ်ပွင့်ကို ကဿပစေတီတော်ကြီးသို့ သွားရောက်လှူဒါန်းပူဇော်လေ၏။

## ပန်း(၈)ပွင့် အကျိုး

ပန်းလှူရှင်သည် သဒ္ဓါစေတနာ ထက်ထက်သန်သန်နှင့် စေတီတော်ကြီးကို ပန်းပူဇော်လှူဒါန်းရသည့် စေတနာ ကောင်းမှု ကံကြောင့် စုတိဒုက္ခသလွန်ဒုက္ခအခါ တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်လာခဲ့သည်။

## ထပ်ခါထပ်ခါ နတ်ပြည်မှာ

ပန်းလှူရှင်သည် တာဝတိံသာ နတ်ပြည်၌ နတ်သက်တမ်း ကုန်လေသောအခါ တဖန်ထပ်၍ တာဝတိံသာမှာ ပင် နတ်သား ပြန်ဖြစ်ခဲ့

ပြန်သည်။ ဤသို့ နတ်ပြည် လောကမှာပင် ထပ်ခါထပ်ခါ ဖြစ်လာခဲ့ပြီး ဂေါတမ ဘုရား ပွင့်လာချိန်တွင် နတ် ဆင် ပုံ့ ကြီး ကို စီး ပြီး ကောင်းကင်တွင် ပုံသန်း လှည့်လည် နေယင်း အရှင်မဟာ မောဂ္ဂလာန်နှင့် တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

## သရက်သီး ဝိမာန်ရှင်

[ဝိမာန ပါဠိ-၉၇]

အရှင်မဟာမောဂ္ဂလာန်သည် ရှေ့သို့ ဆက်လက် ကြွသုံမ်းဘော်မူးလသောအခါ ဝိမာန်ရှင် နတ်သားဘဉီးနှင့် တွေ့ပြန်သည်။

နတ်သား- သင်၏ဝိမာန်ကြီးသည် ပတ္တမြား တိုင်ကြီးများနှင့် တဆယ့် ခြောက် ယူဇနာမျှ ကြီးကျယ်မြင့်မားလှပါ၏ တကား။

ကျောက်မျက်ရတနာ စီထားသည့် တိုင်များနှင့် မရွှေဟျဉ်ချပ်လွှာများ ခင်းထားသော ပြဿဒ်ခုနစ်ရာကလည်း ရှုမငြီးဖွယ် တင့်တယ် လှပါပေ၏။

ဝိမာန်ဘွင်းမှာလည်း စားသောက် ဖွယ်ရာ စုံလင်စွာနှင့် နတ်ဧစောင်းသံများ ကျူးရင့်လွက် ရှိနေပါ၏။

ပြဿဒ် တဆောင် တဆောင်စီမှာလဲ နတ်ကညာ ခြောက်ဆယ့်လေးဦးစီက သီဆို ကခုန် လျက် ရှိနေကြပါ၏။

နတ်သား- သင်သည် ဘယ်ကုသိုလ်ကံ ဘယ်လို ဖန်လို့ ခုလိုရောင်ဝါ တောက်ပစွာနှင့် ချမ်းသာ သုခ ရရှိခဲ့ပါသနည်း။

အရှင်ဘုရား- တပည့်တော်သည် အရှင်ဘုရားကို သရက်သီး လေးလုံး လှူဒါန်းခဲ့ဖူးပါသည်။

လူ့ချမ်းသာကို အလိုရှိသူများသည် လည်းကောင်း၊ နတ်ချမ်းသာကို အလိုရှိသူများသည် လည်းကောင်း၊ လူတို့အလယ် လှပတင့်တယ်လို့သူများသည် လည်းကောင်း၊ အခါမရွေး သစ်သီးကို လှူထိုက်လှဖါသည် ဘုရားဟု ဖြေကြားလျှောက်ထားလေ၏။

## သရက်သီး လှူဒါန်းခဲ့ပုံ

[ဝိမာန အဋ္ဌ-၂၆၇]

မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်-

တနေ့သောအခါ ဗိမ္မိသာရ မင်းကြီးသည် အချိန်အခါမဟုတ်ပဲ သရက်သီး စားလိုသည့် အာသာ ဖြစ်ပေါ်ခဲ့သည်။

ဥယျာဉ်မှူးကိုခေါ်ပြီး ငါသည် ယခု သရက်သီး စားလိုသည်။ ငါ့အား သရက်သီး ပေးလော့ဟု ဆိုလေ၏။

ဥယျာဉ်မှူးက အရှင်မင်းကြီး ယခုအခါတွင် သရက်သီးများ မရှိတော့ပါ။ အချိန်ပေးမည် ဆိုပါလျှင် ကျွန်ုပ်သည် အစီအမံတခု ပြုလိုပါသည်။ ဤအစီအမံကို ခွင့်ပြုမည် ဆိုပါလျှင် မကြာမီအတွင်း သရက်သီးများ ရလာပါလိမ့်မည်ဟု ဆိုလေ၏။ မင်းကြီးက ကောင်းပြီ၊ သင်၏ အစီအမံကို ပြုလုပ်ပါလေဟု ခွင့်ပြုလိုက်သည်။

ဥယျာဉ်မှူးသည် ဥယျာဉ်သို့ သွားရောက်ပြီး သရက်ပင်များမှ မြေများကို တူးဆွ၍ ဖော်စပ်ထားသော မြေဩဇာ တမျိုးကို လောင်းထည့်လိုက်သည်။ ဤနည်းဖြင့် ပြုလုပ်လေရာ မကြာမြင့်မီပင် သရက်ပင်များမှ အရွက်များ ကြွေကျသွားကြသည်။ သရက်ရွက်များ ကြွေကျသွားတဲ့

အခါ၊ တဖန် လှက်ရှိမြေကို ပယ်ပြီး မြေသြဇာ တမျိုးထည့်ကာ ရေလောင်းလိုက်သည်။ မကြာမီပင် သရက်ပင်များမှ အဖူးအညွန့်များ ဝေဝေဆာဆာနှင့် ထွက်ပေါ်လာကြသည်။ ဆက်လက်၍ ဖူးကင်းများ ထွက်လာပြီး ပွင့်လာကြသည်။ ဆက်လက်၍ သီးကင်းများ ထွက်လာကြသည်။

မကြာမီမှာပင် သရက် တပင်မှ သရက်သီးလေးလုံး ရင့်မှည့် လာသည်။ ဥယျာဉ်မှူးသည် သရက်သီး လေးလုံးကို ကပျာကယာ ဆွတ်ခူးကာ အားရဝမ်းသာနှင့် မင်းကြီးထံ ဆက်သရန် သွားလေသည်။

## အလှူခံနှင့်လမ်းမှာတွေ့

အရှင်မဟာမောဂ္ဂလာန်သည် ဆွမ်းခံကြွလာတော်မူသည်။ ဥယျာဉ်မှူးသည် လမ်းတွင် အရှင်မဟာမောဂ္ဂလာန်နှင့် ဆုံမိလေသည်။

## အကြံပေါ်

အရှင်မဟာ မောဂ္ဂလာန်နှင့် တွေ့လေလျှင် ဥယျာဉ်မှူး၏ စိတ်တွင် အကြံတခု ဖြစ်ပေါ်လာသည်။

ငါသည် ဤအဦးအဖျား သရက်သီးများကို အရှင်မြတ်အား ပေးလှူရလျှင် ကောင်းမည်။ ဒီသို့ပေးလှူလို့ မင်းကြီး သည် ငါ့ကိုသတ်လိုက သတ်စေ။ နှင်လိုကနှင်စေ၊ ငါပေးလှူတော့မည်။ မင်းကြီးကို ပေးရဘာက္ကာ ခုလောလောဆယ် ပူဇော်ရတဲ့အကျိုး အနည်းငယ်မျှကိုသာ ရမည်။ အရှင်မြတ်ကိုလှူလိုက်ပါက ဒီဘဝမှာရော၊ နောင်သံသရာမှာရော မမျှော်မှန်းနိုင်တဲ့ ကောင်းကျိုးတွေကို လေးမည်ဖြစ်သည်။ ဤသို့ အကြံပေါ်လာပြီး ရဲရဲတောက် ဆုံးဖြတ်ခါ သရက်သီးလေးလုံးကို မောဂ္ဂလာန် အရှင်မြတ်အား လှူဒါန်းလိုက်လေ၏။

## စုံစမ်းစေ-အမိန့်

ဥယျာဉ်မှူးသည် မင်းကြီးထံ သွားရောက်ခါ အကြောင်းစုံကို လျှောက်ကြားလေ၏။ မင်းကြီးသည် ဥယျာဉ်မှူး၏ လျှောက်ကြားသည်ကို ကြားလေလျှင် မင်းမှုထမ်းများကို ခေါ်ပြီး၊ အမောင်တို့- ဥယျာဉ်မှူးက ငါ့အား ဒီပုံဒီနည်း လျှောက်ကြားလာသည်။ ဟုတ်မဟုတ် စုံစမ်းကြလော့ဟု အမိန့်ချမှတ်လိုက်သည်။

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် ဥယျာဉ်မှူး ကပ်လိုက်သော သရက်သီးလေးလုံးကို ကျောင်းရောက်သောအခါ ဘုရားရှင်အား ကပ်လှူတော်မူသည်။

ဘုရားက တလုံးကို အရှင်သာရိပုတ္တရာ၊ တလုံးကို အရှင်မဟာမောဂ္ဂလာန်၊ တလုံးကို အရှင်မဟာကဿပ မထေရ်များအား ခွဲဝေပေးတော်မူပြီး ကျန်တလုံးကို မိမိကိုယ်တိုင် သုံးဆောင်တော်မူသည်။

## ဒိဋ္ဌဓမ္မကျိုး

မင်းမှုထမ်းများသည် ကျောင်းဝင်းမှ သတင်းမျိုးစုံကို စုံစမ်းမှတ်သားခဲ့ပြီး မင်းကြီးအား လျှောက်ကြားကြလေ၏။

မင်းကြီးသည် အဒေကြာင်းမျိုးစုံကိုသိရလျှင် အလွန် ဝမ်းသာတော်မူသည်။ ချက်ချင်းပင် ဥယျာဉ်မှူးကို ရှေ့ဘော်သို့သွင်းစေပြီး အဓမ္မာဓိ သင်ကား ပညာရှိပေစွ၊ အသက်ကိုပင် စွန့်ပြီး အလှူဒါနကို ရဲရဲစေတောက်ပြုခဲ့ပေသည်ဟု ချီးကျူးစကား ခပြောကြားပြီး၊ ဥယျာဉ်မှူးအား ရွာဘရွာကို အပိုင်စားပေးလိုက်လေ၏။ အဘတ် အထည်များကိုပါ ထပ်မံချီးမြှင့်လိုက်သည်။

## အမျှ- အမျှ- အမျှ

မင်းကြီးသည် ဥယျာဉ်မှူးအား ချီးမြှင့်ပြီး နောက် အဓမ္မာဒိ - သင်၏ သနားသိုးဒါနကို ငါ့အား အမျှပေးဝေသင့်ဟု ဆိုလေ၏။

အမျှ-အမျှ-အမျှ ပေးဝေပါသည် အရှင် မင်းကြီး၊ စိတ်ချမ်းချမ်းသာသာနှင့် အမျှယူတော် မူပါလော့ဟုဆိုကာ အမျှပေးဝေလေ၏။

ဥယျာဉ်မှူးသည် ဤကောင်းမှု ကံကြောင့် နောင် ကွယ်လွန်သောအခါ တာဝတိံသာ နတ်ပြည်တွင် ပြဿဒေါ်ခုနစ်ရာ ဝိုင်းရံထားသည့် တဆယ့်ခြောက် ယူဇနာရှိ ရွှေဗိမာန်ကြီး၌ ဗိမာန်ရှင်နတ်သား ဖြစ်လာခဲ့၏။

# ဘုရားလောင်း၏ စီးတော်မြင်း

## ကဏ္ဍက နတ်သားကြီး

[ဝိမာန်- ပါဠိ- အင်္ဂ- ၁၉၀]

အရှင်မဘာဒမာဂ္ဂသာနံသည် ရှေ့သို့ ဆက်လက် လှမ်းကြွဒေါ်မူသောအခါ ကဏ္ဍက နတ်သားသည် နတ်ဗိုလ်ရိသက်အခြွေအရံများနှင့် ဥယျာဉ် ကစားထွက်ရန် နတ်ရထားသို့တက် ဗိမာန်မှအထွက် အရှင်မဟာ မောဂ္ဂလာန်မြတ် နှင့် တွေ့လေ၏၊

နတ်သားသည် အရှင်မြတ်ကိုတွေ့လေလျှင် လေးစားဂရု ဂါရဝပြုလျက် ရထားမှ အမြန် ဆင်းသက်ကာ လက်အုပ်အဥ္ဇလီ ဦးထိပ်မှာချီပြီး အရှင်မြတ်၏ဆံဝါးဘွင် ရပ်လေ၏။

အရှင်မြတ်က နှုတ်ခွန်းဆက်သတော်မူသည် မှာ-

နက္ခတ္တာယ ဝိုင်းရံထားသလို လပြည့်ဝန်း ကြီးအလား အိုနတ်သား- သင်၏ဗိမာန်ကြီး ကား ဟက်သစ်စ နေရောင်ခြည်အလား ဝင်း ဝင်း လက်လက် တောက်ပလျက် တင့်တယ်လှ ပါပေ၏။

ရွှေ-ငွေ ကျောက်သံ ပတ္တမြား ပုလဲရတနာ များဖြင့် မွမ်းမံခြယ်သ ထားသည်မှာလည်း ရှုရှိုပင် မငြီးနိုင်။

ကျောက်မျက် ရတနာများ ခင်းထားသည့် မြေပြင်မှာ ရပ်ဘည်နေကြတဲ့ အချွန်အထွတ် တပ် ပြဿဒေါ် အဆောင်ဆောင် များကလည်း အံ့ဖွယ်ရန်း ရှိနေကြပါ၏။

ရွှေဝါ သဲမြေပြင်မှာ အေးမြကြည်လင် ရေဘသွင်သွင် စီးနေသည့် ရေကန်ကြီးများမှာ ငါးမျိုးစုံတို့ မြူးကြွခုန်ပျံရွှင် နေကြပုံများမှာ လည်း ပျော်မွေ့စရာပင်။

ပုဏ္ဏရိုက်၊ ပဒုမ္မာ ပန်းရနံ့ များကလည်း သင်းပျံ့လျက် ရှိနေပါ၏။

ပန်းချုံ၊ ပန်းနွယ် အသွယ်သွယ်တို့ကလည်း ကန်ပတ်လည်ဝိုင်းလျက် ဖူးပွင့်ဝေဆာနေကြပါ ပေ၏။

ရွှေခြေတပ်ပလင်ဝယ် သိကြားမင်းပုံအလား နက်ကညာများက ဝိုင်းရံခလျက် စံစားနေရ ပါပေ၏။

တူရိယာမျိုးစုံတို့ဖြင့် ကခုန်ပျော်မွေ့ အားရှိ တွေ့လျက် နတ်ဘုံဌာနရှိုင်ပါသည့် ငါးဖြာ အာရုံ ကာမဂုဏ်တို့ဖြင့် ပျော်မွေ့နေရ ပါပေ ဆည်။

နတ်သား– ဤအကျိုးပေးမျှားသည် ဒါန ကောင်းမှုအကျိုးပေးလေလော၊ သီလကောင်းမှု အကျိုးပေးလေလော၊ သို့ဟုတ် လက်အုပ် ချီမိုး ရှိခိုးရတဲ့ အကျိုးပေးလေလော၊ ငါ၏ အမေးကို သင်အဖြေ ပေးပါလေဟု အရှင် မြတ်က မိန့်ဆိုတော်မူသည်။

အရှင်မြတ်က မေးသဖြင့် နတ်သားသည် ဝမ်းမြောက် ဝမ်းသာဖြင့်-

အရှင်ဘုရား– တပည့်တော်သည် ကပိလ ဝတ်ပြည်ရှင် ဘုရားသုဒ္ဓဒါဒန၏ သား ဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ဂဏ္ဍက အမည်ရှိ စီးတော်မြင်း ဖြစ်ခဲ့ဖူးပါသည်။

ဘုရားအလောင်းတော်သည် သစ္စာလေးပါး သိမြင်ရေးအတွက် ညဉ့်သန်းခေါင် အချိန်တွင် တောထွက်ခဲ့ပါသည်။

အလောင်းတော်သည် နှုံးညံသိမ်မွေ့သည့် လက်တော်ဖြင့် တပည့်တော် (ဂဏ္ဍက) မြင်း၏ ပေါင်ကိုပုတ်ကာ အချင်း ဂဏ္ဍက ငါ့အား ကူညီပါလော့၊ ငါသည် မြတ်သော အရပ်တွင် မင်္ဂလာကို ရတဲ့အခါ နတ်လူအများကို ကယ်တင် ပါအံ့ဟု ဆိုပါသည်။

တပည့်တော် (ဂဏ္ဍက မြင်း) သည် အလောင်းတော်၏ စကားကို ကြားရလျှင် အလွန်ပဲ ဝမ်းသာအားရ ဖြစ်ခဲ့ပါသည်။

အလောင်းတော်သည် တပည့်တော်၏ကျော ပေါ်သို့တက်လေလျှင် တင်ကြွဝမ်းသာတဲ့စိတ် ဖြင့် အလောင်းတော်အလိုရှိရာ အရပ်သို့ ဆောင် ကြဉ်းခဲ့ပါသည်။

မိုးလင်းချိန် အရောက်တွင် တပည့်တော်နှင့် ဆန္ဒအမတ်ကို မြစ်တဘက်ကမ်းတွင် စွန့်ပစ်ထား ခဲ့ပြီး တဘက်ကမ်းသို့ကူး၍ ဆွားခဲ့ပါသည်။

အလောင်းတော် ထွက်ခွာမီ တပည့်တော် သည် အလောင်းတော်၏ ခြေတို့ကို လျှာဖြင့် လျက်ပြီး ခွဲခွာသွားသော အလောင်းတော် မြတ်ကို ကျေးဇူးရည်ဖြင့် မျက်စိတဆုံး မျှော် ကြည့် နေခဲ့ပါသည်။ မျက်စိတဆုံး ရောက်၍ ဘုရားအလောင်းတော် ကွယ်ပျောက်လေလျှင် တပည့်တော်သည်စိတ်နှလုံးထိခိုက်ပြီးရုတ်တရက် ကွယ်လွန်ခဲ့ပါသည်။

ကွယ်လွန်တဲ့အခါ ဘုရားအလောင်းတော် မြတ်၏ အကျိုးကို သဒ္ဓါစေတနာထက်သန်စွာ နှင့် ဆောင်ရွက်ခဲ့ရတဲ့ ကောင်းမှုကံကြောင့် ဤနတ်ဗိမာန်ကြီးမှာ ဗိမာန်ရှင်နတ်သား ဖြစ်လာ ခဲ့ပါသည်။

အလောင်းတော် မြတ်သည် ယခုအခါတွင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီဟု ကြားသိရ၍ တပည့်တော်မှာ အားရဝမ်းသာ ဖြစ်နေပါ သည်။

အရှင်ဘုရား တို့သည် မြတ်စွာဘုရားထံ ရောက်ရှိတဲ့အခါ ဂဏ္ဍကနတ်သားသည် မြတ် စွာဘုရားအား ဦးညွတ်ရှိခိုး ကန်တော့လိုက်ပါ ကြောင်း တပည့်တော်၏စကားဖြင့် လျှောက် ထားစေ လိုပါသည်ဘုရား။

တပည့်တော်လည်း မြတ်စွာဘုရားထံ ဖူးမြော် ကန်တော့ရန် လာရောက် ပါဦးမည်ဘုရား၊ လောက၏ အာထားကိုးကွယ်ရာ ဖြစ်တော်မူ သော မြတ်စွာဘုရားကို ဖူးမြင်ရခြင်းမှာ အလွန် ခဲယဉ်း လှပါသည်ဘုရားဟု လျှောက်ကြား လေ၏။

## သောတာပန် မြင်းနတ်သား

သူတပါး၏ ကျေးဇူးကိုသိပြီး ကျေးဇူးတုံ့ပြန်တတ်သော ကဏ္ဍက နတ်သားသည် မြတ်စွာဘုရားထံသို့ ဖူးမြော် ရောက်လာသော အခါ မြတ်စွာဘုရား၏တရားတော်ကို နာကြား၍ သောဘာပန် အရိယာအဖြစ်သို့ ရောက်ရှိလာခဲ့၏။

## နံ့သာဖိုမာန်ရှင်

[ဝိမာန- ပါဠိ- ၄၀[

အရှင်မဟာမောဂ္ဂလန်သည် ရှေ့သို့ ဆက်လက် ကြွတော်မူရာ ဗိုမာန်ရှင်တဦးနှင့် တွေ့၍ ရွှေဘဝကောင်းမှုကံကို မေးလျှင် နတ်သမီးက ဖြေကြားသည်မှာ-

ဘပည်ဖွံ့တော်မသည် ကဿပဘုရား သာသနာတွင် ကဿပစေတီတော် မြတ်ကြီးအား နံ့သာ လက်ဆေးချောင်းရာပြု၍ လှူဒါန်းပူဇော်ခဲ့ပါသည်။

တပည့်တော်မ၏ ဗိမာန်ကို ရှုတော်မူပါဘုရား၊ တပည့်တော်မသည် စေတီတော်မြတ်ကြီးအား လှူဒါန်းခဲ့ရသည့် နံ့သာဒါနကောင်းမှုကံအကျိုးပေးကြောင့် ချစ်စဖွယ်ရုပ်အဆင်းကို ရခဲ့ရပြီး အခြေအရံ နတ်သမီးတန်းထောင်နှင့် ဗိုမာန်ရှင် ဖြစ်ခဲ့ရပါ၏။ ဤအကျိုးပေးမှုကံများကို ရှုတော်မူပါဘုရားဟု လျှောက်လေ၏။

## ညပုသ်ဗိမာန်ရှင်

[ဝိမာန- ပါဠိ- ၄၃]

ဆက်လက်၍ ဗိုမာန်ရှင်တဦးနှင့် တွေ့၍ မေးတော်မူပြန်ရာ-

အရှင်ဘုရား တပည့်တော်မသည် ခရီးသွားရဟန်းတော်များနှင့် ဘိက္ခုနီများကို ဖူးမြင်ခဲ့ရပါသည်။

အရှင်မြတ်များ၏ တရားတော်ကို နာကြားရ၍ တနေ့ဘာဥပုသ် စောင့်သုံးခဲ့ပါသည်။

တပည့်တော်မ၏ ဗိုမာန်ကို ရှုစားတော်မူပါဘုရား၊ တပည့်တော်မသည် ရုပ်ရည်လှပပြီး အခြေအရံ နတ်သမီးတထောင်၏အရှင် ဖြစ်လာခဲ့ရပါသည် ဘုရားဟု လျှောက်ကြားလေ၏။

## ရေဒါန ဗိမာန်ရှင်

[ဝိမာန- ပါဠိ- ၄၃]

ထို့နောက် ဗိမာန်ရှင်တဦးနှင့်တွေ့၍ မေးတော်မူပြန်ရာ-

အရှင်ဘုရား တပည့်တော်မသည် ရေဆိပ်၌ ရဟန်းဘော် အရှင်မြတ်များအား ကြည်လင်တဲ့ သဒ္ဓါစေတနာဖြင့် သောက်ရေ-သုံးရေများကို လှူဒါန်းခဲ့ပါသည်ဘုရား။

ဤသို့ လိုလား နှစ်ခြိုက်တော် မူနေသည့် အလှူဝတ္ထုများကို ပေးလှူတတ်သော အမျိုးသမီးသည် နတ်ပြည်နတ်ရွာသို့ လားရောက်ရပြီး လိုလားနှစ်ခြိုက်ဖွယ် အကျိုးပေးများကို ရစားတ်ပါသည်ဘုရားဟု လျှောက်ကြားလေ၏။

## ယောကွမဆိုးများ လုပ်ကျွေး ဝိမာန်ရှင်

[ဝိမာန- ပါဠိ- ၄၃]

ထို့နောက် ဗိုမာန်ရှင်တဉီးနှင့် တွေ့ပြန်၍ ရှေးဘဝကောင်မှု ကံများကို မေးတော်မူပြန်ရာ-

အရှင်ဘုရား- တပည့်တော်မသည် ရှေးဘဝ လူဖြစ်စဉ် အခါက ဟပည့်တော်မ၏ ယောကွမများသည် နှစ်ဦးလုံး ဒေါသကြီးပြီး နှုတ်ကြမ်း ကိုယ်ကြမ်း လူကြမ်းများ ဖြစ်ကြပါသည်။

ဤသို့ ကြမ်းတမ်းသည့် ယောကွမ်ကြီးများကို သခ္ခါစေတနာကြည်ကြည်လင်လင်နှင့် လုပ်ကျွေးစောင့်ရှောက် ခဲ့ပါသည်။ မိမိ သီလကိုလည်း လုံခြုံအောင် စောင့်ထိန်းခဲ့ပါသည်။ ဤကောင်းမှုကံကြောင့် ဤဗိုမာန်တွင် ဗိမာန်ရှင် ဖြစ်လာခဲ့ရ ပါကြောင်း လျှောက်ထားလေ၏။

## လူ့ပြည်တုန်းက ကျွန် နတ်ပြည် ကျတော့ အရှင်

[ဝိမာန- ပါဠိ- ၄၄]

ထို့နောက် ဗိမာန်ရှင်တဉီးနှင့်တွေ့၍ ရှေးဘဝကောင်းမှု ကံများကို မေးမြန်းတော်မူပြန်ရာ-

အရှင်ဘုရား- တပည့်တော်မသည် လူ့ပြည်လောက လူဖြစ်စဉ်အခါက သူတပါး၏ စေခိုင်းရာကို လုပ်ခဲ့ရသော ကျွန်မ ဖြစ်ခဲ့ပါသည်။

အမျက်ဒေါသမထွက်တတ်ပါ။ မာန်မာနလဲ မရှိခဲ့ပါ၊ မိမိအတွက်ရရှိသည်များကို ခွဲဝေပေးကမ်းလှူခဲ့ပါသည်။

တပည့်တော်မ၏ ဗိမာန်ကို ရှုစားတော်မူပါလော့။ ရှုချင့်စဖွယ်ရုပ်အဆင်းနှင့် ပြည့်စုံခဲ့ပြီး အခြေအရံနတ်သမီးတထောင်တို့၏ အရှင် ဖြစ်လာခဲ့ပါသည် ဘုရား။

## တင်လဲ ဗိမာန်ရှင်

[ဝိမာန- ပါဠိ- ၄၅]

ထို့နောက် ဗိမာန်ရှင်တဉီးနှင့် တွေ့ပြန်၍- တပည့်တော်မသည် ဆွမ်းခံ ရဟန်းတော် တပါးအား တင်လဲ လှူခဲ့ပါကြောင်း။

## ကြံပိုင်း ဗိမာန်ရှင်

ဝိမာန- ပါဠိ- ၄၅]

ထို့နောက် ဗိမာန်ရှင်တဉီးနှင့် တွေ့ပြန်၍- အရှင်ဘုရား တပည့်တော်မသည် ဆွမ်းခံ ရဟန်းတော် တပါးအား ကြံဆစ်ပိုင်းကို လှူ။ ဒါန်းခဲ့ပါကြောင်း။

## သခွားသီး ဗိမာန်ရှင်

[ဝိမာန- ပါဠိ- ၄၅]

ထို့နောက် ဗိမာန်ရှင်တဉီးနှင့် တွေ့ပြန်၍ အရှင်ဘုရား- တပည့်တော်မသည် ဆွမ်းခံ ကိုယ်တော်တပါးအား သခွားသီးကို လောင်းလှူခဲ့ပါကြောင်း။

## ဖရုံသီး ဖိမာန်ရှင်
[ဝိမာန- ပါဠိ- ၄၅]

ထို့နောက် ဗိမာန်ရှင်တဉီးနှင့် တွေ့ပြန်၍ အရှင်ဘုရား- တပည့်တော်မသည် ဆွမ်းခံကိုယ်တော်တပါးအား ဖရုံသီးကို ကျေးဇူးပြု၍ ခဲ့ပါကြောင်း။

## ဟင်းရွက် ဗိမာန်ရှင်
[ဝိမာန- ပါဠိ- ၄၆]

ထို့နောက် ဗိမာန်ရှင်တဉီးနှင့် တွေ့ပြန်၍- အရှင်ဘုရား တပည့်တော်မသည် ဆွမ်းခံရဟန်းတော် တပါးအား လက်တဆုပ်စာမျှ တမာရွက်ကို လှူဒါန်းခဲ့ပါကြောင်း။

## ပုန်းရည် ဗိမာန်ရှင်
[ဝိမာန- ပါဠိ- ၄၆]

ထို့နောက် ဗိမာန်ရှင်ကဉီးနှင့် တွေ့ပြန်၍- အရှင်ဘုရား တပည့်တော်မသည် ဆွမ်းခံကိုယ်တော်တပါးအား ပုန်းရည်ကို လောင်းလှူခဲ့ပါကြောင်း။

## ခါးပန်းကြိုး ဗိမာန်ရှင်
[ဝိမာန- ပါဠိ- -၄၆]

ထို့နောက် ဗိမာန်ရှင်တဉီးနှင့် တွေ့ပြန်၍- အရှင်ဘုရား တပည့်တော်မသည် ဆွမ်းခံကိုယ်တော်တပါးအား ခါးပန်းကြိုး လှူဒါန်းခဲ့ပါကြောင်း။

## ဖရုံသီး ဗိမာန်ရှင်
[ဝိမာန- ပါဠိ- ၄၇]

ထို့နောက် ဗိမာန်ရှင်တဉီးနှင့် တွေ့ပြန်၍- အရှင်ဘုရား တပည့်တော်မသည် ဆွမ်းခံကိုယ်တော်တပါးအား ဖရုံသီးကို ကျေးဇူးပြု၍ ခဲ့ပါကြောင်း။

## ထန်းရွက်ယပ် ဗိမာန်ရှင်
[ဝိမာန- ပါဠိ- ၄၇]

ထို့နောက် ဗိမာန်ရှင်တဉီးနှင့် တွေ့ပြန်၍- အရှင်ဘုရား တပည့်တော်မသည် ဆွမ်းခံကိုယ်တော်တပါးအား ထန်းရွက်ဖယ်ကို ပေးလှူခဲ့ပါကြောင်း။

## ဖိနပ် ဗိမာန်ရှင်
[ဝိမာန- ပါဠိ- ၄၇]

ထို့နောက် ဗိမာန်ရှင်တဉီးနှင့် တွေ့ပြန်၍- အရှင်ဘုရား တပည့်တော်မသည် ဆွမ်းခံကိုယ်တော်တပါးအား ဖိနပ်ကို ပေးလှူခဲ့ပါကြောင်း။

## ထီး ဗိမာန်ရှင်
[ဝိမာန- ပါဠိ- ၄၇]

ထို့နောက် ဗိမာန်ရှင်တဉီးနှင့် တွေ့ပြန်၍ အရှင်ဘုရား တပည့်တော်မသည် ဆွမ်းခံကိုယ်တော် တပါးအား ထီး လှူဖူးခဲ့ပါကြောင်း။

အသီးသီး လျှောက်ကြားကြလေ၏။

[ဤသို့လျှင် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ဘုရားထံခွင့်ပန်ပြီး တာဝတိံသာနိဘ်ပြည်သို့ ကြွရောက်တော်မူကာ ဗိမာန်ရှင်နှစ်သား- နတ်သမီးတို့၏ မေးမြန်းဖြေကြားချက်များကို မှတ်သားလာခဲ့ပြီး ဘုရားရှင်အား လျှောက်ထားတော်မူသည်။ ဘုရားကတဖန် ပရိသတ်များအား အကျယ်ချဲ့၍ ဟောတော်မူသည်။]

# အနုရဒ္ဓါထေရ်အကျင်  နတ်ပြည်ကဒွင် ကြွခဲ့ခဉ်

## ဝိသာခါမ ကျောင်းဒါနကို သာဓုခေါ်ရ ဖြတ်ပုညကြောင့် နတ်ဘုံဘဝ ရခဲ့ဆိုပြီ နတ်ဒေဝီ၊ သင်၏အပေါင်း ကျောင်း၏ဒကာ ဝိသာခါ ဘယ်မှာရှိမည်နည်း။

## သာဓုဗိမာန်ရှင်

[ဝိမာန— ပါဠို- ၆၀]

အရှင်အနုရုဒ္ဓါ မထေရ်မြတ်သည် နတ်ပြည် သို့ ကြွရောက်ခဲ့စဉ် ဗိမာန်ရှင်တဦးနှင့် တွေ့၍ ဤသို့ မေးခဲ့သည်။

**နတ်သမီး-**

**သောက်ရှူးကြယ်သည် ရပ်ရွာစ်မျက်နှာ ဝေဖြာတောက်ပ နေတိအလား သင်၏ ကိုယ်မှ ရောင်ဝါဝင်းဖြာ ရပ်ရွာစ်မျက်နှာမှာ တောက်ပ ခါရှိနေပါ၏။** သင်ကပြုနေစဉ် သင်၏ ကိုယ်မှ ကြည်နူးဖွယ်ရာ နတ် သံသာများသည် ခါခါ မပြတ် ဖြစ်ပေါ်နေဘို့၏။

နတ်ရန့်တို့သည်လည်း တလှိုင်လှိုင် ကြိုင် သင်း၍ နေပေ၏။

ဆံထုံးမှာဆင်ထား နတ်ဝတ်တန်ဆာ မျှား ကလည်း ယိမ်းခွဲ့သည့်ခါ တူရိယာသံများကဲ့သို့ ကြားနေရပါ၏။

လေယူရာ ယိမ်းခွဲ့နေကြသည့် ပန်းမာလာ များကလည်း ငါးပါးတူရိယာမြည်သံသာလျက် ရှိနေကြပါ၏။ မဿူသကရန့် သင်းကြိုင် တလှိုင် လှိုင်ရှိနေကြပါ၏။

**ငါမေးပါရစေ** နတ်သမီး-

သင်သည် နတ်ရန့်တွေ ရှုခါပျော်မွေ့နေ ရခြင်းသည် ရှေးကဖန်လာ ဘယ်ကောင်းမှု အကျိုးပါနည်း။

အရှင်ဘုရား တပည့်တော်မ၏ ဆွေသဟာ (ဝိသာခါ) သည် ဘုရားအမှူးရှိသော သံဃာ တော်အား ပုဗ္ဗာရုံ ကျောင်းတော် ကြီးကို ဆောက်လုပ်လှူဒါန်း ခဲ့ပါသည်။

ထိုစဉ်အခါက ပုဗ္ဗာရုံ ကျောင်းတော်ကြီးကို ကြည့်ပြီး ကြည်နူးဝမ်းမြောက် ခဲ့ပါသည်။ ကျောင်းရေစက်ချ ပူဇော်ပွဲကြီး ပြုလုပ်တဲ့အခါ မှာလည်း ဝမ်းမြောက်ဝမ်းသာနှင့် သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ပါသည်ဘုရား။

ဤသို့ သူတပါး၏ ဒါနကို သဒ္ဓါကြည်နူး သာဓုအနုမောဒနာ ပြုခဲ့ပူးသော ကောင်းမှုကံ ကြောင့် တဆယ့်နှစ်ယူဇနာ ကျယ်ဝန်းသည့် ဤနတ်ဗိမာန်ကြီးကို ရရှိလာခဲ့ပါသည် ဘုရား။

တပည့်တော်မသည် တန်ခိုးဖြင့် ဤဗိမာန် ကြီးကို စီးပြီး ကောင်းကင်တလွှား လိုရာသို့ သွားနိုင်ပါသည်။

အခွန်အထွတ် ပြဿဒ်များ ဝိုင်းရံထားသည့် ဤဗိမာန်ကြီးသည် ပတ်ဝန်းကျင် ယူဇနာတရာ တိုင်တိုင် အလင်းရောင် တောက်ပလျက် ရှိပါသည်။

ရွှေဝါရောင် သဲရပြင်နှင့် ငါးတို့ ပေါက်မြူးနေတဲ့ ရေကန်ကြီးများလည်း ရှိနေပါသည်။

ရေကန်ကြီးများအတွင်းမှ ပန်းကြာနုံ့များသည် လေယူရာသို့လိုက်ပါလျက် ပတ်ဝန်းကျင်ရှစ်မျက်နှာတခုလုံးမှာ သင်းပျံ့ကြိုင်လှိုင် နေကြပါသည်။

သီးပွင့်များထွေ ပင်မျိုးစုံတွေကလည်း အလှိုအားသျောက် မြေမှာ ပေါက်လျက် ရှိကြပါသည်။

နှင်းသမီးများ၏ တူရိယာသံများဖြင့် ငြိမ့်ငြိမ့် ညံနေသည့် ဤလို ဗိမာန်ကြီးမျိုးကို အိပ်မက်မှာပင် တွေ့မြင်သူအား မှုန်ဝေးနိုင်ဖွယ်ရာ မရှိပါဘုရား။

အရှင် ဘုရား၊ ဤကဲ့သို့ တပည့်တော်မ၏ ရှေးဘုန်း ရှေးကံ ကြမ္မာဖန်လို့ ရောင်ဝါ ပြည့်လျှံ ဤဒါနကို ရရန်ခစွာ ရခဲ့ပါ၏။

ဤသို့ နတ်သမီးက ဖြေကြား လျောက်ထားလေ၏။

## ဝိသာခါ ဘယ်မှာနည်း

အရှင်မြတ်က ဆက်လက်၍ မေးမြန်းပါသည်။

နတ်သမီး - သင်သည် သူတပါး အလှူကို သာဓုအနုမောဒနာပြုခဲ့လို့ ဤ ရနိုင်ခက်သော ဗိမာန်ကြီးကို ရခဲ့သည်ကို သိရပါပြီ။

ကျောင်းအလှူပေးသည့် (ဝိသာခါ) အမျိုးသမီး၏ လားရာဂတိကို ငါ့အား ပြောပါဦး လော့၊ ယခုအခါ ဝိသာခါသည် အဘယ်ဘုံမှာ ဖြစ်လေသနည်း။

အရှင်ဘုရား၊ ဝိသာခါသည် တပည့်တော်၏ မိတ်ဆွေဖြစ်ခဲ့ဖူးပါသည်။ သောတာပန် ဝိသာခါသည် ပုဗ္ဗာရုံ ကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ အလှူဒါန များစွာကိုလည်း လှူဒါန်းခဲ့ပါသည်။ ယခုအခါ ဝိသာခါသည် နိမ္မာနရတိနတ်ဘုံသို့ ရောက်ရှိနေပါပြီ။ ထိုနတ်ဘုံ၌ သုနိမ္မာအမည်ရှိ နတ်မင်းကြီး၏ မိဖုရား ဖြစ်ခဲ့ပါပြီ။ ဝိသာခါ၏ ကုသိုလ်ကံအကျိုးပေးများသည် စိတ်ထဲမှာပင် မတွေးနိုင် အောင် ရှိခဲ့ပါသည် ဘုရားဟု- ဖြေကြားသျောက်ဆားလေ၏။

## မှာလိုက်ပါရစေဘုရား

အင်မတန်မှ ရနိုင်ခက်သည့် လူ့အဖြစ်ကို ရလာကြတဲ့အခါ သဒ္ဓါစေတနာ ထက်သန်စွာနှင့် သံဃာတော် အရှင်မြတ်များအား လှူကြ ဒါန်းကြပါရန်၊ ယုံယုံကြည်ကြည်နှင့် တရားတော်များကို နာကြား ကြပါရန် လူအများအား ဟောကြားပေးတော်မူပါ ဘုရား။

တခေလာကလုံး၏ အကြီးအမှူး ဖြစ်တော်မူသည့် ဘုရားသခင် ကိုယ်တော်မြတ်သည် သုဂတိရောက်ကြောင်း တရားကောင်းများကို ဟောတော်မူခဲ့ပါပြီ ဘုရား၊ သဒ္ဓါကြည်လင်သောစိတ်ဖြင့် သံဃာတော် အရှင်မြတ်တို့အား အလှူဒါနများ ပေးလှူကြစေ လိုပါသည်။ သံဃာတော်များ၌ အလှူပေးရခြင်းသည် အကျိုးကြီးလှ ပါသည်။

သံဃာတော်များ အား လှူဒါန်းရသည့် အကျိုးသည် ဖွဲ့ဖြိုးလှပါသည်။ မြတ်လှပါသည်။

သမုဒ္ဒရာသည် (ရေဖြင့်) ရေတွက်၍ မရနိုင်သကဲ့သို့ သံဃာတော် အရှင်မြတ် များသည်လည်း၊ ဂုဏ်အားဖြင့် ရေတွက် မရနိုင်ပါ။ မြတ်စွာဘုရား၏ တပည့်သား ဖြစ်တော်မူကြသော သံဃာတော် အရှင်မြတ် များသည် ဉာဏ်ပညာကြွယ်ဝ မြင့်မြတ်လှပါသည် ဘုရား။

သံဃာတော်ကို ရည်ညွှန်း၍ လှူဒါန်းခြင်းသည် ကောင်းမြတ်သော လှူဒါန်း ပူဇော်ခြင်းမျိုး ဖြစ်ပါသည်။

သံဃာတော်၌ ညွှတ်သော အလှူ အကျိုး

ကြီးမားကြောင်း ဘုရားရှင်တို့ ချီ မွမ်းတော်မူခဲ့ကြပါသည်။

လောကမှာ လူတို့သည် ဝမ်းမြောက် ဝမ်းသာနှင့် သံဃာတော်အား ရည်မှတ် လှူဒါန်းခဲ့သည့် ကောင်းမှုမျှားကို အဖန်ဖန် သတိရကာ ကျင်လည်သွားလာ နေကြပါလျှင် လူတို့သည် ဝန်တိုမှု အညစ် အကြေးကို ပယ် သတ်လျက် ပညာရှိတို့ ကဲ့ရဲ့ပြစ်တင်ခြင်းမှ လွတ်မြေ က်ပြီး နတ်ရွာ သုဂတိသို့ လားကြရပါသည် ဘုရားဟု နတ်သမီက လျှောက်ထား မှာကြားလေ၏။

## မိမာန်ရှင်ဇာတ်ကြောင်း

ကျောင်းအစ်မကြီး ဝိသာခါသည် ပုဗ္ဗာရုံ ကျောင်းတော်ကြီးကို ဆောက်လုပ် ပြီးစီးသော အခါ ကိုးကွယ်ကုန်ကျသည့် ကျောင်းရေစက်ချ ပွဲကြီး ပြုလုပ်ခဲ့သည်။

ဝိသာခါသည် မိမိ ဆွေသဟာ အမျိုးသမီး ငါးရာနှင့် အတူ ကျောင်းတော်ပေါ်သို့ တက် ရောက် ကြည့်ရှုလျက် ကျောင်း တော်ကြီး၏ ခမ်းနားပုံ၊ ကျက်သရေ မင်္ဂလာတို့ကို မြင်ရ၍ ဝမ်းသာမဆုံး ဖြစ်ခဲ့ရ၏။

## သူငယ်ချင်းတို့ရေ အမျှ....အမျှ

ကျောင်းအစ်မကြီးက မိမိ မိတ်ဆွေသင်္ဂဟ များအား ကျက်သရေ မင်္ဂလာ အခမ်းအနား များကို ညွှန်ပြလျက်–

သူငယ်မျင်း မိတ်ဆွေအပေါင်းတို့ မြင်ကြတဲ့ အတိုင်း ဒီမျှ ကြီးကျယ်သည့် ကောင်းမှုကြီးကို ငါပြုခဲ့ပေပြီ။ ဤကောင်းမှုကြီးကို ဝမ်းမြောက် တော်မူကြပါ။ သင်တို့အာ လုံးအား ဤကောင်း မှု ကုသိုလ် အဖို့ဘာဂတို့ကို အမျှ-အမျှ ပေး ဝေငှပါ၏ ဟု ဆိုလေလျှင် အမျိုးသမီးများက အဟောသာဓု ခေါ်- ကောင်းလေစွ၊ ကောင်း လေစွဟု သာဓုအနုမောဒနာ ပြုကြ၏။

## ငါးရာ အနောက်

သုခုခေါ်ကြသည့် အမျိုးသမီးငါးရာအနောက် အမျိုးသမီးတဦးသည် ထူးထူး ခြားခြား ဝမ်း မြောက် ဝမ်းသာ ဖြစ်ခဲ့သည်။ မကြာ မကြာ သတိရဝမ်းမြောက်လာခဲ့သည်။ အမျိုးသမီ သည် ကွယ်လွန်သည့်အခါ သူတပါး အလှူကို ဝမ်း မြောက် ဝမ်းသာ ဖြစ်ခဲ့သည့် ပတ္တာ နုမောဒနာ ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ပြာဒ် အဆောင်ဆောင် ဥယျာဉ် ရေကန် အခြွေအရံ များစွာနှင့် တဆယ့်နှစ် ယူဇနာကျယ်ဝန်းသည့် ဗိမာန်ရှင် နတ်သမီးဖြစ်လာခဲ့သည်။ နတ်ကညာ အခြွေအရံ တဒေထာင်နှင့် ဗိမာန်ကြီး စီးပြီး၊ ကောင်းကင်ပြင်တွင် လှည့်လည် ပျံသန်း သွား လာ နိုင်သည်။ ဗိမာန်ကြီး၏ အရောင်သည် ယူဇနာ တရာဘိုင်းဘိုင်း တောက်ပလျက်ရှိသည်။

# ဗုဒ္ဓသာသနာ သမိုင်းတခေတ် ပြောင်းလဲပြီ

## သာသနာတော် သန့်ရှင်းတည်ဆဲ ပြန့်ပွားရေး

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် အင်မတန်မှ ကြွရခဲ့ ဆုံရခဲ့သည့် ဗုဒ္ဓပွါဒ ဒုလ္လဘ ခေတ်ကြီးမှာ လူလားဖြစ်ကြရင့် ငါတို့ဟာ သူ့ဖြင့်ရက်နဲ့ပြောပြီဟု မိမိတို့ရဲ့ လူဘဝကို အားပါးတရ ချစ်မြတ်နိုးလာ ခဲ့ကြပါသည်။ နှင်းကြုတုန်းကြ ခုံကဲ သာသနာတော်မြတ်ကြီးနှင့် ကာလချိန်ကြာ တွေ့ရလေအောင် သက်ရှည်ဆုမွှာ ဆောင်းလာခဲ့ကြပါသည်။

သူတို့သည် နေအိမ်ဘဝယ် ကလေးမျှားနှင့်ထမင်းကြမ်းခဲလွေးပြီး၊ အသက်မွေးနေကြရစေ ကာမူ နေ့စဉ် ဘုရားဘရားသံဃာ ရတနာမြတ်သုံးပါးကို ဖူးတွေ့နေကြရလို့ တိုက်တာ နေအိမ် စည်းစိမ်ရှင်ကြီး များကိုပင် အားမကျဘော့ပဲရောင့်ရဲလာခဲ့ကြပါသည်။ တင်းတိမ်လာခဲ့ကြပါသည်။ အသက်စည်းစိမ် ချမ်းသာမျှားကို လျှပ်တပြက် ကုန်ပျောက်သွားမည့် သဘောတရားအနေနှင့် တွေ့မြင်နေကြရလို့ အဆင်မကြီးကြတော့ပါ၊ အားမကျတော့ပါ။ တရားနှင့် ပြည့်ဝသည့်ဘဝကိုသာ တန်ဖိုးထားလာခဲ့ကြပါသည်။ ဤမျှ ဗုဒ္ဓယဉ်ကျေးမှုကို တန်ဖိုးထား ရိုသေးသောလူမျိုးမျှား ဖြစ်လာခဲ့ကြသည်၊ သို့သော်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်းကွင် ကမ္ဘာကပေးသော သင်ခန်းစာမျှားအရ ဘာသာရေး ဘက်ဘွင်သာမကစီးပွားရေးဘက်ကိုပါ ကြိုးစားလာခဲ့ကြသဖြင့် ယနေ့ကမ္ဘာသူ ကမ္ဘာသားမျှားနှင့် ယှဉ်တွဲနိုင်သည့်အဆင့်သို့ ရောက်လာခဲ့ပါသည်။

သူတို့သည် ဘုရားတရားသံဃာ ရတနာမြတ်သုံးပါးကလွဲလို့ ငါတို့မှာ တခြား ဘာမှ အားထားရာ ကိုးကွယ်ရာ မရှိဘော့ပါကလားဟု အမြင်ရရှိကြဖြီး ဗုဒ္ဓါမေသရဏံ အည်နတ္ထိ၊ ဓမ္မောမေသရဏံ အည်နတ္ထိ၊ သံဃောမေ သရဏံ အည်နတ္ထိဟု ပါးစပ်က တဖွဖွရွတ်ဆိုကြကာ ရတနာမြတ်သုံးပါးကို အမှန်တကယ်ပင် အားကိုးလာခဲ့ကြပါသည်။

သူတို့သည် ဗုဒ္ဓသာသနာတော်မြတ်ကြီးက ဒါန- သီလ- ဘာဝနာလမ်းစဉ်မျှား ချမှတ်ပြီး နေ့စဉ်အကျိုးပြု ပေးနေသည့် ကျေးဇူးမျှားကို လက်တွေ့ ခံစားနေကြရပြီမို့ ဗုဒ္ဓသာသနာတော်မြတ်ကြီး ကွယ်ခါနီးမျှောက်သွားမည်ကို ညှိုးနွမ်းသွားမည်ကို စိုးရိမ်တကြီး ဖြစ်ကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု ဗုဒ္ဓသာသနာတော်မြတ်ကြီး ကာလချိန်ကြာ တည်နေပါစေသတည်းဟု အကြိမ်ကြိမ်ရွတ်ဖတ် ဆုတောင်းလာခဲ့ကြပါသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးမျှားသည် ဗုဒ္ဓသာသနာတော် မြတ်ကြီးကို လေးလေးနက်နက် နှစ်နှစ်ကာကာ ကြည်ညိုခဲ့ကြပါသည်။ အားကိုးခဲ့ကြပါသည်။ သက်နှင့်ထပ်တူ ချစ်မြတ်နိုးခဲ့ကြပါသည်။

ဤသို့ သူတို့အား ကိုးအားထား ပြုလာခဲ့သည့် ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် နှစ်ပေါင်း ကြာညောင်းလာခဲ့ပြီး ရဟန်းတု ရဟန်းယောင်မျိုးနှင့် အုတ်ရောရော ကျောက်ရောရောဖြစ်လာတဲ့ အခါ သူတို့သည် ဗုဒ္ဓသာသနာတော်မြတ်ကြီး ကွယ်ပျောက်သွားမှာကို စိုးရိမ်ဇာတ်နှင့် ပူပန်သောက ရောက်လာခဲ့ကြပါသည်။ ရင်စာမမနှင့် ကိုးကွယ်လာခဲ့ကြရပါသည်။ သာသနာတော်မြတ်ကြီးကို သန့်ရှင်းအောင် သုတ်သင် ရှင်းလင်းပေးမည့်ဥာဏ်ရှိ လူစွမ်းကောင်းများကို စာမ်းဖာလာခဲ့ကြပါသည်။ စောင့်မျှော်လာခဲ့ကြပါသည်။

သူတို့သည် သာသနာတော်သန့်ရှင်းမှု ကြာရှည် တည်တံ့မည်ဆိုသည့် အချက်ကို တပြားမှ အလျှော့မပေးပဲ အလေးအနက် ဆုပ်ကိုင် ထားခဲ့ ကြပါသည်။ စွဲစွဲမြဲမြဲ ဆုပ်ကိုင် ထားခဲ့ ကြပါသည်။ သာသနာတော် သန့်ရှင်းမည့်အချိန်ကို လည်တဆန့်ဆန့်နှင့် စောင့်မျှော်လာခဲ့ကြပါသည်။

## နိုင်ငံတော် အစိုးရ စေတနာ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ဒဟတ်ဒတ်မှ ယိုယွင်းလာခဲ့သည့် တိုင်းပြည်၏ အခြေအနေများကို အရှိန်အဟုန် လျင်လျင်မြန်မြန်နှင့် ပြုပြင်လာခဲ့သည်။ မွမ်းမံလာခဲ့သည်။ ထိန်းသိမ်းလာခဲ့သည်။

အလားတူ ညှိုးနွမ်းလာခဲ့သည့် ဗုဒ္ဓသာသနာတော်ဧတ်ကြီး၏ အခြေအနေကိုပါ ပြုပြင် မွမ်းမံ စောင့်ရှောက်ဖို့ အချိန်ကျရောက်လာခဲ့သည်။

ခရစ်သက္ကရာဇ် ၁၉၆၅ ခုနှစ်လောက်မှစ၍ သာသနာပြုလုပ်ငန်းဘက်သို့ ဦးလှည့်လာခဲ့သည်။ ပထမခြေလှမ်းအနေဖြင့် သာသနာရေးလောကတွင် ခေတ်မမီတော့သည့် ဝိနိစ္ဆယသာ သနာ့အက်ဥပဒေကြီးကို နိုင်ငံတော် အစိုးရအမိန့်ဖြင့် ဖျက်သိမ်းလိုက်သည်။ အလာ တူ ဗုဒ္ဓသာသနာ့အဖွဲ့အက် ဥပဒေကိုလည်း ဖျက်သိမ်းလိုက်သည်။

ဤသို့ မိမိတို့ ချီတက်မည့် သာသနာပြု လမ်းကြောင်းပေါ်ရှိ အဟန့်အတား အနှောင့် အယှက်များကို ရှေးဦးစွာသုတ်သင်ရှင်းလင်းလိုက်ပြီး၊ မိမိတို့ကိုင်တွယ်ကွင်းမည့် သာသနာပြု အခြေခံလမ်းစဉ် မူသုံးရပ်ကို ချမှတ်ခါ ကြေငြာလိုက်သည်။

### သာသနာပြု အခြေခံ မူသုံးရပ်

၁။ ရဟန်းတော်များ ဓမ္မ ဝိနယနှင့်အညီ သီတင်းသုံးသွားနိုင်ရန် အချင်းချင်း ထိန်းသိမ်း ကွပ်ကဲသွားရေး။

၂။ ဝိနည်းဓမ္မ ကံမှုခင်းများကို ဝိနည်းဒေသနာတော်နှင့်အညီ ပြေငြိမ်း ပြီးပြတ်သွား အောင် ဆောင်ရွက်ရေး။

၃။ ရဟန်းတုနှင့် ရဟန်းစစ်ခွဲခြားသိနိုင်ရေး ယင်း သာသနာပြု အခြေခံမူ သုံးရပ်ကို နိုင်ငံတော် တဝန်းလုံးရှိ ဦးဆောင် ဆရာတော်ကြီးများထံ လျှောက်ထားခဲ့သည်။

## မှော်ဘီ ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီး

၁၉၆၅ ခုနှစ်၊ မေလ(၁၇)ရက် နေ့တွင် မှော်ဘီမြို့ စိုက်ပျိုးရေး ဥယျာဉ်ခြံကြီး၌ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ကျင်းပစေခဲ့သည်။

အစည်းအဝေးကြီးတွင် သာသနာပြုအခြေခံမူကြီး သုံးရပ်ကို နိုင်ငံတော် အစိုးရက စာင်ပြုလျှောက်ထားခဲ့သည်။

သာသနာပြု မူသုံးရပ်ကို အခြေခံဥပဒေပြု၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးတော်မူကြပါရန် အဆိုပြု လျှောက်ထားခဲ့သည်။

သာသနာပြု အခြေခံမူ သုံးရပ်ကို သံဃာ့အစည်းအဝေးကြီးက လက်ခံပြီး အကြိတ်အနယ် ဆွေးနွေးတော်မူကြသည်။

သုံးရက်ဘိုင်တိုင် အခြေအတင် ဆွေးနွေးရာမှ သံဃာတော် အချင်းချင်း စီးချက် ဝါးချက် မကိုက်ညီကြ၍ အစည်းအဝေးကြီးကို ဖျက်သိမ်းလိုက်သည်။

နိုင်ငံတော်အစိုးရသည် အစည်းအဝေးကြီးအတွက် ငွေပေါင်းမြောက်မြားစွာ ကုန်ကျခဲ့ရသည်။ ဝန်ထမ်းပေါင်း မြောက်မြားစွာ နွမ်းနယ်ခဲ့ရသည်။

သို့သော် စိတ်မပျက်ခဲ့ပါ၊ ခါးမ တိုနေ၍ရှေ့ တလှမ်းတိုး ခုတ်ရန် အားသစ် လှောင်းခဲ့သည်၊ ဇွဲမာန်ဘင်းခဲ့သည်။

## သံဃာ့ အစည်းအဝေးကြီးမှ ရလဒ်

မှော်ဘီ သံဃာ့ အစည်းအဝေးကြီးက နိုင်ငံတော် အစိုးရအား ပညာပေးလိုက်သည်။ ဒကာတော်တို့ မူသုံးရပ် အကောင်အထည်ဖော်စေလိုလျှင် သံဃာ့ စည်းလုံးမှုကြီးကို အယင်ရအောင်လုပ်ဆိုသည့် ပညာပင်ဖြစ်၏။ ဤရလဒ်ကြီးကား နိုင်ငံတော်အစိုးရအဖို့ တန်ဖိုး မဖြတ်နိုင်သည့် အနှစ်ရတနာကြီးကို ရသိုက်ခြင်းပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် မှော်ဘီမှ ရလာခဲ့သည့်ပညာဖြင့် သံဃာ့စည်းလုံးမှုကြီးရလာအောင် အခါအခွင့်သင့်သလိုကြံသလို မျက်ခြည်မပြတ် ကြိုးပမ်းလာခဲ့ရာ ၁၅-နှစ် ခရီးဖြင့်၁၉၇၉ ခုနှစ်သို့ ဆိုက်ရောက်လာခဲ့သည်။

## သံဃာ့ စည်းလုံးမှုကြီး လမ်းစပေါ်ပြီ

နိုင်ငံတော်အစိုးရသည် တိုင်းပြည်ကို ပြုပြင်မွမ်းမံလာယင်းမှ နိုင်ငံတော် ပါတီ ကျောင်စီအမာခံ အင်အားစုကြီး ၂-ရပ်ကို ရရှိလာခဲ့သည်။

ဤအမာခံ အင်အားစုကြီး ၂-ရပ်ကား သံဃာ့ စည်းလုံး ညီညွတ်မှုကြီး ရရှိလာရန် လမ်းကြောင်းကြီးပင် ဖြစ်သည်။

၁၉၇၉ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်ကောင်စီ အစည်းအဝေးမှ လှမ်းညွှန်ချက် ၂-ရပ် ပေါ်ထွက်လာသည်။

၁။ သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံ နေထိုင်ရေး။
၂။ သံဃာအချင်းချင်း အငြင်းပွားမှုများကို ဖျန်ဖြေ ဆုံးဖြတ်နိုင်ရန် သံဃာတော်များက ရွေးချယ်တင်မြှောက်သော သံဃာများ ပါဝင်သည့် ခုံအဖွဲ့ ဖွဲ့စည်းပြီး ဖျန်ဖြေ စီရင် ဆုံးဖြတ်ရေး။

ဤ လမ်းညွှန်ချက် -၂- ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်မေးရန် ပြည်ထဲရေးနှင့် သာသနာ့ရေး ဝန်ကြီးဌာနသို့ တာဝန်ကျရောက်လာသည်။

## ပြည်ထဲရေး ဆောင်ရွက်ပုံ လျင်မြန်

သာသနာရေးရာ ချည်ခင်ထွေးကြီးမှူးကို အနှစ်နှစ် အလလက ဒိုင်ခံ ဖြေရှင်းလာခဲ့ရသည့် ပြည်ထဲခရေးနှင့် သာသနာရေး ဝန်ကြီးသည် နိုင်ငံတော်မှ ကျလာသည့် လမ်းညွှန်မှုများ၊ လုပ်ပိုင်ခွင့်များ လက်ဝယ် ရောက်ရှိလာသဖြင့်အခွင့်အလမ်းများပွင့်လင်းလာသည်။ အဘက်ဘက်မှ ကာယဉာဏ အင်အားများ စိမ်းလန်းစိုပြည်လာသည်။

လုပ်ရည်ကိုင်ရည် ပြောင်မြောက်လှသည့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး (ဗိုလ်ချုပ်) စိန်လွင်သည် နိုင်ငံတော်မှ ပေးအပ်လာသည့်တာဝန်ကြီးများ ကို ခေတ်အခြေအနေနှင့်အံဝင်ခွင်ကျ ဖြစ်အောင် တက်တက်ကြွကြွ အရှိန်အဟုန် လျင်လျင် မြန်မြန်နှင့် စီမံခန့်ခွဲ ဆောင်ရွက်လေရာ တို့တောင်းလှသည့် လပိုင်းအတွင်းမှာပင် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ကိုကော်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီး ကျင်းပရန် ဆုံးဖြတ်ချက်ကြီး ဘွား ကနဲ ပေါ်ထွက်လာသည်။

ကိုကော်းပေါင်းစုံ သံဃာ့ အစည်းအဝေ.ပွဲကြီး ရန်ကုန် ကမ္ဘာအေး ကုန်းမြေတွင် ၁၉၈၀-ပြည့်နှစ် မေလအဘွဲ့မှာကျင်းပရန် နိုင်ငံတော်က သတ်မှတ်လိုက်သည်။

## ကိုကော် ဦးသျှောင် ဝန်ဆောင် (၆၆)ပါး ရွေးချယ်ပင့်ဆောင်

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းများနှင့် ကိုကော်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး ကျင်းပရေးကို ဦးစီးဆောင်ရွက်မည့် ကိုကော်းပေါင်းစုံမှ သံဃာ့ကိုယ်စားလှယ် ဦးသျှောင် ဆရာတော်ကြီးများကို ၁၉၈၀-ပြည့်နှစ် ဇန်နဝါရီလ(၃၁)ရက်နေ့ ရန်ကုန်၊ ကမ္ဘာအေးကုန်းမြေသို့ အရောက် ကိုကော်းအချိုးအစားအလိုက် ရွေးချယ် ပင့်ဆောင် ပေးတော်မူကြပါရန် ဒေသအသီးသီးရှိ ဆရာတော် သံဃာတော်များထံသို့ ဝန်ကြီး ဦးစိန်လွင်က လျှောက်ထားခဲ့သည်။

ဆရာတော် သံဃာတော်များအား ၁နှစ်ကြိုးဦးစိန်လွင် ပင့်လျှောက်နေပုံ

## ဆရာတော် သံဃာတော်များ အားတက်

မိစ္ဆာမင်းလက်အောက်မှာ နှစ်ပေါင်းရာပြည့်နီပါးမျှ ကျရောက်ခဲ့ပြီး ဖရိုဖရဲဖြစ်လာခဲ့ရသည့် သာသနာတော်၏အရေးကို ရင်တမမနှင့် နှစ်ပေါင်းများစွာ ခံစားလာခဲ့ရသည့် ဆရာတော်ကြီးများသည် အစိုးရက ကဲကတပြုပြီး သာသနာတော် ဘန့်ရှင်းတည်တံ့ ပြန့်ပွားရေး သာသနာပြုလုပ်ငန်းကြီးကို ဆောင်ရွက်မည့်အစီအစဉ်ကို ကြားသိရသောအခါ နှစ်ထောင်းအားရ ရှိုးတော်မူကြသည်။ နိုင်ငံတော် အစိုးရအပေါ် မေတ္တာသက်ရောက် လာတော်မူကြသည်။ အားကိုး အားထား ပြုလာတော်မူကြသည်။

## ဆရာတော် သံဃာတော်များ မေတ္တာ တုံ့ပြန်မှု လျင်မြန်

နိုင်ငံတော်အစိုးရ၏ စေတနာကို ဆရာတော် သံဃာတော်များက လျင်မြန်စွာ တုံ့ပြန်တော်မူကြသည်။

နိုင်ငံတော် တဝန်းလုံးရှိ ကျောင်းဆောင် ၄- သောင်းကျော်မှ ရဟန်းသံဃာတော်ပေါင်း တသိန်းကျော်ကို အုပ်ချုပ် နေတော်မူကြသော သံဃာ့ဂိုဏ်းကြီး(၉)ဂိုဏ်းမှ ဂိုဏ်း သံဃာ့ စာရင်းအချို့အစားအလိုက် သုဓမ္မာဂိုဏ်းမှ(၅၈)ပါး၊ မဟာဂန္ဓာရုံဂိုဏ်းမှ(၅)ပါး၊ မဟာဒွါရဂိုဏ်းမှ(၂)ပါး၊ မူလဒွါရဂိုဏ်းမှ(၁)ပါး၊ ပေါင်း(၆၆)ပါး ဂိုဏ်းဦးဆောင် သံဃာ့ ကိုယ်စားလှယ် ဆရာတော်

များကို ရက်ပိုင်းအတွင်း အပြီး ရွေးချယ်ပေးလိုက်ကြပါသည်။ ပင့်ဖိတ်ထားသည့် (၃၁-၁-၈၀) နေ့အရောက် ကမ္ဘာအေးကုန်းမြေ သာသနာပြု အရှေ့စိုက်စန်းသို့ ကြွရောက်တော်မူ ကြပါသည်။

သာသနာ့သမိုင်းဝင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများကို နောက်လာနောက်သားများ အမှတ်တရ ဖြစ်စေရန် သာသနာ့သမိုင်း ကျောက်စာတိုင်တွင် ဤသို့ အမည်စာရင်း မှတ်တမ်းတင် လိုက်ပါသည်။

၁။ ဦးသီလဝံသ၊ ဝန်းသိုကျောင်း၊ မြစ်ကြီးနား မြို့
၂။ ဦးဇဝန၊ မြို့မခေကျောင်း၊ ရွှေကူမြို့
၃။ ဦးနာဂသေန၊ မင်းကျောင်းတိုက်၊ လွိုင်ကော်မြို့
၄။ ဦးကွန်ဒြိယ၊ မဲဆောင်ကျောင်း၊ ဘားအံမြို့
၅။ ဦးစန္ဒောဘာသ၊ ဖားကံ့ကျောင်း၊ ကော့ကရိတ်မြို့
၆။ ဦးပညာသာမိ၊ တောင်တန်း(သာသနာပြု၊ ပလက်ဝ
၇။ ဦးပုညဘိနန္ဒ၊ တောတောင် ဘီလူးချောင်း၊ စစ်ကိုင်း

သာသနာတော် သန့်ရှင်း တည့်တံ့ ပြန့်ပွားရေး ဗိမာန်ကြီးကို တည်ဆောက်တော်မူကြမည့် ဂိုက်းပေါင်းစုံသို့သာဦးဆောင် ဆရာတော်ကြီး(၆၆)ပါးကို ဤသို့ဖူးတွေ့ရပါသည်။

၈။ ဦးပဏ္ဍိတ၊ အနန္တသူရိယချောင်း၊ စစ်ကိုင်း
၉။ ဦးဉာဏိန္ဒ၊ ဝေဠုဝန်ကျောင်းတိုက်၊ ရွှေဘိုမြို့
၁၀။ ဦးဝိမလဓဇဘိဝံသ၊ ပခန်း ကျောင်းတိုက်၊ ရွှေဘိုမြို့
၁၁။ ဦးနန္ဒဝံသ၊ မြို့မကျောင်း၊ အင်းတော်မြို့
၁၂။ ဦးမာနိတ၊ မဟာ ဓမ္မာရုံကျောင်း၊ ချောင်းဦးမြို့
၁၃။ ဦးပညာဝံသ၊ သထုံ ဝံသကျောင်းတိုက်၊ မုံရွာမြို့
၁၄။ ဦးပညိန္ဒ၊ ဂဏဟပါမောက္ခ ကျောင်းတိုက်၊ တမူးမြို့
၁၅။ ဦးအာစိဏ္ဏာဘိဝံသ၊ ရွှေဂူကျောင်း၊ ထားဝယ်မြို့
၁၆။ ဦးကုသလ၊ ရွှေကျောင်းတိုက်၊ မြိတ်မြို့
၁၇။ ဦးကုန္ဒံဝစာရ၊ မြို့မစာသင်တိုက်၊ ပဲခူးမြို့
၁၈။ ဦးဥတ္တဲရ၊ တိုက်ကျောင်း၊ ကြို့ပင်ကောက်မြို့
၁၉။ ဦးတေဇောဘာသဘိဝံသ၊ ရွှေကျောင်းကြီးတိုက်၊ ပေါင်းတည်
၂၀။ ဦးတိက္ခသာရ၊ မြစည်းခုံစာသင်တိုက်၊ တောင်ငူမြို့
၂၁။ ဦးစိန္တာသာရ၊ ရဟနာရာမတိုက်၊ မကွေးမြို့
၂၂။ ဦးဓမ္မလင်္ကာမိ၊ ရွှေဖေါက်ပင် ကျောင်းတိုက်၊ ပခုက္ကူမြို့
၂၃။ ဦးကုသလ၊ မဟာဝိသုကရာမ ကျောင်းတိုက်။ ပခုက္ကူမြို့
၂၄။ ဦးနေမိန္ဒ၊ မဟာဝိဇယာ ရာမတိုက်၊ ပခုက္ကူမြို့
၂၅။ ဦးကိတ္တိ၊ မဟာဝိသုတာရာမတိုက်၊ စလင်းမြို့
၂၆။ ဦးကုံဏ္ဍလ၊ တာဝတိံသာကျောင်းတိုက်၊ အောင်လံမြို့
၂၇။ ဦးရေဓတ၊ ပုသိမ်ကျောင်း၊ တောင်သမန်တိုက်၊ မန္တလေးမြို့
၂၈။ ဦးဉာဏဘိဝံသ၊ စာချကျောင်း၊ မိုးကောင်းတိုက်၊ မန္တလေးမြို့
၂၉။ ဦးကုမာရာဘိဝံသ၊ ဗန်းမော်တိုက်၊ မန္တလေးမြို့
၃၀။ ဦးသီရိန္ဒာဘိဝံသ၊ မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့
၃၁။ ဦးဝရသမ္ဘာဓိ၊ ရောဝတီဘိုက်ကျောင်း၊ ကျောက်ဆည်မြို့
၃၂။ ဦးကေလာသဝံဘိဝံသ၊ သာသနဒ္ဇဝေဗုလ္လကျောင်းတိုက်၊ မိတ္ထီလာမြို့
၃၃။ ဦးသောဘိတ၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့
၃၄။ ဦးကောသလ္လ၊ ဆင်ကျုံးတောရတိုက်၊ ရမည်းသင်းမြို့
၃၅။ ဦးနာဂသေနာဘိဝံသ၊ တောင်လေးလုံး၊ မော်လမြိုင်မြို့
၃၆။ ဦးဥတ္တရ၊ ဟိတကာရီကျောင်းတိုက်၊ သထုံမြို့
၃၇။ ဦးနရသီဟ၊ ဘုရားကြီးကျောင်းတိုက်၊ စစ်တွေမြို့
၃၈။ ဦးဝဏ္ဏ၊ နဂါးကျောင်း၊ ကျောက်ဖြူမြို့
၃၉။ ဦးကုန္ဒဝံစာရ၊ ဝေဠုဝန်ကျောင်း၊ သံတွဲမြို့
၄၀။ ဦးပညာသဒ္ဓမိ၊ ဘုံပျံကျောင်း၊ ရန်ကုန်မြို့
၄၁။ ဦးတိလောက၊ တိုလောကာရုံကျောင်း၊ သရက်တောတိုက်၊ ရန်ကုန်မြို့

၄၂။ ဦးဩဘာသ၊ ဖျာပုံကျောင်း၊ သရက်တောတိုက်၊ ရန်ကုန်မြို့
၄၃။ ဦးအာဒိစ္စ၊ ခြောက်ထပ်ကြီးကျောင်းတိုက်၊ ရန်ကုန်မြို့
၄၄။ ဦးကောသလ္လ၊ ပဥ္စနိကာယ သာသနာပြုဗိမာန်၊ ကံဘဲ
၄၅။ ဦးဉာဏဝံသ၊ ပြည်ဇောတိကာရုံကျောင်း၊ တိုက်ကြီး
၄၆။ ဦးဝဏ္ဏသီရိ၊ မင်းကျောင်းစာသင်တိုက်၊ သံလျင်မြို့
၄၇။ ဦးနန္ဒဝံသ၊ ညောင်ဝိုင်း ကျောင်းတိုက်၊ တံတေးမြို့
၄၈။ ဦးဆန္ဒာဓိက၊ သိမ်ဒေတာင်ကျောင်းတိုက်၊ တောင်ကြီးမြို့
၄၉။ ဦးဝံလဓသာဘိဝံသ၊ သာသနာ့ဝေဗုလ္လ ရွှေဂူစာသင်တိုက်၊ ညောင်ရွှေမြို့
၅၀။ ဦးပဏ္ဍိတာ၊ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ မိုင်းနောင်မြို့
၅၁။ ဦးခေမာစာရ၊ ကျိုက်ရင်းကျောင်း၊ ကျိုင်းတုံမြို့
၅၂။ ဦးကဝိန္ဒာစာရ၊ မြို့လယ်ကျောင်း လားရှိုးမြို့
၅၃။ ဦးဓမ္မာနန္ဒ၊ ရွှေကျောင်း၊ မိုးမိတ်မြို့
၅၄။ ဦးကွန္ဒေါဘာသ၊ ရေကြည် မဂ်လာကျောင်း၊ ပုသိမ်မြို့
၅၅။ ဦးတိက္ခ၊ ပိုးဇာတောကျောင်းတိုက်၊ ဟသ်ာတမြို့
၅၆။ ဦးဝိသုဒ္ဓ၊ ခါတော်မီကျောင်းတိုက်၊ မြောင်းမြမြို့
၅၇။ ဦးတေဇနိယ၊ မြို့လယ်ကျောင်းတိုက်၊ မအူပင်မြို့
၅၈။ ဦးဓမ္မစက္ကာ၊ တိုက်သစ်ကျောင်း၊ ဖျာပုံမြို့
၅၉။ ဦးခမာဝုဓ၊ လယ်တီကျောင်းတိုက်၊ ဟသ်ာတမြို့
၆၀။ ဦးဝိဇ္ဇောဒယာ ဘိဝံသ၊ မဂ်လာဇေယျုံကျောင်း၊ ဗားကရာကျောင်းတို့က်၊ ရန်ကုန်မြို့
၆၁။ ဦးဓမ္မာဘိဝရ၊ ကံတွင်း ဆုတောင်းပြည့်ကျောင်း၊ ပြည်မြို့
၆၂။ ဦးဇာနေယျဗုဒ္ဓ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့
၆၃။ ဦးဝိမလ၊ ရွှေဟသ်ာတောရတိုက်၊ ညောင်တုန်းမြို့
၆၄။ ဦးနန္ဒပဏ္ဍိတ၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ ပြည်မြို့
၆၅။ ဦးဝိမလာဘိဝံသ၊ ကံကြီး ပရိယတ္တိကျောင်းတိုက်၊ ညောင်ရွှေ မြို့
၆၆။ ဦးသုပညိန္ဒာဘိပဝံသ၊ ပဌမဂန္ဓာရုံကျောင်း၊ စစ်ကိုင်းတောင်ရိုး

ကမ္ဘာအေး သာသနာပြု အခြေစိုက်စခန်းကြီးကိုလည်း ဤသို့ မှတ်တမ်းတင်လိုက်ပါသည်။



မဟာနာယကနှင့် ဥက္ကဋ္ဌအကျိုးဆောင် ဆရာတော်များ

# သာသနာ့ဦးသျှောင် ဆရာတော်ကြီးများ လုပ်ငန်းစတင်

သာသနာ့ ဦးသျှောင် ဆရာတော်ကြီးများသည် ၁၃၄၁-ခု တပို့တွဲလပြည့်ကျော် (၁)ရက် (၁-၂-၇၈) နေ့တွင် ကမ္ဘာအေး ဇမ္ဗုဒီပကျောင်းဆောင် သံဃာ့အစည်းအဝေး ခန်းမကြီး၌ စတင် အစည်းအဝေး ထိုင်တော်မူကြသည်။

အစည်းအဝေးတွင် ဖော်ပြပါ ဆရာတော်များကို မဟာနာယက ဥက္ကဋ္ဌ အကျိုးဆောင်နှင့် အကြံပေးအဖွဲ့ ဆရာတော်များအဖြစ် ရွေးချယ်တော်မူကြသည်။

၁။ ဆရာတော် ဦးမာနိတ၊ သက်တော်(၇၉)၊ ဝါတော်(၅၉)၊ မဟာဂန္ဓာရုံကျောင်း၊ ချောင်းဦးမြို့

၂။ ဆရာတော် ဦးကုသလ၊ သက်တော်(၇၇)၊ ဝါတော်(၅၇)၊ ရွှေကျောင်းတိုက်၊ မြိတ်မြို့နယ်။

၃။ ဆရာတော် ဦးအာနန္ဒပဏ္ဍိတ၊ သက်တော်(၇၇)၊ ဝါတော်(၇၅)၊ ဝိသုဒ္ဓါရုံ ဗားရာဏသီ တိုက်၊ ပြည်မြို့။

၄။ ဆရာတော်ဦးတိလောကာ၊ (အဂ္ဂမဟာပဏ္ဍိတ) သက်တော်(၇၅)၊ ဝါတော်(၅၅)၊ တိလောကာရုံကျောင်း၊ ဗားကရာတိုက်၊ ရန်ကုန်မြို့။

၅။ ဆရာတော် ဦးနာဂသေန၊ (ပထမကျော်မမွာစရိယ) မင်းကျောင်းတိုက်၊ လွိုင်ကော်မြို့။

၆။ ဆရာတော် ဦးနရသီဟ၊ သက်တော်(၇၂)၊ ဝါတော်(၅၂)၊ ဘုရာကြီးကျောင်းတိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

# ဥက္ကဋ္ဌ အကျိုးဆောင် အဖွဲ့ရွေး

ဆက်လက်၍ ဥက္ကဋ္ဌ၊ အကျိုးဆောင်နှင့် အကြံပေး ဆရာတော်များကို ရွေးချယ်တင်မြှောက်တော်မူကြသည်။

၁။ ဥက္ကဋ္ဌ ဆရာတော် ဦးကွန္ဒဉာဏာစာရ (အဂ္ဂမဟာပဏ္ဍိတ)၊ သက်တော် (၈၃)၊ ဝါတော် (၆၃)၊ မြို့မစာသင်တိုက်၊ ပဲခူးမြို့။

၂။ ဒုတိယ ဥက္ကဋ္ဌ ဆရာတော် ဦးဓမ္မစက္ကာ (အဂ္ဂမဟာပဏ္ဍိတ)၊ သက်တော် (၈၃)၊ ဝါတော် (၆၃)

၃။ ဒုတိယ ဥက္ကဋ္ဌ ဆရာတော် ဦးဇာနေယျဓဇဓိဇ (အဂ္ဂမဟာပဏ္ဍိတ)၊ (ရွှေကျင်ဂိုဏ်း)၊ သက်တော် (၇၈)၊ ဝါတော် ၅၈)၊ မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ မန္တလေးမြို့။

၄။ အကျိုးဆောင် ဆရာတော် ဦးရေဝတ၊ သက်တော် (၇၉)၊ ဝါတော် (၅၉)၊ ပုသိမ်ကျောင်း၊ တောင်သမန်တိုက်၊ မန္တလေးမြို့။

၅။ တွဲဖက်အကျိုးဆောင် ဆရာတော် ဦးပညာသာမိ၊ သက်တော် (၇၅)၊ ဝါတော် (၅၅)၊ ဘုံပုံကျောင်း၊ ကျောင်းကြီးကျောင်းတိုက်၊ ရန်ကုန်မြို့။

၆။ တွဲဖက် အကျိုးဆောင် ဆရာတော် ဦးခမာဝုဓ (မဟာဒွါရဂိုဏ်း)၊ သက်တော် (၆၀)၊ ဝါတော် (၄၀)၊ လယ်တီကျောင်းတိုက်၊ မှာသံတမြို့။

## အကြံပေးအဖွဲ့ တိပိဋကဓရ ဓမ္မာ ဘဏ္ဍာဂါရိက ဆရာတော်သုံးပါး (ပုံ)

၁။ အရှင် ဝိစိတ္တသာရာဘိဝံသ ဆရာတော်။

၂။ ဦးနေမ်ည ဆရာတော်

၃။ အရှင် သုမင်္ဂလာဘိဝံသ ဆရာတော်

# အဓိက လုပ်ငန်းကြီး ငါးရပ် ချမှတ်

သာသနာ့ဦးသျှောင် ဆရာတော်ကြီးများသည် ဆက်လက်၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့် ကိုးကွယ်ပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး ကျင်းပရေး လုပ်ငန်းကြီး ငါး ရပ်ကို ဆောင်ရွက်သွားကြရန် ချမှတ်တော်မူကြသည်။

၁။ ကိုးကွယ်ပေါင်းစုံ အစည်းအဝေးကြီးသို့ တက်ရောက်ရန် သံဃာ့ ကိုယ်စားလှယ် ရွေးချယ်ရေး လုပ်ငန်း။

၂။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ရေးဆွဲရေး လုပ်ငန်း။

၃။ ဝိနည်းဓမ္မက် အဓိကရုဏ်း မှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေများ ရေးဆွဲရေး လုပ်ငန်း။

၄။ သာသနာ့စစ်မှတ်တမ်း ပုံစံရေးဆွဲရေးလုပ်ငန်း၊

၅။ အထွေထွေလုပ်ငန်း။



သံဃာ့ကိုယ်စားလှယ် ရွေးချယ်ရေးလုပ်ငန်းအတွက် ဖော်ပြပါအဖွဲ့ငယ် ဆရာတော်(၇)ပါးကို တာဝန်ပေးအပ်တော်မူကြသည်။

၁။ ဆရာတော်ဦးကိုဝိုဒ် (ခေါင်းဆောင်) မင်းဘူး။

၂။ ဆရာတော်ဦးဆန္ဒာဓိကာ၊ ဟော်ကြီး။

၃။ ဆရာတော်ဦးဓမ္မာဘိရက္ခိတ၊ မြဦး။

၄။ ဆရာတော်ဦးကုလ္လာလ အောင်လံ။

၅။ ဆရာတော်ဦးတေဇောဘာသ၊ ပေါင်းတည်။

၆။ ဆရာတော်ဦးဝိလာသ၊ ညောင်ရွှေ။

၇။ ဆရာတော်ဦးစန္ဒောဘာသ၊ ကော့ကရိတ်။

သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းရေးဆွဲရေး လုပ်ငန်းအတွက် ဖော်ပြပါ အဖွဲ့ဝင် ဆရာစော် (၂၀)ပါးကို တာဝန်ပေးအပ်တော်မူကြသည်။

၁။ ဆရာတော်ဦးဝိမလ (ခေါင်းဆောင်) ညွှောင်တုန်း။

၂။ ဆရာတော်ဦးဩဘာသ၊ ရန်ကုန်။

၃။ ဆရာတော် ဦးဝရသမ္ဘောဓိ၊ ကျောက်ဆည်။

၄။ ဆရာတော် ဦးသောဘိတ၊ မြင်းခြံ။

၅။ ဆရာတော်ဦးဇဝန၊ ရွှေဂူ။

၆။ ဆရာတော်ဦးကုန္ဒြိယ၊ ဘားအံ။

၇။ ဆရာတော်ဦးဝိမလ၊ ညောင်ရွှေ။

၈။ ဆရာတော်ဦးဥာဏိန္ဒ၊ ရွှေဘို။

၉။ ဆရာတော်ဦးဇာဂရဓမ္မာလင်္ကာရ၊ဟသ်ာတ။

၁၀။ ဆရာတော်ဦးကောသလ္လ၊ ရမည်သင်း။

၁၁။ ဆရာတော်ဦးဥတ္တရ၊ သထုံ။

၁၂။ ဆရာတော်ဦးဝဏ္ဏသီရိ၊ သံလျင်။

၁၃။ ဆရာတော် ဦးကုသလ၊ ပခုက္ကူ။

၁၄။ ဆရာတော်ဦးဝိဇ္ဇောဒယ၊ ရန်ကုန်။

၁၅။ ဆရာတော်ဦးသီလင်္ကာရ၊ မြစ်ကြီးနာ။

၁၆။ ဆရာတော်ဦးသီရိန္ဒ၊ မန္တလေး။

၁၇။ ဆရာတော်ဦးတိက္ခဿာရ၊ တောင်ငူ။

၁၈။ ဆရာတော်ဦးဝိမလာဘိဝံသ၊ ရွှေဘို။

၁၉။ ဆရာတော်ဦးကေလာသဘိဝံသ၊ မိတ္ထီလာ။

၂၀။ ဆရာတော်ဦးစိန္တာဿာရ၊ မကွေး။



ဝိနည်း ဓမ္မကံ အခါကခွက်း မူခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေးရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအာဏာ ဖော်ပြ၍ အဖွဲ့ဝင်ဆရာတော်(၂၀)ပါးကို တာဝန်ပေးအပ်တော်မူကြသည်။

၁။ ဆရားတင် ဦးပုညာဘိနန္ဒ (ခေါင်းဆောင်) စစ်ကိုင်း။

၂။ ဆရာတော်ဦးဝိသုဒ္ဓ၊ မြောင်းမြ။

၃။ ဆရာဘော်ဦးကျေးန္ဒာဘာသ၊ပုသိမ်။

၄။ ဆရာဘော်ဦးနာဂသေနာဘိဝံသ၊ မော်လမြိုင်။

၅။ ဆရာဘော်ဦးဥတ္တရ၊ ကြို့ပင်ခရာက်။

၆။ ဆရာဘော်ဦးဇေတဇနိယ၊ မအူပင်။

၇။ ဆရာဘော်ဦးအာဒိစ္စ၊ ရန်ကုန်။

၈။ ဆရာဘော်ဦးနန္ဒဝံသ၊ ကသာ။

၉။ ဆရာတော်ဦးဓမ္မာနန္ဒ၊ မိုးမိတ်။

၁၀။ ဆရာတော်ဦးဝေပုလ္လသာမိ၊ ပခုက္ကူ။

၁၁။ ဆရာဘော်ဦးကဝိန္ဒာစာရ၊ လားရှိုး။

၁၂။ ဆရာတော်ဦးဝဏ္ဏ၊ ကျောက်ဖြူ။

၁၃။ ဆရာဘော်ဦးနေမိန္ဒ၊ ပခုက္ကူ။

၁၄။ ဆရာဘော်ဦးဥာဏဝံသ၊ တိုက်ကြီး။

၁၅။ ဆရာဘော်ဦးပညာသာမိ၊ ပလက်ဝ။

၁၆။ ဆရားတော်ဦးနန္ဒဝံသ၊ တွံတေး။

၁၇။ ဆရာဘော်ဦးကောသလ္လ၊ ကံဘဲ့။

၁၈။ ဆရာဘော်ဦးကုမာရာဘိဝံသ၊ မန္တလေး။

၁၉။ ဆရာဘော်ဦးပညာဝံသ၊ မုံရွာ။

၂၀။ ဆရာတော်ဦးညိန္ဒ၊ မော်လိုက်။

သာသနာဝင်မှတ်တမ်း ငုံစံရေးဆွဲရေး လုပ်ငန်းအတွက် ဖော်ပြပါ
ဆရာတော်(၇)ပါးကို တာဝန်ပေးအပ်တော်မူကြသည်။

၁။ ဆရာတော်ဦးပဏ္ဍိတ (ခေါင်းဆောင်)
စစ်ကိုင်း။

၂။ ဆရာတော်ဦးပဏ္ဍိတ၊ မိုင်းနောင်မြို့။

၃။ ဆရာတော် ဦးသုပညိဿဘိဝံသ၊ စစ်ကိုင်း
တောင်ရိုး။

၄။ ဆရာတော်ဦးအာစိဏ္ဏာဘိဝံသ၊ ထားဝယ်။

၅။ ဆရာတော်ဦးကုန္ဒဓာနာဘိဝံသ၊ သံတွဲ။

၆။ ဆရာတော်ဦးဉာဏာဘိဝံသ၊မန္တလေး။

၇။ ဆရာတော်ဦးခေမာဘိရာ၊ ကျိုင်းတုံ။

# လုပ်ငန်းများ ပြီးရမည့်ရက် သတ်မှတ်

သာသနာ့ဦးသျှောင် ဆရာတော်ကြီးများသည် အဖွဲ့ငယ်အသီးသီးအား လုပ်ငန်းတာဝန်များ အပ်နှင်းပြီးနောက် အလျင်အမြန် ပြီးစီးအောင်မြင်ရေးအတွက် လုပ်ငန်းကြီးများ ပြီးရမည့်ရက်များ ကိုပါ သတ်မှတ်တော် မူကြသည်။

သံဃဝိုဟိုယ်စားလှယ် ရွေးချယ်သည့် နည်းလမ်းများ ရေးဆွဲရေး အဖွဲ့ငယ်သည် (၇) ရက် အတွင်း အပြီးရေးဆွဲ တင်ပြရမည်။

သံဃံဒုတိယအစည်း အခြေခံစည်းမျဉ်းရေးဆွဲရေး အဖွဲ့ငယ်သည် (၁၅)ရက်အတွင်း အပြီးရေးဆွဲ တင်ပြရမည်။

ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဥပဒေ ရေးဆွဲရေး အဖွဲ့ငယ်သည် (၁၅)ရက်အတွင်း အပြီးရေးဆွဲ တင်ပြရမည်။

သာသနာဝင် မှတ်တမ်း ရေးဆွဲရေး အဖွဲ့ငယ်သည် (၇)ရက်အတွင်း အပြီးရေးဆွဲတင်ပြရမည်။

## နယ်ဆင်း မူကြမ်းများ ရှင်းလင်း

လုပ်ငန်းအဖွဲ့ဝင်ဆရာတော်များသည် မိမိတို့အားပေးအပ်ထားသည့်တာဝန်များကို နေ့မအား ညမအား ကြိုးပမ်း ဆောင်ရွက်တော်မူကြရာ အရက် (၂၀)အတွင်းမှာပင် မူကြမ်းများ ပြီးစီးကြသည်။ ပြီးစီးသော မူကြမ်းများကို (၆၆)ပါး စုံညီ အစည်းအဝေးတွင် အတည်ပြုကြပြီး တိုင်းနှင့် ပြည်နယ်ဒေသအလိုက်သီးသန့်ဆင်း၍ မူကြမ်းရှင်းလင်းပွဲများ ပြုလုပ်တော်မူကြသည်။ ဒေသအသီးသီးမှ အကြံဉာဏ်များ ရယူတော်မူလာကြသည်။

## ဒုတိယအကြိမ် နယ်ဆင်းရှင်းလင်း

တဖန်ကမ္ဘာအေးသို့ ပြန်လည်ရောက်ရှိကြပြီး ဒုတိယမူကြမ်း ပြုပြင်တော်မူကြသည်။ ရက်ပိုင်းအတွင်းမှာပင် ပြီးစီးအောင် ဆောင်ရွက်တော်မူကြပြီး ဒုတိယမူကြမ်း ထွက်လာသောအခါ နယ်သို့ဆင်း၍ ရှင်းလင်းတော် မူကြပြန်သည်။

ဒုတိယအကြိမ်တွင် သံဃံ့ အစည်းအဝေးကြီးကျင်းပရန် အချိန်နီးကပ်လာပြီဖြစ်၍ ဒုတိယမူကြမ်းများ ရှင်းလင်းယင်း ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးသို့တက်ရောက်ကြမည့် သံဃာ့ကိုယ်စားလှယ် စာရင်းများကိုပါ တပါတည်းယူတော် မူခဲ့ကြသည်။

## အဓိက လုပ်ငန်းများ အပြီးသတ်

ဤသို့ သာသနာ့ဦးဆောင်ဆရာတော်ကြီး(၆၆)ပါးဆည် ဖေဖော်ဝါရီလ(၁)ရက်နေ့မှစ၍ လုပ်ငန်းများကို အစီအစဉ်ချ ဆောင်ရွက်လာတော်မူခဲ့ရာ သံဃာ့ အစည်းအဝေးပွဲကြီး ကျင်းပရန် ၁ရက်အလို မေလ (၂၂) ရက်နေ့တွင် အဓိက လုပ်ငန်းကြီး ၅ ရပ်ကို အပြီးသတ်တော်မူလိုက်

## ရက်ပေါင်း(၁၁၁)ရက် ကြီးပမ်းဆောင်ရွက်တော်မူခဲ့ရ

သာသနာ့ဦးသျှောင် ဆရာတော်ကြီး ဖွဲ့ပါးသည် ရက်ပေါင်း(၁၁၁)ရက်တိတိ နေ့မအား ညမအား ပင်ပန်းကြီးစွာ ကြိုးပမ်းတော်မူခဲ့ကြရသည်။

လုပ်ငန်းအဖွဲ့ငယ် အစည်းအဝေး များနှင့်စုံညီ အစည်းအဝေးများ အကြိမ်ပေါင်း(၁၂၄) ကြိမ်တိတိ စည်းဝေးဆောင်ရွက်တော် မူခဲ့ကြရသည်။

တိုင်းနှင့်ပြည်နယ် ဒေသအသီးသီးရှိ ၃၃၂ ဌာနဆို ၂ ကြိမ်တိုင်တိုင် ကြွရောက်ပြီး ဒေသကွင်းဆင်း ရှင်းဆင်းဆောင်ရွက်တော်မူခဲ့ကြသည်။

နိုင်ငံတော်တဝန်းလုံးရှိ သံဃာတော် ၁၀၉၀၃၂ ပါးရှိသည့်အနက် ၁၀၃၅၁၃၄ ပါးတို့အာရှင်းလင်း တင်ပြခဲ့ရသည်။

သာသနာ့ဦးသျှောင် ဆရာတော်ကြီးများသည် အများအား ဖြင့် သက်တော်၇၀နှင့်၀စကျော် ပတ်ဝန်းကျင်အရွယ်သို့ ရောက်ရှိနေကြသည့် ဘိုးအိုဘအို အရွယ်တော်ကြီးများ ဖြစ်တော်မူကြသည်။

သို့သော်လည်း အမှန်တကယ် တိုးတက်အောင်မြင်တော့မည့် သာသနာ့အကျိုး ဖွဲ့ဖြိုးမှုကြီးကို တတ်အပ်ထင်ထင် လှမ်းမြင်တော်မူနေကြသဖြင့် ပီတိဇောအဟုန် စီးနင်းကာ အသက် ၂၀ အရွယ် ရဟန်းငယ်ကလေးများကဲ့သို့ ဖျတ်ဖျတ်လတ်လတ် လျင်လျင်မြန်မြန်နှင့် ဆောင်ရွက်တော်မူခဲ့ကြသည်ကို အားပါးတရ ဖူးတွေ့ကြရသည်။

နိုင်ငံတော်အစိုးရ အဖွဲ့အစည်းဝန်ထမ်းများနှင့် တိုင်းသူပြည်သား ဒကာဒကာမများကလည်း ဘိုးအိုဘအို ဆရာတော်ကြီးများကမား မားမော်မတ် ရှေ့က ဆောင်ရွက်သွားသည်များကို ဆွမ်းကွမ်း ဝေယျာဝစ္စကိစ္စမှစ၍ အစစ လိုလေသေးမရှိရအောင် သိုက်သိုက် မြိုက်မြိုက်နှင့် အားပေးကူညီကြသည်များမှာလည်း အားရစရာကြီးပင် ဖြစ်ခဲ့သည်။

## သာသနာပြု အာဏာစက်ကြီးများ ထွက်ပေါ်လာပါပြီ

သာသ်နာ့ဦးသျှောင် ဆရာတော်ကြီးများ (၁၁၁)ရက်နှင့်အပြီး တည်ဆောက်ခဲ့သော ရဟန်းရှင်လူများ အနှစ်နှစ်အလလက တောင့်တ လာခဲ့သည့် သာသနာပြု အာဏာစက်ကြီးများ ဤသို့ ထွက်ပေါ်လာခဲ့ပါသည်။

# သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အာဏာစက်

## ယခုအခါတွင် ဤအာဏာစက်ကြောင့်

မြန်မာနိုင်ငံရှိ ရဟန်းရှင်လူ ပြည်သူအများတို့ အနှစ်နှစ် အလလှက တောင့်တ လာခဲ့ဆည့် အခြေခံခိုင်မာသော ပြည်လုံးကျွတ် သံဃာ့စည်းလုံးမှုကြီးကို ရရှိလာပါပြီ။

တခုတည်းသော ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး ထီးထီးမားမား ပေါ်ထွက်လာပါပြီ။

သာသနာတော်ကို ကွပ်ကဲမည့် အောက်ပါ သံဃာ့အဖွဲ့အစည်းများ အဆင့်ဆင့် ပေါ်ထွက်လာပါပြီ။

| | |
|---|---|
| ဗဟိုအဆင့်။ ။ | နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊<br>နိုင်ငံတော်ဩဝါဒဆိုင်ရာအဖွဲ့၊<br>နိုင်ငံတော် သံဃမဟာနာယကအဖွဲ့။ |
| ပြည်နယ်/တိုင်းအဆင့်။ | ။ပြည်နယ် သံဃာ့ဝန်ဆောင်များ၊<br>တိုင်းသံဃာ့ ဝန်ဆောင်များ၊<br>ပြည်နယ် သံဃာ့ နာယကအဖွဲ့များ၊<br>တိုင်းသံဃာ့နာယအဖွဲ့များ။ |
| မြို့နယ်အဆင့် | မြို့နယ် သံဃာ့ဝန်ဆောင်များ<br>မြို့နယ် သံဃ နာယကအဖွဲ့များ |
| ရပ်ကွက်/ကျေးရွာအဆင့်၊ | ရပ်ကွက် သံဃာ့ဝန်ဆောင်များ<br>ကျေးရွာအုပ်စု သဃာ့ ဝန်ဆောင်များ<br>ရပ်ကွက် သံဃနာယက အဖွဲ့များ<br>ကျေးရွာအုပ်စု သံဃနာယက အဖွဲ့များ |

ဤ သံဃာ့ အဖွဲ့အစည်းကြီးမှား အဆင့်ဆင့်ဖြင့် သာသနာတော် သန့်ရှင်းရေးကိုပူးပေါင်း ဆုတ်သိင်္ဂရစ်းလင်းခွင့်ကို ရရှိလာပါပြီ။

ဤ သံဃာ့ အဖွဲ့ အဆင့်ဆင့်ဖြင့် သာသနာတော်ကြီး ရှည်ကြာ ခိုင်ခန့် တည်တံ့အောင် ပူးပေါင်း ဆောင်ရွက်ခွင့် ရရှိလာပါပြီ။

ဤ သံဃာ့အဖွဲ့ အဆင့်ဆင့်ဖြင့် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ သာသနာ သုံးရပ် စည်ပင်ပြန့်ပွားအောင် ပူးပေါင်း ဆောင်ရွက်ခွင့် ရရှိလာပါပြီ။

ဤ သံဃာ့အဖွဲ့ အဆင့်ဆင့်ဖြင့် သံဃာအချင်းချင်း စုပေါင်းခေါင်းဆောင်ခွင့် ရရှိလာပါပြီ။

ဤ သံဃာအဖွဲ့ အဆင့်ဆင့်ဖြင့် သံဃာအချင်းချင်း စုပေါင်း ဆောင်ရွက်ခွင့် ရရှိလာပါပြီ။

ဤ သံဃာ့အဖွဲ့ အဆင့်ဆင့်ဖြင့် သံဃာအချင်းချင်း စုပေါင်းဆုံးဖြတ်ခွင့် ရရှိလာပါပြီ။

ဤ သံဃာအဖွဲ့ အဆင့်ဆင့်ဖြင့် အများစု၏ ဆန္ဒကို အနည်းစုက လိုက်နာခြင်း၊ အနည်းစု၏ ဆန္ဒကို အများစုက လေးစားခြင်း အလေ့အကျင့်များကို ရရှိလာပါပြီ။

ဤ သံဃာ့အဖွဲ့ အဆင့်ဆင့်ဖြင့် အဲထက် အဖွဲ့အစည်းများ၏ ဆုံးဖြတ် ညွှန်ကြားချက်များကို အောက် အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ခြင်း၊ အောက် အဖွဲ့အစည်းများ၏ တင်ပြခုက်များကို အထက် အဖွဲ့အစည်းများက အလေးဂရု အရေးယူ ဆောင်ရွက်ခြင်း အလေ့အကျင့်များကို ရရှိလာပါပြီ။

ဤ သံဃာ့အဖွဲ့ အဆင့်ဆင့်ဖြင့် လက်ရှိ သံဃာ့ဂိုဏ်းကြီး (၉)ဂိုဏ်းကိုသာ အသိအမှတ်ပြုပြီး နောက်ထပ် သံဃာ့ဂိုဏ်းသစ်များ တည်ထောင်မှုကို တားမြစ်လိုက်ပါပြီ။

ဤသံဃာ့အဖွဲ့ အဆင့်ဆင့်ဖြင့် မြန်မာနိုင်ငံတဝှန်းလုံးရှိ သံဃာတော်ဟူသမျှသည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သံဃာ့ အဖွဲ့အစည်း အဘွင်းသို့ အလိုအလျောက် ပါဝင်ပြီး ဖြစ်လာပါပြီ၊ သံဃာ့ အဖွဲ့အစည်းများမှ သီးခြားကင်းလွတ် သီဘင်းသုံး နေထိုင်ခွင့် မရှိတော့ပြီ။

ဤသို့ စသဖြင့် သာသနာတော်ကြီးကို သံဃာ့အဖွဲ့အစည်းများဖြင့် သံဃာ အချင်းချင်း ထိန်းသိမ်းကွပ်ကဲသွားမည့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သံဃာ့ အဖွဲ့အစည်း အခြေခံစည်းမျဉ်း အာဏာစက်ကြီး ထွက်ပေါ်လာပါပြီ။

# ဝိနည်း ဓမ္မကံ အဓိကရဏ်း ၄ ခင်းများ ပြောင်း ဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေအာဏာစက်

ဤ အာဏာစက်ကြောင့် ဝိနည်းတော်ဆိုင်ရာ သံဃာ မှုခင်းများကို သံဃာတော်များကသာ စီရင်ဆုံးဖြတ်ပိုင်ခွင့် အာဏာများကို ရရှိလာပါပြီ။

ဤ အာဏာစက်ဖြင့် ရပ်ကွက်ကျေးရွာ သုံးကာမှုခင်းများကို ရပ်ကွက်ကျေးရွာ သံဃာ့ အဖွဲ့များက ပြောင်းပေးပါလိမ့်မည်။

ဤ အာဏာစက်ဖြင့် ရပ်ကွက်ကျေးရွာ သံဃာအဖွဲ့များဖြင့် မပြောင်မြိမ်းပါက မြို့နယ် သံဃာ့ အဖွဲ့များက ပြောင်းပေးပါလိမ့်မည်။

ဤ အာဏာစက်ဖြင့် မြို့နယ်သံဃာအဖွဲ့များဖြင့် မပြောင်မြိမ်းပါက တိုင်းနှင့်ပြည်နယ် သံဃာ့ အဖွဲ့များက ပြောင်းပေးပါလိမ့်မည်။

ဤအာဏာစက်ဖြင့် တိုင်းနှင့်ပြည်နယ် သံဃာ့အဖွဲ့များဖြင့် မပြောင်မြိမ်းပါက သံဃမဟာ နာယကအဖွဲ့က ပြောင်းပေးပါလိမ့်မည်။

ဤအာဏာစက်ဖြင့် ဓာသနာသန့ာ လုံးခြုံ၍ ဖြေရှင်းရမည့် ကိစ္စများကို နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့က ပြောင်းပေးပါလိမ့်မည်။

ဤအာဏာစက်ကြောင့် ဝိနည်းတော်နှင့် သက်ဆိုင်သည့် သံဃာ့မှုခင်းများကို တရားမ ကြောင်းဖြင့် လူတရားရုံးတော်များမှ လက်ခံစီရင်ပိုင်ခွင့်မရှိတော့ပြီ။

ဤအာဏာစက်ဖြင့် သံဃာ့ဘဏ္ဍာရုံတော်များ၏ ဆုံးဖြတ်ချက်ကို မူခင်းဖြစ်ပွားသူများ လိုက်နာခြင်းမပြုသူ ကောင်စီအဆင့်ဆင့်က ကူညီပါလိမ့်မည်။

ဤအာဏာစက်ဖြင့် သံဃာ့အဖွဲ့များ၏ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စများကို ပြည်သူ့ကောင်စီအဆင်ဆင့်က ကူညီပါလိမ့်မည်။

ဤအာဏာစက်ဖြင့် မာတုကာမစသော လိင်ကိစ္စဖြင့် ရဟန်းသီလဆုံးရှုံးသူများသည် သာသနာတော်တွင်းမှာ ခိုအောင်းခြင်းမပြုနိုင်ကြတော့ပြီ။

ဤအာဏာစက်ခြောင့် ဥစ္စာခိုးမှုဖြင့် ရဟန်းသီလဆုံးရှုံးသူများ သာသနာတော်တွင် ခိုးအောင်းခြင်း မပြုနိုင်ကြတော့ပြီ။

ဤအာဏာစက်ကြောင့် လူသတ်မှုဖြင့် ရဟန်းသီလ ဆုံးရှုံးသူများ သာသနာကော်တွင်း ခိုအောင်းခြင်းမပြုနိုင်ကြတော့ပြီ။

ဤအာဏာစက်ကြောင့် တရားထူးရသယောင် လိမ်ညာနေသူများ သာသနာတော်တွင်း ခိုအောင်းခြင်း မပြုနိုင်ကြတော့ပြီ။

ဤအာဏာစက်ကြောင့် ဗေဒင်ယတြာ ဆေးဝါးအတတ်ဖြင့် ရဟန်းတော်များ အသက်မွေးခွင့်မရနိုင်တော့ပြီ။

ဤအာဏာစက်ကြောင့် ကူးသန်းရောင်းဝယ်ဖောက်ကားမှုဖြင့် ရဟန်းတော်များ အသက်မွေးခွင့် မရနိုင်တော့ပြီ။

ဤအာဏာစက်ကြောင့်ပိဋ္ဌကတ်တော်နှင့်မကိုက်ညီသည့် စာပေရေးသားခွင့်များမရတော့ပြီ။

ဤအာဏာစက်ကြောင့် ပိဋ္ဌကတ်တော်နှင့်မကိုက်ညီသည့် တရားဓမ္မဟာပြောခွင့်များ မရတော့ပြီ။

ဤအာဏာစက်ဖြင့် သံဃာ့ဥပဒေပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်နိုင်ရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီးအား တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းလိုက်ပါပြီ။

ဤသို့စသဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဆိုင်ရာ သံဃာ့မူခင်းကိစ္စများကို သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖြင့် သံဃာအချင်းချင်း ဆောင်ရွက် သွားနိုင်ရန် "ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဝိနည်းဓမ္မကံ အဓိကရိဏ်းမှုခင်းများ ဖြေရှင်း ဆုံဖြတ်ရေးဆိုင်ရာ ဥပဒေ" အာဏာစက်ကြီး ပေါ်ထွက်လာပါပြီ။




ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်အတွင်း မိုတင်း သိတင်းသုံးနေတော်မူကြသော ရဟန်းသာမဏေအားလုံးသည် ဤမှတ်တမ်းကို ကိုင်ဆောင်ထားရမည်ဖြစ်သည်။

ဤမှတ်တမ်းဌ –

ဘွဲ့ဘော်၊ ကျောင်း၊ နေရပ် လိပ်စာ၊ ခမည်းတော်၊ မယ်တော်အမည် ၎င်းတို့၏အလုပ်အကိုင်နှင့် နေရပ်လိပ်စာ၊ အမျိုးသားမှတ်ပုံတင်အမှတ်။

ရှင်ဒါယကာ၊ ရဟန်းဒါယကာအမည်နှင့် နေရပ်လိပ်စာ ဥပဇ္ဈာယ်ဆရာဘွဲ့တော်၊ ရှင်ဖြစ်ချိန် ရဟန်းဖြစ်ချိန်တို့ ပါဝင်ပါသည်။

မှတ်တမ်းကို ကျောင်းထိုင် သို့မဟုတ် တိုက်အုပ် တိုက်ကြပ်ဆရာတော်

များက ထောက်ခံ၍ သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့၏ ထောက်ခံချက်ဖြင့် ထုတ်/ပေးရမည်ဖြစ်သည်။

ပြည်နယ်/တိုင်းသာသနာရေးမှူး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးတို့က စာရင်း ထိန်းသိမ်းရမည်ဖြစ်သည်။

## သာသနာဝင် မှတ်တမ်း အာကာစက်ကြောင့်

ပြစ်မှုမကင်းသည့် လူဆိုး သူခိုးများ သင်္ကန်းဝတ်၍ သာသနာရိပ်မခိုကပ်နိုင်တော့ပါ။

နိုင်ငံတွင်းသို့ မတရားဝင် တိတ်တဆိတ်ဝင်ရောက်လာကြသည့် နိုင်ငံခြားသားများ သင်္ကန်းဝတ်ပြီး သာသနာ့ရိပ် မခိုကပ်နိုင်တော့ပါ။

လူမြင်ကွင်းမှာ သင်္ကန်းဝတ်နှင့် အမြင်မတော်သည်များကို မလုပ်နိုင်ကြတော့ပါ။

သီကျွာမတင်၊ သီမ်မဝင်ပဲ မိမိဘာသာ သင်္ကန်းဝတ်နေကြတဲ့ ရဟန်းတု၊ ရဟန်းယောင်များ၊ ရှင်တု ရှင်ယောင်များ မရှိနိုင်တော့ပါ။

သာသနာဝင်မှတ်တမ်းဖြင့် ချုပ်ကိုင်ထားသဖြင့် အုပ်ချုပ်သူဆရာသမားများအပေါ် တပည့်များ ကျိုးလာန္ခံမည်ဖြစ်သည်။

မသင်္ကာဖွယ် စစ်မေးလာပါက သာသနာဝင်မှတ်တမ်းကဲ့ သက်သေခံပြပါလိမ့်မည်။

ကျောင်းပြောင်းနေထိုင်ခွင့် လျှောက်ထားသူများကို လက်ခံသင့်မသင့်သာသနာဝင်မှတ်တမ်းက အစစ်အဆေးခံပြပါလိမ့်မည်။

အရပ်တပါးသို့ရောက်သောအခါ မိမိ၏သီကျွာ ဝါ ပညာဂုဏ်အရည်အချင်းကိုသာသနာဝင်မှတ်တမ်းက ဖော်ပြပါလိမ့်မည်။

ဤသို့စသဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး အတွက် အရေးပါလှသည့် သာသနာဝင်မှတ်တမ်း အာကာစက်ကြီး ပေါ်လာပါပြီ။

# ဂိုဏ်းပေါင်းစုံအစည်းအဝေးပွဲကြီး

## ဥပဒေအာဏာစက်များကို သံဃာ့လွှတ်တော်သို့ တင်သွင်းတော်မူကြပြီ



ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီး ကို ၁၃၄၂ခုနှစ် နယုန်လဆန်း (၁၁)ရက်(၂၄-၅-၈၀) စနေနေ့နံနက်၈-နာရီတွင် ရန်ကုန်မြို့ ကမ္ဘာ အေး ကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ စတင် ဖွင့်လှစ်တော်မူကြသည်။



မြန်မာပြည် သံဃာတသိန်းကျော်၏ ကိုယ်စားလှယ် သမ္မုတိ ရသံဃာတော် (၁၂၂၆) ပါး အစည်းအဝေး ကြီးသို့ တက်ရောက် တော်မူကြသည်ကို ဤသို့ အားရကြည်ညို ဖွယ် ဖူးမြင်ရသည်။



အခမ်းအနားမှူး ဖြစ်တော်မူသော မန္တလေးမြို့ တောင်သမန်တိုက် ဘဒ္ဒန္တ ရေဝတ ဆရာတော် ဘုရား ကြီး က အစည်း အဝေးပွဲကြီး အခမ်းအနားကို ဤသို့ဖွင့်လှစ်တော်မူပါသည်။

ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား။

ယနေ့ ဤအစည်းအဝေးပွဲကြီးသို့ ကြွရောက်တော်မူကြသည့် သံဃာတော် အရေအတွက်မှာ (၁၂၂၆)ပါးဖြစ်၍ သာသနာအဆက်ဆက်သည် (၇၅)ရာခိုင်နှုန်းဦးရေထက် ကျော်လွန်ပါသဖြင့် အစည်း အဝေးပွဲကြီး ထူးမြောက်အောင်မြင်ပါကြောင်း ကြေငြာလျှောက်ထား အပ်ပါသည် သံဃာတော် အရှင်မြတ်များဘုရား။



သြဝါဒစရိယဖြစ်တော်မူသော အဘိဇေမဟာရဋ္ဌဂုရု စစ်ကိုင်း ရွှေဟင်္သာ ဆရာတော် ဘုရားကြီးက ဤသို့ သြဝါဒကထာ မြွက်ကြားတော်မူပါသည်။

မြန်မာနိုင်ငံတဝန်းလုံးရှိ တသိန်းကျော်သော သံဃာတော်ကိုယ်စား သမ္မတီရ ကြွေးရော်တော်မူလာကြကုန်သော ဒေသဆိုင်ရာ ဦးဆောင်ရှေ့သွား လမ်းညွှန် ဖြစ်တော်မူကြကုန်သော ပရိယတ္တိဆေက ပဋိပတ္တိမာမကဝိနယ ဂရုက သိက္ခာကာမဖြစ်တော်မူကြကုန်သော ဆရာတော်များကို သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားစည်ပင်ရေးအဖြစ် ကျင်းပပြုလုပ်သော ဤအစည်းအဝေးကြီး၌ မိဟိတမုဗ္ဘဂ်မသမ္မောဒမာနအခြင်းအရာတို့ဖြင့် ကျန်းမာရွှင်လန်းစွာ တွေ့မြင်ရသောကြောင့် အဘိုင်းမသိ ဝမ်းနမြောက်ဝမ်းသာဖြစ်မိပါသည် အစချီ၍ ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ အရှင်ဘုရားများသည် သွက္ခာတ။ သုပွဋိပန္နဂုဏ်များကို သိတော်မူကြပြီး ဖြစ်ကြောင်း၊ အရှင်ဘုရားတို့ကစ၍ သာသနာတော်သန့်ရှင်းရေးကို ရှေးရှုသောအားဖြင့် သွက္ခာတ၊ သုပွဋိပန္နဂုဏ်တို့နှင့် ပြည့်စုံတော်မူအောင် ကျင့်သုံးလမ်းပြ၍ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက် ကျေးရွာအုပ်စုတို့၌ သက်ဆိုင်ရာ သံဃာတော် အရှင်မြတ်တို့ကိုလည်း ယင်းဂုဏ်များနှင့် ပြည့်စုံနိုင်သမျှ ပြည့်စုံကြောင်းအောင် စောင့်ရှောက် ထိန်းသိမ်းတော်မူကြရန် တိုက်တွန်း သတိပေးအပ်ပါကြောင်း စသည်ဖြင့် မိန့်ကြားသွားတော်မူပြီး နိဂုံးချုပ် မိန့်ကြားတော်မူရာတွင်–

မိမိတို့၏ အတွင်းရန်သူအစစ် ဖြစ်ကြကုန်သော ရာဂ၊ ဒေါသ၊ မောဟ တို့ကြောင့် ဖြစ်သော အဓိကရုဏ်းတို့ကို မဖြစ်စေမူ၍ သာသနာတော်သန့်ရှင်းပြန့်ပွားရေးပင်အေးစင် အရှင်ဘုရားတို့က နည်းလမ်းများ ညွှန်ပြဆောင်ရွက်တော်မူကြပါစေသတည်းဟု ပတ္ထနာပြု၍ သြဝါဒကထာကို နိဂုံးချုပ်လိုက်ပါကြောင်း မိန့်ကြားတော်မူပါသည်။



အစည်းအဝေးကြီး၏ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဝဲခူး မြို့မ ဆရာတော်ဘုရားကြီးက ဤသို့ မိန့်ခွန်းမြွက်ကြားတော်မူပါသည်။

ဆရာတော်ဘုရားကြီးက မိန့်ကြားရာတွင် ဒီနေ့ဂိုဏ်းပေါင်းစုံ သံဃာ့ဝန်ဆောင်သံဃာမူတ်ရ ဝန်ဆောင်ဖြစ်တဲ့ ဆရာတော်များရဲ့ အစည်းအဝေးလျှောက်ကြားစာကို မဖတ်ကြားမီ တပည့်တော် ရှေးဦးအစ သံဃာ့အစည်းအဝေးကြီးနှင့် စပ်လျဉ်းပြီးတော့ ငဏာမနိဒါန်းသဘောဖြင့် ဝမ်းမြောက် ဖွယ်ရာ အနူမောဒနာကထာ ပြောကြားလိုပါကြောင်း၊ မနေ့က ဒီနေ့ အစည်းအဝေး ကြီးနှင့် စပ်လျဉ်းပြီးတော့ကာ အစည်းအဝေးကျင်းပမီ ညနေ ၆ နာရီအချိန်လောက်မှာ အဘိဓဇမဟာ ရဋ္ဌဂုရု ဆရာတော်ကြီးများကို ဖူးမြော်ရန်နှင့် နိုင်ငံတော်သမ္မတကြီးရောက်ရှိလာကြောင်း၊ သမ္မတကြီးက အဲ့ချက်ဆိုးချက်လျှောက်ကြားသွားကြောင်း၊ (၁) အချက်က သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့်ပတ်သက်တဲ့ တာဝန်ကို သံဃာတော်များဘက်မှ ဆောင်ရွက်ရမည့် တာဝန်ဖြစ်ပြီး ပစ္စယာနုဂ္ဂအနေနှင့် နိုင်ငံတော်အစိုးရနှင့်တိုင်းသူပြည်သားများတာဝန်ဖြစ်ကြောင်း၊ (၂) အချက်က နီပေါဘုရင်က ဓမ္မဘဏ္ဍာအနေဖြင့် ပို့လိုက်သည့် ရုပ်ပွားတော်နှင့် စေတီတော်များကို အများပြည်သူ များ ကိုးကွယ်ပူဇော်နိုင်ရန် ဌာပနာသွင်းတော်တည်လိုပါကြောင်း၊ (၃) အချက်က စားပေ ပိဋကတ်တော်များ ပျောက်ပျက်မသွားအောင် အရှင်ဘုရားများက ညွှန်ကြားခဲ့ပါလျှင် တပည့်တော် များက ထိုနံသိမ်းစောင့်ရှောက်သွားဖို့ဆိုတဲ့ အချက်သုံးချက်ကို သမ္မတကြီးက လျှောက်ကြား သွားသည်ကို ရှေးဦးစွာ လျှောက်ထားလိုပါကြောင်း အစချီကာ ဩဝါဒကထာများကို အကျယ် တဝင့် မိန့်ကြားသွားပါသည်။

ဥက္ကဋ္ဌဆရာတော်ဘုရားကြီးက နိဂုံးချုပ် မိန့်ကြားတော်မူရာတွင် ဘုံရား တပည့်တော်တို့ စုပေါင်းညီညာစွာ ယခုလို ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပနိုင်ခြင်းမှာ—

၁။ ကြွရောက်တော် မူလာကြသော ဆရာတော် သံဃာတော်များ၏ ကြီးမားသော လုံ့လဥဿဟဖြင့် ဆောင်ရွက်တော်မူကြသည်ကိုလည်းကောင်း။

၂။ အစည်းအဝေးသို့ မကြွရောက်နိုင်သော ဆရာတော် သံဃာတော်များက သဘောတူ ဆန္ဒပြုကြသည်ကိုလည်းကောင်း။

၃။ ထိုဒေသရှိ ဆရာတော်တို့နှင့်တကွ သက်တော်ရှည် သံဃာ့ဥစ္စာဆောင် ဆရာတော်ကြီးများ၏ သြဝါဒစကား အားပေးကူညီမှု ပြုခဲ့သည်များကိုလည်းကောင်း။

၄။ တိုထို တိုင်းနှင့်ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကောင်စီဝင် သူတော်စင်တို့၏ အားပေးကူညီမှုများကိုလည်းကောင်း။

အားကြီးသော အထောက်ပံ့များ ရရှိ၍ ဤကဲ့သို့ ကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ မှတ်တမ်းတင် အပ်ပါကြောင်း၊ ဆရာတော်များသည် မျှော်မှန်းထားသော သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် မိမိတို့ ကျရောက်ရာတာဝန်များကို မဖြစ်မနေ ဆောင်ရွက်သွားမည်ဟူသော ဇွဲလုံ့လအပြည့်အဝထားရှိတော်မူကြသည်ဟူသော ယုံကြည် အားကိုးချက်ဖြင့် ရှိသေလေးစားစွာ တိုက်တွန်းနှိုးဆော်စကား လျှောက်ထားအပ်ပါကြောင်း နိဂုံးချုပ် မိန့်ကြား သွားတော်မူပါသည်။

## သံဃာ့ဝန်ဆောင် (၂၆၆) ပါး၏ ဆောင်ရွက်ချက်များကိုတင်ပြ



ဟသံဟ ဆရာတော် ဦးခမာဝုဓ (ဝန်ဆောင် တွဲဖက် အကျိုးတော်ဆောင်) ဆရာတော်ဘုရားက သာသနာရေးရာ ဥပဒေစည်းမျဉ်းများရေးဆွဲရေးနှင့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပနိုင်ရေးအတွက် သံဃာ့ဝန်ဆောင်ဆရာတော် (၆၆)ပါး၏ ရက်ပေါင်း (၁၁၁)ရက် အတွင်း ဆောင်ရွက်ခဲ့ရပုံများကို အကျယ်တဝင့် လျှောက်ကားတော်မူသည်။

# သံဃာ့အဖွဲ့အစည်း အခြေခံဥပဒေမူကြမ်းကို တင်သွင်း



သံလျင် မှင်းကျောင်းဆရာတော် အရှင်ဝဏ္ဏသိရီ

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းဥပဒေမူကြမ်းကို သံလျင်မြို့ မင်းကျောင်းစာသင်တိုက် ဆရာတော် အရှင်ဝဏ္ဏသိရီက ဤသို့ တင်သွင်းသွားတော်မူပါသည်။ (ပုံ)

ဆရာဘော်သံဃာတော်အရှင်မြတ်တို့ဘုရား။

မြန်မာနိုင်ငံတော်အတွင်း၌ လိတင်းသုံးနေထိုင်တော်မူကြသော ရဟန်းသံဃာတော်အားလုံးသည် သဗ္ဗညုဘုရားရှင်၏ သားတော်များဖြစ်ကြ၍ အယူသီလဲအားလုံး တူညီကြပါသည်ဘုရား။ ထိုသို့ ပင်ကိုသဘာဝအားဖြင့် ညီညွတ်ပြီးဖြစ်သော ရဟန်းသံဃာတော်များသည် လွန်ခဲ့သော နှစ်ပါင်းတရာခန့်ကစ၍ အာဏာစက်ဖြင့် ဆောက်ပံ့မှုကိုမရရှိခဲ့ကြသောကြောင့် ဂိုဏ်းအမျိုးမျိုး ကွဲပြားပြီး အုပ်ထိန်းမှုစနစ်သည်း တစတစ်လျော့နည်းလာခဲ့ပါသည်ဘုရား။ မဟာထေရ်ကြီးများ၏ ဆုံးမသြဝါဒ ကင်းလွတ်နေသော ရဟန်းသံဃာများ ပေါ်ပေါက်လာခဲ့ပါသည်ဘုရား။

'ငါ့ကျောင်း ငါထိုင် ဘယ်သူဆိုင်လဲ' 'ကိုယ့်ဟာကိုယ်ဝတ် ဘယ်သူမှ မချွတ်နိုင်' ဟူသော ရဟန်းမျိုးလည်း ပေါ်ပေါက်လျက်ရှိကြောင်းကို ဆရာတော်များကိုယ်တိုင် တွေ့မြင်သိရှိကြပြီ ဖြစ်သည်ဟု ယုံကြည်ပါသည်ဘုရား—စသဖြင့် အကျယ်တဝင့် တင်ပြလျှောက်ထားသွားပါသည်။ ဆရာတော်ဘုရားက ဆက်လက်၍ နိဂုံးချုပ်လျှောက်ထားရာတွင်—

ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား—

ယခု ဘုရားဘပည့်တော် လိုရင်းကို အကျဉ်းချုပ်လျှောက်ထားရမည် ဆိုပါက ဃာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ရဟန်းသံဃာတော်များသည် မြတ်စွာဘုရား ပညတ်

တော်မူခဲ့သော ဝိနည်းသိက္ခာပုဒ်တော်နှင့် အညီ သီတင်းသုံး နေထိုင်ရန် လိုအပ်ပါသည် ဘုရား၊ သံဃာတော်များ ဝိနည်းစာရားတော်နှင့်အညီ ကျင့်ကြံနေထိုင်နိုင်ရေးအတွက် သံဃာ့ အဖွဲ့အစည်း အဆင့်ဆင့်ဖြင့် သံဃာအချင်းချင်း ကြီးကြပ် အုပ်ထိန်းထားသော စနစ်တခု ရှိသင့်သည်ဟု ယူဆ ယုံကြည်ပါသဖြင့် ယခုတင်သွင်းသည့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သံဃာ့ အဖွဲ့အစည်း အခြေခံမူကြမ်းကို တညီတညွတ်တည်း အတည်ပြု ပြဋ္ဌာန်းတော်မူကြရန် မလွဲမသွေ လိုအပ်လျက်ရှိပါသည်ဘုရား။ ကြွရောက်တော်မူလာကြသော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် တော်များသည် ဤစည်းမျဉ်းကို ကောင်းသည်ထက်ကောင်းအောင် ဝေဖန်ဆွေးနွေးတော်မူကြပြီး အတည်ပြုတော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

(ဆက်လက်၍ အခြေခံစည်းမျဉ်းကို တပိုဒ်ချင်း ဖတ်ကြား လျှောက်ထား သွားပါသည်)

## ဝိနည်းဓမ္မကံအဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေမူကြမ်းတင်သွင်း



မန္တလေးမြို့ ဗန်းမော်တိုက်ဆရာတော် အရှင်ကုမာရာဘိဝံသ

ဝိနည်းဓမ္မကံအဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေမူကြမ်းကို မန္တလေးမြို့ အရှေ့တောင်မြို့နယ်၊ ဗန်းမော်တိုက် အရှင်ကုမာရာ ဘိဝံသ ဆရာတော်ဘုရားက ဤသို့တင်သွင်း သွားတော်မူပါသည်။ (ပုံ)

ဆရာတော်ဘုရားက တင်သွင်းလျှောက်ထားရာတွင်–

ဆရာဟော် သံဃာတော်အရှင်သူမြတ်တို့ဘုရား–

ဝိနယောနာမ ဗုဒ္ဓသာသနသဿာသု၊ ဝိနယေဠိကေ သာသနံဋ္ဌိတံဟောတိ၊ ဝိနည်းကျင့်ဝတ်မည်သည် ဘုရားရှင်သာသနာတော်၏အသက်မည်၏။ ဝိနည်းကျင့်ဝတ်တည်တံ့လျှင် သာသနာတော်တည်တံ့ပြီးသည် မည်တော့သည်-ဟူသော ပထမသင်္ဂါယနာတင် ရဟန္တာအရှင်မြတ်ငါးရာတို့၏ စကားတော်ကို ဦးထိပ်ပန်ဆင်လျက် လင်္ကာပေသလင်္ကာကာမ သာသနမဿမက ဖြစ်တော်မူကြသည့် သာသနာပြု ဆရာတော် သံဃာတော် အဆက်ဆက်တို့သည် ဝိနည်းတရားတော်ကို အလေးထား၍ သာသနာတော်ကို သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ကြပါသည်ဘုရား။

တပည့်တော်တို့ယခုမျက်မှောက်ခေတ် သာသနာတော်၌ အရေးတကြီး တားဆီးကာကွယ် ဖယ်ရှားရန် လိုအပ်နေသည့်အန္တရာယ်ကြီးသုံးရပ် ပေါ်ပေါက်လျက်ရှိနေသည်ကို မြင်နေရပါသည် ဘုရား၊ ထိုသာသနာ့အန္တရာယ်ကြီးသုံးရပ်တို့မှာ–

(၁) ဖြစ်ပေါ်လာသော ဝိနည်းဓမ္မကံဆိုင်ရာအဓိကရဏ်းမှုခင်းများကို ဓမ္မဝိနယနှင့်အညီ ငြိမ်းအေးမှုရအောင် မဆောင်ရွက်နိုင်ခြင်း၊

(၂) သာသနာတော်ကို အန္တရာယ်ဖြစ်စေနိုင်သည့် ပြဿနာမှု၊ ဟောပြောမှု၊ ရေးသားမှုများကို ထိရောက်စွာ မဟန့်တားနိုင်ခြင်း၊

(၃) သိက္ခာမဘင် သိမ်မဝင်မှု၍ မိမိဘာသာ သင်္ကန်းဝတ်နေကြသည့် ရဟန်းတု ရဟန်းယောင်များနှင့် ဝိနည်းကျင့်ဝတ်ကို လိုက်နာခြင်းမရှိပဲ ဂန္ထဓုရ ဓိပဿနာဓုရနှစ်ပါးကို စွန့်ပစ်ပြီး ဂီဟိဂမ္မ ဗုဒ္ဓပဋိကုဋ္ဌအမှုများကို အမြဲမပြတ် ပြုလုပ်နေသော အလင်္ဂဒုဿီလ ရဟန်းဆိုးများကို မဖယ်ရှားနိုင်ခြင်း၊

ဟူ၍ သုံးရပ်တို့ဖြစ်ပါသည်ဘုရား။

ထိုသာသနာ့အန္တရာယ်ကြီးသုံးရပ်က လင်္ကာပေသလင်္ကာကာမ သာသနမဿမက ဖြစ်တော်မူကြသော အရှင်မဟာဝင်းအရှင်မြတ်များက တားဆီးကာကွယ် ဖယ်ရှားခြင်းမပြုပဲ လျစ်လျူရှုနေပါလျှင် တနေ့တခြား ကြီးထွားတိုးပွားလာပြီး လက်ရှိပစ္စုပ္ပန် သာသနာရေးကို အနှောင့်အယှက် ပေး၍ အနာဂတ်သာသနာတော်ကို အကြွင်းမဲ့ ဖြိုခွင်းဖျက်ဆီး ပစ်ပါလိမ့်မည်ဘုရား စသဖြင့် အကျယ်တဝင့်လျှောက်ထားပြီး နောက်ဆုံးလျှောက်ထားတော်မူရာတွင်–

ဆရာတော်သံဃာတော်အရှင်မြတ်တို့ဘုရား–

ဘုရားတပည့်တော်တို့ တင်သွင်းသော ဤဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လွှပ်ထုံးလုပ်နည်းများကို ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်များသည် မလိုအပ်သည်ကိုပယ်ဖျက်၍ လိုအပ်သည်များကို ပြည့်စုံစေခြင်းဖြင့် ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်တော် မူကြပါရန်နှင့် ဤအစည်းအဝေးကြီးက တညီတညွတ်တည်း အာဘည်ပျေးပေးဘော်မူကြပါရန် ဘုရားတပည့်တော် ကုမာရာဘိဝံသက သံဃာ့ဝန်ဆောင်အဖွဲ့၏ကိုယ်စား တင်သွင်းလျှောက်ထားအပ်ပါသည်ဘုရား။ ဆက်လက်၍ ဥပဇ္ဈာယ်များကို တပိုဒ်စီ တပိုဒ်စီ ဖတ်ကြားတင်သွင်းသွားပါသည်။

# သာသနာဝင်မှတ်တမ်း တင်သွင်း



မန္တလေးမြို့ မိုးကောင်းတိုက်၊ ညောင်ရမ်းပါဠိတက္ကသိုလ်၊ ဝါးတန်းစာချက်ကျောင်းအရှင်ဥာဏာဘိဝံသ ဆရာတော်ဘုရားက သာသနာဝင်မှတ်တမ်းအဆိုပြုလွှာကို ဤသို့ တင်သွင်းတော်မူပါသည်။

ဆရာတော်ဘုရားက အဆိုတင်သွင်းလျှောက်ထားရာတွင်—
ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား—

တပည့်တော်တို့သာသနာတော်ကြီးသည် လာဘဂ္ဂမဟတ္တာခေါ် မြတ်သော ဆွမ်း သင်္ကန်း ကျောင်း၊ ဆေးပစ္စည်းလေးပါး ပေါများလာရာမှ ယသဂ္ဂမဟတ္တာ ကြည်ညိုသူ မြတ်သော အခြံအရံများပြားခြင်းသို့ရောက်လာတဲ့အခါ ပုဂ္ဂိုလ်အချို့သည် ပင်ပန်းကြီးစွာ လုပ်ကိုင်မှု မပြုရပဲ အေးဆေးသက်သာစွာ စားသောက်နေထိုင်သောကြောင့်လည်းကောင်း၊ ပုဂ္ဂိုလ်အချို့သည် တရားဥပဒေကို ချိုးဖောက်ပြီးနောက် ပြစ်ဒဏ်ခံရမှုကိုကြောက်ရွံ့သောကြောင့်လည်းကောင်း၊ သံဃာတော်၏ ဆန့်ကျင်ဘက်အယူရှိသူများကလည်း ဖျက်ဆီးလိုသောအကြံဖြင့် သာသနာတော်တွင်းသို့ ဝင်ရောက်လာကြပါသည်ဘုရား။

ဝင်ရောက်လာကြတဲ့နေရာမှာ အချို့ဟာန်းစစ်ခဟာန်းကောင်းများထဲ တောင်းပန်ပြီး ဝိနည်းဓမ္မကံနှင့်အညီ ဝင်ရောက်လာကြပါသည်။ အချို့က မိမိဘာသာသက်နှံးဝတ်ပြီး အယောင်ဆောင် ဝင်လာကြပါသည်ဘုရား။

ဤကဲ့သို့ နည်းနှစ်မျိုးကိုအသုံးပြုပြီး သာသနာတွင်းသို့ဝင်လာကြတဲ့အခါ သာသနာ့အလုပ်ကိုမလုပ်ကြပဲ ဒကာဒကာမများ ကြည်ညိုလာအောင် ပဋ္ဌလက်နည်း လိမ်ညာသော နည်းတွေ လာဘ်လာဘများအောင် လုပ်လာကြပါသည်။ ဤကဲ့သို့ သံဃာအယောင်ဆောင်ကာ သံဃာအစစ် အမှန်များနှင့် ရောရောထွေးထွေးလုပ်လာကြတော့ ငြင်းခုံမှုတွေ၊ ခိုက်ရန်မှုတွေ ဝိနယအဓိကရုဏ်းမှုတွေ များစွာဖြစ်လာပါသည်ဘုရား။

ရဟန်းတုရဟန်းယောင်များသည် အရေအတွက်အားဖြင့် နည်းပါးသေးသော်လည်း ပါရာဇိက အဋ္ဌကထာ ဒုတိယတွဲ-၂၃၃-၂၃၄-မှာ ပါရှိသည့်အတိုင်း အတုအယောင် တွေဟာ တစ တစ အပေါင်းအသင်းများလာပြီးတော့ 'ငါးခုံးမတကောင်ကြောင့် တလေ့လုံးပုပ်'ဆိုသကဲ့သို့ စစ်မှန်တဲ့ ရဟန်းသံဃာတော်အားလုံးအပေါ်မှာ အထင်မှားအမြင်မှားတွေ ဖြစ်လာနိုင်ပါသည် ဘုရား၊ ဂုဏ်သိက္ခာညှိုးနွမ်းလာနိုင်ပါသည်ဘုရား။

ဆရာတော် သံဃာ့တော်အရှင်သူမြတ်တို့ဘုရား–

ဘုရားတပည့်တော်တင်ပြလျှောက်ထားတဲ့ သာသနာဝင်မှတ်တမ်းကို ကိုင်ဆောင်ထားခြင်းအားဖြင့် သံဃာတော်များတွင် ရရှိမည့်အကျိုးတရားများကတော့–

(က) သိက္ခာမတင် သိမ်မဝင်ပဲ သာသနာဓွင်းသို့ ဝင်ရောက်လာသူတို့၏ အန္တရာယ်မှ ကာကွယ်နိုင်ခြင်း၊

(ခ) သိက္ခာတင် သိမ်ဝင်လာသည့် ရဟန်းတော်များ သည်လည်း သာသနာ တွင်းသို့ ရောက်လာပြီးသောအခါ ဝိနည်းဓမ္မကံနှင့် ဆန့်ကျင်သည့် အပြုအမူများကို မပြုမိအောင် ထိန်းသိမ်းဟန့်တားနိုင်ခြင်း၊

(ဂ) ဆရာနှင့်ဘပည့်ဖြစ်သည့် သီဘင်းသုံးဖော်အချင်းချင်းဖြစ်စေ၊ ဆရာနှင့်ဒကာဖြစ်စေ စိတ်ချယုံကြည်စွာ ပေါင်းသင်းဆက်ဆံနိုင်ခြင်း၊

(ဃ) သာသနာရေးဆိုင်ရာ သံဃာ့ကံဆောင်ခြင်း၊ ဤလိုအစည်းအဝေးမျိုးအတွက် သံဃသမ္မုတိကိစ္စများ ဆောင်ရွက်ရာတွင် အထောက်အကူ များစွာဖြစ်နိုင်ခြင်း စသည်တို့ ဖြစ်ပါသည်ဘုရား။

ဤသို့စသဖြင့် ဆရာတော်ဘုရားက အကျယ်တဝင့် တင်ပြလျှောက်ထားပြီး နိဂုံးချုပ် အားဖြင့် လျှောက်ထားရာတွင်–

ယခု ဘုရားကပတည့်တော်တင်သွင်းထားသော ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သံဃာတော်များ၏ သာသနာဝင်မှတ်တမ်းသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် များစွာအထောက်အပံ့ဖြစ်မည့်အပြင် သံဃာစစ်သံဃာမှန်များစွာ ထွန်းကားလာမည်ဟု ယုံကြည်သည့်အတိုင်း ဒီသာသနာဝင်မှတ်တမ်းကို အစည်းအဝေးကြီးသို့ ကြွရောက်တော်မူလာကြသော အရှင်မြတ်များသည် ကောင်းသည်ထက်ကောင်းအောင် ဝိုင်းဝန်းပြုစု အကြံဉာဏ်များပေးတော်မူကြ၍ ဤသံဃာ့အစည်းအဝေးကြီးက တညီတညွတ်တည်း အတည်ပြု ပြဋ္ဌာန်းပေးပါရန် ဘုရားတပည့်တော် ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါ၏ဘုရား။

# အဆိုပြု မူကြမ်းများကို ထောက်ခံတော်မူကြပြီ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်း မူကြမ်းကို တိုင်းနှင့်ပြည်နယ်အခြေခံဒေသအသီးသီးမှ ကိုယ်စားလှယ်တော် (၂၂)ပါးက ထောက်ခံ ဆွေးနွေးသွားတော်မူကြပါသည်။



ရေကြည်ဦးဓမ္မိဿရ

ရေကြည်မြို့နယ် အခြေခံ ဒေသမှ ဦးဓမ္မိဿရ ဆရာတော်ဘုရားက ကျွှေ့သို့ ထောက်ခံ သွားတော်မူပါသည်။ (ပုံ)

# ဝိနည်းဓမ္မကံ ဥပဒေမူကြမ်း ထောက်ခံတော်မူကြပြီ

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေမူကြမ် ကို တိုင်းနှင့်ပြည်နယ်အခြေခံ အသီးသီးမှ သံဃာ့ ကိုယ်စားလှယ် ဆရာတော် (၁၂)ပါးက ဆက်လက်ထောက်ခံသွားတော်မူကြပါသည်။



သံလျင်မြို့နယ် အခြေခံ ဒေသမှ ဦးသူရိယ ဆရာတော် ဘုရားက ကျွှေ့သို့ ထောက်ခံသွားတော် မူပါသည်။

# သာသနာဝင်မှတ်တမ်းကို ထောက်ခံတော်မူကြပြီ



သာသနာဝင်မှတ်တမ်းမူကြမ်းကို တိုင်းနှင့်ပြည်နယ် အခြေခံဒေသအသီးသီးမှ သံဃ ကိုယ်စားလှယ် ဆရာတော်သုရာများက ဆက်လက်ထောက်ခံသွားတော်မူကြပါသည် (ပုံ)

# သံဃအာဏာစက်များကို တခဲနက် အတည်ပြုတော်မူကြပြီ



သံဃအာဏာစက်များဖြစ်ကြသည့် (က) သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း (ခ) ဝိနည်း ဓမ္မက် အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ဂ) သာသနာဝင်မှတ်တမ်းများ ကို၊ သံဃာ့လွှတ်တော်ကြီးသဖွယ် ကျင်းပလျက်ရှိသည့် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ဤသို့တည် ဆဲတွတ်တည်း တခဲနက်အတည်ပြုတော်မူကြပါသည်-(ပုံ)

# နိုင်ငံတော်သံဃာ့အဖွဲ့အစည်းအာဏာစက်များကို ပွဲဦးထွက် အကောင် အထည် ဖော်

ကျင်းပဆဲ သံဃာ့အစည်းအဝေးကြီးကပင် ရှေးဦးစွာ သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းကို စတင် အကောင်အထည်ဖော်တော်မူကြပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်း အခန်း(၃)အပိုဒ်(၁၉)(၂၀)(၂၄)ပြဋ္ဌာန်းချက်များအရ-

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို ဦးဆောင် ကွပ်ကဲ သွားမည့် နိုင်ငံတော်အဆင့် သံဃာ့အဖွဲ့အစည်းကြီးသုံးရပ်ကို ပွဲဦးထွက် စဘင် အကောင်အထည်ဖော်လိုက်ကြပါသည်။



(၁) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ (၂၉၉)ပါး(ပုံ)

အနွံ့ခင် (၂၉၉)ပါး ပါဝင်သော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ကို ကျင်းပဆဲ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက သာသနာနှစ်(၂၅၂၄) ကောဇာသင်္ကြာဇ်(၁၃၄၂) ခုနှစ် နယုန်လဆန်း(၁၃)ရက်၊ ခရာစ်သင်္ကြာဇ် (၁၉၈၀-ပြည့်နှစ် မေလ ၂၆-ရက်)တနင်းလာနေ့တွင် ရွေးချယ်ဘင်မြောက်လိုက်ပါသည်။ (သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းအပိုဒ် ၁၉)

## နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင်များက နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့ဝင် (၃၃)ပါးကို သာသနာနှစ် ၂၅၂၄၊ ကောဇာသင်္ကြာဇ် ၁၃၄၂-ခုနှစ် မေလ ၂၆-ရက် တနင်းလာနေ့တွင် ရွေးချယ်တင်မြောက်လိုက်ပါသည်။ (သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းအပိုဒ် ၂၀)

# နိုင်ငံတော် ဩဝါဒါစရိယအဖွဲ့

နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့သည် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီး(၈၁)ပါးကို သာသနာနှစ် ၂၅၂၄၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ် နယုန်လဆန်း (၁၃) ရက် (ခရစ်သက္ကရာဇ် ၁၉၈၀-ပြည့်နှစ် မေလ ၂၆-ရက်) တနင်းလာနေ့တွင် ရွှေးချယ်တင်မြှောက်တော်မူကြပါသည်။ (သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အပိုဒ် ၂၄)

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး
လုပ်ငန်းကြီးများကို ဦးဆောင်ကွပ်ကဲတော်မူကြမည့်
နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌနှင့်
အကျိုးဆောင်ဆောင် ဆရာတော်ကုန်းကြီး(၆)ပါး



## နိုင်ငံတော် မဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့်
## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ

၁။ သံဃာ့ဝန်ဆောင်(၆၆)ပါး အဖွဲ့၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူလာခဲ့သော ပဲခူးမြို့မစာသင်တိုက်မှ သက်တော် ၈၃-သိက္ခာတော် ၆၃-ဝါရ ဘဒ္ဒန္တကုန္ဒဘာရ အဂ္ဂမဟာပဏ္ဍိတဆရာတော်ဘုရားကြီးသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ဥက္ကဋ္ဌနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဥက္ကဋ္ဌဖြစ်လာတော်မူပါသည်(ပုံ-၁)

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ဒုတိယဥက္ကဋ္ဌ

၂။ သံဃာ့ဝန်ဆောင် (၆၆)ပါး၏ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့သော မန္တလေးမြို့ ဘောင်သမန်တိုက် ပုသိမ်ခကျောင်းမှ သက်တော် ၇၉-သိက္ခာတော် ၅၉-ဝါရ ဘဒ္ဒန္တရေဝဘ သကျသီဟ ဓမ္မာစရိယ ဆရာတော် ဘုရားကြီးသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်လာတော်မူပါသည်။ (ပုံ-၂)

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ

၃။ သံဃာ့ဝန်ဆောင် (၆၆)ပါး အဖွဲ့၏ သံဃာ့အဖွဲ့အစည်းအခြေခံ စည်းမျဉ်း ရေးဆွဲရေး အဖွဲ့ဒယ်ခေါင်းဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့သော ညောင်တုန်းမြို့ ရွှေဟသ်ာတောရကျောင်းတိုက်မှ သက်တော် ၇၆-နှစ် သိက္ခာတော် ၅၆-ဝါရ ဘဒ္ဒန္တဝိမလ၊ အဂ္ဂမဟာပဏ္ဍိတ(ရွှေကျင်)ဆရာတော်ဘုရားကြီးသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်လာတော်မူပါသည်။ (ပုံ-၃)

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်

၄။ သံဃာ့ဝန်ဆောင်(၆၆)ပါးအဖွဲ့ကြီး၏ အကြံပေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော် မူခဲ့သော စစ်ကိုင်းမြို့ မင်းကွန်းဓမ္မနာဒတိုက်မှ သက်တော် ၆၉-သိက္ခာတော် ၄၉-ဝါရ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ၊ တိုပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက သကျသီဟ ဓမ္မာစရိယဝဋ်သကာဆရာတော်ဘုရားကြီးသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဘော်ဆောင်ဖြစ်လာတော်မူပါသည်။ (ပုံ-၄)

## နိုင်ငံတော်သံဃနာယကအဖွဲ့ တွဖက် အကျိုးတော်ဆောင်

၅။ သံဃာ့ဝန်ဆောင် (၆၆)ပါးအဖွဲ့၏တွဖက်အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော် မူခဲ့သော ဟသ်ာတမြို့ လယ်တီကျောင်းတိုက်မှ သက်တော် ၆၈-သိက္ခာတော် ၄၉-

ဝါရ ဘဒ္ဒန္တခမာဝုဓ မူလဓမ္မာဧရိယ (မဟာဒွါရုဏ်ဂျီး) ဆရာတော် ဘုရားကြီးသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင် ဖြစ်လာတော် မူပါသည်။ (ပုံ-၅)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက် အကျိုးတော်ဆောင်

၆။ သံဃာ့ဝန်ဆောင်(၆၆)ပါးအဖွဲ့၏ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့သော သုံလျင်မြို့ မင်းကျောင်းစာသင်တိုက်မှ သက်တော် ၅၉-သိက္ခာတော် ၄၀-ဝါရ ဘဒ္ဒန္တဝဏ္ဏသီရိ အစိုးရ ဓမ္မာစရိယအဂ္ဂမဟာကျော် ဆရာတော်ဘုရားကြီးသည် နိုင်ငံတော် သံဃာ့မဟာ နာယက အဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်ဖြစ်လာတော်မူပါသည်။ (ပုံ-၆)

ဂိုဏ်းပေါင်းခုံ သံဃာ့ အစည်းအဝေးပွဲကြီး အောင်မြင်စွာ ရှင်သန်ခြင်း

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၄-ရက်တိုင် ကျင်းပခဲ့ပြီး နောက်ဆုံး နေ့၌ အစည်းအဝေးသဘာပတိ ဖြစ်တော်မူသော ပဓာနပြုမ-ဘဒ္ဒန္တကုန္ဒာဘိဝံသ ဆရာတော်ဘုရားကြီးက ဤသို့ သဘာပတိနိဂုံးချုပ် မြွက်ကြားတော်မူပါသည်။ (ပုံ)

သဘာဝတိမိန့်ခွန်းကြားနာပြီနောက် အခမ်းအနားမှူး ဘဒ္ဒန္တရေဝတ ပုသိမ်ဆရာတော်ဘုရားကြီးက-ဤသို့ လျှောက်ကြားကာ ဂိုဏ်းပေါင်းစုံသံဃာ အနည်းအငေးပွဲကြီးကို အောင်မြင်စွာ ရွပ်သိမ်းလိုက်ပါသည်။





ဆရာတော်သံဃာတော်အရှင်မြတ်တို့ဘုရား ပထမအကြိမ်-ဂိုဏ်းပေါင်းစုံသံဃာအနည်းအငေးပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးငြိမ်းဖြစ်ပါကြောင်း လေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။

သာဓု-သာဓု-သာဓု။

နိုင်ငံတော် သံဃာ့စည်းလုံးမှုကြီး၏ ဒိဋ္ဌဓမ္မိကျိုးပြည့်သူများ ပွဲဦးထွက် လက်ငင်း ခံစားကြရပါပြီ။

ပြည်ဒေသဆိုင်ရာ ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော် ကောင်စီ
အမိန့်အမှတ် ၂/၁၀
ရန်ကုန်မြို့ ၁၃၇၂ ခု၊ နယုန်လဆန်း ၁၅-ရက်
[၁၉၁၀-ပြည့်နှစ်၊ မေလ ၂၁-ရက်]

## လွတ်ငြိမ်းချမ်းသာခွင့်အမိန့်

၁။ သာသနာတော်တည်တံ့ပြန့်ပွားစေရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံသံဃာအစည်းအဝေးပွဲကြီး ပျိုးခမြာက်ခအာင်မြင်သည်ကို နှစ်သဘေးအားရ ဂုဏ်ပြုသောအားဖြင့်ညီညွတ်ခြင်းနှင့် ငြိမ်းချမ်းခြင်းစိတ်ခဘဲကို ပွာ များစေစိမ့်သောငှာ နိုင်ငံတော်ကောင်စီသည် ဤလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်လိုက်သည်။

## နိုင်ငံရေး ပြစ်မှု ကျူးလွန်သူများ

၂။ ဤလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်သည့်နေ့မတိုင်မီက နိုင်ငံရေးပြစ်မှု တရပ်ရပ်ကို ကျူးလွန်ခဲ့ကြသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည်။

## နိုင်ငံတော်ကို ဆန့်ကျင်သောင်းကျန်းနေသူများ

၃။ နိုင်ငံ့ဘေဘ်ကို ဆန့်ကျင်သောင်းကျန်းနေသူများသည် ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀-အတွင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအဖွဲ့အစည်းများ၊ တပ်မတော်စခန်းများ ပြုသ်သူ ရဲစခန်းများ၊ ပြည်သူ့ကောင်စီများ၊ ဝန်ထမ်းအဖွဲ့အစည်းများ၊ ပါတီဒေါင်တဘီးဦး၊ ပြည်သူ့ ကိုယ်စားလှယ်ဘဦး၊ ပြည်သူ့ဝန်ထမ်း တဦးဦးထံသို့ တဦးချင်းဖြစ်စေ၊ အစုလိုက်အဖွဲ့လိုက်ဖြစ်စေ၊ ဥပဒေတောင်အတွင်းသို့ ဝင်ရောက်လျှင်ယင်းဘို့ ကျူးလွန်ခဲ့သော ပြစ်မှုများနှင့်ပတ်သက်၍ အရေးယူခြင်းမပြုရ။

၄။ ဤလွတ်ငြိမ်းချမ်းသာခွင့်သည် ကိုယ်တိုင် ထိခိုက်နစ်နာသူတဦးဦးက တိုင်ကြားခြင်း ပြုသည့် လူသတ်မှု၊ မုဒိန်းမှု၊ သူကဦးအား ထိခိုက်နစ်နာစေသည့်ပြစ်မှု၊ ပုဂ္ဂလိကပိုင်ပစ္စည်း ဆုံးရှုံးနစ်နာစေသည့် ပြစ်မှုဘို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၅။ အပိုဒ်(၄)တွင် ဖော်ပြထားသော ပြစ်မှုများနှင့်ပတ်သက်၍ ဤအမိန့်အရ လုံးဝလွတ်ငြိမ်းချမ်းသာခွင့် မရှိသော်လည်း လူသတ်မှုဖြင့် ပြစ်မှုဆင်ရှာ စီရင်ခြင်းခံရလျှင် စီရင်ခြင်းခံရသူသည် ထောင်ဒဏ်(၁၀)နှစ် (ဆယ်နှစ်)ထက်ပို၍ ကျခံခြင်း မရှိစေရ၊ မုဒိန်းမှု၊ သူကဦးအား ထိခိုက်နစ်နာစေသည့်ပြစ်မှု၊ ပုဂ္ဂလိကပိုင်ပစ္စည်း ဆုံးရှုံးနစ်နာ

စေသည့် ပြစ်မှုတရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် စီရင်ခြင်း ခံရသူသည် ထောင်ဒဏ်(၃)နှစ် (သုံး)နှစ်ထက်ပို၍ ကျခံခြင်းမရှိစေရ။

၆။ ဤလွှတ်တြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ပြီးသည့် နေ့မတိုင်မီက ကူးလွန် ခဲ့သော အပိုဒ်(၅)တွင် ဖော်ပြထားသည့် ပြစ်မှုတရပ်ရပ်နှင့်ပတ်သက်၍ ကိုယ်တိုင် ထိခိုက် နစ်နာသူ ဗဒဦးဥးက တိုင်ကြားခြင်း ပြုနိုင်သော နေ့ရက်သည် ၁၉၈၀-ပြည့်နှစ် ဩဂုတ်လ ၂၈-ရက်နေ့အထိသာဖြစ်စေရမည်။

၇။ ကိုယ်တိုင်ထိခိုက်နစ်နာသူဆိုသောစကားရပ်တွင် နစ်နာသူ၏ တရားဝင်ဇနီး၊ ခင်ပွန်းနှင့် သားသမီးတို့သာ အကျုံးဝင်သည်။

## အခြားပြစ်မှုကူးလွန်သူများ

၈။ နိုင်ငံတော်သားဗဒဦးဥးသည် ဤအမိန့်ကို ထုတ်ပြန်သည့်နေ့မတိုင်မီ ကူးလွန်ခဲ့သော ပြစ်မှုနှင့်ပတ်သက်၍ ဤအမိန့်အရ လုံးဝလွတ်ငြိမ်းချမ်းသာခွင့်မရသေးလည်း လူသတ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခံရလျှင် စီရင်ခြင်းခံရသူသည် ထောင်ဒဏ်(၁၀)နှစ် (ဆယ်နှစ်)ထက်ပို၍ ကျခံခြင်းမရှိစေရ၊ လူသတ်မှုမဟုတ်ပဲ အခြားပြစ်မှု တရပ်ရပ်နှင့် ပတ်သက်၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် စီရင်ခြင်းခံရသူသည် ကူးလွန်သော ပြစ်မှုအတွက် သတ်မှတ်ထားသော ထောင်ဒဏ်၏ ထက်ဝက်ထက် ပို၍ကျခံခြင်းမရှိစေရ၊ မည်သို့ပင်ဖြစ်စေ ထောင်ဒဏ်(၃)နှစ်(သုံးနှစ်)ထက်ပို၍ ကျခံခြင်းမရှိစေရ။

## ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံသားများ

၉။ နိုင်ငံသား တဦးသည် ဤအမိန့်ထုတ်ပြန်သည့် နေ့ရက်မတိုင်မီက ကူးလွန်ခဲ့သော ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ် ကျခံနေရပါက ကျခံရသော ပြစ်ဒဏ်ကို အောက်ပါ အတိုင်း လျှော့ပေါ့ကျခံခွင့်ပြုလိုက်သည်။

(က) နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် ကျခံနေရသူများသည် ထောင်ဒဏ် (၁၀)နှစ် (ဆယ်နှစ်)ကိုသာ ကျခံစေရမည်။

(ခ) သေဒဏ်ကျခံရန် စီရင်ခြင်းခံရသူများသည် ထောင်ဒဏ်(၁၀)နှစ် (ဆယ်နှစ်)ကိုသာ ကျခံစေရမည်။

(ဂ) ထောင်ဒဏ် ကျခံနေရသူများသည် သာမန်ရရှိသော လျှော့ရက်နှင့် နှုတ်ရက်များ အပြစ်ချမှတ်ထားသောထောင်ဒဏ်၏ထက်ဝက်ကိုလျှော့ရက်အဖြစ်ထပ်မံရရှိစေရမည်။

၁၀။ ဤအမိန့်အရ ပေးအပ်သော ခံစားခွင့်များသည် ဤအမိန့်ထုတ်ပြန်သည့် နေ့ရက် နောက်ပိုင်းတွင် ကူးလွန်သော ပြစ်မှုများနှင့်သက်ဆိုင်ခြင်း မရှိစေရ။

ပုံ-နေဝင်း

ဥက္ကဋ္ဌ

နိုင်ငံတော်ကောင်စီ

# နိုင်ငံတော် သံဃာ့စည်းလုံးမှုကြီး၏ တမလွန်အကျိုး
# သံဃာ့ စည်းလုံးညီညွတ်မှု ရရှိအောင် ဆောင်ရွက်သူများ
# နတ်ပြည်၌ တကမ္ဘာတည်အံ့



မန္တလေး မစိုးရိမ်တိုက် အဘိဓမ္မာရဋ္ဌဂုရု ဘဒ္ဒန္တဝိသုဒ္ဓ
ဆရာတော်ဘုရားကြီး (ပုံ)

ကိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးအပြီး နောက်တနေ့ (၂၀-၅-၇၀) နေ့တွင် ဆက်လက်ကျင်းပသော ၁၉၇၀ ပြည့်နှစ် ဘွဲ့ဘံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် ကိုဏ်းပေါင်းစုံ သံဃာ့ကိုယ်စားလှယ်တထောင်ကျော်တို့အား ပူဇော်ပွဲကျင်းပသည့် အခမ်းအနားဘွင် မန္တလေးမြို့ မစိုးရိမ်တိုက် အဘိဓမ္မာရဋ္ဌဂုရု ဘဒ္ဒဝိသုဒ္ဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဓမ္မာဘိဝံသ ဆရာတော်ဘုရားကြီးက သြဝါဒကထာမိန့်ကြား တော်မူရာတွင်-

သာသနာတော်သုံးရပ်စည်ပင်ပြန့်ပွားထွန်းကားရေးကို ဦးတည်၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သံဃာ့အဖွဲ့အစည်းတခုတည်းဖြစ်အောင် ကြိုးပမ်းအားထုတ် ပြုလုပ်ကြသော သံဃာ့ဝန်ဆောင်ဆရာတော်များ၊ အစိုးရနှင့်ပြည်သူများ၊ ရအပ်သော အကျိုးတရား များကို စွဋ္ဌဝါပါဠိတော်၌လာသည့် ဂါထာပုဒ်ဖြင့် ဖော်ပြပြီး သြဝါဒကို အဆုံးသတ်ပါဘယ်-

သုခါသံယဿဆာမဂ္ဂီ၊ သမဂ္ဂါနဉ္စအနုဂ္ဂဟော။
သမဂ္ဂရတောဓမ္မဌော၊ ယောဂက္ခေမာနုဓံသတ်။
သံဃ သမဂ္ဂံကတ္ဝာန၊ ကပ္ပံသဂ္ဂမ္ဖိမောဒတိ။

သံဃဿာ၊ သံဃာတော် အရှင်မွန်အရှင်မြတ် အပေါင်း၏။ သာပဂ္ဂီ၊ တစုတပေါင်းဘဉ်း ခွဲစည်းညီညွတ်ခြင်းသည်။ သုခါ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့အဖို့ ချမ်းသာလှုပါပေ၏။ သမဂ္ဂါနံ၊ ဘစုတပေါင်းတည်း ဖွဲ့စည်းညီညွတ်ကြသော သံဃာတော် အရှင်မြတ် တို့အား။ အနုဂ္ဂဟောစ။ ချီးမြှောက်ပူဇော်သောသူသည်လည်း။ သမဂ္ဂရတော၊ ညီညွတ်ပေါင်းစုဖွဲ့စည်းမှုဌာန မွေ့လျော်ပျော်ဝင်းနှစ်ခြိုက်လျက်။ ဓမ္မဌော၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း မှန်သောတရားတော်၌ စာည်တံ့သည်ဖြစ်၍၊ ယောဂက္ခေမာ၊ ရောဂါဒေးဖြာကုန်ဆုံးရာ နိဗ္ဗာန်မှ၊ နဓံသတိ၊ အမှန်ပိုင်ဆိုင် ရနိုင်သည် ဖြစ်၍ မပျက်စီးမဆုံးရှုံးနိုင်။ သံဃံသမဂ္ဂံသံဃာတော်အရှင်မွန် အရှင်မြတ် အပေါင်းကို တစုတပေါင်းဘဉ်းဖြစ်အောင်။ ကဘွာန၊ ဆရာဒကာစုပေါင်း၍ ပြုကြသောကုသိုလ်စေတနာကြောင့်။ ကပ္ပံ-သဂ္ဂမ္ဖိ၊ နတ်ပြည်၌ဖြစ်လျင် ကမ္ဘာတည်သရွေ့ကာလပတ်လုံး။ မောဒတိ၊ ဝမ်းမန်းတသာ ဖြစ်ရပါ့ပေသတည်း။

# သာသနာတော် သန့်ရှင်းတည်တံ့ရေး ဥပဒေများ
# စတင်အကောင်အထည်ဖော်
# ဓမ္မစက်နှင့် အာဏာစက်နှစ်ရပ် ပူးပေါင်း
# ရဟန်းတု ရဟန်းယောင်များ သုတ်သင် ရှင်းလင်း

၁၉၁၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ကိုဏ်းပေါင်းစုံသံဃာ့အဖွဲ့ကြီးက သာသနာရေးဆိုင်ရာ ဥပဒေများကို အာဘည်ပြုပြဋ္ဌာန်းလိုက်သည်။ ယင်းနှစ် အောက်တိုဘာလတွင် ပြည်သူ့လွှတ်တော်က အတည်ပြုကြေငြာသည်။

## ဗဟိုအဖွဲ့ချုပ်ရုံးထိုင်

ဥပဒေများ အတည်ပြုပြဋ္ဌာန်းလိုက်ပြီးနောက် ၁၉၁၀ ပြည့်နှစ် ဇူလိုင်လတွင် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ (ဗဟိုအဖွဲ့ချုပ်)သည် ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်တွင် စတင် ရုံးထိုင် စာဝင်နှံထမ်းဆောင်တော်မူကြသည်။

## အလှည့်ကျ ၄-လစီ

နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီး (၃၃)ပါးသည် (၁၁) ပါးစီ ခွဲ၍ (ပထမအဖွဲ့ခွဲ) (ဒုတိယအဖွဲ့ခွဲ) (တတိယအဖွဲ့ခွဲ) သုံးဖွဲ့ခွဲပြီး တဖွဲ့လျှင် ၄-လကျစီ တာဝန်ယူကာ အဖွဲ့ချုပ်တည်ရာ ဇမ္ဗူဒီပကျောင်းဆောင်၌ သီတင်းသုံးဆောင်ရွက်တော်မူကြသည်။

## အဖွဲ့ငယ်သုံးဖွဲ့ဖြင့် နေ့စဉ်ဆောင်ရွက်

၄-လကျစီ တာဝန်ယူဆောင်ရွက်တော်မူသော (၁၁)ပါးအဖွဲ့ဝင်သည် အဖွဲ့ငယ် သုံးဖွဲ့ခွဲ၍ နေ့စဉ် လုပ်ငန်းဘာဝန်များကို ဆောင်ရွက်တော်မူကြသည်။

၁။ ဝိနိစ္ဆယအဖွဲ့ငယ် = ပါရာဇိကစသော အာပတ္တိ၊ ဓိကရဏ်မှုခင်းများ၊ဘုရားမြေ၊ ကျောင်းမြေ၊ သူပိုင်ငါပိုင်၊ ပဂ္ဂလိက-သံဃိက အငြင်းပွားမှု ဝိဝါဒဓိကရဏ်းမှုခင်းများစသည်-

၂။ သာသနာရေးအဖွဲ့ငယ် = သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ သံဃာစာရေးများ ပြုစုထိန်းသိမ်းခြင်း၊ ဓမ္မအဓမ္မအငြင်းဖွဲ့မှုစသော သာသနာရေးရာ မှုခင်းစသည်များ-

၃။ ပညာရေးအဖွဲ့ငယ် = ပရိယတ်၊ ပဋိပတ်ဆိုင်ရာ ပညာသင်ကြားရေး စီမံကိန်းများ၊ စာမေးပွဲစာပြန်ပွဲများ ကျင်းပခြင်း၊ သာသနာရေး ဆိုင်ရာ စာမူများ စိစစ်ခြင်းစသည်-

ဤသို့ လုပ်ငန်းအလိုက် အဖွဲ့ငယ်သုံးဖွဲ့ခွဲ၍ တာဝန်ခွဲဝေဆောင်ရွက်တော်မူကြသည်။

# ၃၃-ပါးမှ ၄၅-ပါးသို့တိုးချဲ့

နေ့စဉ်ဆောင်ရွက်ရသည့် အထက်ပါ သင်္ဃနာ့ကိစ္စလုပ်ငန်းများသည် တနှစ်ထက် တနှစ် ကျယ်ဝန်းများပြားလာသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို မူလ(၃၃)ပါးမှ (၄၅)ပါး ထိ တိုးချဲ့ဖွဲ့စည်းပြီး ယခုအခါတွင် ၄-လပတ်အဖွဲ့ခွဲ တဖွဲ့လျှင် (၁၅) ပါးစီ ဆောင်ရွက်တော် မူကြသည်။



နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ဘုရားကြီးများ ၄၅-ပါး(ပုံ)

## ဆွမ်းကွမ်းဝေယျာဝစ္စကိစ္စ ပြည်သူက တာဝန်ယူ

အလှည့်ကျ (၄)လပတ် တာဝန်ယူဆောင်ရွက်နေတော်မူကြသော သံဃမဟာနာယက ဆရာ တော် (၁၅)ပါး၏ နေ့စဉ် ဆွမ်းကွမ်းဝေယျာဝစ္စကိစ္စများကို သီးခြား ဖွဲ့စည်းထားသော နိုင်ငံတော် သံဃ့မဟာနာယက ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့က လုပ်သားပြည်သူ စေတနာရှင်များ၏ နေ့စဉ် လာရောက်လှူဒါန်းသော အလှူငွေများဖြင့် နံနက်ဆွမ်း၊ နေ့ဆွမ်းများကို တာဝန်ယူ ဆက်ကပ် ဆောင်ရွက်လျက်ရှိသည်။

## သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ပေါ်လာ

နိုင်ငံတော် သံဃာ့မဟာနာယကဆရာတော်ကြီးများ ရုံးထိုင်၍ ဥပဒေ ပြဋ္ဌာန်းချက်များကို စတင်အကောင်အထည်ဖော် ဆောင်ရွက်တော်မူပြီး မကြာမီကာလ အတွင်းမှာပင် မြန်မာနိုင်ငံတဝန်းလုံးရှိ မြို့နယ်ပေါင်းသုံးရာကျော်မှ သံဃာ့အဖွဲ့အစည်းများ အဆင့်ဆင့်ပေါ်ထွက်လာသည်–

ကျေးရွာ သံဃနာယကအဖွဲ့များ
ရပ်ကွက် သံဃနာယကအဖွဲ့များ
မြို့နယ် သံဃနာယကအဖွဲ့များ
တိုင်း သံဃနာယကအဖွဲ့များ
ပြည်နယ် သံဃနာယကအဖွဲ့များ
ဝိနည်းဓိရ် ဝိနိစ္ဆယအဖွဲ့များ– ပေါ်ထွက်လာသည်။

## သံဃအုပ်ချုပ်ရေး ယန္တရားကြီးများ အသက်ဝင်လာ

နိုင်ငံတော် သံဃအဖွဲ့အစည်းများ အဆင့်ဆင့် ပေါ်ထွက်လာလျှင်ပဲ ပြဋ္ဌာန်းထားသည့် သ သနာရေးဆိုင်ရာဥပဒေများသည် တပိုဒ်စီ တပိုဒ်စီအသက်ဝင်လာကြသည်။

## ခင်ကြီးလူထွက်ပွဲကြီး

သံဃ အုပ်ချုပ်ရေးဥပဒေများ အသက်ဝင်လာလျှင်ပဲ နှစ်ပေါင်းများစွာက ရင်နှင့်လာခဲ့ကြတဲ့ ကျေးရွာ ဗုဒ္ဓဘာသာဝင်များ လှုပ်ရှားလာကြသည်။

နှစ်ပေါင်းများစွာက အံကြိတ်ခေါင်းငုံ့လာခဲ့ကြတဲ့ မြို့နေ ဗုဒ္ဓဘာသာဝင်များ ခေါင်းထောင်လာကြသည်။

နှစ်ပေါင်းများစွာက မသိချင်ယောင် မမြင်ချင်ယောင် မကြားချင်ယောင် ဆောင်ပြီး မျိုသိပ်အံကြိတ်သာခဲ့ကြတဲ့ ရဟန်းရှင်လူအများက ရင်ဖွင့်ရန် ဟန်တပြင်ပြင် ဖြစ်လာကြသည်။

သို့ကလို့ တလှုပ်လှုပ်တရွရွဖြစ်လာကြပြီး မကြာမီမှာပင်–

ဘယ်ကိုယ်တော်ကိုဘယ်ဌာနကပင့်သွားပြီတဲ့၊ ဘယ်ကိုယ်တော်ကဘာတဲ့ တပ်အပ်သေချာမိလို့ လူဝတ်လဲ သင်္ကန်းချွတ်လိုက်ရပြီတဲ့ ဆိုသည့် နိုင်ငံကျော် ရဟန်းတု ရဟန်းယောင်ကြီးများ၏ ကျော်မကောင်း၊ ကြားမကောင်း မမြင်ကောင်း မကြားကောင်းသည့် အညစ်အကြေးဟာကွက်သတင်းကြီးများသည် ကျေးရွာ၊ ရုပ်ကွက်၊ မြို့နယ်များအတွင်းမှ အလျှို၊ အလျှို ပေါ်ထွက်လာကြသည်။

နိုင်ငံကျော်ကြီးများ၏ အပုပ်နံ့ကြီးများ ပေါ်ထွက်လာတဲ့အခါ ကြားရသိရသူအပေါင်းမှာ-ဟင်-ဟုတ်မှဟုတ်ပါ့မလား၊ ဖွ-လွဲပါစေ-ချော်ပါစေ-ဟုတ်ပေယ် မထင်ပါဘူး၊ မဖြစ်နိုင်ပါဘူး ဆိုတဲ့ မယုံချင်သူများကတစ်မျိုး၊ အင်း-ဟုတ်ချင်လဲဟုတ်မှာပါပဲလေ ဆိုတဲ့ မယုံချင့် ယုံချင်နှင့် ယုံရသူများကတဖုံ၊ တနေ့ကယင် ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ ငါထင်သားပဲဆိုတဲ့ ဦးထင်-ဒေါ်ထင်-မောင်ထင်-မထင်တို့က တစ်ဖွဲ-

သို့ကလို အံ့သံ, သြသံ, စုတ်သံ, တက်ခေါက်သံ, အာမေဋိတ်သံများ အိမ်ကြို အိမ်ကြား ကျောင်းကြို ကျောင်းကြား ရုံးကြို ရုံးကြားမှ ပဲ့တင်ရိုက်ဟည်းလာကြသည်။

အထူးသဖြင့် မြို့ရန်ကုန်နေပြည်တော်မှ နိုင်ငံကျော်ရဟန်းတု ရဟန်းယောင် ဓူဝံကြယ်ကြီးများ ကြွေကျမြေခဲ့ကြသည့် သတင်းကြီးများသည် ကမ္ဘာမြေကြီး သွက်သွက်ခါတုန်ဟည်းမတတ် ဖြစ်ခဲ့ရသည်။

ကိုယ်တော်ယောင်ကြီးများ၏ ဇာတ်လမ်းပမာ နားဆင်စရာများကို ပြည်သူလူထုက ကြားချင်ကြလေမလားမသိ၊ နားနှင့်မနာ ဖဝါးဖြင့်နာရမည့် ဇာတ်လမ်းဖြစ်လို့ နားဆင့်ဝ မဆင်ချင်ကြပါနှင့်ဟု တောင်းပန်ရပါမည်။

မြတ်စွာဘုရားက ဒုဿီလဉာဏ်ခိပန ဃာသနာ ငါ၏ ဃာသနာအတွင်းမှာ မသန့်ရှင်းသော ရဟန်းများသည် မဟာသမုဒ္ဒရာသည် အမှိုက်သရိုက်များကို ကမ်းသို့ ပုတ်ထုတ်သကဲ့သို့ ဖြစ်မြဲလိမ့်မည် ဟူ၍ ဟုတ်ကဲ့ဖွယ်ရှစ်ဖြာ သာသနာအကြောင်း ဟောတော်မူခဲ့သည်ကို ရဟန်းယောင်ကြီးများသတိမမူ ဂူမမြင်ဖြစ်ခဲ့ရရှာသည်။

ရာဇဝတ်ဘေးပြေးမလွတ် ဆိုသည့်စကားပုံအတိုင်း နောက်ဆုံး မုတ်ချက်ချရပါတော့သည်။

ဤသို့လျှင် သာသနာရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဓမ္မစက်နှင့်အာဏာစက်၂-ရပ် ပူးပေါင်းပြီး သာသနာ့အညစ်အကြေး ရဟန်းတုရဟန်းယောင်များကို သုတ်သင်ရှင်းလင်းသာခဲ့ရာ ၁-နှစ်ကျော် ၃-နှစ်ကာလအတွင်းမှာပင် သံဃာ့ရုံးများ၌ မိမိတို့ဒုစ္စရိုက်ကို ဝန်ခံလက်မှတ်ရေးထိုးပြီး သက်နှံးခွါတ် သွားရသူပေါင်း သုံးရာကျော် လေးရာနီးပါး စာရင်း ဝင်လာခဲ့သည်။ အကြွင်းအကျန်များကလည်း ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ပြုရှင်း ဆုံးဖြတ်ရေး ဆိုင်ရာ ဥပဒေများနှင့်အညီ နိုင်ငံတော် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်ကို ပူးပေါင်းသုတ်သင်ရှင်းလင်းလျက်ရှိသည်။

# သာသနာတော်တည်တံ့ပြန့်ပွားရေး အကောင်အထည်ဖော်
# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ
## မဟာမြို့တော်ကြီးများ၏ ပထဝီမြေပြင်မှ
## မကြာမီ ပေါ်ထွက်လာပါတော့မည်

ကမ္ဘာ့သူ ကမ္ဘာသားတို့၏ဆန္ဒကြောင့် မိုးကောင်းကင်မှ စန္ဒာလမင်းကြီးပေါ်ထွက်လာသလို မြန်မာ့သူ မြန်မာသားတို့၏ဆန္ဒကြောင့် မြို့တော်မဟာရန်ကုန်နှင့် မန်းနေပြည်တော် ပထဝီမြေပြင်မှ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ မကြာမီ ထီးထီးမားမားကြီး ပေါ်ထွက်လာပါတော့မည်။

အနှစ်နှစ်အလလက တောင့်တလာခဲ့သည့်၊ ကြိုးပမ်းလာခဲ့သည့် ကမ္ဘာ့စံချိန်မီ သာသနာ့တက္ကသိုလ်ကြီးများကို ဗုဒ္ဓဘာသာဝင်အပေါင်းတို့ အားရပါးရကြိုးမြင်ရပါတော့မည်၊ တွေ့ရပါတော့မည်။

ဘုရားမပွင့်မီနှစ်ပေါင်း (၁၀၀၀)ကစပြီး ဗုဒ္ဓဘုရား ပွင့်ပါတော့မည် ဆိုသည့် ရှေ့ပြေးကောလာဟလသတင်းများ ဖြစ်ပေါ်ခဲ့သလို မြန်မာနိုင်ငံတွင် နှစ်ပေါင်း (၃၀) ကျော်က စပြီး သာသနာ့တက္ကသိုလ်ကြီး ဖြစ်ပေါ်လာတော့မည့် ရှေ့ပြေးနိမိတ်ကြီးများ အရောင်သန်းလာခဲ့သည်။

လွန်ခဲ့သည့်နှစ်ပေါင်း (၃၀ ကျော် ၁၉၅၂ ခုနှစ်က ရန်ကုန်ကောလိပ် ပါဠိပါမောက္ခ ဆရာကြီး မစ္စဘာစီဒရွ ိစ်ဆယ်လက် မြန်မာပြည်တွင် ပါဠိတက္ကသိုလ်ကြီး ရှိသင့်ပါကြောင်း အကြံပြုခဲ့ပါသည်။

ပါမောက္ခကြီး၏ အကြံပြုချက်သည် အလွန် သင့်မြတ်လှပါသည်၊ သို့သော် ထိုအချိန်က စိတ်ဝင်စားသူနည်းပါးသေး၍ ဆရာကြီး၏ အကြံပြုချက်သည် လေထဲတွင်ပျောက်ကွယ်ခဲ့သည်။

သို့သော် ဆရာကြီး၏အကြံပြုချက်သည် ရှေ့ပြေးနိမိတ်ဖြစ်လာခဲ့ပါသည်။ ၁၉၅၇ ခုနှစ်သို့ ရောက်လာတဲ့အခါ ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်စောင်က မြန်မာနိုင်ငံလို ပါဠိဘာသာထွန်းကားသည့်တိုင်းပြည်တွင် ပါဠိတက္ကသိုလ်ကြီး ရှိသင့်ပါကြောင်း တိုင်းပြည်ကို စောင်ပြလာပြန်သည်။

မှန်ပါသည်။ ဆရာကြီးတင်ပြသလို အမှန်ပင်ရှိသင့်ပါသည်။အလွန်ပင်ရှိသင့်ပါသည်။ သို့သော် ထိုအချိန်အခါက မြန်မာလူမျိုးများသည် တိုင်းဘပါးမင်း၏လက်အောက်မှာ မိစ္ဆာမင်းကို ဘုရားထူးနေရသည့်ဘဝသို့ရောက်ရှိနေကြပြီး ကံဆိုးကြမှာဆိုးများဝင်နေကြသည့်အချိန်ဖြစ်လို့ ဆရာကြီး၏ အကြံပြုချက်သည် အိပ်မက်အဖြစ်နှင့်ပျောက်ကွယ်ခဲ့ရပြန်သည်။

သို့သော် ဆရာကြီး၏ အိပ်မက်သည် အတိတ်ကောင်းနိမိတ်ကောင်းဖြစ်လာခဲ့ပါသည်။ ဆရာကြီး၏တံခါးခေါက်သံကြောင့် ရဟန်းရှင်လူဖြူသူတို့ အိပ်ရာမှနိုးလာကြပါသည်။ ပါဠိတက္ကသိုလ်

ကြီး ရှိကေခင်းသည်ကို သိလာကြပါသည်။ ကြံစည်လာကြပါသည်။အားပြုလာကြပါသည်။ သို့သော်လည်း ရေးရေးကလေးမျှပင် အရိပ်မထင်ခဲ့ပါ။

သို့ကသိုနှင့် ခရစ်သက္ကရာဇ် ၁၉၄၈ ခုနှစ်သို့ ဝင်ရောက်လာခဲ့သည်။ ထိုနှစ်တွင် မြန်မာလူမျိုးများသည် မိစ္ဆာမင်း၏ နှောင်အိမ်ကြီးအတွင်းမှ ကျွတ်ကြလွတ်ကြပြီဖြစ်သည်။

မိစ္ဆာမင်း၏လက်အောက်မှ လွတ်မြောက်လာကြတဲ့အခါ တက္ကသိုလ်ဆရာကြီး ဦးဖေမောင် တင်မြင်မက်ခဲ့သည့် ပါဠိတက္ကသိုလ်ကြီးကို ပြန်လည်သတိရလာကြသည်။ အကောင်အထည် ဖော်ဖို့ ကြံစည်စိတ်ကူးလာကြသည်။

သို့ကသိုနှင့် လွတ်လပ်သည့်နောက် ၁၉၆၀ ခုနှစ်သို့ ကာလရွှေ့လျားလာတဲ့အခါ သာသနာ့ တက္ကသိုလ်ကြီး အကောင်အထည်ပေါ်တော့မည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့သည်။

ထိုအချိန်ထိုအခါက ကမ္ဘာ့စံချိန်ဝင် ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်ကြီးကို ဖန်ဆင်းတော်မူခဲ့ကြသည့် ဆရာဘုန်းသံဃာကောင်အရှင်မြတ်များက နိုင်ငံတော် သာသနာ့ ပါဠိတက္ကသိုလ်ကြီးတည်ဆောက်ကြဖို့ သြဝါဒလမ်းညွှန်ဘော်မူခဲ့ကြပါသည်။

ဆရာတော်အရှင်မြတ်များ၏ သြဝါဒလမ်းညွှန်မှုကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့လူကြီးမင်းများက ဝမ်းမြောက်ဝမ်းသာနှင့် ဦးထိပ်ပန်ဆင်ခဲ့ကြပါသည်။

ဗုဒ္ဓသာသနာအဖွဲ့ဝင် လူကြီးမင်းများသည် ဆရာတော်များ၏ သြဝါဒအတိုင်း နိုင်ငံတော် သာသနာ့ တက္ကသိုလ်ကြီး ဖြစ်မြောက်ရေး စီမံကိန်းကြီးများကို ငြမ်းဆင်ပြီး နှင်လား ငါလား တက်ကုန်သုတ် ကြိုးပမ်း ခဲ့ကြပါသည်။

တက္ကသိုလ်စီမံကိန်းကြီးများ ငြမ်းဆင်လို့အပြီး အကောင်အထည်ပေါ်တော့မည့်ဆဲဆဲ ဟန်ငြင်နေချိန်မှာ အခက်အခဲအမျိုးမျိုး ပေါ်ပေါက်လာခဲ့သဖြင့် ငြမ်းကြီးကို သာသနာ့ တက္ကသိုလ်ကြီး၏ ဇာတ်လမ်းတခန်း ရပ်လိုက်ရပါသည်။

သို့ပေမဲ့ ဘာသာရေးနှင့်လွတ်လပ်ရေးဆိုယင် အသက်ပင်သေသည်၊ ကမ္ဘာမကြေ ဇာတိသွေးကိန်းလာခဲ့ကြတဲ့ မြန်မာလူမျိုးတို့ရဲ့သတ္တိကား ခါးတောင်းကြိုက်ဖြုတ်ရိုးဆုံးစံမရှိခဲ့ပေ၊ ဒုတ်မိသဲ့တိုင် တက်နိုင်ဖျားရောက် ဇွဲမာန်တင်းထားခဲ့ကြသည်။

သို့ကသိုနှင့် နိုင်ငံတော်ပါဠိဘက္ကသိုလ်ဇာတ်လမ်းကြီး နှစ်ပေါင်းနှစ်ဆယ်ကျော် နှစ်မြုပ်ခဲ့ရပြီး သာသနာ့ဘော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးခေတ် ၁၉၇၀ ပြည့်နှစ်သို့ ချင်းနင်း ဝင်ရောက်လာခဲ့သည်။

ဆန္ဒဝင်းကောကိ နာမကမ္မ နသိဇ္ဈတိ၊ ဆန္ဒရှိလျှင် ဘယ်ကိစ္စမဆို ပြီးရစမြဲ ဘုရားဟော ပါဠိဋီကာရှိသည်နှင့်အညီ သမိုင်းပြောင်း သာသနာရေးခေတ် ၁၉၇၂-ခုနှစ်သို့ ရောက်လာတဲ့အခါ နှစ်ပေါင်း(၇၀)ကျော်က တက္ကသိုလ်ဆရာကြီး မစွတာစီဗရွှိုင်ဆယ်လ် နိမိတ်ဖတ်ခဲ့သည့် နိုင်ငံတော် ပါဠိဘက္ကသိုလ်ကြီးသည် သိရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပဿာဏတောင်ကုန်းတော်ကြီး အာဘွင်းမှ ဘွားကနဲ ပေါ်ပေါက်လာလေတော့သတည်း။

## နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး

ခေတ်ပြောင်းသာသနာရေးလောကကြီးကို ဖန်ဆင်းတော်မူခဲ့ကြသည့် နိုင်ငံတော် ဂိုဏ်းပေါင်းစုံအဖွဲ့ကြီးက ၁၉၇၂ ခုနှစ် ဇွန်လ(၄)ရက်နေ့၌ ကျင်းပသော ကမ္ဘာအေး လိုဏ်ဂူတော် အစည်းအဝေးကြီးတွင် ရန်ကုန်နှင့်မန္တလေးရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ဆောက်ရန် တညီတညွတ်တည်း ဆုံးဖြတ်ချက် ချမှတ်တော်မူလိုက်ကြပါသည်။

ယင်းဆုံးဖြတ်ချက်ကို နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအဖွဲ့က ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်တော်မူလိုက်ကြပါသည်။ ကမ္ဘာ့စံချိန်မီတက္ကသိုလ်ကြီးများ ဖြစ်လာအောင် စီမံကိန်းကြီးများ အလျင်အမြန်ရေးဆွဲ အကောင်အထည်ဖော်တော်မူကြပါသည်။

စီမံကိန်းနှင့်အညီ တက္ကသိုလ်အဆောက်အအုံကြီးများ ဖြစ်ပေါ်လာရေးအလို့ငှာ နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် တိပိဋကဓရမဟာဂန္ထာဂါရိက ဒုရှင်ဝိစိတ္တသာရာဘိဝံသဆရာတော်ဘုန်းကြီးအား သံဃမဟာနာယက ဆရာတော်များက တာဝန်အပ်နှင်းတော်မူကြပါသည်။

## ဆရာတော် ဘုရားကြီး၏ ဘုန်းတန်ခိုးတော်

သာသနာ့ဓမ္မဘဝါမြတ်ကြီး၏ အကျိုးကို သဒ္ဓါစေတနာတက်တက်ကြွကြွနှင့် နှစ်ပေါင်းများစွာ ဆောင်ရွက်လာတော်မူခဲ့သော ဆရာတော်ဘုရားကြီး၏ လုံလဝီရိယတန်ခိုးတော် တိုင်းသူပြည်သား ဒကာ-ဒကာမများအပေါ်မှာ ရင်ဝယ်သားကဲ့သို့ မေတ္တာတော် ကြီးမားလာခဲ့သည့် ဆရာတော် ဘုရားကြီး၏ မမေတ္တာတန်ခိုးဟော်ကြောင့် နှစ်ပိုင်း လပိုင်းအတွင်းမှာပင် တက္ကသိုလ် အဆောက်အအုံကြီးများ ထီးထီးမားမားကြီး ပေါ်ထွက်လာတော့မည့် အခြေအနေသို့ ရောက်ရှိလာခဲ့ပါသည်။

တိပိဋကမရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီးသည် မဟာနာယက ဆရာတော်များက ပေးအပ်သည့်ဘာဝနာကြီးကို ပုဂံပြီး မန်းနေပြည်တော်သို့ ပြန်ကြွတော်မူခဲ့ပါသည်။

ဆရာဘုန်းကြီး ကြွလာသည့်သတင်းကို ကြုံတွေ့ကြားသိနေကြသည့် မန်းမြို့တော်သူ မြို့တော်သား စေတနာရှင် ဒကာ ဒကာမများက ဒါနအထုပ်အပိုးကြီးများ တပြင်ပြင်နှင့် ဆရာတော်ကြီးအလာကို စောင့်ကြိုလျက်ရှိကြသည်။

ဆရာတော်ဘုရားကြီး ရောက်လာလျှင်ပဲ စေတနာများ ပွဲပုံကဲ့သို့ ဆရာတော်ဘုရားကြီးထံ အဖူးအမြော် ရောက်ရှိလာကြပါသည်။

## ဆရာတော်ဘုရားကြီး၏ထူးခြားချက်

ဆရာတော်ဘုရားကြီးသည် ကြီးလေးသည့်တာဝန်ကြီးကို လက်ခံတော်မူခဲ့သော်လည်း ဓာတ္တသိုလ်ကြီးရန်ပုံငွေရရှိမရေး အတွက်ဘာမျှပူပင်ကြီးမှားဆင်ပြီး သွေးဆောင်ဟောပြောမည့်လက္ခဏာမတွေ့ရှိခဲ့ရပါ။ သွေးဆောင်ဟောပြော၍ ရရှိလာသည့်အလှူငွေများကိုလည်းလိုလားဟန်မရှိပါ။ သာသနာတော်ကြီးအပေါ်မှာ ထားရှိခဲ့သည့် မိမိစေတနာနှင့် ဒကာ ဒကာမများအပေါ်မှာ စောင့်ရှောက်လာခဲ့သည့် မေတ္တာကိုသာ ယုံကြည်ချက်ထားရှိတော်မူသည်ကို တွေ့ရှိရပါသည်။

ဤမှန်ကန်သောယုံကြည်ချက်ကြောင့်ပင် စစ်ကိုင်းတောင်ရိုး မိုမိုကျောင်းတော်သို့ ပြန်ရောက်လာလျှင်ပဲ သတင်းကြားသိ၍ စောင့်မျှော်နေကြသော စေတနာရှင်များ တသုတ်ပြီးတသုတ် ဆရာတော်ဘုရားကြီးထံ အဖူးအမြော် ရောက်လာကြသည်။ တက္ကသိုလ် ကျောင်းတော်ကြီး၏ သတင်းကို မေးကြ, မြန်းကြ လျှောက်ထားကြသည်။

## တက္ကသိုလ်အခြေစိုက် မြေနေရာ ပွဲဦးထွက်ပေါ်လာ

ဆရာတော်ဘုရားကြီးပြန်ရောက်လို့ မကြာမီမှာပင် မန္တလေး အရှေ့ပြင်အရပ်မှ တက္ကသိုလ် ကျောင်းတော်ကြီး အခြေစိုက်မည့်နေရာ အလှူတော်မင်္ဂလာကြီး ပေါ်ထွက်လာခဲ့သည်၊ မန္တလေး အရှေ့ပြင်အရပ်ရှိ မဟာဝိဇယမှန်ကျောင်းတိုက်ကြီးသည် တက္ကသိုလ် ကျောင်းတော်ကြီး၏ အခြေစိုက်မည့် ဘူမိနကဲသံ ဖြစ်လာခဲ့သည်၊

## တက္ကသိုလ်ကျောင်းဒကာ ရာထူးနေရာများတွင် ကြိတ်ကြိတ်တိုး

သာသနာ့တက္ကသိုလ် ဂရုံမြေကွက်ကြီး ပေါ်ထွက်လာလျှင်ပဲ တက္ကသိုလ်ကျောင်းဆောင်ကြီးများ၏ ကျောင်းဒကာရာထူးနေရာများတွင် ထမ်းဆောင်လိုကြသည့် စေတနာရှင်များ ကြိတ်ကြိတ်တိုး နေရာယူလာကြပါသည်။

မန်းသူမန်းသားတို့၏ သဒ္ဓါစေတနာများသည် ခုံသီးမိုးပေါက်နှာ ရွာချဘိ အလား ထူးခဲလှပါသည်။ ရက်ပိုင်းလပိုင်းအတွင်းမှာပင် ထိုင်တန်း ကျောင်းဆောင်ကြီးများ၏ ကျောင်းဒကာနေရာများ ကွက်လပ်ပြည့်သွားခဲ့ပါသည်။

သာသနာပြု မင်းကောင်းမင်းမြတ်တို့၏ နေပြည်တော်ဖွားများပီပီ မြေကပြောသည့်ဇာတိကို ပြလိုက်သလို ထင်မှတ်လိုက်ရပါသည်။

ဆက်ခါဆက်ခါပင် ကျောင်းဒကာနေရာများကို ဝင်ရောက်တာဝန်ယူလိုက်ကြရာ အဆောက်အအုံခပင်း (၄ )မျိုးအတွက် တက္ကသိုလ်ကျောင်းဒကာဇယားကွက်များ ပြည့်ပျံသွားခဲ့ပါသည်။

## သိန်းပေါင်း ရာကျော်

မန်းသာသနာ့ဘက္ကသိုလ်ကျောင်းတော်ကြီးအတွက် ယနေ့ထိ အလှူဆည်ဝေသိန်းပေါင်းရာကျော် စာရင်းပေါက်ပြီဟု သိရှိရပါသည်။

## ကျောင်းဒကာ စာရင်းသွင်းပြီးသော အဆောက်အအုံများ

၁။ အလယ်ဗဟို-ဘွဲ့နှင်းမဟာရုံကြီး
၂။ နာယကချုပ် မဟာထေရ်ကျောင်းဆောင်
၃။ ဒုတိယ နာယကချုပ်မဟာထေရ်ကျောင်းဆောင်
၄။ အာဂန္တုမဟာထေရ်များကျောင်းဆောင်

၅။ နိုင်ငံခြားအာဂန္တုသံဃာတော်များ ကျောင်းဆောင်
၆။ ပြည်ကွင်းအာဂန္တုသံဃာများ ကျောင်းမောင်
၇။ မော်ကွန်းထိန်းဆရာတော် မဟာထေရ်ကြောင်းဆောင်
၈။ ပါမောက္ခ(နာယက)ဆရာတော်များအတွက် ကျောင်းဆောင်(၃)ဆောင်
၉။ ကထိကဆရာတော်များနှင့် လက်ထောက်ကထိက ဆရာတော်များ ကျောင်းဆောင်(၅)ဆောင်
၁၀။ တက္ကသိုလ်ဖြစ်ပေါ်လာပုံသမိုင်း ကျောက်စာတိုက်
၁၁။ စာသင်သံဃာအပါး တရာဆံ့ မဟာဌာနများ
၁၂။ စာဖေစုပေါင်းဆွေးနွေးရန် ကျောင်းဆောင်
၁၃။ စာသင်သံဃာအပါး(၅၀၀)ဆံ့ သီတင်းသုံးရန် ကျောင်းဆောင်(၂၄)ဆောင်
၁၄။ နှစ်ဆပ် ဓမ္မဓရ ရေသိမ်တော်ကြီး
၁၅။ စာကြည့်တိုက်
၁၆။ ဓမ္မသာလာ အမှတ်(၁)
၁၇။ ဓမ္မသာလာအမှတ်(၂)
၁၈။ ဆွမ်းစားဆောင်အမှတ်(၁)
၁၉။ ဆွမ်းစားဆောင်အမှတ်(၂)
၂၀။ ဆွမ်းပြင်ဆောင်အမှတ်(၁)
၂၁။ ဆွမ်းပြင်ဆောင်အမှတ်(၂)
၂၂။ ဆွမ်းချက်ဆောင်အမှတ်(၁)
၂၃။ ဆွမ်းချက်ဆောင်အမှတ်(၂)
၂၄။ ဘဏ္ဍာဂါရသိုလှောင်ကျောင်း
၂၅။ အဝိစိတွင်း(၃)ဟွင်း၊ ရေစုတ်စက်၊ စက်ရုံ၊ လျှပ်စစ်မီးစက်၊ ရေစင် အပါအဝင်)
၂၆။ မော်တော်ကားရုံ
၂၇။ နိုင်ငံခြားဘာသာ ပြည်တွင်းပြည်ပနှင့်ပါမောက္ခရိုင်သာ
၂၈။ ဆောက်လုပ်ရေးပစ္စည်းများထားရန်ဂိုဒေါင်
၂၉။ ဗဟိုရေစင်နှင့်ရေလှောင်ကန်ကြီး
၃၀။ အုပ်ချုပ်ရေးအဖွဲ့များနေရန် နှစ်ဦးတွဲနေအိမ်များ
၃၁။ လူပုဂ္ဂိုလ်များ ညွှန်ရိပ်သာ
၃၂။ ဝန်ထမ်းလုပ်သားများအတွက် ၄-ခန်းတွဲ နေအိမ်များ
၃၃။ ဗဟိုမုခ်ဦးကြီးနှင့် ခရာင်းတိုက်အမည်စာတန်း
၃၄။ အုပ်ချုပ်ရေး၊ ဆောက်လုပ်ရေး၊ ထိန်းသိမ်းရေးအဖွဲ့ရုံး
၃၅။ ကျောင်းတိုက်ကြီး၏ အလယ်ရောက်နေရာ
၃၆။ ပန်းဥယျာဉ်နှင့် မြက်ခင်းပြင်များ
၃၇။ ဗဟိုလျှပ်စစ်ရုံနှင့်ဓာတ်အားဖြည့်ရုံ

၃၀။ ကျောင်းတိုက် တောင်မြောက်ဝင်ပေါက်မုခ်ဦးတံခါးများ
၃၉။ လမ်းမကြီး၊ လမ်းသွယ်၊ စင်္ကြံ၊ ရေမြောင်းနှင့်မော်တော်ကားရပ်ရုန်နေရာ
၄၀။ ကျား-မ, ရေအိမ်သာများနှင့် ရေချိုးခန်းများ
၄၁။ မဟာရာမ်တံတိုင်းအခန်းများ
၄၂။ နာရီစင်နှင့်နာရီ။

## ကျောင်းဆောင်ကြီး ၉-ဆောင် အုတ်မြစ်ချလိုက်ပါပြီ

ဖော်ပြပါ တက္ကသိုလ်အဆောက်အအုံပေါင်း (၄၂)မျိုးအနက် အောက်ဖော်ပြပါ ကျောင်းဆောင်ကြီး ၉-ဆောင်ကို ၁၃၄၅-ခု တပေါင်းလဆန်း(၁၀)ရက်(၁၁-၃-၁၄)နေ့တွင် အုတ်မြစ်ချလိုက်ပါပြီ။

၁။ နာယကမဟာထေရ်ကျောင်းဆောင်
၂။ ပါမောက္ခနာယကကျောင်းဆောင်
၃။ ဓမ္မသာလာအမှတ်(၂)
၄။ စာသင်ဆောင် သုတ္တန္တမဟာဌာန
၅။ စာသင်ဆောင် အဘိဓမ္မာမဟာဌာန
၆။ စာသင်ဆောင် ဝိနယမဟာဌာန
၇။ ဆွမ်းစားဆောင်အမှတ်(၁)
၈။ စာသင်သံဃာ သီတင်းသုံးဆောင်အမှတ်(၁)
၉။ စာသင်သံဃာ သီတင်းသုံးဆောင် အမှတ်(၂)

## ဒဂုံနေပြည်တော်သားများကြားကြလေသော်

မန်းရွှေညာမြေမှာ သာသနာ့တက္ကသိုလ်ကြီး တည်ဆောက်ရာ၌မူ၎င်း၏ သဘင်းသည် အောက်ပြည်အောက်ရွာသို့ ပြန်လွှင့်လာခဲ့ပါသည်။

ဒဂုံးနပြည်ဘော်မှ မဟာရန်ကုန်သားတို့ ကြားရလေသောခါ လှုပ်လှုပ်ရွရွ ဖြစ်လာကြပါသည်၊

သာသနာ့ဘက္ကသိုလ်ကြီးသည် ရွှေတိဂုံဘုရားကြီး၏နယ်မြေကို ကျောခိုင်းပြီး မန္တလေးသို့ သွားရသည်ကို ရင်မရှင်းအောင်ဖြစ်နေကြပါသည်။ အားမလိုအားနာရဖြစ်နေကြပါသည်။

မှန်ပါသည်။ မဟာရန်ကုန်သားတို့သည်ကား ရွှေတိဂုံဘုရားကြီး၏ ဒကာဒကာအရင်း ဒဂုံဥက္ကလာပမင်းကြီး၏ စံမြေမှ ပေါက်ဖွားလာကြသော နေပြည်တော်သားများဖြစ်ကြသည်မဟုတ်ပါလော၊ မြန်မာပြည် သာသနာဘယ်ကစ၊ ဒဂုံနယ်မြေက ဆိုသည့် အတိုင်း မြေကပြောသော ဇာဘိမာန်များ ရှိကြပေလိမ့်မည်။

မဟာရန်ကုန်သားတို့ တက္ကသိုလ်သောကများနေချိန်မှာပင် တိုင်းက ဆရာတော် ဘုရားကြီး ရန်ကုန်သို့ ကြွရောက်လာတော်မူပါသည်။

ဆရာတော်ဘုရားကြီး ရောက်လာလျှင်ပဲ မြို့တော်သားများ ရေးကြီးသုတ်ပြာ အပူးအမြော် ရောက်လာကြသည်။ သာသနာ့တက္ကသိုလ်ကြီးအကြောင်း မေးကြမြန်းကြ လေ့ကျင့်ထားကြသည်။

ဆရာတော်ဘုရားကြီးက ဒကာတော်တို့ ဒီလိုဆန္ဒ ပြည့်စုံကြပါလိမ့်မည်၊ ရန်ကုန်မှာလဲ သာသနာ့တက္ကသိုလ်ကြီးတည်ဆောက်ရန် အစီအစဉ်များရှိကြောင်း ရန်ကုန်သည် လက်ရှိ နေပြည်တော် အခြေအနေမှာရှိနေ၍ ရန်ကုန်သာသနာ့တက္ကသိုလ်ကြီးကို အရင်စပြီး ဖွင့်လှစ်ရမည် ဖြစ်ကြောင်း နှစ်သိမ့်စကား မိန့်ကြားတော်မူပါသည်။

မဟာရန်ကုန်သားတို့သည် ဆရာတော်ဘုရားကြီး ထံမှ ဒီလိုဖြေကြားလို့ သောကငြိမ်းအေး ပီတိပန်းများ မွှေးလာခဲ့ကြသည်။

# ရန် ကုန် မြို့
# နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်

မြို့တော်မဟာရန်ကုန်တွင် သာသနာ့တက္ကသိုလ်ကြီး တည်ဆောက်ထားမည်ဆိုသည့်သတင်းသည် တမဟုတ်ခင်း မြို့တော်တခွင်သို့ ပြန့်နှံ့သွားခဲ့သည်။

တက္ကသိုလ်ဒကာကြင်းတော်ကြီးသတင်းကို ကြားရလျှင်ပဲ မြို့တော်သူ မြို့တော်သားစေတနာရှင်များသည် ဟက္ကသိုလ်ကျောင်းကြီး ဒကာရာထူးများ အရယူရေးအတွက် ဒါန အထုပ်အပိုးကြီးများ ပြင်ကြဆင်ကြနှင့် မအားနိုင်အောင် ရှိလာကြသည်၊

## သာသနာ့တက္ကသိုလ် ကျောင်းတော်ရာ

ရန်ကုန် သာသနာ့တက္ကသိုလ်ကြီး၏ ကျောင်းတော်ရာအတွက် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးဦးစီးဌာနပိုင် သင့်တော်မည့်မြေတကွက်ကို ဦးစီးဌာနက တည်ဆောက်ခွင့်ပေးလိုက်ပါသည်။

## တက္ကသိုလ်ကျောင်း ဒကာနေရာများ သူ့ထက်ငါ

တက္ကသိုလ်ကျောင်းတော်ရာ မြေပြင်ကြီး ပေါ်တွက်လာလျှင်ပဲ မြို့တော်သူ မြို့တော်သား ကျောင်းဒကာများသည် ဒါနအထုပ်အပိုးကြီးများကို ပွဲဈေးဝိုက်ကား သူ့ထက်ငါ နေရာရအောင် ဆရာတော်ဘုရားကြီးထံ လာရောက်ကဗျည်းရေးသွင်းကြသည်၊ မှတ်ပုံတင်ကြသည်၊

## ပွဲဦးထွက် သိန်းကြီး စေတနာရှင်များ

တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီး၏ သာသနာပါလ သုဒတ္တာအမျိုးသားများ အဖွဲ့နှင့် သုဘဒ္ဒါအမျိုးသမီးများအဖွဲ့က ကျပ်ငွေ(၁၀)သိန်းကို ပိုက်ချလည်းကောင်း၊

ဒေါ်စိန်ခင်ခင်ဆောင်သော ဗုဒ္ဓဂါယာဘုရားဖူးအဖွဲ့နှင့်ဓမ္မမိတ်ဆွေများက ကျပ်(၁၀)သိန်းကိုလည်းကောင်း၊

ဦးရဲထွန်းခေါင်းဆောင်သော (မထဒ) ကော်မတီဝင် စေတနာရှင် အပေါင်းတို့က ၎ကျပ်(၁၀)သိန်းပိုက်၍လည်းကောင်း တက္ကသိုလ်ကျောင်းကြီး ဒကာရထူးများကို ပွဲဦးထွက် ဆွတ်ခူးလိုက်ကြပါသည်။

နောက် ဆက်ကာဆက်ကာ ကျောင်းကြီးဒကာရထူးများကို အသီးသီးတာဝန်ယူလိုက်ကြရာ (၂)လအတွင်းမှာပင် ကျပ်ငွေ သိန်း(၅၀)ကျော်သွားခဲ့ပါသည်။

## အကြိုရေစက်ချလိုက်ကြပါဖြို

ရန်ကုန် သာသနာ့တက္ကသိုလ်ကြီးကို အရင်ဖွင့်လှစ်ရမည့် အစီအစဉ်များရ အဆောက် အဦများ အမြန်ဆောက်လုပ်နိုင်ရန် ကျောင်းဒကာ မှတ်ပုံတင် လက်ခံတ်ရ စေတနာရှင် များက (၂၁-၄-၀၄)နေ့တွင် နိုင်ငံတော် သံဃာ့မဟာနာယက ဆရာတော်ဘုရားကြီးများ ရှေ့မှောက်တွင် သိန်း(၅၀)ကျော် အကြိုရေစက်ချကာ ဒါနရွှေအိုးကြီးကို မြုပ်နှံလိုက်ကြပါသည်။

## ကမ္ဘာအေး သီရိမင်္ဂလာတောင်ကုန်းမြေမှ
## မကြာမီ ပေါ်ထွက် လာတော့မည့်
# နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် အဆောက်အဦးကြီးများ

၁။ အင်္ဂလိပ်စာပေ မဟာဌာနကျောင်းဆောင်
၂။ ဝိနယ မဟာဌာနကျောင်းဆောင်
၃။ နာယကချုပ်၊ နာယကနှင့်မော်ကွန်းထိန်း ဆရာတော်များကျောင်းဆောင်
၄။ ကဆိက၊ လက်ဆောက်ကထိက ဆရာတော်များကျောင်းဆောင်
၅။ မြန်မာစာပေ မဟာဌာနကျောင်းဆောင်
၆။ ပါဠိစာပေ မဟာဌာနကျောင်းဆောင်
၇။ အဘိဓမ္မာ မဟာဌာနကျောင်းဆောင်
၈။ သုတ္တန္တမဟာဌာနကျောင်းဆောင်
၉။ ဓမ္မသ ာလာ ကျောင်းဆောင်
၁၀။ ပိဋကတ်သမိုင်း မဟာဌာနကျောင်းဆောင်
၁၁။ ကျမ်းပြုဌာန ကျောင်းဆောင်
၁၂။ နာယက၊ ကထိကဆရာတော်များစည်းဝေးရာ မဟာဌာန ၃-ဆောင်
၁၃။ ဆွမ်းစားကျောင်းဆောင်
၁၄။ ဆွမ်းပြင်ကျောင်းဆောင်

၁၅။ ဆွမ်းချက် ကျောင်းဆောင်
၁၆။ စာသင်သံဃာဆောင် (၁၄)ဆောင်
၁၇။ မဟာသိမ်တော်ကြီး
၁၈။ မဟာကုန်တော်ကြီး
၁၉။ မဟာ ဥယျောဉ်တော်ကြီး

များအပြင် လိုအပ်သလို အဆောက်အဦးပေါင်းများစွာ ဆောက်လုပ် လှူဒါန်း ကြမည်ဟု ပါသည်။ စောင့်မျှော်ရှုစားတော်မူကြပါကုန်။ ။

# ရန်ကုန်အုတ်ဖြစ်ချပ်တော်

၁၃၄၆-ခု တပေါင်းလပြည့် (၅-၂-၁၅)နေ့တွင် ရန်ကုန်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးကို မဟာရန်ကုန်၏ နယ်မြေ သီရိမင်္ဂလာ ကမ္ဘာဒေးကုန်းတောင်၌ နိုင်ငံတော် သံဃာ့မဟာနာယက ဆရာတော်ကြီးများအား မင်္ဂဆောင်၍ အုတ်မြစ်ချပ်တော်ကြီးကို စည်ကား သိုက်မြိုက်စွာ ကျင်းပပါသည်။

# အစမ်းဝါဒများသုခ်သင်

## ဦးဥက္ကဋ္ဌဝါဒနှင့် နောက်လိုက်ဝါဒီများအား သံဃာ့ရုံးတင် တရားစွဲ

လွန်ခဲ့သည့် အနှစ် ၂၀-ကျော်က တောင်တွင်းကြီး ဦးက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒ ပေါ်လာခဲ့သည်။

လူသေလျှင် နတ်ရွာသုဂတိနှင့် အပယ်သို့ လွှားရောက်နိုင်ကြောင်း ဗုဒ္ဓဘုရားက အထပ်ထပ် ဟောထားပါလျှက် လူသေလျှင် လူပဲဖြစ်ရမည်၊ အခြား ဘာမှ မဖြစ်နိုင်ဆိုသည်ကို ရဟန်းရှင်လူ အများက မခံမရပ်နိုင် ဖြစ်လာခဲ့ကြသည်။ ကန့်ကွက် ခဲ့ကြသည်။ သို့သော် ဘုရားအရေတော် ခြုံထား၍ ဘာမျှမတတ်နိုင်၊ လက်ပုံကြည့်လာခဲ့ရသည်။ အချိန်အခါကို စောင့်လာခဲ့ရသည်။

ဒီအတွင်း သီပို့ခေတ်အရှိန် မြင့်တက်လာခဲ့သည်။ ဤသည်ကို အခွင့်အရေးယူပြီး လူသေလူဖြစ်ဝါဒကို သီပို့လက်နက်တပ်ဆင်ပေးလိုက်သည်။

သီပို့ခေတ် ပညာတတ် ဗုဒ္ဓဘာသာဝင်အချို့ လူသေလူဖြစ်ဝါဒနောက်သို့ ကောက်ကောက် ပါအောင် လိုက်သွားကြသည်။

မကြာမီပင် သမ္မာဒိဋ္ဌိသုဘေသနနှင့် ရွှေအာဘိဓမ္မာ အဖွဲ့ကြီးများ ဘွားကနဲပေါ်ထွက်လာကြသည်။

သူတို့က လူသေလူဖြစ်သီပို့နည်းဖြင့် ဗုဒ္ဓဝါဒကြီးကို အမှန်ဖြစ်လာအောင် လမ်းမှန် ရောက်လာအောင် ပြုကြမည်တဲ့၊ ပြင်ကြမည်တဲ့ လက်သီးလက်မောင်း တန်းလာကြသည်။

လက်တွေ့မြင်မှ ကြားမှ ယုံကြည်တယ်ဆိုတဲ့ လူသေလူဖြစ် သီပို့လက်နက်ကြီးကို ဆွဲကိုင်ပြီး ဗုဒ္ဓဝါဒကို ဒေသကြမ်းတိုက်ဖျက်လာကြသည်။

ဟို– ကွန်မြူနစ်များက ဘာသာဟာ ဘိန်းပဲလို့ပြောတာ ဒီနေရာမှာ တကယ်မှန်တာကို ဒကာကြီးရဲ့၊

အလုပ် လုပ်ဆိုတာ ဘာကယ်ချိုတဲ့ ရုပ်ကိုကောင်းအောင် အလုပ် လုပ်ရမှာပဲ၊ စိတ်ကိုကောင်းအောင် လုပ်လို့မရဘူး၊

ဤသို့ ဦးဥက္ကဋ္ဌ၏ လက်ဝဲရံ၊ လက်ျာရံ သာဝကကိုယ်တော်ကြီးများကလည်း တရားရအောင် တိုက်ကျွေးလာကြသည်။

ကောင်းကင်ကိုကြည့်တဲ့ မှန်ပြောင်းကြီးများကို တည့်ထွင် အသုံးပြုလိုက်သည်နှင့်တပြိုင်နက် ရှေးလူတို့ အမှန်ယုံကြည်လာခဲ့ကြသော နတ်ပြည်၊ ဗြဟ္မာ့ပြည်ဆိုတဲ့ ကောင်းကင်ဘုံနန်းတွေဟာ နေရောင်တွေကြောင့် ဆီးနှင်းပေါက်ကဲ့သို့ တခုပြီး တခု ဆက်ကာဆက်ကာ ကွယ်ပျောက်၍ သွားကြလေပြီ၊

ဒီဘဝ ကောင်းစံရာဘုံသာ နေတာတွေဟာ ရှေးဘဝက ကုသိုလ် မဟုတ်ရဘူး၊

ဗုဒ္ဓ၏ မူရင်းဒေသနာများ၌ ကုသိုလ်, အကုသိုလ်များ စွဲလမ်းယုံကြည်ရန် မပါရှိပေ၊

အတိတ်ဘဝက အကြောင်းကြောင့် ယခုဘဝအကျိုးတရားများလာ၍ ပြစ် သည်ဟူသော အယူအဆများမှာ အမှားတရားများသာ ဖြစ်သည်။

ဤသို့ ဦးဥက္ကဋ္ဌနောက်လိုက်များက လူသေ လူဖြစ် သံပုံခေတ် ပညာရပ်များကို ဖွင့်ဆို လာကြသည်။

အဘိဓမ္မာ( ၇ )ကျမ်းကို ဗုဒ္ဓဘုရားသခင် တာဝတ်သာ နတ်ပြည်၌ ဟော သည်ဟူသော အချက်မှာ အဋ္ဌကထာဆရာရှင် ဗုဒ္ဓဃောသ၏ ထွင်လုံးပုံပြင်များသာ ဖြစ်ကြောင်း ထင်ရှားသည်။

ဤသို့ လူ့သလူဖြစ် သံပုံပညာရှင်ကြီးများက အဋ္ဌကထာဆရာရှင် ဗုဒ္ဓဃောသ ထိအောင် လှမ်းကိုင်လာကြသည်၊ ပိဋကတ်ပါဠိကျမ်းပြု အရှင်မြတ်ကြီးကို လူလိမ် လူညာကြီးလို့ စွပ်စွဲလာ ကြသည်။

ဒီထက်ဘာဆင့်လှမ်းပြီး ဗုဒ္ဓဘုရားရှင်ကိုပင် တိုက်ရိုက် စော်ကားလာကြသည်။

သဗ္ဗညုတရရှိသည် ဆိုခြင်းသည် တိတ္ထိဆရာကြီးတို့နှင့် ခဲကြားထားလိုသော ကြောင့် သဗ္ဗညုတညာဏ်ရရှိသည်ဟု ဆိုကြဟန်တူသည်။

ဗုဒ္ဓသည် သဗ္ဗညုတညာဏ်ရပါလျက် အဘယ့်ကြောင့် ဒေဒဒတ်၏ ရှေးအဖြစ် ကို ကြိုဘင် မသိမြင် ပါသနည်း။

ဤသို့ လူ့သလူဖြစ် သံပုံပညာရှင်ကြီးများက မိုးထိအောင်လက်ညှိုးထိုး ပြီး သဗ္ဗညု ဘုရား ရှင်ကိုပင် ရန်ဝင်လာကြသည်၊ ဇက်ရဲလာကြသည်၊ လက်ရဲလာကြသည်။

ဥပသမဒကံဆောင်တယ်ဆိုတာ ခင်ဗျားတို့လဲ မြင်မှာပေါ့ဗျာ၊ ဗုဒ္ဓဘာသာ အုပ်စု ရဟန်းခံတဲ့ အခါကျတော့ ဟိုထိပ်ကထိုင်တာဟာ ဥပဇ္ဈာယ်ဆရာ၊ ဒီဘက်က သုံးပါးက ကမ္မဝါဆရာ၊ ဘေးကဟာတွေက အရန်တွေ, ဝမ်းနာတဲ့အခါ ဝမ်းဆွဲတို့ ဘာတို့ ဖတာက်တီးဖောက်တဲ့တွေ အကုန်ပေါ့၊ ကလေးမွေးမလို့, ကလေးမွေးမလို့, ကလေးမွေးမလို့ –

ဤကဲ့သို့ လူ့သလူဖြစ် သိပ္ပံပညာရှင်ပါမောက္ခကြီးများက တပည့်များကို ကွင်းကန် ထင်း ကန် မြင်းလာအောင် ဥပမာနှင့် လက်ချာပေးပြီး ဗုဒ္ဓရဟန်းလောကကြီးကို တအုံလုံး ပြုတ်ကျသွား အောင် အားထုတ်ကြသည်။

ဝတ်ထည်ဖျင်ခင်းကို သက်နှံးဟု မခွဲခြားတော့ပဲ ဒီဝတ်ဟူ၍ တသားတည်း မြင်လာကြလေပြီ၊

သူ့တာဝန်စင်တို့ရဲ့ ဆံပင်တည်းဟူသော အမွေးသည် မြင်းမြီးထက်ပို၍ အနာရောဂါကို ပျောက်ကင်းစေနိုင်သည်ဟူသော ဥပဒါန်ကိုလည်း ယခုခေတ် တော်လှန်ကြလေပြီ၊

ယခုအခါ၌ မြင့်မြတ်သော ဓာတ်တော်, မွေတော်စသည်တို့ကို ဘာသာရေးအမှိုက်သရိုက်များဖြစ်သည်ဟု ကျွန်ုပ်တို့ သေချာထင်ထင် သိမြင်ကြကုန်ပြီ၊

ဤသို့ လူသေလူဖြစ် ပိဋကတ်ကျမ်းဂန်ကြီးမှာက အရဟတ္တဇော်ကန်းကို လူသားတို့၏ ဃာတီ. ပုဆိုးနှင့် ဘသားဘည်းဖြစ်အောင် ဖွင့်ပြတော်မူကြသည်၊ ဘုရားသခင်၏ ဆံတော်မြတ်ကို မြင်းမြီးနှင့်မခြားအောင် တသားတည်းဖွင့်ဆိုတော်မူကြသည်၊ ဘုရားသခင်၏ဓာတ်တော်, မွေတော်များကို အမှိုက်သရိုက်နှင့် တပုံစံတည်းတူအောင် စာစပ်ပြုတော်မူကြသည်။

ဆီမီးအခိုးတိုင်ထွန်းညှိခြင်း၊ ပူဇော်ခြင်း၊ ဒူးထောက်ရိုကျိုး ရှိခိုးခြင်း၊ ကြေးစည် ခေါင်းလောင်းထိုးခြင်း၊ မွေသီချင်းကျူးရင့်ခြင်း၊ ဂုဏ်တော်ရွတ်ဖတ်ခြင်း၊ ဥပုသ်စောင့်ခြင်း၊ ဆုတောင်းပတ္ထနာပြုခြင်းဖြင့် ချဉ်းကပ်ရသော နတ်တို့ ဘုရားတို့ကို အကျွန်ုပ်ဘို့ ယုံကြည်ရန် မဖြစ်နိုင်တော့ချေ။

ဤသို့လျှင် ဘုရားပုထိုး စေတီများကို ဆီမီးပူဇော်ရန်၊ ရှိမခိုရန်၊ ကြေးစည် ခေါင်းလောင်းမထိုးရန်၊ ဓမ္မစကြာစသည် ဝတ်ရိဘ်များ မရွတ်ဖတ်ရန်၊ ဂုဏ်တော်ပုတီးမစိပ်ရန်၊ ဥပုသ်မစောင့်ရန်၊ ဆုတောင်းပတ္ထနာမပြုရန် လူသေလူဖြစ် သိပ္ပံပညာရှင်ကြီးများ၏ ပိဋကတ်ကျမ်းဂန်ကြီးများက ဝေနနယျ သတ္တဝါမျိုးအပေါ် သနားကရုဏာတော်ထား၍ ဆုံးမသြဝါဒ ပေးတော်မူကြသည်။

ဤသည်တို့ကား လူသေလူဖြစ်ဆိုင်ရာ စာအုပ်စာတမ်းများနှင့် တိတ်ခွေများမှ အနည်းငယ် ဖော်ပြခြင်းမျှသာ ဖြစ်ပါသည်၊ ဖော်ပြရန် အများကြီး ကျန်ပါသေးသည်။

ဤသို့ ဗုဒ္ဓဝါဒကိုက်ဖျက်ရေးသမား ဘာသာရေးသောင်းကျန်းသူများသည်၊ အနှစ် (၂၀) ကျော် ကာလပတ်လုံး လူသေလူဖြစ်ဝါဒလက်နက်ဖြင့် ဗုဒ္ဓဝါဒကို ဒလကြမ်းတိုက် ဖျက်လာခဲ့ကြသည်။

ဆရာတော်ကြီးများနှင့် သံဃာတော်များက ခုခံကာကွယ်ခဲ့ကြသော်လည်း အရှက်မဲ့သူများနှင့် ယှဉ်ပြိုင်ရန် ဝံ့၍ နောက်ဆုံး လက်ပိုက်ကြည့်ခဲ့ကြရသည်။

ဗုဒ္ဓဝါဒ တိုက်ဖျက်ရေးသမားတို့၏ သင်တမ်းသည်၊ အနှစ်-၂၀ကျော်သို့ ရောက်ရှိလာသောအခါ သာသနာတော်သန့်ရှင်း ဟန်တံ့ပြန့်ပွားရေး သာသနာ့ကျွမ်းကျင်လုပ်ငန်းကြီး ပေါ်ပေါက်လာချိန်တွင် ဇီဝိန်ချုပ်ငြိုးရန် ခြေသေ့ကြီး မျက်လုံးနီလာသည်။

သာသနာတော်သန့်ရှင်းကြည့်တံ့ပြန့်ပွားရေး သံဃာ့အဖွဲ့အစည်းများ ပေါ်ထွက်လာသည်နှင့် တပြိုင်နက်၊ သူပုန်မျိုးအောင်းနေသည့် ရွာတွင်သို့ စစ်တပ်ကြီးဝင်လာသည့်ဒဏ်း ဦးဥက္ကဋ္ဌ ကိုဏ်းဝင် ဗုဒ္ဓဝါဒကိုက်ဖျက်ရေးသမားများ ဆောက်တည်ရာမရ ဖြစ်လာကြသည်။

သာသနာရေးကို နိုင်ငံတော်က ကိုင်လှန်၍ ပြေးစရာမြေမရှိဖြစ်လာကြသည်။ ရာဇဝတ်ဘေး ပြေး၍မလွတ် ဖြစ်လာကြသည်။

မကြာမီပင် တာဝန်သိ လုပ်သားပြည်သူများက လူသေလူဖြစ်ဂိုဏ်းဝင်များ၏ သာသနာဖျက် လုပ်ငန်းစဉ်များကို နိုင်ငံတော် သံဃမဟာနာယကရုံးတော်သို့ တသုတ်ပြီး တသုတ် သတင်းပို့လာကြသည်။

လူသေလူဖြစ် သာသနာဖျက်ဝါဒဖြန့် စာအုပ်စာတမ်းများ၊ တိတ်ခွေများ၊ နိုင်ငံတော် သံဃမဟာနာယကရုံးတော်သို့ တဖွဲဖွဲရောက်ရှိလာကြသည်။

လူသေ လူဖြစ်ဝါဒ ရေသောက်မြစ်ကို အုံလိုက် ပြုတ်ပါလာအောင် ဆွဲနုတ်တော်မူကြမည့် သာသနာ့အာဇာနည် ရဟန်းတော်လေးပါး ရဲရဲတောက် ပေါထွက်လာသည်။

၁။ ဓမ္မာစရိယဘွဲ့ရ သာစည်မှ (မာဂဓိ) ကလောင်ရှင် ဦးပညာသာမိ။
၂။ မေမြို့၊ ရတနာမာဇိအောင်ကျောင်းတိုက်မှ ဓမ္မာစရိယ ပါဠိဘာရဂူဘွဲ့ရ ဦးပညာသီဟ။
၃။ မိတ္ထိလာ ဓမ္မာစရိယကျောင်းတိုက်မှ မထမကျော် ဓမ္မာစရိယဘွဲ့ရ ဦးစန္ဒိမာ။
၄။ မန္တလေး၊ သာကမှုန်ကင်းကျောင်းတိုက်မှ ဓမ္မာစရိယနှင့် ဝိသိဋ္ဌဒီဃဘာဏကဘွဲ့ရ ဦးဝံသုဒ္ဓ အစရှိသည်တို့ကိုယ်တော် လေးပါးဖြစ်ပါသည်။

အာဇာနည် ရဟန်းတော်လေးပါးသည်၊ မိမိတို့စုဆောင်းလာခဲ့သည့် လူသေလူဖြစ် ဗုဒ္ဓဝါဒ တိုက်ဖျက်ခရိုးပြစ်မှုကြီးများ ကမ္ပတိုက်ကြီး သယ်ဆောင်လာပြီး နိုင်ငံတော်သံဃမဟာနာယကရုံးတော်သို့ စွဲချက်တင်လိုက်ပြသည်။

နိုင်ငံတော် သံဃမဟာနာယကရုံးတော်က လူသေ လူဖြစ်ဝါဒ ဦးစီးခေါင်းဆောင်များ ဖြစ်ကြသော –

၁။ ဒေးဒဝဲမြို့ တွင်းကျောင်းမှ အရှင်ဥဇ္ဇောတ၊
၂။ တောင်တွင်းကြီးမြို့၊ နေရှင်နယ်ပရော်ဖီတကျောင်းမှ အရှင်ဇဝန၊
၃။ ဓတောင်တွင်းကြီးမြို့၊ ငါးဆင့်အနောက်ကျောင်းမှ ဦးဇဝန။
၄။ ဓသောင်တွင်းကြီးမြို့၊ နတ်မြစ်တာရကျောင်းမှ ဦးဆန္ဒာဓိက။
၅။ ရန်ကုန်မြို့၊ ကျိုက္ကစံရပ်ကွက်မှ သခင်မြတ်ဆိုင်။
၆။ သက်နှဲကျွန်းမြို့၊ ရတနာလမ်းမှ သမ္မာဒိဋ္ဌအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်ဟန်။
၇။ တောင်ကုတ်မြို့၊ ရွှေအတိဓမ္မာအဖွဲ့ဥက္ကဋ္ဌ ဦးမရွှေပြည့်တို့ကို နိုင်ငံတော်သံဃမဟာနာယကရုံးတော်သို့ သာရောက်ကာရားဆိုင်ကြရန် ဆင့်ခေါ်လိုက်သည်။

သံဃာ့ရုံးခေါ်ဖွင့်လှစ်သော နေ့တွင် အာဇာနည်ရဟန်းတော်လေးပါးက စောဒကတက်(တရားလို) ပြုလုပ်၍ လူသေလူဖြစ် ဝါဒပြစ်မှုကြီးများကို တပိုဒ်စီတပိုဒ်စီ ဖတ်ပြကာ နိုင်ငံတော် သံဃဝိနိစ္ဆယရုံးတော်ကြီးသို့ ဤသို့ စွဲချက်ဖွင့်ဟတင်လိုက်ပြသည်။

ဆရာကော် ဦးစန္ဒိမာ စောဒနာလွှာ တင်သွင်းနေပုံ

**အာဇာနည်ဆရာတော်လေးပါးက စွဲချက်တင် လျှောက်ထားသည်မှာ –**

**ဆရာတော်အရှင်မြတ်တို့ဘုရား –**

လူသေလူဖြစ် ဦးဥက္ကဋ္ဌသည် ၁၉၅၈ ခုနှစ်တွင် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်သော လူသေလူဖြစ်ဟာအုပ်ကိုးရေးသားထုတ်ဝေခဲ့ပါသည်။ ထိုလူသေလူဖြစ်စာအုပ်၌သာသနာပ, တိတ္ထိဆရာကြီး များကဲ့သို့ ကုသိုလ်ကံ အကုသိုလ်ကံ ကိုလည်း ပယ်ထားပါသည်။ ဗုဒ္ဓဘာသာ၏ စစ်မှန်သော ဘုရား တရား သံဃာ တို့ကိုလည်း ရက်ရက်စက်စက် ပုတ်ခတ် စော်ကားသားပါသည်။

ထို့ကြောင့် လူသေလူဖြစ် ဥက္ကဋ္ဌဝါဒကို တနိုင်ငံလုံးရှိ စစ်မှန်သော ဗုဒ္ဓဘာသာ သံဃာတော်များက ကန့်ကွက်ရှုတ်ချခဲ့ကြပါသည်၊ စစ်မှန်သော ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမများကလည်း ကန့်ကွက် ရှုတ်ချခဲ့ကြပါသည်ဘုရား။

နိုင်ငံတော် သြဝါဒဓိရိယ ဆရာတော်ကြီးမှာ၊ ဝိနည်းဓိရ် ဆရာတော်ကြီးမှာ၊ ကျောင်းထိုင်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများသည် စည်းဝေးတော်မူကြပြီး လူသေလူဖြစ် စာအုပ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချပေးရန် ( ၂ ) ပါးသော ဆရာတော်ကြီးများသည် အသေအချာ ကောက်ချက်ချတော်မူကြပြီး လူသေလူဖြစ် ဦးဥက္ကဋ္ဌနှင့် ဦးဝါသဝတို့ကို –

(က) ဥးကွပနိယက် ပြုထိုက်သည်ဟု ဆုံးဖြတ်တော်မူခဲ့ကြပါသည်။
(ခ) လူသေလူဖြစ်ပေးလျက် သာသနာတော်မှ နှင်ထုတ်ထိုက်သည်၊
ဟု ဆုံးဖြတ်တော်မူခဲ့ကြပါသည်။

# ပကာသနိယကံဖြို

အထက်ပါဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံတဝန်းလုံးမှ ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီးများသည်(၁၄-၇-၆၃)နေ့တွင် ရန်ကုန်မြို့၊ ခြောက်ထပ်ကြီး၊ ဘုရားကြီးကျောင်းတိုက်၌ အစည်းအဝေး ကျင်းပတော်မူကြပြီး သက်နှံးအရေခြုံလျှက် သာသနာကို ဖျက်ဆီးနေကြသော လူသေလူဖြစ် ဦးဥက္ကဋ္ဌနှင့် ဦးဝါသဝတို့ကို ပကာသနိယကံ ပြုခဲ့ကြပါသည်။ ထိုမှနောက်၌ ပကာသနိယကံပြုပွဲများ၊ ပကာသနိယကံကို ထောက်ခံပွဲများကို မြန်မာစာနိုင်ငံလုံး အနှံ့အပြား၌ ပြုလုပ်ခဲ့ကြပါသည်။ လူဝတ်လဲစေလျက် သာသနာတော်မှ နှင်ထုတ်သောအလုပ်ကိုမူ အာဏာစက်အကူအညီမရခဲ့သဖြင့် မပြုလုပ်နိုင်ခဲ့ကြပါဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား....

လူသေလူဖြစ် ဦးဥက္ကဋ္ဌ နှင့် ဦးဝါသဝတို့သည် ရပ်တန်းကမရပ်ကြပဲ သက်နှံးများဝတ်မြဲဝတဲကြလျှက် အရေခြုံထားသောကြောင့် လွန်စွာရိုးယားကြသော ဗုဒ္ဓဘာသာဝင်များသည် ၎င်းတို့ကို ဘုန်းကြီးဟုပင် ထင်ကြပါသည်။ ၎င်းတို့ ဟောချင်ရာဟောသောတရားတို့ကိုလည်း ဗုဒ္ဓဘာသာတရားဟုပင် ထင်ကြပါသည်။

လူသေလူဖြစ် စာအုပ်ထုတ်ပြီးနောက် မကြာမီအချိန်(၁၉၆၃)၌ပင် ဦးဥက္ကဋ္ဌနှင့် နောက်လိုက်တို့သည် "သမ္မာဒိဋ္ဌိ သုတေသနအဖွဲ့ချုပ်" ဟု အဖွဲ့တဖွဲ့ ဖွဲ့ခဲ့ကြပါသည်။ အဖွဲ့ခွဲများကိုလည်း မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် ဖွဲ့စည်းခဲ့ကြပါသည်။

သူတို့သည် ဗုဒ္ဓသာသနာတော် ပျက်စီးရာပျက်စီးကြောင်းအလုပ်တို့ကို စနစ်တကျ အကွက်ချပြီး နည်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးတို့ဖြင့် ကျကျနန လုပ်ခဲ့ကြပါသည်။ လုပ်ပုံများမှာ ဤသို့ဖြစ်ပါသည်။

(က) ပိဋကတ်တော်များနှင့် ဗုဒ္ဓသာသနာတော်ကို မတော်မတန် ဝေဖန်ရှုတ်ချရေးအတွက် တပြည်လုံးရှိ အဖွဲ့ခွဲများသို့ သွားရောက်ဟောပြောကြသည်။ သင်တန်းများ ပို့ချကြသည်။ ဒူးတိုက်ဆွေးနွေးကြသည်။

(ခ) ဝါဒဖြန့် စာအုပ်စာတမ်းများနှင့် လစဉ်ထုတ် စာစောင်များကို ထုတ်ဝေကြသည်။

(ဂ) ဟောပြောချက် ကက်ဆက်ကြိုးခွေများကို တပြည်လုံးရှိ အဖွဲ့ခွဲများသို့ ဖြန့်ကြသည်။ တေးသရုပ်ဖော် ကက်ဆက်ကြိုးခွေများ၊ ဘုံကမ္ဘာရှင်းတမ်းကဲ့သို့သော ပြဇာတ်၊ ဇာတ်လမ်းများ ပေါလောဆောင် လမ်းပြပေးကြသည်။

(ဃ) ဗဟိုအဖွဲ့ချုပ်၌ အဆင့်မြင့်သင်တန်းအဖြစ် ထေရဝါဒဗုဒ္ဓသာသနာတော် ဆန့်ကျင်ရေးစာတမ်းများ ဖတ်ကြသည်။ ဆွေးနွေးကြသည်။

(၄) အဖွဲ့ခွဲများကလည်း ဗဟိုအဖွဲ့ချုပ်မှ ရေးဆွဲရှိလာသော လက်သိပ်ထိုး စာအုပ်စာတန်းများ၊ လစဉ်ထုတ်စာစောင်များကို ဖတ်ကြသည်၊ စုပေါင်း ဆွေးနွေးကြသည်။ ဗုဒ္ဓသာသနာဝေဘာကို စောင်ကားသည့် တိတ်ခွေများကိုလည်း နာကြားကြသည်။

(၅) အဖွဲ့ဝင်များ တိုးပွားရေးအတွက် နည်းအမျိုးမျိုးတို့ဖြင့် စည်းရုံးကြသည်။ ဝါဒဖြန့်ကြသည်။ ဒူးတိုက်ဆွေးနွေးကြသည်။ မသာ၊ အသုဘ လူမှုရေး ကိစ္စများ၌ သူတို့၏ ဝါဒပြန့်ပွားရေးအလုပ်များကို လုပ်ကြသည်။

ဤကဲ့သို့ လူအများကို ကွယ်ဆည်းကပ်လျက်ရှိသော ဗုဒ္ဓဓမ္မများကို ပြောင်ကျကျ စောင်ကားနေမှုမျဉ်းနှင့်ပတ်သက်၍ စိတ်မချမ်းမသာဖြစ်ကြသော ဗုဒ္ဓဘာသာဝင်ရဟန်း ရှင်လူများက မခံမရပ်နိုင် ဖြစ်ခဲ့ကြပြီး တိုင်ကြားစာများကို နိုင်ငံတော်သမ္မတကြီး ထံသို့ပင် ပို့ကြသည်။ သာသနာရေးဝန်ကြီးထံသို့လည်း ပို့ကြသည်။ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့သို့လည်း ပေးပို့တိုင်ကြားကြသည်။

သမ္မာဒိဋ္ဌိ သုတေသနအဖွဲ့ချုပ်သည် မည်သူ့ကေ့ကာ မည်သို့ပင်တိုင်တိုင် ဂရုမစိုက်ပဲ အဓမ္မဝါဒများကို ဆက်လက်ဖြန့်ဝေမြဲ ဖြန့်ဝေကြသည်။ အကွက်ပေါ်လျှင် ပေါ်သလို လှုပ်ရှားနေကြသည်။ ရွှေအာဘ်မမှာဟူသည် ရခိုင်ပြည်နယ် တောင်ကုတ်မြို့ သမ္မာဒိဋ္ဌိ သုတေသနအဖွဲ့ခွဲ၏ လှုပ်ရှားမှုတရပ်ဖြစ်သည်။

ထိုအဖွဲ့ခွဲသည် အဖွဲ့ဝင်အချင်းချင်းဆွေးနွေးကြခြင်း ဗုဒ္ဓသာသနာဖွက် စိတ်အား ထက်သန်လာကြသည်။ ဗုဒ္ဓသာသနာကို ရိုင်းပြစာပေဝေဖန်သော မေးခွန်းများကို သူလာ ငါလာ မေးကြသည်။ ထိုမေးခွန်းများကို လူ့အဘိဓမ္မာဟု အမည်တပ်လျက် မှတ်တမ်းပြုထားကြသည်။ အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရွှေပြည့်သည် ရန်ကုန်မြို့ရှိ သမ္မာဒိဋ္ဌိ သုတေသနအဖွဲ့ချုပ်သို့ ကိုယ်တိုင်လာပို့သည်။ သမ္မ ဒိဋ္ဌိ သုတေသနအဖွဲ့ချုပ်သည် အလွန်ဝမ်းသာသွားသည်။ ဗုဒ္ဓသာသနာတော်ကို ဖျက်ဆီးမှု ပြုနေသော မိမိတို့၏ လုပ်ငန်းကြီး မည်မျှအစွမ်းထက်နေသည်ကိုကြည့်ကာ လွန်စွာအားရကြသည်။ ဒေါ်ခွဲက ပေးဆားသည့် လူ့အဘိဓမ္မာဟူသော နာမည်ကိုပင် ဖျက်လိုက်ပြီး မေးခွန်းလာပို့သူ ဦးရွှေပြည့်ကို ဂုဏ်ပြုသောအားဖြင့် ရွှေအာဘိဓမ္မာဟု အမည်ပြောင်းလိုက်ကြသည်။

ရွှေအာဘိဓမ္မာ၌ မေးခွန်းပေါင်း(၈၀)ပါဝင်သည်။ မေးခွန်းအားလုံးနီးပါးသည် ဗုဒ္ဓသာသနာတော်ကို စောင်ကားသည့်မေးခွန်းများ၊ ပြက်ရယ်ပြုသည့် မေးခွန်းများသာ ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ အစဉ်အလာ ယဉ်ကျေးမှုကို ချိုးနှိမ်ပြီး တခြားသူတို့ကို ချီးကျူးသည့် မေးခွန်းမျိုးတို့လည်း ပါသည်။ ဤသို့အားဖြင့် ရွှေအာဘိဓမ္မာဆိုသော လက်ဘက်စာစောင်ပေါ်ကာ အဓမ္မဝါဒလက်သစ်တခု ထပ်မံ ပေါ်လာပြန်သည်။

လူသေလူဖြစ် ဦးဥက္ကဋ္ဌ ဝါဒ၊ သမ္မာဒိဋ္ဌိ သုတေသနဝါဒ၊ ရွှေအာဘိဓမ္မာဝါဒ ဟူသော အဓမ္မဝါဒ အန္ဓရာယ် အနှောင့်အယှက်အတားအဆီးကြီး ပို၍ကြီးမားလာသည်မှာ အမှန်ဖြစ်ပါသည်။

# သူတို့ငရဲကျပြီလို့တွက်ဆနိုင်

ဆရာတော်အရှင်မြတ်တို့ဘုရား....

ဤသို့ စောဒနာတင်သွင်းရာတွင် အမေရိကပိုင်းမှ စုဒိတက(တရားပြိုင်) ဖြစ်ရမည့် ဦးဥက္ကဋ္ဌ၊ ဦးဝါသဝ၊ ဦးကိုကိုလေး တို့သည် သေဆုံးကုန်ကြရှာပါပြီ။ သူတို့သည်-

မိစ္ဆာဒိဋ္ဌိကာ၊ မိမိကိုယ်တိုင်လည်း မိစ္ဆာအယူရှိကုန်သည်။ မိစ္ဆာဒိဋ္ဌိ ၎ မှသမာဒါနာ၊ သူတပါးတို့အားလည်း မိစ္ဆာဒိဋ္ဌိဖြစ်အောင် လုပ်ပေကြသည်။ (သို့ဖြစ်၍) ကာယဿဘေဒါပရံမရဏာ၊ သေပြီးနောက်-အပါယ်ဒုက္ခတိ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ၊ ချမ်းသာကင်းသော၊ မကောင်းသော လားရာဖြစ်သော၊ ဖောက်ပြန်ပျက်စီး၍ ကျရာဖြစ်သော ငရဲသို့ ကျရောက်ကြရ၏။

ဟူသော ဒိဗ္ဗစက္ခုဉာဏ်ထာ ဘုရားဟော ဒေသနာတော်အရ မိမိပြုမှားမိခဲ့သော အကုသိုလ် ကံတရားကြောင့် ငရဲလားနေပြီဟု တွက်ဆနိုင်ပါသည်ဘုရား။

လူသေလူဖြစ် ဦးဥက္ကဋ္ဌနှင့် နောက်လိုက်တို့သည် တစုံတခုသော အကျိုးကို မျှော်မှန်း၍ ရဟန်းပြုကြ၊ ဗုဒ္ဓဝါဒီအမည်ခံကြသော်လည်း ဗုဒ္ဓဝါဒီများမဟုတ်ကြပါ။ အမှန်မှာ ဗုဒ္ဓဘာသာကို အရေခြုံထားသော ဘာသာမဲ့ရုပ်ဝါဒီ ဘာသာဆန့်ကျင်ရေးသမားများသာ ဖြစ်ကြပါသည်ဘုရား။

ဘုရားရှင်မဟောသည်ကို အဟောလုပ်၊ ဟောသည်ကို မဟောပြုလုပ်၍ ပိဋကတ်သုံးပုံကို ကမောက်ကမ ပြောင်းဆန်အောင် လုပ်ခြင်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖြက်ရယ် ပြောင်လှောင် စော်ကားခြင်း စသည်များကို ပြုလုပ်နေခြင်းမှာလည်း ပြစ်မှုကျူးလွန်ခြင်းတမျိုး ဖြစ်ပါသည်ဘုရား။

ဤကဲ့သို့ ဦးဥက္ကဋ္ဌနှင့်တကွ၊ သမ္မာဒိဋ္ဌိသုတသန လူတစုတို့၏ တိုင်းပြည်အတွက် စီးပွားရေးလည်းမဟုတ်၊ ကြီးပွားရေးလည်းမဟုတ်၊ သက်သက် အပိုလုပ်သော ဗုဒ္ဓဘာသာဆန့်ကျင်ရေးအလုပ်များကို လုပ်သည့်အတွက်ကြောင့် တနိုင်ငံလုံးရှိ ရဟန်း ရှင်လူ ပြည်သူများ စိတ်နှလုံးမချမ်းမြေ့ ဖြစ်ခဲ့ရပါသည်။ တပည့်တော်များလည်း ဗုဒ္ဓဘာသာဝင်များနှင့်အတူ ခံစားခဲ့ကြရပါသည်ဘုရား။

သို့ဖြစ်ပါသောကြောင့် နိုင်ငံတော်အတွင်း ရဟန်း ရှင်လူ ပြည်သူလူထုတို့အား ဒုက္ခပေးပေးနေသော ဘေးဆိုး အန္တရာယ်ဆိုးမှ ကင်းငြိမ်း ချမ်းသာပါစေဟု ရည်သန်လျက် ဘုရားတပည့်တော်များက တိုင်းပြည်ကိုယ်စား ယခုလို စောဒနာရခြင်း ဖြစ်ပါသည်ဘုရား။

ဤသို့ စောဒက ဆရာတော်များသည်၊ နိဒါန်းဖျိုး လျှောက်ထားကြပြီးနောက်၊ **စောဒနာ** အချက်ပေါင်း (၂၁) ချက်ကို တင်သွင်း လျှောက်ထားခွင့်ပြုပါသည်။ သိမ်းဆည်း ထားသော စာအုပ်စာတမ်း ၃၄-မျိုးနှင့် တိတ်ခွေ ၁၁ ခွေကိုပါ သက်သေခံ အထောက်အထားအဖြစ် ထင်သွင်း သွားကြပါသည်။

အာဇ်ာနည် (၄) ပါးက တင်သွင်းလျှောက်ထားပွားသော စွဲချက်များကို တရား စွဲခံ သံဃာများက ဤသို့ ကြားနာခံနေကြသည်။



ပြစ်တင်ရှုတ်ချခံရသော ဘုရားရှင်ကလည်း ဤသို့ ကြားနာခံနေကြသည်



လာရောက် နားထောင်နေကြသော ပရိသတ်ကြီးကလည်း ကြက်ပုံမကျ စည်ကားလှက်

# စွဲချက်နှင့် ချေပချက်များ သုံးသပ်

ဝိနည် ဝိုရ် ဆရာတော်ဘုရားကြီးများသည်။ နှစ်ဘက်သော စောဒနာ သောဓနာချက်များကို ပါဠို-မြန်မာ၊ အင်္ဂလိပ်၊ သင်္ကဋ္ဌ ဘာသာမျိုးစုံတို့ဖြင့် ကိုးကားလျက် အသေးစိတ် ရှည်လျားစွာ ရှင်းလင်း ပြောဆိုမှုကြပြီးနောက် နှစ်ဘက်သော စွဲချက်နှင့် ချေပချက်များအပေါ် **အောက်ပါ** အတိုင်း သုံးသပ်တော် မူကြသည်။

## စောဒက ဆရာတော်များ၏ စောဒနာစွဲချက်များအပေါ် သုံးသပ်သည်မှာ

(က) ဦးဥက္ကဋ္ဌသည် ဗုဒ္ဓဝါဒီမဟုတ်၊ ရုပ်ဝါဒီတဦးသာဖြစ်သည်၊ သခင်မြတ်ဆိုင်နှင့်တကွ သမ္မာဒိဋ္ဌအဖွဲ့ချုပ်မှလူများသည် ဗုဒ္ဓဝါဒီမဟုတ် ရုပ်ဝါဒီ များသာ ဖြစ်ကြသည်၊ ဦးရွှေပြည့်သည်လည်း ဗုဒ္ဓဝါဒီမဟုတ်၊ ရုပ်ဝါဒီတဦးသာ ဖြစ်သည်။

ဤသို့ ရုပ်ဝါဒီများ ရေးသားပြောဆိုသော ဝါဒသည်လည်း ဗုဒ္ဓဝါဒနှင့်လုံးဝဆန့်ကျင်သော အဓမ္မဝါဒဖြစ်ကြောင်းကို စောဒကဆရာတော်တို့က သက်သေခံစာအုပ်စာတမ်း တိတ်ခွေအထောက်အထား အကောင်အထည်နှင့်တကွ တင်ပြချက်များသည် ခိုင်လုံသည်။

(ခ) စောဒက(၁)မှ (၂၁)ထိ စောဒနာချက်များသည်လည်း ယုတ္တိအာဒဂမသဘာဝကို စောဒက အင်္ဂါငါးဖြာနှင့်အညီ တင်သွင်းသော စောဒနာသာဖြစ်သည်။

(ဂ) စောဒကဆရာတော်တို့က စုဒိတကပုဂ္ဂိုလ်တို့၏ စာအုပ်စာတမ်း တိတ်ခွေစသည်တို့မှ ဟောပြောရေးသားချက်များကို ထုတ်နုတ်၍ ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် မညီညွတ်ကြောင်း တင်ပြချက်များသည်လည်းသာဓကမြောက်သည်။

## တရားစွဲခံ စုဒိတကတို့၏ ချေပချက်များအပေါ် သုံးသပ်သည်မှာ

၁။ ဦးဆန္ဒာဓိက၏ ချေပချက်သည် ဖြစ်စလောက် အရာမရောက် သည်ကို တွေ့ရပေသည်။ ၎င်းကိုးကားထားသော အထောက်အထားများသည်လည်း စောဒနာချက်များကို လုပ်ချောက်များနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

၂။ စုဒိတက သခင်မြတ်ဆိုင်သည် ပါဠိစကားလုံးများကိုပင် ကောင်းစွာမဖတ်တတ်ရာသူ ဖြစ်ကြောင်း တွေ့ရပေသည်။ ၎င်းကိုးကားလျှောက်ထားသောပါဠိဝေါဟာရ မြန်မာပြန်များကို ကောင်းစွာနားမလည်ကြောင်း တွေ့ရပေသည်။

အကျဉ်းဖော်ပြရာ၌လည်း အဓိပ္ပာယ်မမှန်ကန်ကြောင်းတွေ့ရသည်။ပါဠိဝေါဟုဒ်ရေများလျှင်ပြီးစတမ်းဆိုပြီး ဝါဒဖြန့်အနေအထားမျိုးဖြင့် စောဒနာနှင့် မသက်ဆိုင်သော မြန်မာပြန်များကို ကိုးကားလျှောက်ထားသည်ကိုလည်း တွေ့ရ၏။

၃။ သမ္မာဒိဋ္ဌိအဖွဲ့ချုပ်မှ ဟင်းသွင်းသော ချေပ စောဒနာလွှာကို သုံးသပ်ရာတွင် အချက်သုံးချက်ကိုတွေ့ရသည်–

### ပထမအချက်

ပထမအချက်မှာ ဤသီးခြားဝိနည်းဓိဋ္ဌာန်းကို ပါဠိဝေါဟာရဖြင့်စင်မြင့်အဖြစ် အာယုံးဓာရဏ် ရည်ရွယ်ချက်ဖြင့် စောဒနာမူများနှင့် လုံးပမသက်ဆိုင်သော အကြောင်းအရာများကို ထည့်သွင်းရေးသားထားသည်ကို တွေ့ရ၏။ ဥပမာ-သူတို့အား နှုတ်ဖြင့် ခေါ်ဆိုးမလိုက်လျှင် ပြီးနိုင်ပါလျက် သီးခြား ဝိနိစ္ဆယဖွဲ့ပေးပြီး တိုင်းသိ ပြည်သိ စစ်းဆေးရကောင်းလားဟု နိုင်ငံတော် သဲ့သဲ့မဟာနာယကအဖွဲ့အစေပါ အပြစ်ပုံချ၍ ရေးသားမှု၊ ၎င်းတို့၏ဆရာ(သမဏောဂုရု)ဖြစ်သော ဦးဥက္ကဋ္ဌအား ခိုးကူး ခန်းပွင့်၍ အာသားလွတ် ခိုးကူးဝါဒဖြန့် ရေးသားမှုမျိုးဖြစ်သည်။

### ဒုတိယအချက်

ဒုတိယအချက်မှာ စောဒနာကို ချေပရာ၌ ချေပရာမရောက်သော စကားလုံးများ ပါဝင်ခြင်းဖြစ်သည်။

## တတိယအချက်

တတိယအချက်မှာ စောဒနာကို ချေပသောစကားရပ်များဖြစ်သည်။

အထက်ပါ သုံးရပ်တို့တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အား အပြစ်တင်မှု၊ ဦးဥက္ကဋ္ဌအား အထောက်မတန်ခြိုးကျူးမှုမျိုးကို ရုံးတော်သို့ ဖတ်ကြားတင်သွင်းခွင့်မပြုပဲ ပယ်ချခဲ့သည်။ ဒုတိယအချက်ဖြစ်သော စောဒနာနှင့်မသက်ဆိုင်သောစကားပိုများကို ဖတ်လိုကဖတ်နိုင်ကြောင်း သတိပေးချက်ဖြင့် ဖတ်လျှောက်ခွင့်ပြုခဲ့သည်။

## သခင်မြတ်ဆိုင် ပါဠိုအတုလုပ် လိမ်ညာ

စုဒိတက သခင်မြတ်ဆိုင်အနေဖြင့် ရုံးတော်သို့ ချေပလွှာ တင်သွင်းရာတွင် ရုံးတော်က လိုအပ်သောအချက်များကို မေးမြန်းစီစစ်ခဲ့သည်။

သခင်မြတ်ဆိုင်က 'လောကသမုဒယဉ္စအတ္ထိ၊ လောကနိရောဓဉ္စနတ္ထိ' ဟူသော ပါဠိသည် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ကစ္စာနဂေါတ္တသုတ် စာမျက်နှာ (၂၄၂)၌ အမှန်တကယ်ရှိပါကြောင်း အခိုင်အမာလျှောက်ထားသဖြင့် တရားခွင်၌ပင် သခင်မြတ်ဆိုင်အား နိဒါနဝဂ္ဂသံယုတ် ပါဠိစာအုပ်ကိုပေးပြီး ထိုပါဠိကိုရှာခိုင်းခဲ့ရာ သခင်မြတ်ဆိုင်သည် မိမိကိုယ်တိုင်လည်းကောင်း၊ မိမိအကူအညီလူများနှင့်လည်းကောင်း အပြန်ပြန်အလှန်လှန် ရှာကြသော်လည်း မတွေ့ပဲဖြစ်နေသည်။

ရုံးတော်ကလည်း မေးရာတွင်လည်း ထိုပါဠိသည် ပါဠိတော်စာအုပ်များ၌ ပါရှိသည်မဟုတ်ပါကြောင်း ဝိနည်းပိုဋ်ဆရာတော်များရှေ့မှောက်၌ ဝန်ခံလျှောက်ထားခဲ့သည်ကို ဤရုံးတော်က မှတ်တမ်းတင်ထားခဲ့သည်။

## သမ္မာဒိဋ္ဌသုတေသနအဖွဲ့ကလည်း ပါဠိအတုလုပ်တာ်

သမ္မာဒိဋ္ဌသုတေသနအဖွဲ့ချုပ်(ဗဟို)မှ ဥက္ကဋ္ဌ ဦးခင်ဟန်တဦးကိုသာ စုဒိတက စာရင်းထည့်ထားသော်လည်း ချေပလွှာတင်ရာ၌ ဦးမြဒင်၊ ဦးမြင့်ဆွေ၊ ဦးကျော်ထင်၊ ဦးဘဏ်သိုင်း၊ ဦးစိန်အေး၊ ဦးလွန်းမောင်၊ ဆိုသူတို့က ပါဝင်လက်မှတ်ရေးထိုးထားသည်ကို တွေ့ရသည်။

၎င်းချေပလွှာ၌ 'ပကာရေန ဉာဏော' စသောပါဠိပျက် ပါဠိအတု မျိုးဖြင့် စံ့ဝံ့စားစား တင်ပြလျှောက်ထားသည်ကိုတွေ့ရသည်။ ရုံးတော်က မေးမြန်းသဖြင့် ၎င်းတို့လူစုသည် ပါဠိဘာသာ၊ ပါဠိကျမ်းဂန်များကို မတတ်မသိရုံမျှမက အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ် စာတမ်းများကိုပင် ကိုယ်ဘိုင်မဖတ်ဖူးကြကြောင်း ဝန်ခံထွက်ဆိုသွားကြသည်ကို ဤရုံးတော်က မှတ်တမ်းတင်ထားခဲ့ပေသည်။

# ကောက်ချက်ချ

ဤကဲ့သို့ ရိုးထိုင်ဝိနည်းဓိုရိုးဆရာတော်များက ၂-ဘက်သောစောဒက စုဒိတကတို့၏ စွဲချက်နှင့် ချေပချက်တို့ကို အလေးအနက် သုံးသပ်တော်မူကြပြီး အောက်ပါအတိုင်း ကောက်ချက်ချ တော်မူကြသည်-

## ဦးဥက္ကဋ္ဌသည် နိဂ်ံးခြားစာပေ အထင်ကြီး

(က) ဘာသာရေးသောင်းကျန်းသူ ခေါင်းဆောင်ဖြစ်သော ဦးဥက္ကဋ္ဌသည် ဗုဒ္ဓ ပိဋိကတ် ကျမ်းဂန်များထက် နိဂ်ံးခြားစာပေတို့ကို အထင်ကြီးသူ ဖြစ်ကြောင်း တွေ့ရသည်။

## ဦးဥက္ကဋ္ဌသည် ပိဋကတ်ကျမ်းဂန် တကယ်မတတ်

(ခ) ဦးဥက္ကဋ္ဌရေးသားပြောဆိုချက်များအရ ဦးဥက္ကဋ္ဌသည် ပိဋကတ်ကျမ်းဂန်များကို ကောင်း စွာမတတ်ကြောင်း၊ နံ့စပ်မှုလည်းမရှိကြောင်း တွေ့ရသည်။

## ဦးဥက္ကဋ္ဌသည် အရှက်မရှိ

(ဂ) ဦးဥက္ကဋ္ဌသည် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ တာဝန်မဲ့ပြောဆိုပြုလုပ်လွယ်သူ ဖြစ်၏။ လစ်ဟိုက်ကင်းမဲ့ကြောင်းတွေ့ရသည်။

## ဦးဥက္ကဋ္ဌသည် ရုပ်ဝါဒီသဘော

(ဃ) ဦးဥက္ကဋ္ဌသည် ရုပ်ဘုရားငါးမျိုးကို လက်ခံပြီး မဟာဝိညာဏ်နာမ်ကို ပယ်သော ရုပ်ဝါဒီတဦးဖြစ်ကြောင်း တွေ့ရသည်။

## ဦးဥက္ကဋ္ဌသည် မိစ္ဆာဒိဋ္ဌိ

(င) ရုပ်သည်အံ့ရှိတရား၊ နိစ္စတရား၊ နာမ်သည်ရုပ်မှဖြစ်သော အဖြစ်တရား၊ အနိစ္စတရားဟု ယူဆသဖြင့် ကေစ္ဆသဿတဒိဋ္ဌိအယူရှိသူဖြစ်ကြောင်း တွေ့ရသည်။

## ဦးဥက္ကဋ္ဌသည် ခေတ်ဟောင်းမိစ္ဆာဝါဒထုတ်ဖော်

(စ) ဦးဥက္ကဋ္ဌသည် ခေတ်ဟောင်းလူတို့ ပြစ်ပယ်ခဲ့သော မကွလိဂေါသာလ၏သည့် တိတ္ထိ ဆရာကြီး (၆)ဦးတို့၏ မိစ္ဆာဝါဒကို ရောကျိုပြီး ပြန်လည်ထုတ်ဖော်ရန် ကြိုးစားသူသာ ဖြစ်ကြောင်း တွေ့ရသည်။

## သခင်မြတ်ဆိုင်နှင့်သမ္မာဒိဋ္ဌိလူစုသည် မိစ္ဆာဒိဋ္ဌိ

(ဆ) သခင်မြတ်ဆိုင်နှင့်တကွ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့မှ ပုဂ္ဂိုလ်များသည် ၎င်းတို့၏ရေးသား ဟောပြောချက် အထောက်အထားများအရ ဦးဥက္ကဋ္ဌနည်းတူ ဧကစ္စသဿတ မိစ္ဆာဒိဋ္ဌိ အယူရှိသူများဖြစ်ကြောင်း တွေ့ရသည်။

## သခင်မြတ်ဆိုင်နှင့်သမ္မာဒိဋ္ဌလူစုသည် ဒိဋ္ဌကြီးသုံးမျိုး

(ဇ) သခင်မြတ်ဆိုင်နှင့်တကွ သမ္မာဒိဋ္ဌသုတေသနအဖွဲ့မှ ပုဂ္ဂိုလ်များသည် ကံ ကံ၏အကျိုး၊၊ အတိတ်အနာဂတ်ဘဝ၊ ကောင်းမွန်စွာကျင့်သော သမဏ ဗြဟ္မဏမရှိဟု ယူသော ပုဂ္ဂိုလ်များဖြစ်သောကြောင့် နတ္ထိကဒိဋ္ဌ၊ အကိရိယဒိဋ္ဌ၊ အဟေတုကဒိဋ္ဌအယူ ရှိသူများ ဖြစ်ကြောင်း တွေ့ရသည်။

## ဦးဥက္ကဋ္ဌနှင့်အပေါင်းပါတို့သည် ဝိဋ္ဌကတ်တော်ကို ဖျက်၊ သံဃာတော်များကိုတိုက်

(စျ) ဦးဥက္ကဋ္ဌနှင့်ကကွ တပည့်နောက်လိုက်များဖြစ်ကြသော သခင်မြတ်ဆိုင်နှင့် သမ္မာဒိဋ္ဌသုတေသနအဖွဲ့မှ ပုဂ္ဂိုလ်များသည် ဘုရားမဟောသည်ကို အဟော၊ ဟောသည်ကို မဟော၊ လည်ဆယ်ခြင်း၊ ပါဠိအတ္ထများကို ထည့်လျက် ပါဠိအဋ္ဌကထာများကို ဖြုတ်ခြင်း၊ အဋ္ဌကထာများကို ထိန်း၍ တည်တံ့ပြန့်ပွားအောင် ပြုလုပ်နေသောသံဃာတော်များကို အစွမ်းကုန် တိုက်ခြင်းစသည်တို့ကို ပြုလုပ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပေသည်။

## ဦးဥက္ကဋ္ဌနှင့် အပေါင်းပါတို့သည် ဗုဒ္ဓဘာသာဝင်တို့အား အသိညာဏ်ရှုပ်ထွေးအောင်လုပ်၊ စိတ်မချမ်းသာအောင်ဖြို

(ည) ဦးဥက္ကဋ္ဌနှင့် အပေါင်းပါတို့သည် ဗုဒ္ဓမြတ်စွာဘုရားက ၄၁ ဘုံကို လက်ခံခဲ့ကြောင်း စသဖြင့် ရိုးသားသောဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ အသိညာဏ်ကို ရှုပ်ထွေးစေလျက် မြတ်စွာဘုရားအပေါ်၌ ယုံကြည်ကြသူများအား စိတ်မချမ်းမသာ ဖြစ်စေခဲ့ကြောင်း တွေ့ရသည်။

## သာသနာ့တော်ကို အခြေအနေ ရှုပ်ထွေးအောင်လုပ်

(ဋ) ဦးဥက္ကဋ္ဌကို့သည် ရုပ်ဝါဒအမြင်ဖြင့် ကံ ကံ၏အကျိုးတရားကိုပယ်ခြင်း၊ ဗုဒ္ဓဝါဒကို ပစ္စုပ္ပန်ဝါဒဖြစ်သယောင်၊ ဗုဒ္ဓအဘိဓမ္မာကို ဘုရားဟောမဟုတ်လေဟန်၊ ဘာသာရေးလူမျိုးတို့၏ တရားလွန်ဝေဖန်မှုများကို အားယူ၍ ဗုဒ္ဓသာသနာတော်အတွင်း၌ အခြေအနေရှုပ်ထွေးအောင် ဖန်တည်းသူများဖြစ်ကြောင်း တွေ့ရသည်။

## သဗ္ဗညုတဉာဏ်တော်ကိုပုတ်ခတ်၊ အများယုံကြည်ကိုးကွယ်မှုကိုစော်ကား

(ဌ) မမှန်သောအကိုးအကားများဖြင့် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို ထိပါး ပုတ်ခတ်ကြခြင်းအားဖြင့် ဦးဥက္ကဋ္ဌနှင့်တကွ သခင်မြတ်ဆိုင် သမ္မာဒိဋ္ဌအဖွဲ့ချုပ် ပုဂ္ဂိုလ်များသည် အများယုံကြည်ကိုးကွယ်မှုကို ထိပါးစော်ကားကြောင်းတွေ့ရသည်။

**တရားအားထုတ်သူများကို ပြောင်လျောင်**

(၃) ဦးဥက္ကဋ္ဌနှင့်စုဒိတကတို့သည် အေးငြိမ်းစွာ ဝိပဿနာ တရားအားထုတ်နေကြသူတို့အား အာမိုးမိုး ပျက်ရယ်ပြောင်လျောင်ပြုခြင်းအားဖြင့် ရဟန်းရှင်လူတို့၏ ယုံကြည်ကိုးကွယ်မှုကို နှောင့်ယှက်ဖျက်ဆီးသူများဖြစ်ကြောင်း တွေ့ရသည်။

**ဦးဥက္ကဋ္ဌသည် ရဟန်းတု ရဟန်းယောင် သင်္ကန်းအရေခြုံမတရားအခွင့်အရေးယူ**

(၄) ဦးဥက္ကဋ္ဌသည် ၎င်း၏ ရေးသားဟောပြောချက်များ အရ ရဟန်းကောင်း ရှင်ကောင်းတို့အား ပက်ပက်စက်စက် ဝေဖန်ပုတ်ခတ်ခြင်းပြုခဲ့သည်။ အရဟတ္တဓဇသင်္ကန်းတော်ကို ဝတ်ဆင်ထားပါလျက် ဝိနည်းသိက္ခာပုဒ်များကိုမကျင့်သုံးသည့်အတွက် အယောင်ဆောင် သာသနာဖျက်တဦးဖြစ်ကြောင်း တွေ့ရသည်။ ပါရာဇိကကျပြီးပါလျက် ရဟန်းဟု ဝန်ခံကာ ဒါယကာ, ဒါယိကာမများအပေါ် လိမ်လည်လှည့်ဖျား၍ မာဂရားအခွင့်အရေးကို ရယူနေသော ပုဂ္ဂိုလ်များကဲ့သို့ ဖြစ်ကြောင်းတွေ့ရသည်။

**သခင်မြတ်ဆိုင်နှင့်အပေါင်းပါတို့သည် ဗုဒ္ဓဘာသာယောင်ဆောင်ပြီး သာသနာကိုဖျက်**

(၅) သခင်မြတ်ဆိုင်နှင့်တကွ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ခုပ်မှ ပုဂ္ဂိုလ်တို့သည် ၎င်းတို့ရေးသားဟောပြောချက်များအရ ဗုဒ္ဓဥပါသကာများ (ဗုဒ္ဓဘာသာဝင်များ) မဟုတ်ကြောင်း ထင်ရှားသည်။ သို့ဖြစ်လျက် ဗုဒ္ဓဘာသာဝင် အယောင်ဆောင်၍ သာသနာတော်ကို ဖျက်ဆီးနေသူများဖြစ်ကြောင်း တွေ့ရသည်။

**သမ္မာဒိဋ္ဌိသုတေသီတို့သည် ဗုဒ္ဓဆန့်ကျင်ဘက် ဘယူရိသူများ**

(တ) သမ္မာဒိဋ္ဌိသုတေသီဆိုသူတို့သည် ပြဿနာတိုင်းဥ္စ ရုပ်ဒေါသ မူတည်၍ စဉ်းစားသူများဖြစ်သောကြောင့် အဇ္ဈတ္တကသမ္မလကဲ့သို့ ဗုဒ္ဓသာသနာနှင့်ဆန့်ကျင်သော **ဘယူရိသူများဖြစ်ကြောင်း** တွေ့ရသည်။

**သမ္မာဒိဋ္ဌိသုတေသီစင်တိုသည် တရားမကပ်သော်လည်း စကားတတ်၊ ဆဲပြီးမှ ဆဲချင်လိုမဟုတ်ပါဟု ဆို**

(ထ) သမ္မာဒိဋ္ဌိသုတေသီဆိုသူတို့သည် တရားမကပ်၊ တရားမကတ်သော်လည်း စကားတတ်များဖြစ်ကြောင်း တွေ့ရသည်။

ဘစသဝင်အချင်းချင်း တိုက်ခိုက်ရန် ငွေစုဝတ်ဆင်နှုတ်ခွန်းဆက် မဒို့ပါဟု လူကြားကောင်းအောင်ပြောသော စကားသည် ယုတ်ယုတ်မာမာ ဆဲပြီးမှ ဆဲချင်၍ မဟုတ်ပါဟု ဆိုသကဲ့သို့ ဖြစ်နေပေသည်။

## သမ္မာဒိဋ္ဌိသုတေသီတို့သည် ဆင်သေကိုဆိတ်ရေနှင့်ဖုံး

(ဒ) သမ္မာဒိဋ္ဌိသုတေသီဆိုသူတို့က ၎င်းတို့တရားရှုခဲသည်မှာ ဓမ္မ-အဓမ္မအခြင်းပွားရန်မဟုတ် ဒုက္ခငြိမ်းရေးကိုသာ ရှာခြင်းဖြစ်သည်။

တိုင်းသိပြည်သိတရားကို ပုတ်ခတ်၊ ပိဋကတ်တော်ကိုစေ့ကား၊ရေဟန်းသံဃာများကို တိုက်ခိုက် ဗုဒ္ဓဘာသာတို့၏ အစဉ်အလာဓလေ့ကို ပြက်ရယ်ပြောင်လှောင် ပြုလုပ်နေသူတို့က အေးငြိမ်းစွာ တရားရှာနေပါသည်ဆိုသောစကားသည် ဆင်သေကို ဆိတ်ရေနှင့် ဖုံးသကဲ့သို့သာ ဖြစ်ချေသည်။

## သမ္မာဒိဋ္ဌိသုတေသီတို့၏ ဓမ္မစကြာသည် ရုပ်ဝါဒဓမ္မစကြာ

(ဓ) သမ္မာဒိဋ္ဌိသုဟဿီတို့၏ မြေစကြာ အနတ္တလက္ခဏာ၊ ပဋိစ္စသမုပ္ပါဒ် တို့သည် ရုပ်ဝါဒ အဖြစ်ဖြင့် တိထွင် ဖန်တည်းလှည့်စား ထားသော ဦးဥက္ကဋ္ဌ၏ ဓမ္မစကြာ၊ အနတ္တလက္ခဏာ၊ ပဋိစ္စသမုပ္ပါဒ်များသာဖြစ်ကြောင်း တွေ့ရသည်။

## သမ္မာဒိဋ္ဌိနှင့် သခင်မြတ်ဆိုင်တို့ မရိုးသားမှု ဘွားဘွားကြီးပေါ်

(န) သခင်မြတ်ဆိုင်နှင့် သမ္မာဒိဋ္ဌိသုတေသီတို့သည် ကေသမုတ္တိသုတ္တန်ကို အားကိုးသမှုပြု တင်ပြသယောင်ဆောင်ပြီး ကေသမုတ္တိသုတ္တန်၌ ငါတို့၏အရှင်ရေဟန်း စကားဟူ၍လည်း မယူကုန်လင့်ဦး – ဆိုသည့်အချက်ကို မလိုက်နာပဲ၊ ၎င်းတို့၏ တဆူတည်းသောဆရာ ဦးဥက္ကဋ္ဌ ဟောသော၊ ပြောသောပါဠိမှ အမှန်– အခြားဆရာတော်များ ဟောကြားသော ပါဠိတော်သည် မှန်–ဟု တယူသန် ရေးသား ဟောပြော နေကြသောကြောင့် ၎င်းတို့၏ မရိုးသားမှုသည် ဘွားဘွားကြီးပေါ်လွက်ရှိသည်ကို တွေ့ရသည်။

## ဝိဘဇ္ဇဝါဒမဟုတ် ဗုဒ္ဓသာသနာဖျက်ဆီးရေးဝါဒ

(ပ) သဗ္ဗညုဇာဉာဏ်မရှိ၊ အာဘိဓမ္မာဘုရားဟောမဟုတ် (၃၁) ဘုံမရှိ၊ ကံ ကံ၏ အကျိုး၊ တန်ခိုး အာဘိဉာဏ်မရှိဟု ပြောခြင်းများသည် ဝိဘဇ္ဇဝါဒ မဟုတ်ပဲ ဗုဒ္ဓသာသနာဖျက်ဆီးရေးဝါဒသာဖြစ်ကြောင်း ထင်ရှားသည်။

## အကျဉ်းချုပ် သုံးသပ်ချက်

(ဖ) အားလုံးခြုံ၍ အကျဉ် ခုပ်သုံးသပ်ရသော် ဦးဥက္ကဋ္ဌသည် ရုပ်ဝါဒီ၊ သခင်မြတ်ဆိုင်သည် ရုပ်ဝါဒီ၊ သမ္မာဒိဋ္ဌိသုတေသနဖွဲ့ဝင်တို့သည် ရုပ်ဝါဒီများသာ ဖြစ်ကြောင်း။

ရုပ်ဝါဒကိုသာ တယူသန်၊ တယူသည်း လက်ခံထားသူများဖြစ်သော ကြောင့် မည်သည့်ဘာသာမျှမရှိသော ဘာသာမဲ့များသာ ဖြစ်ကြောင်း။

ဤသို့ ဘာသာမဲ့ ရုပ်ဝါဒီများဖြစ်ကြပါလျက် မိမိတို့၏ဝါဒကို ဗုဒ္ဓဘာသာနှင့် လွတ်လွတ်ကင်းကင်းတူထောင်ခြင်းမပြုပဲ ဗုဒ္ဓဘာသာ သာသနာနှင့် ဝင်ရှုပ်ကာ အတွင်းမှဝင်၍ ဖျက်နေသူများဖြစ်ကြောင်း တွေ့ရသည်။

ဦးဥက္ကဋ္ဌသည် ငယ်စဉ်က ရဟန်းပြုခဲ့သော်လည်း ရုပ်ဝါဒကိုလက်ခံ၍ ဗုဒ္ဓဝါဒမှ ရုပ်ဝါဒသို့ ကူးပြောင်းသွားသောအခါ၌ အသွင်မပြောင်းပဲ ဘုရား အရေကို ဆက်လက်ခြုံထားသော အရေခြုံသာဖြစ်ကြောင်း တွေ့ရသည်။ 'ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ရှင်ဥက္ကဋ္ဌ၏ ဘပည့်သားများပီသစွာ' ဟု စုဒိတကတော့ကဆိုသည့်အတိုင်း ဦးဥက္ကဋ္ဌ၏တပည့်ပီသလှသော သခင်မြတ်ဆိုင်နှင့် သမ္မာဒိဋ္ဌဟိုအဖွဲ့မှ ဘာသာမဲ့ရုပ်ဝါဒီများလည်း ဘာသာရေးအရေခြုံများသာဖြစ်ကြောင်း ဘာသာရေးကို အရေခြုံပြီး အတွင်းကနေ၍ ဖျက်နေသူများ ဓမ္မန္တရာယ်စစ်စစ်များသာ ဖြစ်ကြောင်းတွေ့ရသည်။

## ဆုံးဖြတ်ချက် ချမှတ်

ဝိနည်းဓိုရ်ဆရာတော်ကြီးများသည် ၂-ဘက်သော စောဒနာ၊ သောဓနာချက်များကို စီစစ်၊ သုံးသပ်၊ ကောက်ချက်ချတော်မူကြပြီးနောက် သဘာဝတိဆရာတော်ဘုရားကြီးက ဤသို့ ဖတ်ကြား၍ ဆုံးဖြတ်ချက် ချမှတ်တော်မူသည်။

သဘာပတိဆရာတော်ကြီး ဆုံးဖြတ်ချက် ဖတ်ကြားနေပုံ



## အဓမ္မဝါဒ

လူသေလူဖြစ် ဝါဒါနှု ဝါဒ (လူသေလူဖြစ် ဦးဥက္ကဋ္ဌ ဝါဒ၊ ၎င်း၏နောက်လိုက်ဖြစ်သော သခင်မြတ်ဆိုင်၊ သုတေသီ စသူတို့၏ဝ ဒ)သည် ထေရဝါဒ ပိဋကတ်တော်လာ သာသနာမမ္မအာဂမယုတ္တိများနှင့် လည်းကောင်း၊ လေးနက်ကျယ်ပြန့်သော သဘာဝယုတ္တိများနှင့်လည်းကောင်း၊ မလျော်ကန်အောင် ဖောက်ပြန်ယွင်းကွက် ဆန့်ကျင်ဘက်ဖြစ်သော အမွေဝါဒသာဖြစ်သည်ဟု နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၂) ဝိနည်းမိုရ် ဆရာတော်များအားလုံးက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

## အဓမ္မပစ္စည်း

နိုင်ငံတော်သီးခြားဝိမိုရ်အဖွဲ့ အမှတ် (၂) ရုံးတော်သည် သက်သေခံတင်ပြသော လူသေလူဖြစ် ဝါဒါနှု ဝါဒဆိုင်ရာ စာအုပ်စာတမ်း စာစောင် တိတ်ခွေ များနှင့်တကွ၊ ဤရုံးတော်သို့ သက်သေခံ ပစ္စည်းအဖြစ် ရောက်မလာသော ထိုဝါဒဆိုင်ရာ စာအုပ် စာတမ်း စာစောင် တိတ်ခွေနှင့် ကျောက်စာ စသည်၌ ပါရှိသော ရေးသားချက်များ သည်လည်း ထေရဝါဒ ပိဋကတ်တော်လာ သာသနာမမ္မနှင့် ဆန့်ကျင်ဘက်များဖြစ်၍ ထိုစာအုပ် စာတမ်း စာစောင် တိတ်ခွေ ကျောက်စာ စသည်တို့သည်။ အဓမ္မဝါဒကိုဖော်ပြရာဖြစ်သောကြောင့် အဓမ္မပစ္စည်းများဖြစ်ကြောင်း နိုင်ငံတော် သီးခြားဝိနည်းမိုရ် အဖွဲ့ အမှတ် (၂) ဝိနည်းမိုရ်ဆရာတော်များအားလုံးက ပညတ်တည်တည်း ဆုံးဖြတ်တော်မူကြသည်။

## အဓမ္မဝါဒီ

ထိုလူသေလူဖြစ် ဝါဒါနှုဝါဒ(လူသေလူဖြစ်ဝါဒ၊ သမ္မာဒိဋ္ဌိသုတေသီတို့၏ဝါဒ စသည်)ကို ရေးဘားဟောပြောဖြန့်ဝေကြသော သင်္ကန်းဝတ်နှင့် လူဝတ်ကြောင်တို့ဖြည်းလည်းကောင်း၊ ထိုလူသေလူဖြစ်ဝါဒကို လိုက်နာ၍ ပြုလုပ်ကြသော သင်္ကန်းဝတ်နှင့် လူဝတ်ကြောင်တို့သည်လည်းကောင်း၊ ထိုလူသေလူဖြစ် ဝါဒါနှုဝါဒကို လိုလားနှစ်သက်စွာ ထောက်ခံအားပေးကြသူ သင်္ကန်းဝတ်နှင့် လူဝတ်ကြောင်တို့သည်လည်းကောင်း အဓမ္မဝါဒီတို့သာ ဖြစ်ကြကုန်၏ ဟူ၍ နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ်(၂) ဝိနည်းမိုရ်ဆရာတော်ကြီးများအားလုံးက ဟာညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

ဤသို့ ဆုံးဖြတ်မှုက ခြတော်မူကြပြီးနောက် ဝိနည်းမိုရ်ဆရာတော်ကြီး ၅-ပါးလုံးက ဤသို့ လက်မှတ်ရေးထိုးတော်မူကြပါသည်။

ဝိနည်းခုံရိဆရာတော်ကြီး ၅-ပါးပုံ

၁။ ဘဒ္ဒန္တဃောသိတာဘိဝံသ(သဒ္ဓာဝပတိ)ယောသိတာရုဏမတိုက်၊ ထား၀ယ်မြို့။
၂။ ဘဒ္ဒန္တဇဝနာဘိဝံသ၊ ဇဝနာဘိဝံသာရုံကျောင်းတိုက်၊ ကြို့ပင်ကောက်မြို့။
၃။ ဘဒ္ဒန္တမမ္မာဘိဝရ၊ ကံဘွင်းဆုဒတ ဉာဏ်းပြည့်ကျောင်းတိုက်၊ ပြည်မြို့။
၄။ ဘဒ္ဒန္တကုမာရာဘိဝံသ၊ မဟာဝိသုဒ္ဓာရုံမတိုက်၊ မန္တလေးမြို့။
၅၊ ဘဒ္ဒန္တဉာနိက၊ ပဒုမ္မာတာရုံကျောင်းတိုက်၊ မြောင်းမြမြို့။

ရပ်၀ေးရပ်နီးမှ ရောက်ရှိနေကြသည့် ပရိသတ်ကြီးကလည်း နှိုးဆော်ကျော်ဇောပြုပြင်းပွားများကြီး၏ အနှိုင်အရှိုးကို ဤသို့ အာရုံပုံက်နားစွင့်နေကြသည်။ (ပုံ)

စီရင်ချက်နားဆောင်နေကြသည့် ပရိသတ်ကြီး (ပုံ)

# ဩဝါဒအခမ်းအနား

ဝိနိစ္ဆယ ဆုံးဖြတ်ချက်ကို ကြားနာကြပြီးနောက်(စုဒိတဂ)တရားပြီး၊ လူသေလူဖြစ် ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ဘုရားကြီးများ၏ ဩဝါဒ အဆုံးအမ ကိုခံယူရန် နိုင်ငံတော် သံဃမဟာနာယကရုံးတော် ဩဝါဒခံ အခမ်းအနားသို့ ရောက်လာကြသည်။

မောင်ပိုကဲ့သို့ ပိုက်ရှူးရဲ အဖတ်မတင်စေလို
ရှေ့တွင်တမျိုး ကွယ်ရာတွင်ကမျိုး မဟုတ်စေပဲ
နိုင်ငံတော်ရဲ့ အဆုံးအဖြတ်ကို လိုက်နာစေလို

ပဝရဏသီဆရာတော်ဘုရားကြီး ဩဝါဒပေးနေပုံ

ဆရာတော်ဘုရားကြီးက မိန့်ကြားရာတွင် ဒီကိစ္စနှင့်ပတ်သက်ပြီး သမ္မာဒိဋ္ဌိ သုတသနအဖွဲ့က သူတို့ကိုင်းမတင်ပဲနှင့် မဟာနာယကဆရာတော်များကပဲ ဆုံးပေါ်ဟု စာလာတင်ကြကြောင်း။

ဆရာတော်များက ပုဂ္ဂလိကအနေနှင့် သနားကရုဏာငဲ့ညှာလို့ကြပါသော်လည်း နှစ်ဘက်အခြေအနေအရ ယခုလို ဝိနည်းမိုရ်ရုံးဖွဲ့၍ စစ်ဆေးခဲ့ရကြောင်း။

ရိုးသားဖြူစင်တဲ့စိတ် ဒိုင်းမှန်လျှင် ယခုလိုဝိနည်းမိုရ်ဆရာတော်ကြီးများက ညွှန်ကြားသွေးထွာ၍ ဆုံးဖြတ်၊ ဆုံးမအပ်သည်များကို ရှေ့တွင်တမျိုး၊ ကွယ်ရာတမျိုး မဟုတ်စေပဲ အမှန်တကယ် လိုက်နာကြလိမ့်မယ်လို့ ဆရာတော်တို့ မျှော်လင့်ကြောင်း။

ဝိန်စ္ဆယရုံးတော်၏ ဆုံးဖြတ်ချက်သည် သူတော်ကောင်းကို ပိုကောင်းစေပြီး အယုတ်မာကို သူတော်ကောင်းဖြစ်လာစေမည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်း။

ဓမ္မစက်ကို သူတော်ကောင်းများကသာ လိုက်နာသည်။ အာဏာစက်ကတော့ မသူတော်တို့လည်း မလိုက်နာစပဲ မနေနိုင်ကြောင်း။

မင်းတုန်းမင်း လက်ထက် သာသနာထွန်းကားနေတဲ့အချိန်မှာ ဓာတ်ဆရာမစင်မိုဟာ သာသနာ ၅၀၀၀ အငြင်းပွားမှုနဲ့ပတ်သက်ပြီး အများဝါဒကိုဆန့်ကျင်ကာ ရတနာသုံးပါးကို စော်ကားခဲ့ကြောင်း။

ဒီအခါမှာ မင်းတုန်းမင်းကြီးက ငပိုကိုခေါ်ပြီး အယူဂုန်လွှတ်ဖို့ အများကိုမပုတ်ခတ်ဖို့ ဖျောင်းဖျခဲ့သော်လည်း ငပိုသည် အယူသီးခေါင်းဆောင်ပီပီ သူ့ရဲ့အယူကို မစွန့်လွှတ်သည့်အတွက် အသတ်ခံခဲ့ရကြောင်း။

ငပိုကဲ့သို့ မိုက်ရူးရဲအဖြစ်နဲ့သာ အဖတ်မတင်စေလိုကြောင်း ဒီဇင်ဖြင့် ဆရာတော်ဘုရားကြီးက ဩဝါဒအဆုံးအမ ပေးတော်မူသည်။

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ဘုရားကြီး၏ ဩဝါဒကို စုဒိတက ရဟန်းတော်များနှင့် သခင်မြတ်ဆိုင် စသော လူပုဂ္ဂိုလ်များက ဤသို့ နာကြားလျက်ရှိနေကြသည်။



စုဒိဘာကများ နိုင်ငံတော် ဩဝါဒ ခံယူနေပုံ

ဤသို့ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ဘုရားကြီးများ၏ ဩဝါဒကို ကြားနာကြပြီးနောက် မိမိတို့၏အဓမ္မအယူဝါဒများကို စွန့်လွှတ်ပါကြောင်း၊ ပဋိညာဉ်စာတမ်ပြု၍ အသီးသီး လက်မှတ်ရေးထိုးသွားကြသည်။

# ဤသို့ လက်မှတ်ရေးထိုးကြ

လူသေလူဖြစ် ဦးဥက္ကဋ္ဌ၏ အဓမ္မဝါဒကို စွန့်လွှတ်ပါသည်ဘုရား။

ဦးဇဝန၊
ရှေ့နေနယ်ကျေးငှက်၊ တောင်တွင်းကြီးမြို့။



ဦးဇဝန နေရှေ့နေနယ်ကျေးငှက် လက်မှတ်ရေးထိုးနေပုံ

လူသေလူဖြစ် ဦးဥက္ကဋ္ဌ၏ အဓမ္မဝါဒကို စွန့်လွှတ်ပါသည်ဘုရား။

ဦးဇဝန၊
ငါးဆင့်အနှောက်ကျေးငှက်၊ တောင်တွင်းကြီး။

ဦးဇဝန ငါးဆင့်အနှောက်ကျေးငှက် လက်မှတ်ရေးထိုးနေပုံ

လူသေလူဖြစ် ဦးဥက္ကဋ္ဌ၏ အဓမ္မဝါဒကို စွန့်လွှတ်ပါသည်ဘုရား။

ဦးဥဇ္ဇောတိက၊
ကွင်းကျောင်း၊ ဒေးဒရဲမြို့။

ဦးဥဇ္ဇောတိက ဒေးဒရဲ၊ လက်မှုတ်ရေးထိုးနေပုံ

လူသေလူဖြစ် ဦးဥက္ကဋ္ဌ၏ အဓမ္မဝါဒကို စွန့်လွှတ်ပါသည်ဘုရား။

ဦးဆန္ဒာဓိက၊
နတ်မိတောရေကျောင်း၊ တောင်တွင်းကြီးမြို့။



ဦးဆန္ဒ ဓိက လက်မှတ်ရေးထိုးနေပုံ

## သခင်မြတ်ဆိုင်တို့ လူစုကလည်း

လူသေလူဖြစ် ဦးဥက္ကင္ဒ၏ အဓမ္မဝါဒကို စွန့်လွှတ်ပါသည်ဘုရား။

သခင်မြတ်ဆိုင်(၂၃)နှစ်၊
အမှတ် ၄၊ စိန်ချယ်လမ်း၊ ကျိုက္ကဆံ၊ ရန်ကုန်။

သခင်မြတ်ဆိုင်၊ ပဋိညာဉ်လက်မှတ်ရေးထိုးနေပုံ

လူသေလူဖြစ် ဦးဥက္ကင္ဒ၏ အဓမ္မဝါဒကို စွန့်လွှတ်ပါသည်ဘုရား။

ဦးခင်ဟန်၊
ဥက္ကင္ဒ၊ ဒုမ္မာဒိဋ္ဌသုဇာတသနားဖွဲ့။

ဦးခင်ဟန် လက်မှတ်ရေးထိုးနေပုံ

လူသေလူဖြစ် ဦးဥက္ကဋ္ဌ၏ အဓမ္မဝါဒကို စွန့်လွှတ်ပါသည်ဘုရား။

ဦးရွှေပြည့်

ရွှေအဘိဓမ္မာအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်၊ တောင်ကုတ်။



ဦးရွှေပြည့် လက်မှတ်ရေးထိုးနေပုံ

ဆက်လက်၍ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလွန်းမောင်၊ ဦးဥာဏ်သိုင်း၊ ဦးဇင်အား၊ ဦးမြဒင်၊ ဦးမြင့်ဆွေ တို့ကလည်း ဦးဥက္ကဋ္ဌ၏ အဓမ္မဝါဒကို စွန့်လွှတ်ပါကြောင်း အသီးသီး လက်မှတ်ရေးထိုးသွားကြသည်။

နိုင်ငံတော်အာဏာစက် ထုတ်ပြန်ကြေငြာ

အဓမ္မအာသင်းအဖွဲ့များ ဖျက်သိမ်းကြစေ၊
အဓမ္မဝါဒ ဟောပြောရေးသားခြင်းများ ရပ်စေ၊
သင်ကြားပို့ချ၊ ပုံနှိပ်၊ ကူးယူ၊ ဖြန့်ဝေခြင်းများ တန့်ကြစေ၊
အသံဖမ်း၊ အသံသွင်းများ တိတ်ကြစေ။

ပြည်သဲ့ခရုနှင့် သာသနာရေးဝန်ကြီးဌာနက (၃၁-၁၀-၈၁)၊ နေ့စွဲပြင့် ၊အောက်ပါ အင်္ဂလိပ်ကြေငြာချက်ကို ထုတ်ပြန်လိုက်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၂/၈၁
၁၃၄၃-ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်။
(၁၉၈၁-ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ၁၉၈၁ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ် ၂၀၈/၁/သာ-မဟန ဖြင့် ဖွဲ့စည်းပေးခဲ့သည့် နိုင်ငံတော် သီးခြားဝိနည်းမိရိုးအဖွဲ့အမှတ်(၂)က ၁၉၈၁ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ ဘွင် ရှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒ၊ သမ္မာဒိဋ္ဌိ သုတေသန အဖွဲ့၏ဝါဒနှင့် ရွှေအဘိဓမ္မာဝါဒတို့ကို ထေရဝါဒ ပိဋကတ်တော်လာ သာသနာမူများနှင့် မလျော်ကန်အောင် ဖောက်ပြန်ယွင်းကွက် ဆန့်ကျင်ဘက် ဖြစ်နေသော အဓမ္မဝါဒဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ အပိုဒ် ၁-တွင်ပါရှိသော ဆုံးဖြတ်ချက်ကိုအကြောင်းပြု၍ ဝိနည်း ဓမ္မကံ အဓိ ကရဏ်းမူခင်းများ ဖြေရှင်းဆုံးဖြတ်နေဆဲငရ ဥပဒေပုဒ်မ ၁၄ အရ လည်းကောင်း၊ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ ပုဒ်မ ၆ အရလည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၈ အရလည်းကောင်း၊ တားဆီးသွင်းလုပ်ငန်း လွှဲပြောင်းခွင့်အမိန့် အပိုဒ် ၁၃ နှင့်

၁၄ တို့အရ လည်းကောင်း၊ ရှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒ၊ သမ္မာဒိဋ္ဌိ သုဒ္ဓတသနအဖွဲ့၏ဝါဒ သို့မဟုတ် ရွှေအာဘိဓမ္မာဝါဒကို ဟော ပြောခြင်း၊ သင်ကြားပို့ချခြင်း၊ စာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ချိခြင်း၊ ကူးယူဖော်ခိုခြင်းနှင့် အသံဖမ်းတိတ်ခွေများဖြင့် အသံသွင်းခြင်း၊ ဖြန့်ချိခြင်းတို့ကို တားမြစ်ပိတ်ဆင် လိုက်သည်။

